
www.burmeseclassic.com

# မင်းသိခ်

# မင်းဘာသိလို့လဲ



ဆရာမင်းသိခ်၏ ဘဝနောက်ခံ သရုပ်ဖော်ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

## မင်းသိင်္ခ

# မင်းဘာသိလို့လဲ

ကိုယ်တိုင်ရေး သရုပ်ဖော်ဝတ္ထု

▶▶▶▶▶▶▶▶▶▶

မူပိုင်ရှင် – ဒေါ်သန်းနုအောင် (၁၂/တမန(နိုင်)၀၇၈၂၄၀)
၏ ခွင့်ပြုမိန့်အရ ထုတ်ဝေသည်။

ဖြန့်ချိရေး
ဘုမ္မာဝတီစာပေ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 25 22 99 559 , 09 310 58 787
https://www.facebook.com/bommarwaddy.books

www.burmeseclassic.com

www.burmeseclassic.com

ိတ်ကူးလို့သာ ရစမ်းပါစေ .....

ါဒါတွေ အားလုံးကို ပိုင်ဆိုင်ခွင့်ရှိတယ် .....

That Which man may conceive he can achieve.

စိတ်လမ်းကြောင်းလေး

နည်းနည်းပြောင်းပေးလိုက်တာနဲ့ မျက်လှည့်ပြလိုက်သလို

တိုယ်လိုချင်တဲ့ အရာတွေနဲ့ ပြည့်စုံသွားစေနိုင်တယ်ကွ .....

မင်းဟာ လက်ဖက်ရည်သောက်ချင်တယ် ဆိုပါတော့၊

မင်းကို လက်ဖက်ရည်ပေးမယ့်သူက ရှိတယ်

ဒါပေမဲ့ အဲဒီလက်ဖက်ရည် ထည့်ဖို့ခွက်တော့ မင်းမှာရှိဖို့

လိုတယ်မဟုတ်လား .....

ဒါပြောတဲ့ အရာတွေဟာ ဂမ္ဘာရီစွမ်းအင်တော့ မဟုတ်ဘူး၊

ဂမ္ဘာရီစွမ်းအင် ကို လက်ခံဖို့ခွက်ပေါ့ ...ခွက်...ခွက်...

BURMESE CLASSIC

# မင်းဘာသိလို့လဲ


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ – ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
တတိယအကြိမ်၊ အုပ်ရေ(၅၀၀)

ထုတ်ဝေသူ – ဘုမ္မာဝတီစာပေ (၀၁၅၅၁) မှ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် – လောကနတ်သားပုံနှိပ်တိုက်(၀၁၂၇၄)မှ
အမှတ်(၅၈)၊ အနော်မာလမ်းမကြီး၊
(၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။

တန်ဖိုး – ၅၀၀၀ ကျပ်

မူပိုင်ရှင် – ဒေါ်သန်းနုအောင် (၁၂/တမန(နိုင်)၀၇၈၂၄၃)
၏ ခွင့်ပြုမိန့်အရ ထုတ်ဝေသည်။

| | |
|---|---|
| မင်းဘာသိလို့လဲ<br>မင်းသိခ်<br>ဘုမ္မာဝတီစာပေ၊ ၂၀၁၅၊<br>၃၈၅ - စာ၊ ၁၈ × ၁၃ စင်တီမီတာ။ | CIP - ၉၉၅.၈၃ |

## ဖြန့်ချိရေး

ဘုမ္မာဝတီစာပေ



အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – 09 25 22 99 559 , 09 310 58 787
e-mail : bommarwaddy.books@gmail.com


www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓီရနည်းတွေက သိရုံနဲ့အစွမ်းထက်တာ မဟုတ်ဘူး . . .

လေ့ကျင့်မှ အစွမ်းထွက်တာ . . .

ဒီပစ္စည်းလေးနှစ်ခုဟာ ဝါ့ကို ဂန္ဓာရီထွက်ပြီးကျင့်ဖို့

အချက်ပေးလိုက်တာပဲ . . .

ထွက်မှဖြစ်မယ် . . . ဟု သဘောပေါက်သွားလေ၏။

BURMESE CLASSIC



# အတိတ်မှ ပုံရိပ်များ

## အခန်း ( ၁ )

အလှူအိမ် . . .

ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်ရှိ အိမ်ကြီး တစ်အိမ်တွင် ဘုန်းကြီး ၉ ပါး ပင့်ဖိတ်၍ အလှူကြီးတစ်လှူ ကျင်းပနေလေ၏။ ဆင်ခြေဖုံးရပ်ကွက် ဆိုသော်လည်း ဘတ်စ်ကားများပြေးဆွဲသော လမ်းမကြီး၏နံဘေး အိမ်တန်းတွင် ဖြစ်၏။

ထိုအိမ်ကြီးမှာ မြန်မာသမားတော်ကြီးတစ်ဦး၏ ဆေးရောင်းသော ဆေးတိုက်လည်းဖြစ်၏။ ထိုသမားတော်ကြီး ဖော်စပ်သော ဆီးဆေးမှာ လွန်စွာ အစွမ်းထက်၍ လွန်စွာမှလည်း အရောင်းတွင်ကျယ်လေ၏။ သို့ရာတွင် ထိုသမားတော်ကြီးမှာ ဆီးရောဂါဖြင့် ကွယ်လွန်ခဲ့ပြီဖြစ်၏။

ထိုသမားတော်ကြီး မရှိတော့သော်လည်း သမားတော်ကြီး၏ ဆီးဆေးမှာ တွင်ကျယ်လျက်ပင်ရှိသေး၏။ ထို့ကြောင့် ကျန်ရစ်ခဲ့သော သမားတော်ကြီး မိသားစုမှာ ချမ်းသာကြွယ်ဝကြလေ၏။

လှူဒါန်းကျွေးမွေးသည့်အခါများလည်း ပေါပေါများများ လုံလုံလောက်လောက်နှင့် မွန်မြတ်သောအာဟာရတို့ကိုသာ ကျွေးမွေးလေ့ရှိ၏။

ထိုရပ်ကွက်တွင် ရှိကုန်ကြသော အသက်ဆယ့်သုံးလေးနှစ်အရွယ် ယောက်ျားကလေးများ ထိုအလှူတွင် ဝိုင်းဝန်းလုပ်ကိုင်ကြလေ၏။ ထိုအရွယ် ယောက်ျားကလေး စုစုပေါင်း တစ်ဒါဇင်ခန့်ရှိ၏။ ထိုကလေးတစ်ဒါဇင်ခန့် သည် သယ်ရပိုးရသော အလုပ်များ၊ ခွန်နှင့်အားနှင့်လုပ်ရသော အလုပ်များ တို ဝိုင်းဝန်းလုပ်ကိုင်ကြရ၏။ ထို့ပြင် ထိုကလေးများသည် ထိုရပ်ကွက်၊ ထို လမ်းသားများဖြစ်ကြ၏။ ထို့ပြင် ကလေးများသည် ဆိုးနိုးမရခက်သော



www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ဖြစ်ကြကုန်၏။ သို့ရာတွင် ထိုကလေး တစ်ဒါဇင်သည် တစ်ယောက်သော ကလေး၏ စကားကိုမူ မြေဝယ်မကျ နားထောင်လေ တော့၏။

ထိုကလေး၏အမည်မှာ 'မိုးသီး'ဟူ၍ ဖြစ်၏။ မိုးသီးသည် သူနှင့် ရွယ်တူကလေး တစ်ဒါဇင်အား ထမင်းဝိုင်းများတွင် မည်သူက ထမင်းချမည် မည်သူက ဟင်းပန်းကန်ချရမည်၊ မည်သူက ဘာလချောင်ကြော်ချရမည်၊ မည်သူက ဟင်းချိုချရမည်၊ မည်သူက အချိုပွဲပြင်ဆင်ရမည်၊ မည်သူက ပရမ်း ပတာချွတ်ထားသော ဧည့်သည်တို့၏ ဖိနပ်များကို စနစ်တကျ စီထားပေးရမည်၊ မည်သူက စားပြီးသော ထမင်းဝိုင်းကို သိမ်းရမည်. . စသည်ဖြင့် အကွက်ကျကျ တာဝန်ပေးထား၏။

၎င်းကမူ မည်သည့်နေရာတွင် မည်သည့်အရာ လိုအပ်သည်ကို လှည့်လည်ကြည့်ရှု၍ အမိန့်ပေးနေလေ၏။

အလှူမှာ ထောပတ်ထမင်းနှင့် ကြက်သားဟင်းကို ဦးစားပေး၍ ကျွေးမွေးသောအလှူဖြစ်လေ၏။ ထမင်းစားပြီးလျှင် ထောပတ်ငှက်ပျောသီး ပျော့ပျော့နှင့် မလိုင်အပြည့်ခတ်ထားသော နွားနို့တစ်ဖန်ခွက်စီတိုက်၏။ ထို့နောက် ရွှေဖီမိုးလွတ် လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းခရားနှင့် အဆာ ၁၂ မျိုးနှင့် သုပ်ထားသော ၁၂ မျိုးချင်းသုပ် ယွန်းအုပ်များလည်း ချပေး ထား၏။

အလှူအိမ်မှာ တစ်စထက်တစ်စ လူများရောက်ရှိလာ၏။ ထိုသို့ ရောက်ရှိလာရာတွင် ဇင်းမယ်လုံချည်ကိုဝတ်လျက် အပေါ်အကျီတွင် ဥဿဖရား ကြယ်သီးကြီးများကို တပ်၍ ရွှေကျင်ခေတ်ပုဝါကို ခြုံထားသော အသက် ၅၀ အရွယ် အဒေါ်ကြီးတစ်ဦးသည် အသက် ၁၄ နှစ်အရွယ် သူ၏သားကို လက်ဆွဲလျက် ရောက်ရှိလာလေတော့၏။

ထိုအဒေါ်ကြီးမှာ ဆန်စက်ပိုင်ရှင်ဖြစ်၏။ သူ၏သား ဆန်နီမှာ မိုးသီး တို့နှင့်ရွယ်တူဖြစ်၏။ မိုးသီးသည် သူ၏လူများကို အလုပ်လုပ်ခိုင်းထား သည်ဟု ဆိုသော်လည်း ၁၀ ယောက်ကိုသာ လုပ်ခိုင်း၏။ နှစ်ယောက်ကို အရံအဖြစ် နားခိုင်းထားလေ၏။ အတော်အတန် ပင်ပန်းလောက်သော အချိန်တွင် နားသောသူများကို အလုပ်ခိုင်း၍ ပင်ပန်းသောသူများကို နားရန်





အလှည့် ပေးပြန်လေ၏။ နားခွင့်ရသော လူငယ်နှစ်ဦးကိုလည်း ချင်းသုပ်၊ ရေနွေးကြမ်း စသည်များ ချပေးထား၏။

ဆန်စက်ပိုင်ရှင် အဒေါ်ကြီးသည် ဝိုင်းတစ်ဝိုင်းတွင် ဝင်၍ထိုင်လိုက် လေ၏။ ထိုအဒေါ်ကြီး၏အမည်မှာ ဒေါ်မြင့် ဟူ၍ဖြစ်လေ၏။ ထိုဝိုင်းတွင် စားနေသော မိန်းမတစ်ဦးက ဒေါ်မြင့်အား-

"ဒေါ်ဒေါ်မြင့်တို့မှာ အရွယ်တင်တုန်း. . .၊ ကျက်သရေရှိတုန်းနော်" ဟု ပြောလိုက်လျှင် ဒေါ်မြင့်၏ မျက်နှာကြီးသည် ပြုံး၍သွားလေ၏။ ထို့နောက် ထိုမိန်းမက သူနှင့်အတူ ထမင်းစားနေသော သူ၏သမီးကို မေးငေါ့ပြရင်း-

"ဒါ သမီးလေ . . ."ဟု ပြောပြန်လေ၏။ ထိုအခါ ဒေါ်မြင့်လည်း-

"ကျွန်မလည်း သားပါတယ်. . .၊ ဆန်နီရေ. . ." ဟု လှမ်း၍ခေါ် လိုက်လျှင် ဆန်နီကလည်း အနားရသော သူငယ်ကလေးနှစ်ဦးနှင့် ထိုင်နေရာမှ

"မာမီရေ. . . လာပြီ. . ."ဟု ပြောကာ ထ၍ သွားလေ၏။ ပြီးလျှင် ဆန်နီသည် နားသောလူငယ်များနှင့်အတူလာ၍ ထိုင်နေပြန်၏။ များမကြာမီ ၌ပင် သူ၏ မိခင်က

"ဆန်နီရေ. . ."ဟု ခေါ်ပြန်၏။ ၎င်းကလည်း

"မာမီရေ. . . လာပြီ. . ."ဟုဆိုကာ ထ၍ သွားပြန်၏။ ထိုသို့ သွားသည့်အခါတိုင်း သမီးပါသော မိခင်နှင့်လည်းကောင်း၊ သမီးနှင့်လည်း ကောင်း သူ၏မိခင်က မိတ်ဆက်ပေးနေလေ၏။

ဒေါ်မြင့်ကြီးမှာ ထမင်းဝိုင်းမှ မထတော့ဘဲ သမီးရှင်များ လာတိုင်း ဆန်နီကိုခေါ်၍ မိတ်ဆက်ပေးနေလေတော့၏။ ဆန်နီမှာလည်း ငါးမိနစ် တစ်ခါ 'မာမီရေ. . . လာပြီ. . .'ဟုထူး၍ သွားနေရလေ၏။

ထိုအချိန်မှာပင် သမီးရှင်မိန်းမတစ်ဦးသည် သူ၏သမီးကို လက်ဆွဲ လျက် ဒေါ်မြင့်တို့ဝိုင်းတွင် ထိုင်လိုက်စဉ်၌မှာပင် မောင်သိန်းဆိုသော သူငယ် ကလေးက-

"ဆန်နီရေ. . . မင်းမာမီကြီး ခေါ်တော့မယ် ဟေ့၊ အသင့်ပြင်ထား ပေတော့. . ."ဟု ပြောလိုက်ရာ အလှူအိမ်၌ရောက်ရှိနေသော လူများတို့ သည် ညိုထားသကဲ့သို့ ဝါးခနဲ ဝိုင်း၍ ရယ်လိုက်ကြလေတော့၏။ ဒေါ်မြင့်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ လွှန်စွာစိတ်ဆိုး၍ မျက်နှာကြီးတစ်ခုလုံး နီးမြန်းသွားလေ၏။ ထို့ကြောင့် ထိုင်နေရာမှ ဝုန်းခနဲ ထပြီးလျှင် မောင်သိန်းဆိုသော သူငယ်ကလေးဘက်သို့ လက်ညှိုးငေါက်ငေါက်ထိုးကာ-

"ဟဲ့. . . မိမဆုံးမ၊ ဖမဆုံးမကလေး. . ."ဟု ရန်တွေ့လေတော့၏။

မောင်သိန်းသည် တစ်စုံတစ်ရာ ပြန်၍ပြောဆိုခြင်းမပြုဘဲ ခေါင်းငုံ့၍သာနေလေ၏။ ထို့အခါ ဒေါ်မြင့်ကြီးသည် မောင်သိန်းအား ကားတိုက်၍ သေရန်၊ ဓာတ်လိုက်သေရန်၊ ကာလနာတိုက်သေရန်၊ မြွေကိုက်၍ သေရန်မှအစ. . . မကြားဝံ့မနာသာများ ကျိန်ဆဲလေတော့၏။

အလျှုအိမ်မှ လူများသည် ပါးစပ်အဟောင်းသားနှင့် ကြည့်၍နေကြလေ၏။ အချို့ကလည်း ကိုယ်နှင့်မဆိုင်၍ ဝင်မပြောကြပေ။ သို့ရာတွင် မိုးသီးက-

"အဒေါ်ရယ် . . . ဒီလောက်ဆိုရင် ကျေနပ်ပါတော့၊ ဒီ့ထက်ထပ်ပြီး ပြောဖို့မသင့်ပါဘူး . . .၊ သားချင်း သမီးချင်း ကိုယ်ချင်းစာလိုက်ပါ. . .၊ အဒေါ်တို့ကလည်း နည်းနည်းလွန်တယ်လေ. . .၊ သမီးရှင်တစ်ဦးလာတိုင်း 'ဆန်နီရေ. . .'လုပ်နေတာကိုး. . .၊ အဲဒီတော့ ဟိုကောင်က အူယားပြီး နောက်မိတာပေါ့. . .၊ သူ့ကိုယ်စား ကျွန်တော် တောင်းပန်ပါတယ်၊ ကျေနပ်ပါတော့. . ."ဟု ပြောလိုက်ရာ မိုးသီး၏စကားမှာ သဘာဝကျသောကြောင့် အလှူအိမ်တစ်ခုလုံး ငြိမ်၍နေလေ၏။ သို့ရာတွင် ဒေါ်မြင့်က-

"မင်းက ကြားက ဘာဖြစ်လို့ဝင်ပြီးနာနေရတာလဲ၊ ငါတို့က ဂုဏ်နဲ့ အဆင့်နဲ့နေတာ. . .၊ ဂုဏ်ရည်တူ၊ အဆင့်အတန်းတူချင်း ဆုံတဲ့အခါမှာ မိတ်ဆက်ပေးရမယ်ဟဲ့. . .၊ တို့ဟာ အနုပ်စုတ်ဂုတ်စုတ်တွေ မဟုတ်ဘူး. . ." ဟု ဒေါနှင့်မောနှင့် ပြောလေ၏။ ထိုအခါ မိုးသီးက-

"အဒေါ်တို့ကိုလည်း ကျွန်တော်က အနုပ်စုတ် ဂုတ်စုပ်တွေပါလို့ မပြောရသေးပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်မယ် အဒေါ်ရေ. . .၊ အဒေါ့်သား ဆန်နီနဲ့ ဟောဒီက ကျွန်တော်တို့ ၁၃ ယောက် တန်းစီပြီးရပ်ကြမယ်. . .၊ ဉပမိရုပ်ချင်း အများကြီးကွာပါတယ်. . .၊ အဒေါ်သားဆန်နီက လူအိုနောက်ကျသား၊ မျက်နှာကြီးက အဘိုးကြီးရုပ်ပေါက်နေတယ်၊ ခါးကြီး ကုန်းနေတယ်၊ ပုဆိုးကို မဝတ်နိုင်လို့ ခါးပတ်ကြီးပတ်ထားရတယ်. . .၊





အဘိုးကြီးအိုရုပ် ပေါက်နေတဲ့ အဒေါ်သား ဆန်နီနဲ့ ကျွန်တော်တို့ ၁၃ ယောက် ယှဉ်ပြလိုက်တယ်. . .၊ ဟော့ကောင်တွေ တန်းစီလိုက်. . .၊ ယှဉ်ကြည့်စမ်းပါ. . .၊ ထပ်ပြီးပြောလိုက်ပါဦးမယ်. . .၊ **လောကကြီးမှာ ပိုက်ဆံရှိတာနဲ့ လူရာမဝင်ဘူး** အဒေါ်ရေ. . .၊ အဒေါ့်သားလောက် ညံ့တာ ဟောဒီလူငယ်တွေထဲမှ တစ်ယောက်မှမပါဘူး၊ မာမီကြီး ကောင်းကောင်း သဘောပေါက်စမ်းပါ. . .၊ အဲဒါကို သဘောမပေါက်လို့ အဒေါ် ထပ်ပြီး ကျွန်တော့်ကိုဖြစ်စေ၊ ကျွန်တော်တို့ ၁၃ ယောက်ကိုဖြစ်စေ၊ နင်ဘဲငဆ ပြောရင်တော့ အဒေါ့်ကိုတော့ ဘာမှမလုပ်ပါဘူး၊ ဒါပေမဲ့ ဟောဒီအဒေါ့် သား ဆန်နီ ရဲ့ပါးစပ်ထဲက သွားတွေက ဟောဒီကော်ဇောပေါ်ကို ကျကုန်လိမ့်မယ်. . ."

ဟု ပြောဆိုကာ ဆန်နီ၏ ရင်ပတ်မှ အင်္ကျီစကို ဆွဲ၍ကိုင်လိုက်ပြီးလျှင် မျက်နှာကို လက်သီးဖြင့် ချိန်ရွယ်ထားလိုက်လေတော့၏။ ထိုအခါ၌ ဆန်နီက-

"မာမီ. . . ဘာမှမပြောနဲ့၊ ဆန်နီ့သွားတွေ အကုန်ကျွတ်ကုန်မယ်" ဟု ပြောလိုက်လျှင် အလှူအိမ်မှ လူများလည်း ဒုတိယအကြိမ် ဝါးခနဲ ဝိုင်း၍ ရယ်လိုက်ကြလေ၏။ ထိုအခါ၌ မိုးသီးလည်း ဆန်နီအား ဆောင့်၍တွန်းလိုက်လေ၏။ ဒေါ်မြင့်လည်း အလှူရှင်မိန်းမကြီးအား-

"လှလှရေ. . . ပြန်မယ်ဟေ့. . ."ဟုဆိုကာ ကြမ်းပြင်ကို ဆောင့်၍ ဆောင့်၍ နင်းပြီးလျှင် သူ၏သား လက်ကို ဆွဲလျက် ပြန်သွားလေတော့သတည်း. . .။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ ပိုက်ဆံရှိတာနဲ့ လူရာမဝင်ဘူး

| | |
|---|---|
| ဖလငါးတန် ဆိုတာ . . . | |
| နံပါတ်တစ် အကျင့်စာရိတ္တကောင်းရမယ် . . . | စာရိတ္တဖလ၊ |
| နံပါတ်နှစ် ပညာတတ်ရမယ် . . . | ဉာဏဖလ၊ |
| နံပါတ်သုံး ကျန်းမာ သန်စွမ်းရမယ် . . . | ကာယဖလ၊ |
| နံပါတ်လေး ငွေကြေးပြည့်စုံရမယ် . . . | ဘောဂဖလ၊ |
| နံပါတ်ငါး မိတ်ဆွေအပေါင်းအသင်းများရမယ် . . . | မိတ္တဖလ၊ |

ဒီနေ့ဟာ ကြာသပတေးနေ့ . . .၊ ပညာသင်ဖို့ ကောင်းတယ်၊ လပြည့်ကျော် ၁ ရက်နေ့၊ ကျော် ၁ ရက်မှာ ဇော်ထွက်မယ့်ဟော့၊ ထူးချွန်မယ့်သူပဲကွ . . .

တန်တော့ပွဲဆီသို့ ဆရာက ရှေ့မှ မားဖြင့် ဘက်တစ်လှမ်း၊ ညာတစ်လှမ်းတက်၍ ကန်တော့၏။ မိုးသီးအား နောက်မှ ရင်းလုပ်သည့် အတိုင်းလုပ်ရန်ပြောသဖြင့် မိုးသီးလည်း ဆရာခိုင်းသည့်အတိုင်း လုပ်ရလေ၏။ သုံးကြိမ်လုပ်ပြီးလျှင် မိုးသီး၏လက်တွင်းသို့ အပ်တစ်ချောင်း ထည့်ပေးပြီးလျှင် သစ္စာ ဆိုခိုင်းလေ၏။ ထိုသို့ဆိုပြီးလျှင် ထိုအပ်ကို ကန်တော့ပွဲရှိ အုန်းသီးတွင် သွား၍စိုက်ရန် ပြောလေ၏။





# အခန်း ( ၂ )

## ကိုနောင်ဘီ နှင့် သိကျွမ်းခြင်း

ထိုအချိန်၌ လူငါးယောက် ဝိုင်း၍ထိုင်ကာ စားနေသော ထမင်းဝိုင်းမှ အသက် ၄၀ အရွယ် လူတစ်ယောက်သည် မိုးသီးအား လွန်စွာစိတ်ဝင်စားလျက်ရှိသည်။ ထိုလူသည် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိ၏။ ရှည်လျားထူထဲသော နှုတ်ခမ်းမွေးများရှိ၏။ သူ့ဆံပင်မှာ အများသူငါနှင့်မတူ ပုခုံးကို ကျော်လွန်သည်အထိ ရှည်လျား၏။ ဆံပင်၏ အဖျားများမှာလည်း တွန့်လိမ်ကောက်ကွေးတနေ၏။ မျက်လုံးအရောင်တောက်၍ နှာတန်ပေါ်၏။ မျက်ခုံးမွေး ထူထဲ၏။ ထိုသူသည် ထမင်းဝိုင်းတွင်ရှိသော ကျန်လေးယောက်အား-

"ဒီကလေးက ဘယ်ကလဲ . . ."ဟု မေးလေ၏။ ကျန်လူလေးယောက်မှာ ထိုမေးသောသူထက် အသက်ကြီးသောသူများ ဖြစ်၏။ ၅၀ ကျော်၊ ၆၀ ကျော် နီးပါးလူကြီးများ ဖြစ်ကြကုန်၏။ ထိုအခါ တစ်ယောက်သောလူကြီးက-

"မိုးသီးကိုမေးတာလား . . .၊ မိုးသီးက ဒီလမ်းထဲက ကလေးပါပဲ၊ သူ့အိမ်က ကျုပ်နဲ့ကပ်လျက်ပဲ၊ သူ့အဖေအမေတွေက ကျုပ်ဆွေမျိုးသားချင်းလိုနေကြတာပါ . . .၊ သူ့အဖေက ပန်းချီဆရာပါ . . .၊ လူအေးတစ်ယောက်ပဲ၊ မိုးသီးလည်း လိမ္မာရေးခြားရှိတဲ့ ကလေးပါ၊ ဒါပေမဲ့ မဟုတ်ရင် မခံဘူး၊ ဒိုးဒိုး ဒေါက်ဒေါက် ပြန်ပြောတတ်တဲ့ကောင်ပဲ၊ သူ့သူငယ်ချင်းကောင်လေးတွေလည်း ဒီလမ်းသားတွေပါ၊ တစ်ဒါဇင်ရှိတယ်၊ အဲဒီ ကလေးတွေကမှ ဆိုးသေးတယ်၊ အဲဒီကလေးတွေကို လမ်းထဲကလူကြီးတွေက 'ဒါတီးဒါဇင်' လို့ခေါ်တာ . ." ဟု ပြောလေ၏။ ထိုသို့ပြောသောလူကြီးမှာ အပ်ချုပ်ဆရာကြီးဖြစ်ပြီး သူ၏ အပ်ချုပ်ဆိုင်မှာလည်း ထိုအချိန်က လူကြိုက်များသော အပ်ချုပ်ဆိုင်ဖြစ် လေ၏။

www.burmeseclassic.com

ဘုမ္မာဝတီစာပေ

www.burmeseclassic.com



ထိုလူကြီး၏ အမည်မှာ ဦးသန်းဟူ၍ဖြစ်၏။ ထိုလူကြီးသည် ရပ်ကွက်တွင် လူပေါင်းဆန့်သောကြောင့် မည်သည့်ပြဿနာဖြစ်စေ သူကဖြေရှင်းပေး ရ၏၊ ထို့ကြောင့် အရပ်လူကြီးကဲ့သို့ဖြစ်နေ၏။ ၎င်းလူကြီးသည် မိုးသီး တာကြီး စားပုံ၊ လူကြီးလူငယ်မရွေး ချစ်ခင်ပုံတို့ကို ဖွဲ့နွဲ့၍ ပြောဆိုနေလေ၏။ ထို့နောက် ထိုလူကြီးက မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးများရှိသော ထိုလူအား

"နေစမ်းပါဦး. . .၊ မောင်ရင့်ကို ကျုပ် မြင်ဖူးသလိုပဲ၊ ဘယ်မှာ မြင်ဖူးမှန်းမသိဘူး. . ."ဟု ပြောလိုက်လျှင် ထိုလူက. . .

"ကျွန်တော့်နာမည် နောင်ဘီလို့ခေါ်ပါတယ်၊ မအူကုန်း လမ်းကျယ်မှာနေပါတယ်. . .၊ ကျွန်တော့်မှာက လိုင်ကားတွေ ထောင်ထားလေတော့ ဒီအိမ်က ကျွန်တော့်ကားတွေကို မကြာခဏ ငှားသုံးဖူးတယ်. . . ဒါကြောင့် ရင်းနှီးနေတာပါ"ဟု ပြောလိုက်လျှင် ဦးသန်းဆိုသော စက်ချုပ်ဆရာကြီးသည် မျက်နှာပျက်သွားလေ၏။ ထို့နောက် အိမ်ရှေ့ဆောင်ကာ-

"အခုလို သိကျွမ်းရတာ ဝမ်းသာပါတယ် မောင်နောင်ဘီရေ. . ."

ဟု ပြန်၍ပြောလိုက်လေ၏။

အတော်အတန် အချိန်ကြာနေပြီဖြစ်၍ စောစောက ဂယက်ထသွားသောကိစ္စလည်း ငြိမ်သွားပြီဖြစ်၏။ ဧည့်သည်များ ထပ်ရောက်လာသဖြင့် မိုးသီးတို့လူစုသည် အလုပ်ရှုပ်မြဲရှုပ်နေလေ၏။ ဦးသန်းတို့ ထမင်းဝိုင်းမှာလည်း စားပြီးကြပြီဖြစ်၏။ ထိုအခါ မိုးသီးသည် ထောပတ်ငှက်ပျောသီးနှင့် နွားနို့များလာ၍ ချပေးလေ၏။ ထိုအခါ ကိုနောင်ဘီဆိုသောသူက မိုးသီး၏ လက်ကို ဖမ်း၍ဆွဲလိုက်၏။

"မောင်မိုးသီး. . . မင်းကို မြင်မြင်ချင်း အစ်ကိုကြီး သိပ်ပြီးချစ်သွားမိပြီကွာ. . .၊ငါ့ညီလေးအရင်းသာ ဖြစ်လိုက်ပါလို့လားလို့တောင် စိတ်ထဲက ဆုတောင်းမိတယ်၊ အစ်ကိုကြီးနာမည်က နောင်ဘီတဲ့. . .၊ မအူကုန်း လမ်းကျယ်မှာ နေတယ်၊ သင်္ဃန်းကျွန်းလိုင်းမှာ ပြေးနေတဲ့ ဘတ်စ်ကားနှစ်စီး ထောင်ထားတယ်၊ အစ်ကိုကြီးဆီ လာလည်ဦး. . .၊ အစ်ကိုကြီးအိမ်က ရှာရလွယ်ပါတယ်၊ တစ်ထပ်တိုက်ကလေးပါ၊ မောင်မိုးသီးမှာ ဘယ်လိုအကူအညီမျိုးပဲလိုလို ငါ့ အစ်ကိုကြီး ကိုနောင်ဘီရှိတယ်လို့ သဘောထားလိုက်ပါ. . .၊ ဘာမဆို ကူညီပါ့မယ်. . ."ဟု ပြောလိုက်လျှင် မိုးသီးက

"ဟုတ်ကဲ့. . . အစ်ကိုကြီး၊ ကျွန်တော် လာခဲ့ပါဦးမယ်"ဟု ပြောကာ ပြုံး၍ထသွားလေတော့သတည်း. . .။

* * * * *





# အခန်း ( ၃ )

## ဗလငါးတန်

အထက်ပါ အဖြစ်အပျက်များဖြစ်သွားပြီး ရက်အတန်ငယ်ကြာ သော အခါ၌ မိုးသီးနှင့် သူ့သူငယ်ချင်း ၁၂ ယောက်တို့သည် မော်တော်ကား လမ်း နှစ်လမ်း၏ကြားရှိ ပလက်ဖောင်းမြက်ခင်းပြင်ပေါ်၌ထိုင်တာ စကားပြောနေ ကြလေ၏။ ထိုသို့ ပြောနေကြရာတွင် မိုးသီးက-

"လူမှာက လူတော်လူကောင်းဖြစ်ဖို့ အရေးကြီးတယ်၊ အဲဒီလို လူတော် လူကောင်းဖြစ်ဖို့ဆိုတာကလည်း 'ဗလငါးတန်'နဲ့ ပြည့်စုံရမယ်. . ."ဟု ပြောလိုက်လျှင် ၁၂ ယောက်အနက်မှ အုန်းမြင့်ဆိုသော သူငယ်က-

"နေစမ်းပါဦး မိုးသီးရာ. . .၊ မင်းပြောတဲ့ ဗလငါးတန်ဆိုတာက ဘာတွေလဲ၊ ငါတို့မှ မသိဘဲ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ဗလငါးတန်ဆိုတာ . . .

နံပါတ်တစ် အကျင့်စာရိတ္တကောင်းရမယ်၊ အဲဒါ စာရိတ္တဗလ၊

နံပါတ်နှစ် ပညာတတ်ရမယ်. . .၊ အဲဒါ ဉာဏဗလ၊

နံပါတ်သုံး ကျန်းမာ သန်စွမ်းရမယ်. . .၊အဲဒါ ကာယဗလ၊

နံပါတ်လေး ငွေကြေးပြည့်စုံရမယ်. . .၊ အဲဒါက ဘောဂဗလ၊ ပြီးတော့ နံပါတ်ငါး မိတ်ဆွေအပေါင်းအသင်းများရမယ်. . .၊ မိတ္တ ဗလ. . .၊ အဲဒါ ဗလငါးတန်ပေါ့ကွ. . .၊ ဒါပေမဲ့ ငါတို့ဟာ ကျောင်းသား တွေပဲ ရှိသေးတယ်. . .၊ စီးပွားမရှာသေးတော့ ဘောဂဗလကို ထည့်ပြီးပြော လို့မရဘူး. . .၊ ကျောင်းနေ နေတယ်ဆိုတော့ ဉာဏဗလကိုလည်း ထည့်ပြီး ပြောဖို့မလိုဘူး. . .၊ တို့ဟာ ပညာတတ်တွေ ဖြစ်လာမှာပဲ. . .၊

www.burmeseclassic.com



ဒါပေမဲ့ ကျောင်းစာတစ်ခုတည်းတတ်ရုံနဲ့ မပြီးသေးဘူး၊ ဗဟုသုတတွေ အများကြီးလိုမယ်ဆိုတော့ ငါတို့ဟာ စာတွေ အများကြီးဖတ်ရမှာပဲ၊ အဲဒီလို ဖတ်ဖို့အတွက် စာဖတ်အသင်းတစ်သင်းတော့ လိုတယ်၊ အဲဒါကို ငါတို့ ဖြစ်အောင် လုပ်ရမှာပဲ. . .၊ အဲဒီနောက်မှာတော့ ငါတို့ဟာ ကာယဗလ သန်စွမ်းတဲ့လူတွေဖြစ်အောင် လေ့ကျင့်ဖို့လိုတယ်၊ ဘာပဲဖြစ်ဖြစ် စနစ် တကျ အလေးမတဲ့ လုပ်ငန်းလုပ်ရမယ်. . .၊ ရိုန်းဘားတို့၊ ပလက်ဘားတို့ လည်း တစားတတ်အောင် လုပ်ရမယ်. . ."ဟု ပြောလိုက်လျှင် ၎င်းသူငယ်ချင်း ၁၂ ယောက်ထဲက မောင်သိန်းဆိုသော သူငယ်က -

"ဟေ့ကောင် မိုးသီး. . .၊ ဝိတ်မတာကိုတော့ ဝါသနာပါတယ်ကွာ၊ ဒါပေမဲ့ ဝိတ်ရုံလုပ်ဖို့ နေရာလို တယ်ကွ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"အလှူအိမ်လုပ်တဲ့ ဆေးတိုက်ဘေးမှာ ကားဂိုဒေါင်ရှိတယ်. . .၊ ဒါပေမဲ့ ကားကို မလိုအပ်လို့ ရောင်းပစ်လိုက်ပြီ၊ အဲဒီအိမ်က အစ်ကိုကြီးကို ငါက သွားပြောတော့ ကားဂိုဒေါင်မှာ မင်းတို့ဝိတ်ရုံလုပ်ပေါ့လို့ ပြောတယ်. . ." ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်သိန်းက-

"အဲဒီလိုဆိုရင် ဝိတ်ပြားတွေ၊ ရှော့တန်တွေဝယ်ဖို့ ငါတို့ ပိုက်ဆံရှာရမယ်. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"မောင်ထော်လေးလမ်းက သံရောင်းတဲ့ဆိုင်မှာ ဝိတ်ပြားတွေ၊ ရှော့တန် တွေ၊ လက်မောင်းလေ့ကျင့်တဲ့ ဒန်ဘယ်တွေ အကုန်ရှိတယ်ကွ. . .၊ ငါ သွားမေးကြည့်ပြီးပြီ၊ မ,တဲ့ ရှော့တန်နဲ့ ဗရက်ကက်က ဆယ့်နှစ်ကျပ် ကျတယ်၊ ရှော့တန်ချည်းပဲက တစ်ဆယ်ကျတယ်. . .၊ ဗရက်ကက် တစ်လုံးက တစ်ကျပ် ကျတယ်ကွာ. . .၊ အဲဒီ ဗရက်ကက်ကို တင်းဖို့ကြပ်ဖို့ စပန်နာ တစ်ချောင်း လိုတယ်. . .၊ အဲဒါက သုံးကျပ်ကျ တယ်. . .၊ အဲဒါချည်းပဲ ဆယ့်ငါးကျပ်ကျ မယ်၊ ဝိတ်ပြားတွေက တစ်ပေါင်ကို ငါမူးနှုန်းကျတယ်ကွ၊ အနည်းဆုံး ပေါင် တစ်ရာလိုမယ်ကွာ. . .၊ ပေါင်တစ်ရာ က ငွေငါးဆယ် ကျမယ်. . .၊ ရှော့တန်ရယ်၊ ဗရက်ကက်ရယ်၊ စပန်နာရယ်က ဆယ့်ငါးကျပ် ကျမယ်ကွာ. . .၊ ခြောက်ဆယ့် ငါးကျပ်ကျမယ်၊ ဒန်ဘယ် နှစ်ခုက နှစ်ဆယ်ကျမယ်ကွာ၊





ပက်လက်လှန်ပြီး ရင်ဘတ်ကြွက်သားတွေ တက်လာအောင် ပရက်ကွန်း ဖို့က ခုံရှည်တစ်လုံးလိုတယ်. . .၊ အဲဒါက သုံးဆယ်ကျမယ်ကွ၊ ပက်လက်လှန်ပြီး ဘယ်လီရိုက်ဖို့က ပျဉ်ပြားတစ်ချပ်လိုတယ်. . .၊ အဲဒီ ပျဉ်ပြားက စပ်ပြီး ယူရမှာမို့ လက်သမားက ပြောတယ်၊ အဲဒါက ဆယ့်ငါးကျပ်လိုမယ်၊ ဝိတ်ပြားတွေက မ,မဘဲ မြေကြီးမှာထားရင် သံချေး တက်တက်တယ်ကွ. . .၊ စင်လုပ်ရမယ်. . .၊ အဲဒီစင်က နှစ်ဆယ့်ငါးကျပ် ကျမယ်. . .၊ ရိမ်းဘားဆွဲပြီး သံကွင်း နှစ်ကွင်းက တစ်ကွင်းကို ခြောက်ကျပ်စီ ကျမယ်၊ ရင်အုတ်ကျယ်ဖို့အတွက် ဝိတ်နဲ့ချည်းမရဘူး၊ စပရင်ဆွဲပေးရဦး မှာ. . .၊ စပရင်သုံးချောင်းတပ်ဟာ လေးဆယ်ပေးရမယ်. . .၊ ဝိတ်မတဲ့လူ ဟာ ဘယ်ကြွယ်သားတွေ လှုပ်ရှား သွားတယ်ဆိုတာ ကြည့်ဖို့လည်း မှန်ရှိဖို့ လိုတယ်ကွ. .၊ မှန်ကလည်း သေးသေးမရဘူး. .၊ ကိုယ်လုံးပေါ် မှန်မှ ရ မှာ. .၊ အဲဒါတစ်ချပ်တည်းကိုက ဘောင်နဲ့ဘာနဲ့ဆိုရင် ငါးဆယ် လောက်ကျ မယ်. . .၊ မှန်ကလည်း အထူစား ဘယ်လ်ဂျီယံ မှန်ပေါ့ကွာ. . ." ဟု ပြောလိုက်လျှင် ပြောသမျှငွေကို လိုက်၍ ပေါင်းကြည့်နေသော သိန်းဖေဆိုသည့် လူငယ်က-

"ဟေ့ကောင် မိုးသီး. . .၊ မင်းဟာက စုစုပေါင်း နှစ်ရာငါးဆယ် ခုနစ်ကျပ် ကျနေပြီကွ. . .၊ အဲဒီပိုက်ဆံကို ဘယ်ယောက်ဖက ပေးမှာ တုံး. . ." ဟု ပြောလေတော့၏။ ထိုအခါ မိုးသီးက-

"ငါတို့ရတဲ့ ကျောင်းမုန့်ဖိုးကလေးတွေထဲကပဲ စုပြီးဝယ်ရမှာ ကွာ. . ." ဟု ပြောလိုက်ရာ ဖေဝင်းဆိုသော သူငယ်က-

"စုလည်းကွာ. . . တစ်ယောက် ငါးကျပ်စီလောက်ပဲထွက်လာမယ် တို့ ၁၂ ယောက်ပေါင်းမှ ခြောက်ဆယ်. . .၊ မင်းပါထည့်မှ ခြောက်ဆယ့် ငါးကျယ်ကွာ. . .၊ အများကြီးကွာနေတယ်ကွ. . .၊ ကြည့်လည်းလုပ်ပါဦး ဆရာမိုးရယ်. . ."ဟု ပြောလေ၏။ ထိုအခါ မောင်အေးဆိုသော သူငယ်က-

"မိုးသီးက ဆန့်နီအမေကြီးကို အပိကောလိုက်တော့ ခက်သွားတော ပေါ့ကွာ. . .၊ ဆန်နီမှာက အဲဒီပစ္စည်းတွေ အစုံရှိတယ်ကွ . . .၊ သူ့အဖေ က သူ့သား မ,ဖို့ဆိုပြီး ဝယ်ပေးထားတာ. . .၊ မောင်ဗမာတစ်ယောက် မ,တဲ့ ဝိတ်ရုံမှာတောင် အဲဒီလောက်မရှိဘူးကွ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက

www.burmeseclassic.com

www.burmeseclassic.com



"ဆန်နီက ဝိတ်မလို့လားကွ. . ."ဟု ပြန်၍ မေးရာ မောင်အေးက

"မင်းကို ငါပြောတာက ဆန်နီ ဝိတ်မတယ်လို့ ပြောတာမဟုတ်ဘူး၊ သူ့အဖေက ဆန်နီ ဝိတ်မဖို့ သူတို့အိမ်နောက်မှာ ဝိတ်ရုံတစ်ရုံဆောက်ပေးထားတယ်၊ စာစာကပစ္စည်းတွေ ဝယ်ပြီး ထည့်ပေးထားတယ်၊ ဆန်နီကတော့ ယောင်လို့တောင် မမပါဘူးကွာ. . .၊ သူ့ခန္ဓာကိုယ် တည်ဆောက်ပုံက ဝိတ်မနိုင်ပါဘူး. . .၊ ခါးကြီးက ကုန်းလို့ ရင်ဘတ်ကလေးကလည်း ကြက်ရင်အုပ်လေးကွ၊ ရှေ့ကိုစူလို့. . .၊ ဒူးခေါင်းကအကြီးကြီး၊ ခြေသလုံးက ပလွေရိုးလေး၊ ပခုံးနှစ်ဖက်ကလည်း လျှောကျနေလိုက်တာကွာ. . ."ဟု ပြော၍ ရယ်မောလေ၏။ ထိုအခါ အုန်းမြင့်က-

"ဟုတ်တယ် မိုးသီးရ. . .၊ မင်းဟာ ဆန်နီ့အဘွားကြီးကို မကောလိုတ်ဘူးဆိုရင် တို့မှာရှိတဲ့ ပိုက်ဆံနဲ့ ဆန်နီကို ချော့ပြီး ဝယ်လိုက်ရင် အပိုင်ဝဲကွာ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"မလိုအပ်တဲ့စကားတွေ မပြောနဲ့ကွာ. . .၊ တိုတိုနဲ့ စကားဖြတ်ရအောင်၊ ငါးကျပ်စီယူခဲ့ကြကွာ. . .၊ ငါလည်း ယူခဲ့တယ်၊ အားလုံးခြောက်ဆယ့်ငါးကျပ်၊ အဲဒါကို ဆန်နီ့လက်ထဲ ထည့်လိုက်မယ်. . .၊ သူ့အဘွားကြီးမရှိခင် ချောင်းပြီးဝင်မယ်. . .၊ ဆန်နီက သဘောတူ လိုက်တာနဲ့ သူ့ဝိတ်ရုံထဲက ဝိတ်မတဲ့ ပစ္စည်းတွေအားလုံး ငါတို့ထမ်းပြီး ထုတ်မယ်ကွာ. . ."ဟု ပြောကာ စကားဖြတ်လိုက်ကြလေ၏။

တစ်ပတ်ခန့်ကြာသောအခါ၌ မိုးသီးတို့လူစုသည် ပြန်လည်၍စုမိကြလေ၏။ အသီးသီး၌ ငွေငါးကျပ်စီပါလာကြ၏။ အားလုံးက မိုသီးကိုအပ်ကြ၏။ မိုးသီးသည် ထိုငွေများကိုယူပြီးနောက် သူငယ်ချင်းများကိုခေါ်ကာ ဆန်နီ၏ အိမ်အနီးသို့သွား၍ ချောင်းမြောင်းကြည့်ရှုကြလေ၏။

ဒေါ်မြင့်ကြီး အပြင်သို့ထွက်သွားသည်နှင့် တစ်ပြိုင်နက် မိုးသီးတို့လူစုသည် အိမ်အတွင်းသို့ ကပျာကယာ ပြေးဝင်ကြပြီးလျှင် ဆန်နီအား အကျိုးအကြောင်း ပြောကြလေ၏။ မိုးသီး၏ အပြောကောင်းခြင်းဖြင့် ဆန်နီက လက်ခံလိုက်လေ၏။

ထိုသို့လက်ခံလိုက်သည်နှင့်တစ်ပြိုင်နက် မိုးသီး၏လူများသည် ဆန်နီ၏ ဝိတ်ရုံအတွင်းသို့ ဝင်၍ ဝိတ်မသော ပစ္စည်းများကို သူ့ထက်ငါ အလုအယက်





သယ်ဆောင်၍ ထွက်လာခဲ့ကြလေ၏။

အိမ်ရှေ့သို့ရောက်သည့်အခါ၌ အိမ်ပေါ်မှ ဆင်းလာသော ဆန်နီ၏ဖခင် ဦးချစ်အေးကြီးနှင့် ပက်ပင်းတိုး လေတော့၏။ ဦးချစ်အေးကြီးသည် မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့်-

"ဆန်နီ. . . ဒါတွေက ဘာတွေလဲ. . ."ဟု အလန့်တကြားမေးလေ၏။ ထိုအခါ ဆန်နီက-

"သားသူငယ်ချင်းတွေပါ ဒယ်ဒီ. . ."ဟု ပြောလေ၏။

"ဟုတ်ပါပြီ. . .၊ မင်းသူငယ်ချင်းတွေက ဝိတ်မတဲ့ ပစ္စည်းတွေကို ဘာလုပ်တာလဲ. . .၊ မင်းဆီက လုယူနေကြတာလား. . .၊ ကလေးချင်းအနိုင်ကျင့်ပြီး လုယူတာ ဆိုရင်တော့ ဒယ်ဒီက အခုပဲ ဂါတ်ကို ဖုန်းဆက်လိုက်မယ်" ဟု ဦးချစ်အေးက ပြောရာ မိုးသီးက-

"ဒီမှာ ဦးလေး. . .၊ ကျွန်တော်တို့က လူဆိုးတွေလည်း မဟုတ်ဘူး၊ ဓားပြတွေလည်း မဟုတ်ဘူး. . .၊ ဦးလေးသား ဆန်နီလိုပဲ ကျောင်းသားတွေပါ၊ ကျွန်တော်တို့က ဝိတ်မချင်တယ်၊ ဒါပေမဲ့ တန်ရာတန်ဖိုးကြေးနဲ့ ဝိတ်မတဲ့ ပစ္စည်းတွေကို မဝယ်နိုင်လို့ ဆန်နီ့ဆီမှာ ရှိသမျှပေးပြီး ဝယ်ကြတာပါ. . ." ဟု ပြောလိုက်ရာ ဦးချစ်အေးကြီးက-

"ဟေ့ သူငယ်. . .၊ တို့က အဆင့်အတန်းနဲ့နေတာကွ. . .၊ သားအတွက် ဝယ်ပေးထားတဲ့ပစ္စည်းကို ရောင်းစားတဲ့မိဘမျိုးမဟုတ်ဘူး. . ." ဟု ပြောလေ၏။

"ကျွန်တော် ဒီလိုမပြောပါဘူး ဦးလေးရယ်. . .၊ ကျွန်တော်ကို လူ့ဟုတ်တယ်လို့ သဘောထားပါဗျာ. . ."ဟု မိုးသီးက ပြောလိုက် ဦးချစ်အေးကြီးက မိုးသီးအား-

"မင်း အတော့်စွာတဲ့ကောင်ပဲ၊ ငါ့အိမ်ထဲက အခုထွက်သွား. . . မထွက်ရင် မင်းတို့ကို ဂါတ်ကို ဖုန်းဆက်ပြီး ဖမ်းခိုင်းလိုက်မယ်. . ."ဟု ပြောလိုက်လျှင် မိုးသီးသည် ထမ်းထားသော ရေ့တန်နဲ့ ဝိတ်ပြားကို ဂွမ်းခနဲ ပစ်ချလိုက်လေ၏။ ထို့နောက်-

"ဟေ့ ဆန်နီ. . .၊ တို့ပိုက်ဆံ ပြန်ပေး. . ."ဟု တောင်းပြီးလျှင် ဦးချစ်အေးကြီးအား -



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဦးလေး . . .၊ အဲဒီဝိတ်ပြားတွေ အိမ်မှာ ထားရုံနဲ့ ဦးလေးရဲ့သား ကျန်းမာသန်စွမ်းလာမှာမဟုတ်ဘူး၊ နောင်ဘဝမှာ ကျန်းမာသန်စွမ်းလာဖို့ ကျွန်တော်တို့ကို လှူလိုက်ရင် အကျိုးရှိမယ်၊ အခုတော့ ဦးလေးက အဲဒီလို စိတ်ကောင်းစေတနာကောင်း မမွေးဘဲ ဂါတ်ကိုဖုန်းဆက်ဖို့ပဲ ကြိုးစား နေတာကိုး. . .၊ ဆန်နီရေ. . . သွားမယ်ဟေ့၊ မကြာခင်မှာ ငါတို့ရင်အုပ်ကြီးတွေ ကျယ်လာပြီး လက်မောင်းက ကြွက်သားကြီးတွေ ဖုထစ်နေတာကို မင်း မြင်ရလိမ့်မယ်၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဝိတ်ရုံဖြစ်အောင် ငါလုပ်မယ်. . .၊ ဆန်နီ မင်း ငါ့နာမည်ကို မှတ်ထား မိုးသီးတဲ့ကွ. . ."ဟု ပြောတာ ဆန်နီ၏မေးစေ့ ကို လက်ဖျားနှင့်တို့၍ ကျီစယ်ကာ ထွက်လာခဲ့ကြလေတော့ သတည်း. . .။

* * * * *





# အခန်း ( ၄ )

## ဦးထုပ်နီမောင်ဘီဆိုပါလား...

မိုးသီးတို့အုပ်စုသည် ပြန်လာပြီးနောက် တစ်ယောက်တစ်ယောက် ပြောဆိုနေကြလေ၏။ နောက်ဆုံးတွင် သိန်းဖေက. . .

"အဘိုးကြီးနဲ့ ပြေပြေလည်လည်ဆိုရင် ရမှာကွ၊ အခုတော့ မိုးသီးက သွားပြီးကောပြန်တာကိုးကွာ. . .၊ အဲဒီတော့ မရတော့ဘူးပေါ့ကွာ. . ." ဟု ပြောပြန်လေ၏။ ထိုအခါ မောင်သိန်းက-

"ဟေ့ကောင် မိုးသီး. . .၊ အလျှုမှာတုန်းက ဦးသန်းတို့ ထမင်းဝိုင်းက ဆံပင်အရှည်ကြီးထားပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ဗရပျစ်နဲ့လူတစ်ယောက်က အကူအညီလိုတဲ့အခါ သူ့ဆီလာပါလို့ မင်းကို ပြောဖူးတယ်မဟုတ်လား မင်းအနေနဲ့ သူ့ဆီကိုသွားပြီး အကူအညီတောင်းကြည့်ပါလားကွာ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက. . .

"မင်းပြောတာ မဆိုးဘူးကွ. . .၊ ကြိုးစားကြည့်ရမှာပဲ၊ အပြည့်အစုံ မဖြစ်နိုင်တောင် တစ်ဝက်တစ်ပျက်လောက်တော့ ဖြစ်လိမ့်မယ်ကွ. . ."ဟု ပြန်၍ပြောလေ၏။

ထို့နောက် မိုးသီးသည် ညနေပိုင်းသို့ ရောက်သောအခါ မဟူကုန်း လမ်းကျယ်သို့သွားကာ ကိုနောင်ဘီ၏ အိမ်ကိုရှာလေ၏။ များစွာမမေးရဘဲ လျက် ကိုနောင်ဘီ၏ အိမ်ကို တွေ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့တွင်ရှိသော ခေါင်းလောင်းကလေးကို လှုပ်လိုက်ရာ အတွင်းမှ တစ်စုံတစ်ယောက်က ပြတင်းပေါက်လိုက်ကာကို ဟ,သည်ဆိုရုံကလေး ဟ၍ ကြည့်ပြီးလျှင်. . .

"ဩော်. . . ဘယ်သူများလဲမှတ်တယ်. . .၊ မောင်မိုးသီးကိုးကွ၊ တံခါးကစေ့ရုံကလေး စေ့ထားတာပါကွာ. . .၊ တွန်းပြီးသာ ဝင်လာခဲ့တော့" ဟု ပြောသဖြင့် မိုးသီးသည် တံခါးကိုတွန်း၍ အတွင်းသို့ဝင်လေ၏။ ပြီးလျှင် တံခါးကို ပြန်စေ့၍ အိမ်ဆီသို့ သွားလေ၏။ ကိုနောင်ဘီသည် မိုးသီးအား ခရီးဦးကြိုပြုကာ ဧည့်ခန်းနေရာမှ ခုံတွင်ထိုင်ခိုင်းလေ၏။

"အလည်သက်သက်ပဲလား မောင်မိုးသီးရဲ့. . ."ဟု ကိုနောင်ဘီက မေးလေ၏။

"အဲသလို ပြောလည်းရပါတယ် အစ်ကိုကြီး၊ အကူအညီတောင်းချင်တာလည်း ရှိလို့ပါ. . ."ဟု မိုးသီးက ပြောလျှင် ကိုနောင်ဘီက-

"ဘယ်လို အကူအညီများလဲ မောင်မိုးသီးရယ်၊ အစ်ကိုကြီးက အကူအညီပေးဖို့ အဆင်သင့်ရှိလို့ပါ. . ."ဟု ဆိုသဖြင့် မိုးသီးလည်း ၎င်း၏ ဝိတ်ရုံ အကြောင်းကို ပြောပြ၍ အကူအညီတောင်းလေ၏။ ထိုအခါ ကိုနောင်ဘီက-

"မောင်မိုးသီးတောင်းတဲ့ အကူအညီက မောင်မိုးသီး တစ်ယောက်တည်းအတွက် ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်ဘဲ၊ လူငယ် ၁၃ ဦးအတွက် အကျိုး ရှိမယ့်ကိစ္စပဲ၊ အစ်ကိုကြီးက ကူညီရမှာပေါ့. . .၊ မနက်ဖြန်မနက် အဲဒီဆေးတိုက် ရှေ့ကစောင့်နေ၊ မင်းတို့ လိုတဲ့ပစ္စည်းတွေဝယ်ပြီး အစ်ကိုကြီး တာနဲ့လာချ ပေးမယ်"ဟု ပြောလျှင် မိုးသီးသည် လွန်စွာဝမ်းသာ၍ သွားလေ၏။ "ကျေးဇူးတင်ပါတယ် အစ်ကိုကြီး. . ."ဟု ပြောလိုက်လေ၏။

ထို့နောက် ကိုနောင်ဘီသည် မိုးသီးအား လက်ဖက်ရည် တိုက်ဦးမည် ဟုဆိုကာ မီးဖိုအတွင်းသို့ ဝင်သွားလေ၏။ မိုးသီးအား အစပထမတွင် ကိုနောင်ဘီ၏ အိမ်ရှေ့ခန်းကို အကြမ်းဖျဉ်း ခြုံငုံ၍ ကြည့်လိုက်လေ၏။ ထို့နောက်မှ တစ်ကွက်ချင်း စေ့စေ့စပ်စပ် ကြည့်လေ၏။

အခန်းဆီးနံရံတွင် လှပသော အညိုရောင် တယောကလေးတစ်လက်နှင့် ဘိုးတံကလေးတစ်ချောင်း ချိတ်ထားသည်ကို တွေ့ရလေ၏။ တစ်နေရာ





တွင် အနီရောင် ဗယ်ရီကတ်ခေါ် ဦးထုပ်ပြားကလေးကိုဆောင်း၍ ရိုက်ထားသော ကိုနောင်ဘီ၏ ဓာတ်ပုံကို တွေ့ရလေ၏။

အခြားတစ်နေရာ၌မူ ပန်းကန်ပြားအရွယ် အရောင်ခုနစ်မျိုး စက်ဝိုင်းများ ချိတ်ဆွဲထားသည်ကို တွေ့ရလေ၏။ ထို့ပြင် ရှေးဟောင်း တိုင်ကပ်နာရီ တစ်လုံးကိုလည်း တွေ့ရလေ၏။ ခေါင်းရင်ဘက် ဘုရားစင် နေရာတွင်မူ သပ်ရပ်သော ဘုရားစင်နှင့် လွန်စွာသပ္ပာယ်သော ကြွေဆင်းတု လေးတစ်ဆူကို တွေ့ရလေ၏။ ထိုအချိန်မှာပင် ကိုနောင်ဘီသည် လက်ဖက်ရည်ခွက်ကို ဗန်းတစ်ခု ပေါ်တွင်တင်၍ ပြန်ထွက်လာသည်ကို တွေ့ရလေ၏။ ထို့နောက်. . .

"မောင်မိုးသီး. . . သောက်ကွာ. . ."ဟု ဆိုကာ မိုးသီးအား သောက်ခိုင်းလေ၏။ မိုးသီးက လက်ဖက်ရည်နှစ်ခွက်အနက် တစ်ခွက်ကိုယူ လိုက်လေ၏။ ထိုအခါ ကိုနောင်ဘီကလည်း လက်ဖက်ရည်ခွက်ကိုယူကာ ၎င်းက မိုးသီးအရင် သောက်ပြလေ၏။

"ဒီလို မောင်မိုးသီးရဲ့. . .၊ မင်းက ငါ့အိမ်ကို လာလည်တယ်ဆိုတော့ မင်းဟာ ငါရဲ့ဧည့်သည်ပဲ၊ လက်ဖက်ရည်နှစ်ခွက်ကို ငါက မင်းရဲ့ရှေ့မှာ ချပေး ထားသည်၊ အဲဒီအထဲက တစ်ခွက်ကို မင်းက ယူခွင့်ရှိတယ်. . .၊ မင်းယူပြီးမှ ကျန်တဲ့ခွက်ကို ငါက ယူရမယ်ကွ. . .၊ ဒါပေမဲ့ မင်း မသောက်ခင် ငါက အရင် သောက်ပြရလိမ့်မယ်. . .၊ ဘာကြောင့်လဲဆိုတော့ ငါတိုက်တဲ့ လက်ဖက်ရည် ဟာ အန္တရာယ်မရှိကြောင်းပေါ့ကွာ. . ."ဟု ကိုနောင်ဘီက ရှင်းပြလိုက်လျှင် မိုးသီးက နှစ်ခြိုက်စွာပြုံးလေ၏။ ကိုနောင်ဘီ၏ အသံမှာ ဩဇာဓာတ်အပြည့် ပါ၏။ မိုးသီးအဖို့ ကိုနောင်ဘီ၏ အသံကို နားထောင် ရသည်မှာ မညည်းနိုင် အောင်ရှိလေ၏။ ပြောပုံဆိုပုံ လေယူ လေသိမ်း အသံနေအသံထား၊ ဟန်ပန် အမူအရာမှစ၍ ကိုနောင်ဘီ လုပ်သမျှသည် မိုးသီးအဖို့ အချိုးကျလျက်ရှိတော့၏။ ထို့ကြောင့် မိုးသီးသည် ကိုနောင်ဘီ ပြောသမျှကို နားထောင်ရင်း အတု ခိုးလျက်ရှိလေတော့၏

ထို့နောက် မိုးသီးသည် ကိုနောင်ဘီအား နှုတ်ဆက်၍ ပြန်ခဲ့ လေ၏။ မိုးသီးခြံမှထွက်လိုက်လျှင် ၎င်းနှင့်သိသော မအူကန်းရပ်ကွက်မှ ယာကွတ် ဆိုသည့် ကုလားကပြား သူငယ်လေးတစ်ဦးနှင့် ပက်ပင်းတိုး လေတော့၏။ ထိုယာကွတ်ဆိုသော သူငယ်လေးက



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် မိုးသီး. . .၊ ဒီ ဦးထုပ်နီအိမ်ကို မင်းဘာလုပ်တာလဲ" ဟု အထိတ်အလန့် မေးလေ၏။

"ဘာဖြစ်လို့လဲ ယာကွတ်ရ. . ."ဟု မိုးသီးက ပြန်၍မေးလျှင် ယာကွတ်က-

"ဒီအိမ်ကလူကို ငါတို့လမ်းတစ်လမ်းလုံးက ဘယ်သူမှ ဆေးဖော်ကြောဖက် မလုပ်ကြဘူးကွ. . .၊ သူ့ကို "ဦးထုပ်နီနောင်ဘီလို့ ခေါ်ကြတယ်၊ ဦးထုပ်နီလေး အမြဲဆောင်းထားတယ်ကွ. . .၊ ဒီလူဟာ ရိုးရိုးလူမဟုတ်ဘူးကွ၊ အောက်လမ်းဆရာတစ်ယောက်လို့ ပြောကြတယ်၊ သူ့ရုပ်ကို မင်း ကြည့်ပါလားကွာ. . .၊ သူဟာ ဘိုင်စကုပ်တွေထဲမှာ ကြည့်ရတဲ့ မှော်ဆရာတစ်ယောက်နဲ့ မတူဘူးလား. . ."ဟု ပြောလေတော့၏။

"နေစမ်းပါဦး ယာကွတ်ရယ်. . .၊ မင်းပြောတာ ငါ နားမလည်ဘူး၊ မှော်ဆရာဆိုတာ ဘယ်လိုဟာလဲကွ. . ."ဟု မိုးသီးက မေးလိုက်ရာ ယာကွတ်က-

"ဟေ့ကောင် မိုးသီး. . .၊ ခြောက်တန်းတုန်းက နယူးမက်သပ်ရီဒါ သင်ရတယ်မဟုတ်လား. . .၊ Once there was a Wizard, he lived in Africa. He went to China to get a lamp... ဆိုတာ မင်းသင်ခဲ့ဖူးတယ်မဟုတ်လား၊ တစ်ခါတုန်းက မှော်ဆရာကြီးတစ်ယောက် ရှိခဲ့ဖူးပါတယ်၊ သူသည် အာဖရိကတိုက်တွင်နေ၍ မှန်အိမ်တစ်လုံးရရှိရန်အတွက် တရုတ်ပြည်သို့သွားခဲ့လေ၏။ . . . ဆိုတာလေကွာ၊ မေ့သွားပြီလား. . .၊ အဲဒီထဲမှာပါတဲ့ ဝစ်ဇတ်ဆိုတာ မှော်ဆရာပေါ့ကွာ. . ."ဟု ပြောလေ၏။

"ဟာ. . . ယာကွတ်ရေ. . .၊ မင်းပြောသလိုဆိုရင် မှော်ဆရာဟာ အာဖရိကတိုက်မှာပဲ ရှိမှာပေါ့ကွာ၊ မအူကုန်းလမ်းကျယ်မှာတော့ မရှိနိုင်ပါဘူး. . ."ဟု မိုးသီးက ပြောလိုက်ရာ ယာကွတ်က-

"အေး. . . ငါပြောပြမယ်ကွ၊ ဒီလူက အရင်တုန်းက ဒီလမ်းထဲမှာပဲ နေတာ. . .၊ သိပ်ပြီး ဆင်းရဲတာကွ၊ လူအေး လူကောင်းတစ်ယောက်လို့ ပြောတယ်၊ ကျောင်းစာရှစ်တန်းလောက် သင်ဖူးတယ်လို့လည်း သိရတယ်ကွ၊ သူ့အမေ မုဆိုးမကြီးနဲ့အတူ အဲဒီနေရာလေးမှာ နေခဲ့တယ်၊ ဒါပေမဲ့ ဒီလိုတိုက်တော့မဟုတ်ဘူးကွ. . .၊ တဲပုတ်ကလေးကွ. . .၊ သူက သစ်တိုသစ်စ





ဝတာသားတွေနဲ့ ပန်းကန်စင်တို့၊ ကြောင်အိမ်တို့ လုပ်ပြီးလမ်းထိပ်မှာသွားပြီး ရောင်းရရှာတယ်၊ ပြီးတော့ ဒီလူက အနုပညာသမားကွ၊ တယောထိုးသိပ်ပြီး ကောင်းတယ်၊ တို့လမ်းထဲက ပိုက်ဆံချမ်းသာတဲ့အိမ်က မထွေးလေးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ဖွဲဖွဲလမ်းလမ်းမေတ္တာရှိခဲ့တယ်။ မထွေးလေးကလည်း သူ့ကို မေတ္တာရှိပါတယ်. . .၊ ဒါပေမဲ့ မထွေးလေးရဲ့ အဒေါ်တွေ၊ အမေတွေ က သူ့လိုဆင်းရဲတဲ့ လူတစ်ယောက်နဲ့ သဘောမတူနိုင်ဘူးပေါ့ကွာ. . .၊

အဲဒီတော့ သူ့ကို လူတွေ့ရှေ့မှာ မှိုချိုးမျှစ်ချိုးပြောပါလေရော. . .၊ မထွေးလေးကလည်း သူ့အမေက သဘောမတူလေတော့ ရှေ့ကို မတိုးဝံ့ဘူး၊ ဒီလူဟာ အဲဒီ အခြေအနေမှာတော့ အတော့်ကို သနားစရာကောင်းတယ်လို့ လူကြီးတွေပြောသံ ကြားဖူးတယ်၊ ရှက်လည်းရှက်၊ ရလည်း မရလေတော့ ဝမ်းလည်းနည်းပေါ့ကွာ. . .၊ ဒါပေမယ့် သူက မထွေးလေးရဲ့အမေနဲ့အဒေါ်တို့ ဘာပြောသွားသလဲဆိုတော့ "ကျုပ် နာမည်လည်း မှတ်ထား နောင်ဘီတဲ့" လို့ပြောပြီး ချာခနဲလှည့်ထွက်သွားတယ်၊ သိပ်မကြာပါဘူးကွာ. . .၊ သူ့အမေကြီးလည်း ဆုံးသွားတယ်၊ အဲဒီမှာ အဲဒီမြေကွက်လေးကို ပေါင်ပြီး ပင်လယ်ကူးသင်္ဘောနဲ့လိုက်သွားတယ်. . .၊ အာဖရိကတိုက်ကို သွားတယ်လို့ပြောတယ်. . .၊

အဲဒီမှာ လူတွေကို ပြုစားနိုင်တဲ့ အတတ်. . . စောစောက ငါပြောတဲ့ ဝစ်ဇတ်တွေရဲ့ အတတ်ပေါ့ကွာ၊ ဝစ်ဇတ်တွေရဲ့အတတ်ကို ကျကျနနတတ်ပြီးမှ ပြန်လာတာတဲ့ကွ. . .၊ သွားတုန်းက လူကချောချောမောမောလှလှပပကွ. . .၊ ပြန်လာတော့ အခုလို ဆံပင်ရှည် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးအရှည်တွေနဲ့ကွ. . .၊ ပြီးတော့ နီရဲနေတဲ့ ဦးထုပ်အပြားလေးလည်း အမြဲ ဆောင်းထားလေ့ရှိတယ်ကွ၊ ဒါပေမဲ့. . . မင်းတို့ ငါတို့ မြန်မာစကားမှာ "အလာကောင်းပေမဲ့ အခါနှောင်းသွားတယ်"ဆိုတာ ရှိတယ်မဟုတ်လား၊ သူ ပြန်ရောက်လာတဲ့ အချိန်မှာ မထွေးလေး သေနှင့်နေပြီကွ. . .၊ နှလုံးရောဂါနဲ့ သေသွားတယ်လို့ လူကြီးတွေက ပြောတာပဲ၊ ဘယ်လိုဖြစ်တယ်တော့ မသိပါ ဘူးကွာ. . .၊ အဲဒီလူကို မထွေးလေးရဲ့ အမေနဲ့ အဒေါ်က အိမ်ရှေ့ထွက်ပြီး ဆဲတယ်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူတတော့ ဘာမှမလုပ်ပါဘူး၊ အဲဒီမိန်းမကြီးနှစ်ယောက်ကို မေ့မေ့ကြည့်ပြီး ထွက်သွားကြတယ်၊ သိပ်မကြာခင်မှာပဲ အဲဒီမိန်းမကြီးနှစ်ယောက်ထဲက တစ်ယောက်က လေဖြတ်သွားတယ်. . .၊ တစ်ယောက်က လျှာတိုပြီး ဆွံ့အသွားတယ်ကွ. . .၊ အဲဒီကတည်းက အဲဒီလူကို တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံးက မှော်ဆရာ၊ အောက်လမ်းဆရာလို့ စွပ်စွဲကြတော့တာပဲ၊ ငါနဲ့သိတဲ့ ငါတို့ဆရာမရဲ့ မောင်တစ်ယောက်ကလည်း ကိုနောင်ဘီကို အိန္ဒိယပြည် ဝူရောပတီဆိုတဲ့မြို့မှာ ဆာဒူးတစ်ယောက်နဲ့ တပူးတွဲတွဲလုပ်နေတာကို သူကိုယ်တိုင် မျက်စိနဲ့တွေ့ခဲ့ရတာတဲ့. . .၊ ဘာပဲဖြစ်ဖြစ်ကွာ. . . တို့တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံးကတော့ သူ့ကို ဦးထုပ်နီနောင်ဘီလို့ခေါ်ကြတယ်၊ ပတ်ပတ် သက်သက်လည်း မလုပ်ကြဘူး၊ အဲဒီတော့ ဟုတ်တာမဟုတ်တာ အပထား၊ မင်းသူနဲ့မပတ်သက်ရင်ကောင်းမယ်. . .၊ ပတ်သက်ရင် မင်းလည်း 'ဦးထုပ်နီ မိုးသီး'ဖြစ်သွားလိမ့်မယ်"ဟု ယာကွတ်က ပြောလေ၏။ ထိုအခါ မိုးသီးက-

"ငါက သူ့ကို သဘောကျပြီး အတုခိုးနေတာကွ"ဟု ပြောလေ၏။ ထိုအခါ မိုးသီးက ယာကွတ်အား-

"ဟေ့ကောင် ယာကွတ်. . .မြန်မြန်သွား. . . .၊ ဂျာလတီ. . . ကျောင်း. . ."ဟု ပြောလိုက်လေတော့သတည်း။

* * * * *





# အခန်း ( ၅ )

## အလေးမရှန်ပနှည်း ရောက်လာခြင်း

နောက်တစ်နေ့ ၉ နာရီလောက်တွင် မိုးသီးနှင့် သူ၏ရောင်းရင်းရွှေဘော် ၁၂ ယောက်တို့သည် ဆီးဆေးသမားတော်ကြီး၏ ဆေးတိုက်ဘေးရှိ ကားဂိုဒေါင်ကို ရှင်းလင်းကြလေ၏။ ရေများဖြန်း၍ မြေသိပ်အောင် ပြုလုပ်ကြလေ၏။

ထို့နောက် ၎င်းတို့သည် ထိုကားဂိုဒေါင်ရှေ့သို့ ထွက်၍ စုရုံးကာ ကိုနောင်ဘီအား မျှော်နေကြလေ၏။ ၁၀ နာရီထိုးခါနီးလောက်တွင် လခြမ်းပေါ်တွင် ကြယ်တံဆိပ်တပ်ထားသော သယ်နိုးကျွန်းဘတ်စ်ကားတစ်စီး လာ၍ ရပ်၏။ ထိုကားပေါ်မှ ကိုနောင်ဘီ ဆင်းလာ၏။ ထိုနောင်ဘီသည် ဗယ်ရီကာတ်ကဲ့သို့ အနီရောင်ဦးထုပ်ပြားကလေးကို ခေါင်းတွင်ဆောင်းထား၏။ ထို့ကြောင့် မိုးသီးသည် ယာကွတ်ပြောသွားသော 'ဦးထုပ်နီ နောင်ဘီ' ဆိုသည်ကို သတိရ၍ ပြုံးမိလေ၏။

အမှန်စင်စစ်အားဖြင့် ကိုနောင်ဘီ၏ ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတို့သည် ထိုဦးထုပ်ကလေးနှင့် လွန်စွာ လိုက်ဖက်လှလေ၏။

ကိုနောင်ဘီသည် မိုးသီးကို ပြုံးပြလိုက်လေ၏။ မိုးသီးကလည်း ပြန်၍ ပြုံးပြလိုက်၏။ ထို့နောက် ကိုနောင်ဘီက. . .

"ကဲ. . . မောင်မိုးသီးရေ. . .၊ မင်းတို့အလိုရှိတဲ့ ဝိတ်ပြားတွေ၊ ရော့တန်းတွေ၊ ဒမ်ဘယ်တွေ၊ စပရင်တွေ အပြည့်အစုံ ပါပါတယ်ကွာ. . .၊ ဟောဒီမှာ 'မာဆယ်လ်'ဆိုတဲ့ နိုင်ငံခြားစာအုပ်နှစ်အုပ်လည်း ယူလာသေးတယ်၊ ကြွက်သားတွေ ဖုထစ်နေတဲ့ ဗလမောင်တွေရဲ့ ပုံတွေ အများကြီးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ၊ သူတို့ပုံကို မှန်ဘောင်သွင်းပြီး ချိတ်ထားရမယ်ကွ. . .၊ ဒါမှ ဝိတ်မတဲ့အခါ အားကျပြီး ကြိုးကြိုးစားစားလုပ်မှာပေါ့ကွာ. . .”ဟုဆိုကာ စာအုပ်နှစ်အုပ် ကို မိုးသီး၏လက်သို့ ပေးလိုက်လေ၏။

ကားပေါ်တွင်ပါလာသော ဝိတ်မသည့်ပစ္စည်းများကို မိုးသီး၏ သူငယ်ချင်းများက သယ်၍ ဝိတ်ရုံအတွင်းသို့ သွင်းကြလေ၏။ ထို့နောက် မောင်သိန်းသည် ကုလားထိုင်တစ်လုံးရှာ၍ ယူလာပြီးလျှင် ကိုနောင်ဘီအား-

“အစ်ကိုကြီး ထိုင်ပါ. . .”ဟုဆိုကာ ချပေးလေ၏။ ထို့နောက် ချိုင့်ဖြင့်ဝယ်လာသော လက်ဖက်ရည်အား ပန်းကန်လုံးအတွင်းသို့ ပြောင်းထည့်ပြီးလျှင် ကိုနောင်ဘီအား ဧည့်ခံကြလေ၏။

ထို့နောက် မိုးသီးနှင့် လူငယ် ၁၂ ဦးသည် မြေကြီးပေါ်တွင် ထိုင်ချပြီးလျှင် ကိုနောင်ဘီကို လက်အုပ်ချီ၍ ကန်တော့ကြလေ၏။ ထိုသို့ကန်တော့ရင်း မိုးသီးက-

“အစ်ကိုကြီးရဲ့ကျေးဇူးနဲ့ ကျွန်တော်တို့ ၁၃ ယောက်တော့ ကာယဗလနဲ့ပြည့်စုံကြတော့မှာပါ. . .၊ အဲဒါကြောင့် ကျေးဇူးရှင်ကို ကန်တော့တာပါ. . .”ဟု ပြောလိုက်ရာ ကိုနောင်ဘီက. . .

“အခုလို လူသွားလမ်းပလက်ဖောင်းပေါ်မှာထိုင်ဖို့ ကုလားထိုင်တစ်လုံး တစ်လုံးရှာထားတာရယ်. . .၊ လက်ဖက်ရည်နဲ့ဧည့်ခံဖို့ လက်ဖက်ရည်ဝယ် ထားတာရယ်. . .၊ ပြီးတော့ အခုလို လက်အုပ်ချီပြီး ထိုင်ကန်တော့တာရယ်ဟာ မောင်မိုးသီးရဲ့အစီအမံတွေ ဖြစ်မယ်ထင်တယ်. . .”ဟု ပြောလိုက်ရာ အုန်းမြင့်ဆိုသော သူငယ်လေးက-

“ဟုတ်ပါတယ် အစ်ကိုကြီး. . .”ဟု ဝန်ခံလိုက်လေ၏။

“မောင်မိုးသီးဟာ ဘာကိုပဲလုပ်လုပ် အကွက်ချပြီး လုပ်တတ်တဲ့အကွက်သမားကွ. . .၊ ‘မန်းနံအော့ဖ် ပရိုဂရမ်’လို့ ခေါ်တယ်ကွ. . .၊ မင်းတို့တွေ ဝိတ်ရုံအတွက် ပြည့်စုံသွားပြီပေါ့. . .၊ နောက်နောင်လည်း မောင်မိုးသီးရယ်. . .၊ လိုအပ်ရင် အစ်ကိုကြီးဆီလာခဲ့ပါ. . .၊ ကောင်းတဲ့အလုပ်အတွက် အကူအညီပေးဖို့ အသင့်ရှိပါတယ်. . .”ဟု ကိုနောင်ဘီက ပြောဆိုကာ နှုတ်ဆက်၍ ပြန်သွားလေတော့၏။

* * * * *





# အခန်း ( ၆ )

## မိုးသီးတို့လူစု ကြွက်သားများ ဖောင်းကြွလာခြင်း

ထို့နေ့တွင် ၎င်းတို့၏ အလေးမရုံကလေး စတင် ဖွင့်လှစ်ခဲ့လေ၏။ မ,ရမည့်နည်းစနစ်ကို မိုးသီးက ပြောပြလေ၏။ ထိုအခါ မောင်သိန်းက-

“နေစမ်းပါဦး မိုးသီးရယ်. . .၊ငါတို့အားလုံး တစ်ယောက်မှ အလေးမ,ဖူးတာမဟုတ်ဘူး. . .၊ မင်းလည်း မ,မဖူးဘူးကွာ. . .၊ ဒီအထဲမှာ မင်းက ငါ့တို့ကို အလေးမနည်းပြတယ်ဆိုတော့ ငါတို့က ဘယ်လိုက် ခံရမှာလဲ. . .” ဟု ပြောလိုက်လေ၏။ ကျန်သောသူများကလည်း မောင်သိန်း၏ စကားမှာ မှန်ကန်ကြောင်း ထောက်ခံကြလေ၏။ ထိုအခါ မိုးသီးက-

“အလေးမနည်းကို ငါလည်း မတတ်ပါဘူး၊ သိလည်း မသိပါဘူး၊ ဒါပေမဲ့ အလေးမမယ်လို့ စိတ်ကူးကတည်းက ကျောက်မြောင်းဈေးနားတဆေးပေးခန်းရှေ့မှာ အမြဲရောင်းတဲ့ စာအုပ်ဟောင်းရောင်းသမား ဦးလှဖေဆီက ပဲရှော့ ဦးဆန်နီရေးတဲ့ အလေးမနည်းဆိုတဲ့ စာအုပ် ဟောင်းကလေးကို သုံးမတ်နဲ့ဝယ်ဖတ်ရတာ. . .၊ အလွတ်တောင်ရနေပြီ ဟေ့၊ အခုမှတကယ် မရတာ၊ စာအုပ်ဖတ်ပြီး စိတ်ကူးနဲ့ မ,နေတာကြာပြီ ကိုယ့်လူတို့ရေ”ဟုဆိုကာ တိုင်တွင်ချိတ်ထားသော ၎င်း၏လွယ်အိတ်အတွင်းမှ ပဲရှော့ ဦးဆန်နီ၏ စာအုပ်ကို ထုတ်ပြလိုက်လေ၏။

၎င်း၏ သူငယ်ချင်းများလည်း ထိုစာအုပ်ကိုလှန်ကြည့်ကြရာ အတွင်းတွင် ခဲတံနီပြာဖြင့် သားထားသော စာကြောင်းများ၊ ထို့နောက် စာအုပ်၏ နောက်ဆုံးတွင် စက္ကူအဖြူများကပ်၍ ရေးထားသော စာများတွေ့ရလေ ၏။ ထိုစာများတွင် လက်မောင်းရှေ့သား (ဘိုင်ဆက်)ကြီးလာရန် မ,နည်း (စာမျက်နှာ ၁၀)၊ လက်မောင်းနောက်သား (ထရိုင်ဆယ်ကြွက်သား)



www.burmeseclassic.com

www.burmeseclassic.com



ချား ရေရန် (စာမျက်နှာ ၁၁-၁၂)၊ ရင်အုတ်ကြွက်သားများထွားစေရန် (စာမျက်နှာ၂၀ မှ ၂၃)စသည်ဖြင့် အလွယ်ရှာဖွေနိုင်ရန် စီမံထားသည်ကိုလည်းတွေ့ရလေ၏။ ထိုအခါ လူငယ် ၁၂ ဦးက မိုးသီးအား-

"တော်ပါတယ် မိုးသီးရယ်. . . "ဟု ပြောကာ ဆလ်ပေးလိုက်ကြလေတော့၏။ ထို့နောက် မောင်သိန်းက -

"ယုံပါပြီကွာ. . .၊ မင်းပြောတဲ့နည်းအတိုင်း မ,မယ်. . .၊ မင်းက အမြဲတမ်းကြိုတင်ပြင်ဆင်ထားတာကိုးကွ. . .၊ အဲဒီတော့ မင်းက အမြဲတမ်းတို့ရဲ့ဆရာဖြစ်ပြီး၊ ငါတို့က အမြဲတမ်း တပည့်ဖြစ်နေတော့တာပဲ၊ အဲဒါကိုလည်း ကျေနပ်ပါတယ် ငါ့လူရာ. . . "ဟု ပြောလိုက်လျှင် အုန်းမြင့်က-

"မကျေနပ်လို့ မရဘူး ငါ့လူ. . .၊ ဒီကောင်က အမြဲတမ်းကြိုးစားနေတာ. . .၊ ပြီးတော့ မင်းတို့ငါတို့အတွက်လည်း သူကပဲ အနစ်နာခံတတ်တယ်မဟုတ်လား၊ ဒီတော့ သူ့ကိုပဲ ခေါင်းဆောင်နေရာထားရမှာပဲ. . . "ဟု ဝင်၍ ပြောလေ၏။

ဝိတ်မ၍ပြီးသောအခါ အိမ်သို့ မပြန်ကြသေးဘဲ ဝိတ်ရုံအတွင်းပင် စကားစမြည်ပြောနေကြလေ၏။ ထိုသို့ ပြောရာတွင် မိုးသီးက-

"ငါတို့ ဝိတ်မဖို့အတွက် ကိုနောင်ဘီက မ,တည် ပေးပြီးပြီ. . .၊ ကျန်တဲ့ လိုအပ်တာလေးတွေကိုတော့ ငါတို့ ကိုယ်တိုင်လုပ်ရမှာပဲ၊ အသေးအဖွဲ့တလေးတွေကစပြီး သွားပြီး အကူအညီတောင်းလို့ မဖြစ်ဘူး. . .၊ အဲဒီတော့ ယောဒီမှာ ကျောက်မြောင်းဈေး သံဖြူဦးဘပုဆိုင်က စုဗူးလေးတစ်လုံးဝယ်ထားမယ်ကွာ. . .၊ ဝိတ်လာမတိုင်း ဆယ်ပြားထည့်ရမယ်ကွာ. . .၊ အဲဒီလိုဆိုရင် တစ်လဆိုရင် တစ်ယောက်ကို သုံးကျပ်စီလောက်ကျသွားတယ်၊ ၁၃ ယောက် ဆိုတော့ သုံးဆယ့်ကိုးကျပ်လောက် ရတာပေါ့ကွာ၊ အဲဒါနဲ့ပဲ လိုတဲ့ဟာလေးတွေ ဝယ်ရမယ်ကွ"ဟု ပြောလိုက်ရာ ကျန်လူငယ်အားလုံးက ထိုစကားကို သဘောတူကြလေ၏။

ထို့ကြောင့် မိုးသီးတို့၏ အလေးမသော ရုံကလေးသည် စတင်၍ ရှင်သန်လာလေတော့၏။ တက်လွယ်သောအရွယ်များဖြစ်သဖြင့် သုံးလခန့်တစားမိလျှင် လက်မောင်း၊ ရင်အုံ၊ ချိုင်းအောက်မှ 'ဝင်း'ဟုခေါ်သော အသားများလည်း စတင်ဖွံ့ဖြိုးလာလေတော့၏။

ဂုင်းတို့လည်း ကိုယ်လုံးပေါ် မှန်ကြီး၏ရှေ့တွင် ကိုယ်ဟန်တပြပြလုပ်လျက်ရှိကြလေတော့၏။

* * * * *





# အခန်း ( ၄ )

## ညစဉ်ဦးယံ လှုရှိက်ပွဲ

မိုးသီး ညနေစာစားပြီးသည့်အချိန်လောက်တွင် သိန်းရွှေသည် ရောက်လာတတ်မြဲဖြစ်၏။ ထိုသို့ ရောက်လာပြီးလျှင် မိုးသီးအား လမ်းလျှောက်ရန်ခေါ်လေ၏။

ဂုင်းတို့နှစ်ဦးသည် ရပ်ကွက်တွင်းလမ်းများသို့ တစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် လမ်းလျှောက်ကြလေ၏။ လမ်းလျှောက်၍ ပြန်လာမှ သိန်းရွှေက အိမ်သို့ ပြန်သွားတတ်၏။ မိုးသီးက ကျောင်းလွယ်အိတ်မှ စာအုပ်များကိုထုတ် ၍ ကျောင်းစာများကို ဖတ်လေတော့၏။ ကျက်စရာရှိသည်များကို ကျက်လေတော့၏။

ဤသို့လျှင် နေ့စဉ်နေ့တိုင်း ပြုကျင့်မြဲဖြစ်၏။ တစ်ညတွင် သိန်းရွှေက မိုးသီးအား လာ၍ခေါ်ပြီးလျှင် ထုံးစံအတိုင်း တစ်လမ်းဝင်တစ်လမ်းထွက် လမ်းလျှောက်ကြလေ၏။ လမ်းတစ်လမ်းသို့အရောက်တွင် ဂုင်းတို့နှင့်အလေးစက် ဖေဝင်း ဆိုသော သူငယ်နှင့်တွေ့လေ၏။ ဖေဝင်းသည် ဂုင်းတို့နှစ်ဦးကို တွေ့လျှင်-

"ဟေ့ မိုးသီးတို့ သိန်းရွှေတို့. . . ဘယ်သွားကြမလဲဗျို့. . . "ဟု မေးရာ မိုးသီးက-



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်လို့မဟုတ်ပါဘူးကွာ..၊ ညတိုင်း တစ်လမ်းဝင် တစ်လမ်းထွက် ဒီကောင်နဲ့လမ်းလျှောက်နေကျပဲ...၊ အခုလည်း လမ်းလျှောက်ထွက်လာတာကွ"ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ဖေဝင်းက ၎င်းတို့အိမ်ဘေးရှိ မြင်းဇောင်းအဟောင်းကြီးတစ်ခုကို လက်ညှိုးထိုးပြလေ၏။

"ဟော့ကောင် မိုးသီး ...၊ ဟိုမြင်းဇောင်းထဲကို ကြည့်လိုက်စမ်း" ဟု ပြောရာ မိုးသီးရော၊ သိန်းရွှေပါ မြင်းဇောင်းအတွင်းသို့ လှမ်း၍ကြည့်ကြလေ၏။

လူတစ်ဒါဇင်ခန့်သည် ဖယောင်းတိုင်များထွန်း၍ ထမင်းစားသူကစား၏။ အရက်သောက်သူက သောက်နေကြသည်ကို တွေ့ရလေ၏။ ထို့ကြောင့် မိုးသီးက -

"ဘာတွေလဲကွ"ဟု မေးလိုက်ရာ ဖေဝင်းက -

"ဘာတွေလဲ လုပ်မနေနဲ့ ကိုယ့်လူ ...၊ အဲဒါ လူမိုက်တွေ ... အားလုံး ဆယ့်သုံးယောက်ရှိတယ်...၊ အဲဒါ တို့အဖေက ထမင်းကျွေးပြီး အရက်တိုက်နေတာကွ"ဟု ပြောလေ၏။

"အဆန်းပါလားကွ...၊ လူမိုက်တွေကိုကျွေးတဲ့ အလှူပေါ့ဟုတ်လား၊ တစ်ခါမှ မကြားဖူးပါဘူးကွာ...၊ သူတော်ကောင်းကိုပဲ အလှူလုပ်ရတယ်လို့ ကြားဖူးပါတယ်ကွာ...၊ မင်းအဖေက ဘယ်လိုဖြစ်တာလဲကွာ"ဟု မိုးသီးက ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဖေဝင်းက-

"ဒီမှာတင်မဟုတ်ဘူးကွ...၊ ဟိုးလမ်းထိပ်က တို့ဦးလေး ဦးလှကလေး သိတယ်မဟုတ်လား...၊ သူလည်း လူမိုက်ဆယ်ယောက်ကို ထမင်းကျွေး၊ အရက်တိုက် လုပ်နေတယ်ကွ..."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ငါဖြင့် နားမလည်ပါဘူးကွာ...၊ ငါကြားဖူးတာက '**အသေဝနာစ ဗလာနံ..'တဲ့၊ လူမိုက်နဲ့မပေါင်းသင်းရဘူးပဲ ကြားဖူးတယ်ကွ...၊ အခု တော့ မင်းအဖေနဲ့ မင်းဦးလေးက လူမိုက်တွေကို စတုဒိသာ ကျွေးနေတယ်၊ ဟုတ်လား ... အံ့ရော... အံ့ရော...**"ဟု ပြောလိုက်လေ၏။

"အလကားကျွေးတာမဟုတ်ဘူး မိုးသီးရေ...၊ ဟိုဘက်လမ်းက ငြိမ်းချမ်းရေးလက်ဖက်ရည်ဆိုင်ကို မင်းသိတယ်မဟုတ်လား၊ ညဆိုရင် ဆိုင်ရှေ့





မှာ စားပွဲတွေ၊ ကုလားထိုင်တွေ ခင်းပြီးရောင်းတဲ့ ဆိုင်လေကွာ...၊ အဲဒီဆိုင်ကို မဂျစ်လမ်း ကုန်းတံတားကြီးနားက ပန်းထိမ်ဆရာ အောင်သိန်းဆိုတာ လက်ဖက်ရည်လာပြီး သောက်လေ့ရှိတယ်ကွ...၊ အဲဒီ ပန်းထိမ်ဆရာတို့ ဒီဘက် က လူမိုက်ဆယ့်သုံးယောက်၊ တို့ဦးလေးဆီက လူမိုက် ဆယ်ယောက်၊ နှစ်ဆယ့် သုံးယောက်ပေါ့ကွာ...၊ ပြီးတော့ တို့အဖေရယ်၊ တို့ဦးလေးရယ် ဆိုတော့ နှစ်ဆယ့်ငါးယောက်ပေါ့ကွာ...၊ နောက်ပြီးတော့ ငါနဲ့ညီအစ်ကို ဝမ်းကွဲတော် တဲ့ ရှပ်ဆိုးဆိုတဲ့ကောင်လည်း ပါဦးမှာဆိုတော့... ပေါင်း နှစ်ဆယ့်ခြောက်ယောက်ပေါ့ကွာ...၊ အဲဒီနှစ်ဆယ့်ခြောက်ယောက်က ဝိုင်းပြီးရိုက်ကြမှာကွ" ဟုပြောလျှင်-

"မဟုတ်သေးပါဘူးကွာ...၊ ပန်းထိမ်ဆရာလေးတစ်ယောက်ကို ရိုက်ဖို့ လူနှစ်ဆယ့်ခြောက်ယောက်တောင် လိုလို့လားကွာ..."ဟု မိုးသီးက မေးရာ စိတ်မရှည်နိုင်သော ဖေဝင်းက

"အဲဒါ မင်းအလုပ်မဟုတ်ဘူး...၊ သူတို့အလုပ်ပါ၊ မင်းအလုပ်က အိမ်ကိုပြန်...၊ အဲဒီလမ်းဘက်ကို မသွားနဲ့၊ ထိမိ ခိုက်မိလိမ့်မယ်..."ဟု နှိုးရိမ်တကြီး ပြောလိုက်လေ၏။ မိုးသီးကလည်း-

"အေးပါကွာ...၊ တို့အိမ်ပြန်ပါ့မယ်..."ဟုဆိုကာ ဖေဝင်းနှင့် လမ်းခွဲ၍ ထွက်လာပြီးလျှင် အတော်အတန် လျှောက်မိသောအခါ၌-

"သိန်းရွှေရေ...မပြန်နဲ့ဦးကွာ...၊ သွားပြီးကြည့်ရအောင်ကွာ" ဟု ပြောလေ၏။ သိန်းရွှေလည်း သဘောတူလေ၏။ ထို့ကြောင့် သူတို့နှစ်ယောက်သည် အိမ်သို့မပြန်ဘဲ အခြားလမ်းတွင်ရှိသော ငြိမ်းချမ်းရေးလက်ဖက်ရည်ဆိုင်သို့ သွားကြလေ၏။ ထိုနေရာသို့အရောက်တွင် လက်ဖက်ရည်ဆိုင်နှင့် မျက်နှာ ချင်းဆိုင်တွင်ရှိသော ခေါက်မုန့်တဲလေးနောက်တွင်ထိုင်ကာ ခေါက်မုန့်တစ်ချပ်စီ မှာစား၍ ရန်ပွဲအား စောင့်မျှော်ကြည့်ရှုနေလေ၏။

များမကြာမီ၌ လူနှစ်ယောက်ရောက်လာပြီးလျှင် စားပွဲတွင်ဝင်၍ ထိုင်ကာ လက်ဖက်ရည်တစ်ခွက်စီ မှာလေ၏။ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည် တစ်ခွက်စီ လာ၍ချပေးသော အချိန်၌မှာပင် ဖေဝင်းအဖေနှင့် ဖေဝင်းဦးလေး က သူတို့၏ တူဖြစ်သော ရှပ်ဆိုးအား-



www.burmeseclassic.com

www.burmeseclassic.com



"ရှပ်ဆိုး . . . ခုတ် . . . ခုတ် . . . ခုတ် . . ."ဟု လက်ဖက်ရည်သောက် နေသူနှစ်ဦးအား ဓားဖြင့် ဝင်၍ခုတ်ခိုင်းလေ၏။ ရှပ်ဆိုးလည်း ငှတ်ကြီး တောင်ဓားကို ကိုင်မြှောက်လျက် လက်ဖက်ရည်သောက်နေသော လူနှစ်ဦးအား ခုတ်ရန်ပြေးသွားလေ၏။

ထိုအခါ၌ တစ်ဦးသည် ထ၍ပြေးလေတော့၏။ ကျန်တစ်ဦးမှာမူ အိန္ဒြေမပျက် ထိုင်မြဲထိုင်လေ၏။ ဓားကိုင်၍ပြေးလာသော ရှပ်ဆိုးကို မျက်တောင် မခတ်ဘဲ ကြည့်နေ၏။ ရှပ်ဆိုးသည် ထိုသူအား မခုတ်ဝံ့တော့ဘဲ စားပွဲခုံကို သာ ဒိုင်းခနဲ ခုတ်ချလိုက်လေ၏။

လက်ဖက်ရည်ပန်းကန်များ၊ ရေနွေးကြမ်းပန်းကန်များသည် စားပွဲပေါ်မှ ခုန်ပျံကျလေ၏။ ထိုအခါ၌ ဖေဝင်း၏အဖေနှင့် ဖေဝင်း၏ ဦးလေးသည် ထိုစားပွဲအနီးသို့ လှံများ၊ တုတ်များ ကိုင်၍ ရောက်လာလေ၏။ ပြီးလျှင် ထိုသူအား-

"မင်းက ဒီမှာလာပြီး လက်ဖက်ရည်သောက်တာ တို့ကိုလာပြီး ရင့်တာလား"ဟူ၍ ဖေဝင်း၏အဖေက မေးလေ၏။ ထိုသူက အိန္ဒြေရရပင်

"မဟုတ်ပါဘူးဗျာ. . .၊ ကျုပ်တို့ဟာ ကျုပ်တို့ အေးအေးဆေးဆေး လာသောက်တာပါ. . .၊ ဒီကိုလာတာ ခင်ဗျားတို့ မကြိုက်ဘူးဆိုရင်လည်း မလာပါဘူးဗျာ. . .၊ ပါးစပ်နဲ့ပြောလည်း ရပါတယ်. . .၊ ဒီလိုလုပ်ဖို့ မလိုပါဘူး. . ."ဟု ဆိုကာ လက်ဖက်ရည်ဖိုး ငွေရှင်းပြီးလျှင် လာလမ်းအတိုင်း အိန္ဒြေရရပင် လျှောက်သွားလေ၏။

ထိုညက လသည် ထိန်ထိန်သာနေ၏။ ထိုလူလျှောက်သွားသော လမ်းဘက်တွင် လွန်စွာကြီးမားသော ကုက္ကိုလ်ပင်ကြီးလည်း ရှိသည်ဖြစ်ရာ ထိုကုက္ကိုလ်ပင်ကြီး၏အရိပ်သည် လမ်းပေါ်တွင် မှောင်လျက်ရှိနေတော့၏။ ထိုသူသည် ထိုကုက္ကိုလ်ပင်အရိပ် မည်းမည်းကြီးဆီသို့ မရောက်သေးပေ။ ထို့ကြောင့် လရောင်တွင် ထင်ထင်ရှားရှား မြင်နေရလေ၏။

ဖေဝင်း၏ဖခင်နှင့် ဖေဝင်းဦးလေးသည် ညဦးပိုင်းက ထမင်းကျွေး၍ အရက်တိုက်ထားသော လူမိုက်ဆိုသူများအား-

"ဟေ့ကောင်တွေ. . . မင်းတို့ မိုက်တယ်ဆိုကွ. . .၊ ဟိုမှာ မင်းတို့ပထွေး ပြန်သွားပြီ. . .၊ လိုက်ပြီးရိုက်ကြပါတော့လား. . .၊ ခုတ်ကြပါတော့လား. . .၊ ဘာဖြစ်လို့ ကြည့်နေတာလဲ. . ."ဟု ပြောလိုက်ရာ လူမိုက်များ သည် ထိုသူ





၏ နောက်သို့ တုတ်များ၊ ဓားများ၊ လှံများကိုင်ကာ ပြေးသွားကြလေ၏။ ထိုသူသည် တစ်ချက်မျှ နောက်သို့ပြန်ကြည့်ပြီးလျှင် အိန္ဒြေရရပင် ဆက်၍ လျှောက်သွားရာ ကုက္ကိုလ်ပင်အရိပ်မည်းမည်းကြီး အောက်သို့ ဝင်သွားလေတော့၏။

လူမိုက်များသည် နောက်မှ ထပ်၍ဝင်သွားလေ၏။ မိုးသီးနှင့် သိန်းဖေ လည်း လည်ကိုဆန့်၍ လှမ်းမျှော်ကြည့်ရှုနေကြလေ၏။ သို့ရာတွင် ထိုနေရာ၌ မည်းမှောင်နေသောကြောင့် မည်သည့်အရာကိုမျှ မမြင်ရပေ။

ထိုသို့ မမြင်ရသော်လည်း -

"ခွက်. . . တောက်. . . အင့်. . . အမလေး. . . သေပါပြီ. . ."

စသော အသံများကား ကြားနေရလေ၏။ တအောင့်မျှကြာလျှင် ညည်းမည်းအရိပ်ကြီးအောက်မှ ထိုသူတစ်ယောက်တည်း ဆက်၍လျှောက်သွား သည်ကို တွေ့ရလေတော့၏။

ထိုအခါကျမှပင် ဖေဝင်း၏အဖေနှင့် ဖေဝင်း၏ဦးလေးသည် အောက်လင်းမီးအိမ်များကို ဆွဲ၍ ထိုအရိပ်မည်းမည်းကြီး ဆီသို့သွားရာ အတုန်းအရုံးလဲ၍ကျန်ရစ်သော လူမိုက်များကို တွေ့ရလေတော့၏။ ထိုလူမိုက်များကို လက်ဖက်ရည်ဆိုင်ရှေ့ အလင်းရောင်ဆီသို့ သယ်ဆောင်လာ သောအခါ ဓားစေ့ ကွဲသူ ကွဲ၊ မျက်လုံးတစ်ဖက်ပိတ်သူ ပိတ်၊ လက်ကျိုးသူ ကျိုးနှင့် မွေ့မလှုခံလိုက် ရကြောင်း တွေ့ရလေတော့၏။

ပတ်ဝန်းကျင်မှ လူများသည် ၎င်းတို့၏ ထင်မြင်ချက် အမျိုးမျိုးကို ပေးကြလေ၏။ မိုးသီးလည်း ထိုလူများအနီးသို့ကပ်ကာ ထိုလူ၏ အကြောင်းကို မေးမြန်းလေ၏။ ထိုအခါ တစ်ယောက်သော လူကြီးက -

"မဂျစ်လမ်း ကုန်းတံတားကြီးက သူဌေးလမ်းမှာ နေတာကွ. . .၊ ဝန်းထိမ်ဆရာအောင်သိန်းတဲ့. . .၊ သိုင်း အလွန်ကောင်းတယ်. . ."ပြောပြ လိုက်လေတော့သတည်း. . .။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



**- တီးမလီးယားက ဆရာဆီရောက်မှ ယူနီဗာဆယ်လ် အင်တဲ တီးဂျင့် Universal Intelligence လို့ခေါ်တဲ့ စကြဝဠာအသိတရား၊ ကော့မစ်ပါဝါ Comic Power လို့ခေါ်တဲ့ ဂန္ဓာရီတန်ခိုးသိဒ္ဓိတွေကို အဲဒီမှာ အပြီးတိုင် သင်ရတော့တယ်၊**

> လူက နေပေမယ့် ပညာက မနေဘူး၊
> အဲဒီပညာတွေဟာ ခြူးပြားတစ်ပြားတောင် မရှိတဲ့လူကို ချမ်းသာ ကြွယ်ဝတဲ့အဖြစ်ကို ရောက်အောင် လုပ်ယူနိုင်တယ်ကွ. . .၊ နလပိန်းတုံး တစ်ယောက်ကို အသိပညာကြွယ်ဝတဲ့လ တစ်ယောက် ဖြစ်စေနိုင်တယ်ကွ၊ နုံချာပြီး လူရာမဝင်တဲ့ လူတစ်ယောက်ကို လူတွေက တောင့်တနေတဲ့ လူတစ်ယောက် ဖြစ်အောင်လည်း လုပ်ပေးနိုင်စွမ်းရှိတယ်ကွ၊
> ဒါတွေက မင်းအလွယ်သိအောင် ပြောတာပါကွာ. . .၊ ဒီထက်မက တဲ့ အကျိုးကျေးဇူးတွေလည်း အများကြီးရနိုင်ပါတယ်၊
> ပြီးတော့ အဲဒါတွေကို နားလည် တတ်ကျွမ်းသွားရင် များများစားစား ကြိုးစားရတာလည်း မဟုတ်ဘူးကွ. . .၊

စိတ်လမ်းကြောင်းလေး နည်းနည်းပြောင်းပေးလိုက်တာနဲ့ မျက်လှည့်ပြလိုက်သလို ကိုယ်လိုချင်တဲ့ အရာတွေနဲ့ ပြည့်စုံသွားစေနိုင်တယ်ကွ. . .

မင်းဟာ လက်ဖက်ရည်သောက်ချင်တယ် ဆိုပါတော့၊ မင်းကို လက်ဖက်ရည်ပေးမယ့်သူက ရှိတယ်ကွ၊ ဒါပေမဲ့ အဲဒီလက်ဖက်ရည် ထည့်ဖို့ ခွက်တော့ မင်းမှာရှိဖို့ လိုတယ်မဟုတ်လား. . .၊ စောစောက ငါပြောတဲ့ အရာတွေဟာ ဂန္ဓာရီစွမ်းအင်တော့ မဟုတ်ဘူး၊ ဂန္ဓာရီစွမ်းအင် ကို လက်ခံဖို့ ခွက်ပေါ့ . . . ခွက်. . . ခွက်. . .





# အခန်း ( ၈ )

## ဆိုင်းဆရာကြီးထံ ရောက်သွားခြင်း

နံနက် ၆ နာရီထိုးသည့်တိုင်အောင် နှင်းများကျနေဆဲ ဖြစ်၏။ သူ့ဌေး လမ်းရှိ ပန်းထိမ်ဖိုရှိသော အိမ်ရှေ့တွင် အသက် ၃၀ ကျော်အရွယ် မိန်းမ တစ်ဦး တံမြက်စည်း လှည်းနေလေ၏။

သူငယ်လေးတစ်ဦးသည် လွယ်အိပ်ကို စလွယ်သိုင်းလွယ်လျက် ထိုမိန်းမအား-

"အဒေါ်ရယ်. . .၊ ပန်းတိမ်ဆရာ ဦးအောင်သိန်းဆိုတာ ဒီမှာနေပါသလား. . ."ဟု ခါးကလေးကို ညွတ်၍ပြောလိုက်ရာ ထိုမိန်းမက -

"အေး . . . ဟုတ်တယ် ကလေး . . . ဒီအိမ်ပဲကွဲ့၊ ဘာကိစ္စလဲ"ဟု မေးလိုက်လေ၏။

"ကျွန်တော် ဆရာနဲ့တွေ့ချင်လို့ပါ. . ."ဟု ထိုသူငယ်က ပြောလိုက်ချင် ထိုမိန်းမက-

"အိမ်နောက်မှာ မျက်နှာသစ်နေတယ်၊ မကြာခင် ထွက်လာလိမ့်မယ်၊ အိမ်ပေါ်ကိုတက်ကွယ်. . ."ဟု ဆိုသဖြင့် ထိုသူငယ်လေးသည် အိမ်ပေါ်သို့ တက်လိုက်လေ၏။

အိမ်ပေါ်ရှိ အိမ်ရှေ့ခန်းကြမ်းပြင်ပေါ်တွင် ဆီဆမ်းထားသော ခဲပြုတ် ပန်းကန်နှင့် နံပြားတစ်ချပ်၊ လက်ဖက်ရည်ထည့်ထားသည်ဟု ထင်ရသော ချိုင့်တစ်လုံး၊ မှောက်ထားသော ပန်းကန်လုံးတစ်လုံး၊ ရေနွေး ခရားနှင့် ရေနွေး ပန်းကန်တစ်လုံးကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ၌ အတွင်းမှ လူတစ်ယောက်ထွက်လာပြီးလျှင် ထိုအရာများအနီး၌ထိုင်ပြီး သူငယ်ကလေးကို လှမ်း၍ကြည့်လိုက်လေ၏။ ပြီးလျှင် ထိုသူက -

"ဆိုစမ်းပါဦးကွ. . .၊ မင်းက ဘယ်သူလဲ၊ ဘာကိစ္စလဲ. . ."ဟု မေးလေ၏။ ထိုသူငယ်လေးသည် တစ်စုံတစ်ရာ ပြန်၍မဖြေဘဲ ထိုသူအား ပြားနေအောင် ဝပ်၍ ဦးချရှိခိုးနေလေ၏။ ပြီးလျှင် ထိုသူငယ်လေးက-

"ကျွန်တော် ဆရာဆီမှာ ပညာသင်ချင်လို့ပါ"ဟု ပြောလိုက်လေ၏။ ထိုအခါ ထိုသူက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့၍သောက်လိုက်ပြီးလျှင်-

"ပန်းတိမ်ပညာ သင်ချင်တာလား. . ."ဟု မေးလိုက်လေ၏။

"မဟုတ်ပါဘူး ဆရာ. . .၊ သိုင်းပညာ သင်ချင်တာပါ. . ."ဟု သူငယ်လေးက ပြန်၍ပြောလိုက်၏။

"နေစမ်းပါဦးကွ. . .၊ ငါ သိုင်းတတ်တယ်လို့ မင်းကို ဘယ်သူက ပြောသတုံး. . ."ဟု ထိုသူက မေးလေ၏။

"ညက ငြိမ်းချမ်းရေးလက်ဖက်ရည်ဆိုင်မှာ လူအစိတ်လောက် ဆရာ့ ကို ဝိုင်းပြီးရိုက်တာ ကျွန်တော်အနားမှာရှိပါတယ်. . .၊ ဒါကြောင့် ဆရာကို သိတဲ့လူတစ်ယောက်စီက ဆရာ့အိမ်ကိုမေးပြီး ကျွန်တော်ရောက်လာတာပါ. ." ဟု သူငယ်လေးက ပြောလေ၏။ ထိုအခါ ထိုသူက -

"အေး. . . အေး. . . . ကောင်းပြီ. . . ကောင်းပြီ. . .၊ ဒီပညာတော့ သင်ပေးမယ်ကွယ်. . .၊ ဒါပေမဲ့ ဒီပညာနဲ့ သူများကို အနိုင်မကျင့်ရဘူးကြားလား အမျိုးဘာသာသာသနာကို ထိပါးလာရင်လည်း ကာကွယ်ရမယ်ကွ. . ."ဟု ပြောလေ၏။

"ကောင်းပါပြီ ဆရာ. . ."ဟု သူငယ်လေးက ဝန်ခံကတိပေးလေ၏။

"ဒီညကစပြီး သင်မယ်ကွာ. . .၊ ဒီနေ့ဟာ ကြာသပတေးနေ့. . . ပညာသင်ဖို့ ကောင်းတယ်ကွ၊ ပြီးတော့ လပြည့်ကျော် ၁ ရက်နေ့၊ ကျော် ၁ ရက်မှာ ဇော်ထွက်မယ့်ပေ့ါ၊ ထူးချွန်မယ့်သူပဲကွ. . ."ဟု ထိုသူက ပြောလိုက် လျှင် သူငယ်လေးသည် ဝမ်းမြောက်၍သွားလေ၏။ ထို့နောက် ထိုသူအား ဦးချတန်တော့၍ ပေ့ါပါးသွက်လက်သော ခြေလှမ်းများဖြင့် ထွက်လာခဲ့လေ တော့ သတည်း။





ထိုသူငယ်လေးသည် မိုးသီးဖြစ်မည်ဆိုသည်ကို အထူး ဖော်ပြ ရေးသားရန် လိုတော့မည်မဟုတ်ပေ. . .။

(မှတ်ချက် ။ ။ *ထိုပန်းထိမ်ဆရာ၊ သို့မဟုတ် သိုင်းဆရာ ကိုအောင်သိန်း ဆိုသူမှာ နောင်တွင် မြန်မာ့သိုင်းလက်ရုံးရည်ပညာ ပြန့်ပွားရေးအဖွဲ့ကို တည်ထောင်ခဲ့သော သိုင်းဆရာကြီး ဦးအောင်သိန်းပင် ဖြစ်ပေ၏။ ထိုဆရာကြီး သည် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏ နာယက အဖြစ်လည်း ဆောင်ရွက်ခဲ့ဖူး၏။ သိုင်းပညာရှင်မြောက်မြားစွာကို မွေးဖွား ပေးခဲ့၏။ ယခုအခါ ကွယ်လွန် ခဲ့ပြီဖြစ်၏နှ။*

စာရေးသူ)

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

**ဘေးမားတက် ... တွက်မားတက်...**

ထိုနေ့ညနေပိုင်းတွင် မိုးသီးသည် အလေးမရှုံသို့ဝင်ကာ အလေးမပြီးလျှင် အိမ်သို့မပြန်ဘဲ ဆရာဦးအောင်သိန်း၏ အိမ်သို့သွားလေ၏။ ရောက်လျှင် ဆရာ၏အိမ်ရှေ့ ခြံဝင်းတွင် မြေကွက်လပ်အား ရေဖျန်း၍ တံမြက်စည်းလှည်းလေ၏။

ဆရာသည် မိုးသီးအား ဘုရားစင်ရှေ့သို့ ခေါ်သွားလေ၏။ ပြီးလျှင်-

"မင်းကို ဒီနေ့ကစပြီး သင်မှာ မားတစ်လက်နဲ့ ဖန်တိုပညာဖြစ်တယ်ကွ. . .၊ အဲဒီတော့ ပညာတစ်ခုတက်တိုင်း ကန်တော့ပွဲ ကန်တော့ရတယ်" ဟု ဆိုကာ ငှက်ကြီးတောင်မားတစ်လက်ကို မိုးသီးအား ကိုင်စေ၏။ ဆရာက မားတစ်လက်ကို ကိုင်၏။ ပြီးလျှင် **ကန်တော့ပွဲဆီသို့ ဆရာက ရှေ့မှ မားဖြင့် ဘတ်တစ်လှမ်း၊ ညာတစ်လှမ်းတက်၍ ကန်တော့၏။ မိုးသီးအား နောက်မှ ရင်းလုပ်သည့် အတိုင်းလုပ်ရန်ပြောသဖြင့် မိုးသီးလည်း ဆရာနိုင်းသည့်အတိုင်း လုပ်ရလေ၏၊ သုံးကြိမ်လုပ်ပြီးလျှင် မိုးသီး၏လက်တွင်းသို့ အပ်တစ်ချောင်း ထည့်ပေးပြီးလျှင် သစ္စာဆိုနိုင်းလေ၏။ ထိုသို့ဆိုပြီးလျှင် ထိုအပ်ကို ကန်တော့ပွဲရှိ ဖုန်းသီးတွင် သွား၍စိုက်ရန် ပြောလေ၏၊** မိုးသီးလည်း သွား၍စိုက်ရလေ၏။

ပြီးလျှင် မိုးသီးအား မြေကွက်လပ်ဆီသို့ ခေါ်သွားပြီးလျှင် ဘေးမား တွက်မား၏၊ တက်ပုံတက်နည်းကို သင်ပြလေ၏။ ထိုအတူ ဘေးမားဖြင့် ဆုတ်ပုံ၊ တွက်မားဖြင့် ဆုတ်ပုံကိုလည်း သင်ပြပေးလေ၏။





နောက်တစ်နေ့တွင် ဘေးမားဖြင့် နောက်လှည့်ပုံ၊ တွက်မားဖြင့် နောက်လှည့်ပုံကို သင်ပြပေးပြန်လေ၏။ ထိုသို့ မားကိုကိုင်၍သင်ရသော သင်ခန်းစာအပြင် လက်ကိုဖမ်းထားခြင်း၊ လည်ပင်းကိုညှစ်ထားခြင်း၊ နောက်မှ သိုင်း၍ဖက်ထားခြင်းတို့ကို ဖြုတ်စေရန် ဖန်တိုဟုခေါ်သော အတတ်ကိုလည်း စတင်၍ သင်ပြပေးလေ၏။

မိုးသီးသည် တခြားနေရာတွင် သိုင်းသမားများ မားဖြင့် သိုင်းတစားသည်ကို တွေ့မြင်ဖူး၏။ ထိုသူတို့သည် ရွှေ့လျားလှုပ်ရှားသောအခါ၌ ခြေထောက်ကို မြှောက်၍လှုပ်ရှား၏။ ဆရာကြီးအောင်သိန်း၏နည်းမှာမူ ခြေထောက်ကို ကြွ၍ မြှောက်၍မရွှေ့ဘဲ မြေကြီးတွင်ရှပ်တိုက်၍ ရွှေ့ရ၏၊ တိုယ်ခန္ဓာအထက် ပိုင်းတစ်ခုလုံးသည် ရွှေ့ရောက်နေသော ခြေထောက်၏ အပေါ်တွင် အပြည့်အဝ သက်ရောက်နေစေရန် လေ့ကျင့်ပေး၏။ ဤအချက်သည် အခြားသော သိုင်းပညာများနှင့် မတူဘဲ ရှိနေလေ၏။

ခုတ်လိုက်သော မားချက်၏ ဆန့်ကျင်ဘက်သို့ မျက်လုံးကို အစဉ်အဖြင့် ကြည့်တတ်အောင်လည်း လေ့ကျင့်ပေးလေ၏။ ဤသို့နှင့်ပင် မိုးသီးလည်း သုံးလခန့် ဆရာနှင့် လက်ထပ်သင်လိုက်ရာ အတော်အတန်ကျွမ်းကျင် သော သိုင်းသမား၊ ဖန်တိုသမား အဖြစ်သို့ ရောက်ရှိသွားလေ၏။

သို့ရာတွင် သင်ကြားလေ့ကျင့်မှုကိုကား ဆက်တိုက်လုပ်မြဲလုပ်ခဲ့ရာ တစ်နှစ်တင်းတင်းပြည့်သည်အထိ သင်ယူခဲ့ပြီးဖြစ်၏။ ထိုအချိန်၌ အခြားသင်ယူလိုသော တပည့်ဆယ်ဦးခန့် ရောက်ရှိလာသဖြင့် ထိုသူတို့နှင့်တွဲဖက်ကာ အစမှ ပြန်၍သင်ယူရပြန်လေ၏။

ထိုသို့သင်ပြီး တစ်လခန့်အကြာတွင် နောက်ထပ် တပည့် နှစ်ဆယ်ခန့် တိုးပွားလာပြန်သောကြောင့် အားလုံးလိုလိုသည် အစမှပြန်၍ သင်ကြားရ ပြန်လေ၏။

သုံးလခန့် တညီတစ်ညွတ်တည်း သင်ပြီးသောအခါ၌ ဆရာဦးအောင်သိန်းက သူ၏တပည့်ဟောင်းများကိုခေါ်ကာ ကျောင်းဆင်းပွဲပြုလုပ်ပေးလေ၏။ ထိုကျောင်းဆင်းပွဲတွင် သင်ယူထားသော တပည့်များ ယှဉ်ပြိုင်တစားကြရ၏။

www.burmeseclassic.com



ဗန်တိုအတတ်ပညာအတွက် စာမေးပွဲစစ်လေ၏။ ချုပ်ထားသည်ကို ဖြုတ်ခိုင်း၏၊ ညှစ်ထားသည်ကို ဖြုတ်ခိုင်း၏။ ဓားမြှောင်၊ ဓားရှည်၊ တုတ်၊ လှံ စသည်တို့ဖြင့် ထိုးခုတ်ရိုက်နှက်သည်ကို ဗန်တိုနည်းဖြင့် ရှောင်ခိုင်း၏၊

ထိုသို့ပြုလုပ်သောအခါ၌ မိုးသီးသည် ဗန်တိုပညာတွင် ပထမစွဲလေတော့၏၊ ထိုအတွက် ဆုချီးမြှင့်လေ၏။ နောင်ဖွင့်လှစ်သော သင်တန်းများတွင် ဗန်တိုနည်းစနစ်များ ပြသောအခါ၌ ဆရာ၏ကိုယ်စား ပြသရလေတော့၏၊

သို့ရာတွင် မိုးသီး၏မိဘများသည် ကျောင်းစာတွင် စိတ်မဝင်စားဘဲ အလေးမခြင်း၊ ရိမ်းဘားဆွဲခြင်း၊ သိုင်းကစားခြင်းတို့တွင် စိတ်ဝင်စားနေသော မိုးသီးအား ဆူပူကြိမ်းမောင်းကြလေတော့၏။ ထို့ကြောင့် မိုးသီးသည် ဆရာ ဦးအောင်သိန်းထံသို့ သွားခွင့်မရတော့ပေ။

ထို့ကြောင့် ချစ်လှစွာသောဆရာနှင့် အဆက်ပြတ်သကဲ့သို့ ဖြစ်သွားရလေ၏၊ အလေးမရန် အချိန်မရတော့သဖြင့် ရိမ်းဘားဆွဲခြင်း လောက်ကိုသာ ပြုလုပ်ရလေတော့ သတည်း။

* * * * *





# အခန်း (၁၀)

## ကိုနောင်ဘီထံတွင် ပညာစ၍သင်ခြင်း

တစ်နေ့တွင် မိုးသီးသည် ဦးထုပ်နီနောင်ဘီဆိုသူထံကို အလည်အဝတ် ရောက်ရှိသွားလေ၏။ ကိုနောင်ဘီသည် မိုးသီးလာသည်ကို ဝမ်းသာ ယ်လဲ ကြိုဆိုလေ၏၊

"မောင်မိုးသီးနဲ့ မတွေ့တာ တစ်နှစ်ကျော်လောက်တောင် ရှိပြီကွ.၊ တစ်ခုတော့ပြောမယ်ဟေ့. . . မင်းရဲ့ ကိုယ်လုံးကိုယ်ထည်ဟာ အတော်ထွားကြိုင်းလာတယ်ကွ. . .၊ လက်မောင်းကြွက်သားတွေလည်း အတော့်ကိုရှိနေပြီပဲ၊ တစ်ခုတော့ အကြံပေးမယ်ကွာ. . .၊ ဝိတ်မတဲ့လူတွေဟာ အပေါ်ပိုင်းတော့ ကြိုးနေပြီ အောက်ပိုင်းရှူးနေတတ်တယ်ကွ. . .၊ ကြည့်လို့မကောင်းဘူး အပေါ်နဲ့အောက် မျှအောင်ကစားကွာ. . ."ဟု ကိုနောင်ဘီက ပြောလေ၏၊

"အခုတော့ အစ်ကိုကြီးရယ်. . .၊ အိမ်က ကျောင်းစာ မကြိုးစားဆို့ဆိုပြီး ကျွန်တော် ဝါသနာပါတာတွေကို လုပ်ခွင့်မပေးဘူး၊ ဝိတ်လည်း မဖြစ်တော့ပါဘူး၊ ရိမ်းဘားလေးပဲ ဆွဲနေရတယ်. . ."ဟု မိုးသီးပြောလျှင် ကိုနောင်ဘီက-

"ငါကြားပါတယ်ကွ. . .၊ သိုင်းဆရာကြီးတစ်ယောက်ဆီသွားပြီး ဆိုင်းတွေ၊ ဗန်တိုတွေ သင်နေတယ်လို့ ကြားတယ်ကွ. . .၊ အတော်လည်း တတ်နေပြီ. . .၊ ဆုတွေဘာတွေလည်း ရတယ်လို့ ကြားတယ်ကွ. . .၊ မင်းအိမ်က မင်းကို စာမေးပွဲမအောင်မှာ စိုးရိမ်တာပါကွာ၊ မင်းလုပ်နေတဲ့အလုပ်တွေမှာ မကောင်းတာတစ်ခုမှမတွေ့သေးဘူး. . .၊ တကယ် အရေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အကျပ်အတည်းတွေမှာ မင်းအခုလုပ်နေတဲ့ ပညာတွေဟာ မင်းရဲ့အသက်ကို ကယ်နိုင်ပါလိမ့်မယ်. . .၊ မင်းသူငယ်ချင်း မောင်သိန်းဆိုတာ ငါ့ဆီလာပြီး အိမ်ကပေးထားတဲ့ စာအုပ်ဖိုးတွေ ဖဲရိုက်မိလို့တဲ့. . .၊ သူ့ကို ကူညီပါဦးဆိုလို့ ငွေ အစိတ် ထုတ်ပေးလိုက်ရတယ်၊. . .

ဒီကောင် မဆိုးဘူးကွ. . .၊ သူငယ်ချင်းတွေအားလုံးရဲ့ မွေးသက္ကရာဇ်တွေ သူ့စာအုပ်ထဲမှာ ရေးမှတ်ထားတယ်၊ ငါက မင်းရဲ့ မွေးသက္ကရာဇ်ကို စိတ်ဝင်စားဆုံးပဲကွ. . .၊ မင်းဟာ အင်္ဂလိပ်နှစ်ဆယ့်ငါးရက်နေ့မှာ မွေးထားတာ၊ ၂၅ ဂဏန်းသမားပေါ့ကွာ. . .၊ အဲဒီ ၂၅ ဂဏန်းသမားတွေက အရွယ်ရောက် တဲ့အချိန်ကစပြီး ဘဝအမျိုးမျိုး ကျင်လည်ရတတ်တယ်၊ အခက်အခဲ အကျပ်အတည်း အမျိုးမျိုးလည်း တွေ့ရတတ်တယ်. . .၊ တစ်ခါတစ်လေ သေဘေးအထိ ရောက်သွားပြီး အဲဒီကနေ လွတ်မြောက်လာတတ်တယ်၊ ဘယ်လောက် တောင်ဆိုးသလဲဆိုရင် သူတို့ရဲ့အသက်ဟာ ခန္ဓာကိုယ်ထဲမရှိဘဲ ဆံပင်ဖျား အထိ ရောက်နေပြီးမှ လွတ်မြောက်သွားတဲ့ အဖြစ်မျိုးတွေပေါ့ကွာ၊ အင်္ဂလိပ် လိုပြောရရင်၊ 'ဟဲယား၊ ဘရက် အက်စ် ကေ့ပ်' Hair Breath Escape လို့ ပြောရလောက်တဲ့ လူစားမျိုးတွေ ဖြစ်တတ်တယ်ကွ. . .၊ အဲဒီတော့ မင်း အခုသင်နေတဲ့ ဗန်တိုတို့ သိုင်းတို့ဟာ မင်းအတွက် တစ်နေ့မှာ အထောက် အကူရပါလိမ့်မယ်. . ." ဟု ပြောလေ၏။

မိုးသီးသည် ကိုနောင်ဘီ၏ မျက်နှာကို နားမလည်သကဲ့သို့ ကြည့်လိုက်ပြီးနောက်-

"အစ်ကိုကြီး အခုပြောနေတာတွေဟာ ကျွန်တော့်ရဲ့ အင်္ဂလိပ်မွေးရက်ကို အကြောင်းပြုပြီး ပြောနေတာလား . . ."ဟု မေးလိုက်ရာ ကိုနောင်ဘီက-

"အေးကွာ. . .၊ အဲဒါ အင်္ဂလိပ်လိုတော့ နျူမရော် လော် Nu-merologyလို့ ခေါ်တယ်ကွ. . .၊ မြန်မာလိုတော့ ဂဏန်းဗေဒင်ပေါ့ကွာ. .၊ အဲဒီအတတ်ပညာနဲ့ပြောတာကွ. . .၊ ငါ့ကို အိန္ဒိယက ဆရာတစ်ယောက်က သင်ပေးခဲ့တာကွာ. . ."ဟု ပြောလေ၏။

"နေပါဦး. . .၊ အစ်ကိုကြီးက အိန္ဒိယကိုသွားပြီး အဲဒီဂဏန်းဗေဒင် သင်ခဲ့တာလား . . ."ဟု မိုးသီးက ပြောလေ၏။ ထိုအခါ ကိုနောင်ဘီ-





"ပြောရမှာကတော့ ခပ်ရှည်ရှည်ပဲပေါ့. . .၊ ငါက အမေမုဆိုးမကြီးနဲ့နေရတာ. . .၊ သစ်တိုသစ်စလေးတွေ ပကာသားလေးတွေနဲ့ ကြောင်အိမ်တို့ ခြင်တန်စင်တို့ ရိုက်ပြီး ရောင်းခဲ့ရတာ. . .၊ သားအမိနှစ်ယောက် ဆင်းဆင်းရဲရဲနေခဲ့ရတာပေါ့ကွယ်. . .၊ အဲဒီအခြေအနေမှာ အသက်ကလည်း ငယ်သေးတော့ မိန်းကလေးတစ်ယောက်နဲ့ ရည်ငံတယ်ကွယ့်. . .၊ အဲဒီမှာ ဆင်းရဲတာကို အပြစ်တစ်ခုလို့ထင်တဲ့ သူ့အမေနဲ့ သူ့အဒေါ်က ငါ့ကို လူတွေရှေ့မှာ မိုက်ရိုင်းမှုစ်ချိုး ပြောဆိုကြတယ်. . .၊

အဲဒါကြောင့် မခံချင်ဖြစ်ပြီး အော်ကာ့တစ်ဇင်လို့ခေါ်တဲ့ လောကီအတတ်တွေ သင်မယ်ဆိုပြီး အိန္ဒိယကို ထွက်သွားခဲ့တာ. . .၊ အိန္ဒိယရောက်တော့ ပူရာပတိမြို့မှာ ဆရာရှိတယ်ဆိုလို့ အဲဒီဆရာကို သွားရှာတယ်၊ အဲဒီဆရာကမှ နီပေါက ဆရာကိုညွှန်လို့ နီပေါပြည်ကို ထပ်သွားရတယ်. . .၊ အဲဒီမှာ နီပေါက ဆရာက ဟီးမလီးယားက ဆရာဆီကို ညွှန်လို့ အဲဒီကို ရောက်သွားရပြန်တယ်၊

အခုပြောတာတွေက လိုရင်းကို ချုံ့ပြီးပြောလိုက်တာ. . .၊ ဆရာတစ်ယောက်နဲ့တွေ့တိုင်း ပညာတစ်ခု သင်ဖြစ်ခဲ့တယ်ကွ၊ ပူရာပတိက ဆရာဆီမှာ စောစောကပြောတဲ့ ဂဏန်းဗေဒင်ဆိုတာကို သင်ခဲ့ရတယ်၊ နီပေါက ဆရာ ဆီမှာ ခန္ဓာကိုယ်လေ့ကျင့်ခန်းတွေ ဆည်းပူးသင်ယူခဲ့ရတယ်. . .၊ နှစ်နဲ့ချီပြီး ကြာတာပေါ့ကွာ. . .၊ **ဟီးမလီးယားက ဆရာဆီရောက်မှ ယူနီဗာဆယ်လ် အင်တဲလီးဂျင့် Universal Intelligence လို့ခေါ်တဲ့ စကြဝဠာအသိတရား၊ ကော့မစ်ပါဝါ Comic Power လို့ခေါ်တဲ့ စွမ်းရိတန်ခိုးသိဒ္ဓိတွေကို အဲဒီမှာ အပြီးတိုင် သင်ရတော့တယ်၊**

သင်ပေးတဲ့ ဆရာသခင်ရဲ့အမည်က ဂုရုဝိကာတဲ့. . .၊ အဲဒါတွေ သင်ယူပြီးတဲ့အခါမှာ ငါ့ရဲ့ဘဝဟာ အပြီးတိုင်လုံခြုံသွားတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ချယုံကြည်သွားတယ်၊ ဒါပေမဲ့ အဲဒီဆရာသခင်တွေဆီက ပြန်လာပြီး မြန်မာပြည်ကို ပြန်မရောက်သေးဘူးကွ. . .၊ အိန္ဒိယမှာပဲ အလုပ်တွင်လုပ်နေသေးတယ်၊ ငွေအတော်အတန်ရှာပြီးမှ မြန်မာပြည်ကိုပြန်လာတာ၊ ဒါပေမဲ့ကွာ. . . ငါနဲ့ရည်ငံခဲ့တဲ့ မိန်းကလေးဟာ ငါထွက်သွားပြီး တစ်နှစ်လောက်မှာပဲ ဆုံးသွားရှာပါတယ်. . .၊ ဘယ်တတ်နိုင်မလဲကွာ. . .



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတာက သူ့အမေနဲ့ သူ့အဒေါ်ဟာ ငါ့ကိုမြင်တာနဲ့ ထွက်ပြီး ဆဲကြတယ်ကွ. . .၊ ငါအတော်ပဲ စိတ်ထိခိုက်သွားတယ်၊ ငါက ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ ငါလေ့ကျင့်ထားတဲ့ ကော့စ်မစ်ပါဝါတွေက လက်မခံနိုင်ဘူးကွ. . .၊ ဒါကြောင့် သူ့အမေဟာ လေဖြတ်သွားတယ်၊ သူ့အဒေါ်ဟာ လျှာတိုသွားပြီး ဆွံ့အသွားတယ်၊ အဲဒါကို အကြောင်းပြုပြီး ဒီပတ်ဝန်းကျင်ကလူတွေက ငါ့ကို မိစ္ဆာကောင်၊ မကောင်းဆိုးဝါး၊ အောက်လမ်းဆရာ၊ မှော်ဆရာလို့ စွပ်စွဲကြ တော့တာပဲဟေ့. . .၊ ငါကတော့ ရှင်းမပြတော့ပါဘူးကွာ. . .၊ ထင်ချင်တာ ထင်ကြပါစေဆိုပြီး ငြိမ်နေလိုက်ပါတယ်. . .”

မင်းနားလည်အောင် ပြောရမယ်ဆိုရင် မင်းဟာ ဗန်တိုသမား တစ်ယောက်ပဲ. . .၊ မင်းမျတ်နှာကို တစ်စုံတစ်ယောက်က နောက်ပြောင်လိုတဲ့ သဘောနဲ့ လှမ်းပြီးရိုက်လိုက်တယ်ဆိုပါတော့၊ မင်းက ဘာမှမလုပ်ချင်ဘူးပဲထားဦး၊ မင်းလေ့ကျင့်ထားတဲ့ပညာက မနေဘူးကွ. . .၊ အဲဒီလူရဲ့ချက်ကောင်း နေရာကို ပြန်ပြီးရိုက်ပြီးသားပဲဟေ့. . .၊ အဲဒါက ဘာလဲဆိုတော့ **လူကနေပေမဲ့ ပညာက မနေတဲ့ သဘော** ကွ. . .”ဟု ပြောလေ၏။

မိုးသီးသည် ကိုနောင်ဘီရှင်းပြသည်ကို လွန်စွာ စိတ်ဝင်စားနေလေ၏။ ထို့နောက် မိုးသီးက-

“အစ်ကိုကြီး စောစောကပြောတဲ့ပညာတွေက၊ ဘယ်လိုနေရာတွေမှာ အသုံးဝင်တာလဲ. . .၊ ပြောပြစမ်းပါဦး အစ်ကိုကြီးရဲ့. . .”ဟု မေးလိုက်လေ၏။

“ဒီလိုမောင်မိုးသီးရဲ့ . . .၊ အဲဒီပညာတွေဟာ ခြေပြားတစ်ပြားတောင် မရှိတဲ့လူကို ချမ်းသာကြွယ်ဝတဲ့အဖြစ်ကို ရောက်အောင် လုပ်ယူနိုင်တယ်ကွ. . .၊ နလပိန်းတုံးတစ်ယောက်ကို အသိပညာကြွယ်ဝတဲ့လူတစ်ယောက် ဖြစ်စေနိုင်တယ်ကွ. . .၊ နုံချာပြီး လူရာမဝင်တဲ့ လူတစ်ယောက်ကို လူတွေက တောင့်တနေတဲ့ လူတစ်ယောက်ဖြစ်အောင်လည်း လုပ်ပေးနိုင်စွမ်းရှိတယ်ကွ၊ ဒါတွေက မင်းအလွယ်သိအောင် ပြောတာပါကွာ. . .၊ ဒီထက်မကတဲ့ အကျိုး ကျေးဇူးတွေလည်း အများကြီးရနိုင်ပါတယ်၊ ပြီးတော့ အဲဒါတွေကို နားလည် တတ်ကျွမ်းသွားရင် မျှားမျှားစားစား ကြိုးစားရတာလည်း မဟုတ်ဘူးကွ. . .၊ စိတ်လမ်းကြောင်းလေး နည်းနည်းပြောင်းပေးလိုက်တာနဲ့ မျက်လှည့်ပြလိုက်





သလို ကိုယ်လိုချင်တဲ့ အရာတွေနဲ့ ပြည့်စုံသွားစေနိုင်တယ်ကွ. . .”ဟု ကိုနောင်ဘီက ပြောလိုက်ရာ မိုးသီးက -

“အတော့်ကို အံ့ဩစရာကောင်းတဲ့ ပညာပဲနော်၊ အဲဒီလိုဆိုရင် အစ်ကိုကြီးရာ. . .၊ ကျွန်တော့်ကို သင်ပေးပါလား”ဟု ပြောလိုက်လျှင်-

“အေးလေ. . . သင်ဆိုရင် အခုကိုပဲ အခြေခံသဘော စသင်ရမှာပဲ၊ အချိန်ဆွဲလို့မဖြစ်ပေဘူး. .၊ အခြေခံက ဒီလိုကွ. . .၊ **‘ဓမ္မ’ နဲ့ ‘အဓမ္မဘက်’ ရယ်လို့ နှစ်ဖက်ရှိတယ်ကွာ၊ စကြဝဠာရဲ့ တန်ခိုးစွမ်းအားတွေ ကို အလိုရှိတဲ့ သူဟာ ဓမ္မဘက်မှာ ကျက်စားရတယ်**. . .၊ အဓမ္မဘက်ကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရတယ်. . .၊ မင်း နားလည်အောင်ပြောရမယ်ဆိုရင် -

| ဓမ္မဘက်မှာ | အဓမ္မဘက်မှာ |
|---|---|
| တတ်သိနားလည်ခြင်း | တတ်သိနားလည်မှုမရှိခြင်း |
| ကုသိုလ် | အကုသိုလ် |
| ချစ်ခြင်း | မုန်းတီးခြင်း |
| ပျော်ရွှင်ခြင်း | စိတ်ဒုက္ခရောက်ခြင်း |
| အေးချမ်းခြင်း | တိုက်ခိုက်ခြင်း |
| ရက်ရောခြင်း | တွန့်တိုခြင်း |

အဲဒါတွေက မင်းနားလည်လွယ်ရုံ အကြမ်းဖျဉ်း ပြောတာပါကွာ. . .၊ တကယ်ပြောရရင်တော့ အကောင်း အဆိုးခွဲပြီး မင်းရဲ့စိတ်ကို ကောင်းတဲ့ ဘက်မှာ များများကျက်စားထားဖို့ပါပဲ. . .”ဟု ကိုနောင်ဘီက ပြောလေ၏။

“မင်းဟာ လက်ဖက်ရည်သောက်ချင်တယ် ဆိုပါတော့၊ မင်းတို့ လက်ဖက်ရည်ပေးမယ့်သူက ရှိတယ်ကွ၊ ဒါပေမဲ့ အဲဒီလက်ဖက်ရည်ထည့်ဖို့ ခွက်တော့ မင်းမှာရှိဖို့ လိုတယ်မဟုတ်လား. . .၊ စောစောက ငါပြောတဲ့ အရာတွေဟာ ဂန္ဓာရီစွမ်းအင်တော့ မဟုတ်ဘူး၊ ဂန္ဓာရီစွမ်းအင်ကို လက်ခံဖို့ ခွက်ပေါ့ . . . ခွက်. . . ခွက်. . .”ဟု ရှင်းပြလိုက်ရာ မိုးသီးသည် သဘောပေါက်၍ သွားလေတော့၏။ ထိုအခါ ကိုနောင်ဘီက-

“မင်းမှာက မွေးရာပါ စိတ်ဓာတ်ကိုက ဂန္ဓာရီ စွမ်းအင်တွေထည့်ဖို့ ခွက်က ရှိပြီးသားကွ. . .၊ သူတစ်ပါးအတွက် အနစ်နာခံချင်တယ်. . .၊ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တရားကို မြတ်နိုးတယ်၊ အဲဒါတွေဟာ ဂန္ဓာရီသိဒ္ဓိတွေ၊ အစွမ်းတွေကိုထည့်ဖို့ ခွက်ပဲကွ. . .၊ အဲဒါတွေကို ခွက်မှန်းသိအောင် မင်းကို ပြောပြနေတာ. . .၊ အဲဒီခွက်ကောင်းတွေကို ဖျက်ဆီးမပစ်နဲ့ကွ. . .”ဟု ပြောလိုက်လေ၏။

“ကောင်းပါပြီ အစ်ကိုကြီး. . .၊ တစ်ခုခုတော့ မေးရဦးမယ်. . .၊ အခု အစ်ကိုကြီးပြောတဲ့ ဂန္ဓာရီအတတ်ပညာနဲ့ အခြားဘာတွေရနိုင်၊ ဖြစ်နိုင်သေးသလဲ. . .”ဟု မိုးသီးက မေးလိုက်လေ၏။ ထိုအခါ ကိုနောင်ဘိုက နှစ်လိုဖွယ်ရာ ပြုံးပြပြီးနောက် -

“ငါ့ညီ မောင်မိုးသီး၊ ဂန္ဓာရီပညာမှာ စကားတစ်ခွန်း ရှိတယ်ကွ”

**“စိတ်ကူးလို့သာ ရစမ်းပါစေ...၊ အဲဒါတွေအားလုံးကို ပိုင်ဆိုင်ခွင့်ရှိတယ်”**

အဲဒီစကားကို အင်္ဂလိပ်လိုလည်း မှတ်ထားလိုက်ဦးကွ. . .၊

That Which man may conceive he can achieve.

ဆိုလိုတာကတော့ ရနိုင်တယ်ပေါ့ကွာ၊ စိတ်ကူးထဲမှာတောင် ထင်လို့ မရတာတွေကိုတော့ ဖယ်ထားလိုက်ပေါ့. . .၊ ငွေကို စိတ်ကူးလို့ရသလား၊ အဲဒီငွေကို ပိုင်ဆိုင်ခွင့်ရှိတယ်. . .၊ ရွှေကို စိတ်ကူးလို့ရသလား. . .၊ အဲဒီ ရွှေကို ပိုင်ဆိုင်ခွင့်ရှိတယ်၊ နောက်ထပ် မင်း ဘာကို စိတ်ကူးလို့ရသေးသလဲ၊ အဲဒါတွေကို မင်းပိုင်ဆိုင်ခွင့်ရှိတယ်. . .”ဟု ပြောလိုက်လျှင် မိုးသီးက-

“သဘောကျတယ် အစ်ကိုကြီးရာ. . .၊ ကျွန်တော် အစ်ကိုကြီးဆီက အဲဒီပညာကို သင်လည်းသင်မယ်၊ အစ်ကိုကြီး ခိုင်းတာမှန်သမျှ ကျွန်တော် လုပ်မယ်. . .၊ ဒါပေမဲ့ ကျွန်တော့်အိမ်က ကျောင်းစာအပြင် အခြားဘာကိုမှ မလုပ်စေချင်ဘူး၊ အဲဒီအတွက်တော့ အခက်အခဲရှိတယ် အစ်ကိုကြီးရေ. . .” ဟု ပြောလိုက်ရာ ကိုနောင်ဘိုက ပြုံးလေ၏။ ထို့နောက် -

“သင်ဖို့ အချိန်ရတဲ့ တစ်နေ့မှာ ဆက်ပြီးသင်တာပေါ့ မောင်မိုးသီးရယ်. . .၊ စိတ်မပျက်ပါနဲ့ကွယ်. . .၊ စိတ်ပျက်တယ်ဆိုတာ မွေ့မဟုတ်ဘူးနော်. . .၊ အဓမ္မပဲကွယ့်. . .”ဟု ပြောလိုက်လေတော့သတည်း. . .။

* * * * *





## အခန်း (၁၁)

### မိုးသီး နှင့် ပြဇာတ်ဇာတ်ညွှန်း ရေးသားနည်း

မိုးသီးတို့၏ အိမ်ရှေ့တည့်တည့်လောက်တွင် လွန်စွာကြီးမားသော တဲအိမ်ကြီးတစ်လုံးရှိလေ၏။ ထိုတဲကြီးမှာ ဇာတ်ထောင်သော တဲကြီးဖြစ်၏။ ထိုဇာတ်ကို ပိုင်ဆိုင်သော ဇာတ်ပိုင်ရှင်အဒေါ်ကြီးမှာ တွံတေးမြို့ ဇာတိဖြစ်၏။ သို့ရာတွင် တစ်ခါက နာမည်ကြီးခဲ့သော ဇာတ်မင်းသမီးလည်း ဖြစ်ခဲ့၏။

သူသည် ငယ်စဉ်က သူ့တို့ခေတ်တွင် နာမည်ကြီးသော မင်းသား ဦးစိန်ကတုံးနှင့် တွဲဖက်၍ ကခဲ့ရဖူး၏။ ထို့အတူ ဦးဖိုးစိန်နှင့်လည်း တွဲဖက်၍ ကခဲ့ရဖူး၏။ အောင်ဘညိုဆိုသော မင်းသားနှင့်လည်း ကခဲ့ရဖူး၏။

အသက်အရွယ်ကြီးလာသောအခါ၌ ဇာတ်မင်းသမီးအလုပ်ကို စွန့်လွှတ်၍ ဇာတ်ထောင်သောအလုပ်ကို လုပ်လေတော့၏။ သူ၏တဲနောက်ဘက်တွင် လွန်စွာကြီးမားသော တန်းလျားကြီးတစ်ခု ထိုးထား၏။

ထိုတန်းလျားကြီးမှာ မိုးအခါ၌ ဇာတ်တိုက်ခြင်း၊ ဆိုင်းတိုက်ခြင်းပြုလုပ်ရသော တန်းလျားကြီးဖြစ်၏။ ထိုတန်းလျားကြီး၏ နံဘေးတွင် တဲငယ်ကလေးများ ဆောက်လုပ်ပေးထား၏။ ထိုတဲငယ်ကလေးများတွင် ဇာတ်သူ ဇာတ်သားများကို နေစေလေ၏။

သို့ရာတွင် အားလုံးစားရန် ဇာတ်ပိုင်ရှင်အဒေါ်ကြီးက ထမင်းအိုးကြီးတစ်လုံး၊ ဟင်းအိုးကြီးတစ်လုံး၊ ငါးပိရည်အိုးကြီး တစ်လုံးတည်၍ ဝေငှကျွေးမွေး ရလေ၏။ ထမင်းကျွေးခါနီးတွင် လွန်စွာကြီးမားသော မောင်းကြီးတစ်လုံးကို “ဒူ”ခနဲ ထုလေ့ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဇာတ်ပိုင်ရှင်အဒေါ်ကြီးသည် မိုးသီးနှင့် ခွေမျိုးတော်စပ်၏။ မိုးသီးသည် ကျောင်းဆင်းသောအခါ၌ အခြားတစ်ပါးသို့မသွားဘဲ ဇာတ်တိုက်သော တဲကြီးသို့ သွားကာ ဇာတ်တိုက်သည်ကို စိတ်ဝင်စားဖွယ် ကြည့်ရှုလေ၏။ ဇာတ်၏သဘောမှာ နောက်ပိုင်းကဇာတ်ကို ဟုတ်တိပတ်တိ မတိုက်ဘဲ ရှေ့ပိုင်း ပြဇာတ်ဆိုသည်ကို အလေးအနက်ထား၍ တိုက်လေ့ရှိလေ၏။

ထိုဇာတ်တွင် ပြဇာတ်ကိုတာဝန်ယူ၍ ဇာတ်တိုက်ပေးရသော ပြဇာတ် ဒါရိုက်တာတစ်ဦးလည်း ရှိ၏။ ထိုဒါရိုက်တာ၏အမည်မှာ ကိုဆန်းညွန့် ဟူ၍ ဖြစ်၏။ သူသည် ဧရာင်တုန်းသားဖြစ်သောကြောင့် သူ၏မြို့ကို အမွန်းတင်ကာ သူ၏အမည်ရှေ့တွင် 'ရွှေဒုံး'ဟူသော စားလုံးကို တပ်လေ၏။ ထို့ကြောင့် သူ၏ ဒရိုက်တာအမည်မှာ 'ရွှေဒုံးဆန်းညွန့်'ဟူ၍ဖြစ်လေ၏။

သူသည် စန္ဒယားတီး ကျွမ်းကျင်၏။ ပြတိုက်တိုက်သောအခါ စန္ဒယား ကို ကိုယ်တိုင်တီးလေ၏။ သူ၏ပြဇာတ်ကို စာရင်းလုပ်သော စာအုပ်အရှည်ကြီး များဝယ်၍ အတွင်း၌ ရေးလေ၏။ ပြဇာတ်တိုက်နေစဉ် လက်ဖက်ရည်သောက် ချင်သောအခါ၌ မိုးသီးကို -

"ဟေ့ မောင်မိုးသီး ... လက်ဖက်ရည်ဝယ်ကွာ၊ လက်ဖက်ရည် သောက်ရအောင်. . ."ဟု လက်ဖက်ရည် ဝယ်ခိုင်းလေ့ရှိ၏။ မိုးသီးကလည်း လိုလိုချင်ချင် ဝယ်ပေး၏။ ပန်းကန်လုံးရှာ၍ လက်ဖက်ရည်ပင် ထည့်ပေး လိုက် သေး၏။

လက်ဖက်ရည်သောက်ပြီးသောအခါ၌ ဆေးလိပ်သောက်လိုပြန်၏။ ထိုအခါ၌လည်း မိုးသီးကို ဆေးလိပ်ဝယ်ခိုင်းပြန်၏။ သူသည် မစိန်ညွန့်ဆိုသော ဆေးလိပ်ကို လွန်စွာကြိုက်၏။ ထို့ကြောင့် မိုးသီးသည် မစိန်ညွန့်ဆေးလိပ်ကို ဝယ်ပေးရ၏။ ထိုအခါ၌ သူသည် ဆေးလိပ်ကို ပါးစောင်တွင်ခဲ၍ ဇာတ်ကို ဆက်တိုက်၏။ ပြဇာတ်တိုက်သောအခါ၌ ဇာတ်ကောင်များ ပြောရသောစကား ကို ရေးပေးထားတတ်၏။ ဇာတ်ကောင်များသည် ထိုစကားပြောများကို ၏သည်မလွဲ ကျက်ရလေ၏။ ထိုစာများရမှ ဇာတ်တိုက်လေ့ရှိ၏။

သူတွင် လက်ထောက်ဒါရိုက်တာတစ်ဦးရှိ၏။ ထိုဒါရိုက်တာမှာ ပြဇာတ် တကယ်ကသောအခါ၌ စင်ပေါ်တွင်နေရပြီး မည်သည့်အခန်းတွင် မည်သည့် ကားထိုးရမည်၊ ထိုအခန်းတွင် မည်သည့်ပစ္စည်းရရှိရမည်ကို အသေး စိတ်ဆောင်ရွက်ရသော 'စတိတ်မန်နေဂျာ'ပင်ဖြစ်၏။ ထိုစတိတ် မန်နေဂျာ





အည် ကပြသည့် ဇာတ်ကွက်များကို စားလုံးကြီးများဖြင့်ရေး၍ ဇာတ်စင် တစ်တနေရာတွင် ကတ်ပြားတစ်ခုဖြင့် ချိတ်ဆွဲထားရလေ၏။

ထိုစတိတ်မန်နေဂျာ၏အမည်မှာ ကိုဟန်စိန်ဟူ၍ ဖြစ်၏။ မျက် လွန်စွာမွဲ၏။ မျက်မှန်ထူထူကြီးကို တပ်ထားရ၏။ ပြဇာတ်တစ်ခန်းတိုက်ပြီး တိုင်း ထိုအခန်းနှင့်ပတ်သက်သော အကြောင်းအရာများကို အသေးစိတ်ရေး မှတ်ထားရလေ၏။

သို့ရာတွင် ထိုကိုဟန်စိန်အား ပြဇာတ်ရေးခိုင်းသောအခါ၌ မျက် မွဲသောကြောင့် မရေးနိုင်ရှာပေ။ သူသည် စာရေးရာတွင် စာလုံးကြီးများ ကိုသာ ရေးရသောကြောင့် ပြဇာတ်ရေးရန် များစွာ အခက်အခဲရှိ၏။

ထိုကြောင့် ဒါရိုက်တာ ရွှေဒုံးဆန်းညွန့်သည် စာအုပ်ရှည်ကြီးများ တွင် မျဉ်းကြောင်းတားရသော အလုပ်များကို မိုးသီးအား ခိုင်းစေလေ၏ ချည်သို့ မည်ပုံ ရေးရမည်ကိုလည်း မိုးသီးအား သင်ပြထား၏။

"ဒီလို မောင်မိုးသီးရဲ့. . .၊ ဒီစာအုပ်ရှည်ကြီးမှာ ပထမဆုံး လက် ဇတ်တိုင်းပြီးတော့ ဒေါင်လိုက်တားရမယ်ကွ. . .၊ အဲဒီရဲ့ထိပ်မှာ အခန်း ရေးရမယ်. . .၊ အင်္ဂလိပ်လိုရေးရင်လည်း စီရီယာယ်လ် (Serial) လို့ခေါ် တယ်ကွ၊ အဲဒီဘေးက ကပ်လျက် တစ်လက်မ အကျယ်အဝန်းလောက် ဒေါင်လိုက် တားရတယ်ကွ. . .၊ အဲဒါကို ဇာတ်ဝင်ခန်းလို့ မှတ်ပေတော့. . .၊ အဲဒါကို စီန် (Seen) လို့ ခေါ်တယ်ကွ. . .၊

ဥပမာကွာ ငါတို့စာရေးမယ် ဇာတ်ထုပ်မှာ ဗထူးဆိုတဲ့ကောင် ဇာတ်လိုက်ဆိုပါတော့ကွာ. . .၊ ဗထူးနေတဲ့တဲ. . . အဲဒါစီးန်တစ်ခု ကွ. . .၊ ဗထူးရဲ့ရည်းစား အေးဘုံနေတဲ့အိမ်ပေါ့ကွာ. . .၊ အဲဒါလည်း စီး တစ်ခုပဲကွ၊ ဗထူးက ရန်ကုန်ကိုတက်သွားပြီး သူဌေးအိမ်မှာ အလုပ်လု တယ်ကွ၊ သူဌေးအိမ်ဟာ စီးန်တစ်ခုပဲပေါ့ကွ၊ တစ်ခု မင်းအနေနဲ့ သဘော ပေါက်ထားဖို့က စီရီယာယ်လ် တစ်ကနေပြီး အစဉ်အတိုင်းသွား တယ် ပြီးတပ်တယ်လို့မရှိဘူး ... စီးန်တွေကတော့ ပြန်ပြီးထပ်နိုင် နော်. . .၊ ဇာတ်အစမှာ ဘထူးရဲ့အိမ်ပြထားတယ်၊ ဇာတ်အလယ်မှာ ဘထူး ပြန်လာလို့ သူ့အမေကြီး ငိုနေတယ်၊ ဘထူးရဲ့အိမ်ကို ပြန်ပြရတာ ပေါ့ကွ အဲဒါတို့ စတိတ်မန်နေဂျာ ဟန်စိန်က အသေးစိတ်မှတ်ထားရတယ်ကွ၊ ဘထူး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အိမ်မှာ နောက်ခံက တောကားလေးပေါ့ကွာ. . .၊ အဲဒီတဲ ကလေးရှေ့မှာ ရွက်လှပန်းအိုးကလေး သုံးအိုးထားတယ်ဆိုရင် နောက်တစ်ခါ ဒီစီးန်ပြန်ရောက်တဲ့အခါမှာ အဲဒီရွက်လှအိုးလေး သုံးအိုး လည်း ပြန်ပါ ရမယ်နော်. . .၊ အဲဒါတွေကို စတိတ်မန်နေဂျာ ဟန်စိန်က သေချာမှတ်ထား ရတယ်ကွာ၊ သေချာ စီစဉ်ရတယ်၊

ပြီးတော့ အဲဒီဇာတ်ဝင်ခန်း ရဲ့ ဟိုဘက်မှာ လေးလက် မလောက်ချဲပြီး မျဉ်းကြောင်းကို ဒေါင်လိုက်ထား ရပြန်တယ်၊ အဲဒီမှာက ဇာတ်ကောင်နဲ့ ဇာတ်ကောင်ရဲ့ စကားပြောတွေ ရေးရမှာကွ၊ အဲဒါပြီးတော့ စာရွက်နဲ့ အဆုံးမှာ နှစ်လက်မလောက်ချန်ပြီး ဒေါင်လိုက်မျဉ်းတစ်ကြောင်း တားရတယ်ကွ၊ အဲဒီ အကွာမှာ 'အထူးမှတ် ချက်'လို့ ရေးရတယ်ကွ၊ အဲဒီ အကွက်မှာ ဘာတွေထည့် ရသလဲဆိုတော့ ဇာတ်ကောင်ရဲ့ အဝတ်အစား တွေလည်း တစ်ခါတစ်လေ အရေးကြီးရင် ထည့်ရတယ်၊ တို့ရဲ့ အမိက ဇာတ်ကောင် ဖြစ်တဲ့ ဘထူး ရေထမ်းနေတဲ့ အခန်းဆိုပါတော့ကွာ. . .၊ အဲဒီမှာ ဘာတွေ ထားရမလဲဆိုတော့ ဘထူး လုံချည်တိုတို ဝတ်ထားရမည်. . .၊ ရေအနည်းငယ် စိုနေမည်၊ အပေါ်ပိုင်း ဗလာကျင်းထားသော ကိုယ်လုံးပေါ်တွင် လုံချည်တစ်ထည်ကို သုံးထောင့်ချွန် ခေါက်၍ စလွယ်သိုင်း ချည်ထားရမည်၊ ရေပုံးနှစ်ပုံးကို ထမ်းပိုးဖြင့်ထမ်းထား ရမည်၊ ရေပုံးနှင့် ထမ်းပိုးချိတ်သော နေရာတွင် သံချိတ်ကို မသုံးရ ကြိုးဖြင့် ချည်ထားရမည်၊ ထမ်းသောရေပုံးတွင် တစ်လုံး၌ 'ဘ'ဟုရေးပြီး၊ တစ်လုံး၌ 'ထူး'ဟု ထင်ထင်ရှားရှား ရေးထားရမယ်၊ အဲဒီစာမျိုးတွေကို အတိုချုံးပြီး ရေးထည့် ထားရမယ်. . .၊

ပြီးတော့ ဇာတ်ဝင်ခန်းသီချင်းတွေ ဘာတွေ ဆိုမယ်ဆိုရင် လည်း နောက်ကတီးဝိုင်းက အတောကလေး တောပေးရမယ်၊ ဇာတ်ကောင် က ဘာဆိုရမယ်ဆိုတာ အဲဒီအကွက်မှာ အတိအကျရေးထား ရမယ်၊ တစ်ခါတလေ ပတ်ဝန်းကျင်က အသံဗလံတွေ ဘာတွေထည့်ချင်ရင် ဇာတ်စင်နောက်ဘက်က ဇာတ်သူဇာတ်သားတွေကို အော်ခိုင်းရတယ်၊ အဲဒါကိုလည်း အထူးမှတ်ချက်အကွက်မှာ အတိအကျ ရေးထားရတယ်၊ တစ်ခါတလေ ဆလိုက်ထိုးစေချင်ရင် ဘယ်လိုဆလိုက်ထိုးရမယ်ဆိုတာ အဲဒီအကွက်မှာ ရေးထားရမယ်" ဟု ပြောလေ၏။ မိုးသီးလည်း ထိုအကြောင်း အရာများကို သူ၏ ကျောင်းစာ





...င် စိတ်ဝင်စားလေ၏။ အထူးနာယူ မှတ်သားခဲ့လေ၏။ ဆရာဖြစ်သူ ...န်းညွှန့်ခိုင်း၍ မိုးသီး ပထမဆုံး လိုက်၍ရေးရသော ပြဇာတ်၏အမည် ...'ဒိုးရင်းဘထူး' ဟူ၍ဖြစ်၏။

...ချက်။ 'ဒိုးရင်းဘထူး'ပြဇာတ်၏ ဇာတ်ညွှန်းစာရွက်ကို စာဖတ်သူ တို့အား ...တွေ့စေလိုသော စေတနာကြောင့် ဓာတ်ပုံရိုက်ကူးကာ ဖော်ပြ လိုက်ပါ ...ည်။

စာရေးသူ)

| [illegible] | အခန်း | အကြောင်းအရာဇာတ်ကွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ၁ | နေ့ မောင်ဗထူး၏တဲ<br>မောင်ဗထူး<br>တဲဘက်သို့လှည့်၍-<br>(အမေရေ. . . ငှက်ပျောပင်တွေ တော့ ရေလောင်းပြီးပြီ သူကြီးအိမ် ကို ရေသွားထည့်ပေးရဦးမယ်၊ အမေ ထမင်းဆာရင် စားနှင့်ပါ၊ ကျွန်တော်ကို မစောင့်ပါနဲ့. . . )<br>တဲအတွင်းမှ ဗထူးအမေ၏အသံ<br>(အရုပ်မပါ အသံသက်သက်)<br>(ကောင်းပြီ သားရေ. . .၊အမေ လည်း မဆာသေးပါဘူး. . . ) | တဲရှေ့တွင် ငှက်ပျောပင်များ ရှိ... မည်၊ မောင်ဗထူးထမ်းမည့် ရေ... ပုံနှစ်ပုံး၊ တစ်ပုံးတွင် 'ဗ'ဟုရေ... ထားပြီး တစ်ပုံးတွင် 'ထူး'ဟု... ရေးထားရမည်။ မောင်ဗထူ... အပေါ်ပိုင်းပုဆိုးတစ်ထည် သိုင်း... ချည်ထားရမည်၊ ပုဆိုးတိုတို... အောက်ပိုင်း ရေစိုနေရမည်။<br>နေဝင်ချိန်မှန်း သိသာ... ရန် ဆလိုက်အနီထိုးပေးထာ... ရမည်။<br>မြွေသံပါသော တီးလုံးတီး... ပေးထားရမည်။ |

ရွှေဖုံးဆန်းညွှန့်တိုက်ခဲ့သော ပြဇာတ်များမှာ ဒိုးရင်း ဗထူးပြဇာတ်၊ ...သားလူလည်ပြဇာတ်၊ မွေးစားသမီးပြဇာတ် စသည်တို့ဖြစ်၏။ ထို... ...များ အားလုံးလိုလိုကို မိုးသီးသည်လိုက်လံ၍ ရေးပေးခဲ့လေ၏။

ပြဇာတ်တိုက်သောအခါ၌လည်း ဇာတ်ညွှန်းစာအုပ်ကိုဖြ၍ လိုက်... ...သားရလေ၏။ တစ်နေ့ရာတွင် လူရွှင်တော် ဦးဩဇာရှိသူသည် သူ့ဌေး... ...အိမ်၌ ငွေသွားချေး၏။ သူဌေးကြီးနှင့်တွေ့ပြီး ပြန်ထွက်လာသောအခါ၌...



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည့်ဘက်မှမထွက်ဘဲ ဇာတ်စင်၏ အခြားတစ်ဖက်သို့ ထွက်သွားလေ၏။ ထိုအခါ ရွှေဒုံးဆန်းညွှန့်က လူရွှင်တော် ဦးဩဇာအား -

"ဟော့. . . ကိုဘကျော် ခင်ဗျားအထွက်မှားနေပြီ ဒီဘက်က ပြန်ထွက်ရမယ်. . ."ဟု လှမ်း၍ အော်လေ၏။ ထိုလူရွှင်တော် ဦးဩဇာ၏ အမည်မှာ ကိုဘကျော်ဟူ၍ ဖြစ်လေ၏။ မိုးသီးသည် လူရွှင်တော် ဦးဩဇာ အထွက် မှားသည် ဆိုသည်ကို နားမလည်နိုင်အောင်ရှိလေ၏။ ထို့ကြောင့် ရွှေဒုံးဆန်းညွှန့်အား-

"ဦးဆန်းညွှန့် ဘယ်ကိုအထွက်မှားတာလဲ ရှင်းပြပါဦး. . ."ဟု ပြောလိုက်လေ၏။ ထိုအခါ ရွှေဒုံးဆန်းညွှန့်က-

"ဒီလို မောင်မိုးသီးရဲ့. . .၊ ဝင်တာ ဒီဘက်ကဝင်ပြီး ဟိုဘက်က ပြန်ထွက်ရင် ကြည့်တဲ့လူက အမိပွါယ်ပေါက် လွဲသွားတတ်တယ်ကွ၊ လူရွှင်တော် ဦးဩဇာကြီးတစ်ယောက်က သူဌေးကြီးအိမ်က ပြန်မထွက်ဘဲ အိမ်နောက်ဘက်ကို ဝင်သွားတယ်လို့ အထင်လွဲတယ်၊ ဝင်တဲ့ဘက်ကပဲ ပြန်ထွက်ရတယ်. . .၊ ဒါကြောင့် စတိတ်မန်နေဂျာက အဲဒါကို ဂရုစိုက်ပေးရတယ်ကွ၊ မေ့တတ်တဲ့ ဇာတ်ကောင်ဆိုရင် စီးန်ထဲကို မထွက်ခင်မှာ ကပ်ပြီးအသာပြော လွှတ်လိုက်ရတယ်. . ."ဟု ရှင်းပြလေ၏။

ဇာတ်ဝင်ခန်းတစ်ခု အပြောင်းအလဲလုပ်သောအခါ၌ တီးလုံးအပိုဒ် တီးပေးရလေ၏။ ထိုသို့ တီးသည်ကို 'အိုဗာချာ'ဟုခေါ်ကြောင်း ရွှေဒုံးဆန်းညွှန့်က ရှင်းပြလေ၏။

တစ်နေရာတွင် အိုဗာချာတစ်ကြော့ တီးရမည့်အစား နှစ်ကြော့ တီးပြီးမှ နောက်အခန်းကို ဇာတ်တိုက်လေ၏။ ထို့ကြောင့် မိုးသီးက ရွှေဒုံးဆန်းညွှန့်အား -

"ဦးဆန်းညွှန့် ဟိုမဟာ အိုဗာချာ နှစ်ကြော့ ပြန်တီးနေတယ်ဗျ. . .၊ အဲဒါဘာကြောင့်လဲ. . ."ဟု မေးပြန်လေ၏။ ထိုအခါ ရွှေဒုံးဆန်းညွှန့်က-

"အဲဒီအိုဗာချာ နှစ်ကြော့ပြန်တီးရတာ အချိန်ဆွဲတာကွ၊ ဘာကြောင့် အချိန်ဆွဲတာလဲဆိုရင် နောက်တစ်ခန်းဟာ မင်းသမီး အိပ်မက်မက်တဲ့ အခန်းကွ၊ မင်းသမီးအိပ်တဲ့ ခုတင် ပြင်ရမယ်ကွာ. . .၊ မီးလုံးတွေဘာတွေ





ရမယ်ကွာ၊ မင်းသမီး ဝိညာဉ် အိပ်ရင်း လွင့်မျောသွားပုံကို ပြရမှာဆိုတော့ မီးတွေဘာတွေ ချိတ်ဆွဲထားရမယ်ကွာ. . .၊ ပြီးတော့ မင်းသမီးရဲ့ ဝိညာဉ်လွင့်မျောတဲ့အခါ ပုဝါတွေဘာတွေ လွင့်နေရင် ပိုကောင်းတယ်ကွ၊ အဲဒီတော့ ဇာတ်စင်ရဲ့ဘေး ကနေ ပန်းကာတွေနဲ့မှုတ်ရမှာဆိုတော့ ပန်ကာ တွေဆင်ရဦးမှာကွ. . .၊ ပြီးတော့ မင်းသမီးကို စက်သီးနဲ့ချိတ်ပြီး အပေါ်ကို ဆွဲတင်ရမှာမဟုတ်လား၊ အဲဒီတော့ စက်သီးကြိုးတွေဘာတွေချရမယ်ကွာ၊ အဲဒါတွေ အချိန်ရအောင် အိုဗာချာနှစ်ကြော့ပြန်တီးပေးရတာက"ဟု ရှင်းပြလေ၏။

"တကယ်လို့ အိုဗာချာ နှစ်ကြော့တီးတဲ့တိုင်အောင် နောက်လာမယ့် အခန်းက ပြင်လို့ဆင်လို့ မပြီးနိုင်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ. . ."ဟု မိုးသီးက မေးလိုက်လေ၏။ ထိုအခါ ရွှေဒုံးဆန်းညွှန့်က -

"အဲဒီလို အိုဗာချာ နှစ်ကြော့တီးတဲ့တိုင်အောင် နောက်လာမယ့် အခန်း ပြင်လို့ဆင်လို့ မပြီးနိုင်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ. . ."ဟု မိုးသီးက မေးလိုက်လေ၏။ ထိုအခါ ရွှေဒုံးဆန်းညွှန့်က -

"အဲဒီလို အချိန်ယူရမယ့်အခန်းတွေက အိုဗာချာ နှစ်ကြော့နဲ့မလုံ လောက်ဘူးဆိုရင် ရှေ့ကပိတ်ထားတဲ့ကား အရှေ့မှာ ဇာတ်ဝင်ခန်းတစ်ခုထိုး ထည့်လိုက်တာပေါ့ကွာ. . .၊ အဲဒီမှာ လူနှစ်ယောက် စကားပြောတို့ ငြင်းခုန် တာတို့ ထိုးထည့်လိုက်တာပေါ့ကွာ. . .၊ အထဲက အားလုံးပြင်ဆင်ပြီးမှ အဲဒီ အခန်းကို သိမ်းပြီး နောက်တစ်ခန်းဆက်တိုက်တာပေါ့ကွာ. . .၊ အဲဒီလိုလုပ် တာကို တို့ဇာတ်စကားမှာ 'စီးန်ပိုး'တယ်လို့ ခေါ်တယ်ကွ. . ."ဟု အသေးစိတ် ရှင်းပြလေ၏။ မိုးသီးကလည်း ကောင်းစွာမှတ်သားလေ၏။

ဤသို့နှင့်ပင် မိုးသီးသည် ရွှေဒုံးဆန်းညွှန့်ထံမှ ပြဇာတ်ရေးနည်း ဇာတ်တိုက်နည်းကို လူပျိုပေါက်အရွယ်၌ပင် သင်ယူခွင့်ရခဲ့လေတော့၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



- “တပည့်တော်သူငယ်ချင်းတွေကို တပည့်တော် အလွန်ပဲချစ်ပါတယ် ဘုရား. . .၊ ဒါပေမဲ့ တပည့်တော် နာရီမပတ်နိုင်တဲ့အတွက် သူတို့နဲ့လမ်းခွဲ လိုက်ပါပြီဘုရား၊ တပည့်တော် အလွန်ပဲဝမ်းနည်းပါတယ်ဘုရား. . .၊ တကယ် လို့ ဒီဘဝမှာ နာရီပတ်ရမယ်ဆိုရင် ဟောဒီလို ရိုးလက်စ်နာရီမျိုးပဲ ပတ်လို ပါတယ်ဘုရား. . .၊ ရိုးလက်စ်နာရီမဟုတ်ရင် ဘယ်လိုနာရီမျိုးမှ တပည့်တော် လက်ပေါ်မှာ မပတ်ပါဘူး ဘုရား. . .”ဟု ပြောဆိုလိုက်ချိန်၌ ပင် သူ၏မျက်လုံးအိမ်မှ မျက်ရည်များသည် တရဟော စီးကျလာလေ တော့၏။

“ဒုက္ခဆိုတာ အရည်အချင်းရှိအောင် လုပ်ပေးတဲ့အရာတွေကွ. . .၊ ဒုက္ခဆိုတဲ့ နာမည်နဲ့ ကိုယ်ဆီကို ရောက်လာတာ၊ ကြိုဆိုပါကွာ. . .၊ အခုလို ငယ်ရွယ်စဉ်မှာ ဒုက္ခလှလှကြီး တွေ့ထားတာဟာ နောင်တစ်ချိန် မှာ အရည်အချင်း ပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်လာလိမ့်မယ် မောင်မိုးသီး ရေ. . .”ဟု ပြောလိုက် လေ၏။

- “မှန်တာပေါ့ မောင်မိုးသီးရယ်. . .၊ မေ့လျော့ ပစ်ချင်တယ်တို့ မှုး နေချင်တယ်တို့ဆိုတာဟာ ပကတိမျက်မြင်လောကကြီးကို ရှောင်ပုန်း ချင်တဲ့ လူတွေရဲ့အလုပ်ကွ၊ ဒါမှ ခံစားချက်က သက်သာမှာကိုး. . .၊

- “ဟော့ကောင် မိုးသီး . . .၊ မင်းမိန်းမဟာ အထည်စက်ပိုင်ရှင် သားရဲ့ မယားငယ်ဖြစ်သွားပြီလို့ ငါသိရတယ်. . .၊ စကော့ဈေးကို ဈေးလာ ဝယ်တာ ငါကိုယ်တိုင် မျက်စိနဲ့ နှစ်ကြိမ်တွေ့ဖူးတယ်. . .”ဟု ပြောလေ၏။



## အခန်း (၁၂)

### မိုးသီးနှင့် လက်ပတ်နာရီ

မိုးသီးတို့အိမ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ဇာတ်ထောင်သည့် အိမ်ကြီးတစ်အိမ်ရှိကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်၏။ ထိုဇာတ်အိမ်မှ ဇာတ်ပိုင်ရှင် အဒေါ်ကြီးတွင် မွေးစားသားတစ်ယောက်ရှိလေ၏။ ထို အဒေါ်ကြီးသည် ထို မွေးစားသားကို လွန်စွာချစ်၏။ ထို့ကြောင့် အရည်အချင်း ရှိသော ဇာတ်သမား အချို့သည် ထိုအဒေါ်ကြီးအား မျက်နှာလိုမျက်နှာရ လုပ်လိုသောအားဖြင့် ၎င်း၏မွေးစားသားကို မချစ်ဘဲနှင့် ချစ်ဟန်ဆောင်ဖြ ကတ်ကြလေ၏။ မည်သည့် နေရာကပြန်လာသည်ဖြစ်စေ ထိုမွေးစားသား အတွက် လက်ဆောင်ကလေး များ တစ်ခုမဟုတ်တစ်ခု ယူလာတတ်စမြဲ ဖြစ်၏။

တစ်နေ့၌ ဇာတ်၌ မီးဆင်ရသော လူတစ်ယောက်သည် မီးပစ္စည်း များ ဝယ်ရန်အတွက် ရန်ကုန်မြို့ထဲသို့သွား၏။ ထိုသို့သွားရာတွင် ဇာတ်ပိုင် ရှင် အဒေါ်ကြီး၏ မွေးစားသားကိုလည်း ခေါ်၍သွားလေ၏။ ထိုသို့ခေါ်သွား ရာ မကာ နာရီဆိုင်တစ်ဆိုင်သို့ဝင်ကာ ရွှေရောင်ရိုးမား နာရီ တစ်လုံးဝယ်၍ ပေးလိုက်သေး၏။

ထိုမွေးစားသားသည် အိမ်သို့ပြန်ရောက်လျှင် နာရီကို တကြည့် ကြည့် လုပ်နေလေတော့၏။ လမ်းတွင်းရှိသူငယ်ချင်းများထံသို့ လာသောအခါ၌ သည် -

www.burmeseclassic.com



"ငါ မင်းတို့နဲ့ ၁၅ မိနစ်ပဲ နေမယ်. . . "ဟု ဆိုကာ နာရီကိုကြည့်လေ ၏၊ နာရီပတ်ထားသည်ကို ကြွားလိုသောကြောင့် အကြောင်းမရှိ အကြောင်း ရှာကာ အချိန်နာရီနှင့်ပတ်သက်သော အကြောင်းများကိုသာ ပြောပြလေ တော့၏။ ကျန်သူငယ်လေးများသည် ၎င်းမွေးစားသားကို အားကျ၍ မိမိတို့၏မိဘများအား နာရီဝယ်ပေးရန် မရမက ပူဆာကြကုန်၏။ ၎င်းတို့ ၏ မိဘများသည် သူ့ထက်ငါ အလုအယက် ဝယ်ပေးကြကုန်၏။ ထိုကြောင့် လမ်းတွင်းရှိ သူငယ်ကလေးအားလုံး၏ လက်တွင် နာရီတစ်လုံး စီရှိနေကြပြီ ဖြစ်၏။ မိုးသီးလည်း အများသူငါ သူငယ်ကလေးများကဲ့သို့ နာရီပတ်ချင်လာ ၏၊ ထို့ကြောင့် ၎င်း၏ဖခင်အား နာရီတစ်လုံးဝယ်ပေးရန် ပြောလေတော့၏။ ထိုအခါ ၎င်း၏ ဖခင်က ပြုံး၍ -

"ဒီစကားမျိုး မင်းပြောတော့မယ်ဆိုတာ ငါသိပါတယ်ကွာ. . .၊ တကယ်က မင်းနာရီပတ်ချင်တယ်ဆိုတာ အချိန်သိချင်လို့မဟုတ်ပါဘူး၊ တခြား ကလေးတွေပတ်လို့ မင်းအနေနဲ့ပတ်ချင်တာပါ. . .၊ အချိန်တကယ်သိချင် ရင်လည်း မင်းပတ်ဖို့မလိုဘူး. . .၊ ပတ်ထားတဲ့ ကလေးတစ်ယောက်ကို မေးလိုက်ရင် ရပါတယ်ကွာ. . .၊ မင်းက နာရီမေးရင် သူက မိနစ်၊ စက္ကန့်နဲ့ တောင်ပြန်ပြောလိုက်ဦးမယ်၊ အခုခါမှာက အဖေတို့မှာ ငွေရေးကြေးရေး အတော်ကြပ် တည်းနေတယ်ကွ. . .၊ အဲဒါကြောင့် မင်းကို ဝယ်မပေးနိုင် တာပါ. . .၊ ချောင်လည်လာတာနဲ့ နာရီရပြီလို့သာ မှတ်ပေတော့ကွာ. . ." ဟု ပြောရှာ လေတော့၏။ မိုးသီးလည်း ၎င်းအိမ်၏ စီးပွားရေးအခြေအနေကို ကောင်းစွာ သဘောပေါက်သွားပြီးဖြစ်သောကြောင့် နာရီအကြောင်း ထပ်မံ၍ပြောဆိုခြင်း မပြုတော့ပေ။ မိုးသီး၏ သူငယ်ချင်းဖော် ဆယ့်နှစ် ယောက်၏ လက်၌လည်း နာရီတစ်လုံးစီ ရှိနေကြပြီဖြစ်၏။ အခြားသော သူငယ်ကလေးများ၏ လက်၌ လည်း နာရီတစ်လုံးစီရှိနေလေ၏၊ နာရီမပတ် နိုင်သူမှာ မိုးသီးတစ်ယောက် တည်းပင် ရှိလေတော့၏။

တစ်နေ့တွင် သူငယ်ချင်းများစု၍ စကားပြောနေရာမှ တစ်ယောက် သော သူက-

"ဆယ်နာရီထိုးပြီကွ၊ ထမင်းစားရဦးမယ်. . . "ဟု ဆိုလေ၏။ ထိုအခါ မိုးသီးက သူငယ်ချင်းများ စကားပြော၍ကောင်းနေစဉ် မခွဲလိုသောကြောင့်-

"ဆယ်နာရီတော့ ထိုးမှာမဟုတ်သေးပါဘူး. . . "ဟု ထိုကလေး





ပြန်ပြောလိုက်လျှင် ဖခင်ဆိုသော သူငယ်လေးက သူ၏နာရီကို ကြည့်ပြီး-

"ထိုးဖို့ ခုနစ်မိနစ်လိုသေးတယ်ကွ. . .၊ ဒါပေမဲ့ ဘယ်နှနာရီထိုးပြီ ဘယ်နှနာရီမထိုးသေးဘူးလို့ စကားပြောတဲ့အခါမှာ ငါတို့အားလုံး ပြောခွင့်ရှိတယ်. . .၊ မိုးသီးကတော့ ပြောခွင့်မရှိဘူး. . .၊ လုံးဝကို ပြောခွင့် မရှိဘူး. . .၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ နာရီမရှိလို့ပဲ၊ တကယ် ငါတို့လို နာရီရှိတဲ့လူက မင်းလို နာရီမရှိတဲ့ လူနဲ့အပေါင်းအသင်း ပေါင်း မလုပ်သင့်ဘူးကွ. . . "ဟု နှိမ်ချ၍ ပြောလိုက်လေ၏။

ထိုသို့ပြောသည်ကို မိုးသီး၏ သူငယ်ချင်းတစ်ဒါဇင်က 'ဟုတ်တယ် . . .'ဟု ထောက်ခံကြလေ၏။ သူ၏စကားကို အစဉ်သဖြင့် နားထောင်ခဲ့ကြ သော သူငယ်ချင်းဖော် တစ်ဒါဇင်သည် ယခုအခါ၌ နာရီမပတ်နိုင်ကြောင်းကို ကြောင်းပြု၍ သူ့အား ဆန့်ကျင်ကြပြီဖြစ်၏။ မိုးသီးသည် အစတွင် စိတ် နာ့်ဆိုးသွား၏။ ထို့နောက် ဝမ်းနည်းသွား၏။ ထို့နောက် မျက်ရည်များ ကျလာ၏။ ထို့နောက် ရင်တွင်း၌ ဆို့နင့်၍သွားလေတော့၏။

"အေး. . . ကောင်းပြီ. . . "ဟု ဆို့နင့်သံကြီးဖြင့် ပြောပြီးလျှင် ချာခနဲ လှည့်၍ အိမ်သို့ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်လျှင် နာရီကြော်ငြာများ များစွာ ပါရှိသည့် အီလက်ဇေးရှင်းခေါ် ကြွေစက္ကူဖြင့် ရိုက်ထားသော အင်္ဂလိပ်မဂ္ဂဇင်း အဟောင်းကြီးတစ်စောင်ကို လှန်လှော၍ စိတ်ဆင်းရဲစွာဖြင့် ကြည့်ရှုနေမိ၏။ တစ်နေရာသို့ရောက်လျှင် သရဖူတံဆိပ်ကလေးပါသည့် ပုံသော နာရီကလေး တစ်လုံး၏ပုံနှင့်အောက်တွင် လက်ရေးအစောင်းဖြင့် ရေးထားသော အင်္ဂလိပ် ဘာသာ စာတန်းကလေးတစ်ခုကို တွေ့ရလေ၏၊ မိုးသီးသည် ထိုနာရီလေး ကို လွန်စွာစိတ်ဝင်စား၍သွားလေ၏၊ ထိုနာရီ ကြော်ငြာကလေးသည် စာမျက်နှာ တစ်ခုတည်းတွင် ကြော်ငြာထားသည် မဟုတ်၊ စာမျက်နှာနှစ်ခုကို ခွ၍ ကြော်ငြာ ထားခြင်းဖြစ်၏၊ အနီရောင် လွှဲပါလေးခင်းလျက် နာရီတစ်လုံးချထားပုံဖြစ် ၏။ စာမျက်နှာထောင့်တွင် နာရီ၏အမည်ကို ဖော်ပြထားသော စာတန်းက လေးတစ်ခုပါ၏။ ထိုစာတန်း မှာ စာလုံးငါးလုံးပါ၏။ ထိုစာလုံးငါးလုံးမှာ (ROLEX) ဟူ၍ ဖြစ်၏၊

မိုးသီးသည် ထိုနာရီလေး၏အမည်ကို ကောင်းစွာသိသွားပြီဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နာရီလေး၏အောက်တွင် ရေးထားသော လက်ရေးစောင်းဖြင့် အင်္ဂလိပ် စာကိုမူ ဖတ်ပင်ဖတ်တတ်ငြားသော်လည်း အဓိပ္ပာယ်ကို မသိရှာပေ။ ထို့ကြောင့် တစ်အိမ်ကျော်တွင်ရှိသော အငြိမ်းစားစာတိုက်မှူးကြီး ဦးလှဘော်၏အိမ်သို့ သွားကာ ဦးလှဘော်၏ မွေးစားသား ကိုအောင်သန်းဆိုသည့် လူကိုရှာ၍ ထို စာတန်း၏ အဓိပ္ပာယ်ကို မေးမြန်းရလေ၏။ ၎င်း ကိုအောင်သန်း သည် စာကို ဖတ်ပြီးနောက် -

"ရေးထားတဲ့စာရဲ့အဓိပ္ပာယ်က အချိန်အတိအကျ သိလိုသူများ ကျွန်တော်များ ကုမ္ပဏီမှ ထုတ်လုပ်သော ရိုးလက်စ်နာရီကို မသုံးပါနဲ့ တဲ့. . .၊ ကျွန်တော်များ၏ ရိုးလက်စ်နာရီကို ပညာရှင်များထံတွင် အစစ် ဆေးခံကြည့် သောအခါ၌ နှစ်ပေါင်းတစ်သောင်းတွင် တစ်မိနစ်ခန့် လွဲနိုင် ကြောင်းတွေ့နေ ပါသည်လို့ ရေးထားတာကွ. . .၊ နေစမ်းပါဦး မောင်မိုးသီး ရယ်. . .၊ မင်းက အဲဒီရိုးလက်စ်နာရီ ဝယ်မလို့လားကွ. . .၊ ဈေးအသက် သာဆုံး ရိုးလက်စ် တစ်လုံးဟာ ၆ သိန်း တန်တယ်ကွ. . ."ဟု ပြောကာ မိုးသီး၏ခေါင်းကို လက်ဖြင့်ပုတ်၍ လွှတ်လိုက်လေ၏။ ထိုအချိန်က ခရီးသည်တင် ဘတ်စ်ကား ကြီးတစ်စီး၏တန်ဖိုးမှာ ခြောက်ထောင်သာ ဖြစ်၏။ ရိုးလက်စ်နာရီတစ်လုံး၏ တန်ဖိုးမှာ ဘတ်စ်ကား အစီး ၁၀၀ နှင့် ညီနေလေ၏။

မိုးသီးသည် အိမ်သို့ ပြန်လာပြီးလျှင် ထိုနာရီပုံလေးကို ကတ်ကြေး ဖြင့်ညှပ်၍ ကတ်ပြားတစ်ခုတွင် ကော်ဖြင့်ကပ်ကာ အိတ်တွင်းသို့ ထည့်လိုက် ၏။ ထို့နောက်-

"ရိုးလက်စ်နာရီ ပတ်မယ်. . ."ဟု တိုးတိုးကလေး ရေရွတ်လိုက် လေ၏။ မိုးသီးသည် ထိုနေ့ညနေက ကြေကွဲဝမ်းနည်းသောကြောင့် ညနေစာ မစားတော့ပေ။ ညမိုးချုပ်၍ တစ်အိမ်လုံး အိပ်သောအခါ၌ မိုးသီးသည် ဘုရားစင် တွင် သောက်တော်ရေခွက်များကို အသစ်လဲ၍ ကပ်လေ၏။ ထို့နောက် ဖယောင်းတိုင် တစ်တိုင်ထွန်းကာ ဘုရားရှိခိုးလေတော့၏။ ထိုသို့ ရှိခိုးပြီးနောက် ဘုရားထံတွင် အောက်ပါအတိုင်း ဆုတောင်းလေတော့၏။

"အရှင်မြတ်ဘုရား. . .

တပည့်တော် မိုးသီး ဆုတောင်းပါသည် ဘုရား။ တပည့်တော်လက်မှာ





နာရီမရှိပါ ဘုရား. . .၊ ဒါကြောင့် အခု ဘယ်အချိန်ရောက်နေပြီဆိုတာ တပည့်တော်မသိပါ ဘုရား . . ."

ထိုသို့ ဆုတောင်းလိုက်သည့်အခါ၌ပင် ခေါင်းရင်းဘက် စက်ဆိုင် ခန်းမှ တိုင်ကပ်နာရီကြီးက 'ဒေါင်. . . ဒေါင်. . . ဒေါင်. . .'ဖြင့် မြည်ကာ တီတီထိုးလေတော့၏။ ထို့ကြောင့် မိုးသီးသည် သူ၏ဆုတောင်းကို ပြောင်း၍ ဆိုလေတော့၏။

"အရှင်ဘုရား. . .

အခုအချိန်ဟာ ည ၉ နာရီတိတိ ရှိနေပြီဆိုတာ ဟိုဘက်ခန်းက နာရီသံကြောင့် သိပါပြီဘုရား. . .၊ တပည့်တော်ရဲ့လက်မှာ နာရီမရှိပါဘူး။ နောင်လေရာဘဝတိုင်း နာရီမပတ်နိုင်တဲ့လူ မဖြစ်ရပါစေနဲ့ဘုရား. . .၊ တပည့်တော် နာရီမပတ်နိုင်တဲ့အတွက် တပည့်တော်ချစ်တဲ့ သူငယ်ချင်းတစ်ဒါဇင် ဟာ တပည့်တော်ကို စွန့်ခွာသွားကြပါပြီ. . ."ဟု ပြောဆိုချိန်၌ပင် အိတ်တွင်း ၌ ထည့်ထားသော ရိုးလက်စ်နာရီပုံ ကတ်ပြားလေးကို ထုတ်၍ကြည့် လိုက်လေ၏။ ထိုသို့ ကြည့်သော်လည်း ဘုရားစင်တွင် ထွန်းထားသော ဖယောင်းတိုင် အလင်းရောင်ဖြင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် ထင်ရှားစွာမမြင်ရချေ။ ထို့ကြောင့် အလင်းရောင်ဘက်သို့ ကိုယ်ကို ငဲ့စောင်း လိုက်လေ၏။ ထို့နောက် နာရီပုံလေးကို သေချာစွာ ကြည့်လိုက်လေ၏။

"တပည့်တော်သူငယ်ချင်းတွေကို တပည့်တော် အလွန်ပဲချစ် ပါတယ် ဘုရား. . .၊ ဒါပေမဲ့ တပည့်တော် နာရီမပတ်နိုင်တဲ့အတွက် သူတို့နဲ့လမ်းခွဲ လိုက်ပါပြီဘုရား။ တပည့်တော် အလွန်ပဲဝမ်းနည်း ပါတယ်ဘုရား. . .၊ တကယ် လို့ ဒီဘဝမှာ နာရီပတ်ရမယ်ဆိုရင် အခုဒီလို ရိုးလက်စ်နာရီမျိုးပဲ ပတ်လို ပါတယ်ဘုရား. . .၊ ရိုးလက်စ် နာရီမဟုတ်ရင် ဘယ်လိုနာရီမျိုးမှ တပည့်တော် လက်ပေါ်မှာ မပတ်ဝါ ဘူး ဘုရား. . ."ဟု ပြောဆိုလိုက်ချိန်၌ပင် သူ၏မျက်လုံးအိမ်မှ မျက်ရည် များသည် တရဟော စီးကျလာလေတော့၏။

သူသည် နာရီပုံကလေးကို ထပ်မံ၍ ကြည့်လိုက်ပြန်၏။ သို့ရာတွင် မျက်လုံးအိမ်၌ မျက်ရည်များ သီး၍နေသောကြောင့် သဲကွဲစွာမမြင်ရ တော့ပေ။ နာရီကလေးသည် ၎င်း၏မြင်ကွင်း၌ ဝါး၍နေလေပြီ။ ထို့နောက်

www.burmeseclassic.com



ထိုနာရီပုံလေးကို ရင်ဘတ်ပေါ်တွင် ကပ်၍ တုံးလုံးလှဲချလိုက်လေ၏။ ထို့နောက် အိပ်မော ကျသွားလေတော့၏။

ထိုသို့ အိပ်မောကျသွားပြီးနောက် အိပ်မက်မက်လေတော့၏။ အိပ်မ ထဲတွင် သူ၏ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်မှ လက်မောင်းရင်းအ နာရီများ ပတ်ထားသည်ကိုလည်းကောင်း၊ ခြေထောက်နှစ်ဖက်တွင်လည် ခြေချင်းဝတ်မှ ပေါင်ရင်းအထိ နာရီများ စေ့နေအောင် ပတ်ထားသည် လည်းကောင်း၊ ဗိုက်များ၊ ရင်ဘတ်များတွင်လည်း နာရီများပတ်ထားသည် လည်းကောင်း၊ နဖူးတည့်တည့် မျက်ခုံးမွေးနှစ်ခုအကြား၊ နှာခေါင်းရင်း တည့်တည ၌လည်း နာရီတစ်လုံး ပတ်ထားသည်ကိုလည်းကောင်း၊ ခေါင်းကို ကြိုးဖြ နာရီတစ်လုံး ပတ်ထားသည်ကိုလည်းကောင်း တွေ့ရလေတော့၏။ ထိုနာ များမှာလည်း ရိုးလက်စ်နာရီချည်းသာဖြစ်ကြောင်း သိရလေတော့၏ ထို့နောက် မိုးသီးသည် သူ၏ သူငယ်ချင်းတစ်ဒါဇင်ဆီသို့ သွားရောက်လေ၏ သူငယ်ချင်းများနှင့် တွေ့သောအခါ၌

"ဟေ့ကောင်တွေ. . . နာရီအစုတ်လောက်သာ ပတ်နိုင်တဲ့ကောင် တွေ. . .၊ ငါ့ကိုကြည့်စမ်း၊ ရိုးလက်စ်ကွ. . .၊ တစ်လုံးကို ခြောက်သိန်းတန် ရိုးလက်စ်တွေ ပတ်ထားတာတွေ့လားကွ. . ."ဟု ကြိမ်းမောင်းလိုက်လေ၏ ထိုသို့ ကြိမ်းမောင်းလိုက်ချိန်၌ပင် အိမ်ရာမှ လန့်၍ နိုးသွားလေ၏။ ထိုအချိ ၌ မိုးသီး၏အမေလည်း အိမ်တံခါးကို ဖွင့်လိုက်ပြီဖြစ်၏။ ထို့နောက်

"ကြည့်စမ်း . . . ဒီကောင်လေး. . .၊ ခြင်ထောင်ထဲမှာ မအိပ်ဘူး ဘုရားခန်းမှာ အိပ်နေတယ်. . ."ဟုဆိုကာ ရင်ဘတ်ပေါ်မှ နာရီပုံကတ်ပြား လေးကို ကောက်၍ ကြည့်ရှုလိုက်လေတော့သတည်း . . .။

* * * * *





# အခန်း (၁၃)

## မိုးသီး စိန်းမနိုးပြီ

ညနေပိုင်းသို့ ရောက်သောအခါ၌ မိုးသီးသည် ဦးထုပ်နီ ကိုနောင်ဘီ ထံသို့ ရောက်ရှိသွားလေ၏။ ကိုနောင်ဘီသည် မိုးသီးကိုတွေ့ရလျှင် မိုးသီး၏ မျက်လုံးများ အစ်နေသည်ကို သတိပြုမိ၏။ ထို့ကြောင့် အကျိုးအကြောင်းကို မေးမြန်းရာ မိုးသီးက သူ၏အဖြစ်အပျက် အကုန်အစင်ကို ပြောပြလိုက်လေ၏။ ထိုအခါ ကိုနောင်ဘီက ပြုံးလျက်. . .

"မင်း မနေ့က လုပ်လိုက်တဲ့ကိစ္စဟာ ဂမ္ဘီရသဘော အပြည့်ပါတယ်ကွ. . .၊ အဲဒါကြောင့် မင်းရဲ့ဆုတောင်းဟာ ပြည့်ပြီး ဒီတစ်သက်တော့ မင်းလက်မှာ လက်ပတ်နာရီပတ်ဖို့တော့ စိတ်မကူးနဲ့. . .၊ ပတ်တာနဲ့ ပြဿနာဖြစ်မယ်. . .၊ တစ်ခုတော့ ရှိတာပေါ့ကွာ. . .၊ ရိုးလက်စ်နာရီ ပတ်နိုင်ရင်တော့ အကြောင်းမဟုတ်ဘူး. . .၊ နှလုံးသားက ပြင်းပြပြဖြစ်ပြီး မျက်ရည်တွေဘာတွေ ကျပြီး တောင်းတဲ့ ဆုတောင်းဟာ ပြည့်ပြီးပေါ့ ကွာ. . ." ဟု လေးလေးနက်နက် ပြောလိုက်လေတော့၏။

"ကျွန်တော် မသိလို့ တစ်ခုမေးဦးမယ်. . .၊ အစ်ကိုနောင်ဘီ ပြောတဲ့ အတတ်ပညာတွေကို ကျွန်တော်သင်ချင်တယ်လို့ ပြောဖူးတယ် ဒါပေမဲ့ ကျွန်တော့်ကို တစ်ခါပဲ သင်ဖူးတယ်လေ. . .၊ ကောင်းတာနဲ့ မကောင်းတာကို ကောင်းတာကို ခမ္ဘ၊ မကောင်းတာကို အရှုံ့လို့ ပြောဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်း ဘာမှ မသင်ပေးသေးဘူး”ဟု မိုးသီးက ပြောလေ၏။

“စောပါသေးတယ် မောင်မိုးသီးရယ်. . .၊ သင်ဖို့အချိန်ရောက်လာတဲ့ အချိန်ကျတော့လည်း သင်ရတာပေါ့. . .၊ ပြီးတော့ မင်းအနေနဲ့ နည်းနည်း ငယ်သေးတယ်ကွ”ဟု ကိုနောင်ဘီက ပြောလေ၏။ မိုးသီးသည် ကိုနောင်ဘီ နှင့် စကားအကြာကြီးပြောပြီးနောက် အိမ်သို့ပြန်ခဲ့လေ၏။ ထို့နောက်တွင်ကား ကိုနောင်ဘီထံသို့ မရောက်ဖြစ်တော့ပေ။

မိုးသီးသည် တစ်နှစ်တစ်တန်း စာမေးပွဲအောင်ခဲ့လေ၏။ ထို့ကြောင့် ဆယ်တန်းသို့ ရောက်သွားပြီဖြစ်၏။ ဆယ်တန်းရောက်သောနှစ်တွင် ၎င်းတို့နေထိုင်ရာ တန်းလျားတွင်ရှိသော မိန်းကလေးတစ်ဦးနှင့် ရည်ငံလေတော့၏။ ထိုမိန်းကလေးမှာ သူနှင့်လွန်စွာ ခင်မင်ရင်းနှီးသော သိန်းဖေဆိုသည့် သူငယ်ချင်း ၏ နှမဖြစ်၏။

အမည်မှာ “အမွှား”ဟူ၍ဖြစ်၏။ မိုးသီးသည် ထိုမိန်းကလေးကို ချစ်ရုံမျှမက လွန်စွာမြတ်နိုး၏။ မိုးသီး၏မိဘများသည် ထိုမိန်းကလေးနှင့် မိုးသီးကို သဘောမတူပါ။ ထို့အတူ မိန်းကလေး၏ မိဘများကလည်း သူတို့သမီးကို မိုးသီးနှင့် သဘောမတူပါ။

နောင်တွင် မိန်းကလေး၏ မိဘများသည် မိန်းကလေးအား မိုးသီးနှင့် နှုတ်ဆက်စကားပြောသည်ကိုပင် ခွင့်မပြုတော့ပါ။ ဆယ်တန်း စာမေးပွဲ ဖြေပြီးသောအခါ၌ မိုးသီးသည် မီးရထားရုံတွင် အောက်တန်း စာရေးအဖြစ် ဝင်ရောက် လုပ်ကိုင်လေတော့၏။

အမွှားသည် မိုးသီးအား သူ့အိမ်၏ အုပ်ချုပ်မှုကြပ်တည်းပုံကို မကြာခဏ စာဖြင့်ရေး၍ တင်ပြလေ၏။ မိုးသီးသည် အကြပ်ဆိုက်နေပြီ၏။

တစ်ညနေတွင် ရုံးကဆင်းသောအခါ၌ မိုးသီးသည် အိမ်သို့မပြန်ဘဲ ကိုနောင်ဘီ၏အိမ်သို့ ဝင်လေတော့၏။

“နေစမ်းပါဦး မောင်မိုးသီးရေ. . .၊ မင်းမျက်နှာက မကြည်မလင်နဲ့ ဘယ်လိုအခက်အခဲများ တွေ့လို့လဲကွာ. . .”ဟု ကိုနောင်ဘီက မေးလိုက်ရာ မိုးသီးက ကိုနောင်ဘီအား သူ၏အချစ်ရေးကိစ္စကို ဖွင့်ဟပြောပြလေ၏။ ထိုအခါ ကိုနောင်ဘီက -

“ရည်စားထားတယ်ဆိုတာ သတ္တိရှိမှ ထားရမယ် မောင်မိုးသီးရဲ့. . .၊ ရည်စားထားပြီးတော့မှ ချစ်သူက ယူပါလို့ပြောတဲ့အခါမှာ မယူရဲတဲ့ယောကျ်ား





ဟာ ပျော့ညံ့တာပဲကွ. .၊ အခု မင်းချစ်သူက သူ့ရဲ့အခက်အခဲကို ပြောနေပြီ မင်းက မယူနိုင်ဘူး၊ သတ္တိနည်းနေတယ်၊ အမှန်က ဖြစ်ချင်တာဖြစ် ယူလိုက်စမ်းပါကွ. . .”ဟု ပြောလေ၏။

“ကျွန်တော့်မှာက ကျောထောက်နောက်ခံရှိတာ မဟုတ်ဘူး. . .၊ မိဘကလည်း ချမ်းသာတာမဟုတ်ဘူး. . .၊ ယူပြီး ငွေရေးကြေးရေး၊ နေရေးထိုင်ရေးကအစ မပြေမလည် ဒုက္ခရောက်ပြီ. . .”ဟု မိုးသီးက ပြန်၍ပြောလေ၏။ ထိုအခါ ကိုနောင်ဘီက-

“ဒုက္ခဆိုတာ အရည်အချင်းရှိအောင် လုပ်ပေးတဲ့အရာတွေကွ. . .၊ ဒုက္ခဆိုတဲ့ နာမည်နဲ့ ကိုယ်ဆီကို ရောက်လာတာ၊ ကြိုဆိုပါကွာ. . .၊ အခုလို ငယ်ရွယ်စဉ်မှာ ဒုက္ခလှလှကြီး တွေ့ထားတာဟာ နောင်တစ်ချိန်မှာ အရည်အချင်းပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်လာလိမ့်မယ် မောင်မိုးသီးရေ. . .”ဟု ပြောလိုက်လေ၏။ ထို့ကြောင့် မိုးသီးလည်း အမွှားအား တွေ့ဆုံမည့်နေရာကို ချိန်းဆို၍ ရန်ကုန်မြို့၏တစ်ဖက်ကမ်း ခနောင်တိုရွာကလေးဆီသို့ သမ္မာန်ဖြင့်ခိုးပြေးခဲ့လေတော့၏။

ထိုခနောင်တို ရွာကြီးထဲတွင် “ငါးနံ့ပါတ်”ဆိုသော ရွာငယ်ကလေးတစ်ရွာလည်းရှိ၏။ ထိုရွာတွင် ဦးလိပ်ခုံးဆိုသော တရုတ်ကြီးတစ်ဦးသည် ထုံးကင်းများ လွန်းတင်ထားသော လွန်းဆိပ်ကြီးတစ်ခု လုပ်ထား၏။ ထိုလွန်းဆိပ်ကို အများသူငါက “လိပ်ခုံးလွန်းဆိပ်”ဟုပင် ခေါ်ဝေါ်ကြလေ၏။

ထိုလိပ်ခုံးလွန်းဆိပ်နှင့် များစွာမဝေးသောနေရာရှိ ချောင်းငယ်တွင် မိုးသီး၏ ဦးလေးနှင့် ဦးလေးမိန်းမတို့သည် နေကြလေ၏။ မိုးသီးသည် အမွှားအား ထိုအိမ်သို့ ခိုးသွားခဲ့ခြင်းဖြစ်၏။

မိုးသီး နှင့် အမွှားတို့သည် လွန်စွာ ပျော်ရွှင်ကြလေ၏။ ချောင်းစပ်တွင်ဆင်း၍ ရေချိုး၏။ စပါးပင်များကြားတွင် လျှောက်သွားကြ၏။ ရေကန်များတွင် ကြာပန်းများ ခူးကြ၏။ တစ်ယောက်ကို တစ်ယောက် ရွှံ့ထဲတွင်တွန်းလှဲကြ၏။ လက်ဖြင့် ရွှံ့ကိုကိုင်၍ တစ်ယောက်မျက်နှာကို တစ်ယောက်သုတ်လိမ်းကြ၏။ ပြီးလျှင် ရယ်မောကြ၏။ ပြီးလျှင် တစ်ဦးနှင့်တစ်ဦး သိုင်းဖက် ထားကြ၏။ ထိုသို့ အချစ် နာလန်ထပြီးလျှင် လင်မယားနှစ်ယောက်ရန်ဖြစ်တမ်း ကစားကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးက မိန်းကလေးအား ပယ်ပယ်နယ်နယ်ဆဲ၏။ မိန်းကလေးက နားနှစ်ဖက်ကို လက်ညှိုးတစ်ချောင်းစီဖြင့် ထိုးပိတ်၍ -

"တို့မကြားဘူး. . ."ဟု အော်၏။ မိုးသီးသည် သူ၏မိန်းမအား ဖနောင့်တိုခြင်းအတွက် ဘီလူးမ လူယောက်ဆောင်ထားခြင်း ဖြစ်သည်ဟု ပြောဆို၍စလေ၏။ ထိုအခါ သူ၏မိန်းမက သူသာ ဘီလူးမဆိုလျှင် မိုးသီး၏ တစ်ကိုယ်လုံးကို ဝါးစားပစ်မည်ဖြစ်ကြောင်း ပြောလေ၏။ ထိုအခါ မိုးသီးက-

"တစ်ခုမှမချန်ဘဲ စားမယ်ဆိုရင် အခုစားတော့. . ."ဟု ပြောလေ၏။ သူ၏မိန်းမသည် မိုးသီးအား စကားနိုင်လု၍ မရသောအခါ၌ ကလိထိုးလေ တော့၏။ မိုးသီးမှာ ယားတတ်သူဖြစ်သောကြောင့် ကလိထိုးလျှင် ရှုံးလေတော့ ၏။ ထို့နောက် နှစ်ယောက်သား ထမင်းလက်ဆုံစားကြ၏။ ပြီးလျှင်ဖယ်တောက် တမ်းကစားကြပြန်၏။ ထိုသို့ ကစားရာတွင် မိုးသီးက-

"အလကားကြေး ကစားရတာ ပျင်းဖို့ကောင်းတယ်. . .၊ လောင်းကြေးစားကြေးလုပ်မှ ရှုံးတဲ့လူကို နမ်းကြေး. . ."ဟု ကြေးသတ်မှတ်လေ၏။ အစဉ်သဖြင့် မိုးသီးက ရှုံးလေ၏။ ထို့ကြောင့် သူ၏မိန်းမက နမ်းရသည်ချည်းဖြစ်၏။

အစပထမတွင် နှစ်ဖက်သောမိဘသည် အတော်ပင် တင်းမာကြလေ၏။ တစ်လနှစ်လခန့်ကြာသောအခါ၌ တည်ငြိမ်အေးချမ်းသွားလေ၏။ မိုးသီးလည်း မိဘအိမ်ပေါ်သို့ ပြန်တက်၏။ ၎င်း၏မိန်းမလည်း လိုက်ပါခဲ့လေ၏။

ထိုသို့ ရောက်ပြီး များမကြာမီ၌ မိန်းကလေးသည် သူ၏ မိဘအိမ်သို့ နှစ်ရက်တစ်ခေါက်၊ သုံးရက်တစ်ခေါက် ဆိုသလို သွားလေ၏။ သူ၏မိဘများသည် ရန်ကုန်မြို့ထဲတွင် နေကြလေ၏။

သူ၏အစ်မသာလျှင် မိုးသီးတို့၏တန်းလျား၌ နေခြင်းဖြစ်၏။ ထိုခေတ် ထိုအချိန်က "ဒက်ကား"ဆိုသော ကုလားမုန့်တိုက်ကြီး တစ်တိုက်ရှိ၏။ ထိုမုန့် တိုက်ကြီးသည် လက်လီရောင်းသော ကုလားများကို ဖောက်သည်ပေးလေ၏။ ထိုဖောက်သည်ရသော ကုလားများသည် မုန့်များကို သံသေတ္တာကြီး တစ်လုံးတွင် ထည့်ကာ ခေါင်းတွင် ရွက်လျက် ရန်ကုန်တစ်မြို့လုံး လှည့်လည်ရောင်း ချလေ၏။

ထိုမုန့်များမှာ အုန်းသီးနှင့်လုပ်ထားသော မုန့်ဆိုလျှင် သုံးထောင့်ပုံသဏ္ဌာန်ရှိ၏။ ဆိတ်သားအစာသွပ်မုန့်ဆိုလျှင် လေးထောင့်သဏ္ဌာန်ရှိ၏။





ပေါင်မုန့်ဆိုလျှင် ဓားဖြင့်ခွဲ၍ အဖြူရောင်ထောပတ်ကို ထည့်ပြီးလျှင် အပေါ်မှ သကြားဖြူးထား၏။ မုန့်တစ်ခုလျှင် တစ်မက်သာ ပေးရလေ၏။

မိုးသီး၏မိန်းမသည် ထိုကုလားများရောင်းသော အုန်းသီးမုန့်ကို နှစ်သက်ကြိုက်၏။ မိုးသီးသည် ရုံးမှပြန်လျှင် အုန်းသီးမုန့်တစ်ခု တစ်ခု ယူလာ မြဲဖြစ်၏။ နေ့စဉ်နေ့တိုင်း ဝယ်လာသောအခါ၌ မိုးသီး၏မိန်းမက-

"မဝယ်ပါနဲ့ ကိုမိုးသီးရယ်. . .၊ ပိုက်ဆံကုန်ပါတယ်"ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"တစ်နေ့ တစ်ခုစား. . .၊ တစ်လလုံးစားတာတောင် ခုနစ်ကျပ်ခွဲပဲ ကျပါတယ်၊ စားသာစားစမ်းပါ. . ."ဟု ပြန်၍ ပြောလေ၏။

တစ်နေ့တွင် မိုးသီးသည် အုန်းသီးမုန့်ကလေးကို ကိုင်၍ အိမ်သို့ ပြန်လာလေ၏။ သို့ရာတွင် သူ၏မိန်းမသည် အိမ်၌မရှိဘဲ သူ၏အမေအိမ် သွားသည်ဟု သိရသဖြင့် ထိုအိမ်သို့ မိုးသီးလိုက်သွားလေတော့၏။

ထိုအိမ်၏ လှေကားသို့ ရောက်သည့်အခါ၌ မိုးသည် သည်းသည်း မည်းမည်းကြီး ရွာချလိုက်လေ၏။ သူသည် လှေကားမှနေ၍ အပေါ်ထပ်သို့ တက်သွား၏။ ပြီးလျှင် တံခါးခေါက်လိုက်၏။ အတွင်းမှ တံခါးဆွဲဖွင့်ပြီး မိန်းကလေး၏အမေကြီး ထွက်၍ မတ်တပ်ရပ်လေ၏။ ထိုမိန်းမကြီး၏ အမည်မှာ 'ဒေါ်ဒန်' ဟူ၍ ဖြစ်လေ၏။ မိုးသီးက-

"ဒီကို ကျွန်တော့်မိန်းမ လာတယ်ဆိုလို့ပါ. . ."ဟု ပြောလိုက်လျှင် ကျွန်တော့် ယောက္ခမကြီး ဒေါ်ဒန်၏ မျက်နှာသည် နီရဲသွားလေတော့၏။

"နေစမ်းပါဦး. . .၊ မင်းမိန်းမလို့ပြောရအောင် ရုံးမှာတက်ပြီး လက်ထပ်ထားသလား၊ မိဘစုံညီနဲ့လက်ထပ်ထားသလား. . ."ဟု ဒေါ်ဒန်က မေးလေ၏။ ထို့နောက်. . .

"လက်ထပ်စာချုပ်လည်းမရှိဘူး. . .၊ မိဘစုံညီနဲ့ မင်္ဂလာဆောင်ထားတာလည်း မဟုတ်ဘူးဆိုရင်တော့ မင်းနဲ့ဆက်ပြီး စကားမပြောနိုင်ဘူး. . .၊ ငါ့အိမ်ထဲကို မဝင်ပါနဲ့. . .၊ အခု ဆင်းသွားပါ. . ."ဟုဆိုကာ တံခါးကို ဂျိုင်းခနဲပိတ်၍ အတွင်းမှ ချက်ထိုးလိုက်လေတော့၏။

မိုးသီးသည် တံခါးကို လက်သီးဖြင့် ထုသေး၏။ သို့ရာတွင် အကြောင်း ပြန်၍ မလာပေ။ ထို့ကြောင့် လှေကားမှ ဆင်းခဲ့ရလေ၏။ မိုးမှာ သည်းသည်း



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းရှာနေပြီဖြစ်၏။ ထီးလည်း မပါသောကြောင့် သူ့တစ်ကိုယ်လုံး ရွှဲရွဲ စိုနေ၏။

ထိုသို့ မိုးရွာနေသောကြောင့် တော်ပေသေးတော့၏။ ထိုသို့ မဟုတ် ပါက မိုးသီးမျက်လုံးအိမ်မှ မျက်ရည်များ စီးကျနေသည်ကို အခြားသူမျ တွေ့မြင်ကြပေလိမ့်မည်။

မိုးသီးသည် ၎င်း၏မိန်းမအတွက် ဝယ်လာသော အုန်းသီးမုန့်ကလေ ကို မိုးမစိုစေရန် လက်ဝါးဖြင့် အုပ်၍ ရင်ဘတ်တွင် ကပ်ထား၏။ ထိုသို လျှောက်လာရင်း ဆာလောင်သကဲ့သို့ ဖြစ်လာသဖြင့် ထိုမုန့်ကိုပင် စားပစ်လို မည်ဟု ရည်ရွယ်ကာ ပါးစပ်အနီးသို့ ဆွဲယူလိုက်ပြီးလျှင် ပါးစပ်ကို ဟလိုက်လေ၏ ထို့နောက် ခေါင်းထဲသို့ အသိဉာဏ်တစ်ခု ဝင်လာလေ၏။ ထိုအသိဉာဏ်မှာ

"သူ့အတွက် ဝယ်လာတဲ့မုန့်ကို ငါအနေနဲ့ မစားသင့်ပါဘူး. . . သူမစားဘူးဆိုရင်လည်း လမ်းမှာ တွေ့တဲ့ ခွေးတစ်ကောင်ကို ကျွေးလိုက်တ ကောင်းပါတယ်. . ."ဟု ဖြစ်ပေါ်လာပြီးလျှင် လမ်းတွင်တွေ့သော ခွေး ပိန်မကလေး၏ ရှေ့သို့မုန့်ကို ချ၍ကျွေးလိုက်လေတော့၏။

ခွေးနံ့ပိန်မကလေးသည် မိုးသီးချပေးလိုက်သော မုန့်ကို ငုံ့၍ဟပ်ကာ စားနေပြီဖြစ်၏။ မိုးသီးသည် အိမ်သို့ မပြန်ဘဲ ကိုနောင်ဘီထံသို သွားလေ၏။ ကိုနောင်ဘီသည် မိုးသီးလဲထားရန်အတွက် သူ၏ အဝတ်အစာ များကို ထုတ်၍ ပေးလေ၏။ မိုးသီးသည် အဝတ်အစားများကို လဲလိုက်လေ ၏။ ထို့နောက် ကိုနောင်ဘီက မိုးသီးအချမ်းပြေစေရန်အတွက် ကော်ဖီပူ တစ်ခွက်ဖျော်၍ တိုက်လေ၏။

မိုးသီးသည် ဝမ်းနည်းသံကြီးဖြင့် သူ၏ဖြစ်ကြောင်းကုန်စင် ကိုနောင်ဘီ အား ပြောပြလေ၏။ ကိုနောင်ဘီမှာ ဝမ်းသာလွန်းသဖြင့် ဟက်ဟက်ရယ်မော လေ၏။ ထိုသို့ ရယ်မောပြီးလျှင်-

"စပြီ. . . စပြီ. . .၊ အလုပ်က ဒီမှာစတာပဲ၊ ကိုယ်ချစ်တဲ့မိန်းမ ကွဲပြီဆိုရင် အရက်သောက်ကြတာများတယ်၊ အရက်သောက်ရင် အရက်သမား ဖြစ်ပြီ. . .၊ ဘယ်လောက်ကောင်းသလဲ ဟီဟီ. . .၊ ပြီးတော့ ဇာတ်လမ်း ရန်ကုန်မှာ ဖြစ်တာဆိုတော့ အပြစ်မရှိတဲ့ ရန်ကုန်မြို့ကြီးကို မင်းမုန်းလာလိ မယ်. . .၊ ရန်ကုန်မြို့ကြီးကနေ ဝေးတဲ့နေရာမှာ သွားပြီးပုန်းအောင်းဖို့ စိတ်ကူ





လာလိမ့်မယ်. . .၊ အကောင်းဆုံးကတော့ အမြန်ဆုံး နယ်မှာရှိတဲ့ ပ်တစ်ခု ရှာလိမ့်မယ်. . .၊ အဲဒီကို ထွက်သွားတော့. . .၊ အဲဒီမှာ ပျက်စီး ိုင်း ပျက်စီးပေတော့၊ လှေမျောရင် လှေနဲ့လိုက်ရတယ်၊ ငွေမျောရင် နဲ့လိုက် ရတယ်ကွ. . .၊ မိန်းမမျောတော့လည်း မိန်းမနဲ့လိုက်ရမှာ ွာ. . .၊ အချစ်တစ်ခု ဆုံးရှုံးသွားရင် အချစ်တွေ အများကြီး ထပ်ရှာပြီး းထိုးရတယ်ကွ. . .၊ စက်ကြီးတစ်စက်မှာ ဝက်အူချောင်း ပြုတ်သွားလို တ်တစ်ချောင်း ပြန်ထည့်လိုက်ရင် ပြီးသွားတယ်ကွ. . .၊ အချစ်ဝက်အူ တော့ ဒီလိုမဟုတ် ဘူးဟေ့. . .၊ တစ်ချောင်းနဲ့မရဘူး. . .၊ ဝက်အူတွေ းကြီးဆောင်ထား ရမယ်၊ တစ်ချောင်းပြုတ်သွားရင် တစ်ချောင်း ချောင်းပြန်ထည့်ရမယ်. . ." ဟု ပြောလေ၏။

မိုးသီးလည်း အူကြောင်ကြောင်ဖြင့် နားထောင်နေရလေ၏။ နောက် ကိုနောင်ဘီအား နှုတ်ဆက်ကာ ပြန်ခဲ့လေတော့သတည်း. . .။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

## မိုးသီး နှင့် အချစ်

မိုးသီးသည် လွန်စွာမှ စိတ်ညစ်နေ၏။ အလုပ်သို့လည်း သွားချင်သည့်အချိန်မှ သွားလေတော့၏။ သူသည် အရာရာကို မေ့ပစ်ချင်နေ၏။ ထိုသို့ မေ့ပစ်ချင်ကာမှ မမေ့သည့်အပြင် ပို၍ သတိရနေ၏။

သူ၏ချစ်သူနှင့် စပါးပင်ကြား ပြေးခဲ့ကြပုံ၊ ရွှံ့ပေသောလက်ဖြင့် တစ်ယောက်၏ မျက်နှာကိုတစ်ယောက် သုတ်ခဲ့ပုံ၊ ရွှံ့ထဲတွင် တစ်ယောက်ကို တစ်ယောက် တွန်းချခဲ့ပုံ၊ ရေကန်မှ ကြာရိုးများ ခူး၍ ဆွဲကြိုးများ လက်ကောက်များ ပြုလုပ်၍ ချစ်သူအား ဆင်မြန်းပေးပုံတို့ကို နာရီမလပ် မြင်ယောင်နေ၏။

ထိုသို့ မြင်ယောင်မိတိုင်း ဆွေးမြေ့၍သွားလေတော့၏။ အရက်ကို အမူးသောက်၍ မေ့လျော့ချင်၏။ ထို့ကြောင့် သူသည် အရက်မသောက်တတ်သောကြောင့် အခက်ကြုံနေ၏။ ထို့ကြောင့် သူသည် ကိုနောင်ဘီ၏အိမ်သို့ သွားရောက်ခဲ့လေ၏။ ထို့နောက် ကိုနောင်ဘီအား သူ၏ ခံစားချက်တို့ ပြောပြ ခဲ့လေ၏။

“ဒီမှာ အစ်ကိုရယ်...၊ ကျွန်တော် အခုလုပ်ချင်တာကတော့ အရက်ကို အမူးသောက်ပြီး လောကကြီးကို မေ့ပစ်လိုက်ချင်တယ်...”ဟု ပြောရာ ကိုနောင်ဘီက ပြုံးလေ၏။ ထိုသို့ ပြုံးပြီးနောက်-





“မှန်တာပေါ့ မောင်မိုးသီးရယ်...၊ မေ့လျော့ ပစ်ချင်တယ်တို့၊ မေ့နေချင်တယ်တို့ဆိုတာဟာ ပကတိမျက်မြင်လောကကြီးကို ရှောင်ပုန်းချင်တဲ့ လူတွေရဲ့အလုပ်ကွ၊ ဒါမှ ခံစားချက်က သက်သာမှာကိုး...၊ ခက်နေတာက မင်းက အရက်မူးပစ်ချင်တယ်...၊ အရက်မသောက်တတ်ဘူး ဟုတ်လား၊ အစ်ကိုကြီးသင်ပေးပါ့မယ်ကွာ...၊ တိုက်လည်းတိုက်ပါ့မယ်ကွာ...၊ တစ်ခု ခက်တာက မင်းတို့လို ခံစားချက်သမားတွေနဲ့ အရက်သောက်ရတာ အတူ သောက်တဲ့လူမှာ အတော်ခံရတယ်ကွာ...၊

မင်းတို့က နည်းနည်းလေး အရက်ဝင်တာနဲ့ အာက သွက်လာပြီး ခံစားချက်တွေကို အတင်းပြောတော့မှာ...၊ တစ်ဖက်လူက နားထောင်ချင်သည်ဖြစ်စေ၊ မထောင်ချင်သည်ဖြစ်စေ ဝဋ်လိုက်သလို နားထောင်ရမှာကွ၊ ခက်တာက မင်းကိုသာ အရက်တိုက်ရမှာ ငါက မသောက်ဘူးလေးကွာ...၊ ဒီကြားထဲ မင်းက သွေးဆိုးရင် ရမ်းချင်ရမ်းဦးမှာကွ...၊ ငါက ထိန်းပေးဦးမှာ...၊ ဆိုင်မှာ သွားသောက်လို့တော့ မဖြစ်ဘူး၊ ဒီမှာပဲသောက်...”ဟု ဆိုကာ ငါးပုတ်ခြောက်၊ သံပုရာသီး၊ ရေခဲတုံးနှင့် ဝီစကီ တစ်ပုလင်းကို ချင့်တာ မောင်မိုးသီးအား-

“ကဲ...ဂျမ်းတဲလ်မန်း ဒီကိုကြွပါ...”ဟု ဆိုကာ ဝီစကီကို ကိုယ်တိုင် ငှဲ့ပေး၏။ ရေခဲတုံးကလေး ထည့်ပေး၏။ ပြီးလျှင် -

“အရက်သောက်မယ် မောင်မိုးသီးရေ...”

မိုးသီးသည် ဖန်ခွက်ကိုကြည့်၍ ပြုံးလိုက်ပြီးနောက် နှုတ်ခမ်းတွင် တေ့၍ မော့ချလိုက်လေ၏။ ပြီးလျှင် ရေခဲရေတစ်ခွက် သောက်လိုက်၏။

ထို့နောက် ကိုနောင်ဘီက-

“ဟောဒီမှာ အာလူးကြော်နဲ့ ငါးပုတ်ခြောက် ရှိတယ်ကွ၊ အဲဒါကိုလည်း အများကြီးမစားသင့်ဘူး...၊ နည်းနည်းစီလောက် မြည်းတယ်ဆို ရုံလောက်ပဲ လျှာပေါ်ရောက်ပစေ...”ဟု ပြောကာ ၎င်းက လိမ္မော်ရည်ကို သောက်ကာ စီးကရက်တစ်လိပ်ကို ဘူးအတွင်းမှထုတ်၍ မီးတို့ဖွာရှိုက်လိုက်လေ၏။ ပြီးလျှင် စီးကရက်ဘူးကို စားပွဲပေါ်သို့ ပစ်တင်၍ ထားလိုက်လေ၏။

မိုးသီးလည်း အာလူးကြော်နှင့် ငါးပုတ်ခြောက်ကို မြည်းပြီးနောက် ကိုနောင်ဘီ၏ စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို နှိုက်ယူ

www.burmeseclassic.com



လိုက်လေ၏။ ထို့နောက် မီးခြစ်၍ ရှိုက်ဖွာလိုက်ရာ ဆေးလိပ်မသောက်တတ်သောကြောင့် သီး၍သွားလေ၏။ ထိုအခါ ကိုနောင်ဘီက-

"မသောက်တတ်ခင်မှာ ဒီလိုပဲ သီးတယ်ကွ၊ အဲဒါ တခြားမဟုတ်ပါဘူးကွာ. . .၊ ဆေးလိပ်က မင်းကို ဟောင်းဒူးယူဒူးလို့ နှုတ်ဆက်လိုက်တာပါ. . .၊ နောက်တော့ သူနဲ့မင်းနဲ့ ရင်းနှီးသွားမယ်. . .၊ အဲဒီအခါမှာ မသီးတော့ဘူးကွ. . .၊ မင်းရဲ့အဆုတ်မှာ ဆေးချေးဆိုတဲ့ နီကိုတင်းတွေသွားပြီး စွဲလိမ့်မယ်. . .၊ အဲဒါတွေက မင်းကို ဒုက္ခပေးလိမ့်မယ်. . .၊ တီဘီအစ တင်ဆာအဆုံး ရောဂါတွေ မင်းဆီကို လက်ဆောင်အဖြစ် ယူလာတော့မယ်၊ တဲ့. . . ဖွာလိုက် ဖွာလိုက် မောင်မိုးသီးရေ. . ."ဟု ပြောလိုက်လေ၏။

မိုးသီးသည် အရက်ဝင်သွားသောအခါ၌ -

"ကျွန်တော် သိပ်ပြီးပျော်တယ်. . . အစ်ကိုကြီး ကိုနောင်ဘီရေ. .၊ ပြီးတော့ ကျွန်တော် သိပ်ပြီးစိတ်ညစ်တယ်. . ." ဟု ပြောလိုက်လျှင် ကိုနောင်ဘီက

"အဲ . . . အဲဒါ စတာပဲ. . .၊ အဲဒီတော့ စိတ်ညစ်တာ မဟုတ်ဘူး ငါ့လူရေ. . .၊ အခုဖြစ်တာက လွမ်းနေတာ. . .၊ ဒီအတိုင်း မလွမ်းနဲ့ကွာ. . .၊ ငါက တယောထိုးပေးမယ်. . ."ဟု ဆိုကာ တယောကိုဖြုတ်ပြီး ယူလာပြီးလျှင် တယောထိုးလေ၏။ ကိုနောင်ဘီ တယောထိုးသည်ကို နားထောင်ပြီးလျှင် မိုးသီးက -

"အစ်ကိုကြီး တယောသံကြားမှ ကျွန်တော် ပိုပြီးတေတောင် ငိုချင်သေးတယ်. . ."ဟု ပြောလိုက်လျှင် ကိုနောင်ဘီက-

"တယောသံကြားရုံနဲ့ ငိုချင်တယ်ဆိုရင် ငါက ဆိုတောင် ဆိုပြလိုက်ဦးမယ်. . ."ဟု ဆိုကာ ကိုနောင်ဘီသည် ညှို့မောတ်ပါသော အသံဖြင့်-

"စုံဆယဖြာ ××× ပန်ထွာဦး ××× ဖူးမြင်သက် လွတ်ကြောင်း ××× ဆံတော်ပေါင်း သောင်းလုံးရွှေကိုင် ××× ရာမင်းအူကိုင် ××× ဘုန်းစည်ညွှတ်လှိုင်××× ပြည်သိဂ်ိ နန်းမဒီပါမြိုင် ××× ဘာလီသူမင်းမူ ××× ဟု ဆွဲဆွဲငင်ငင် ဆိုလိုက်လေ၏။

"ဘာအဓိပ္ပာယ်လည်းတော့ မသိဘူး . . .၊ အစ်ကိုကြီးဆိုတဲ့အသံကို နားထောင်ပြီး ကျွန်တော်ဖြင့် ပိုပြီးငိုချင်လာတယ်. . ."ဟု မိုးသီးက ပြောလိုက်ရာ-





"ဘာအဓိပ္ပာယ်လည်းတော့ မသိဘူး. . .၊ အစ်ကိုကြီးဆိုတဲ့အသံကို နားထောင်ပြီး ကျွန်တော်ဖြင့် ပိုပြီးငိုချင်လာတယ်. . ."ဟု မိုးသီး ကပြောလိုက်ရာ-

"မဟာမြိုင်တောထဲမှာက သုဂြိုဝ်နဲ့ ဘာလီဆိုတဲ့ မျောက်ညီအစ်ကို ရှိတယ်ကွ. . .၊ ဘာလီက အကောင်ကြီးတယ်. . .၊ သုဂြိုဝ်က အကောင်သေးတယ်. . .၊ ဘာလီဟာ သုဂြိုဝ်နေတဲ့ ညောင်ပင်ကလေးကို လာလာပြီး ယူတယ်ကွ. . .၊ အနိုင်ကျင့်တယ်ပေါ့ကွာ. . .၊ ဖယ်မပေးရင် ကိုက်တယ်ကွ၊ အဲဒီမှာ သုဂြိုဝ်ရဲ့ကိုယ်မှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ပေါ့ကွာ. . .၊ အဲဒီအခင်အောက်ကို ရာမနဲ့ လက္ခဏာ ညီအစ်ကိုနှစ်ယောက် ရောက်လာတယ်. . .၊ ရာမက ညက မအိပ်ရလို့ အိပ်ချင်တယ်လို့ပြောတယ်၊ လက္ခဏာက သူ့ပေါင်ပေါ်မှာ ခေါင်းအုံးအိပ်ဖို့ ပြောတယ်. . .၊

အဲဒီတော့ ရာမက လက္ခဏာရဲ့ ပေါင်ပေါ်ကို ခေါင်းအုံးအိပ်တယ်၊ အဲဒီအချိန်မှာ တောမဲ့ရှိုင်းကြီးတစ်ကောင်ဟာ လက္ခဏာရဲ့ပေါင်ကို ကိုက်လေ ရောကွာ. .၊ သွေးတွေဟာ မြေကြီးပေါ်ကို စီးကျနေပြီ. . .၊ ဒါပေမဲ့ လက္ခဏာက မဲ့ရှိုင်းကြီးကို မမောင်းဘူးကွ. . .၊ မောင်းလိုက်ရင် သူ့အစ်ကို နိုးသွားမှာ စိုးလို့ မိတ်ကြိတ်ပြီး ခံနေရှာတယ်. . .၊ အဲဒါကို သစ်ပေါ်က သုဂြိုဝ်ဆိုတဲ့ မျောက်က မြင်ပါလေရော. . .၊ အဲဒီတော့ 'သူတို့ညီအစ်ကိုကတော့ ချစ်လိုက် ကြတာ. . .၊ ငါ့ညီအစ်ကိုကတော့ ဒီလိုမဟုတ်ပါလား. . .၊ ဘာလီဆိုတဲ့ ကောင်ဟာ ငါ့ကို မချစ်တဲ့အပြင် နှိပ်စက်သေးတယ်. . .'လို့ တွေးမိပြီး မျက်ရည်တွေ ကျပါလေရော. . .၊

အဲဒီမျက်ရည်တွေဟာ ရာမမင်းသားရဲ့ ရင်ဘတ်ပေါ်ကို ကျပါလေရော. . .၊ ဘုန်းရှိတဲ့ ယောကျ်ားဆိုတော့ အပတ်တိရစ္ဆာန်ရဲ့ မျက်ရည်ထိတော့ ခံစားရတော့တာပေါ့ကွာ. . .၊ ရင်ဘတ်ကို တံတောင်နဲ့ထောင်းလိုက်သလားလို့တောင် ထင်လိုက်မိတာ. . .၊ အဲဒီတော့ လက္ခဏာကိုမေးတယ်၊ 'ညီတော်. . . အိပ်နေတဲ့ နောင်တော့်ကို ဘာကြောင့် တံတောင်နဲ့ထောင်းရသလဲ' လို့မေးတယ်၊ အဲဒီအခါမှာ လက္ခဏာက တံတောင်နဲ့မထောင်းရကြောင်း၊ မဲ့ကိုက်သည်ကိုပင် နောင်တော် နိုးမည်စိုး၍ မဲ့ကိုမခြောက်ကြောင်း၊ သွေးတွေ ကို သက်သေပြပြီး ပြောလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ ရာမမင်းသားက သစ်ပင်ပေါ်သို့မော့ပြီး ကြည့်လိုက်တယ်. . .၊ သုကျိတ်မျောက် သစ်ကိုင်းပေါ်မှာ ထိုင်နေတာကို တွေ့ရတယ် အဲဒီတော့မှ ရာမမင်းသားဟာ လက်ညှိုးနဲ့ထိုးပြီး ဆင်းခဲ့စမ်း လို့ အမိန့်ပေး လိုက်တယ်. . .၊ ဒါကြောင့် သီချင်းမှာက 'မြင်သော် ညွှန်းသော် ရွှေလက်ညှိုး' လို့ ရေးထားတာ. . .၊ အဲဒီတော့ မျောက်က သိပ်ပြီးကြောက်သွားတယ်ကွ အဲဒါကြောင့် သီချင်းမှာ 'ဝပ်လျှိုးမျောက်မွန် ကြောက်ရွံ့ကြက်သီးမိုး'ဆိုတဲ့ စာသားပါတယ်ကွ. . .၊ အဲဒီမှာ သုကျိတ်က သူ့ကိုသတ်တော့မှာဆိုပြီး မသတ်ဖို့အကြောင်း လက်အုပ်ချီပြီး သစ်ပင်ပေါ်က ဆင်းလာရတာ ကိုယ်လုံးရှေ့ . . .၊ ဒါကြောင့် 'စုံဆယ်ဖြာ ပန်ထွာဦး၊ ဖူးမြင်သက်လွတ်ကြောင်း' လို့ ရေး ထားတာကွ. . .''ဟု ရှင်းပြလိုက်လျှင် မိုးသီးက. . .

''အစ်ကိုကြီးရယ်. . . ကျွန်တော်လည်း အစ်ကိုကြီးလို တယော ထိုးတတ်ချင်လိုက်တာ. . .၊အဲဒီသီချင်းတွေ ရချင်လိုက်တာ. . .''ဟုပြောရာ ကိုနောင်ဘီက-

''ဟုတ်တာပေါ့ မောင်မိုးသီးရာ. . .၊ ယောက်ျားလည်း နှလုံးသားနဲ့ ကွာ. . .၊ လွမ်းစရာရှိရင် လွမ်းတာပေါ့ကွာ. . .၊ ဒါပေမဲ့ လူရှေ့ သူရှေ့မှာ မျက်လုံးထဲက မျက်ရည်တွေစီးကျနေရင် မကောင်းဘူးကွ. . .၊ အဲဒီတော့ တယောထိုးတတ်ရင် ကောင်းတာပေါ့ကွ. . .၊ မျက်လုံးထဲက မျက်ရည်တွေတော့ စီးမကျဘူး၊ ဒါပေမဲ့ နှလုံးသားပေါ်က ရေခဲမြစ်တွေတော့ ပူလောင်ပြီး အရည် ပျော်ကျကုန်မှာပေါ့. . .၊

ဘေးလူ မသိဘူးပေါ့ကွာ. . .၊ တယောသမား သူ့နည်းသူ့ဟန်နဲ့ ငိုကြွေးနေတာကွ. . .၊ အဲဒီတော့ ဘာပဲဖြစ်ဖြစ် အကောင်းဆုံး လွမ်းတတ် ဖို့ကတော့ တယောထိုးသင်ရမယ်၊ တယောသံဟာ နွဲ့တယ်ကွ. . . ညှို့မာတ် ပါတယ်ကွ. . .၊ မင်းလို ခံစားချက်မျိုးနဲ့ ထိုးလိုက်မယ်ဆိုရင်တော့ ကြားရတဲ့ သူတွေ ဆွေသွားလိမ့်မယ်. . .၊ ငါ သင်ပေးမယ်ကွာ. . .''ဟု ပြောပြလေ တော့၏။

ထို့နောက်တွင်ကား မိုးသီးသည် အရက်မသောက်ဖြစ်တော့ပေ အရက်သောက်ရန်လည်း အချိန်မရတော့ပေ။ ကိုနောင်ဘီက သီချင်းဆိုနည်း သင်ပေး၏။ သီချင်းကြီးများလည်း သင်ပေး၏။ ထို့အတူ နိုင်ငံခြားသီချင်း များလည်း သင်ပေး၏။





မိုးသီးသည် လွမ်းရမည့်အချိန်များတွင် ထံတျာ တေရှင်မှအစ ရာ (၁၂)ခန်း သီချင်းကြီး သီချင်းခန့်များကို ကျက်မှတ်သင်ယူနေရလေ၏။ ကိုနောင်ဘီ သည် တယောထိုးကောင်းသကဲ့သို့ အဆိုလည်းကောင်းသူဖြစ်၏။ ထို့ကြောင့်-

''ဒီလို မောင်မိုးသီးရဲ့. . .၊ ဂီတမှာက တွဲလုံးတွေရှိတယ်. . .၊ ဒလုတ် နန်းတို့ပေါ့ကွာ. . .၊ အဲဒီလိုပဲ အဆိုမှာလည်း အဲဒီလို အသံတွဲတွေရှိတာ ပေါ့. . .၊ ပြီးတော့ မြန်မာသီချင်းကြီးတွေမှာက ငုံ့လိုက်ရတဲ့နေရာတွေ ဆင်ငေါက်ငေါက်လေးဆိုလိုက်ရတဲ့နေရာတွေလည်း ရှိသေးတယ်ကွ. . .

အငုံ့တွေ၊ အပေါက်တွေပေါ်မှ နားထောင်ရတာ အရသာရှိတယ်ကွ တစ်နေ့ကြုံရင် ဟောဟိုအရိုးကုန်းဘက်မှာ ဆရာကြီးဦးအလီရှိတယ်ကွ. . . သူဆိုပြတာကို မင်းကို နားထောင်ခိုင်းဦးမယ်. . .၊ သိပ်ပိုင်တာပဲ ငါ့လူရေ. . .'' ဟု ပြောလေ၏။

မိုးသီးသည် ကိုနောင်ဘီ၏ထံတွင် သီချင်းဆိုခြင်း အတတ်ကို သင်ယူ ဆည်းပူးခွင့်ရလေ၏။ သူ၏နှလုံးသားလေးသည် မျက်ရည်များ ခြောက်သွေ့စ ပြုလာပြီဖြစ်၏။ သို့ရာတွင် ရင်းနှီးသူတစ်ဦးသည် သူ၏ထံသို့ ရောက်လာပြီး. . .

''ဟေ့ကောင် မိုးသီး . . .၊ မင်းမိန်းမဟာ အထည်စက်ပိုင်ရှင် သားရဲ့ မယားငယ်ဖြစ်သွားပြီလို့ ငါသိရတယ်. . .၊ စကော့ဈေးကို ဈေးလာ ဝယ်တာ ငါကိုယ်တိုင် မျက်စိနဲ့ နှစ်ကြိမ်တွေ့ဖူးတယ်. . .''ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

''မင်းပြောတဲ့ အဲဒီ ကိုမောင်လေးဆိုတဲ့လူက ဘာအလုပ်လုပ်တာ လဲ'' ဟု မေးလိုက်ရာ ထိုသူက -

''ငါပြောပါပကောလား. . .၊ အထည်စက်ပိုင်ရှင်ရဲ့သားကွ. . . ဘာအလုပ်လုပ်စရာလိုသလဲ. . .၊ ဖြုန်းဖို့ပဲလိုတာပေါ့. . .၊ မယားငယ် လေးယောက်ရှိတယ်. . .၊ မယားကြီးတစ်ယောက်ရှိတယ်၊ မင်းမိန်းမဟာ ခြောက်ကွ. . .၊ ဝတ်ထားတာ စိန်တွေကို သီးနေတာပဲ၊ အနှိုက်မျိုး စတိုင်မျိုး မဟုတ်တော့ဘူးဟေ့. . .၊ ငါနဲ့ပက်ပင်းတိုးတာ. . .၊ ငါက ပြုံး တာတောင် သူက မသိချင်ယောင်ဆောင်ပြီး ဟိုဘက်လှည့်သွားတယ်. . .''ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် အကြီးအကျယ် စိတ်ဆင်းရဲသွားလေတော့၏။ ညနေသို့ ရောက်သောအခါ၌ ကိုနောင်ဘီအား ထိုအဖြစ်အပျက်ကို ပြောပြရာ ကိုနောင်ဘီက -

"နှလုံးသားက ဒဏ်ရာဟာ ပျောက်တယ်ဆိုပေမဲ့ အကင်းသေခဲတယ်ကွ. . .၊ အခြေအနေပေးရင် ပြန်ပေါ်တတ်တယ်ကွ. . .၊ အဲဒီတော့ မင်းကို အချစ်ဟောင်း ရောဂါ ပြာကျတဲ့နည်း သင်ပေးရဦးမှာပေါ့ကွာ၊ ကဲ. . . ကဲ. . . ကဲ အပိုတွေ မပြောပါနဲ့ငါ့လူရာ. . .၊ အစ်ကိုကြီး ဟင်းကောင်းကောင်း ချက်တတ်တယ်. . .၊ ဆိတ်ကလီစာထဲကို ရမ်တွေလောင်းထည့်ပြီး ချက်ထားတာကွ၊ ပြီးတော့ စားကြတာပေါ့ကွာ. . . တယောလေး တစ်ပိုဒ်လောက် ထိုးပေးမယ်ကွာ. . .၊ ဒီအချိန်မှာ ကောင်းတာကတော့ 'ညဥ့်ရုံတော်ထူး' ကောင်းတယ်ကွ၊ တစ်ပိုဒ်လောက်ဆိုလိုက်ပါကွာ. . .၊ 'မျှော် xxx မှော်သူ့ပမ်း' ဆိုတဲ့ အပိုဒ် ရောင်ရင် အစ်ကိုကြီးပါ ဝင်ဆိုပါ့မယ်ကွာ"ဟု ပြောလျှင် ကိုနောင်ဘီလည်း နံရံတွင်ချိတ်ထားသော တယောက်ကိုဖြုတ်၍ ကြိုးညှိလိုက်လေ၏။

ပြီးလျှင် ဘိုးတံကို ထင်းရှူးဆီပွတ်ကာ လက်သံစမ်းတစ်ပိုဒ်ထိုးလိုက်လေ၏။ ထို့နောက်မှ 'ညဥ့်ရုံတော်ထူး'သီချင်းကို ထိုးလေတော့၏။ ကိုနောင်ဘီလည်း ဝင်၍ဆိုလေ၏။ ကိုနောင်ဘီ၏အသံသည် ဆွေးမြေ့သံပေါက်နေ၏။ ထို့ကြောင့် သီချင်းဆုံးသွားသောအခါ၌ -

"ကျွန်တော်က ကျွန်တော့်ချစ်သူနဲ့ကွဲလို့ လွမ်းရတာ. . .၊ ဘယ့်နှယ်ကြောင့် အစ်ကိုကြီးက ဝင်ပြီးလွမ်းနေရတာတုံး. . ."ဟု မိုးသီးကမေးလိုက်ရာ ကိုနောင်ဘီက-

"မောင်မိုးသီးရယ်. . .၊ အစ်ကိုကြီးကလည်း ချစ်ကံခေသူ တစ်ယောက် ဆိုတာ ညီလေး မေ့သွားပြီလား၊ အစ်ကိုကြီးလည်း မထွေးလေးကို လွမ်းတာပေါ့ကွာ"ဟု ဆိုကာ မိုးသီး၏ ပုခုံးကို လက်ဖြင့်လှမ်း၍ ပုတ်လိုက်လေတော့ သတည်း။

* * * * *





# အခန်း (၁၅)

## သူရာမဝင်တဲ့ မိုးသီးကို လူ့ရာဝင်နည်း သင်ပေးပြီ

မိုးသီး၏ အလွမ်းဝေဒနာသည် လျော့သွားသည်မရှိဘဲ သည်းသည်ထက်သာ သည်းလာတော့၏။ ၎င်းမိန်းမအား နောက်လင်ဖြစ်သူက မော်တော်ကားတစ်စီး ဝယ်ပေးထားသဖြင့် ရန်ကုန်မြို့ထဲတွင် ကားတဝီဝီသွားနေကြောင်းကို မိုးသီးကြားရသောအခါ၌ စိတ်ထဲ၌ မခံချိမခံသာ ဖြစ်၍နေလေတော့၏။

လွမ်းသောစိတ်၊ မခံချိမခံသာဖြစ်သောစိတ်များသည် မိုးသီး၏ အရစပ် ဖြစ်ပေါ်လျက် ရှိလေတော့၏။ ထို့ကြောင့် ၎င်းက ကိုနောင်ဘီအား

"အစ်ကိုကြီးကို ကျွန်တော် တစ်ခုပြောချင်တယ်၊ ကျွန်တော်တာ ကျွန်တော် အင်မတန်ချစ်တဲ့လူနဲ့ ကွဲရတာဟာ တခြားအကြောင်းက အဓိကတော့ဘူး. . .၊ ဆင်းရဲခြင်းက အဓိကဖြစ်နေတယ်. . .၊ မိန်းကလေးရဲ့မိဘတွေက ကျွန်တော်နဲ့ သဘောမတူနိုင်ဘူးဆိုတာဟာ တခြားအချက်တော့ဘူး၊ ဆင်းရဲတဲ့အချက်ပဲ. . .၊ ကျွန်တော်နဲ့ မိန်းကလေးနဲ့က ရွယ်တူတယ်၊ ပြီးတော့ ကျွန်တော်က လူပျိုဖြစ်တယ်. . .၊ အဲဒါကို ကျွန်တော်နဲ့ သဘောမတူဘူး. . .၊ ကျွန်တော့်ထက် အသက်နှစ်ပြန် လောက်ကြီးတဲ့ လူကိုတော့ သဘောတူသတဲ့လား. . .၊ ဟိုလူက သူဌေးသားကို. . ."ဟု ပြောလိုက်ရာ ကိုနောင်ဘီက ပြုံးလေ၏။

"ဟုတ်ပြီ. . . မောင်မိုးသီး၊ တရားခံအစစ်ကို တွေ့ပြီ၊ တရားခံအစစ်ဟာ ဆင်းရဲခြင်းဖြစ်နေတယ်. . .၊ တခုပြောမယ်ကွာ. . .၊ မင်းဟာ လူချမ်းသာတစ်ယောက်မဟုတ်ဘဲ အောင်မြင်ကျော်ကြားတဲ့လူတစ်ယောက်ဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်ဟာ ဖြစ်လာမှာမဟုတ်ဘူး. . .၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုသူဌေးသားဟာ မင်းမိန်းမကို သူ့ရဲ့မယားငယ်လုပ်ဖို့ ဒီဇာတ်လမ်းထဲကို ဝင်လာစရာမှာမဟုတ်ဘူး၊ အနီးစပ်ဆုံးပြောရရင် မင်း ဒီလိုခံလိုက်ရတာဟာ ဆင်းရဲသောကြောင့်လို့ ပြောမယ့်အစား 'လူ့ရာမဝင်'တာကြောင့်လို့ ပြောရင် ပိုပြီးမှန်တယ်ကွ. . ." ဟု ပြောလိုက်လေ၏။

"အစ်ကိုကြီးပြောတာ ဟုတ်ပါလိမ့်မယ်. . .၊ အဲဒီတော့ ကျွန်တော်ဘာလုပ်ရမလဲ. . ."ဟု မိုးသီးက မေးလေ၏။ ထိုအခါ ကိုနောင်ဘီက. . .

"အတတ်ပညာတစ်ခု မင်းကို သင်ပေးရမယ်၊ မင်း အခုတတ်ထားတာတွေဟာ ဘာတွေပဲတတ်တတ် မတောက်တခေါက်တွေပဲဖြစ်နေတယ်၊ တယောလည်း မတောက်တခေါက်ထိုးတတ်တယ်. . .၊ ဒို့ပြင်ဟာတွေလည်း မတောက်တခေါက်ခေါက်ပေ့ါကွာ. . .၊ ဟုတ်ဟုတ်ငြားငြားရယ်လို့ ဘာမှ မတတ်ပါဘူး. . .၊ ဟုတ်ဟုတ်ငြားငြားဖြစ်အောင် အစ်ကိုကြီးဘဝနဲ့ရင်းပြီး လေ့လာသင်ယူခဲ့ရတဲ့ ဂမ္ဘီရအတတ်ကိုတော့ သင်ပေးရမှာပဲ၊

အဲဒီအတတ်ပညာလည်း အကိုင်းအခက်တွေ အများကြီးပဲကွ. . .၊ အဲဒီထဲမှာ 'How to get what you want' ဆိုတဲ့ 'လိုတရ ဂမ္ဘီရ'ကို အရင်သင်ရမှာပဲ"ဟု ပြောလေတော့၏။

"သင်ပါ အစ်ကိုကြီးရယ်. . . သင်ပါ. . .၊ ကျွန်တော် ကြိုးကြိုးစားစား သင်ယူပါ့မယ်. . ."ဟု မိုးသီးက ပြောလေတော့၏။ ထိုအခါ ကိုနောင်ဘီက-

"ဒီလို မောင်မိုးသီးရဲ့. . .၊ အဲဒီဂမ္ဘီရသဘောကို မသင်ခင်မှာ 'နြူမရော်လော်ဂျီ'ခေါ်တဲ့ ဂဏန်းဗေဒင် အတတ်ကို အရင်သင်ရဦးမယ်. . .၊ ဒီစကားကို တစ်ခါကလည်း မင်းကို ငါပြောဖူးပါတယ်. . .၊ မင်းရဲ့ မွေးရက် ၂၅ ဂဏန်းကို အကြောင်းပြုပြီး ပြောခဲ့တာလေ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက. . .

"ကျွန်တော် ကောင်းကောင်းကြီးမှတ်မိပါတယ် အစ်ကိုကြီး. . ." ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ကိုနောင်ဘီက-

"အေး. . . အခုတော့ တစ်ပိုင်းတစ မဟုတ်ဘူးကွ၊ အစအဆုံးသင်ရလိမ့်မယ်. . .၊ အင်္ဂလိပ်လို မွေးခုနှစ်ကို မှတ်တဲ့အခါမှာ ရက်ရယ်၊ လရယ်၊ ခုနှစ်ရယ် မဟုတ်လားကွာ. . .၊ ပထမဆုံးသိရမှာကတော့ ရက်အကြောင်းပဲကွ. . .၊ အဲဒါကြောင့် ၁ ကနေ ၃၁ အထိ သဘာဝတွေကို လေ့ကျက်ထား





. . .၊ ပြီးတော့ ဂဏန်းကို စဉ်းစားတဲ့အခါမှာ လုံးချင်းဂဏန်းဟာ ကနေ ၉ အထိပဲရှိတယ်ကွ. . .၊ အဲဒီအမြစ်သချာ ၁ ကနေ ၉ ကို စပြီး ရမယ်. . ."ဟု ပြောလေ၏။

"တစ်ခုရှိတယ်ကွ. . .၊ မင်းနဲ့ငါရဲ့ ပညာသင်ကြားတဲ့အခါမှာ ကတိ ထားကြမယ်. . .၊ ငါ့ရဲ့သင်နည်းကတော့ ပါးစပ်ကနေ နားကိုသင်တဲ့ . . .၊ ဒါပေမဲ့ မင်းက ရေးမှတ်ရတာ အကျင့်ပါနေပြီဆိုရင်တော့ တ် ဖို့ စက္ကူပေးမယ်၊ လိုက်ပြီးရေးမှတ်ခွင့်လည်း ပေးပါ့မယ်. . .၊ ဒါပေမဲ့ ခန်းစာ တစ်ခုပြီးဆုံးသွားတဲ့ အခါမှာတော့ အဲဒီစက္ကူကို ငါ့လက်ထဲကို ရမယ်. . .၊ ငါက အဲဒီစက္ကူကို မီးရှို့ပစ်မယ်. . .၊ အဲဒီလိုမလုပ်ရင် ရဲ့ ပညာဟာ ဆရာ့ပါးစပ်ကနေ တပည့်ရဲ့နားထဲမဝင်ဘဲ စက္ကူထဲဝင် တတ်တယ်ကွ. . .၊ အဲဒါကြောင့် စက္ကူ မီးရှို့ပစ်ရမှာ. . .၊ ဆောင်ပုဒ် ခု မှတ်ထားကွာ. . .၊ 'ပညာသင်ရာ စက္ကူမပါ၊ ပေါ့ကွ. . ."ဟု နောင်ဘီက ဆက်၍ပြောလေ၏။ မိုးသီးလည်း ကိုနောင်ဘီ၏စကားကို နာပါမည်ဟု ဝန်ခံလိုက်လေတော့၏။ ထိုအခါ ကိုနောင်ဘီက-

"အခုပြောမှာက ၁ ဂဏန်းအကြောင်းပဲ၊ မွေးရက်ကို အကြောင်းပြုပြီး ဏန်း ရတယ်ဆိုတာက ဘယ်လမှဖြစ်စေ၊ ၁ ရက်နေ့မှာ မွေးတဲ့လူဟာ ည်း ၁ ဂဏန်းသမားပဲကွ. . .၊ ၁၀ရက်နေ့မှာ မွေးတဲ့လူဟာလည်း ၁ န်းသမားပဲကွ. . .၊ ၁၉ ရက်နေ့မှာ မွေးတဲ့လူဟာလည်း ၁ ဂဏန်း ပဲကွ. . .၊ ဘာဖြစ်လို့လဲဆိုတော့ ၁ နဲ့ ၉ နဲ့ပေါင်းရင် ၁၀ ရမယ်ကွာ. . .၊ ၁ နဲ့ ၀ နဲ့ပြန်ပေါင်းရင် ၁ ပဲရတာပေ့ါကွ၊ ၂၈ ရက်နေ့မှာလည်း ၁ န်းသမားပဲကွ. . .၊

အဲဒီလိုပဲကွ အဲဒီ ၁ ဂဏန်းသမားတွေနဲ့ သင့်မြတ်တဲ့အရောင်ဟာ ရောင်၊ ရွှေဝါရောင်၊ ကြေးဝါရောင်၊ အဝါရောင် ဖြစ်တယ်ကွ. . .၊ ဂဏန်းသမားတွေ ဖြစ်တတ်တဲ့ ရောဂါဟာ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ စီရောဂါကွ. . .၊ ၁ ဂဏန်းသမားတွေ ကျရောက်နိုင်တဲ့ ဘေးအန္တရာယ် မီးဘေး၊ လျှပ်စစ်ဘေး၊ အပူလောင်တဲ့ဘေးပဲကွ. . .၊

ပြီးတော့ ၁ ဂဏန်းသမားတွေအတွက် အကောင်းဆုံးဓာတ်စာ သီး၊ သံပုရာသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ချင်း၊ ဘာ ရည် ပေါင်မုန့်ဖြစ်တယ်ကွ. . .၊ ၁ ဂဏန်းသမားတွေ ဝတ်ဆင်ရမယ့် ရတနာဟာ င်း၊ ဥဿဖယား၊ အဝါရောင်ပါတဲ့ စိန်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ၁ ဂဏန်းသမားတွေနဲ့ ပတ်သက်တဲ့ ကောင်းတဲ့နေ့က တနင်္ဂနွေနေ့နဲ့ တနင်္လာနေ့ဖြစ်တယ်၊ ၁ ဂဏန်းသမားတွေအတွက် ကောင်းတဲ့ ရက်က ၁ ရက်၊ ၁၀ ရက်၊ ၁၉ ရက်၊ ၂၈ ရက်၊ ၄ ရက်၊ ၁၃ ရက်၊ ၂၂ ရက်၊ ၃၁ ရက်၊ ၂ ရက်၊ ၁၁ ရက်၏၊ ၂၀ ရက်၊ ၂၉ ရက်၊ ၇ ရက်၊ ၁၆ ရက်၊ ၂၅ ရက်တွေ ဖြစ်တယ်ကွ၊ အဲဒါ ၁ ဂဏန်း အကြောင်းပဲရှိသေးတယ်၊ ကျန်တဲ့ ၂ တို့၊ ၃ တို့ ပြောရဦးမယ်ကွ. . . "ဟု ပြောလေ၏။

"အများကြီးပဲ အစ်ကိုကြီး၊ အဲဒီတော့ ရေးမှတ်ဖို့တော့ လိုမှာပဲ၊ ပညာ ယူရာ စက္ကူမပါဆိုပေမဲ့ ဒီကိစ္စမှာတော့ ပါရမှာပဲ အစ်ကိုကြီးရေ. . . "ဟု မိုးသီးက ပြောလိုက်ရာ ကိုနောင်ဘီက သဘောကျ၍ ရယ်လေ၏။ ထို့နောက် ကိုနောင်ဘီသည် မှတ်စုစာအုပ်ကလေးတစ်အုပ် ယူလာပြီးလျှင် မိုးသီး၏ရှေ့သို့ ချပေးလိုက်လေ၏။ မိုးသီးလည်း ထိုမှတ်စုစာအုပ်လေးကို လှန်လှောကြည့်ရှု ရာ 'NUMERROLOGY' ခေါ် ဂဏန်းဗေဒင်နှင့်ပတ်သက်၍ ပြည့်ပြည့် စုံစုံရေးထားကြောင်းကို တွေ့ရလေ၏။

*(မှတ်ချက် ။ ။ ထိုအကြောင်းအရာများကို အပြည့်အစုံဖော်ပြပါက ဝတ္ထုဇာတ်လမ်းကို အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် မလွှဲမရှောင်သာ ချန်လှပ်ထားရပါသည်။ သို့ရာတွင် ထိုပညာရပ်ကို ဝါသနာပါသူတို့ လေ့လာနိုင်ရန် ဤဝတ္ထုဇာတ်လမ်းအပြီးတွင် အချပ်ပိုအဖြစ် သီးသန့်ဖော်ပြပါမည်။*

*စာရေးသူ)*

ကိုနောင်ဘီသည် မိုးသီးအား ဂဏန်းဗေဒင်ကို ကျွမ်းကျင်သည်အထိ သင်ကြားပေးလေ၏။ ထိုပညာ၏လျှို့ဝှက်ချက်များကိုလည်း ပြောပြလေ၏။ ထိုပညာနှင့် ဆက်စပ်လျက်ရှိသော တဲရော့ခေါ်သည့် ကတ်ပြားကလေးများ ကြည့်နည်း၊ ဖတ်နည်းကိုလည်း သင်ပြပေးလေ၏။ မိုးသီးလည်း ကြိုးစားစွာ သင်ယူလေ၏။ ကိုနောင်ဘီသည် မိုးသီးအား အိမ်တွင်ခေါ်ထားလေ၏။ ထိုသို့ သင်ပေးရင်း ကိုနောင်ဘီက-

"ဒီလိုရှိတယ် မိုးသီးရယ်. . .၊ မြန်မြန်သင်ထားမှကွ၊ မင်းကသိပ်ပြီး ဂဏှာငြိမ်တာမဟုတ်ဘူး. . .၊ တော်တော်ကြာ စစ်တပ်ထဲ ဝင်ချင်ဝင်သွားဦး





မှာ. . .၊ အဲဒီလို ဝင်သွားရင် ငါနဲ့အဆက်ပြတ်သွားဦးမှာ. . . "ဟုဆိုတာ အချိန်ရတိုင်း ဂမ္ဘီရနှင့် စပ်သမျှကို သင်ပြပေးလေ၏။

"ဒီလိုမောင်မိုးသီးရဲ့. . .၊ ဂမ္ဘီရပညာမှာက သော့ချက်နှစ်ခုရှိတယ်၊ သော့ချက်တစ်ခုက Affirmation လို့ခေါ်တယ်၊ အဓိပ္ပာယ်ကတော့ အတည်ပြုခြင်းလို့ အဓိပ္ပာယ်ရတယ်၊ နောက်တစ်ခုက Visualization အာရုံပြုခြင်းလို့ အဓိပ္ပာယ်ရတယ်ကွ. . .၊ အဲဒီတော့ ဂမ္ဘီရသော့နှစ်ချောင်းဟာ အတည်ပြုတာနဲ့ အာရုံပြုတာရယ်လို့ နှစ်ခုပဲရှိတာ. . .၊ အဲဒါကို ကောင်းကောင်းသုံး တတ်ရင် ဂမ္ဘီရတတ်ပြီကွ. . .၊

အတည်ပြုတာက ပါးစပ်က ရွတ်ဆိုရတာ. . .၊ အာရုံပြုတာက အာရုံထဲမှာ ထင်မြင်ကြည့်ရတာ. . .၊ အဲဒါကို လေ့ကျင့်ရမှာပဲ. . .၊ အဲဒီ လေ့ကျင့်ပုံ လေ့ကျင့်နည်းကိုပဲ စနစ်တကျ သင်ပေးရမှာကွ. . . "ဟု ကိုနောင်ဘီ က ပြောလေ၏။ ထိုအခါ မိုးသီးက-

"ကျွန်တော်လည်း ကြိုးစားပြီး သင်ယူပါ့မယ်"ဟု ဝန်ခံလေ၏။ ထို့ကြောင့် ကိုနောင်ဘီသည် မိုးသီးအား ပညာရပ်ကို မချွင်းမချန် သင်ပြလေ၏။

"ဒီလိုရှိတယ် မောင်မိုးသီးရေ. . .၊ အဲဒီ ဂမ္ဘီရအလုပ်ကို လုပ်ဖို့အတွက် လူတစ်ယောက်က တစ်နေ့မှာ အားလပ်ချိန် တစ်နာရီတော့ ရှိရမယ်ကွ. . .၊ အဲဒီတစ်နာရီကိုတော့ အပြည့်အဝ အလုပ်လုပ်ရမယ်ကွ. . .၊ ပြီးတော့ ထမင်းစား စားပွဲဝိုင်းလောက်မြင့်တဲ့ စားပွဲလေး၊ တစ်လုံးတော့ လိုတယ်ကွ. .၊ အဲဒီ စားပွဲပေါ်မှာ ဂမ္ဘီရပညာနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ ထားရ မယ်ကွ. .၊

ဥပမာကွာ. . . ဖယောင်းတိုင်ထွန်းဖို့ ခွက်တို့၊ အတည်ပြုစာတွေ ရွတ်ဖို့ စာရွက်တို့၊ ပုတီးနဲ့မှတ်ပြီး လုပ်မယ်ဆိုရင်လည်း ပုတီးတို့ ရှိရမယ်ကွ၊ အဲဒီစားပွဲလေးပေါ်မှာလည်း တခြားမလိုအပ်တဲ့ပစ္စည်းတွေ မတင်ရဘူးကွ. . .၊ အဓိကရှိရမယ့် ပစ္စည်းထဲမှာ စားပွဲတင်နာရီမပါတွ၊ အဲဒီစားပွဲလေးကို ဂမ္ဘီရ အလုပ်မှာ တန်တယ် Temple လို့ခေါ်တယ်ကွ. . .၊ အဲဒီစားပွဲလေးကို ကိုယ်က စာပြီးလေး စားရမယ်. . .၊ အဲဒါလေးဟာ Temple တန်တယ်ပဲ. . .၊ အဓိပ္ပာယ်ကတော့ အာရုံပြုစင်ငယ်ပေါ့ကွာ. . . "ဟု ပြောပြလေ၏။

ထို့ပြင် မိုးသီးအား ဂမ္ဘီရပညာရပ်များ အာရုံပြုရန်အတွက် စားပွဲပုလေးတစ်လုံးကိုလည်း ဝယ်၍ပေးလေ၏။ ထိုအချိန်မှစ၍ မိုးသီးအား ကိုနောင်ဘီက-



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ် မောင်မိုးသီး. . .၊ မင်းဟာ ဒီအချိန်ကစပြီး ဂမ္ဘီရတွေ တို လက်တွေ့လုပ်တော့မှာပဲနော်၊ အဲဒီတော့ ဂမ္ဘီရသမားဖြစ်သွားပြီ. . . ဂမ္ဘီရသမားမှာ မရှိမဖြစ်ရှိရမယ့် အရည်အချင်းက မှတ်ဉာဏ်ကောင်းခြင်း တွ. . .၊ တကယ်လို့ မှတ်ဉာဏ်မကောင်းဘဲ မေ့လျော့သွားတယ်ဆိုရင် ဂမ္ဘီ ပညာမှာ ရှေ့မရောက်တော့ဘူးကွ၊ တစ်ခုတော့ရှိတယ်ကွ. . .၊ တို့ဂမ္ဘီရသမာ တွေမှာ တစ်ခုခု မေ့သွားရင် မေ့တဲ့အကြောင်းအရာကို မစဉ်းစားဘူးကွ

**Zenda ဇန်းဒါးဆိုတဲ့ အသံထွက်ကို ခုနှစ်ကြိမ်ရွတ်ရတယ်. . .** အဲဒီလိုရွတ်လိုက်ရင် ဂမ္ဘီရအတတ်မိပြီး မေ့သွားတဲ့အကြောင်းအရာ ပြန်ပြ ပေါ်တယ်ကွ. .၊ အဲဒီနည်းလေးတော့ မှတ်ထားကွ. . ."ဟု ပြောလိုက်ရ မိုးသီးက-

"ကျွန်တော်က ကျွန်တော့်မိန်းမနဲ့ပတ်သက်တဲ့ အကြောင်းအရ တွေကို မေ့ပစ်ချင်နေတာ. . .၊ မမှတ်မိချင်တော့ဘူး. . .၊ ကျွန်တော်ကို ဂမ္ဘီ သဘောအရ မေ့ပစ်တဲ့နည်းပဲ သင်ပေးပါ အစ်ကိုနောင်ဘီရယ်. . ." ပြောလေ၏။ ထို့ကြောင့် ကိုနောင်ဘီက-

"ဒီလိုရှိတယ် မောင်မိုးသီး. . .၊ မင်းဟာ မိန်းမကို သတိရတ ဆိုတဲ့ အာရုံကို ပိတ်မိနေတာ. . .၊ အဲဒီထဲက လွတ်ဖို့အတွက်ကတော 'အရွှန်. . . အရွှန်. . . လော့စ်. . .' Aron ... Aron ... Los ဆိုတဲ့ အသံ သတိရတိုင်း လေးဆယ့်လေးကြိမ်ရွတ်ပစ်ရမယ်ကွ. . ."ဟု ပြောလေ ထိုအခါ မိုးသီးက -

"ကောင်းလိုက်တာ အစ်ကိုကြီးရာ. . .၊ ကျွန်တော်ကတော့ ကျွန်တော် မိန်းမကို မေ့ပစ်ဖို့အတွက် ၁၅ မိနစ်တစ်ခါ ရွတ်နေရမယ်ထင်တယ်. . ." ပြောလိုက်လေ၏။ ထိုအခါ ကိုနောင်ဘီက-

"သတိရရင်တော့ ရွတ်ရမှာပေါ့ကွ. . ."ဟု ပြောလိုက်ရာမိုးသီး

"အခုကို သတိရနေပြီ အစ်ကိုကြီးရေ. . .၊ အခု ရွတ်တော့မယ်. . ." ဟု ဆိုကာ ရွတ်နေလေတော့သတည်း. . .

**"အရွှန်. . . အရွှန်. . . လော့စ်. . . "**

"အရွှန်. . . အရွှန်. . . လော့စ်. . . "

"အရွှန်. . . အရွှန်. . . လော့စ်. . . "

* * * * *





## အခန်း (၁၆)

**မိုးသီးစစ်ထဲဝင်ပြီ ...**

မိုးသီးသည် ကိုနောင်ဘီ၏အိမ်တွင် နေထိုင်လျက် ကိုနောင်ဘီ၏ ပညာကို သင်ယူလျက်ရှိလေ၏။ သို့ရာတွင် သူ၏ချစ်သူအား လွမ်းဆွတ် သော စိတ်မှာ ဖြေဖျောက်၍မရှိင်အောင်ပင် ရှိလေတော့၏။ ထို့ပြင် သူ၏ချစ်သူနှင့် ပတ်သက်သော သတင်းများသည်လည်း အဆက်မပြတ် ကြားနေရလေ၏။ ထို့ကြောင့် ရင်ထဲတွင် တနုံ့နုံ့ ခံစားနေရရှာလေ၏။

အမှန်စင်စစ်အားဖြင့် မိုးသီးသည် ရန်ကုန်မြို့ကိုစွန့်၍ ခြေဦးတည့် ရာ ထွက်သွားချင်၏။ ရောက်ချင်သည့် နေရာရောက်၊ ပေါက်ချင်သည့်နေရာ ပေါက် ဟု သဘောထားကာ ထွက်သွားမည်ဟုလည်း မကြာခဏ စဉ်းစား မိလေ၏။

တစ်နေ့တွင် ပြည်လမ်း 'စလင်းလိုင်း'ရှိ စစ်သားစုဆောင်းရေးတပ် ရုံးတွင် 'သင့်ကို တပ်မတော်က အလိုရှိသည်'ဆိုသော ဆိုင်းဘုတ်ကြီးကို မြင်တွေ့မိလေ၏။ ထို့ကြောင့် သူသည် အားတက်သွား၏။ နောက်တစ်နေ့ နံနက် စောစောတွင် ထိုနေရာသို့ သွားရောက်၍ စုံစမ်းရလေတော့၏။

ထိုသို့ စုံစမ်းရာတွင် ၎င်းကဲ့သို့ တပ်ထဲသို့ဝင်မည့် သူငယ်ချင်း တစ်ဦး နှင့် သွား၍တွေ့လေ၏။ ထိုသူငယ်ကလေး၏အမည်မှာ မောင်ဆင့် ဟု၍ သိရ ၏။ ၎င်းမောင်ဆင့်သည် အညာဘက်မှ ရောက်လာကြောင်းသည်း သိရလေ၏။ မောင်ဆင့်ကလည်း မိုးသီး၏အမည်ကို မေးလေ၏ မိုးသီးတ အမည်ကို ပြောပြ လိုက်လျှင် မောင်ဆင့်က-



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်တို့အညာမှာက မကြာခဏ မိုးသီးတွေကြွေတယ်ဗျာ. . .၊ မိုးသီးဆိုတာက မိုးပေါ်မှာ မနေဘဲ ကြွေကျတဲ့အမျိုးပဲ. . .၊ ခင်ဗျားကလည်း ဘယ်ကနေဘယ်လို ကြွေကျလာတာလဲ ကိုမိုးသီးရယ်. . ."ဟု မေးလေ၏။ ထို့ကြောင့် မိုးသီးက ပြုံးမိလေ၏။ ထိုသို့ပြုံးပြီးနောက် -

"မောင်ဆင့်ရယ်. . . ဒါတွေ မပြောပါနဲ့၊ ကျွန်ုပ်လည်း တပ်ထဲဝင်ချင်လို့ပါ။ ဘယ်လိုလုပ်ရမလဲ. . ."ဟု မေးလိုက်ရာ မောင်ဆင့်က-

"ဟောဟိုခုံမှာ တော်တော်ကြာကျရင် လက်မောင်းမှာ တစ်ရစ်နဲ့ ဆရာတစ်ယောက်ရောက်လာလိမ့်မယ်. . .၊ အဲဒီမှာ စာရင်းသွားပေး. . . ပြီးတော့ ဟောဟိုသွပ်မိုးနဲ့ ဘားတိုက်လို့တဲ့ အဆောက်အဦးထဲမှာ သွားနေရမယ်၊ အဆောက်အဦးက အကျယ်ကြီးပဲ. . .၊ ခင်ဗျားတို့ကျွန်ုပ်တို့လိုလူတွေ အများကြီးပဲ. . .၊ ဒီလို အချိန်မှာ လက်ဖက်ရည်သောက်ရတယ်၊ ဟိုနားမှာ မီးဖိုရှိတယ်. . .၊ လက်ဖက်ရည်တွေအများကြီးပဲ. . .၊ ပုံးကြီးနဲ့ထည့်ထားတယ်၊ အဲဒီနားမှာ စစ်ရောင်ကြွေရည် သုတ်သံခွက်တွေလည်းရှိတယ်. . .၊ အဲဒီခွက်ကို မတ်ခွက်လို့ခေါ်တယ်. . ."ဟု ရှင်းပြလေ၏။

"သောက်ရေခွက်မဟုတ်ဘူးလား. . ."ဟု မိုးသီးက မေးရာ. . .

"သောက်ရေခွက်တော့ သောက်ရေခွက်ပဲ . . .၊ ဒါပေမဲ့ ဒါကို တပ်ထဲမှာ မတ်ခွက်လို့ခေါ်တယ်. . .၊ သူများခေါ်သလို ခေါ်ရမယ်. . . ခင်ဗျား နားလည်သလို ခေါ်လို့မရဘူး၊ လ. . . လာ. . ကျွန်ုပ်ပြပေးမယ်. . ." ဟု ဆိုကာ မောင်ဆင့်က ခေါ်သွားလေ၏။

မီးဖိုသို့ရောက်လျှင် လက်ဖက်ရည်များ ထည့်ထားသော ပုံးကြီးကိုလည်းတွေ့ရ၏။ မတ်ခွက်ဆိုသော အရာများကိုလည်း အမြောက်အမြားတွေ့ရလေ၏။ မောင်ဆင့်သည် မတ်ခွက်တစ်လုံးကိုယူ၍ မိုးသီးအား ပေးလေ၏။ ထို့နောက် ထိုခွက်အတွင်းသို့ လက်ဖက်ရည်များ ခပ်ထည့်ပေးလေ၏။

မိုးသီးသည် လက်ဖက်ရည်ကို တစ်ငုံမျှ ငုံ၍ သောက်ကြည့်ပြီးနောက်-

"မဆိုးဘူး မောင်ဆင်းရဲ့. . .၊ သောက်လို့ ကောင်းတာပဲ. . ." ဟု မိုးသီးက ပြောလိုက်ရာ မောင်ဆင့်က-

"အဲဒီလိုမဆိုးလို့ ရန်ကုန်မြို့နေရာအနှံ့အပြားမှာရှိတဲ့ အာဝါရားတွေ၊ ဂျလေဘီတွေဟာ စားဖို့သောက်ဖို့ ရှာလို့မရရင် ဒီကိုလာပြီး စားကြသောက်ကြတယ်၊ ဒီကနေ စစ်ထဲကို အပြီးထည့်ဖို့ဆိုတာ လေ့ကျင့်ရေးတပ်ကို ပို့ရသေးတယ်. . .၊ အဲဒီပို့တဲ့အခါကျတော့မှာပဲ အဲဒီ အာဝါရားတွေ





ဂျလေဘီတွေဟာ ထွက်ပြေးကြတော့တာပဲ. . .၊ အရင်က ဒီမှာ ညအိပ်တဲ့အခါ ခြင်မကိုက်အောင် ခြင်ထောင်တို့ဘာတို့ ပေးတယ်၊ ဂျလေဘီတွေ၊ အာဝါရားတွေဟာ ထွက်ပြေး တဲ့အခါ ကောင်းကောင်းမပြေးဘူး. . .၊ ခြင်ထောင်တွေ၊ မတ်ခွက်တွေ၊ ပန်းကန် ပြားတွေပါ ခိုးသွားကြတယ်. . .၊ ဒါကြောင့် ဒီမှာ မတ်ခွက်တွေလည်း အကောင်း မရှိတော့ဘူး၊ ပန်းကန်ပြားတွေလည်း ပိန်လိမ်နေတာတွေပဲ ရှိတော့တယ်. . .၊ ခြင်ထောင်လည်း မပေးနိုင်တော့ဘူး. . ."ဟု ရှင်းပြလေ၏။ ထိုအချိန်၌မှာပင် စာရင်းယူမည့် တစ်ရစ်နဲ့ဆရာ ရောက်လာပြီး စစ်သားများနေထိုင်ရာ ဘားတိုက်ကြီး အတ်သို့လှည့်ကာ 'ဖက်ထိပ်'ဟု ကျယ်လောင်စွာ အော်လိုက်၏။ ထိုအခါ မိုးသီးက-

"ဟေ့ မောင်ဆင့်ရေ. . .၊ ဟိုဆရာက ဖက်ထုပ်ဆိုပါလား၊ တို့တွေကို ဖက်ထုပ်ကျွေးတော့မယ်ထင်တယ်"ဟု ပြောလိုက်လျှင် မောင်ဆင့်က ရယ်လေ၏။

"ဖက်ထုပ်မဟုတ်ဘူး. . .၊ ဖက်ထိပ်လို့ခေါ်တာ၊ ဖက်ထိပ်ဆိုတာက အလုပ်လုပ်ဖို့ပြောတာ. . ."ဟု မောင်ဆင့်က ရှင်းပြလေ၏။

"ဘာတွေလုပ်ရမှာလဲ မောင်ဆင့်ရယ်. . ."ဟု မိုးသီးက ပြန်၍မေးရာ-

"ဒီဝန်းထဲမှာရှိတဲ့ အမှိုက်တွေကို ကောက်ရမယ်. . .၊ တံမြက်စည်း လှည်းရမယ်. . .၊ အဲဒါ နေ့တိုင်းလုပ်ရမယ့် အလုပ်ပဲ၊ တစ်ခါတစ်လေတော့ မြောင်းတွင်းတူးရတယ်၊ အဲဒါကတော့ အမြဲမဟုတ်ဘူး၊ လိုမှခိုင်းတာပါ. . ." ဟု မောင်ဆင့်က ပြောပြလေ၏။ ထို့နောက် မောင်ဆင့်သည်အမှိုက်ကောက်ရန်အတွက် မိုးသီးကိုပါ ခေါ်သွားလေ၏။ ၎င်းတို့နှစ်ဦးလည်း အမှိုက် ကောက် ကြလေ၏။ တံမြက်စည်းများကိုယူ၍ ထံမြက်စည်းလှည်းကြလေ၏။

အတော်အတန် အလုပ်လုပ်ပြီးသောအခါ တစ်ရစ်နှင့် ဆရာကပင် 'ထမင်းဖြုတ်'ဟု အော်လိုက်သဖြင့် နားခွင့်ရလေ၏။ နံနက် ၁၀ နာရီကျော်သောအခါ၌ ခရာမှုတ်သံတစ်ချက် ကြားရလေ၏။ ထိုအခါ မောင်ဆင့်က-

"အဲဒီခရာသံကို မှတ်ထား. . .၊ အဲဒါ မနက်စာကျွေးတဲ့ ခရာသံ၊ အဲဒီခရာသံကြားရင် မီးဖိုကိုသွားပြီး ကြွေရည်သုတ် သံပန်းကန်ပြားတစ်ချပ် ယူ၊ မနက်က ခင်ဗျား လက်ဖက်ရည်သောက်တဲ့ မတ်ခွက်ရယ် ယူရမယ်၊ ပန်းကန်ပြားထဲကို ထမင်းထည့်ပေးမယ်. . .၊ မတ်ခွက်ထဲကို ပဲဟင်းတစ်ဝက်ခန့် ထည့်ပေးမယ်. . .၊ ထမင်းပေါ်မှာ ငပိကြော်တစ်ဇွန်းထည့်ပေးမယ်. . .၊

www.burmeseclassic.com



**နိုင်ငံတော်ကို ချစ်တယ် ပဲဟင်း၊ ငပိကြော်ဆိုတာ** ဒါပဲ. . .”ဟု ရယ်မော ၍ ပြောလေ၏။

“ကျုပ်ကြားဖူးတာက နိုင်ငံတော်ကိုချစ်တဲ့ သားကောင်းစစ်သည် တော်ပါဗျာ. . .”ဟု မိုးသီးက ပြောရာ မောင်ဆင့်က-

“သားကောင်းစစ်သည်တော်ဖြစ်ဖို့ ပဲဟင်းငပိကြော် စားနိုင်ရမယ်. . . မနက်တိုင်း ဒီအတိုင်းကျွေးတာ၊ ညနေကျမှ အသားနဲ့ကျွေးတယ်. . . အများ စုကတော့ အမဲသားပဲ. . .၊ အားရှိအောင် ကျွေးတာ. . .၊ နေ့ခင်း တစ်နာရီ မှာက လက်ဖက်ရည်တစ်ခါ တိုက်သေးတယ်”ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

“တစ်ခုပြောရဦးမယ် မောင်ဆင့်ရေ. . .၊ စောစောကမှုတ်လိုက်တဲ့ ခရာသံကို ကျုပ်နားထဲမှာ မစွဲဘူးဗျ. . .၊ ဘယ်လိုမှုတ်ရမှာလဲ. . .၊ ကျုပ် နားထဲမှာ ကြားရတာကတော့ ‘တော် တော်’ချည်းပဲ. . .”ဟု ပြောလိုက်လျှင် မောင်ဆင့်က-

“ဒီလိုမှုတ်ဗျာ. . .၊ သူမှုတ်တာက ‘တော် တော် တော် တီး တော့ တော်၊ တော် တော် တော် တီး တော့ တော်. . .’အဲဒီအသံကို ဟော့ဒီစကား တစ်ခုနဲ့ ပိုပြီးမှုတ်ထားဗျာ. . .၊ ‘မြန် မြန် လာ ပြီး စား ပါ၊ မြန် မြန် လာ ပြီး စား ပါ. . .’သုံးခါမှုတ်တယ် ကိုယ့်လူရေ. . .၊ ညနေစာကျတော့ မမှုတ် တော့ဘူး သံချောင်းပဲ ခေါက်တယ်”ဟု ပြောလေ၏။

“ဘာဖြစ်လို့ မမှုတ်တာလဲ”လို့ မိုးသီးက မေးရာ

“အဲဒီမှုတ်တဲ့ဟာကြီးကို ‘ဖြူကယ်’လို့ခေါ်တယ်၊ မှုတ်တဲ့သူကို ‘ဖြူကယ်လာ’လို့ ခေါ်တယ်. . .၊ ဖြူကယ်လာက နှစ်ယောက်ပဲရှိတာ. . . တစ်လှည့်စီတာဝန်ကျတာ. . .၊ ဒီနေ့ တာဝန်ကျတဲ့သူက မနက်ဖြန်နား တယ်၊ အဲဒီဖြူကယ်လာက ညနေကျတော့ ဒီမှာ မှုတ်မပေးနိုင်တော့ဘူး အလံချဖို့ ကင်းရုံရှေ့ကို သွားပြီး မှုတ်ရတယ်. . .၊ သူမရှိရင် အလံတင်လို့ မရဘူး၊ အလံလည်း ချလို့မရဘူး. . .၊ တပ်မှာ လုပ်တဲ့အလုပ်တော်တော် များများကို အဲဒီဖြူကယ်နဲ့ ထိန်းချုပ်ထားတာ. . .၊ သူ့ ခရာပဲ. . .”ဟု မောင်ဆင့်က ပြောလိုက်လျှင် မိုးသီးက-

‘သြော် . . .”ဟု တစ်လုံးတည်း ရေရွတ်နိုင်လေတော့သတည်း. . .။

* * * * *





# အခန်း၊ (၁၇)

## မိုးသီးတို့လူစု ယူနီဖောင်းရပြီ

မိုးသီးသည် ပြည်လမ်း စလင်းလိုင်းရှိ စစ်သားစုဆောင်းရေးတပ် ရောက်နေသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်၏။ ထိုအခါ ဗိုလ်ကြီးတစ်ဦးနှင့် အရာ ဗိုလ်တစ်ဦးသည် မိုးသီးတို့အားခေါ်၍ ပုံစံစာရွက်တစ်ရွက်ပေါ်တွင် လက်မှ ထိုးခိုင်းလေ၏။ လက်မှတ်ထိုးခါနီးတွင် အရာခံဗိုလ်ကြီး ပုံစံစာရွက်အကြောင်း ရှင်းပြလေ၏။

“ဒီစာရွက်မှာ လက်မှတ်ထိုးလိုက်တာဟာ မင်းတို့ဟာ ဆယ်နှစ်တိ စစ်မှုထမ်းပါမယ်လို့ စာချုပ်ချုပ်ဆိုလိုက်တာပဲ၊ အပြင်လောကက အကြော အရာတွေအားလုံး မေ့ပစ်လိုက်တော့. . .၊ ဒီနေ့ကစပြီး စစ်သားစိတ်မွေ တော့. . .၊ တော်တော်ကြာကျရင် ယူနီဖောင်းတွေ၊ ဖိနပ်တွေ၊ ဦးထုပ်ထေ ထုတ်ပေးမယ်. . .၊ များသောအားဖြင့် အဝတ်အစားတွေက ပွနေတ တယ် . . .၊ မင်းတို့နဲ့တော်မှာမဟုတ်ဘူး၊ ဒီနားမှာ ယူနီဖောင်းကိုပြင် ချုပ်ပေးတဲ့ ဆိုင်ရှိတယ်၊ အဲဒီမှာ ပြင်ပြီးချုပ်ခွင့်ရှိတယ်. . .၊

ဒါပေမဲ့ ပုံစံတော့ မပျက်ရဘူး၊ စစ်ဘောင်းဘီဟာ စစ်ဘောင်းဘီ ဖြစ်ရမယ်. . .၊ အရပ်ဘောင်းဘီနဲ့မတူရဘူး. . .၊ စစ်အင်္ကျီဆိုရင်လည် ဒီအတိုင်းပဲ ပြင်ပြီးချုပ်လို့ရတယ်၊ ပုံစံမပျက်စေနဲ့. . .၊ ဖိနပ်ကတော့ နံ ခုနစ်ပဲ ရှိတယ်. . .၊ မင်းတို့နဲ့ နည်းနည်းပါးပါး ချောင်ချင်ချော နေမယ်. . .၊ အဲဒါကတော့ ပြင်လို့မရဘူး၊ သိပ်ပြီးချောင်နေရင် အဝတ်ဟေ ဘာလေးခုပြီးစီးပေ့ါ . . .၊ အဲဒီ ဖိနပ်ကို အင်မြူနေရှင်းဘွတ်လို့ ခေါ်တယ်. . .၊ ဗမာလို စစ်ဖိနပ် ကြီးပေါ့ကွာ. . .၊ ယူနီဖောင်းဝတ်နည်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဖိနပ်ကြီး စီးနည်းကို ဆရာတွေ လာပြီးသင်ပေးမယ်. . .၊ ဖိနပ်ကြီးက လည်း မသင်ရင် မထိုးတတ်ဘူးကွ. . .” ဟု ပြောကာ တန်းစီခိုင်းပြီးလျှင် လူတစ်ရပ်နီးနီးခန့်ရှိသော အဖြူရောင် ကင်းပက် အိတ်ရှည်ကြီးတစ်လုံးကို ပေးလေ၏။ ထိုအိတ်ရှည်ကြီးကို ကစ်ဘတ်ဟုခေါ် ကြောင်းလည်း ရှင်းပြလေ၏။ မိုးသီးတို့လူစုသည် ကစ်ဘတ်အိတ်ရှည်ကြီး၏ အဝကို ဖွင့်ကာ တန်းစီ၍ ရပ်နေရလေ၏။

ဆရာများသည် ထိုအိတ်ကြီးများအတွင်းသို့ ပစ္စည်းတစ်ခုချင်းစီလာ၍ ထည့်ပေးလေ၏။ ရှေးဦးစွာ ထည့်ပေးသည်မှာ စစ်ဖိနပ်ကြီးတစ်ရံဖြစ်၏။ ထို့နောက် စစ်ခြေအိတ်တစ်စုံစီထည့်ပေး၏။ ပြီးလျှင် အန်တာဝယ်ရာခေါ် အောက်ခံဘောင်းဘီတစ်ထည်စီ ထည့်ပေး၏။ ထို့နောက် စစ်အင်္ကျီနှစ်ထည်နှင့် စစ်ဘောင်းဘီနှစ်ထည်စီ လာ၍ထည့်ပေး၏။ ပြီးလျှင် ဖိနပ်စီးပြီးသောအခါ၌ ဖိနပ်နှင့်ဘောင်းဘီကိုတွဲ၍စီးရန် ရှေ့ပတ်တီးခေါ် သကလပ် ခြေဘတ်ကြီး တစ်စုံစီလည်း ထည့်ပေး၏။ စစ်ခြင်းထောင်တစ်လုံးစီနှင့် သကလပ် စောင်ကြီး တစ်ထည်စီပေး၏။ ပြီးလျှင် ဟန်းကော ခေါ် စစ်ချိုင့်တစ်လုံးစီ ပေး၏။ ထို့နောက် ဇွန်း၊ ခက်ရင်း တစ်စုံစီပေး၏။ ဆေးပတ်တီးတစ်လုံးစီလည်း ရ၏။ ပြီးလျှင် အရာခံဗိုလ်ကြီးက ‘မင်းတို့ရဲ့ ကိုယ်ပိုင်နံပါတ်တွေကို ပြောမယ်၊ မှတ်ထား’ဟု ဆိုကာ ကိုယ်ပိုင်နံပါတ်များကို တစ်ဦးချင်းအား ပြောပြ၏။ အလွတ်ကျက်ခိုင်း၏။ ထို့နောက် အလွတ်ပြန်၍မေး၏။ မှန်ကန်စွာ မဖြေနိုင်သူများကို ပါးတစ်ချက် စီရိုက်လေ၏။ မိုးသီးတို့သည် တစ်ဘတ် အိတ်ကြီးများကိုထမ်း၍ ဘားတိုက်ဆီသို့ ပျော်ပျော်ပါးပါး ပြေး၍ ဝင်သွား ကြပြီးလျှင် ယူနီဖောင်းများကို ဝတ်ကြည့်ကြ၏။

ပြီးလျှင် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်မောကြ လေ၏။ ထို့နောက် စုဆောင်းရေးတပ်နှင့် မလှမ်းမကမ်းတွင်ရှိသော ကုလား အပ်ချုပ်ဆိုင်ကလေးသို့ပြေးကြကာ ယူနီဖောင်းများကို ပြင်၍ချုပ်ကြလေ၏။ သုံးရက် ခန့်ကြာသောအခါ ပြင်၍ချုပ်သော ယူနီဖောင်းများပြီးသဖြင့် ပြန်လည်ရွေး ကြပြီးလျှင် ဝတ်ကြည့်ကြပြန်၏။ ထိုအခါ ယူနီဖောင်းများသည် ပွရောင်းရောင်း မဖြစ်တော့ဘဲ ချပ်ချပ်ရပ်ရပ် ဖြစ်သွားလေတော့၏။ မိုးသီးသည် ယူနီဖောင်း လဲပြီးနောက် စစ်ဖိနပ်ကြီးကိုစီး၏။ ထို့နောက်





ဘောင်းဘီအောက်ခြေနှင့် ဖိနပ်ပေါ်တွင် သကလပ်ခြေပတ်ကို စီးလေ၏။ ပြီးလျှင် ဘယ်ရီကပ်ခေါ် အစိမ်းရောင် ဦးထုပ်ပြားလေးကို ခေါင်းပေါ်တွင် ခပ်စောင်းစောင်းလေး ဆောင်းလိုက်လေ၏။ ထိုအခါ မောင်ဆင့်တ ရုတ်သီးအား ကြည့်ပြီးလျှင်-

“ကိုရင်မိုးသီး. . .၊ ခင်ဗျားက ယူနီဖောင်းနဲ့ သိပ်ပြီးကြည့်ကောင်း တာပဲ၊ တစ်သက်လုံးဝတ်ထားဖျာ၊ မချွတ်နဲ့တော့. . .၊ ခင်ဗျားအရပ်အမောင်း ခင်ဗျား အလုံးအထည်ဟာ ယူနီဖောင်းနဲ့သိပ်ပြီး လိုက်တာပဲ၊ ကျုပ်ကတော့ လူကောင်သေးတော့ ကြွက်စုပ်ဖြစ်နေတယ်. . .”ဟု ပြောကာ ရယ်လေ၏။

မိုးသီးတို့ကို အပြင်ထွက်ခွင့် အောက်ပတ်နှင့် အပြင်တွင်ညအိပ်ခွင့် နိုက်ပတ်ပါ ပေးလိုက်သောကြောင့် မိုးသီးလည်း စုဆောင်းရေးတပ်မှနေ၍ ကိုနောင်ဘီ၏ အိမ်သို့ပြန်လာလေတော့၏။ အိမ်သို့ရောက်လျှင် ကိုနောင်ဘီ က မိုးသီးကို တအံ့တဩကြည့်ကာ-

“အောင်မလေး မောင်မိုးသီးရယ်. . .၊ အာဂ ယောကျာ်း စစ်သား ကြီး ဖြစ်လာပါပေါ့လား. . .၊ ယူနီဖောင်းနဲ့ ခန့်ငြားလိုက်တာကွာ. . .၊ မင်းနဲ့ သိပ်ပြီးလိုက်တာပဲ၊ ဘာပဲဖြစ်ဖြစ် ငါ့ကိုတောင် မတိုင်ပင်ဘဲ မင်းလုပ် ချင်တာကို အခုလိုစွတ်ပြီး လုပ်လိုက်တာ ငါဖြင့် သိပ်ပြီးသဘောကျတာပဲ၊ တပ်ထဲရောက် တဲ့အခါမှာလည်း ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား မလုပ်နဲ့ကွ၊ ကြိုးစားစရာရှိတာကို ကြိုးစား ကြားလား. . .၊ ဒီနေ့ညနေစာကိုတော့ ဆိုင်မှာလိုက်ပြီး ကျွေးမယ်ကွာ၊ မင်းကို ဂုဏ်ပြုတဲ့သဘောပေါ့. . .”ဟု ပြောလေ၏။

ကိုနောင်ဘီသည် မိုးသီးအား ကျောက်မြောင်းဈေးအနီးရှိ တရုတ် ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ခေါ်သွားကာ အစိမ်းကြော်၊ တောက်တောက်ကြော် ချိုချဉ်ကြော်၊ တစ်ဆယ့်နှစ်မျိုးဟင်းချိုတို့ကို မှာယူကာ ကျွေးလေ၏။ မိုးသီး လည်း မြိန်ရေရှက်ရေ အားရပါးရ စားလေ၏။ မိုးသီးစားသည်ကိုကြည့်၍ ကိုနောင်ဘီက-

“မင်းစားပုံကြည့်ရတာ တပ်ထဲမှာ ဟင်းမကောင်းဘူးထင်တယ်. . .” ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် အစ်ကိုကြီး၊ မနက်ကိုတော့ ပဲဟင်းနဲ့ငါးပိကြော်ပေါ့၊ ညဆိုရင်တော့ အသားစားရပါတယ်. . ."ဟု မိုးသီးက ပြန်ဖြေလေ၏။

"ဘာနဲ့ပဲစားရစားရ ဖြစ်အောင်စားကွာ. . .၊ ယောကျ်ားပဲကွာ. .၊ သူများစားနိုင်ရင် ကိုယ်လည်းစားနိုင်ရမှာပေါ့၊ တပ်ကခိုင်းတဲ့အလုပ်ကိုလည်း တျေကျေပွန်ပွန်လုပ်ကွ. . .၊ တပ်ထဲမှာနေတယ်ဆိုတာ အရပ်ထဲမှာ နေသလို နေလို့တော့ မရဘူးကွ၊ သူ့စည်းသူ့ကမ်းနဲ့ နေရတာ၊ စည်းကမ်း မလိုက်နာဘူး ဆိုတာက ပျော့ညံ့တာပဲ၊ အဲဒါကို သဘောပေါက်ပါ မောင်မိုးသီးရာ . . ." ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"စိတ်ချပါ အစ်ကိုကြီးရာ. . ."ဟု ပြန်၍ဖြေလေ၏။

"မင်းကို တစ်ခုမှာရဦးမယ်. . ."စစ်သားဖြစ်မှတော့ သွေးမကြောင်နဲ့ကွ၊ သတ္တိကောင်းဖို့လိုတယ်. ."ဟု လေးလေးနက်နက်ပြော လေ၏။

"စိတ်ချပါ အစ်ကိုကြီး၊ ညနေတိုင်း ကျွန်တော်တို့ သစ္စာလေးချက် ဆိုရပါတယ်၊ အဲဒီလေးချက်ထဲမှာ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော် အတွက် ငါ၏အသက်ကို စွန့်လွှတ်ပါမည်ဆိုတဲ့ အချက်ပါပါတယ် အစ်ကိုကြီးရဲ့၊ ကျွန်တော် သွေးမကြောင်းပါဘူး"ဟု ပြောလိုက်လျှင် ကိုနောင်ဘီက မိုးသီး၏ ပုခုံးကို ဘုန်းခနဲ ပုတ်လိုက်ပြီး -

"ကျေနပ်တယ်ကွာ. . ."ဟု အားရဝမ်းသာ ပြောလိုက်လေတော့၏၊ ၎င်းတို့သည် စားသောက်ပြီးနောက် အိမ်သို့ ပြန်လာကြ၏။ အိမ်သို့ရောက်လျှင် ကိုနောင်ဘီက-

"ဒီလို မောင်မိုးသီးရဲ့. . .၊ မင်း အခုရောက်နေတာက စုဆောင်းရေး တပ်ပဲ ရှိသေးတယ်. . .၊ အဲဒီကနေ လေ့ကျင့်ရေးတပ်ကိုပို့ပြီး စစ်ပညာ သင်ပြီး လေ့ကျင့်ပေးဦးမှာ. . .၊ အဲဒီမှာတော့ နည်းနည်းပင်ပန်း မယ်ကွ. .၊ ဝင်ပန်းခံနိုင်ရမှာပေါ့ကွာ. . .၊ ယောကျ်ားပဲ. . .၊ တစ်ခုပဲ မင်းကိုသတိပေး ချင်တာက ရန်မဖြစ်နဲ့ကွ. . .၊ အဲဒီမှာ ဆရာတွေရှိတယ်. . .၊ တစ်စုံတစ်ယောက် က စော်ကားတယ်ထင်ရင် ဆရာတွေကို သတင်းပို့ တိုင်ကြားရတယ်၊ လက်ရောက် မကျူးလွန်ရဘူး၊ ကိုယ်နေရတာက လက်နက်တွေနဲ့ နေရတာ ဆိုတော့ စိတ်လိုက်မာန်ပါလုပ်လိုက်ရင် ဘဝပြောင်းသွားလိမ့်မယ်၊ ဘဝပျက် သွားလိမ့်မယ်၊ အဲဒါ သတိထားပါ မောင်မိုးသီးရာ. ."မှာကြားလေ၏။





ထိုနေ့ညနေက ကိုနောင်ဘီနှင့် မောင်မိုးသီးတို့သည် တော်တော် ကြာ မအိပ်ကြဘဲ စကားပြော၍နေကြလေ၏။ ကိုနောင်ဘီသည် လက်ဖက် ခြောက်ကိုနှပ်၍ မကြာခဏ လက်ဖက်ရည်ဖျော်၍ တိုက်နေလေ၏။ ...နောက် ကိုနောင်ဘီက ပြောသည်မှာ -

"မောင်မိုးသီး တစ်ခုစဉ်းစားကြည့်စမ်း. . .၊ မင်းက တိုင်းပြည်ကို ...တွယ်ပါမယ်လို့ ပြောရုံရှိသေးတယ်. . .၊ မင်းကို စစ်ယူနီဖောင်းတွေ ...ဆောင်ယောင်တွေ ပေးအပ်လိုက်ပြီး မင်းကို စစ်သားမဟုတ်ဘူးလို့ ဘယ်သူ ...ပြောလို့မရတော့ဘူး၊ တကယ်ကတော့ မင်းဟာ စစ်ပညာလည်း မသင်ရ ...သေးဘူး. . .၊ စစ်လည်း တစ်ခါမှ မတိုက်ရသေးဘူး. . .၊ ဒါပေမဲ့ အဆောင် ...ယောင်တွေ၊ အခွင့်အရေးတွေက ရနှင့်နေပြီ၊ နမူနာတစ်ခုပြော ပြမယ်. .၊

ငါတို့ဘုရားဟာ အလောင်းတော်ဘဝမှာ ဆုပန်လိုက်ကတည်းက ...ရမီတော်တွေ ဖြည့်ကျင့်ရတာပေါ့ကွာ. . .၊ အဲဒီကတည်းက ဘုရားအလောင်း ...ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေကို လောကကြီးက အပ်နှင်းလိုက် ...ယ်ကွ. . .၊ ဒါကြောင့်မို့လို့ ဘုရားလောင်းကို ဘယ်လိုလူမျိုးမှ ယှဉ်လို့ ...ရတာ. . .၊ လောကမှာရှိတဲ့ သတ္တဝါတွေကို ကယ်တင်မယ်လို့ တာဝန်ယူ ...တ်ကတည်းက ပြည့်စုံကုန်တာတွေ. . .၊ ဒါကြောင့် မင်းနားလည်ဖို့ကတော့ **...ယ်နေရာကို ဘယ်လိုအခြေအနေနဲ့ ရောက်သွား၊ ရောက်သွား ...များအကျိုး ဆောင်ဖို့၊ အများအတွက် အနစ်နာခံဖို့ကို လောကကြီး ... စောင့်ရှောက်ထား တယ်ကွ၊ အခွင့်အရေးတွေ အပ်နှင်းတယ် ...ွ. . .၊ အဲဒါကို သဘောပေါက်၊ ဘယ်တော့မှ တစ်ကိုယ်ကောင်းမ ...ခန်ရဘူး. . .၊ ကိုယ်လွတ်မရုန်းဘူး၊ အနစ်နာ ခံတတ်တဲ့ အကျင့်လုပ် ...ထားပါ. . .၊ ဒါမှ ယောကျ်ားကောင်း ဖြစ်မှာ. . .**"ဟု ဆုံးမလေ၏၊ ...သီးကလည်း -

"စိတ်ချပါ အစ်ကိုကြီး. . .၊ အခု အစ်ကိုကြီး ပြောတဲ့စကားကို ...ထောင်ရုံ နားထောင်တာမဟုတ်ပါဘူး. . .၊ နှလုံးသားမှာစွဲထင်အောင် ...မှတ်ဆည်းထားတာပါ. . ."ဟု ပြောလိုက်လျှင် ကိုနောင်ဘီက-

"ဝမ်းသာသကွာ. . ."ဟု ကျေကျေနပ်နပ်ကြီး ပြောလိုက်လေတော့ ...တည်း။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

“ဘယ်နေရာကို ဘယ်လိုအခြေအနေနဲ့ ရောက်သွား၊ ရောက်သွား
အများအကျိုးဆောင်ဖို့၊ အများအတွက် အနစ်နာခံဖို့ကို လောကကြီးက
စောင့်ရှောက်ထားတယ်ကွ၊ အခွင့်အရေးတွေ အပ်နှင်းတယ်ကွ. . .၊
အဲဒါကို သဘောပေါက်၊ ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်ရဘူး. . .
ကိုယ်လွတ်မရုန်းဘူး၊ အနစ်နာခံတတ်တဲ့ အကျင့်လုပ်ထားပါ. . .၊
ဒါမှ ယောကျ်ားကောင်း ဖြစ်မှာ. . .”

“မင်းသိထားဖို့က ဒါဟာ စစ်တပ်လေကွာ. . .၊
မင်းသွားချင်တဲ့ နေရာကို ပို့ပေးမှာ မဟုတ်ဘူး . . .၊
မင်းလုပ်ချင်တဲ့ဟာကို လုပ်ခွင့်ပေးမှာ မဟုတ်ဘူး. . .၊
အထက် ဒီနေရာကို သွားဆိုရင် သွားရမှာ. . .၊
ဒါလုပ်ဆိုရင် လုပ်ရမှာပဲ. . .”

“စစ်သားဆိုတာ . . .
ခိုင်းတဲ့တာဝန်ကို ကျေပွန်အောင် လုပ်ရုံတင်မကဘူး . . .
မခိုင်းတဲ့ အလုပ်ကိုလည်း မလုပ်ရဘူး. . .”



## အခန်း (၁၈)

### မိုးသီး မှတ်တမ်းရုံးမှာ စာမေးပွဲသွားဖြေပြီ

မိုးသီးသည် နောက်တစ်နေ့နံနက် ဝေလီဝေလင်းတွင် စုဆောင်းရေးတပ်သို့ ခြေကုန်သုတ်၍ ပြန်ခဲ့၏။ တပ်သို့ရောက်လျှင် မောင်ဆင့်နှင့်တွေ့၏။ မောင်ဆင့်သည် ဖိုကြီးသို့သွား၍ မိုးသီးအတွက် လက်ဖက်ရည်တစ်ခွက်ယူ ပေး၏။ မိုးသီး လက်ဖက်ရည်သောက်နေစဉ်အတွင်း မောင်ဆင့်က

“ဒီမှာ မိုးသီး. . .၊ ဒီနေ့ ကျုပ်တို့ရဲဘော်တွေကို လူစုခွဲလိမ့်မယ်ဗျ . . .” ဟု ပြောလေ၏။

“ဘယ်လိုလူစုခွဲမှာလဲ မောင်ဆင့်ရဲ့. . .၊ ရှင်းရှင်းပြောစမ်းပါ. . .” ဟု မိုးသီးက ပြန်၍မေးလိုက်ရာ မောင်ဆင့်က -

“စာတတ်တဲ့သူနဲ့ စာမတတ်တဲ့သူဆိုပြီး ခွဲလိမ့်မယ်. . .”ဟု ပြန်၍ ပြောလေ၏။

“မဟုတ်တာပဲ မောင်ဆင့်ရယ် . . .၊ ရဲဘော်သစ်တွေအားလုံး စာတတ်ကြတယ် မဟုတ်လား . . .”ဟု မိုးသီးက ထပ်၍ မေးလေ၏။

“အဲဒီလိုမဟုတ်ဘူးဗျ. . .၊ အတန်းရှိတာနဲ့ မရှိတာ ခွဲလိမ့်မယ်. . .၊ ကျုပ်ဆိုရင်ဗျာ . . . စာတော့ ရေးတတ်၊ ဖတ်တတ်တယ်ပေါ့. . .၊ ဒါပေမဲ့ ဘုန်းကြီးကျောင်းထွက်ဗျ. . .၊ အတန်းတစ်တန်းမှရှိတာ မဟုတ်ဘူး. . .၊ ခင်ဗျားက အတန်းရှိတယ်လေ . . . ဘယ်နှတန်းလဲ. . .”ဟု မောင်ဆင့်က



www.burmeseclassic.com

www.burmeseclassic.com



မြန်၍ မေး၏။ ထိုအခါ မိုးသီးက -

"ငါက ဆယ်တန်းအထိ သင်ဖူးတယ်ကွ. . ."ဟု ပြောလိုက်ရာ မောင်ဆင့်က -

"အဲဒီလို ဆယ်တန်းတွေ ဘာတွေ နေဖူးတဲ့သူတွေကို တစ်နေရာကို ပို့လိမ့်မယ်. . .၊ ဘယ်ကိုလဲတော့ ကျုပ်လည်း အတိအကျမသိဘူး. . ."ဟု ပြောလေ၏။

၈ နာရီထိုးသောအခါ၌ လက်မောင်းတွင် တစ်ရစ်ရှိသော ဆရာက ဆရာမှတ်၍ ရဲဘော်သစ်များကို တန်းစီခိုင်းလေ၏။ တန်းစီးပြီးလျှင် အမှတ်စဉ် မှတ်ခိုင်းလေ၏။ ထို့နောက် ၎င်းကပင်-

"ခုနစ်တန်းအောင်တဲ့သူတွေ ထွက်. . ."ဟု ကျယ်လောင်စွာ အော် လိုက်သဖြင့် တန်းစီထားသော သူများအနက်မှ သုံးယောက်ထွက်၍သွားလေ ၏။ ပြီးလျှင် ၎င်းဆရာကပင်

"ဆယ်တန်းထိ တက်ဖူးတဲ့သူတွေ ထွက်. . ."ဟု အော်ပြန်လေ၏။ ထိုအခါ၌ ရဲဘော်သစ်များထဲတွင် ဆယ်တန်းအထိ သင်ဖူးသူဆို၍ မိုးသီး တစ်ယောက်သာပါ၏။ ထို့ကြောင့် မိုးသီးက တန်းရှေ့ထွက်လိုက်လေ၏။ ထိုအခါ တစ်ရစ်ဆရာက -

"ခုနစ်တန်းအောင်ပြီးတဲ့သူတွေကို အချက်ပြတပ်က အလိုရှိနေတယ်၊ မင်းတို့ အဲဒီကိုသွားပြီး သတင်းပို့ရမယ်၊ အဲဒီတပ်မှာ အချက်ပြ သင်တန်း တွေ တက်ရမယ်. . ."ဟု ပြောလေ၏။ ထို့နောက် ထိုဆရာလေးပင် မိုးသီးအား ခြေဆုံးခေါင်းဆုံးကြည့်ကာ-

"မင်းက ဆယ်တန်းအထိ သင်ဖူးတယ်ဆိုတော့ ရိုးရိုးရဲဘော် မလုပ်နဲ့၊ တပ်မတော်မှတ်တမ်းရုံးမှာ တပ်ကြပ်ကြီးစာရေးတွေ ခေါ်နေတယ်. .၊ အဲဒီ မှာ စာမေးပွဲသွားဖြေရမယ်၊ အဲဒီမှာအောင်ရင် ဘောက်ထော်က စာရေးသင်တန်းကို တက်ရမယ်. . .၊ အဲဒီသင်တန်းက အောင်ရင် လက်မောင်းမှာ သုံးရစ် တပ်ရမယ်. . .၊ တပ်ကြပ်ကြီးရာထူး ပေးလိမ့် မယ်. . .၊ ဒါပေမဲ့ လုပ်ရမယ့် အလုပ်ကတော့ ရုံးအလုပ်ပဲ. . .၊ စာရေး အလုပ်ပဲ. . .၊ အခု တန်းဖြုတ်တာနဲ့ ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှာရှိတဲ့ တပ်မတော်မှတ်တမ်းရုံးကို သွားရမယ်၊ အဲဒီတပ်မှာ ဂေါ်ရခါးတပ်ရင်း



အရာခံဗိုလ်ကြီးတစ်ယောက်ရှိတယ်. . .၊ သူ့နာမည်က ချာဘီလား လို့ခေါ်တယ်. . .၊ သူ့ကို သတင်းပို့ရမယ်. . .၊ ကျန်တာတွေကို သူကပဲ ဆက်လုပ်သွားလိမ့်မယ်. . .၊ အဲဒီတပ်မှာပဲ မင်းကို ခေါ်ထား လိမ့်မယ်၊ စာမေးပွဲဖြေဖို့လည်း သူကပဲ စီစဉ်ပေးလိမ့်မယ်. . .၊ သူ့ဆီမှာနေရင် စစ်စည်းကမ်းကို အပြည့်လိုက်နာရမယ်. . .၊ နည်းနည်းလေးမှ အလျှော့ ပေးမှာမဟုတ်ဘူး. . . ."ဟု ပြောရာ မိုးသီးက-

"ကျွန်တော် စာရေးမလုပ်ချင်ဘူး ဆရာ. . .၊ တပ်ကြပ်ကြီးရာထူး လည်း မလိုချင်ဘူး ဆရာ. . .၊ ကျန်တဲ့ ရဲဘော်တွေလိုပဲ ကျွန်တော်နေချင် ပါတယ်. . .၊ စစ်သင်တန်းဆင်းပြီးရင် စစ်မြေပြင်ကို သွားချင်ပါတယ်၊ ကျွန်တော် စစ်တိုက်ချင်ပါတယ် ဆရာ. . ."ဟု ပြောလိုက်ရာ ထိုဆရာလေးက-

"ဒီနေရာမှာ ရည်စားနဲ့ကွဲလို့ ရောက်လာတဲ့ကောင်တွေ၊ မိန်းမနဲ့တွဲ လို့ ရောက်လာတဲ့ကောင်တွေ၊' ရွာမှာ သူကြီးနဲ့မတည့်လို့ ရောက်လာတဲ့ ကောင်တွေ၊ ပထွေးနဲ့မတည့်လို့ ရောက်လာတဲ့ကောင်တွေ အများကြီး ငါတွေ့ ဖူးတယ်. . .၊ ကျွန်တော်တို့ စစ်တိုက်ချင်ပါတယ်၊ တိုက်ပွဲရှိတဲ့နေရာကို ပို့ပေးပါ လို့ ပြောကြတာပဲ. . .၊ အမှန်က တကယ်သတ္တိရှိလို့မဟုတ်ဘူး. . .၊ တိုင်းပြည် ကို ကာကွယ်ချင်တဲ့စိတ်နဲ့ ပြောတာလည်း မဟုတ်ဘူး၊

သူတို့က လောကကြီးနဲ့ အဆင်မပြေလို့ ညစ်လုံးလုံးချင်တဲ့စိတ်ပဲ ရှိတယ်၊ တိုက်ပွဲမပြောနဲ့၊ လေ့ကျင့်ရေးကျောင်းပို့လိုက်တာနဲ့ မခံနိုင်လို့ ထွက်ပြေးတာ အဲဒီလိုကောင်စားမျိုးတွေချည်းပဲ၊ နောက်တစ်ခု မင်းသိထား ဖို့က ဒါဟာ စစ်တပ်လေကွာ. . .၊ မင်းသွားချင်တဲ့နေရာကို ပို့ပေးမှာ မဟုတ်ဘူး၊ မင်းလုပ်ချင်တဲ့ဟာကို လုပ်ခွင့်ပေးမှာမဟုတ်ဘူး၊ အထက် ကနေရာကို သွားဆိုရင် သွားရမှာ. . .၊ ဒါလုပ်ဆိုရင် လုပ်ရမှာပဲ. . .၊ အခုလည်း မင်းတို့လို ဆယ်တန်းထိ သင်ဖူးတဲ့လူတွေကို မှတ်တမ်းရုံးက အလိုရှိတယ်လို့ ဒီတပ်ကို အကြောင်းကြားထားတယ်. . .၊

အဲဒါကြောင့် မင်းကို အဲဒီကို လွှတ်ရမယ်. . .၊ အဲဒီကို မသွားဘူး ဆိုရင် အမိန့်မနာခံမှုနဲ့ ဟောဟိုအလံရှေ့က 'ကွာတာဂတ်'မှာ ချုပ်ထား ရမယ်၊ ပြီးရင် အမှုစစ်ဆေးပြီး စစ်ထောင်ကို ပို့ရလိမ့်မယ်. . .၊ ကြိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ရွေးကိုယ့်လူ. . . ”ဟု ပြတ်သားစွာပြောလိုက်လေ၏။ ထိုအခါ မိုးသီးက. . .

“ကျွန်တော် မှတ်တမ်းရုံးသွားပါမယ် ဆရာ”ဟု ပြောလိုက်လေ၏။

မိုးသီးသည် ထိုနေ့နံနက်၌ပင် တပ်မတော်မှတ်တမ်းရုံးသို့ သွားရောက်ခဲ့ရလေတော့၏။ မှတ်တမ်းရုံးသို့ ရောက်လျှင် တပ်ရင်းအရာခံဗိုလ် ချာဘီလားဆိုသူ ကိုရှာ၍ သတင်းပို့လိုက်လေ၏။ ချာဘီလားသည် မိုးသီး၏ ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် ခါးပတ် ချောင်တချောင် လေးပတ်ထားသည်ကို တွေ့မြင်သွားသဖြင့် ခါးပတ်ကြိုးကို ပြန်၍တင်းခိုင်းလေ၏။ ဖိနပ်ကြိုးမှာလည်း အပေါက် ပြည့်အောင် ထိုးမထားသဖြင့် အပေါက်ပြည့်အောင် ပြန်၍ထိုးခိုင်းလေ၏။

ခေါင်းတွင်ဆောင်းထားသော ဗယ်ရီကတ်မှာလည်း အကျအန ဆောင်းထားခြင်းမဟုတ်ဘဲ ဆံပင်ပုံမပျက်စေရန် တင်ရုံလေးတင်ထားသည်ကို တွေ့မြင်သွားသဖြင့် ပြန်၍အကျအနဆောင်းခိုင်းလေ၏။ ထို့နောက် ၎င်းနေရမည့်ဘားတိုက်ကို ညွှန်ပြလေ၏။ တပ်အပြင်ဘက်သို့လည်း ခွင့်ပြုချက်မရဘဲ ‘အောက်ပတ်’မပါလျှင် လုံးဝ မထွက်ရဟု ပြောပြလေ၏။

မိုးသီးသည် ချာဘီလားညွှန်ပြသော ဘားတိုက်ကို သွား၍နေရလေ၏။ ညနေပိုင်းသို့ရောက်လျှင် တပ်ကြပ်ကြီးစာရေးလုပ်ရန် အင်တာဗျူးဝင်ရောက်ဖြေမည့်သူများ အမြောက်အမြား ရောက်ရှိလာလေ၏။ မိုးသီးသည် ထိုသူများကို ရေတွက်ကြည့်ရာ ၎င်းအပါအဝင် ငါးဆယ့်တစ်ယောက် ရှိသည်ကို တွေ့ရ လေ၏။ ထိုသူများအားလုံးကို ရှေးဦးစွာ ရေးဖြေ ဖြေခိုင်း၏။ ရေးဖြေအောင်မြင် သူများကို နောက်တစ်နေ့တွင် လူတွေ့၍ နှုတ်မေးခွန်းများမေး၏။ ထိုစစ်ဆေး သောအဖွဲ့ကို ဗိုလ်မှူးပရယ်လာဆိုသူနှင့် အခြားဗိုလ်ကြီးနှစ်ဦးက ကိုင်တွယ်လေ၏။ မိုးသီးအား မေးခွန်းမေးသော မေးခွန်းမှာ-

“ရဲဘော်မိုးသီး . . . အခုအတောအတွင်း ရေဒီယိုမှာ ဝန်ကြီးချုပ်ဦးနုက အရေးတကြီး မကြာခဏပြောနေတဲ့ စကားရှိတယ်၊ အဲဒါဘာလဲ”ဟု မေးရာ မိုးသီးသည် ခေတ္တမျှစဉ်းစားပြီးနောက်. . .

“တိုင်းသူပြည်သားတွေ ငါးပါးသီလမြဲဖို့ပါပဲ”ဟု ပြန်၍ဖြေလေ၏။





ဗိုလ်မှူးပရယ်လာက -

“ရဲဘော်မိုးသီး . . . မင်းရော ငါးပါးသီလ မြဲရဲ့လား. . .”ဟု မေး လေ၏။ မိုးသီးက -

“မြဲပါတယ် ဗိုလ်မှူး. . .”ဟု ပြန်၍ဖြေလေလျှင် ဗိုလ်မှူးပရယ်လာက ငါးပါးသီလကို ဆိုခိုင်းလေ၏။ မိုးသီးသည် ငါးပါးသီလကို ဆိုပြ၏။ ဆိုရာ တွင် မိုးသီးဆိုပြသော ငါးပါးသီလမှာ သုရာမေရယအပိုဒ် ပြုတ်၍ လေးပါး သာလျှင် ရှိသောကြောင့် ဗိုလ်မှူးပရယ်လာက -

“မင်း အခုဆိုတာ လေးပါးပဲ ရှိသေးတယ်. . .၊ တစ်ပါး လိုနေသေး တယ်. . .” ဟု ပြောကာ ကုလားထိုင်ပေါ်မှဆင်း၍ ကြမ်းပြင်ပေါ်တွင် လက်အုပ်ချီကာ ထိုင်ခိုင်းပြီးလျှင် ဗိုလ်မှူးပရယ်လာကိုယ်တိုင် အဟံဘန္တေမှ ၍ ငါးပါးသီလကို တိုင်ပေးလေ၏။ မိုးသီးလည်း လိုက်၍ ဆိုရလေ၏။ ပြီးလျှင် တစ်ဖန် မိုးသီးကို ငါးပါးသီလ ပြန်၍မေးလေ၏။ ထိုအခါ မိုးသီးသည် ကောင်းစွာ ပြန်ဆိုနိုင်ပြီဖြစ်၏။ ထို့နောက် ဗိုလ်မှူးပရယ်လာက -

“မင်း အခုပြုတ်ကျန်တဲ့ သီလတစ်ပါးဟာ ဘိန်းဘင်း၊ ကစော်၊ သော်စာ၊ အရက်ကို ရှောင်ကြည်ပါမည် ဆိုတဲ့ အပိုဒ်ပဲကွ၊ ဒီအပိုဒ်ကို မေ့ကျန် ခဲ့တယ်ဆိုတော့ မင်းဟာ အရက်သောက်တတ်တယ်ထင်တယ်. . .”ဟု မေးလေ၏။ ထိုအခါ မိုးသီးက -

“မသောက်တတ်ပါဘူး ဗိုလ်မှူး. . .”ဟု ပြန်၍ ဖြေလိုက်ရာ ဗိုလ်မှူး ပရယ်လာက -

“တပ်မတော်သားဖြစ်သွားရင် အမြဲဆောင်ထားရမယ့် စာအုပ်က စစ်သည်တော်ကျင့်ဝတ်ကွ. . .၊ အဲဒီမှာ ကျင့်ဝတ် ခြောက်ဆယ်ရှိတယ်ကွ၊ အဲဒါကို တစ်ခုမှ ချိုးဖောက်လို့ မရဘူး. . .”ဟု ပြောပြီးလျှင် မိုးသီးအား ပြန်၍လွှတ်လိုက်လေ၏။

နောက်တစ်နေ့တွင် အောင်စာရင်းကပ်ထားသဖြင့် မိုးသီးသွားရောက် ကြည့်ရှုရာ ထိပ်ဆုံးတန်းမှ အောင်နေသည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရလေ တော့သတည်း။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

### မိုးသီး သွားတစ်ချောင်းနဲ့သွားခြင်း

တပ်မတော်မှတ်တမ်းရုံးတွင် မိုးသီးတို့ကဲ့သို့သော အင်တာဗျူးအောင်မြင်သောသူများ အများအပြားရှိလေ၏။ ၎င်းတို့အားလုံးကို မင်္ဂလာဒုံရှိ တပ်မတော် လေ့ကျင့်ရေးကျောင်းသို့ အခြေခံစစ်ပညာသင်ယူရန်အတွက် စစ်ကားကြီးများဖြင့် ပို့လိုက်လေတော့၏။ ထိုတပ်သို့ရောက်လျှင် အခြားသောတပ်သား သစ်များနှင့် ရောပစ်လိုက်လေ၏။ ထို့နောက် တပ်ခွဲ ၅ ခွဲတွင် မှူး၍ထားလိုက်လေ၏။

မိုးသီးသည် တပ်ခွဲ ၅ တွင် ရောက်သွား၏။ ထိုတပ်ခွဲတွင် ၎င်းနှင့် ရင်းနှီးသည့် တပ်သားသစ် ရဲဘော် မောင်ဆင့်သည် ရောက်နှင့်နေပြီဖြစ်၏။ မောင်ဆင့်သည် မိုးသီးကိုမြင်လျှင် မြင်ချင်း -

"ကိုရင်မိုးသီး. . . ပြန်ဆုံရသေးတယ်ဗျာ. . .၊ ကျုပ်ကတော့ တစ်ခါ တည်းကွဲသွားပြီ အောက်မေ့နေတာ. . ."ဟု အားရဝမ်းသာ ပြောလေ၏။ ထိုအခါ မိုးသီးကလည်း -

"မောင်ဆင့်ရာ . . . မင်းနဲ့ငါ ဘယ်တော့မှမကွဲပါဘူး၊ တပ်တွေခွဲပြီး ပို့လိုက်လို့ တခြားစီရောက်သွားရင်လည်း ငါ့အနေနဲ့ မင်းဆီကို စာအမြဲ တမ်းထည့်မှာပါ. . ."ဟု ပြန်၍ပြောလေ၏။

"ကိုရင်မိုးသီးက စာတတ်တယ်လေ. . .၊ တစ်နေ့မှာ ဗိုလ်ဖြစ်သွားမှာ. . .၊ ကျုပ်ကတော့ ရဲဘော်ကကို တက်ရမှာမဟုတ်ဘူး. . .၊ စာမှမတတ်ဘဲ. . ."ဟု မောင်ဆင့်ပြောလေ၏။ ထိုအခါ မိုးသီးက -

"ဒီမှာ မောင်ဆင့် . . .၊ မင်း ငါ့ကို ဗိုလ်ဖြစ်မယ်လို့ထင်သလား" ဟု မေးရာ မောင်ဆင့်က-





"ထင်တာပေါ့ဗျ . . .၊ ကျုပ်အထင်က မလွဲပါဘူး ကျိန်းသေဖြစ်မှာပါ . . ."ဟု ပြန်၍ ဖြေလေ၏။

"တကယ်ပြောတာလား"ဟု မိုးသီးက မေးရာ မောင်ဆင့်က-

"ကျုပ်တစ်ယောက်တည်းထင်တာမဟုတ်ဘူး၊ ကျုပ်တို့ ရေနံချောင်းကလာတဲ့ အုပ်စုတစ်စုလုံးက အဲဒီလို ထင်ကြေးပေးနေတာ. . ."ဟု ပြုံးပြုံးလေး ပြန်၍ဖြေလေ၏။

"ဒီလိုဆိုလည်း ပြီးရောကွာ. . .၊ ဗိုလ်ဖြစ်မယ်ဆိုတာ သေချာရင် အခုကတည်းက ငါ့ကို အလေးပြုကွာ၊ ကိုရင်မိုးသီးလို့ မခေါ်နဲ့၊ ဗိုလ်ကြီး မိုးသီးလို့ခေါ်ကွာ. . ."ဟု အတည်ပေါက်နဲ့ နောက်လိုက်လျှင် မောင်ဆင့်က-

"ခေါ်ပါ့မယ် ဗိုလ်ကြီး. . ."ဟု ပြန်၍ဖြေလေ၏။

"နောက်တစ်ခု ပြောရဦးမယ် မောင်ဆင့်ရေ၊ ဒီမှာ ထမင်းယူတဲ့ အခါ၊ လက်ဖက်ရည်ယူတဲ့အခါ တန်းစီးရတယ်ကွ. . .၊ ငါက မင်းတို့ ဗိုလ်ကြီးဆို တော့ တန်းမစီချင်ဘူးကွ. . .၊ မင်းတို့ပဲ ငါ့အစားတန်းစီပြီး ယူပေးကြ. . ." ဟု မိုးသီးက ပြောလိုက်ရာ မောင်ဆင့်က-

"စိတ်ချပါ ဗိုလ်ကြီး. . .၊ ကျွန်တော်တို့အားလုံး လုပ်ပေးပါ့မယ်. . ." ဟု ပြောလေ၏။ ထိုအချိန်မှစ၍ မောင်ဆင့်တို့ လူစုသည် မိုးသီးအားတွေ့လျှင် အလေးပြုကြကုန်၏။ စကားပြောလျှင်လည်း ဗိုလ်ကြီးဟု ထည့်၍ပြောကြကုန်၏။ အခြားသောရဲဘော်သစ်များသည် ထိုအချင်းအရာကို နားမလည်နိုင်ဘဲ ရှိကြကုန်၏။ ထို့ကြောင့် မောင်ဆင့်ကို မိုးသီးအား ဘာကြောင့် ဗိုလ်ကြီးလို့ ခေါ်တာလဲ၊ ဘာကြောင့် အလေးပြုတာလဲဟု မေးကြရာ မောင်ဆင့်က-

"ကိုရင်မိုးသီးက ဆယ်တန်းထိ တက်ခဲ့တယ်ဗျာ. . .၊ အဲဒီတော့ ဗိုလ်ဖြစ်စရာရှိရင် သူက ဖြစ်မှာပေါ့၊ ကျုပ်တို့က ဘယ်ဖြစ်ပါ့မလဲ. . .၊ အဲဒါကြောင့် ဗိုလ်ဖြစ်မှ ဗိုလ်ကြီးလို့ ခေါ်မနေတော့ဘူး. . .၊ အခုကတည်းက ကြိုပြီးတော့ ခေါ်ထားတာ၊ ဗိုလ်ဖြစ်မှ အလေးပြုမနေတော့ဘူး၊ အခုကတည်းက ကြိုပြီး အလေးပြုထားတာ. . ."ဟု ပြောလိုက်ရာ ကျန်လူများသည် ဝါးခနဲ ပိုင်း၍ ရယ်မောကြလေ၏။ တစ်ယောက်သော ရဲဘော်သစ်ကမူ-

"အံ့ရောကွာ. . .၊ ရဲဘော်သစ်အချင်းချင်း ဗိုလ်ကြီးခေါ်ပြီး အလေးပြု တာ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ မိုးသီးတို့ကတော့ ပိုင်ပေါ့ကွာ. . .၊



www.burmeseclassic.com

www.burmeseclassic.com



ဘူဘူချင်း တစ်နဲ့စားတယ်ဆိုတာ ဒါမျိုးပေါ့”ဟု မကျေနပ်သောလေသံဖြင့် ပြောလေ၏။ ထိုအခါ မိုးသီးက -

“မင်းလည်း ငါ့လိုလုပ်ကြည့်ပါလား၊ ဖြစ်မလားလို့”ဟု ပြောလိုက်ရာ ရဲဘော်သစ်က -

“မဖြစ်ဘူးကွ. . .၊ လုပ်လည်း မလုပ်ချင်ဘူးကွာ. . .၊ မင်းဟာက ဗိုလ်အစစ်မှမဟုတ်တာ. . .၊ ဗိုလ်အတုပဲ . . .”ဟု ပြန်၍ပြောလေ၏။

“မတုမဟုတ်ဘူးကွ. . .၊ တစ်ခုတော့ရှိတယ်၊ အစစ်လည်းမဟုတ်ဘူးကွ. . .၊ သူတို့ရဲ့နှလုံးသားမှာ ငါ့ကို ဗိုလ်အဖြစ် လက်ခံလိုက်တာ. . .၊ ငါက ဗိုလ်အတုလုပ်တာ မဟုတ်ဘူး. . .၊ ဒါပေမဲ့ တပ်ကပေးတာမဟုတ်တော့ အစစ်လည်း မဟုတ်ဘူးကွ၊ ကျေနပ်ရင် မင်းလည်း ငါ့ကို အလေးပြုကွာ. . .၊ အခုကတည်းက ပြောထားလိုက်မယ်၊ သူတို့ဟာသူတို့ ကျေနပ်ကြလို့ ဗိုလ်တင်ထားတာ မင်းလာပြီး အနှောင့်အယှက်မပေးနဲ့ မင်းအပူတစ်ပြားသားမှ မပါဘူး၊ နားလည်လား၊ အညာသား အခုလစ်တော့. . .၊ မလစ်ရင် ခါးပတ်နဲ့ချတ်ပြီး ရိုက်ရလိမ့်မယ်. . .”ဟု ကြိမ်းလိုက်ရာ ထိုရဲဘော် သစ်ကလည်း နောက်ပြောင်သော သဘောဖြင့်. . .

“ကောင်းပါပြီ ဗိုလ်ကြီးမိုးသီး. . .၊ အခုပဲ လစ်ပါတော့မယ်. . .”ဟု ဆိုကာ အလေးပြု၍ အနီးမှ ထွက်သွားလေတော့၏။ မိုးသီးတို့ လူစုအား ထိုနေ့တွင် ဆရာများရောက်လာပြီးလျှင် ကုတင်ကြီးတစ်လုံးချ၍ ကစ်လေးအောက်ခေါ် စောင်၊ ခြင်ထောင်များ ခေါက်နည်း၊ အိပ်ရာသိမ်းနည်းများ သင်ပြပေးလေ၏။

ထိုနေ့ နေ့လယ်ပိုင်းတွင် ရှေ့ကြည့်၊ သတိ၊ သက်သာ၊ အေးစေလုပ်နည်းများ သင်ပေး၏။ ပြီးလျှင် တန်းစီနည်း၊ ညာညှိနည်း၊ အမှတ်စဉ်မှတ်နည်း တို့ကို သင်ပြပေး၏။ ပြီးလျှင် အမြန်လျှောက်နည်း၊ စာပေးရန် အလေးပြု နည်းတို့ကို မနားတမ်း သင်လေတော့၏။

ညပိုင်းသို့ရောက်လျှင် စစ်တန်းလျားအတွင်း၌ စောင့်ရသော အိပ်ဖန်စောင့်ကင်း၊ မင်္ဂလာဒုံစစ်တပ်အားလုံးကိုပေးသော ရေစင်ကြီးအောက်တွင် စောင့်ရသော ရေစင်ကြီးကင်း၊ တပ်ရင်းရုံးကို စောင့်ရသော ရုံးကင်းများချ၍ တင်းစောင့်ခိုင်းလေ၏။ မိုးသီးသည် မောင်ဆင့်နှင့် အစဉ်သဖြင့် တွဲထားသည် ဖြစ်ရာ မိုးသီးစောင့်ရသော အလှည့်များတွင် ဗိုလ်ကြီး





အိပ်တော့ဟုဆိုကာ မောင်ဆင့်က စောင့်ပေးလေ၏။ ကင်းသမားများအား ထပ်မှ လက်ဖက်ရည် တိုက်သည်ဖြစ်ရာ မောင်ဆင့်သည် မိုးသီးအတွက် လက်ဖက်ရည်ယူခဲ့ပြီးလျှင် ဗိုလ်ကြီးအတွက် ဟုဆိုကာ ပေးလေ၏။

မိုးသီးသည် လက်ဖက်ရည်သောက်ပြီးနောက် အိပ်လေတော့၏။ တစ်ခုသော ထမင်းစားချိန်တွင် မိုးသီးက ထမင်းသွား၍ မယူဘဲ မောင်ဆင့်တို့ လူစုက ထမင်းယူပေးလေ၏။ သင်တန်းနည်းပြဆရာသည် မိုးသီးအား တစေ့တစောင်း ကြည့်နေလေ၏။ မိုးသီးက မသိရှာပေ။ ထိုဆရာသည် မိုးသီးအနီး ကို ရောက်လာပြီးလျှင်-

“ဟေ့ကောင် . . . ဟိုမှာ ထမင်းဝေနေတာ သွားပြီးမယူဘူးလား”ဟု မေးလေ၏။ မိုးသီးက တစ်စုံတစ်ရာ ပြန်၍မဖြေမီခိုက်မှာပင် အနီးရှိ ရဲဘော်တစ်ဦးက-

“ဆရာ ဒီကောင်က ထမင်းတွေဘာတွေ မယူဘူး. . .၊ သူ့ကိုယူပေးတဲ့ တပည့်တွေရှိတယ်. . .”ဟု ပြောလိုက်လျှင် ဆရာလုပ်သူသည် မိုးသီးအား စားတော့ဝါးတော့မည်ကဲ့သို့ ကြည့်လေ၏။

“အောင်မာ. . . ရဲဘော်သစ်အချင်းချင်း ဘက်စမင်းတွေ ဘာတွေထားလို့ပါလား. . .၊ တပ်ထဲမှာလာပြီး ဆရာ မမွေးရဘူး၊ တပည့် မမွေးရဘူးကွ. . .”ဟု ပြောလေတော့၏။ ထိုအချိန်၌ မောင်ဆင့်တို့လူစုသည် မိုးသီးထံသို့ရောက်လာကာ ထမင်းပန်းကန် ပေးသူကပေး၊ ပဲဟင်းထည့်သော မတ်ခွက်ကို ပေးသူကပေး လုပ်ကြလေ၏။ ထိုအခါ စောစောက ရဲဘော်သစ်က-

“ဒီကောင့်တပည့်တွေဆိုတာ အဲဒီကောင်တွေပဲ၊ ထမင်းစားပြီးရင်လည်း ဒီကောင်က ပန်းကန်မဆေးရဘူး၊ အဲဒီကောင်တွေ ဆေးပေးကြတယ်၊ ယူနီဖောင်းလည်း ကိုယ်တိုင်မလျှော်ရဘူး. . .၊ အဲဒီကောင်တွေက လျှော်ပေးကြတယ်. . .”ဟု ထပ်မံ၍ တိုင်ကြားလိုက်ရာ ဆရာသည် သည်းမခံနိုင်တော့ဘဲ မိုးသီး၏ပါးချိတ်ကို လက်သီးဖြင့် ဖြောင်းခနဲ ထိုးချလိုက်လေတော့၏။ မိုးသီးသည် မြေပေါ်သို့ ပုံရက်သား လဲကျသွား၏။ ဤမျှနှင့်မကျေနပ်သေးသော ထိုဆရာသည် တပ်ခွဲမှူးရုံးသို့ သွားရောက်ကာ တိုင်တန်းလေတော့၏။ တပ်ခွဲမှူးမှာ ဗိုလ်ကြီးအဆင့်ရှိသော အင်္ဂလိုး အင်ဒီးယန်းတစ်ယောက်ဖြစ်၏။ သူ၏အမည်မှာ မစ္စတာကင် ဟူ၍ဖြစ်၏။ သူ၏ရာထူးကိုလိုက်၍ ဗိုလ်ကြီးကင်ဟုခေါ်ကြကုန်၏။ ဗိုလ်ကြီးကင်သည် ထိုဆရာ၏ စကားကို နားထောင်ပြီးလျှင် ပြုံး၍နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူလူချင်း ဒီလိုလုပ်ပေးတယ်ဆိုတာ သူ့ကို အတော်လေးကို လေးစား လို့လုပ်ပေးတာပေါ့. . .၊ ဒီကောင်လေးမှာ အရည်အချင်းတစ်ခု တော့ ရှိလိမ့်မယ်၊ ခေါ်ခဲ့. . ."ဟု ဆိုသဖြင့် မိုးသီးအား တပ်ခွဲမှူးရုံးသို့ ခေါ်သွားလေတော့၏။

မိုးသီး၏ ပါးချိတ်သည် ယောင်ကိုင်း၍နေပြီဖြစ်၏။ အံ့သွား တစ်ချောင်းမှာ ကျွတ်လွတ်လုနီး နဲ့၍သွားလေ၏။ မိုးသီးသည် တပ်ခွဲမှူး စားပွဲရှေ့သို့ ရောက်သောအခါ တပ်ခွဲမှူးအား အလေးပြု၍ သတိဆွဲကာရပ် နေလေ၏။ တပ်ခွဲမှူးကိုယ်တိုင်က သက်သာဟု ပြောလိုက်မှ သက်သာ အနေအထားသို့ ပြောင်းလိုက်လေ၏။ တပ်ခွဲမှူးသည် မိုးသီးအား ခြေဆုံး ခေါင်းဆုံးကြည့်ပြီးနောက်-

"ဟေ့ကောင် မှန်မှန်ပြောစမ်း. . .၊ မင်းဟာ ဆိုက်ကိုလော်ဂျီ စိတ် ပညာလေ့ကျင့်ခန်း လေ့ကျင့်ဖူးတယ် မဟုတ်လား"ဟု မေးလိုက်လေ၏။

"သင်ဖူးပါတယ် ဗိုလ်ကြီး. . ."ဟု မိုးသီးက ပြန်၍ဖြေလိုက်လေ၏။

"အဲဒီလိုကျင့်ဖို့ ဘယ်ကနည်းရသလဲ. . ."ဟု တပ်ခွဲမှူးက ပြန်၍ မေးလိုက်လေ၏။

"ကိုနောင်ဘီဆိုတဲ့ ကျွန်တော့်ဆရာက သင်ပေးလို့ ကျင့်ခဲ့တာပါ" ဟု မိုးသီးက ပြန်၍ဖြေလေ၏။ တပ်ခွဲမှူးက-

"ဘယ်လိုကျင့်ခဲ့တာလဲ. . ."ဟု မေးပြန်လေ၏။

"နှစ်မျိုး ကျင့်ရပါတယ်၊ တစ်မျိုးက အက်ဖန်မေရှင်း 'Affirmation' အတည်ပြုတာပါ၊ တစ်မျိုးက 'Visualization' ဗစ်ဇူရယ်လိုက်ဇေးရှင်း အာရုံပြုရတာပါ. . ."ဟု မိုးသီးက ပြန်၍ဖြေလိုက်လျှင် တပ်ခွဲမှူးက-

"မင်းဆရာက ဒါတွေကို ဘယ်ကတတ်ခဲ့တာလဲ. . ."ဟု မေးပြန် လေ၏။

"အိန္ဒိယပြည်နဲ့ နီပေါပြည်က သင်ယူခဲ့တာပါ"ဟု မိုးသီးက ပြန်၍ ဖြေလိုက်လျှင် တပ်ခွဲမှူးက -

"ကောင်းပြီလေ. . .၊ ဒီက သင်တန်းဆင်းသွားတဲ့အခါ အချိန်ရရင် ဆက်ပြီးလုပ်ပေါ့. . .၊ ဒီမှာတော့ မလုပ်ရဘူး၊ အချင်းချင်းလွှမ်းမိုး မထားရဘူး ကြားလား. . ."ဟုဆိုကာ ပြန်၍ လွှတ်လိုက်လေတော့သတည်း။

* * * * *





# အခန်း (၂၀)

## နောင်ဘီက မိုးသီးကို ဂမ္ဘီရပညာ အဆေးစိတ်သင်ခြင်း

မိုးသီးအား တပ်ခွဲမှူးဗိုလ်ကြီးကင်က ခေါ်၍တွေ့ပြီး များမကြာမီ တပ်ခွဲမှူးနှင့် မိုးသီးတို့ စကားပြောကြသည့်အကြောင်းအရာ လုံးစေ့ပတ်စေ့ ည် တပ်ခွဲ(၅) တစ်ခုလုံး ပျံ့နှံ့သွားလေ၏။ အညာသားရဲဘော်တစ်ဦးကမူ-

"ဒီလိုဆိုရင် မိုးသီးက မှော်ဆရာပဲ. . ."ဟု ပြောလိုက်လေ၏။ ကြားရသော ရဲဘော်များက ဝါးခနဲ ဝိုင်း၍ရယ်မောကြလေ၏။ ထိုအချိန် ၍ မိုးသီးအမည်သည် တပ်ခွဲတစ်ခုလုံးတွင် မှော်ဆရာဟု တွင်သွားလေ တော့၏။ သို့ရာတွင် တပ်ခွဲတစ်ခွဲလုံးသည် မိုးသီးအား ခင်မင်ကြကုန်၏။ သီးသည် တစ်စုံတစ်ယောက်နှင့်မျှ ရန်ဖြစ်ခြင်းမရှိ၊ စကားများခြင်းမရှိ၊ ဖော်ရွေရွေ နေတတ်သောကြောင့် အားလုံးက ခင်မင်ကြကုန်၏။ အတူ ဆရာများကလည်း ခင်မင်လေ၏။ မိုးသီးတို့သည် နံနက် (၄)နာရီ သည်နှင့် အိပ်ရာမှ ထရသည်။

ထို့နောက် တပ်ခွဲရှိရာ မင်္ဂလာဒုံမှနေ၍ ဒညင်းကုန်းလမ်းဆုံအထိ ပြေးရလေ၏။ ထိုသို့ပြေးကြရာ မင်္ဂလာဒုံလွန်သည်နှင့် ရေကန်ကြီးတစ်ကန် ၏ ရေလွှဲပေါက်ကြီးကို တွေ့ရလေ၏။ ထိုရေလွှဲပေါက်ကြီးတွေနရာတွင် တဟူးဟူးတိုက်နေ၏။ မိုးသီးတို့ ပီတိပြေးသောအချိန်မှာ အလင်းရောင် ဘဲ မှောင်မည်း၍နေသောကြောင့် တစ်ဦးနှင့်တစ်ဦး သဲသဲကွဲကွဲ င်ရပေ။ မိုးသီးသည် အတန်းလိုက်ပြေးနေရာမှ ရေလွှဲပေါက်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လျှင် အတန်းမှ ထွက်ပြီးနောက် ရေလွှဲပေါက်ကြီး၏ အုတ်ဘောင်ပေါ်
တွင် တက်၍အိပ်လေ၏။ တစ်ခွဲတစ်ခွဲလုံး ဒညင်းကုန်းဘက်သို့ ပြေးသွား
သော်လည်း မိုးသီးမှာ အိပ်စက်၍ကျန်ခဲ့လေ၏။ ဒညင်းကုန်းသို့ ရောက်၍
တပ်ခွဲတစ်ခုလုံး ပြန်၍ လှည့်လာပြီး ရေလွှဲပေါက်ကြီးသို့ တပ်ခွဲပြန်၍
ရောက်လာသောအခါမှ မိုးသီး က အိပ်ရာမှထ၍ အတန်းထဲသို့ ပြန်၍
ဝင်လိုက်၏။ ထိုအချင်းအရာကို သိသော အညာသားရဲဘော်က -

"မှော်ဆရာ . . . အိပ်ရေးဝရဲ့လား . . "ဟု မေးလေ၏။

"ကောင်းကောင်းအိပ်ရတယ်ကွ . . ၊ မင်းတို့အားလုံး ဒညင်းကုန်း
အထိရောက်သွားပြီး ပြန်လာတာ တစ်နာရီကျော်တယ်ကွ . . ၊ မင်းတို့ပြန်
လာတဲ့အသံကြားမှ ငါကထလိုက်တယ် . . ၊ အဲဒီအချိန်အထိ အိပ်နေတာပေါ့
ကွ . . "ဟု မိုးသီးက ပြန်၍ပြောလိုက်လျှင် ထိုအညာသား ရဲဘော်က-

"ငါလည်း မနက်ဖြန် မင်းနဲ့အတူ အိပ်မယ်ကွ . . "ဟု ပြောလေ
၏။ နောက်တစ်နေ့ ပီတီပြေးချိန်တွင် ရေလွှဲပေါက်ကြီး၌ မိုးသီးတစ်ယောက်
တည်း မဟုတ်ပေ။ အညာသားရဲဘော်ပါ လိုက်၍အိပ်၏။ နောက်တစ်နေ့
တို့တွင်ပါ တစ်ယောက်ပြီးတစ်ယောက် တိုးလာလေတော့၏။ ထို့ကြောင့်
ရေလွှဲပေါက် အုတ်ဘောင်ပေါ်တွင် အိပ်စရာနေရာမရှိတော့အောင်
ဖြစ်သွားတော့၏။ တစ်နေ့တွင် ပီတီမောင်းသောဆရာသည် ဒညင်းကုန်း
လမ်းဆုံသို့အရောက် ပြန်၍မကွေ့ဘဲ လူစစ်လေတော့၏။ လူအမြောက်
အများလိုနေသည်ကိုတွေ့လျှင် အမှောင်ထဲတွင် ပြန်မလာတော့ဘဲ မိုးလင်းထိ
စောင့်ပြီးမှ ပြန်လာရာ ကျန်ရစ် ခဲ့သော မိုးသီးတို့လူစုသည် အတန်းထဲသို့
ပြန်၍ဝင်မရဘဲ အကုန်လုံးမိလေ တော့၏။ တပ်ခွဲသို့ပြန်ရောက်သောအခါ
ရေလွှဲပေါက်တွင် ကျန်ခဲ့သောရဲဘော် အားလုံးကို တစ်ချက်စီရိုက်၏။
အရိုက်ခံရသူပေါင်း တစ်ဒါဇင်ရှိ၏။ မိုးသီးကို မူ အပြစ်စ၍ ကျူးလွန်သူဖြစ်၍
အချက်ပေါင်းတစ်ဒါဇင်ရိုက်လေ၏။ မိုးသီး ၏ တင်ပါးမှာ စုတ်ပြဲ၍
သွေးများထွက်နေပြီဖြစ်၏။ ရဲဘော်တစ်ဦးက မီးဖိုမှ နနွင်းအနည်းငယ်ယူ၍
မိုးသီး၏ တင်ပါးမှ သွေးထွက်သောနေရာများကို သိပ်ပေးလေ၏။
မိုးသီးသည် ပင်ပင်ပန်းပန်းတက်ရသော အခြေခံစစ်ပညာ သင်တန်းကို
ပြီးဆုံးအောင် တက်နိုင်ခဲ့လေ၏။ ပင်ပန်းသောကြောင့် မိုးသီး၏ ရင်၌ရှိသော
ချစ်သူအား လွမ်းမောစိတ်သည် ပေါ်မလာတော့ဘဲ ငုပ်လျှိုး ပျောက်ကွယ်





သွားလေ၏။ ခွင့်ရသောရက်များတွင် မိုးသီးသည် မင်္ဂလာဒုံမှ ရန်ကုန်သို့
ပြန်လာပြီး ကိုနောင်ဘီထံသို့ သွားလေ၏။ ကိုနောင်ဘီသည် မိုးသီး အား
ရောက်လာလျှင် ထမင်းဟင်းကောင်းစွာချက်၍ ကျွေးလေ၏။ မိုးသီး
နှင့်စကားပြော၏။ ထို့နောက် မိုးသီးက ဆက်လက်၍သင်ပေးရန်ရှိသော
ဂန္ဓာရီ အတတ်များကို သင်ပေးလေ၏။

"ဒီလို မောင်မိုးသီးရဲ့ . . ၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့ဘဝဟာ နိမ့်ကျနေ
တယ် . . ၊ အဲဒီကနေပြီးတော့ ဘဝသစ်ရောက်ဖို့ ဂန္ဓာရီအတတ်ကိုအဆင့်နဲ့
သင်သွားရမယ်၊ ပထမဆုံးသင်ရမယ့် သင်ခန်းစာဟာ ကြီးကျယ်သောဘဝ
သစ်ကိုဖြစ်စေရန် မမြင်ရသော ဂန္ဓာရီလောကမှ တန်ခိုးကို ဖော်ထုတ်ရယူနည်း
လို့ပြောရမှာပဲ . . ၊ အင်္ဂလိပ်လိုတော့ ဒီလိုမှတ်ထားကွာ . . . (How to Tap the Power of the Invisible occult world for a Great New Life)"ဟု ကိုနောင်ဘီက စိတ်ရှည်လက်ရှည် ပြောပြလေ၏။

"အဲဒီသင်ခန်းစာက စုစုပေါင်း (၁၆)ဆင့်ရှိတယ်ကွ"ဟုလည်း
ကိုနောင်ဘီက ပြောလေ၏။ ထို့ကြောင့် မိုးသီးက-

"ဒီလိုဆိုတော့ ကျန်တဲ့အဆင့် (၁၅)ဆင့်ကို သင်ပေးရဦးမှာပေါ့ . . "
ဟု မိုးသီးက မေးလိုက်လေ၏။

"အခုပြောတာက အဆင့်(၁)ကွ၊ အဆင့်(၂)က နေ့စဉ်သုံးဖို့ ဂန္ဓာရီ
နဲ့ လျှို့ဝှက်စွမ်းအင်တွေ အကြောင်းပဲ၊ အတိအကျပြောရရင် အင်္ဂလိပ်လို
ဒီလို ခေါ်တယ်ကွ . . . (How to work Miracles in your Daily Living Through you occult Powers) ကွ . . . "ဟု ကိုနောင်ဘီက သင်ခန်းစာ၏
ခေါင်းစဉ်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရှင်းပြလေ၏။ ထိုအခါ
မိုးသီးက-

"သင်ခန်းစာနှစ်ခုရဲ့ခေါင်းစဉ်ကိုတော့ရပြီ အစ်ကိုနောင်ဘီ၊
သင်ခန်း စာနံပါတ်(၃)ကိုပဲ ပြောပြဖို့လိုတော့တယ်"ဟု မိုးသီးက ပြောလိုက်
လျှင် ကိုနောင်ဘီ-

"ဂန္ဓာရီစွမ်းအင်နဲ့ အနာဂတ်ကို ကြိုတင်သိတဲ့နည်းပဲကွ . . ၊
အင်္ဂလိပ် လိုပြောပြရင်တော့ (How to Predict the Future Through occult Forces) "ဟု ပြောပြန်လေ၏။ ထိုအခါ မိုးသီးက -



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းစဉ် (၁၅)ခုစလုံးကို အခုပြောမှာလား အစ်ကိုနောင်ဘီ. . ." ဟု မေးလိုက်ရာ ကိုနောင်ဘီက-

"ခေါင်းစဉ်အားလုံးကို အခုမပြောပါဘူး၊ အခု သုံးခုပဲ ပြောမှာပဲ မင်းအနေနဲ့ မင်္ဂလာဒုံလေ့ကျင့်ရေးကျောင်းမှာ အခြေခံစစ်ပညာသင်ပြီးရင် ဘောက်ထော်မှာရှိတဲ့ တပ်ကြပ်ကြီးစာရေး သင်တန်းကို တက်ရဦးမယ်၊ အဲဒီ သင်တန်းကလည်း (၆)လလောက် တက်ရဦးမယ်ထင်တယ်၊ အဲဒီသင်တန်း တက်နေတုန်း ပိတ်ရက်တွေမှာ ဒီကိုလာခဲ့. . .၊ (၁၅)ခုစလုံးကို သူ့အဆင့်နဲ့ သူ ကြေသွားတဲ့အထိ သင်ပေးလိုက်မယ်. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက -

"သင်တာကတော့ ဟုတ်ပါပြီ၊ တချို့အကြောင်းအရာတွေကျတော့ ကျွန်တော်အနေနဲ့ ခေါင်းနဲ့မမှတ်နိုင်ဘူး. . .၊ မှတ်စုစာအုပ်ယူလာပြီး ရေးမှတ်မှ ဖြစ်မယ်၊ အဲဒါကို အစ်ကိုနောင်ဘီ ခွင့်ပြုပါသလား. . ."ဟု မေးလိုက်ရာ ကိုနောင်ဘီက-

"ရေးမှတ်ဖို့တော့ ခွင့်ပြုမယ်ကွာ. . .၊ မင်း အနေနဲ့ သိထားဖို့က လောကီပညာတွေကို လူတိုင်းနားလည်တဲ့၊ ဖတ်လို့ရတဲ့စာမျိုးနဲ့ မရေးထားရဘူးကွ. . .၊ မလိုအပ်တဲ့လူဆီကို ရောက်သွားရင် ဒီပညာတွေဟာ လူကို ဒုက္ခပေးနိုင်တယ်၊ ဗမာလိုမှတ်မှတ်၊ အင်္ဂလိပ်လိုမှတ်မှတ် မှတ်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ရိုးရိုးတန်းတန်း မှတ်လို့မရဘူး၊ အရပ်ခေါ်တော့ ဂှက်စာပေါ့ ကွာ. . .၊ တို့အခေါ်ကတော့ ဝိဇ္ဇာလက်ရေး (Magic Writting) နဲ့ရေးရ မယ်ကွ. . .၊ ဒါမှ သူများ ဖတ်လို့မရမှာ. . ."ဟု ပြောလိုက်လေ၏။ ထိုအခါ မိုးသီးက-

"အဲဒီလက်ရေး ရေးနည်းကို ကျွန်တော့်ကို သင်ပေးရဦးမှာ ပေါ့. . ." ဟု မေးလိုက်လေ၏။

"သင်ရမှာပေါ့ မောင်မိုးသီးရယ်. . .၊ ပထမဆုံးသင်ရမှာက ဗျည်းကြေးရေးနည်းသင်ရမှာကွ. . .၊ ဗျည်းကိုတော့ ရိုးရိုးရေးမယ်၊ သရကိုတော့ ကြေးဂဏန်းနဲ့ရေးရမယ်၊ ဘယ်လိုရေးရမလဲဆိုတော့ -





"သရကြေး ရေးနည်းပုံစံ"

တစ်မှာ ရေးချ
နှစ်မှာ လုံးကြီးတင်
သုံးတွင် ဆံခတ်
လေးတွင် တစ်ချောင်းငင်
ငါးတွင် နှစ်ချောင်းငင်
ခြောက်တွင် သဝေ
ခုနှစ်တွင် အသတ်
ရှစ်တွင် ပင့်ရစ်
ကိုးတွင် ဝစ္စပေါက်၍ပြသသည်
မှတ်ပါတစ်ခန်း ကြေးဂဏန်းတည်း။

"ဗျည်းကြေးရေးနည်းပုံစံ"

၁ = ါ ရေးချ
၂ = ိ လုံးတင်
၃ = ီ လုံးတင်ဆံခတ်
၄ = ု တစ်ချောင်းငင်
၅ = ူ နှစ်ချောင်းငင်
၆ = ေ သဝေထိုး
၇ = ံ အသတ်
၈ = ျ ပင့်ရစ်
၉ = ့ သေးသေးတင်၊ အောက်မြစ်
၉ = း ဝစ္စနှစ်လုံးပေါက်
္ = ္ ရိုးရိုးဟထိုး
= ် နောက်ပစ်
၀ = ွ ဝဆွဲ

ဒီလိုမောင်မိုးသီးရဲ့ လက်ဘထဲမှာ မပါတာ ဟထိုးမပါဘူးကွာ. . .၊ ဟထိုးကို ရိုးရိုးဟထိုးအတိုင်း ရေးရတယ်၊ ပြီးတော့ ဝဆွဲမပါဘူးကွာ. . .၊



www.burmeseclassic.com

www.burmeseclassic.com



ဝဆွဲ ကို အောက်က မဆွဲဘူး၊ ဗျည်းအပေါ်ကို တင်တယ်ကွာ. . .၊ နောက်ပစ်ကို လည်း အပေါ်က နောက်ပစ်မရေးဘူးကွာ. . .၊ အောက်ကနေ ပြန်ပြီးရေး တယ်၊ ဒါပဲ သီးခြား မှတ်ဖို့လိုတယ်. . .”ဟု ပြောလိုက်လေ၏။ ထိုအခါ၌ မိုးသီးသည် ထိုဗျည်းကြေး ရေးနည်းဖြင့် ကိုနောင်ဘီဆိုသောစာကို အောက်ပါ အတိုင်း ဗျည်းကြေးဖြင့် ရေးလိုက်လေတော့၏။

ကိုနောင်ဘီသည် ဖတ်ကြည့်ပြီးနောက် -

“မောင်မိုးသီး. . . မင်းဟာ ဉာဏ်ရည်ဉာဏ်သွေးအတော်ကောင်းတာပဲ၊ ချက်ချင်းကို ရေးတတ်သွားတာကိုး. . .”ဟု ချီးမွမ်းလိုက်လေတော့သတည်း. . .။

* * * * *

ဂမ္ဘီနည်းတွေက သိရုံနဲ့အစွမ်းထက်တာ မပဟုတ်ဘူး. . .
လေ့ကျင့်မှ အစွမ်းထွက်တာ . . .





# အခန်း (၂၁)

## မိုးသီးပရဆေလာကကို စတင်ခြေချဝင်စားခြင်း

မိုးသီးတို့သည် မင်္ဂလာဒုံရှိ အမှတ်(၁)တပ်မတော် လေ့ကျင့်ရေးကျောင်း တွင် အခြေခံစစ်ပညာ သင်ယူခဲ့ပြီးနောက် သင်တန်းဆင်းပွဲကျင်းပကာ သင်တန်း ဆင်းပေးလိုက်လေ၏။ ထို့နောက်တွင်ကား မိုးသီးတို့ကဲ့သို့ တပ်မတော်တွင် တပ်ကြပ်ကြီးစာရေးလုပ်မည့်သူများအား စစ်ကားကြီးများဖြင့်တင်ကာ ဘောက်ထော်ရှိ တပ်ကြပ်ကြီးစာရေးသင်တန်းကျောင်းသို့ ပို့လိုက်လေတော့ ၏။ ထိုသင်တန်းကျောင်းသို့ရောက်လျှင် နံနက်ပိုင်း၌ စစ်ပညာများ ဆက်တက်၍သင်ကြားရ၏။ ထိုသို့ သင်ကြားပြီးမှ စာသင်ခန်းဆောင်များအတွင်းသို့ သွင်းကာ တပ်မတော်တွင် လုပ်ကိုင်ရမည့် ရုံးလုပ်ငန်းများကို သင်ကြားပြသ လေတော့၏။ သင်ကြားရသော ဘာသာရပ်များမှာ များပြားလှ၏။

ရုံးစာရွက်များကို ဖိုင်တွဲနည်း (Filing System)၊ ဖိုင်စာရင်းပြုနည်း (File Index)၊ စာအမှတ်ထိုးနည်း၊ ဝင်စာထွက်စာများ မှတ်ပုံတင်နည်း၊ တန့်သတ်စာ၊ လျှို့ဝှက်စာ၊ ထိပ်တန်းလျှို့ဝှက်စာများ ရေးနည်းကိုပါ သင်ပြလေ၏။ ထိုဘာသာရပ်ထဲတွင် လက်နှိပ်စက်ရိုက်နည်း အတတ်ပညာ ပါဝင်သည်းပါ၏။ သင်ပြပေးသော ဘာသာရပ်အားလုံးကို တစ်လလျှင် တစ်ကြိမ် စာမေးပွဲစစ်၏။

အမှတ်များကိုပေါင်း၍ တပ်စုတစ်စုနှင့်တစ်စု အပြိုင်အဆိုင်ပြုလုပ်စေ၏။ တစ်စုတိုင်းကို အရောင်များသတ်မှတ်ပေးပြီးလျှင် သင်တန်းကျောင်းရှေ့ အလံတိုင်တွင် အမှတ်အများဆုံးရရှိသော တပ်စု၏အလံကို



www.burmeseclassic.com

www.burmeseclassic.com



ထိပ်မှတင် လေ၏။ ထို့နောက် ဒုတိယ၊ တတိယအလံများ တင်လေ၏။ ဘိတ်ဆုံး ဖြစ်နေသော တပ်စုကို သင်တန်းကျောင်းအုပ်ကြီးက လာရောက်၍ ဆူလေ၏။ သင်တန်း ကျောင်းအုပ်ကြီးမှာ ဗိုလ်ကြီးကျော်သိန်းဟူ၍ ဖြစ်၏။ လစဉ်ဆိုသလို တပ်စု တစ်စု သို့မဟုတ် တစ်စုတစ်စုကို ဆူနေရမြဲဖြစ်၏။

မိုးသီးတို့အဖွဲ့ မင်္ဂလာဒုံလေ့ကျင့်ရေးကျောင်းတွင် တက်ရသည်လောက် မပင်ပန်းသော်လည်း လွန်စွာမှ အလုပ်ရှုပ်ကြရ၏။ မိုးသီးသည် စနေ၊ တနင်္ဂနွေ တပ်ပိတ်ရက်များတွင် 'အောက်ပတ်စ်'တောင်း၍ ကိုနောင်ဘီ၏အိမ်တွင် အိပ်လေ၏။ ကိုနောင်ဘီသည် မိုးသီးအား အောင်မြင် ချမ်းသာအောင် ပြုလုပ်ပေး နိုင်သည့် ဂမ္ဘီရနိယာမများကို အသုံးပြုနည်း 'How to use Dynamic occult laws that can make you successful and rich ကို သင်ပေးလေ၏။ ထိုသို့သင်ပြပေးရာတွင် ကိုနောင်ဘီက-

"ဒီလို မောင်မိုးသီးရဲ့. . .၊ ဂမ္ဘီနည်းတွေက သိရုံနဲ့ အစွမ်းထက်တာ မဟုတ်ဘူး. . .၊ လေ့ကျင့်မှ အစွမ်းထွက်တာကွ. . .၊ လေ့ကျင့်တဲ့အခါမှာလည်း ကိုယ်ရဲ့နာမည်ကို အင်္ဂလိပ်လို စာလုံးပေါင်းပြီး နာမည်က အက္ခရာတွေကို ဂဏန်းတန်ဖိုးရေးပြီး ကိုယ်ကျင့်တဲ့အခါမှာ ဘယ် ဘက်ပေါင်ပေါ်မှာ တင်ပြီး ကျင့်ရတယ်ကွ. . ."ဟုပြောပြီးလျှင် အင်္ဂလိပ်စာလုံးများ၏ တန်ဖိုးများကို အောက်ပါအတိုင်း ရေးပြလေ၏။

| အက္ခရာ | | ဂဏန်း |
|---|---|---|
| A.I.J.Q.Y | = | ၁ |
| B.K.R | = | ၂ |
| C.G.L.S | = | ၃ |
| D.M.T | = | ၄ |
| E.H.N.X | = | ၅ |
| U.V.W | = | ၆ |
| O.Z | = | ၇ |
| F.P | = | ၈ |





အထက်ပါအတိုင်း ရေးပြပြီးလျှင် ကိုနောင်ဘီက -

"အဲဒါတွေ အလွတ်ကျက်ထားရမယ်ကွ. . .၊ ပြီးတော့ မင်းနာမည် [illegible] မိုးသီးဆိုတာကို အင်္ဂလိပ်လိုပေါင်းလိုက်ရင် ဒီလိုဖြစ်မှာပေါ့ကွာ. . .၊

| MOE THEE | |
|---|---|
| ၄၇၅ | ၄၅၅၅ |

ကတ်ပြားလေးတစ်ခုပေါ်မှာ အဲဒီဂဏန်းစဉ်ကို ပီပီသသ [illegible] ရေးရမယ်" ဟု ဆိုကာ အောက်ပါအတိုင်း ရေးပြလေ၏။

| ၄၇၅ | ၄၅၅၅ |
|---|---|

"အဲဒီ ဂဏန်းစဉ်ကတ်ပြားလေးဟာ မောင်မိုးသီးရဲ့ ဂမ္ဘီရဝိဇ္ဇာဉ်ပ [illegible] ကွ. . .၊ ဂမ္ဘီရလေ့ကျင့်တိုင်း မင်းရဲ့ ဘယ်ဘက်ပေါင်ပေါ်မှာ တင်ထား [illegible] မယ်၊ ကျင့်စဉ်ရဲ့ လျှို့ဝှက်ချက်ကတော့ စိတ်ရောကိုယ်ပါ လျှော့ထားရမယ် [illegible] တောင့် တောင်းတင်းတင်းကြီး လုပ်မထားရဘူး. . .၊ အထူးသဖြင့် စိတ်ထဲမှာ [illegible] ရှင်းနေရမယ်၊ ဘာကိုမှ တွေးကြံမထားရဘူး၊ အာရုံပြုတဲ့အခါမှာတော့ [illegible] ကောင်းကင်က ရွှေရောင်ရှိတဲ့ တလက်လက်ဖြစ်နေတဲ့ အရည်တွေဟာ [illegible] မင်းခေါင်းပေါ်ကို သွန်ချပြီး. . .၊ မင်းဦးခေါင်းရဲ့ ငယ်ထိပ်ကနေ အထဲကို [illegible] ရွှေရည်တွေစိမ့်ဝင် နေပြီ၊ မင်းရဲ့ကိုယ်ခန္ဓာကြီးတစ်ခုလုံးဟာ ပုလင်းလွတ် [illegible] ကြီးတစ်ခုလုံးလို သဘောထားရမယ်. . .၊ ပုလင်းလွတ်ကြီးထဲကို ရွှေရောင် [illegible] အရည်တွေပြည့်သွား သလို မင်းခန္ဓာကိုယ်တစ်ခုလုံး နေရာလပ်မကျန် [illegible] ရွှေရောင်တွေနဲ့ပြည့်သွားပြီ လို့ အာရုံမှာထင်မြင်အောင် ယူရမယ်ကွ၊

အဲဒီ ရွှေရောင်အရည်တွေဟာ ဂန္ဓာရီစွမ်းအင်တွေပဲလို့ မင်းစိတ်ကို [illegible] ယုံကြည်ထားရမယ်. . .၊ ပြီးတော့မှ မင်းဖြစ်ချင်တာတွေကို နှုတ်ကဆို [illegible] အတည်ပြုစကားတွေ ပြောရတယ်ကွ. . .၊ အဲဒါဟာ ငါ မင်းကို သင်ပြမယ့် [illegible] ဂန္ဓာရီပညာအဆင့် ၁၄ ဆင့်စလုံးရဲ့ သော့ချက်ပဲကွ. . .၊ ခေါင်းစဉ်သာတွဲ [illegible] သွားမယ်ကွာ. . .၊ လုပ်ရမှာကတော့ ဒါမျိုးချည်းပဲ. . ." ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် ကိုနောင်ဘီသင်ပြသော အကြောင်းအရာများကို ကောင်းစွာ သဘောပေါက်သွားပြီဖြစ်၏။ မိုးသီးသည် ဂန္ဓာရီပညာကို သင်နေသော် လည်း မျက်မြင်လူ့လောကမှလွဲ၍ အခြားသော ပရလောကရှိသည်ကို များစွာအယုံ အကြည်မရှိလှပေ။ တစ်ညတွင် တပ်မှ ညအိပ်ချိန် မီးများ မှိတ်လိုက်သော အခါ ၎င်း၏တစ်စုတစ်စုတည်း၊ ၎င်းနှင့်ကုတင်ချင်းကပ် လျက်တွင် အိပ်သော အောင်ထွန်းဆိုသည့် ရဲဘော်က-

"ဟေ့ . . . မိုးသီး. . .၊ ဒီအချိန် လက်ဖက်ရည်အချိုလေးသောက် ရရင် ကောင်းမယ်ကွာ. . ."ဟု ပြောလေ၏။

"ဒီနားမှာ မိုးလင်းရောင်းတဲ့ လက်ဖက်ရည်ဆိုင် မရှိဘူးကွ. . .၊ တို့. . . မအူကုန်းထိ ကားကြုံနဲ့စီးသွားပြီး သောက်ရင်တော့ ရနိုင်တယ်၊ ခိုးပြီးတော့ ထွက်ရမှာပေါ့ကွာ. . ."ဟု ပြန်၍ပြောလျှင် ၎င်းရဲဘော် အောင်ထွန်း က

"ခိုးပြီးထွက်တာက မခက်ပါဘူးကွာ. . .၊ အိမ်သာရဲ့ ဟိုဘက်မှာ အိမ်သာတွင်းအသစ်တွေ တူးထားတာတွေ့တယ်မဟုတ်လား. . .၊ အဲဒါကို နည်းနည်းလွန်လျှောက်လိုက်ပြီး တပ်ရဲ့သံဆူးကို မ,ပြီး အောက်ကိုလျှော့ချ လိုက်ရင် ကတ္တရာလမ်းကို ရောက်သွားတာပါပဲ. . .၊ အဲဒီကထွက်မယ်. . ." ဟု အကြံပေးလေ၏။ များမကြာမီ၌မှာပင် ၎င်းတို့နှစ်ဦးသည် တပ်အပြင် ကတ္တရာလမ်းပေါ်သို့ ရောက်နေကြပြီဖြစ်၏။ လိုင်းသိမ်း၍ ပြန်လာသော ယုန်တံဆိပ်မော်တော်ကားကို တား၍ မအူကုန်းသို့လိုက်ခဲ့လေ၏။ မအူကုန်း သို့ရောက်လျှင် ကုလားလက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်တစ်ခွက်စီဝယ်၍ သောက်ကြ၏။ ပြီးလျှင် မိုးသီးက ၎င်း၏ဆရာ ကိုနောင်ဘီ၏အိမ်သို့ဝင်၍ စကားပြောဦးမည်ဟု ဆို၏။

သို့ရာတွင် အောင်ထွန်းက မစောင့်နိုင်ကြောင်း၊ တပ်သို့ပြန်နှင့်မည် ဖြစ်ကြောင်း ပြောပြီးလျှင် ကားကြုံကိုတားစီး၍ ပြန်သွားလေတော့၏။ မိုးသီး သည် ကိုနောင်ဘီ၏ အိမ်သို့ဝင်ကာ ကိုနောင်ဘီနှင့်အတူ စကားပြောနေလေ ၏။ ၁၂ နာရီထိုးမှပင် ကားကြုံစီး၍ တပ်သို့ပြန်လာခဲ့လေ၏။ တပ်အနီးသို့ ရောက်လျှင် ကားပေါ်မှဆင်း၍ ခိုးထွက်ခဲ့သော သံဆူးကြိုးအောက်မှ လျှိုကာ ပြန်၍ တက်ခဲ့လေ၏။ ထိုအချိန်၌ လသည် ထိန်ထိန်သာနေ၏။





အသစ်တူးထားသော အိမ်သာကျင်းများ၏ ဘောင်ပေါ်တွင် ဆံပင် အလျားချထားသော အဝတ်အစားမပါသည့် မိန်းမတစ်ဒါဇင်ခန့်သည် စကားလက်ဆုံ ကျနေသည်ကိုတွေ့ရ၏။ မိုးသီးသည် မိန်းမတစ်ဒါဇင်ခန့် အဝတ်အစား မပါသည်ကို တွေ့လျှင် လွန်စွာအံ့သြ၍သွား၏။ ၎င်း၏ စိတ်ထဲ၌ ထိုမိန်းမများသည် အိမ်ထောင်သည်လိုင်းဘက်မှ မိန်းမများတွေ... ယူဆကာ ၎င်း၏အိပ်ဆောင် ဘားတိုက်အတွင်းသို့ဝင်ပြီးလျှင် အောင်ထွန်းတို့ အကျိုးအကြောင်းပြောပြလေ၏။

အောင်ထွန်းက အသံကျယ်ကျယ်လောင်လောင်ဖြင့် ပြန်၍မေးသော ကြောင့် ဘားတိုက်တစ်ခုလုံးရှိ ရဲဘော်များအားလုံး နိုးကုန်လေတော့၏။ ထို့နောက် မိုးသီးအပါအဝင် ဘားတိုက်တစ်ခုလုံးမှ ရဲဘော်များသည် အိမ်သာ တွင်းသစ်ဆီသို့ ပြေးသွားကြလေ၏။ ၎င်းတို့ ထိုနေရာသို့ရောက်သောအခါ၌ တစ်စုံတစ်ယောက်မျှမရှိတော့ပေ။ မိုးသီးလာပြောသောအချိန်နှင့် ပြေးကြည့် ကြသော အချိန်သည် များစွာမကြာလှပေ။ တစ်စုံတစ်ခုကိုမှမတွေ့သောအခါ မိုးသီးကို ဝိုင်း၍ဆဲကြလေ၏။ ၎င်းတို့ ဆူဆူညံညံဖြစ်နေသောကြောင့် ကွာတား တက်တွင်တာဝန်ကျနေသော ကင်းမှူး ဒုတပ်ကြပ်ရောက်လာပြီးလျှင် အတို... အကြောင်းမေးလေ၏။ မိုးသီးက ၎င်းတွေ့သောအချင်းအရာကို ပြောပြ၏။ ထိုအခါ ကင်းမှူးက -

"အဲဒီမိန်းမတွေ ဘယ်ကလို့ မင်းထင်သလဲ"ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

"အိမ်ထောင်သည်လိုင်းဘက်က ဖြစ်မှာပေါ့"ဟု ဖြေလိုက်ရာ... ကင်းမှူးက-

"မဟုတ်တာကွာ. . .၊ အိမ်ထောင်သည်လိုင်းမှာနေတဲ့ တို့မိန်းမတွေ... က မကောင်းတဲ့မိန်းမတွေမဟုတ်ဘဲ. . .၊ ဒီဘက်ကိုလာဖို့မပြောနဲ့. . . ရတ်စောင်းတောင် ထိုးကြည့်ခွင့်မရှိဘူး၊ ဒါပေမဲ့ မင်းတွေ့တာကိုလည်း မဟုတ် ဘူးလို့ ငါမပြောလိုပါဘူး၊ မနှစ်က မိုးတွင်းမှာ ငါဒီမှာကင်းကျလို့ ဒီအိမ်သာ ဘက်ကိုလာတော့ မင်းတွေ့သလိုပဲ၊ မိန်းမလေးယောက်ကို တွေ့တယ် ကွ. . .၊ အဝတ်အစားမပါဘူး. . .၊ လူတွေမဟုတ်ဘူးဆိုတာတော့ ငါအတတ် သိတယ်၊ ဒါကြောင့် ငါ့လက်ထဲက ရိုင်ဖယ်နဲ့ပစ်လိုက်လို့ပျောက်သွားတယ်...

www.burmeseclassic.com



အဲဒီသေနတ် ဖောက်မှုနဲ့ရုံးတင်ပြီး ငါအရေးယူခံရတယ်ကွ. . .၊ ဒီမှာ ညီလေး. . . မင်းတွေ့ တာတွေဟာ လူတွေမဟုတ်ဘူးကွ. . .၊ နာနာဘာဝ တွေ. . .! သွားအိပ်တော့. . . ”ဟု ပြောလိုက်လေ၏။ ထိုအချိန်မှစ၍ မိုးသီး၏ ဦးနှောက်တွင် နာနာဘာဝနှင့် မျက်မြင်လောကမဟုတ်သော အခြားတစ်ပါးသော လောက ကို စိတ်ဝင်စားသွားလေတော့သသတည်း။

(မှတ်ချက် ။ ။ *မိုးသီးတွေ့မြင်ခဲ့ရသော အကြောင်းအရာများမှာ ကားလမ်းမှ မြင်နိုင်သော ထိုဝင်းအတွင်းရှိ ထန်းပင်နှစ်ပင်အနီး၌ဖြစ်၏။ ယခု ထက်တိုင် ထိုထန်းပင်နှစ်ပင်ရှိနေဆဲဖြစ်၏။*

စာရေးသူ)

* * * * *

**“စိတ်ကူးလို့သာ ရစမ်းပါစေ...၊ အဲဒါတွေအားလုံးကို ပိုင်ဆိုင်ခွင့်ရှိတယ်”**

That Which man may conceive he can achieve.





# အခန်း (၂၂)

## မိုးသီးစလင်းမြို့သို့ပြောင်းရပြီ

မိုးသီးတက်ရောက်နေသော တပ်ကြပ်ကြီးစာရေးသင်တန်းသည် ပြီးဆုံးသွားပြီဖြစ်၏။ ထို့ကြောင့် သင်တန်းဆင်းပွဲ ကျင်းပလေ၏။ သင်တန်းဆင်းပွဲတွင် မှတ်တမ်းရုံး၏ တပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးကြီးဘကြင်က အောင်လက်မှတ်များ ချီးမြှင့်ပေး၏။ သင်တန်းဆင်း မိတ်ဆုံ ညစာစားပွဲအတွက် တရုတ်ဟိုတယ်ကြီးတစ်ခုမှ ထမင်းဟင်းများ မှာယူကာ ငါးယောက်တစ်ဝိုင်း တည်ခင်းကျွေးမွေးလေ၏။

မိုးသီးတို့သည် ပျော်ရွှင်စွာ သင်တန်းဆင်းခဲ့ကြလေ၏။ ထိုသင်တန်းဆင်းပြီး တစ်ရက်နှစ်ရက်ခန့် ကြာသောအခါ၌ မည်သူ မည်သည့်အပ်ကို သွားရောက်ရမည်ဆိုကာ စာရင်းကို သင်တန်းကြော်ငြာသင်ပုန်းတွင် ထား၍ ကပ်လေတော့၏။ မိုးသီးသည် ထိုကြော်ငြာကို သွားရောက်၍ ကြည့်လေရာ ၎င်းအနေနှင့် မကွေးမြို့တွင်ရှိသော ခြေလျင်တပ်ရင်း (၂၁)သို့ သွားရောက် ရမည်ဖြစ်ကြောင်း သိရလေတော့၏။

ထိုသို့သိပြီးနှစ်ရက်ကြာသောအခါတွင် ၎င်းအား ‘မိုးမန့်အော်ဒါ’ ဒါ ခရီးသွာလာခွင့်အမိန့်စာတစ်စောင်နှင့်အတူ ရန်ကုန်မှ ပြည်သို့ရထားစီးခွင့် ဝရမ်းလက်မှတ် တစ်စောင်၊ ပြည်မှ မကွေးသို့ သင်္ဘောစီးခွင့် ဝရမ်းလက်မှတ်တစ်စောင်ထုတ်ပေးလိုက်လေ၏။ ၎င်းနှင့်အတူ ခရီးလမ်းကြုံသွားရမည့် အခြားသောသူများလည်းရှိသေး၏။ ထိုခရီးလမ်းကြုံများတွင် ၎င်းနှင့် တစ်စုတစ်စုတည်းနေခဲ့ရသော အုန်းကျော်ဆိုသူပါ၏။ ၎င်းအုန်းကျော်သည်



www.burmeseclassic.com

www.burmeseclassic.com



နောက်အခါ ရဲတပ်ဖွဲ့သို့ အသွင်ကူးပြောင်းသွားလေ၏။ ၎င်းမှာ ထိုအချိန်က ပခုက္ကူတပ်ရင်းသို့သွားရောက်ရန် ဖြစ်၏။ မိုးသီးသည် အုန်းကျော်တို့နှင့် အတူ မီးရထားဖြင့် ပြည်သို့လိုက်ပါခဲ့လေ၏။ ပြည်သို့ရောက်လျှင် ပြည်တွင်းရေကြောင်း ပိုင်သင်္ဘောဖြင့် မကွေးသို့လိုက်ပါခဲ့လေ၏။ ပြည်မှ ထွက်၍ မကွေးမရောက်မီ စပ်ကြား မင်းလှခံတပ်ရှိသော မင်းလှမြို့တွင် သင်္ဘောသည် ခေတ္တဆိုက်ကပ် လေ၏။ ထိုသို့ဆိုက်ကပ်စဉ် မိုးသီးသည် ခံတပ်အတွင်းသို့ လှည့်လည်ကြည့်ရှု လေ၏။ ထိုသို့ကြည့်ရှုနေစဉ်အတွင်း ၎င်းကဲ့သို့ပင် ကြည့်ရှုနေသော ပုခုံးတွင် ရာထူးဆိပ် ဘားနှစ်ဘား တပ်ထားသော ဗိုလ်အဆင့်ရှိ အရာရှိတစ်ဦးနှင့်တွေ့ လေ၏။ ထိုအရာရှိက-

"ဆရာလေး ဘယ်တပ်ကလဲ. . . "ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

"ကျွန်တော် အခုမှ သင်တန်းကနေ မကွေးမှာရှိတဲ့ ခလရ(၂၁)ကို 'ပိုစတင်'ကျလာတာပါ. . . "ဟုပြောရာ ထိုအရာရှိက-

"ကိုယ်လည်း ခလရ(၂၁)ကပဲ၊ ကိုယ့်နာမည် ဗိုလ်ကျော်လှတဲ့. . . ရန်ကုန်ကိုပြန်ပြီး လက်ထပ်တာလေ. . .၊ ဟိုမှာ လာနေတာ ကိုယ့်မိန်းမပဲ ကိုယ့်မိန်းမနဲ့လည်း မိတ်ဆက်ပေးရဦးမယ်. . . "ဟုဆိုလေ၏။ ထို့နောက် ၎င်း၏မိန်းမ ဒေါ်အုန်းမြင့်နှင့်လည်း မိတ်ဆက်ပေးလေ၏။ ထိုသို့ မိတ်ဆက်ပေးပြီးလျှင် နာမည်ဘယ်လိုခေါ်သလဲဟု မေးလေ၏။

"ကျွန်တော့်နာမည် မိုးသီးပါ ဗိုလ်ကြီး. . . "ဟု ပြန်၍ ဖြေလိုက်လျှင် ဗိုလ်ကြီးကျော်လှက -

"ဒီသင်္ဘောနဲ့လာတာပဲမဟုတ်လား. . .၊ ကိုယ်တို့လည်း ဒီသင်္ဘောနဲ့လေ. . .၊ မကွေးရောက်ရင် အိမ်ကိုလိုက်ခဲ့ဦး ဆရာမိုးသီး. . . အိမ်မှာ ထမင်းစားပြီးမှ တပ်ကို အတူတူသွားကြတာပေ့ါ. . .၊ ကိုယ်တို့ မကွေး ပြည်တော်သာတိုက်တန်းမှာ နေတယ်. . .၊ တစ်ခု မေးရဦးမယ်. . . ဆရာ မိုးသီးမျက်နှာကို မြင်ဖူးသလိုပဲ. . .၊ ဘယ်မှာ မြင်ဖူးမှန်းတော့ မသိပါဘူး" ဟု ပြောလေ၏။

"ဗိုလ်ကြီးကို ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်၊ ကျွန်တော်တို့ အိမ်နားက စာတိုက်ဗိုလ်ကြီး ဦးလှပေါ် အိမ်ကို ခဏခဏလာတာတွေ့ဖူး ပါတယ်. . . "ဟု မိုးသီးက ပြောလိုက်လျှင် ဗိုလ်ကြီးကျော်လှက-





"ဟုတ်ပြီ . . . ဟုတ်ပြီ၊ အဲဒီစာတိုက်ဗိုလ်ကြီးရဲ့ မွေးစားသား ကိုအောင်သန်းက ကိုယ်နဲ့ ကျောင်းနေဖက် သူငယ်ချင်းပဲ၊ အဲဒီ ဦးလှပေါ်ကြီး နဲ့သားအရင်းကလည်း တပ်ထဲမှာ အရာရှိပဲ၊ ဗိုလ်ကြီးချစ်ဆွေတဲ့၊ ကယားတပ် မှာ ရောက်နေတယ်၊ ဪ. . . ဆရာမိုးသီးက အဲဒီနားကကို. . . "ဟု ပြောဆို သော၏။ ထို့ကြောင့် မိုးသီး နှင့် ဗိုလ်ကြီးကျော်လှ တို့သည် ရင်းနှီးသောအဖြစ် သို့ ရောက်သွားလေ၏။

၎င်းတပ်သို့ရောက်လျှင် တပ်ရင်းအရာခံဗိုလ်ဖြစ်သူ ဆရာ ဦးသူညွန့် ဆိုသူထံတွင် သတင်းပို့လေ၏။ ထိုအခါ ၎င်းတပ်ရင်းအရာခံ ဗိုလ်ကြီးက 'ဆာဂျင်မက်စ်'ဟု အလွယ်ခေါ်သော အရာခံဗိုလ်နှင့် တပ်ကြပ် ကြီးများရိပ်သာတွင် နေထိုင်စားသောက်ရန်အတွက် နေရာချပေးလေ၏။ နောက်တစ်နေ့ တပ်ရင်းရုံးတက်ချိန်တွင် တပ်ရေး ဗိုလ်ကြီးဖြစ်သူ ဗိုလ်ကြီး ညွန့်အောင်ကျော် ထံတွင် သွားရောက်သတင်းပို့ရာ-

"လောလောဆယ်တော့ 'ကျူ'ဌာနမှာပဲနေဦး. . .၊ ပြီးတော့မှ တပ်ခွဲတွေကိုပို့ရမယ်. . .၊ ဒီမှာပို့ရမယ့်လူတွေ အများကြီးရှိတယ်၊ စောင့်ထားတုံးပဲ. . .၊ ဗိုလ်သင်တန်းက ဆင်းလာတဲ့ ဒုဗိုလ်တွေလည်း ရှိတယ်၊ သူတို့တွေကိုလည်း တပ်ခွဲတွေကို ပို့ရမှာ. . .၊ တစ်ရက်တည်း အတူပို့မှာ. . .၊ ခဏစောင့်ရဦးမယ်၊ တပ်ရင်းမှူးလည်း ခရီးသွားနေတယ်၊ တပ်ရင်းမှူးပြန်လာမှ ဒီအလုပ်ကို လုပ်ရမယ်. . . "ဟု ရှင်းပြလေ၏။ မိုးသီးသည် 'ကျူ' ခေါ် တပ်ထောက်ရုံးတွင် နေရလေ၏။ နေ့စဉ်နံနက်တိုင်း ထိုရုံးသို့ပင် သွားရောက် ရလေ၏။ ထိုရုံးခန်းတွင် တပ်ကြပ်ကြီးစာရေး အဆင့်(၁) ဆရာဘဇော်ဆိုသူ ရှိ၏။ ၎င်းဆရာဘဇော်မှာ စာရေး ဆရာ အောင်သော်က ခေါ် ရေတပ်မှ ဗိုလ်မှူး ဘသော်၏ ညီအရင်းဖြစ်၏။ အခြား တစ်ယောက်မှာ တပ်ကြပ်ကြီးစာရေး အဆင့်(၂) ဆရာရပ်ချ်ဟု ခေါ်သည့် ခေါ်ရခါးလူမျိုး ဆရာတစ်ဦးပင်ဖြစ်၏. ၎င်းတို့နှစ်ဦးစလုံးသည် ဖော်ရွေ သူများဖြစ်၏။ ထို့အတူ ရုံးလုပ်ငန်းကျွမ်းကျင် သူများလည်း ဖြစ်ကြကုန်၏။ တပ်ရင်းမှူးပြန်ရောက်သောအခါ၌ မိုးသီးတို့ အား တပ်ခွဲအသီးသီးသို့ ခွဲခြား၍ပို့လေ၏။ မိုးသီးနှင့် ဒုဗိုလ်တင်ဦးဆိုသူ သည် စလင်းမြို့ရှိ တပ်ခွဲ(၂)သို့ သွားရောက်ရမည်ဖြစ်သည်။ ဗိုလ်ကြီးတင်ဦး က-



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကို (၈)နာရီ ဒီကထွက်မယ်. . .၊ အဆင့်သင့်လုပ်ထားရမယ် ဆရာမိုးသီး. . ."ဟု ပြောလေ၏။ ထိုကြောင့် မိုးသီးက-

"စိတ်ချပါ ဗိုလ်ကြီး. . .၊ အဆင်သင့်ဖြစ်နေပါစေ့မယ်. . ."ဟု ပြန်၍ ပြောလေ၏။

နောက်တစ်နေ့မနက် ၈ နာရီတွင် ၎င်းတို့နှစ်ဦးအား တပ်မှ ဂျစ်ကား ဖြင့် လိုက်၍ပို့လေ၏။ ပွင့်ဖြူမြို့သို့ရောက်သောအခါ၌ မြန်မာထမင်းဆိုင် တစ်ဆိုင်သို့ဝင်ကာ ထမင်းစားကြလေ၏။ ထိုထမင်းဖိုးကို ဗိုလ်ကြီးတင်ဦးကပင် ရှင်းပေးလေ၏။ ဆိုင်မှ ထွက်လာသောအခါ၌ စီးကရက်တစ်ဗူးကို ဆရာမိုးသီး အား လှမ်း၍ပေးလိုက်လေ၏။

"စီးကရက်ပေးတာဟာ ဆေးလိပ်သောက်တတ်ရက်သားနဲ့ လမ်းမှာ ဒုက္ခရောက်မှာစိုးလို့ ပေးတာ. . .၊ ကိုယ်ကတော့ ကွမ်းလည်းမစားတတ်ဘူး ဆေးလိပ်လည်း မသောက်တတ်ဘူး. . .၊ ဆေးလိပ်သောက်တာကိုလည်း အားမပေးချင်ဘူး. . ."ဟု ပြောလေ၏။ မိုးသီးသည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ပြုံး၍နေလေ၏။ စလင်းမြို့သို့ရောက်လျှင် ရှေးခေတ် ဗိုလ်တဲကြီးတစ်လုံးတွင် တပ်စွဲထားသော ခလရ(၂၁)၏ တပ်ခွဲ(၂) အဆောက်အဦးကို တွေ့ရလေ၏။

ထိုအချိန်က ထိုတပ်ခွဲ၏ တပ်ခွဲမှူးမှာ ဗိုလ်ကြီး မင်းစိန်ဆိုသူဖြစ်၏။ ဗိုလ်ကြီးတင်ဦးသည် မိုးသီးတို့နှစ်ဦး ရောက်လာပြီဖြစ်ကြောင်း ၎င်းကပင် ဦးဆောင်၍ သတင်းပို့လေ၏။ ဗိုလ်ကြီးတစ်ဦးနေရမည့်နေရာနှင့် မိုးသီးနေရမည့်နေရာကို တပ်ခွဲမှူးက ညွှန်ပြလေ၏။ တပ်ခွဲတွင် မည်သို့မည်ပုံနေထိုင်ရမည်ကို နှစ်ဦးစလုံးအား ဩဝါဒ အနည်းငယ်ပေးလေ၏။

မိုးသီးကိုမူ ရုံးအလုပ်များလုပ်ရန်အတွက် စားပွဲ၊ ကုလားထိုင်၊ လက်နှိပ် စက်၊ ဗီရို စသည်များန အပ်နှံလေတော့၏။ ရှိနှင့်ပြီးသော တပ်ကြပ်ကြီးစာရေး မျိုးသန့်ထံမှ လက်ခံရမည့် ရုံးသုံးပစ္စည်းများကို စာရင်းနှင့်တကွ လက်ခံခိုင်း လေ၏။ ထိုသို့ လက်ခံခိုင်းပြီးလျှင် စာရင်းတွင်ရှိသော်လည်း ထိုပစ္စည်း အမှန် တကယ်ရှိမရှိကို မိုးသီးအား စစ်ဆေးခိုင်း လေ၏။ စစ်ဆေး၍ အမှန်တကယ် ရှိသောအခါကျမှပင် လက်မှတ်ထိုး လွှဲပြောင်းလက်ခံခိုင်းလေ၏။ စာရွက်ဖောက်စက်နှင့် စာအုပ်ချုပ်သော





ခိုယာ ပျောက်ဆုံးနေသဖြင့် မိုးသီးက လက်မှတ် မထိုးဘဲ တပ်ခွဲမှူးကို သိပြီရာ တပ်ခွဲမှူးက တပ်ကြပ်ကြီးစာရေး မျိုးသန့်အား ထိုပစ္စည်းနှစ်ခု သယ်သူခိုင်းလေ၏။ ထို့နောက်မှ မိုးသီးအား လက်မှတ်ထိုးခိုင်း၍ ထိုပစ္စည်းကို လိုက်လေ၏။

ဗိုလ်ကြီးတင်ဦးကိုမူ ရှေ့တန်းစစ်မြေပြင် ရန်သူသတင်းထောက် လှမ်း ရေးများပြုလုပ်ရန် 'အိုင်အို'ခေါ် ထောက်လှမ်းရေးအရာရှိနေရာတွင် နှင့်အပ် လိုက်လေ၏။ ဗိုလ်ကြီးတင်ဦးသည် တပ်ခွဲမှူးရုံးခန်းအတွင်း ရှိ ထပ်သားများ ရိုက်ကာ စလင်းမြို့နှင့် စလင်းမြို့၏ ကျေးလက် ရွာများ မြေပုံကို မိုးသီး အား ရေးဆွဲခိုင်းလေတော့၏။ မိုးသီးလည်း ရေးဆွဲရလေ၏။ ရေးဆွဲပြီးသောအခါ၌ ရန်သူများ လှုပ်ရှားနေသည့် အခြေအနေများကို ၎င်းက ထိုမြေပုံပေါ်တွင် ရေးသွင်းလေ၏။ ထိုသို့ရေးသွင်းရာတွင် ရောင်စုံခဲတံများဖြင့် ရေးသွင်းခြင်း ဖြစ်၏။

ဗိုလ်ကြီးတင်ဦးသည် ထိုတပ်သို့ရောက်သည့် အချိန်မှစ၍ ဖိုင်တွဲ အထောင်းများကို ရှာဖွေဖတ်ရှုကာ သောင်းကျန်းသူစာရင်းများကို ပြုစုလေ တော့၏။ ထိုဒေသတွင် သောင်းကျန်းသူ ဗကပခေါင်းဆောင် ကိုဌေး ခေါ် ရဲဘော်ဌေး၏ လှုပ်ရှားမှုမှာ လွန်စွာများပေ၏။ ဗိုလ်ကြီးတင်ဦးသည် ရန်သူ ထံမှ ဖမ်းမိသော ရဲဘော်ဌေး၏ ဓာတ်ပုံအသေးလေးကို အကြီးချဲ့ကာ ထိုရုံးခန်း အတွင်း၌ ချိတ်ဆွဲထားလေ၏။ မိုးသီးမှာလည်း ယခင် တပ်ကြပ်ကြီးစာရေး မျိုးသန့်မလုပ်ဘဲ ချန်ထားသောအလုပ်ကြွေးများကို စာရင်းပြုလုပ်ပြီးလျှင် အလုပ်လုပ်ရတော့၏။ ဗိုလ်ကြီးတင်ဦးသည် မိုးသီးအား လွန်စွာခင်မင်လေ၏။ အချိန်အားလျှင် ခေါ်၍ စကားပြောတတ်လေ၏။ စားစရာ သောက်စရာ များ ရှိလျှင် 'ဆရာမိုးသီးလာ. . .'ဟုဆိုကာ ကျွေးမွေးတတ် လေ၏။ ထို့ကြောင့် ထိုအချိန်မှစ၍ ညီအစ်ကို အရင်းတမျှ ရင်းနှီးခင်မင်ကြလေ တော့သတည်း. . .။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"မိုးသီး . . .

ဟိုကောင်တာစားပွဲနားမှာ ကောင်မလေးနှစ်ယော

ပါလားကွ၊ ဒီဆိုင်ကနဲ့တူတယ်၊ အလုပ်သမားတွေတော့ ဟုတ်ဟန်မတူ ဘူး၊ အဘွားကြီးရဲ့ သမီးတွေနဲ့တူတယ်၊ တစ်ယောက်က ဖြူဖြူလေးတွေ တရုတ်မျက်နှာလေး၊ တစ်ယောက်က ညိုညိုလေးကွ၊ မြန်မာဆန်တယ်"

"ဆရာမိုးသီး. . .

ဒီအဘွားကြီး သမီးနှစ်ယောက်နဲ့တူတယ်. . .၊ အဲဒီ နှစ်ယော အနက် တစ်ယောက်ကို ရအောင်ယူ၊ ပြီးတော့ ဒီဆိုင်မှာနေ၊ အရက်အေး သောက်ရမယ်၊ ခေါက်ဆွဲအလကားစားရမယ်"

"စစ်သားဆိုတာက ခိုင်းတဲ့တာဝန်ကို ကျေပွန်အောင် လုပ်ရုံတာ မကဘူး. . .၊ မခိုင်းတဲ့အလုပ်ကိုလည်း မလုပ်ရဘူး. . ."

**'ကျင်ဖုံ' ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ''ဝှင်တုန်'' ၍ သွားလေ၏**

**'ကျင်ဖုံ' ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ''ဝှင်တုန်'' ၍ သွားလေ၏**

**'ကျင်ဖုံ' ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ''ဝှင်တုန်'' ၍ သွားလေ၏**





## အခန်း (၂၃)

### မိုးသီးနှင့်မီးထွန်းပွဲတော်...

တစ်နေ့တွင် ဗိုလ်ကြီးတစ်ဦးသည် မိုးသီးအားခေါ်၍ -

"သီတင်းကျွတ်ဖို့ ဆယ်ရက်လိုသေးတယ် ဆရာ မိုးသီး၊ အဲဒီသီတင်းကျွတ်ပွဲတော်မှာ ကိုယ်တို့တပ်ခွဲကို မီးအလှထွန်းမယ်၊ ဂိတ်ဝမှာ အလှအပ ဆွဲဆင်ပြီး မီးတွေထွန်းမယ်. . .၊ အဲဒါကို ဖြစ်မြောက်အောင် ဆရာမိုးသီး လုပ်ပေတော့. . ."ဟု ပြောလေတော့သည်။ မိုးသီးသည် လွန်စွာဦးနှောက်ခြောက်၍သွားလေတော့၏။ တပ်ခွဲတစ်ခုလုံး မီးပတ်၍ထွန်းရမှာ များစွာခက်လှပေ။ မီးပုံးအရောင်စုံဝယ်၍ ဖယောင်းတိုင်စိုက်ကာ ထွန်းလိုက်လျှင် ပြီးနိုင်၏။ တပ်ခွဲအဝင်ဂိတ်တွင် အလှအပဖြစ်အောင် ဆင်ရမည်မှာ ခက်ခဲလှပေ။ မိုးသီးသည် တွေ၍ရပ်နေ၏။ ဗိုလ်ကြီးတစ်ဦးက -

"တာဝန်ယူပြီး လုပ်နိုင်သလား၊ မလုပ်နိုင်ဘူးလား၊ ဒါပဲဖြေပါ ဆရာ မိုးသီး. . .၊ မလုပ်နိုင်ဘူးလို့တော့ မဖြေနဲ့. . .၊ အထက်လူကြီးပေးအပ်တဲ့ တာဝန်ကို မဖြစ် ဖြစ်တဲ့နည်းနဲ့တော့ လုပ်ရမှာပဲ၊ အခု စလုပ်တော့. . .၊ ရက် ဆယ်ရယ်မှာ ပြီးမှာ. . ."ဟု ပြောလေတော့၏။ ထို့ကြောင့် မိုးသီးသည် ငွေအနည်းငယ်ထုတ်၍ ဖယောင်းတိုင်များ ဝယ်ပြီးသောအခါ မီးပုံးဝယ်ရန် ဗိုလ်ကြီးတစ်ဦးထံမှ ငွေအနည်းငယ်ထုတ်ပြန်၏။ ထိုအခါ ဗိုလ်ကြီးတစ်ဦးက-



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမလုပ်ရဘူး ဆရာမိုးသီးရဲ့. . .၊ အဲဒီလုပ်ငန်းကြီးတစ်ခုလုံး
ဘယ်လောက်ကုန်ကျမယ်ဆိုတဲ့ အက်စတီမိတ်ငွေကို ခန့်မှန်းလိုက်. . .
ပြီးတော့ အဲဒီငွေအားလုံးကို ထုတ်ထားလိုက်၊ တစ်ခါဝယ် တစ်ခါထုတ်မလုပ်
နဲ့. . .၊ ပြီးတော့ 'ရ၊ သုံး၊ ကျန်'စာရင်းလုပ်ပြီး ကိုယ်ဆီကထုတ်ထားတဲ့ငွေကို
'ရ'ထဲမှာထည့်၊ သုံးလိုက်တဲ့ငွေကို 'သုံး'ထဲမှာထည့်. . .၊ ကျန်တဲ့ငွေကို 'ကျန်'
ထဲမှာထည့်. . .၊ စာရင်းကို အဲဒီလိုနှုတ်သွား. . .၊ ပြီးတော့ ဒီအလုပ်ဟာ
ဆရာမိုးသီးတစ်ယောက်တည်း ဟိုပြေး ဒီပြေး ပြေးနေလို့မရဘူး. . .
အစစ်စတန့် လို့ခေါ်တဲ့ လက်ထောက်တစ်ယောက် ထားရမယ်. . .၊ အဲ
ကိုယ်ထားတဲ့ လက်ထောက်ကလည်း ကိုယ်ခိုင်းတာကို အတိအကျလုပ်ပြီး
လုပ်မယ့် လူကို ရွေးပြီးထားရတယ်. . .၊

သူကိုတော့ ခိုင်းရမယ်. . .၊ ပြီးရင်တော့ သူလုပ်တာတွေကို ကိုယ်က
ပြန်ပြီးစစ်ရမယ်. . .၊ သူက တလွဲတွေလုပ်လည်း သူ့မှာ တာဝန်မရှိဘူး. . .
ဆရာမိုးသီးအပေါ်မှာပဲ တာဝန်တွေ ပုံပြီးကျလာမယ်၊ နားလည်လား. . .
ဆရာမိုးသီးအတွက် အခက်အခဲတွေ့မှာက တပ်ဂိတ်မှာ အလှဆင်ဖို့ကိစ္စ
အခက်အခဲရှိမှာ. . .၊ အဲဒါကိုလည်း အခက်မကြံနဲ့. . .၊ ပုံကြမ်းတစ်ခုဆွဲ
လိုက်၊ ပြီးတော့ အဲဒါကိုလုပ်တတ်တဲ့ လက်သမားဆရာတွေခေါ်ပြီး ခိုင်းလိုက်
ဒါလေးတောင် မလုပ်တတ်ဘူးဆိုရင် ဘာမှလုပ်တတ်မှာမဟုတ်တော့ဘူး. . .
ပြီးအောင်လုပ်. . .၊

ဆရာမိုးသီး သဘောပေါက်ထားဖို့က ဒါ. . . စစ်တပ်
ရေဒူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်. . .၊ ဘာဆင်ခြင်
မပေးနဲ့. . .၊ အဲဒီ သီတင်းကျွတ်လပြည့်နေ့မှာ တပ်ရင်းမှူးကြီးကိုယ်တိုင်
ရောက်လာနိုင်တယ်၊ ဆရာမိုးသီးလုပ်ထားတဲ့ အလှအပတွေ မြင်သွား
စေ. . .၊ လမ်းတစ်လျှောက် မှရှိတဲ့ တခြားတပ်ခွဲတွေကလည်း သူတို့နည်း
သူတို့ဟန်တွေနဲ့ မီးထွန်းပွဲတွေ လုပ်ကြမှာ. . .၊ အလှတွေဆင်ကြမှာ. . .
အဲဒါတွေထက်လှအောင် လုပ်ပြလိုက်. . .၊ ဆရာမိုးသီးဟာ ကိုယ့်ရဲ့ညီ
အရွယ်လောက်ရှိလို့၊ သနားလို့ အလုပ် လုပ်ခိုင်းလိုက်တာ၊ ဖြစ်အောင်
လုပ်ပြ. . ."ဟု လေးလေးနက်နက်ပြော၍ အလုပ်တာဝန် ပေးလေတော့၏။

မိုးသီးလည်း တပ်ဂိတ်ဝ အလှဆင်ရန်အတွက် ပုံကြမ်းတစ်ခု ရေးဆွဲ



လေ၏။ ပြီးနောက် လက်သမားများအား သွားရောက်တွေ့ဆုံ
ဆောင်နိုင်ခြင်း ရှိမရှိ မေးမြန်းရာ လက်သမားဆရာက-

"ကျုပ်တို့က အိမ်ပဲဆောက်တတ်တာ ဆရာလေးမိုးသီးရဲ့. . .၊ ခင်ဗျား
ဆွဲထားပုံက ထောင့်ကျိုးတွေ သိပ်ပြီးများတာပဲ. . .၊ အိမ်လည်းမဟုတ်ဘူး
ပြီးတော့ နဖူးစည်းမှာကလည်း ဖောင်းကြွလုပ်ပေးရမယ်၊ ဗန္ဒုလဦးထုပ်
အားရမယ်၊ လှံရယ်ကလည်း ပါရဦးမယ်ဆိုတော့ ခက်ပါတယ်ဗျာ. . .၊ မလုပ်
တတ်ပါဘူး. . ."ဟု ငြင်းဆိုကြလေ၏။ ထို့ကြောင့် မိုးသီးသည် စက်ဘီးတစ်စီး
ထိုသူကာ စလင်းသချိုင်းသို့ သွားရလေ၏။ ထိုသချိုင်းအနီးတွင် ဘုန်းကြီး
လောင်တိုက် ချိုးတတ်သူများရှိလေ၏။

မိုးသီးက ထိုသူများနှင့်တွေ့ဆုံပြီးလျှင် ဂိတ်အလှဆင်မည့်ပုံစံကို
ပြလိုက်ရာ ထိုလူများက-

"ဆရာမိုးသီးရယ်. . .၊ ခင်ဗျားဟာ ဘာမှမခက်ပါဘူး. . .၊ ဘုန်းကြီး
ပျံလောင်တိုက်လောက်မှမခက်တာ. . .၊ နှစ်ရက်တည်းနဲ့ပြီးသွားမယ်"ဟု
ပြောကြလေ၏။

ထို့ကြောင့် မိုးသီးလည်း ထိုဘုန်းကြီးပျံလောင်တိုက် ချိုးတတ်သော
သူများအား ခေါ်လာပြီးလျှင် လိုအပ်သော သစ်များ၊ သံများ ဝယ်ပေးလေ၏။
ထိုသူများသည် တပ်ခွဲဂိတ်ဝတွင် ကျင်းများတူးကြ၏။ တိုင်များစိုက်ကြ၏။
သစ်များဖြတ်ကြ၏။ ရိုက်ကြ၏။ ညနေပိုင်းသို့ရောက်သောအခါ၌ အရိုးထည်
ပေါ်သွားပြီဖြစ်၏။ ထိုအခါ လောင်တိုက်လုပ်သူများက-

"အရိုးထည်တော့ပြီးသွားပြီ. . .၊ အပေါ်ကပိတ်ဖို့ကတော့
မာလကျင် ခေါ်တဲ့ နွားခြင်ထောင်ပိတ်အုပ်ပြီး ရိုက်ရမယ်. . .၊ ပြီးတော့
ဆေးသုတ်ပြီး ခင်ဗျားရေးချင်တာ ရေးပေတော့. . ."ဟု ပြောလေ၏။

ထို့ကြောင့် မိုးသီးသည် မင်းဘူးသို့ သူ၏လက်ထောက်ကိုလွှတ်
မာလကျင်ပိတ်အုပ် ဝယ်ရလေ၏။ မာလကျင်ပိတ်အုပ် ရောက်လာသော
အခါ၌ လောင်တိုင်လုပ်သူများသည် ထိုပိတ်အုပ်ကို သစ်သားအရိုးထည်များ
ပေါ်တွင် အုတ်၍ရိုက်လေ၏။

နောက်တစ်နေ့နံနက်တွင် အလုံးစုံပြီးသွားပြီ ဖြစ်၏။ ထိုအခြေ
အနေကို ဗိုလ်ကြီးတစ်ဦးက ထွက်၍ကြည့်ပြီးလျှင်-

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမိုးသီးရေ. . .၊ မီးထွန်းပွဲဂိတ်ဝပုံကြမ်းကတော့ ပေါ်သွားပြီ၊ အခုတစ်ဆင့်မှာကို အတော် ကြည့်လို့ကောင်းနေပြီ. . .၊ အပေါ်ကဆေးခြယ်ဖို့ပဲလိုတော့တယ်. . .၊ အဲဒါလည်း အဆင်ပြေအောင်လုပ်ပေတော့. . .၊ ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ. . ."ဟုမေးလေ၏။ ထိုအခါ မိုးသီးက-

"အထက်တန်းကျောင်းမှာ ပန်းချီနည်းပြရှိတယ် ဗိုလ်ကြီး. . .၊ သူ့ကိုပဲ ရေးခိုင်းရမှာပဲ. . .၊ အောက်ခံဆေးသုတ်တာလောက်ကတော့ ကျွန်တော်နဲ့ ရဲဘော်တွေ ဝိုင်းပြီးလုပ်ပါ့မယ်၊ အပေါ်က အရုပ်တွေ၊ စာတွေ တတော့ အဲဒီ ဆရာကိုခိုင်းရမှာပဲ"ဟု ပြန်၍ဖြေလျှင် ဗိုလ်ကြီးတစ်ဦးက-

"ဒါပေါ့၊ ဆရာမိုးသီးရ. . .၊ တပ်မတော်ကလုပ်ရင် ဘာမဆိုဖြစ်ပါတယ်ဗျာ. . .၊ ကိုယ်မလုပ်တတ်ရင်လည်း လုပ်တတ်တဲ့လူတွေခေါ်ပြီး ခိုင်းတတ်ဖို့လိုတယ်၊ နားလည်လား"ဟု ပြုံးပြုံးကြီးပြောလေ၏။

"နားလည်ပါတယ် ဗိုလ်ကြီး. . ."ဟု မိုးသီးက ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ ဗိုလ်ကြီးတစ်ဦးက -

"ဆရာမိုးသီး တစ်ခုစဉ်းစားကြည့်လေ. . .၊ ကျုပ်တို့ တပ်မတော်ဆိုတာ စစ်သားပဲ၊ အခုအခါမှာ အိမ်စောင့်အစိုးရအဖြစ်နဲ့ အစိုးရတက်လုပ်နေပြီ. . .၊ ဖြစ်တာပဲမဟုတ်လား၊ လိုတာက လုပ်ချင်တဲ့ စေတနာပဲလိုတယ်. . .၊ ကျန်တာတွေ သူ့ဟာသူ ဖြစ်သွားလိမ့်မယ်၊ ရဲရဲသာလုပ်. . .၊ မှားမှာ မကြောက်နဲ့. . ."ဟု မိုးသီးအား အားပေးစကားပြောလေ၏။

မိုးသီးသည် အထက်တန်းကျောင်းတွင် ပန်းချီနည်းပြဆရာကို သွား၍ ပင့်လာပြီးလျှင် နာဖူးစည်း၌

**ခြေလျင်တပ်ရင်း (၂၁) တပ်ခွဲ (၂၁) မီးထွန်းပွဲတော်**

ဟူသော စာရေးလိုကြောင်း ထိုအတန်း၏အလယ်တွင် ဖောင်းကြွရိုက်ထားသောနေရာ၌ ဗန္ဓုလဦးထုပ်၊ ဓားနှင့်လှံယှက်ထားသော ပုံရေးလိုကြောင်း ထိုပုံမှာ တပ်မတော်သားတို့၏ လက်မောင်းတံဆိပ်ပုံဖြစ်ကြောင်း ပြောပြ၏။ တိုင်ဖုံးနှစ်ချပ်တွင် တိုက်ပွဲဝင်နေသော တပ်မတော်သားပုံနှစ်ပုံကို တစ်ဖက်တစ်ပုံစီ ထည့်လိုကြောင်း ပြောပြရာ ထိုပန်းချီနည်းပြဆရာက-





"ရပါစေမယ်. . ."ဟု အာမခံပြီးလျှင် မိုးသီးတို့အား အောက်ခံဆေးအကြမ်းသုတ်ခိုင်းပြီး ထိုအပေါ်၌ မီးသွေးခဲဖြင့် လျှောက်၍ ပုံကြမ်းရေးလေ၏။

ထို့နောက် ဆေးရောင်စုံများ ဆွဲလေတော့၏။ အလုံးစုံ ပြီးသောအခါ၌ မိုးသီးက ထိုပန်းချီဆရာအား ဗန္ဓုလဘက်ရှိပုံပေါ်တွင် ပြောင်ပြောင်လက်လက်များ ဖြစ်စေလိုကြောင်းပြောရာ ထိုပန်းချီဆရာက-

"အဲဒီ ပြောင်ပြောင်လက်လက်တွေကို ကျုပ် မလုပ်တတ်ဘူး ဆရာမိုးသီးရဲ့. . .၊ ဒါက ဇာတ်တွေမှာသုံးတာ. . .၊ ဇာတ်သမားတွေနဲ့သွားတွေ့ပြီး မေးပေတော့၊ ဘယ်လိုလုပ်ဆယ်ဆိုတာ ခင်ဗျားသိရလိမ့်မယ်. . ."ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးလည်း စကုမြို့တွင်ရှိသော 'ပုလဲစိန်'ဇာတ်သဘင်အဖွဲ့ဆီသို့ သွား၍မေးမြန်းရလေ၏။

ထိုအခါ ဇာတ်၏ ဦးစီးနာယကဖြစ်သော ပုလဲစိန်နှင့်တွေ့လေ၏။ ရှင်းပုလဲစိန်က-

"ဆရာလေး. . .၊ ဇာတ်ထဲမှာ မီးထိုးလိုက်ရင် ပြောင်ပြောင်လက်လက်ဖြစ်တာက တမာစေးသုတ်ပြီး ဘော်ကြယ်တွေ ဖြူးထားတာဗျ. . .၊ ဘော်ကြယ်က ကုလားကုန်စုံဆိုင်မှာ ရတယ်ဗျ. . .၊ ကျုပ်တို့ဆီမှာတော့ နည်းနည်းရှိသေးတယ်၊ နမူနာအဖြစ်ကြည့်ဖို့ယူသွား. . ."ဟု ဆိုကာ ပုလင်းထဲတွင်ထည့်ထားသော ဘော်ကြယ်မှုန့်အချို့ကို ပေးလိုက်လေ၏။

မိုးသီးလည်း မင်းဘူးမြို့အထိသွား၍ ဘော်ကြယ်မှုန့်နှင့် တမာစေးအချို့ကို ဝယ်ယူပြီးပြန်လာကာ ဗန္ဓုလတံဆိပ်ပေါ်တွင် တမာဆေးသုတ်ပြီး ဘော်ကြယ်မှုန့်များ ဖြူးလိုက်လေ၏။

ညနေပိုင်းသို့ရောက်သောအခါ ကိုအေးဘဆိုသော လျှပ်စစ်ရုံးမှ စာရေးကြီးတစ်ဦးထံသွားပြီးလျှင် မီးအလှဆလိုက်များ ထိုးလိုကြောင်း၊ ထိုးတတ် သူနှင့်ဆက်သွယ်ပေးရန် အကူအညီတောင်းရာ ကိုအေးဘက လိုက်လံဆောင် ရွက်ပေးလေ၏။

ထို့ကြောင့် မီးဆလိုက်နှစ်လုံးဖြင့် ဂိတ်ဝကို ထိန်းလင်းနေအောင် ထိုးနိုင်ခဲ့လေ၏။ မှောင်စပျိုးသည်နှင့် မိုးသီးသည် ရဲဘော်များနှင့် မီးပုံများကို အဆောင်းတိုင်စိုက်ကာ ထွန်းညှိလေ၏။ ဂိတ်ဝတွင်ရှိသော မီးဆလိုက်ကြီးနှစ်လုံးကိုလည်း ဖွင့်လေတော့၏။ စလင်းမြို့ပေါ်မှ လူအမြောက်အမြားလာရောက်၍ ဝိုင်းအုံကြည့်ရှုကြ၏။ ထိုအခါ ဗိုလ်ကြီးတစ်ဦးသည် တပ်ရှေ့မှ ထွက်၍ကြည့်ပြီးလျှင် မိုးသီးအား-



www.burmeseclassic.com

www.burmeseclassic.com



"အိုကေတယ် ဆရာမိုးသီးရေ. . .၊ အတော့်ကိုကောင်းတာပဲ. . .။ ကိုယ်ထင်တာထက်တောင် ကောင်းနေသေးတယ်. . .၊ အရေးကြီးတာ တတော့ ထုတ်ထားတဲ့ ငွေနဲ့သုံးတဲ့ ငွေစာရင်း ကိုက်ဖို့လိုတယ်နော်. . .။ စာရင်းလုပ်ထားဦး" ဟု ပြောလေ၏။ မိုးသီးကလည်း-

"စာရင်းက အဆင်သင့်ပါပဲ ဗိုလ်ကြီး. . .၊ ပိုတဲ့ငွေလည်း အပ်ဖို့ အဆင်သင့်ရှိပါတယ်. . ."ဟု ပြောလိုက်လျှင် ဗိုလ်ကြီးတစ်ဦးက စာရင်းကို ယူ၍ကြည့်လေ၏။ ထိုသို့ကြည့်ပြီးလျှင်-

"ဆရာမိုးသီး . . . စာရင်းမှာက အသေးစိတ်ပြထားတယ်. . .။ ဒီနေရာကျတော့ အထွေထွေလို့ ပြထားပြန်တယ်၊ အဲဒီလိုမလုပ်ရဘူး. . .။ ကိုယ့်စိတ်ကြိုက် စာရင်းပြထားပြီးပြီပဲ၊ အထွေထွေဆိုတာ အဓိပ္ပာယ်မရှိဘူး ဆရာမိုးသီးလုပ်ထားတာ စာရင်းတော့ဟုတ်တယ်. . .၊ သိက္ခာရှိတဲ့စာရင်း မဟုတ်ဘူး ဖြစ်နေတယ်၊ အထွေထွေဆိုတာကို ဖျက်ပြီး အသေးစိတ်ဖော်ပြ နောင်နောင် စာရင်းလုပ်တဲ့အခါ ထွေထွေဆိုတာ မထည့်နဲ့၊ အထွေထွေ ဆိုတာ စာရင်းမဟုတ်ဘူး၊ လုံးပြီးဖော်ပြထားတာ. . .၊ အဲဒီစာလေး တစ်ကြောင်းကြောင့် စာရင်းသိက္ခာ ပျက်သွားရော. . .၊ စာရင်းပြုစုတဲ့အခါမှာ ဆရာမိုးသီ သဘော ပေါက်ဖို့ကတော့ သဘာဝစာရင်းဖြစ်ရမယ်. . .၊

"အလုပ်သမားများကို ကြက်သားဟင်းနဲ့ ထမင်းချက်ကျွေး ကုန်ကျ စားရိတ် တစ်သောင်း၊ ဘေးက ကွင်းစ ကွင်းပိတ်နဲ့ (တိုက်ကြက်) လို့ရေးလိုက် တာနဲ့ စာရင်းဟာ ပျက်သွားရော၊ ရယ်စရာကြီး ဖြစ်သွား လိမ့်မယ်၊ သဘာဝ လည်းမကျဘူး၊ စာရင်းစစ်တဲ့လူကလည်း လက်မခံဘူး စာရင်းမှာရေဆာ၍ ရေဝယ်သောက်တယ်ဖြစ်ရမယ်. .၊ ရေဆာ၍ ဘီယာဝယ်သောက်ဆိုတာမျိုး မဖြစ်စေရဘူး၊ အဲဒါမျိုး မဖြစ်စေနဲ့ ကြား လား. . ."ဟု ပြောဆိုဆုံးမပြီးလျှင် ဆုချသောသဘောဖြင့် ဗစ်စတာ ပေးရှင်း စီးကရက် တစ်ဗူး ပေးလိုက်လေ၏။

မိုးသီးလည်း ဗိုလ်ကြီးတစ်ဦးအား အလေးပြုလိုက် လေတော့ သတည်း . . .။

* * * * *





# အခန်း(၂၄)

## း ကောင်းမှုစပြီ

မိုးသီး နယ်တပ်သို့ ရောက်နေသည်မှာ (၂)နှစ်ရှိပြီဖြစ်၏။ မိုးသီးတို့ နှင့် တပ်ကြပ်ကြီးစာရေးသင်တန်းဆင်းသည်နှင့် အဆင့်(၃)စာရေး ပေးထား၏။ အဆင့်(၃)မှ စာရေးအဆင့်စာမေးပွဲအောင်လျှင် ဆင့်(၂)သို့ ရောက်၏။ အဆင့်(၂)မှ စာရေးစာမေးပွဲဖြေရ၍ အောင်လျှင် ဆင့်(၁)သို့ ရောက်၏။ လခလည်း တိုး၍ တိုး၍သွား၏။ အဆင့်(၁)မှ ပွဲဖြေ၍ အောင်လျှင် ဒုအရာခံဗိုလ်ရုံးအုပ်ဖြစ်၏။ ဒုအရာခံဗိုလ်ရုံးအုပ် ပွဲအောင်လျှင် 'တပ်ရင်းအရာခံဗိုလ်ရုံးအုပ်'ဖြစ်သွား၏။ လခလည်း တွာသွားပြီဖြစ်၏။

မိုးသီးတို့သည် အဆင့်တိုးစာမေးပွဲဖြေရန်အတွက် ချောက်မြို့ရှိ တာ (၁၀)သို့ သွားရောက်၍ ဖြေဆိုရမည်ဖြစ်၏။ မိုးသီးနှင့်အတူ တတိယတန်းစာရေးမှ ဒုတိယတန်းစာရေးသို့ ဖြေဆိုမည့်သူ (၅) ာက်ရှိ၏။ ဒုတိယတန်းမှ ပထမတန်းအတွက် ဖြေဆိုမည့်သူ ယောက်ရှိ၏။ ၎င်း တစ်ယောက်မှာ ဂေါ်ရခါးအမျိုးသားဖြစ်၏။ ၎င်း၏ ည်မှာမှာ 'ရပ်ရှိကူးမား' ဟူ၍ဖြစ်၏။ အမှန်စင်စစ် ထိုရပ်ရှိကူးမားသည် ၏ဆရာဖြစ်၏။ မိုးသီး အား ရုံးလုပ်ငန်းများကို သင်ကြားပေးသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးနှင့်လည်း လွန်စွာရင်းနှီး ၏။ တစ်ဦးနှင့်တစ်ဦးလည်း အစဉ်သဖြင့် အတူအညပေး၏။ တပူးတွဲတွဲလည်း နေ၏။ ရပ်ရှိကူးမားသည် အိမ်ထောင်ရှိ၏။ ၎င်း၏ဇနီးမှာ ဂေါ်ရခါးအမျိုးသမီးပင်ဖြစ်ကာ အမည်မှာ 'မာယာဒေဗီ' ဟူ၍ ခေါ်၏။ ရပ်ရှိကူးမား၏အိမ်တွင် အမည်ဆိုင်းဘုတ်တစ်ရာ၌ တပ်ကြပ်ကြီးစာရေး ရပ်ရှိကူးမားဟုမတပ်ဘဲ 'တပ်ကြပ်ကြီးစာရေး ရာဇာကုမာ နှင့် ဇနီးမာယာဒေဗီ'ဟူ၍ တပ်လေ၏။

ထို့ကြောင့် မိုးသီးက-

"ဆရာရပ်ရှိ. . . ဘယ့်နှယ့်ကြောင့် ရာဇာကုမ္မာလို့ တပ်ထားတုံး" ဟု မေးရာ ဆရာရှပ်ချ်ကူးမားက-

"ဂေါ်ရခါးအသံထွက်နဲ့ ရပ်ရှိကူးမားကွ. . .၊ မြန်မာအသံထွက်နဲ့ ဆိုရင် ရပ်ရှိဆိုတာက 'ရာဇာ'ကွ၊ ကူးမားဆိုတာ 'ကုမ္မာ'ကိုပြောတာ. . .။ ငါ့မိန်းမ နာမည်ကလည်း ဂေါ်ရခါးအသံထွက်နဲ့ဆိုရင် မာရာဒေ့ဗ်ကွ၊ အဲဒီဒေ့ဗ်ဆိုတာကလည်း မြန်မာအသံထွက်နဲ့ဆိုရင် 'ဒေဝီ'လို့ အဓိပ္ပါယ်ရတယ်ကွ. . ."ဟု ရှင်းပြလေ၏။

***(နောင်အခါ ၎င်းရပ်ရှိကူးမားသည် အရာရှိ ဖြစ်သွား၏။ အရာရှိ ဖြစ်သောအခါ စစ်ကိုင်းမြို့ရှိ တပ်ရင်း(၂၃)ကို ရောက်သွားသည်ဟုသိရ၏။ ဒုဗိုလ်မှူးကြီး ရာထူးဖြင့် အနားယူသွားသည်ဟု ကြားသိရ၏။ ၎င်း၏ဇနီး မာယာဒေဝီမှာ ကွယ်လွန်အနိစ္စ ရောက်သွားသည်ဟု ကြားသိရလေ၏။***

***စာရေးသူ)***

ထို့နောက် မိုးသီးတို့လူစုသည် တပ်ကြပ်ကြီးစာရေးစာမေးမေးပွဲဖြေရန်အတွက် ချောက်မြို့သို့ တစ်စုတဝေးတည်း ထွက်လာကြလေတော့၏။ ထိုအချိန်က ချောက်မြို့တွင် တပ်မဟာ (၁၀)ရှိ၏။ ထိုတပ်မဟာ (၁၀)၏ တပ်မဟာမှူး(ယခင်အခေါ်တပ်မင်း)မှာ 'ဗိုလ်မှူးကြီးကျော်မြင့်'ဆိုသူဖြစ်၏။ ၎င်းသည် 'ဆရာဝန်'ဘွဲ့ရထားသူဖြစ်၏။





သို့ရာတွင် ဆေးတပ်တွင် အမှုမထမ်းဘဲ ခြေလျင်တပ်တွင် အမှုထမ်း ၏။ ၎င်းနှင့်ရင်းနှီးသော စစ်ဘက်အရာရှိများက ၎င်းအား ဗိုလ်မှူးဟုမခေါ်ဘဲ ဆရာဝန်ဖြစ်သည်ကို အကြောင်းပြု၍ 'ဆရာ'ဟု ခေါ်ကြလေ၏။ ထိုအချိန်က စစ်ဦးစီးချုပ်ကိုယ်တိုင် ၎င်းဗိုလ်မှူးကြီးကျော်မြင့်အား 'ဆရာကျော်မြင့်'ဟုပင် ရင်းရင်းနှီးနှီးခေါ်လေ့ရှိ၏။ ၎င်းတပ်မင်းသည် မိုးသီးတို့၏ ခြေလျင်တပ်ရင်း (၂၁)တွင် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်သွားသူဖြစ်၏။

မိုးသီးတို့လူစုသည် တပျော်တပါးကြီး ချောက်မြို့သို့ ခရီးထွက်လာကြဖြစ်၏။ ချောက်မြို့သို့ရောက်လျှင် 'ပျဉ်းမ'ဆိုသော အရပ်သို့သွားရ၏။ ထိုအရပ်မှာ တောင်ကုန်းဖြစ်၏။ ထိုနေရာတွင် တပ်မဟာ (၁၀)ရုံးစိုက်၏။ ဧရာဝတီမြစ်ကို အပေါ်စီးမှမြင်ရသော နေရာဖြစ်၏။ လွန်စွာ ရှုခင်းကောင်း၏။

မိုးသီးတို့လူစုသည် တပ်မဟာ(၁၀)သို့ ရောက်သောအခါ၌ ဆရာရပ်ရှိတ ဦးဆောင်၍ စာမေးပွဲဖြေရန် ရောက်ရှိကြောင်း သတင်းပို့၏။ တာဝန် ကျအရာရှိသည် မိုးသီးတို့၏ မိုးမန့်အော်ဒါခေါ် ခရီးသွားလာခွင့်အမိန့်ကို ဖတ်ကြည့်ရာ ထိုလက်မှတ်တွင် ရိက္ခာလွှဲမပေးလိုက်ကြောင်း တွေ့ရသဖြင့် ၎င်းက-

"ဆရာတို့ရဲ့ မိုးမန့်အော်ဒါမှာ ရိက္ခာ ဒီတပ်ကိုလွှဲမပေးလိုက်ဘူး အဲဒီတော့ နေဖို့နေရာပေးမယ်၊ စာမေးပွဲဖြေဖို့ရက်ကို ဘယ်မှာဖြေမယ်ဆိုတာ နေရာပြပေးမယ်၊ ထမင်းစားဖို့ အစီအစဉ်ကတော့ ဒီတပ်မှာစားဖို့ မရှိဘူး ကိုယ့်အစီအစဉ်နဲ့ကိုယ် အပြင်မှာ ထွက်ပြီးစားကြပေတော့. . ."ဟု ရှင်းပြ ပြီးလျှင် လက်ခံထားလိုက်လေ၏။ ထိုအခါ ဆရာရပ်ရှိတာ မိုးသီးတို့ဘက်သို့ လှည့်ကာ-

"ပိုပြီး ကောင်းတာပေါ့ ကိုယ့်လူတို့ရေ. . .၊ အပြင်ဘက်ထွက်ရတာပေါ့. . .၊ ချောက်မှာ ထမင်းဆိုင်တွေ၊ ခေါက်ဆွဲဆိုင်တွေ အများကြီးရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်. . .၊ ခေါက်ဆွဲဆိုင်တိုင်းမှာက အရက်ဖြူလည်းရတယ်၊ ရမ်တွေ ဝီစကီတွေ၊ ဘီယာတွေလည်း ရတယ်၊ တစ်ခုခုတော့ရှိတယ်၊ သူများတပ်မှာ လာနေတာ အရမ်းကြီးမူးအောင် သောက်လို့တော့မဖြစ်ဘူး”ဟု သတိပေး လေ၏။

ညနေပိုင်းသို့ရောက်လျှင် ဆရာရပ်ရှိက မိုးသီးအား ခေါ်ကာ မြင်းလှည်း ငှား၍ ပျဉ်းမမှ ချောက်မြို့လယ်သို့ ဆင်းလာခဲ့လေ၏။ ချောက်မြို့ လယ်တွင် ချောက်မြို့ဈေးကြီးရှိလေ၏။ ထိုဈေး၏တောင့်တွင် ‘အကျောက် ခေါက်ဆွဲဆိုင်’ ဟု ရေးထားသည့် တရုတ်ခေါက်ဆွဲဆိုင်ကြီးတစ်ဆိုင် ရှိလေ၏။ ဆရာရပ်ရှိ သည် မြင်းလှည်းကို ထိုဆိုင်ရှေ့တွင် ရပ်ခိုင်းကာ ဆင်းလေ၏။ မဆင်းမီ၌ မြင်းလှည်းသမားအား

“ဆိုင်ကတော့ တရုတ်ခေါက်ဆွဲဆိုင်ပဲ”ဟု ပြောလိုက်ရာ မြင်းလှည်း သမားက -

“အဲဒါ ‘အကျောက်’ဆိုတဲ့ တရုတ်ကြီးရဲ့မိန်းမ၊ ‘ဒေါ်ကြည်’လို့ ခေါ်တယ်၊ ဒီဆိုင်ကို အကျောက်ခေါက်ဆွဲဆိုင်လို့ ခေါ်တဲ့လူနည်းတယ် **‘အကျောက် မကြည်ခေါက်ဆွဲဆိုင်’**လို့ပဲ အခေါ်များတယ်”ဟု ပြောလေ၏။

ထိုအခါ၌ မိုးသီးနှင့် ဆရာရပ်ရှိတို့သည် မြင်းလှည်းပေါ်မှ ဆင်းကြ၍ ဆိုင်ဘေးတွင်ရှိသော တမာပင်ရိပ်အောက် စားပွဲတွင်ထိုင်ကာ-

“အစိမ်းကြော်တစ်ပွဲ. . .၊ တောက်တောက်ကြော် တစ်ပွဲ. . .”ဟု ဆရာရပ်ရှိက မှာလိုက်လေ၏။ ထိုအခါ ဆိုင်ရှင်အဒေါ်ကြီး ဒေါ်ကြည်ဆို သူက-

“ဟဲ့. . . ကလေးတွေ. . . ထမင်းလည်း စားမှာ မဟုတ်လား. . .” ဟု မေးလေ၏။ ထိုအခါ ဆရာရပ်ရှိက -

“ထမင်းမစားချင်သေးဘူးဗျာ. . .၊ အရက်ရရင် အရက်တစ်လုံးနဲ့ ဆော်ဒါနှစ်လုံးလိုချင်တယ်. . .”ဟု မှာလိုက်ရာ ဆိုင်ရှင် အဒေါ်ကြီးက-



“အရက်လည်းရှိတယ်”ဟုဆိုကာ ဖန်ခွက်များ၊ အရက်ပုလင်းများ ဆော်ဒါပုလင်းများကို ကိုယ်တိုင်လာ၍ ချလေ၏။ မိုးသီးနှင့် ဆရာရပ်ရှိတို့ သည်း အရက်ရသည်နှင့် တစ်ခွက်ပြီးတစ်ခွက် သောက်ကြလေ၏။ တော်တော် လေးသောက်မိသောအခါ နှစ်ယောက်တည်းနှင်းပင် စကားဖောင်လောက် အောင်ပြောလေတော့၏။ များမကြာမီ၌ပင် ထိုဆိုင်သို့ အဆင့်တိုးစာမေးပွဲ ဖြေရန် အတူလာခဲ့ကြသော တပ်ကြပ်ကြီးစာရေးများ မြင်းလှည်းနှင့် ရောက် လာ လေတော့၏။ ထိုသို့ရောက်လာသည့် လူများအနက်မှ တပ်ကြပ်ကြီး စာရေး ကျော်ဝင်းဆိုသူက-

“အံမာ. . . ကြည့်စမ်း. . . ကြည့်စမ်း. . .၊ ဒီနှစ်ယောက်အစောကြီး ရောက်သွားတာ ဒီရောက်နေတာကိုး၊ စားပွဲပေါ်မှာ ထောင်ထားတဲ့ပုလင်း ကြီးတစ်လုံးလည်း ကုန်နေပါရောလား. . .၊ အတော်လေး ရေချိန်ကိုက်ပြီ ထင်တယ်”ဟု ပြောလေ၏။ ထိုအခါ ဆရာရပ်ရှိက ၎င်းတပ်ကြီးစာရေး ကျော်ဝင်းအား -

“ရေချိန်ကိုက်ကိုက်၊ မကိုက်ကိုက် ကိုယ့်လူတို့အလုပ်မဟုတ်ဘူး ကိုယ့်ဝိုင်းနဲ့ကိုယ်ထိုင်ကြ. . .၊ ကိုယ်စားတာ၊ ကိုယ်သောက်တာ ကိုယ့်ဟာ ကိုယ်ရှင်းကြ. . .”ဟု ပြောလိုက်ရာ ဆရာကျော်ဝင်းက -

“စိတ်ချပါဗျာ. . . ခင်ဗျားတို့ဝိုင်းလည်း မဝင်ပါဘူး၊ ကိုယ့်ဝိုင်းနဲ့ ကိုယ်ဝင်ပါ့မယ်၊ သောက်လည်း မသောက်ပါဘူး၊ ထမင်းပဲစားမှာပါ၊ မိုးသီးနဲ့ အတူ သောက်ဖို့များ ကြောက်ပါတယ်ဗျာ. . .၊ ဒီကောင်က နည်းနည်းလေး မူးလာရင် ရစ်တယ်၊ ပြီးရင် အမူးရှာတယ်၊ အဲဒီတော့ ဆရာရပ်ရှိရယ် ဆရာတို့ ဆရာတပည့်နှစ်ယောက်ပဲ သောက်ကြပါ၊ ကျွန်တော်တို့က ဟိုဘက်မှာ ထိုင်ပါ့မယ်” ဟု ဆိုကာ ကျန်သောသူများနှင့်သီးခြားတစ်ဝိုင်း ဝိုင်းလေ၏။ ပြီးလျှင် ထမင်းဟင်းများ မှာ၍ စားကြလေ၏။ အရက်မမှာကြပေ။

၎င်းတို့အထဲတွင်ပါသော တပ်ကြပ်ကြီးစာရေး ဗဒော် ဆိုသူမှာ အရက် မသောက်ရုံမျှမက အနံ့ပင်မခံနိုင်ပေ။ မိုးသီးနှင့် ဆရာရပ်ရှိတို့သည်

www.burmeseclassic.com



အရက် သောက်ရင်း ဆရာကျော်ဝင်းတို့ဝိုင်းသို့ မကြာခဏ လှမ်း၍ကြည့်နေလေ၏။ ထိုသို့ လှမ်းကြည့်ရင်း ဆရာရပ်ချိုက-

"မိုးသီး . . . ဟိုကောင်တာစားပွဲနားမှာ ကောင်မလေးနှစ်ယောက်ပါလားကွ. . .၊ ဒီဆိုင်ကနဲ့တူတယ်၊ အလုပ်သမားတွေတော့ ဟုတ်ဟန်မတူဘူး အဘွားကြီးရဲ့ သမီးတွေနဲ့တူတယ်၊ တစ်ယောက်က ဖြူဖြူလေးကွ၊ တရုတ် မျက်နှာလေး. . .၊ တစ်ယောက်က ညိုညိုလေးကွ. . .၊ မြန်မာဆန်တယ်. . ." ဟု ပြောလိုက်ရာ မိုးသီးက -

"ဆရာရပ်ရှိုရယ်. . . အဲဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး. . .၊ လက်ကျန်လေးကုန်အောင်ဖြတ်ပြီးရင် ထမင်းစားကြရအောင်ဗျာ. . .၊ ပြန်ရမှာတအဝေးကြီးဗျ. . .၊ မြင်းလှည်းခေါ်လို့မရရင် ကုန်ကြောင်းလျှောက်နေရမယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ဆရာရပ်ရှိုက-

"ဆရာမိုးသီးလေးရယ်. . . ရာဇကူမှာတစ်ယောက်လုံး ပါနေတာဒါတွေတွေးပြီး မပူပါနဲ့. . ."ဟု ပြောဆိုကာ ၎င်း၏စကားကို ၎င်းဘာသာသဘောကျ၍ တဟားဟားရယ်နေလေတော့သတည်း။

* * * * *





## အခန်း၊ (၂၅)

### ဆရာရပ်ရှိုကူးမား၏ အတတ်ကောင်းများ သယ်ယူရခြင်း

မိုးသီးနှင့် ရပ်ရှိုကူးမားတို့ ဆရာတပည့်နှစ်ဦးသည် ညနေတိုင်းဆိုသလို ချောက်မြို့လမ်းမတော်ရှိ 'အကျောက်'ခေါက်ဆွဲဆိုင်သို့ ရောက်လာတတ်မြဲဖြစ်၏။ ရောက်လာသည်နှင့် တစ်ပြိုင်နက် အရက်တစ်လုံးမှာပြီးလျှင်နှစ်ယောက်သား သောက်ကြလေ၏။ ပြီးလျှင် ခေါက်ဆွဲကြော်တစ်ပွဲစီမှာ၍စားကြလေ၏။ မိုးသီးတို့သည် စာမေးပွဲကို (၆)ရက်တိုင်တိုင်ဖြေရလေ၏။ မေးသမျှကို မဖြေနိုင်သောကြောင့် အားလုံးလိုလိုသည် ပါလာသော မှတ်စုစာအုပ်များကို ထုတ်၍ ခိုးချကြကုန်၏။ ထို့ကြောင့် ဆရာရပ်ရှိုကူးမားက-

"ငါတို့မြန်မာပြည်မှာ အဲဒါ တန်ဆောင်မုန်းလပြည့်နေ့ညပဲ၊ အခုတော့ ငါတို့ အားလုံးဟာ သူခိုးကြီးနေ့ (၆)ရက် ကျင်းပပြီးပြီကွ. . .၊ တစ်ယောက်မှ အောင်မှာမဟုတ်ဘူး. . .၊ လာစစ်တဲ့ ဗိုလ်ကြီးက မင်းတို့ငါတို့လုပ်တာတွေ အားလုံးသိတယ်ကွ. . .၊ သက်ဆိုင်ရာ အစီရင်ခံစာရေးမှာပဲ. . .၊ တစ်ယောက် မှ အောင်မှာမဟုတ်ဘူး. . ."ဟု ပြောလေ၏။

ထိုနေ့ညနေပိုင်းတွင် အထက်ဘက်မှာလာမည့် မင်းလေး ဆိုသောမီးသင်္ဘောကြီးဖြင့် မိုးသီးတို့လူစုသည် မင်းဘူးသို့ လိုက်ပါကြရမည်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ တပ်ကြပ်ကြီးစာရေးအားလုံးသည် ချောက်မြို့ဆိပ်ကမ်းတွင် စုရပ်အဖြစ်လုပ်ကာ ထိုနေရာသို့ သွားရောက်ကြရလေ၏။ ပြီးလျှင်ခေါက်ဆွဲအိတ်များ၊ ကျောပိုးအိတ်များ၊ ပစ္စည်းပစ္စယများကို ယူ၍ ထားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာကိုမျှ သွားရန် စိတ်မဝင်စားသော ဆရာဗမော်ဆိုသူက တာဝန် ယူ၍ ပစ္စည်းများကို စောင့်ပေး၏။ မိုးသီးနှင့်ဆရာရပ်ရှိကူးမားမှာမူ အကျောက် ခေါက်ဆွဲဆိုင်သို့ရောက်၍ အရက်သောက်နေကြလေ၏။ အရက်သောက်ရင်း ခေါက်ဆွဲကြော်များ မှာ၍စားကြလေ၏။ သို့စားရင်း ရပ်ရှိကူးမားက-

"မိုးသီ. . .၊ မင်း ဘိန်းရှူဖူးသလား. . ."ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

"တောက်တီးတောက်တဲ့ဗျာ. . .၊ ဘယ်က လာရှူဖူးရမှာလဲ၊ ရှူလည်း မရှူဖူးဘူး. . .၊ ရှူလည်း မရှူချင်ဘူး. . .၊ မဟုတ်တာတွေ မသင်စမ်းပါနဲ့ ဗျာ. . ."ဟု ပြောလိုက်ရာ ဆရာရပ်ရှိကူးမားက ရယ်လေ၏။ ရယ်ပြီးနောက်-

"အဲဒီလိုမဟုတ်တာတွေလုပ်တတ်မှ လူရည်လည်တာ ငါ့လူရ. . .၊ ဘာမှမဟုတ်တာ မလုပ်ဖူးဘူးဆိုတဲ့ လူဟာ ဟုတ်တာလည်း မလုပ်တတ်ဘူး. . . လာ. . ."ဟု ဆိုကာ မိုးသီးကို ကမ်းနားဘက်သို့ လက်ကိုဆွဲ၍ ခေါ်သွားလေ၏။ ကမ်းနားဆိပ်သို့ရောက်လျှင် ပျဉ်ထောင်အိမ်လေးတစ်အိမ်ပေါ်သို့တက်သွားလေ၏။ အပေါ်သို့ရောက်လျှင် အခန်းထဲမှ မိန်းမတစ်ယောက်ထွက်လာလေ၏။ ထိုမိန်းမမှာ ရုပ်ချောချောဖြစ်၏။ ထိုမိန်းမသည် ကိုယ်ဝန်ဆောင်သည်ဖြစ်၏။ နေစေ့လစေ့ ရောက်နေဟန်လည်းရှိ၏။ ထိုမိန်းမသည် မိုးသီးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးလျှင် ဆရာရပ်ရှိကူးမားအား -

"ရှင် ဒီကောင်လေးကို ဇာတ်သွင်းမလို့လား၊ ရုပ်ကလေးက ရိုးရိုးသားသားပါရှင်. . .၊ မလုပ်ပါနဲ့. . .၊ မျက်လုံးကလေးက ပြူးပြူးနဲ့. . . နှုတ်ခမ်းမွေးစစနဲ့. . .၊ လူကောင်းလူလုလေးတစ်ယောက်ပါ. . .၊ ဖျက်ဆီး မပစ်ပါနဲ့. . .၊ သူ့ကိုလုပ်ခိုင်းမယ်ဆိုရင် ကျွန်မ မရောင်းဘူး"ဟု ဆိုငြင်းဆိုလေ၏။ ပြီးလျှင် ထိုမိန်းမသည် မိုးသီးအနားသို့ကပ်ကာ-

"မောင်လေး. . .၊ လုံးဝမလုပ်နဲ့နော်. . .၊ ဒါမျိုးက စမ်းလို့ရတာ မဟုတ်ဘူး. . .၊ တစ်ခါငြိသွားရင် ချောက်ထဲက ပြန်မတတ်နိုင်ဘူး. . ."ဟု ပြောလေ၏။ ထို့နောက် ထိုမိန်းမသည် မျောက်ဖြူတံဆိပ် လက်ဖက်ခြောက် ခတ်ထားသော ကြွေရေနွေးကရားလေးနှင့် လက်ဖက်ရည်ပန်းကန်လုံးနှစ်လုံး





ယူ၍ချပေးလေ၏။ ပြီးလျှင် စပျစ်သီးခြောက်များလည်း လာ၍ချပေးလေ၏။ ဆရာရပ်ရှိကူးမားသည် ရေနွေးကြမ်းပန်းကန်ကို မိုးသီးဘက်သို့ ထိုးပေးလေ၏။

"ဟေ့ကောင်. . . ရေနွေးကြမ်းခါးခါးလေး သောက်ထား. . ."ဟု ပြောလေ၏။ ထို့နောက် မိုးသီးလည်း သတိလစ်မေ့မြောသွား၏။ သတိရလာသောအခါ၌ မည်သည့်အကြောင်းအရာကိုမျှ မှတ်မိခြင်းမရှိတော့ပေ။ သူ နောက်ဆုံးသတိရသည်မှာ ဆရာရပ်ချိကူးမားနှင့်သူသည် ကမ်းနားထိပ်ရှိ ခေါင်းခံ ဘောတံတားကြီးအနီး ဖုန်ထဲတွင် ဖက်၍လဲနေခြင်းသာဖြစ်၏။ ထို့နောက် နှစ်ယောက်သားလည်း လူတစ်ယောက်ထဲတွင် ကြိုးတစ်ချောင်းသော ရေပုံးကို ငှား၍ မျက်နှာသစ်ကြရလေ၏။ မိုးသီးက -

"ဆရာရပ်ရှိ. . . ခေါင်းထဲမှာ ခဲနေတယ်ဗျ၊ နေရတာတစ်မျိုးကြီးပဲ . . ."ဟု ပြောလိုက်ရာ ဆရာ ရပ်ရှိကူးမားက -

"အရက်နဲ့ရောသွားလို့ကွ. . ."ဟု ပြန်၍ပြောလေ၏။ ထိုအခါ မိုးသီးက-

"ကျုပ်တို့လူတွေ တစ်ယောက်မှမရှိတော့ဘူးဗျ"ဟု ပြောလိုက်လျှင် ဆရာရပ်ရှိကူးမားက -

"မင်းနဲ့ငါနဲ့ မူးနေတုန်း ရောက်လာတယ်ကွ. . .၊ သူတို့က အဲဒီ သင်္ဘောကြီးနဲ့လိုက်သွားကြပြီလေကွာ. . .၊ ငါတို့က မော်တော်ကားလမ်းနဲ့ပြီး ရေနံချောင်းကို အရောက်သွားရမယ်ကွ၊ အဲဒီမှာ သင်္ဘောတို့ စောင့်မှာပဲ"ဟု ပြောလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် အကျောက် ခေါက်ဆွဲဆိုင်ဘက်သို့ လျှောက်လာကြလေ၏။ ဆိုင်မှာ ဖွင့်နေပြီဖြစ်၏။ ထိုဆိုင်မှ ခေါ်ကြည် ဆိုသည့် ဆိုင်ရှင်မိန်းမကြီးက ဆရာရပ်ရှိကူးမားအား -

"ဟဲ့ကောင်လေးနှစ်ကောင် . . . မနေ့ညက မင်းလေး သင်္ဘောနဲ့ မလိုက်ခဲ့ဘူးဆို. . .၊ နင်တို့မပြန်ကြသေးဘူးလား၊ တစ်ကိုယ်လုံးလည်း ဖုန်တွေပေနေပါလား. . .၊ လာ. . . လာ. . . လာ. . ."ဟု ဆိုင်ထဲသို့ ခေါ်လိုက်လေ၏။ ဆရာရပ်ရှိကူးမားက . . .

"အဖြစ်ကတော့ မပြောချင်ဘူး အန်တီရေ. . .၊ ကျွန်တော်တို့နှစ်ယောက် အမူးလွန်ပြီး ကမ်းနားမှာမှောက်ပြီးလဲနေတာ. . .၊ သင်္ဘောကတော့ ထွက်သွားပြီ. . .၊ အိတ်ထဲက ပိုက်ဆံတွေလည်း ဘယ်သွားကုန်သွားလဲမသိဘူး. . .၊ တစ်ပြားမှမရှိတော့ဘူး. . ."ဟု ပြောလိုက်ရာ ခေါ်ကြည်ဆိုသည့်

www.burmeseclassic.com



မိန်းမကြီးက -

"ပိုက်ဆံမပါလည်း ကိစ္စမရှိပါဘူးကွယ်. . .၊ မနက်စာ ကော်ဖီတို့တော့ ငါက တိုက်ပါ့မယ်. . ."ဟု ဆိုကာ အလုပ်သမားလေးတစ်ဦးကို အဖျော်ခိုင်းလိုက်လေ၏။ သို့ရာတွင် ဆရာရပ်ရှကူးမားက-

"အန်တီရယ်. . . တောင်းပန်ပါရစေ၊ ကျွန်တော်တို့ကို ကော်ဖီမတိုက်ပါနဲ့. . .၊ လန်းသွားအောင် ကျွန်တော်တို့ကို အရက်တစ်ခွက်စီပဲ တိုက်ပါ" ဟု ပြောလိုက်လျှင် ထိုအဒေါ်ကြီးက-

"အရက်သောက်ချင်လည်း အရက်ရပါတယ်"ဟု ပြောကာ ဖန်ခွက်နှစ်လုံးတွင် အရက်အနည်းငယ်စီ ငှဲ့ပေးလိုက်လေ၏။ အရက်ခွက်ရောက်လာသည်နှင့် ဆရာရပ်ရှကူးမားနှင့် မိုးသီးတို့သည် အရက်များကို 'ဂွပ်ခနဲ. . . ဂွပ်ခနဲ'မျိုချလိုက်လေ၏။ ထိုအချိန်၌မှာပင် ကိုးတန်းဆယ်တန်းအရွယ် တရုတ် ကပြားမလေးနှစ်ဦး ထိုအဒေါ်ကြီးထံသို့ ရောက်လာပြီးလျှင် ကျောင်းတတ်ရန် မုန့်ဖိုးတောင်းလေ၏။ ဆရာရပ်ရှကူးမားက မိုးသီးကို တံတောင်ဖြင့်တွက်၍-

"ဆရာမိုးသီး. . . ဒီအဘွားကြီးသမီးနှစ်ယောက်နဲ့တူတယ်. . .၊ အဲဒီနှစ်ယောက်အနက် တစ်ယောက်ကို ရအောင်ယူ. . .၊ ပြီးတော့ ဒီဆိုင်မှာနေ၊ အရက်အဝသောက်ရမယ်. . .၊ ခေါက်ဆွဲအလကားစားရမယ်. . ."ဟု ပြောလေ၏။

"မဟုတ်တာတွေ အကြံမပေးစမ်းပါနဲ့ ဆရာရပ်ရှရယ်. . .၊ ကျုပ်က ဗမာပဲ၊ ဘာကြောင့် တရုတ်ခေါက်ဆွဲဆိုင်မှာ လာပြီးနေရမှာလဲ. . ." ဟု မိုးသီး က ပြန်၍ပြောလေ၏။ ထိုအခါ ဆရာရပ်ရှကူးမားက-

"စိတ်ကူးမလွဲနဲ့ ငါ့လူ. . .၊ တရုတ်မနဲ့ပိုပြီးတူတဲ့ ကောင်မလေးက လှတယ်ကွ. . .၊ အခုတော့ မင်းက ဆယ်တန်းပြန်ပြီး ဖြေချင်သလိုလို၊ ဗိုလ်လောင်းဖြေချင်သလိုလို၊ မြဝတီမင်းကြီးဦးစကို အားကျပြီး စစ်သားစာရေး ဆရာဆကြီးဖြစ်ချင်သလိုလို. . . သလိုလိုတွေ များနေတာ. . .၊ အဲဒါတွေဟာ စိတ်ကူးယဉ်နေတာ၊ မိုးသီးရဲ့ ဘဝလမ်းကြောင်းဟာ မိုးသီးကိုယ်တိုင်ဖန်တီး ရမှာ၊ သူများဖြစ်တာတွေ အားကျနေလို့ မရဘူး. . .၊ အခု ငါ မင်းကို သုံးသပ် ရသလောက်တော့ မင်းဟာ လိမ္မာရေးခြားရှိနေတယ်. . .၊ လူလိမ္မာလို့ အခေါ် ခံချင်နေတယ်. . .၊ ပြီးတော့ မင်းက



ကျောင်းဆရာလိုလိုလည်းလုပ်ချင်သေး တယ်. . .၊ မင်းပြောပြတဲ့ မင်းဆရာ င်ဘိဆိုတာကို ငါအခုပြောပြတာတွေ သူ့ကို ပြောပြစေချင်တယ်၊ သူ့အနေနဲ့ ထောက်ခံမှာပါ. . .၊ အခုတော့ မင်းဘဝဟာ တောမရောက် တောင်မရောက်နဲ့ ဆီးချိုသီးဖြစ်နေတယ်ကွာ. . .၊ ချဉ်စရာရှိရင်လည်း ချဉ်ပေါ့ကွာ. . .၊ ချိုစရာရှိရင်လည်း ချိုပေါ့ကွာ. . .၊ ဆီးချိုသီးဟာ ချဉ်မလိုလို ချိုမလိုလိုနဲ့ ငါဖြင့် တယ်ပြီးသဘောမကျပါဘူးကွာ" ဟု ပြောလေ၏။ ထို့နောက် ရေနံချောင်းသို့ထွက်မည့် မော်တော်ကားပေါ်သို့ နှစ်ယောက်သားတက်ကြလေ၏။ ၎င်းတို့နှစ်ဦးတွင် ကားခပေးစရာ မပါသည် ကို ရိပ်မိသည့် စပယ်ယာက သူ၏ဒရိုင်ဘာအား -

"ဆရာသမားရေ . . . မနေ့က ကားခမပေးဘဲ စီးတဲ့ကောင်တို့ကို ဆရာ လက်သီးနဲ့ထိုးလိုက်တာ ပိုင်တယ်ဗျာ. . ."ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီး က-

"ဆရာရပ်ရှ. . ကြားတယ်မဟုတ်လား. . .၊ ဒီကောင်နှစ်ကောင်တ ကျုပ်တို့ကို ပြဿနာရှာလိမ့်မယ်၊ ကျုပ်တို့ ပိုက်ဆံမပါဘူးဆိုတာ သိတယ်ဗျ" ဟု ပြောလိုက်လျှင် ဆရာရပ်ရှကူးမားက -

"မင်းကလည်းကွာ. . .၊ နှစ်ယောက်နှစ်ယောက်ချင်းပဲ ဆော်တာ ပဲ. . .၊ ဟော့ စပယ်ယာ. . .ငါ့သွားတစ်ချောင်းက ကိုက်နေတယ်ကွ ချင်တာနဲ့အတော်ပဲ၊ ကားခတော့ မပါဘူးကွာ. . .၊ ဘယ်နားကျရင် မလဲ၊ စိမ်လိုက်"ဟု ပြောလိုက်လေ၏။ ထိုအခါ ဒရိုင်ဘာတ စပယ်ယာအား-

"လက်သီးချင်း ယှဉ်မထိုးနဲ့ကွ. . .၊ ဟန်ဒရယ် ဂေါက်နဲ့ ခေါင်းကို ခွဲလိုက်. . ."ဟု ပြောလေ၏။ ထိုအခါ ဆရာရပ်ရှကူးမားက-

"တစ်ချက်နဲ့မရဘူးကွ. . .၊ တို့က နှစ်ယောက်ဆိုတော့ နှစ်ချက် ရမှာ. . ."ဟု လှမ်း၍ပြောပြီးလျှင် မိုးသီးဘက်သို့လှည့်ကာ-

"ဟော့ကောင် မိုးသီး. . .၊ သူရိုက်ဖို့ လက်မြှောက်လိုက်တာနဲ့ နံရိုး လာလိမ့်မယ်. . .၊ အဲဒီနံရိုးကို ထောက်လက်သီးနဲ့ ထိုးလိုက်ကွ၊ အဲဒါမှ သွားမှာ. . ."ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ဆရာရပ်ရှိ...၊ သူတို့ကစပြီးလုပ်ရင်တော့ ကျွန်တော်လည်း ငြိမ်မခံဘူး...၊ ကျွန်တော်လည်း တိုက်မယ်"ဟု မိုးသီးက ပြောလိုက်လျှင် ဆရာရပ်ရှိက-

"မိုးသီးရေ ... အရေးအကြောင်းဆိုရင် မင်း ရှေ့က ဖယ်လိုက်နော်..."ဟု ပြောသဖြင့် မိုးသီးက -

"ဆရာရပ်ရှိက ကျွန်တော့်ကိုယ်စား ဖိုက်မှာလား"ဟု ပြောလိုက်လျှင် ဆရာရပ်ရှိက-

"မဟုတ်ဘူးကွ...၊ မင်းက ရှေ့က ကာနေတော့ ပြေးပေါက်ပိတ်နေမှာစိုးလို့..."လို့ ပြောလိုက်ရာ မိုးသီးလည်း အားရပါးရ ရယ်လေတော့၏။

"ဒါပေါ့ မိုးသီးရာ...၊ ဒုက္ခနဲ့တွေ့တဲ့အခါ အားရပါးရ ရယ်နိုင်တယ်ဆိုတာ ယောကျ်ားပီသတာကို ပြတာကွ...၊ အဲဒါတွေဟာ မင်းဘဝမှာ အတတ်ပညာအဖြစ် တန်ဖိုးတွေဖြစ်လာလိမ့်မယ်..."ဟု ဆရာရပ်ရှိက လေးလေးနက်နက် ပြောလိုက်ပြီးလျှင် မိုးသီး၏ ညာဘက်လက်ခုံကို ဆွဲယူ၍ နှစ်နှစ်ကာကာ နမ်းရှုံ့လိုက်လေတော့သတည်း ...။

* * * * *





## အခန်း၊ (၂၆)

### ရွှေဆန်းညွှန့် နှင့် ပြန်လည်တွေ့ဆုံခြင်း

ချောက်မြို့ရှိ တပ်မတော် (၁၀)တွင် အဆင့်တိုး စားမေးပွဲဖြေရန် သွားရောက်ကြကုန်သော မိုးသီးတို့လူစုသည် စကုမြို့ရှိ တပ်ရင်းသို့ ပြန်လည်ရောက်ရှိကြပြီဖြစ်၏။ မိုးသီးသည် တပ်ရင်းဂိတ်ရှိ ဂိတ်တဲထဲတွင် တခြားသူများနှင့် စကားပြောနေလေ၏။ ထိုအချိန်တွင် အုပ်ချုပ်မှုတပ်ခွဲမှ 'ဗိုလ်ကြီးစံလင်း' ဆိုသူ ရောက်ရှိလာလေ၏။ ထိုသို့ ရောက်လာပြီးလျှင် မိုးသီးအား-

"ဆရာမိုးသီး ... ချောက်မှ အရက်မူးပြီး သဘော်ဆိပ်မှာ ကျန်ခဲ့လို့ ...၊ အဲဒါ ကိုရင့်ဆရာ ဗိုလ်ကြီးတင်ဦးသိပြီး ဒေါပွနေတယ်...၊ခေါ်ပြီး ဆူလိမ့်ဦးမယ်...၊ ဘာဖြစ်လို့ အဲဒီလိုဖြစ်အောင် လုပ်တာလဲ..."ဟု ငင်းတ၍ဆူလေတော့၏။ ငင်းဗိုလ်ကြီးစံလင်းဆိုသူမှာ အသားဖြူဖြူ အရပ်အမောင်း ကောင်းကောင်း၊ စိတ်ရင်းစေတနာကောင်းရှိသော အရာရှိတစ်ဦး ဖြစ်လေ၏။ ငင်းတို့ညီအစ်ကိုများ၏နာမည်တွင် 'လင်း'ဆိုသော စကားလုံးများပါကြ၏။ ညီအစ်ကိုအားလုံးလိုလိုသည် တပ်မတော်တွင် နိုင်ငံ့တာဝန်များများကို ထမ်း ဆောင်ကြကုန်၏။ ဗိုလ်ချုပ်ရာထူး၊ ဗိုလ်မှူးကြီးရာထူးများအထိ ရကြကုန်၏။

ငင်းတို့၏ဖခင်မှာ 'သစ်တောမင်းကြီး ဦးစောလင်း'ဟု သိရ၏။ ဗိုလ်ကြီးစံလင်းကိုယ်တိုင်လည်း တပ်မတော်တွင် ဗိုလ်မှူးကြီးရာထူးအထိ တာဝန်ထမ်းဆောင်ပြီးလျှင် အကျဉ်းဦးစီးဌာနသို့ ပြောင်းရွှေ့သွားသော ထိုဌာန ရောက်ပြီးမှ အငြိမ်းစားယူသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ပိုင်းသို့ရောက်သောအခါ၌ မိုးသီးအား ဗိုလ်ကြီးတစ်ဦးက သူ၏ရုံးခန်းသို့ခေါ်ကာ မျောက်က အရက်မူး၍ကျန်ခဲ့သောကိစ္စကို အသေးစိတ် မေးမြန်းကာ ဆူပူကြိမ်းမောင်းလေတော့၏။

"ဆရာမိုးသီး. . . တပ်မှာ 'ဆရာ'တော့ဖြစ်နေပြီ၊ အသက်ကဘာမှ မရှိသေးဘူး. . .၊ (၁၈)နှစ် (၁၉)နှစ်ပဲရှိသေးတာ. . .၊ ကလေးအရွယ်ပဲရှိ သေးတယ်. . .၊ ဒီလောက်တောင် ပျက်စီးရသလား. . .၊ တပ်မတော်မှာ အဲဒီလိုပျက်စီးရင် မကြီးပွားဘူး. . .၊ ကိုယ့်ရှေ့မှာ အရက်သမားကြီးတွေ မတွေ့ဘူးလား. . .၊ အလံတိုင်ဆွေးတဲ့အထိ တပ်ထဲမှာနေပြီး ဘာရာထူးမှ မရတဲ့လူတွေ မတွေ့ဘူးလား. . .၊ အချိန်တန်လို့ တပ်ထဲကလည်း ထွက်သွား ရော အပြင်လောကမှာ ဒုက္ခရောက်သွားရော. . .၊ တပ်မတော်မှာနေတယ် ဆိုတာ ကောင်းအောင် အမြဲတမ်းကြိုးစားနေရတယ်. . .၊ စစ်သည်ကျင့်ဝတ် (၆၀)ကို လိုက်နာရတယ်၊ စစ်သည်တော်ကျင့်ဝတ် (၆၀)ဟာ အလကားထုတ် ထားတာမဟုတ်ဘူး. . .၊ လိုက်နာဖို့ထုတ်ထားတာ၊ အထက်လူကြီးကို လေးစား တတ်သလို၊ အထက်လူကြီးက ကိုယ့်ကိုအထင်မသေးအောင် နေတတ်ရတယ်၊ အခုတော့ ဆရာမိုးသီးဟာ ပျက်စီးခြင်း(၅)ပါးမဟုတ်ဘူး၊ အပါး(၅၀) ဖြစ်နေပြီ၊ ကိုယ်ရင့်ကို တပ်ထောက်ဌာနက 'ဗိုလ်ကြီးသိန်းဟံ'ကိုလည်း ဒီကိစ္စတိုင်ရဦး မယ်. . .၊ တပ်ရင်းမှာ ကောင်းကောင်းမနေရင် တပ်ခွဲကို ပြန်ပို့မယ်. . ."ဟု ဆူပူကြိမ်းမောင်းလေ၏။

၎င်းသည် စေတနာနှင့်ဆူကြောင်းကို မိုးသီးနားလည်သောကြောင့် လွန်စွာမှကျေးဇူးတင်လေ၏။ သို့ရာတွင် မိုးသီးအရက်မူး၍ သင်္ဘောဆိပ်တွင် ကျန်ခဲ့သော သတင်းသည် တောမီးပမာ ပျံ့နှံ့၍သွားလေတော့၏။

ထိုကိစ္စကို အကြောင်းပြု၍ အထက်လူကြီးများသည် မိုးသီးအား 'လူတော်ဖြစ်ချင်ဖြစ်မယ်၊ လူကောင်းမဖြစ်နိုင်'ဟု ဆုံးဖြတ်ကြလေ၏။ အထက် လူကြီး၏သဘောမှာ 'လူတော်လူကောင်း' ထက် 'လူကောင်း လူတော်'ကို ပို၍ အလိုရှိ၏။ မိုးသီးသည် ၎င်း၏မကောင်းသော ဒုစရိုက်များ ကို မပြင်ဘဲ မကောင်းမြဲမကောင်းဖြစ်နေလေ၏။

ထိုအချိန်မှာပင် ၎င်းတို့နေထိုင်သော အရာခံဗိုလ်နှင့် တပ်ကြပ်ကြီး များရိပ်သာတွင် အတွင်းရေးမှူးအဖြစ်လုပ်ကိုင်သည့် 'တပ်ကြပ်ကြီးစာရေး





ဘော်ဝင်း'ဆိုသူမှာ ခွင့်မဲ့ပျက်ကွက်ဖြစ်၍ တပ်မှထွက်ပြေးသွားပြီဖြစ်ရာ ထို လစ်လပ်သော နေရာတွင် မိုးသီးအား အများသဘောတူ ရွေးချယ်ခန့်အပ် လိုက်လေ၏။ မိုးသီးတို့၏ရိပ်သာအတွက် တစ်လလျှင် ရမ်အရက်သစ်သား စည်တစ်စည်ရလေ၏။ ထိုသစ်သားစည်မှာ ရမ်အရက်ပေါင်း ဂါလံ(၄၀)ဆန့် ၏။ အရာခံဗိုလ်နှင့် တပ်ကြပ်ကြီးများအား ညနေတပ်နားချိန်တွင် တစ်ဦးလျှင် ရမ်(၄)ပက်ကျစီ ရောင်းချလေ၏။ ရမ်တစ်ပက်လျှင် ပြား(၄၀)ပေးရ၏။ ပုလင်းကြီးတစ်လုံးလျှင် ရမ်(၁၃)ပက်ဝင်၏။ မိုးသီးလည်း အရာခံဗိုလ်နှင့်တပ်ကြပ်ကြီး များအား ရမ်ရောင်းသကဲ့သို့ ၎င်းကိုယ်တိုင် လည်း တစ်ပက်ပြီး တစ်ပက် သောက်လေ၏။

သစ်သားစည်ကြီးကုန်သွားလျှင် ရေနွေးဆူဆူလောင်းထည့်ပြီး သစ်သား စည်ကြီးကို ဟိုဘက်ဒီဘက် လှိမ့်ရလေ၏။ ပြီးလျှင် ထိုရေနွေးများကို ခွဲချ၍ ဇကာနှင့်စစ်ပြီးသောက်လျှင် ရမ်အရက်ကို သောက်ရသကဲ့သို့ ရှိလေ၏။ မိုးသီးသည် အပျော်အပျက် သောက်ရင်းနှင့်ပင် အရက်စွဲသော အဖြစ်သို့ ရောက်ရလေ၏။ ညနေရောက်၍ အရက်မသောက်ရလျှင် လေတက်လာတတ်၏။ ၎င်းလေတက်လာလျှင် ၎င်းနှင့်အတူနေသော ကျောက်ပန်းတောင်းသား 'တပ်ကြပ်ကြီးသန်းဆွေ'က -

"နေအကျမှာ. . . သေရည်မချရင်. . . လေထ, တက်တယ် ငါ့လူ၊ ဘယ်ခွက်တစ်ဖလား နှိပ်လိုက်. . ."ဟု အားပေးလေ့ရှိ၏။ ထိုကဲ့သို့ပင် [illegible] [illegible] တပ်ခွဲတပ်ထောက်ကြီး ကိုလှဆိုသူကလည်း-

"ဒီအချိန်မှာ လေထတာ ရိုးရိုးထတာ မဟုတ်ဘူး၊ အထဲက သွေးက အရက်ကိုတောင်း၊ သွေးတောင်းရင် ဘေးမစောင်းနဲ့၊ သောက်ချလိုက်. . ."ဟု ပြောလေ၏။ မိုးသီး၏ဆရာ ရပ်ရှိကူးမားကမူ-

"ဒီအရွယ်လေးမှာ အရက်မသောက်ရလို့လေ တက်တယ်ဆိုကတည်းက ဝင်းဘာဝတော့ ပြီးပါပြီ. . .၊ အရက်သမားလုံးလုံး ဖြစ်ပါပြီ. . .၊ လေတက် ရင် အနေခက်တယ် ငါ့လူ၊ အသေနက်လိုက်ပေတော့. . ."ဟု မြှောက်ပေး လေ၏။ ဤသို့နှင့်ပင် မိုးသီးသည် တစ်နေ့လျှင် ရမ်တစ်လုံး သောက်ရသော အဆင့် သို့ရောက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်း၏ဆရာရင်း ကိုနောင်ဘီ သင်ပေးလိုက်သော ဂန္ဓီရပညာများ သည်လည်း မည်သည့်နေရာသို့ ရောက်သွားသည်မသိ၊ ပျောက်ပျက် သွားကုန်ပြီဖြစ်၏။ တစ်နေ့တွင် မိုးသီးသည် မင်းဘူးသို့သွားသော ကားကြီး ဖြင့်လိုက်ပါခဲ့ရာ မင်းဘူးရှိ 'စက္ကိန်းတဲဘုရား'အနီးသို့ရောက်လေ၏။ ထိုနေရာသို့ အရောက်တွင် စစ်တပ်သုံးမော်တော်ဆိုင်ကယ်ဖြင့် ဗိုလ်ကြီး စံလင်းနှင့် ဗိုလ်ကြီးတင်ဦးကို တွေ့ရလေ၏။ ဗိုလ်ကြီးစံလင်းမှာ 'စက္ကိန်းတဲ ဘုရား' ပြုပြင်ရန် တာဝန်ယူထား ရသူဖြစ်၏။ ဗိုလ်ကြီးတင်ဦးက မိုးသီး အား-

"ဘာလာလုပ်တာလဲ. . ."ဟု မေးလေ၏။ မိုးသီးက-

"မင်အိုးလာဝယ်တာပါ ဗိုလ်ကြီး . . ."ဟု ဖြေ၏။

"ဝယ်ပြီးရင် တပ်ကို မြန်မြန်ပြန်. . .၊ မင်းဘူးမှာ အရက်တွေ ဘာတွေ မသောက်နဲ့ . . .၊ သောက်တယ်လို့ကြားရင် ကွာတားထဲတည့်မယ်" ဟု ဗိုလ်ကြီးတင်ဦးက ကြိမ်းဝါးလေ၏။ မိုးသီးကလည်း-

"မသောက်ပါဘူး ဗိုလ်ကြီး. . .၊ မင်အိုးဝယ်ပြီးတာနဲ့ ပြန်မှာပါ. ." ဟု ပြောလေ၏။ မိုးသီးသည် ၎င်းတို့နှင့်တွေ့ပြီးနောက် ကမ်းနားလမ်းအတိုင်း လျှောက်လာခဲ့ရာ ဧရာဝတီမြစ်ဘေးသောင်ပြင်ပေါ်တွင် ဇာတ်ရုံကြီး တစ်ရုံကို တွေ့ရလေ၏။ ထိုဇာတ်ရုံကြီးကို လှမ်းမျှော်ကြည့်ရှုလိုက်ရာ 'ပြည်တော်သန်း ဇာတ်သဘင်အဖွဲ့'ဟု ရေးထားလေ၏။ ကြော်ငြာဆိုင်းဘုတ် ကြီး၌လည်း 'ယနေ့ည. . . ဒါရိုက်တာ ရွှေဒိုးဆန်းညွန့်၏ ဒိုးရင်းဗထူးပြဇာတ်၊ ပြဇာတ်မင်းသားချော ခင်မောင်တင့်၊ ပြဇာတ်မင်းသမီးချော ဒဂုံမြညွန့်ညွန့်'ဟု ဖော်ပြထားသည်ကို တွေ့ရသဖြင့် မိုးသီး၏စိတ်တွင်-

"ဟာ. . . ဒီဇာတ်မှာ. . . ဆရာဦးဆန်းညွန့်ပါတာပဲ. . .၊ သွားပြီး တွေ့ဦးမှာ. . .၊ ပြဇာတ်ကလည်း ဒိုးရင်းဗထူးပြဇာတ်တဲ့. . .၊ ငါ့ကလေးဘဝ က ဆရာဦးဆန်းညွန့်ကို ကူပြီးရေးပေးခဲ့တဲ့ ပြဇာတ်ပဲ. . .၊ ပြဇာတ်မင်းသား မင်းသမီးတွေကလည်း အရင်လူဟောင်းတွေပဲ. . .၊ သွားတွေ့ဦးမှ. . ."ဟု ဆိုကာ သောင်ပြင်ရှိဇာတ်ရုံကြီးဆီသို့ တဖုန်းဖုန်းပြေးသွားလေတော့၏။ ဇာတ်ရုံ အနီးသို့ရောက်သောအခါ၌ ဇာတ်ရုံအကာကို ဝါးလုံးနှစ်လုံးထောက်၍ က





လေးမိုးကာ ထိုကျူဖျာအရိပ်အောက်တွင် တယောထိုးနေသော ၎င်း၏ ရင်း ရွှေဒိုးဆန်းညွန့်ကို တွေ့ရလေ၏။ မိုးသီးသည် အားရဝမ်းသာ-

"ဦးဆန်းညွန့်. . ."ဟု ဆိုကာ ပြေးသွားလေ၏။ ရွှေဒိုးဆန်းညွန့်သည် မိုးသီးအား ဖက်ထားလိုက်လေ၏။ ထိုသို့ဖက်ထားပြီး ကိုယ်ကို အနည်းငယ် သို့ ဆုတ်ပြီးနောက်-

"အမလေး . . . မောင်မိုးသီးရယ် . . .၊ အာဂယောက်ျား . . . ကြီးဖြစ်နေပါလား . . .၊ စစ်ယူနီဖောင်းကြီးနဲ့ သိပ်ပြီးလိုက်တာပဲကွာ၊ လိုက်တာ. . ."ဟု ဆိုကာ ဇာတ်ရုံအတွင်းဘက်သို့ လှည့်၍ ဇာတ်ရုံ လက်ဖက်ရည်ရောင်းသော ဒေါ်ခင်ရွှေဆိုသည့် မိန်းမကြီးအား -

"မခင်ရွှေရေ . . . ထွက်ပြီးကြည့်စမ်းပါဦး . . .၊ ခင်ဗျားတူ မိုးသီး ယောက် ယူနီဖောင်းကြီးနဲ့ဗျ. . ."ဟု အော်ပြောသဖြင့် ဒေါ်ခင်ရွှေ လက်ဖက်ရည်ဖျော်ကာ မိုးသီးတို့ထံသို့ ရောက်လာလေ၏။ ဒေါ်ခင်ရွှေ မိုးသီး၏ ကျောကုန်းကို လက်သီးဖြင့် အုန်းခနဲထုလိုက်ရင်း -

"အမလေး . . . ထွားကျိုင်းလာလိုက်တာ. . . ငါဖြင့် မှတ်တောင် မိဘူး . . ."ဟု ပြောလေ၏။ ဆရာ ရွှေဒိုးဆန်းညွန့် ကလည်း-

"မိုးသီး . . . ဒီညမပြန်နဲ့ကွ. . .၊ ပွဲကြည့်သွားဦး . . .၊ ဒိုးရင်း ပြဇာတ်ကွ . . .၊ မင်းနဲ့ငါ ရေးခဲ့တာလေ. . .၊ မင်းသားကလည်း ခင်မောင်တင့်ကွ . . ."ဟု ပြောလေ၏။

"ယူနီဖောင်းကြီးနဲ့ မကောင်းပါဘူး ဆရာဦးဆန်းညွန့်ရယ်၊ မနက်ဖြန်မှ အရပ်ဝတ်အရပ်စားနဲ့ လာခဲ့မယ်. . ."ဟု မိုးသီးက ပြောသော်လည်း ရွှေဒိုး ညွန့်က -

"ငါ့မှာ အဝတ်အစား သေတ္တာလိုက်ပါ ပါတယ်ကွ. . .၊ မင်းကြိုက် ယူဝတ်စမ်းပါကွာ. . ."ဟု ပြောသဖြင့် မိုးသီးသည် တပ်သို့မပြန်ဖြစ် ဘဲ 'ဒိုးရင်းဗထူး'ပြဇာတ်ကို ကြည့်ဖြစ်ခဲ့လေ၏။ ပြဇာတ်တွင် ဆန်းညွန့်က စန္ဒရားတီးလေ၏။ ပြဇာတ်မင်းသာ ခင်မောင်တင့် သော သီချင်းမှာလည်း မိုးသီးအလွတ်ရပြီးသော သီချင်းများဖြစ်သဖြင့် တ တိုးတိုးလေး လိုက်၍ ညည်းလေ၏။ ထို့ကြောင့် ရွှေဒိုးဆန်းညွန့်က

"အောင်မာ. . . မိုးသီး. . .၊ သီချင်းတွေ ရတုန်းပဲကိုးကွ. . .၊ မင်း ရင် မနက်ဖြန် ဒီဇာတ်ထုပ်ကို မင်းနဲ့ပဲ က,မယ်ကွာ. . ."ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဦးဆန်းညွန့်က ကျွန်တော်စစ်သားဆိုတာ မေ့သွားပြီကိုး အဲဒီ လိုလုပ်လို့မရဘူး. . .၊ တပ်ကသိသွားရင် အရေးယူလိမ့်မယ်. . . ကျွန်တော် လည်း မကာ့ရဲဘူး၊ စစ်သားဆိုတာက ခိုင်းတဲ့တာဝန်ကို ကျေပွန် အောင် လုပ်ရုံတင်မကဘူး. . .၊ မခိုင်းတဲ့အလုပ်ကိုလည်း မလုပ်ရ ဘူး. . ."ဟု မိုးသီးက ပြောလိုက်ရာ ဆရာဦးဆန်းညွန့်က ရယ်လေ၏။

"ငါက မင်းကို အမြဲတမ်းသတိရတယ်ကွ. . .၊ မင်းမျက်လုံးဝါသနာ ပါမှန်းသိလို့ မျက်လှည့်စာအုပ်ကလေး တစ်အုပ်တွေ့လို့ ဝယ်ထားတယ် မင်းနဲ့ တွေ့တဲ့အခါ ပေးမယ်လို့ ရည်ရွယ်ထားတာကွ. . ."ဟု ဆိုကာ သေတ္တာအောက်ဆုံးတွင် ထည့်ထားသော စာအုပ်ကလေးကို နှိုက်၍ မိုးသီးအား ပေးလေ၏။ မိုးသီးလည်း ထိုစာအုပ်ကလေးကို ဖွင့်လိုက်ရာ အတွင်းစာမျက်နှာတွင်-

"မောင်မိုးသီးနှင့်တွေ့လျှင် ပေးရန်"ဟူသော စာတမ်းလေးကို တွေ့ရလေ၏။ မိုးသီးသည် လွန်စွာပျော်၍သွား၏။ ပြဇာတ်ပြီးသွားသော အခါ၌ ဆရာရွှေဒိုးဆန်းညွန့်က မိုးသီးအား -

"မင်း မအိပ်နဲ့ဦးကွ. . .၊ ဇာတ်ရုံနောက်မှာ မင်းကို တယောထိုးပြ ပြဦးမယ်. . .၊ မင်းကြိုက်တဲ့ နန်းကြာညိုကျော့သီးချင်းကို ဆိုလည်း ဆိုပြ မယ်. . .၊ တယောလည်း ထိုးပြမယ်"ဟု ဆိုကာ တယောဖြင့် ဆိုပြလေ၏။ မိုးသီးအဖို့ ထိုညက မိမိသည် စစ်မှုထမ်းတစ်ဦးဖြစ်သည် ဆိုသည်ကိုပင် မေ့လျော့သွားလေတော့သတည်း. . .။

* * * * *





# အခန်း (၂၇)

## မိုးသီး ဈေးတန်းပြီ ဝေါက်ဆွဲဆိုင်သို့ ထမင်းဝေါက်ထပ်၍ရောင်းခြင်း

တစ်ခုသော ည (၇)နာရီတွင် မိုးသီးသည် ဗိုလ်ကြီးတင်ဦးက ခေါ်သည် ဆိုသဖြင့် မိုးသီးလည်း ဗိုလ်ကြီး၏ ရုံးခန်းသို့ သွားရလေ၏။ ရုံးခန်းတွင် မတွေ့သောကြောင့် မိုးသီးလည်း လှည့်ပတ်၍ရှာဖွေရာ ဆင်ခြေဖုံးများအစည်း အဝေးလုပ်သော ခန်းမအတွင်းရှိ မြေပုံကပ်ထားသော နံရံတွင် အလုပ်ရှုပ် နေသော ဗိုလ်ကြီးတင်ဦးကို တွေ့ရလေ၏။ ၎င်းသည် တပ်ခွဲများမှ ပေးပို့သော အ. ခ. အ. န ကြေးနန်းခေါ် အခြေအနေ သတင်းကြေးနန်းများကို ဖတ်၍ ရန်သူ၏ လှုပ်ရှားနေသော နယ်မြေများကို မြေပုံပေါ်တွင် တေးမှတ်၍ စာရင်း ပြုစုနေခြင်းဖြစ်၏။

မိုးသီးသည် ၎င်းအနီးသို့ ဝင်သွားပြီးလျှင် ၎င်းအား အလေးပြုလေ၏။ ဗိုလ်ကြီးတင်ဦးသည် လုပ်လက်စအလုပ်ကို ခေတ္တရပ်ပြီးလျှင် မိုးသီးအား ကုလားထိုင်ကို ညွှန်ပြ၍ -

"ဆရာမိုးသီး . . .၊ ဟိုမှာထိုင် . . ."ဟု ပြောလေ၏။ မိုးသီးသည် ကုလားထိုင်တွင် ထိုင်လိုက်သော်လည်း ရင်ထဲတွင် တဒိတ်ဒိတ်ဖြစ်နေ၏။ ဗိုလ်ကြီးသည် မိုးသီးအနီးရှိ ကုလားထိုင်တွင် လာ၍ထိုင်ပြီးနောက်-

"ကိုယ့်လူတို့ စာမေးပွဲဖြေတဲ့အဖွဲ့က အတော့်ကို လွန်လွန်းတာပဲ. . .၊ စာမေးပွဲကြီးကြပ်အရာရှိက ကိုယ့်လူတို့အားလုံး ခိုးချတယ်လို့ အထက်ကို အစီရင်ခံလိုက်လို့ အဲဒီစာမေးပွဲကို ပယ်ဖျက်လိုက်ပြီ. . .၊ တပ်မတော်သား တွေဲ သတ္တိရှိရမှာပေါ့. . .၊ ဖြေနိုင်ရင် ဖြေပေါ့. . .၊ မဖြေနိုင်ရင် မဖြေနဲ့ပေါ့ အဖြစ်လို့ ခိုးချရတာတုံး. . .၊ အဲဒီသတင်းဟာ ပျံ့သွားပြီ . . .၊ တပ်အတွက် ဘယ်လောက်သိက္ခာကျသလဲ. . .၊ ကိုယ့်လူကိုလည်း သိက္ခာမရှိတော့ဘူး. . .၊



www.burmeseclassic.com

www.burmeseclassic.com



ဒို့ထက်ဆိုးတာက ဆရာမိုးသီးဟာ သဘော်ဆိပ်မှာ မူးပြီးလဲကျန်နေ လို့ လိုက်မလာနိုင်ဘူး၊ နောက်မှ လိုက်လာရတယ်လို့ ပြောတယ်၊ ရေနံချောင်း ကျမှ သဘော်တက်စီးရတယ်ပြောတယ်၊ အသက်ကလေးက ငယ်ငယ်လေး ရှိသေးတယ်၊ ဒီလောက် ပျက်စီးရသလား. . .၊ တပ်ထဲမှာ ဒီသုံးရစ်နဲ့ပဲ တျေနပ်ပြီလား. . .၊ တက်လမ်းကို မကြည့်တော့ဘူးလား. . .၊ ဆရာမိုးသီးနဲ့ ပတ်သက်တဲ့သတင်းတွေ ကြားလိုက်တိုင်း တစ်ခုမှ ကောင်းတာမကြား ရဘူး. . .၊ အမြန်ဆုံးပြင်လိုက်ပါ. .၊ ဒုက္ခရောက်တော့မယ်. . ."ဟု ဆူပူလေ၏။

ဂုင်းဗိုလ်ကြီးသည် မိုးသီးအပေါ်၌ ညီအရင်းပမာ သဘောထား၍ ပြင်းပြင်းထန်ထန် ဆုံးမနေခြင်းဖြစ်၏။ မိုးသီးသည် တစ်စုံတစ်ရာကို မဖြေနိုင်ဘဲ ခေါင်းကိုငုံ့ထား၏။ ထိုအချိန် ဗိုလ်ကြီးက-

"မနေ့က မင်းဘူးမှာတွေ့တယ်. . .၊ တပ်ကို ပြန်လို့ သချာမှာ တာ မပြန်ဘူး၊ ပွဲဝင်ကြည့်နေတယ်၊ လူကြီးလုပ်တဲ့လူက စိုးရိမ်လို့ ပြန်ခိုင်းတာ မပြန်ဘူး. . .၊ ဘယ်လိုဆင်ခြေမှမလိုချင်ဘူး. . .၊ အပြစ်ပဲ. . .၊ ညနေတိုင်း လည်း မက်စ်မှာ မူးနေတယ်လို့ သတင်းရတယ်. . .၊ ရမ်တစ်လုံးလည်းသောက် တယ်လို့ကြားရတယ်. . .၊ ဒီအရွယ်လေးမှာ ဒီလောက်သောက်ရင် လူ့လောက မှာ ကြာကြာနေရမှာမဟုတ်ဘူး. . .၊ အသည်းတွေ ဇကာကျသွားလိမ့်မယ် မက်စ်မှာ ရမ်ပြတ်နေရင်လည်း ထမင်းချက်တဲ့ ဦးတင်ကြီးကို အရက်ဖြူဝယ်ခိုင်း တယ်လို့ သတင်းရတယ်. . .၊ အတော့်ကို ပျက်စီးနေတာပဲ. . .၊

အခုအချိန်တော့ ကိုယ်တို့က ဖုံးဖုံးဖိဖိလုပ်ထားတယ်၊ အဲဒါလည်း ကြာကြာဖုံးနိုင်မှာမဟုတ်ဘူး. . .၊ တပ်ရင်းမှူးသိသွားရင် အရေးယူလိမ့်မယ် တစ်နေ့ကလည်း ဘိလိယက်ထိုးရင်း ကိုယ့်ထက်စီနီယာကျတဲ့ ဆာဂျင် တစ်ယောက်နဲ့ ရန်ဖြစ်လို့ကြားတယ်. . .၊ ကြားလိုက်ရတဲ့ သတင်းတွေက တစ်ခုမှမကောင်းဘူး . . .၊

တပ်မှာ သုံးမရဘူးဆိုရင် ထုတ်ပစ်တဲ့ ပုဒ်မရှိတယ်၊ အဲဒီပုဒ်မဟာ ယူဘီအီးအက်စ်လို့ခေါ်တယ်၊ တပ်မတော်သားကောင်းဖြစ်ရန် အလား အလာမရှိဆိုတဲ့ ပုဒ်မပဲ၊ အဲဒါမျိုးနဲ့အထုတ်ခံရရင် ဘာအခွင့်အရေး ခံစားခွင့်မရှိ တော့ဘူး. . .၊ အရပ်ထဲရောက်သွားရင်လည်း ဘယ်ရုံးမှာ အလုပ်လျှောက်လို့မရဘူး၊ တပ်မှာတောင် သုံးမရလို့ ထုတ်လိုက်တဲ့





လူတစ်ယောက်ကို အရပ်က ရုံးတွေကလည်း မသုံးဘူး. . .၊ ကြားလား. . .၊ မထုတ်တာတွေ ရပ်တန်းက ရပ်တော့. . .၊ ငယ်ငယ်လေးနဲ့ အညွန့်တုံးလာ လိမ့်မယ်. . .၊ ဒီအချိန်ဟာ အချိန်ကောင်းပဲ၊ အရွယ်ကောင်းပဲ ကြိုးစားရ မှာ. . .၊ ကိုယ့်အညွန့်ကို ချိုးမပစ်နဲ့" ဟု ဆူပူလေတော့၏။ မိုးသီးလည်း ခေါင်းကို ငုံ့ထားမြဲ ငုံ့ထား၏။

"တပ်ဟာ ကြိုးစားတဲ့လူတွေအတွက် တက်လမ်းတွေရှိတယ်. . .၊ မကြိုးစားတဲ့လူတွေအတွက် မြောင်းထဲကျသွားတယ်၊ မကောင်းတဲ့လူတွေရဲ့ အတုကို မခိုးရဘူး. . .၊ အဲဒါ မြဲမြဲမှတ်ထားပါ. . .၊ ကိုယ့်လူတို့ ကြားနေတ 'ဗိုလ်ကြီးသိန်းဟန်'ကိုလည်း ကျုပ်တိုင်ပြီးပြီ၊ သူကလည်း ခေါ်ပြီးဆူလိမ့် ဦးမယ်၊ အဲဒီလိုဆူတာဟာ ဆရာမိုးသီးရဲ့ အကျိုးကိုလိုလားလို့ ဆူတယ်လို့ နားလည်ပါ၊ အကျိုးကိုမလိုလားရင် စကားပြောစရာတောင်မလိုဘူး. . .၊ ကိုယ့်ဘာသာနေ လိုက်ရုံပဲ. . .၊ ကိုယ့်လူဘာသာ ဖြစ်ချင်ရာဖြစ်ပေါ့. . ."ဟု ဗိုလ်ကြီးတင်ဦးက ပြောပြန်လေ၏။ ထိုအခါ မိုးသီးက-

"ကျွန်တော် နားလည်ပါတယ် ဗိုလ်ကြီး. . ."ဟု ပြန်၍ဖြေလိုက်လေ ၏။ ဗိုလ်ကြီးတင်ဦးသည် (၁)နာရီခန့်ဆူပြီးနောက် ပြန်၍လွှတ်လိုက်လျှင် မိုးသီးသည် ရိပ်သာသို့ ပြန်၍လာလေ၏။

*(မှတ်ချက်။ ။ ဂုင်းဗိုလ်ကြီးတင်ဦးကို တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူး မှ အစ လေးစားခင်မင်ကြလေ၏။ လက်အောက်ငယ်သားများကလည်း ကြည်ညိုချစ်ချင်ကြလေ၏။ အသားလတ်လတ်၊ ဥပမိရုပ်ကောင်းကောင်း အရပ်မြင့်မြင့်ဖြစ်၏။ ဘယ်ရီကတ်ဆိုသော ဦးထုတ်ပြားလေးမှာ ယူတိုင်းဆောင်း ၍ မလိုက်ပေ။ ဗိုလ်ကြီးတင်ဦး ဘယ်ရီကတ်ဆောင်းလျှင် သွန်စွာကြည့်ကောင်း ၏။ ဂုင်းဗိုလ်ကြီးသည် နိုင်ငံ့တာဝန်ကို ထမ်းဆောင် ရင်း ကွယ်လွန်သွားသည် ဟု သိရ၏။ မိုးသီးသည် ထိုသတင်းကိုကြားသော အခါ၌ အသက် ၆၀ ကျော် ၇၀ အတွင်းသို့ ရောက်ရှိနေပြီးဖြစ်သော်လည်း ဆရာသမားအတွက် စိတ်မကောင်းဖြစ်ကာ ထိုနေ့တစ်နေ့လုံးအဖို့ ထမင်းပင် စားနိုင်အောင်ဖြစ်ခဲ့ရလေ၏။*

*စာရေးသူ)*



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ တပ်ထောက်ဌာနတွင် ဗိုလ်ကြီးသိန်းဟန်မှ မိုးသီးကိုခေါ်၍ ဆူပြန်လေ၏။ ဆုံးမပြန်လေ၏။ မိုးသီးသည် ခေါင်းကိုငုံ့၍ထားရ၏။

*(မှတ်ချက် ။ ။ ၎င်းဗိုလ်ကြီးမှာလည်း ရုပ်ရည်သန့်ပြန့်၍ အလုပ်အလွန်ကြိုးစားသူဖြစ်၏။ လက်အောက်ငယ်သားကိုလည်း ထောက်ထားညှာတာတတ်သူဖြစ်၏။ နောင်တွင် ၎င်းဗိုလ်ကြီးသိန်းဟန်သည် ဗိုလ်မှူးကြီးသိန်းဟန်အဖြစ် ရှမ်းပြည်နယ်တွင် တာဝန်ထမ်းဆောင်ပြီး အနားယူသွားသည်ဟုသိရ၏။*

*စာရေးသူ)*

နောက်တစ်နေ့တွင် မိုးသီး၏ ဆရာလည်းဖြစ်၊ ဘော်ဒါလည်းဖြစ် သော ဆရာရပ်ရှ်ကူးမားက-

"မိုးသီး. . . လာဦး၊ ကိုယ့်ရင်ကို ပြောစရာရှိတယ်၊ အဲဒါက တခြားမဟုတ်ဘူး၊ ကိုရင်ဟာ တပ်မှာနေလည်း ကြီးပွားမှာမဟုတ်ဘူး၊ သိပ်မကြာခင် အရပ်သားဖြစ်သွားတော့မှာပါ. . .၊ ဒီလောက်မူးရူးနေရင် တပ်မှာကောင်းစားဖို့မရှိဘူး. . .၊ အရပ်သားဖြစ်သွားရင်လည်း ငတ်လိမ့်မယ်. . ."

အဲဒီတော့ အကောင်းဆုံးအကြံ ပေးချင်တာက တို့ချောက်မှာတုန်းက အရက်ဝင်သောက်တဲ့ အရက်ဆိုင်က အဘွားကြီးရဲ့သမီးကို မင်းယူရမယ်. . .၊ အခု အရေးကြီးတဲ့စာတစ်စောင် တပ်မဟာကိုပို့ဖို့ရှိတယ်၊ ဆာဂျင်အဆင့်ရှိတဲ့ သူ ပို့ရမယ်လို့ အဆိုရှိတယ်. . .၊ ကိုယ်ရင့်ကိုပို့ခိုင်းဖို့ လူကြီးကို တင်ပြထားတယ်၊ လူကြီးက သဘောတူတယ်၊

အဲဒီတော့ စာသွားပို့ရင်း ချောက်မှာရှိတဲ့ အဲဒီဆိုင်ကိုဝင်. . .၊ ဟောဟိုမှာ သနပ်ခါးတစ်စည်းဝယ်ထားတယ်. . .၊ အဲဒါ ကိုယ့်လူက လက်ဆောင်ပေးတယ်ဆိုပြီး အဘွားကြီးနဲ့ သူ့သမီးကိုပေးလိုက်. . .၊ ထမင်းစားရင်လည်း အဲဒီဆိုင်မှာစား၊ အဘွားကြီးနဲ့နီးစပ်အောင်လုပ်၊ ပြီးရင် သူ့သမီးကိုယူလိုက်၊ ပြီးတော့ အဲဒီခေါက်ဆွဲဆိုင်မှာ ခေါက်ဆွဲကြော်ပေတော့. . .၊ အရက်မဖြတ်နိုင်လည်း အဲဒီမှာ အရက်တွေရှိတယ်. . .၊ ယူသောက်ပေတော့. . .၊ အဘွားကြီးနဲ့ တည့်အောင် ပေါင်းတတ်ဖို့တော့လို့တယ်. . ."ဟု ပြောလေ၏။ ထို့နောက် မိုးသီးအား တပ်မဟာဌာနချုပ်သို့ စာပို့ရန် စေလွှတ်လိုက်လေတော့၏။



မိုးသီးလည်း စာကိုယူ၍ ချောက်မြို့သို့ထွက်လာခဲ့လေ၏။ စာပို့ပြီးသည်နှင့် တစ်ပြိုင်နက် ခေါက်ဆွဲဆိုင်သို့သွားလေ၏။ ရောက်သည်နှင့် တစ်ပြိုင်နက် ပါလာသော သနပ်ခါးတုံးများကို အဘွားကြီးကို လက်ဆောင် ပေးလိုက်လေ၏။ အဘွားကြီးသည် သနပ်ခါးတုံးများ လက်ခံရရှိပြီးသည်နှင့် သူ၏သမီး များဘက်သို့ မျက်နှာလှည့်ကာ-

"ဒီကောင်လေးနဲ့ သူ့အဖော်တစ်ယောက်ဟာ သဘော်ဆိပ်မှာ မူးပြီးကျန်ခဲ့တာပေါ့. . .၊ စကုတပ်က ကောင်လေးတွေပေါ့. . .၊ သူတို့ စားခမရှိလို့ အမေကစိုက်ပေးဖူးတယ်. . .၊ အခု သူတို့က သနပ်ခါးတုံးတွေ လက်ဆောင်ယူလာတယ်. . .၊ သူတစ်ပါးရဲ့ကျေးဇူးကို သိတတ်ကြတယ်. . . လူကောင်းလေးတွေဖြစ်မှာပါ. . ."ဟု ပြောလေ၏။ သူ၏သမီးများအနက် တရုတ်လူမျိုးနှင့်တူသော သမီးက -

"အမေကလည်း ဘူတို့အကြောင်း သေသေချာချာ မသိရဘဲနဲ့ ချီးမွမ်းနေတာကိုး. . .၊ အမေ ထင်သလို လူကောင်းမဟုတ်ဘဲ လူဆိုးတွေ ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ. . ."ဟု ဝင်၍ ပြောလေ၏။

မိုးသီးသည် ထိုတရုတ်မလေး၏စကားကြောင့် အနေရအထိုင်ခက် ဖြစ်သွားလေ၏။ ထိုအခါ ၎င်းအဒေါ်ကြီးက-

"နင်က ဆရာ မလုပ်ပါနဲ့ဟယ်. . .၊ ငါက အပွေးမြင် အပင်သိတယ်၊ ဒီကောင်လေးဆိုရင် ရုပ်ကိုကြည့်စမ်း. . .၊ ဘယ်လောက်သန့်သလဲ ဒီလိုရုပ်မျိုးဟာ လူဆိုးမဖြစ်ဘူးဟဲ့. . .၊ လူဆိုးရုပ်မှ မပေါက်ဘဲ. . ."ဟု ပြောလိုက်လေ၏။

"အမေကလည်း လူဆိုးလူကောင်း ရုပ်နဲ့ချည်းမဆိုင်ဘူး အမေရဲ့"ဟု တရုတ်မလေးက ပြောလျှင် အဒေါ်ကြီးက-

"နင် တော်တော်ရှည်တယ်နော်. . .၊ လူကြီးက အဖြူဆိုရင် နင်က အမည်းလိုက်ပြောနေတယ်. . ."

ငါးငါးလွေးလွေးဟု တရုတ်ဘာသာစကားဖြင့် ပြောလိုက်လေ၏။ ထိုစကား၏အဓိပ္ပာယ်မှာ 'စကားတော်တော်များတယ်'ဟု အဓိပ္ပာယ်ရ၏။ ထိုအခါ တရုတ်မလေးသည် နှုတ်ပိတ်သွားလေ၏။ ထို့နောက် တရုတ်မလေး သူ့ သူ့အမေဘက်သို့လှည့်ကာ-

www.burmeseclassic.com

www.burmeseclassic.com



"(ပိန်းကွေး)က ဒီမှာထမင်းစားမှာလား"ဟု မေးလိုက်လေ၏။ 'ပိန်ကွေး' ဆိုသည်မှာ ၎င်းတို့၏ တရုတ်ဘာသာစကားဖြင့် 'စစ်သား'ဟု အဓိပ္ပာယ်ရ၏။ ဆိုလိုသည်မှာ 'ဒီစစ်သားက ဒီမှာ ထမင်းစားမှာလား..' ဟုပင်ဖြစ်၏။ ထို့ကြောင့် တရုတ်မလေးက ထမင်းပေါင်းတစ်ပွဲ မှာပေးလေ၏။ ထိုတရုတ်မလေးက သူ၏ မိခင်အား

"ကြုံမှသောက်တာနဲ့တူပါတယ်...၊ တကယ့် (ကျူးဟူကွေး)ကြီး မဟုတ်ပါဘူး..."ဟုဖြေလိုက်လေ၏။ ၎င်းတို့ပြောသော 'ကျူးဟူကွေး'ဆိုသည်မှာ 'အရက်သမား'ဟု ဆိုလို၏။ ထမင်းပေါင်းလာပေးသောအခါ မိုးသီးက တရုတ်မလေးအား -

"နာမည် ဘယ်လိုခေါ်သလဲ..."ဟု မေးလိုက်လေ၏။ တရုတ်မလေးက

"ကျင်ဖုံ ..."ဟု တုံးတိတိဖြေလိုက်လေ၏။

'ကျင်ဖုံ'ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် "ရင်တုန်"၍ သွားလေ၏။

* * * * *

'ကျင်ဖုံ'ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ''ရင်တုန်''၍ သွားလေ၏။

'ကျင်ဖုံ'ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ''ရင်တုန်''၍ သွားလေ၏။

'ကျင်ဖုံ'ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ''ရင်တုန်''၍ သွားလေ၏။





## အခန်း (၂၈)

### မိုးသီးတို့အတွက် တပ်မှ ကျောင်းဖွင့်ပေးခြင်း

မိုးသီးတို့၏ ခြေလျင်(၂၁)တပ်ရင်းသည် စကုမှ မင်းဘူးသို့သွားသော ကားလမ်းဘေးတွင်ရှိ၏။ ရှေးယခင်က ထိုနေရာသည် ပါကစ္စတန်မှ ဝယ်ယူ လာခဲ့သော မျိုးကောင်းသော နွားမျိုးကြီးများကို မွေးမြူသည့် အစိုးရနွားခြံ ကြီးရှိ၏။ ထိုနွားခြံကြီးသည် လွန်စွာ ကျယ်ဝန်း၏။ နွားများကို ကုသသော နွားဆေးရုံကြီးမှာ အုတ်ဖြင့်ပြုလုပ်ထားသော ကြီးမားသည့် အဆောက်အဦ ကြီးဖြစ်၏။ ထိုအဆောက်အဦကြီးကို အနည်းငယ်ပြင်ဆင်ပြီး တပ်ရင်းရုံး ပြုလုပ်ထားရ၏။ ထိုနွားခြံကြီးကို ကြပ်မတ်ရသော ခန်းဂိုင်နေအိမ်ကြီးမှာ ကျွန်းဖြင့်ဆောက်လုပ်ထားသော ခန့်ညားသည့် အိမ်ကြီးဖြစ်၏။

ထိုအိမ်ကြီးကို မိုးသီးတို့တပ်မှ တပ်ရင်းအုရာခံ ဗိုလ်နေရန် သတ်ဆိုင်ရာမှ နေရာချထားပေးလိုက်၏။ နွားထိန်းများ၊ နွားကျောင်းသားများနေသော အိမ်များလည်းရှိ၏။ ထိုအိမ်များမှာလည်း လွန်စွာကောင်း၏။ အိမ်ထောင်ရှိသော ဒုအရာခံဗိုလ်နှင့် တပ်ကြပ်ကြီးများအား နေရာချထားပေးလိုက်လေ၏။ သွပ်ပြားမိုး၊ သွပ်ပြားကာထားသော ဂိုဒေါင်ကြီးများလည်းပါ၏။ ထိုဂိုဒေါင် ကြီးများမှာ ယခင်က မည်သည့်ကိစ္စအတွက် ထားသည်မသိဘဲ မိုးသီးတို့တပ်ရင်း (၂၁)ရောက်လာသည့်အခါ လက်နက်ခဲယမ်းသိမ်းဆည်းသော ဂိုဒေါင်၊ စစ်ဝတ် တန်ဆောင်များ သိမ်းဆည်းသော ဂိုဒေါင်၊ ရိက္ခာပစ္စည်းများထားသိုသော ဂိုဒေါင်အဖြစ် အသုံးချလေတော့၏။ နွားခြံကြီး၏နေရာသည် အခြားသော နေရာထက် အနည်းငယ်နိမ့်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနွားခြံကြီး၏ အလယ်တွင် နွေအခါတွင်မှ ရေစီးသော ချောင်းငယ် လေးတစ်စင်းသည် ဖြတ်ဝင်နေနေ၏။ ရေရှိသည်ဟူ၍ မြင်ခဲလှ၏။ ထိုချောင်းကလေးမှာ 'နွားကူးချောင်း'ဟုခေါ်၏။ ထိုနွားကူးချောင်း သည် 'မန်းချောင်း'နှင့်ဆက်သွယ်လျက်ရှိ၏။ မန်းချောင်းမှာလည်း ရွှေစက်တော် ဘုရားဘက်မှ စီးဆင်းလာပြီး မိုးသီးတို့၏တပ်ဘေးကားလမ်းဘေးမှဖြတ်ကာ မင်းဘူးဘက်သို့ စီးဆင်းသွားပြီးလျှင် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သွား လေ၏။

တစ်ညတွင် မိုးသီး၏တပ်တွင် တပ်ရင်းမှူးဖြစ်သူ 'ဗိုလ်မှူးလှဆွေ' က ဦးဆောင်၍ တပ်ရင်းဒါဗာတစ်ခု ပြုလုပ်လေ၏။ ဒါဗာဆိုသည်မှာ ရဲဘော် အပါအဝင် အခြားအဆင့်များအနေနှင့်လည်း မိမိတင်ပြပြော ဆိုလိုသော အကြောင်းအရာများကို လွတ်လွတ်လပ်လပ် အထက်လူကြီးများ အား တင်ပြ ပြောဆိုခွင့်ပေး၏။ မိမိမသိ၍ မေးလိုသောကိစ္စများကိုလည်း လွတ်လွတ်လပ်လပ် မေးမြန်းခွင့်ရှိ၏။ မည်မျှမကြေလည်သော ကိစ္စ သည်ဖြစ်စေ ဒါဗာလုပ်ပေး လိုက်လျှင် ပြေလည်သွားသည်ချည်းဖြစ်၏။ ထိုဒါဗာပွဲတွင် တပ်ရင်းမှူး ကိုယ်တိုင် မိုးသီးအား -

"ဘာမှပြောစရာမရှိဘူးလား မိုးသီး၊ မင်းဟာ ရိုးရိုးမိုးသီးမဟုတ် ဘူးကွ၊ ပြဿနာမိုးသီးဆိုတော့ တစ်ခုခုတော့ ပြောသင့်တယ်. . ."ဟု လမ်းဖွင့်ပေးသဖြင့်

"တပ်ရင်းမှူးခင်ဗျာ. . . ကျွန်တော်ဟာ (၁၀)တန်း မအောင်ဘဲ တပ်ထဲ ဝင်လာတာပါ။ ကျွန်တော့်လိုလူတွေလည်း တပ်ထဲမှာ အများကြီး ရှိမှာပါ၊ ည ကျောင်းတက်ခွင့်ရရင် (၁၀)တန်းကို ညကျောင်းတက်ပြီး ပြန်ပြီးဖြေချင်ပါတယ်၊ အဲဒါကြောင့် ညကျောင်းတက်ခွင့်ပေးဖို့ တင်ပြပါတယ်. . ."ဟု မိုးသီးက ပြောလိုက်လျှင် တပ်ရင်းမှူးက ညကျောင်း တက်ခွင့်ပေးရန် သူ့ဘာသာသူ ဆုံးဖြတ်၍ အမိန့်စာအကြမ်းရေးနေ၏။ ထိုအခါ၌ တပ်ရေးဗိုလ်ကြီးဖြစ်သူ ဗိုလ်ကြီးတင်ဦးက -

"တပ်ရင်းမှူး . . . မိုးသီးတို့ကို ညကျောင်းတက်ခွင့် မပေးပါနဲ့၊ အဲလိုခွင့်ပေးလိုက်ရင် ကျောင်းတကယ် မတက်ဘဲ ညနေဆို တပ်က ထွက်သွားပြီး မြို့ထဲမှာ အလေလိုက်နေမှာ. . .၊ တကယ်ကို သူတို့စာမေးပွဲ ဖြေချင်တယ် ဆိုရင်တော့ (၁၀)တန်းမှာက ကျန်တာတွေသူတို့ဘာသာ





သူ့ဘာသာသင်လို့ရတယ်၊ သူတို့မရမှာက အင်္ဂလိပ်စာနဲ့ သင်္ချာပဲဖြစ်လိမ့်မယ်၊ အဲဒါတော့ မြို့ထဲက ကျောင်းက အင်္ဂလိပ်စာပြတဲ့ ဆရာရယ်နဲ့ သင်္ချာပြတဲ့ ဆရာရယ်တို့ တပ်က ငှားပေးမယ်၊ တပ်ထဲမှာပဲတက်၊ အဲဒါပဲကောင်းပါတယ်၊ အပြင်ထိုလွှတ်လိုက်ရင်တော့ ထိန်းရသိပ်ခက်သွားမယ်၊ မိုးသီးဆိုရင်တော့ ညကျောင်းရောက်မှာ မဟုတ်ဘူး၊ အရက်ဆိုင်ရောက်သွားမှာပဲ၊ အပြင်တာ ပြဿနာဖြစ်ရင် တပ်က ရှင်းရခက်တယ်၊ အဲဒါကြောင့် တပ်ထဲမှာပဲ ပြီးသင်ပေးပေးဖို့ ဆုံးဖြတ် စေချင်တယ်. . ."ဟု အလေးအနက် ဆင်ခြရာ တပ်ထဲမှ အခြားအဆင့်များ ကပါ ဗိုလ်ကြီးတင်ဦး၏ တင်ပြချက် အပေါ် လက်ခုပ်တီး၍ အားပေးကြ လေ၏။ ထိုအခါ တပ်ရင်းမှူးက

"ဒီမှာ ဗိုလ်တင်ဦး. . .၊ ခင်ဗျားပြောတဲ့ ကျောင်းဆရာနှစ်ယောက် ကိုလည်း ခင်ဗျားကိုယ်တိုင်ပဲ စီစဉ်ပေးလိုက်ပါ၊ အဲဒါတော့ အမြန်ဆုံးစီစဉ် ပေးလိုက်ပါ. . .၊ သူတို့စာသင်ခန်းကိုတော့ ဆာကျင်မက်ဘေးက လွတ်နေတဲ့ ထိုတ်ပုလေးရှိတယ်မဟုတ်လား၊ အဲဒါနွားခြံဘဝတုန်းက နွားခြံလုပ်သားတွေ နေခင်းနားတဲ့အဆောင်လေဗျာ. . .၊ အဲဒါကို သူတို့ညကျောင်းအဖြစ် စီစဉ် ပေးလိုက်. . .၊ စားပွဲ၊ ကုလားထိုင်တွေပါ စီစဉ်ပေးလိုက်ပါဗျာ. . ."ဟု မိန့်ကြား လိုက်လေ၏။ ထိုတပ်ထဲတွင် တပ်တွင်းမူလတန်းကျောင်း ကလေး တစ်ကျောင်းရှိ၏။ ထိုကျောင်း၏ကိစ္စအဝဝကို 'တပ်ကြပ်ကြီး ဦးခင်မောင်မြ' ကသာ တာဝန်ယူရလေ၏။ ထို့ကြောင့် ဗိုလ်ကြီးတင်ဦးက တပ်ကြပ်ကြီး ခင်မောင်မြ အား -

"ဆရာခင်မောင်မြ. . .၊ ခင်ဗျားကျောင်းက ဘလက်ဘုတ်တစ်ချပ် ကိုစောကအဆောက်အဦးထဲမှာ နက်ဖြန်ညနေ သွားပြီးချိတ်ပေးထားပါ၊ ပြီးတော့ မိုးသီးက စာရင်းလုပ်၊ ညကျောင်းတက်မယ့်သူ ဘယ်နှစ်ယောက်ရှိ သလဲ၊ အဲဒီစာရင်းကိုကြည့်ပြီး ဆရာခင်မောင်မြက ခင်ဗျားရဲ့ကျောင်းကခုံ တွေရှိတယ်၊ အဲဒီအထဲမှာ ထည့်ပေးလိုက်ပါ၊ အဲဒီကိစ္စတွေအားလုံး နက်ဖြန် ညနေ(၁၁)နာရီမှာ အပြီးလိုချင်တယ်၊ မြို့ထဲကျောင်းက ဆရာနှစ်ယောက် ကလည်း သူတို့သင်ရမယ့်စာသင်ခန်းကို လိုက်ပြီးပြရမှာ. . . ပြည့်စုံနေဖို့တော့ လိုတယ်. . ."ဟု ပြောလိုက်လေ၏။ နောက်တစ်နေ့နံနက်တွင် တပ်ကြပ်ကြီး ခင်မောင်မြသည် ရဲဘောများနှင့်အတူ စာသင်ခန်းကို ပြင်ဆင်ပေးတော့၏။ ဖျားရှေ့၏။ တံမြက်စည်းများလှည်း၏။ ဘလက်ဘုတ်ချိတ်၍ မြေဖြူခဲ



www.burmeseclassic.com

www.burmeseclassic.com



သောဖွတ်တအစ အသင့်လုပ်ထား၏။ ထို့ပြင် ကျောင်းခေါ်ချိန်စာအုပ်ကိုပင် အသင့်လုပ်ပေးထား၏။ အလုံးစုံပြုလုပ်ပြီးသောအခါ၌ ဆရာ ခင်မောင်မြက

"ဟော့ကောင် မိုးသီး၊ ဟောဒီမှာ ကျောင်းခေါ်ချိန် ရီဂျစ်စတာလုပ်ပေးထားတယ်၊ ကျောင်းခေါ်ချိန်မပြည့်ရင် (၁၀)တန်း ဝင်ဖြေခွင့်မပေးဖို့ တစ်ရင်းမှုကို တင်ပြထားတယ်. . . "ဟု ပြောသဖြင့် မိုးသီးက -

"လူကြီးခိုင်းတာပဲ လုပ်ပါသူငယ်ချင်းရယ်. . .၊ မင်းစိတ်ကူးထားတာတွေ မထည့်ပါနဲ့. . .၊ အကုန်လုံးကြပ်ကုန်မယ်"ဟု ပြောလိုက်ရာ ဆရာ ခင်မောင်မြက -

"ကျောင်းရယ်လို့ သတ်သတ်မှတ်မှတ်လုပ်ရင်တော့ ကျောင်းစည်းကမ်း ဆိုတာ လိုအပ်တာအမှန်ပဲ ငါ့လူ. . .၊ ငါပြောတာမယုံရင် တစ်ရေးဗိုလ်ကြီး သွားမေးကြည့်. . "ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးက

"ယုံပါတယ် သူငယ်ချင်းရာ. . .၊ တစ်ရေးဗိုလ်ကြီးကိုလည်း မမေးတော့ပါဘူး. . .၊ အဲဒီစည်းကမ်းတွေကို မင်းကမထုတ်ဖို့ပါပဲ. . .၊ ညကျောင်းတက်မယ်လို့ စာရင်းပေးထားတဲ့လူတွေက ငါ့ထက်ကြီးတဲ့သူတွေချည်းပဲ၊ ငါပြောလို့ရမှာမဟုတ်ဘူး၊ အဲဒီအထဲမှာ ငါကြောက်ရတဲ့ ဆရာရပ်ရှိတုံးမား လည်းပါတယ်၊ ငါဘယ်လိုလုပ်ပြောမလဲကွ. . .၊ ဆရာသန်းဆွေတို့ကလည်း (၁၀)တန်းတော့ မဖြေဘူး၊ ဝင်တော့တက်မယ်လို့ ငါ့ဆီမှာ စာရေးပေးထားတယ်၊ ဆရာသန်းဆွေဆိုရင် လွတ်လပ်ရေးမရခင်တတည်းက တပ်ထဲရောက်နေတာ. . .၊ အဲဒီလောက် ဆားဗစ်ရင့်တဲ့လူတွေကို ငါက ကျောင်းစည်းကမ်းတွေ ဘယ်လိုလုပ်ပြောရမလဲ. . .၊ နဂိုကတည်းက လူမုန်းများနေရတဲ့အထဲ များသထက်များအောင်တော့ မလုပ်ပါနဲ့ ငါ့သူငယ်ချင်း ခင်မောင်မြရယ်. . ." ဟု တောင်းပန်ရလေ၏။

နေ့လယ်ပိုင်းသို့ ရောက်သောအခါ၌ ဗိုလ်ကြီးတင်ဦး က မိုးသီးအား သူ၏ရုံးခန်းသို့ခေါ်သဖြင့် ရုံးခန်းထဲသို့သွားရလေ၏။ ရုံးခန်း ထဲတွင် ဧည့်သည်လူစိမ်းနှစ်ဦးကို တွေ့ရလေ၏။ ဗိုလ်ကြီးတင်ဦးက-

"ဒီမှာ ဆရာမိုးသီး. . .၊ ကိုယ့်လူတို့ (၁၀)တန်းဖြေမယ့်လူတွေကို အင်္ဂလိပ်စာနဲ့ သင်္ချာသင်ပေးမယ့် ဆရာတွေရောက်နေပြီ. . .၊ ဟောဒီ ဆရာကြီးက ဦးသောင်းတဲ့. . .၊ သင်္ချာ(၁)ရော သင်္ချာ(၂)ပါ သင်ပေးမှာ. . .၊ ဟောဒီ ဆရာကြီးက ဆရာဦးလှမိုးတဲ့ အင်္ဂလိပ်စာသင်ပေးမှာ. . .၊ တစ်ကဒွေနဲ့





ကျောင်းတော့လုပ်ပေးလိုက်ပြီနော်. . .၊ ဆရာမိုးသီးတို့ဘက်က ကြိုးစားရမယ်"ဟု မှာကြားလေ၏။ မိုးသီးလည်း ကျောင်းတက်မည့်သူများ၏စာရင်းကို ဆရာ ဦးလှမိုးအား ပေးလိုက်လေ၏။ ဆရာဦးလှမိုးသည် ထိုစာရင်းကို ဖတ်ကြည့်ပြီးနောက်

"ကျောင်းသားက ဆယ်ယောက်ရှိတယ်. . .၊ နောက်တော့ လျော့သွားမှာပါ၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတတ်နိုင်တာတွေဖြစ်လာမှာပါ"ဟု ပြောလေ၏။

***(မှတ်ချက် ။ ။ ၎င်းဆရာဦးလှမိုးဆိုသူမှာ စကုသားဖြစ်၏။ နောင်တွင် စိန်ဗွန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးဖြစ်လာ၏။ ထိုအခါတွင် မဂ္ဂဇင်း အသီးသီး၊ ဂျာနယ်အသီးသီးတွင် 'လှမိုး (ညောင်ရေး)' ဟူသော ကလောင်အမည်ဖြင့် စာများရေးနေသော စာရေးအားကောင်းသည့် စာရေး ဆရာကြီးပင်ဖြစ်ပေ၏။***

***စာရေးသူ)***

ထို့နေ့ညတွင် စာသင်ခန်းဖွင့်လေ၏။ ကျောင်းတက်မည့် (၁၀) ယောက်စလုံး ပြည့်ပြည့်စုံစုံတက်လေ၏။ ဆရာကြီးဦးလှမိုးသည် စာသင်ချန်းစွာတောင်း ၏။ ဆရာကြီးသည် ပြဋ္ဌာန်းထားသောစာအုပ်ကို တစ်ပိုဒ် ဖတ်ပြလိုက်၊ ရှင်းလိုက် နှင့်ပြုလုပ်ပေ၏။ ထို့ပြင် ထိုစာပိုဒ်၏ အဓိပ္ပာယ် နှင့်ဝါကျများ တည်ဆောက် ထားပုံကိုလည်း သဒ္ဒါနည်းများဖြင့် ရှင်းပြလေ၏။

ဆရာဦးလှမိုးသည် ကျယ်ကျယ်ပြန့်ပြန့် စာဖတ်ထားသောသူ ဖြစ်သောကြောင့် စာသင်ခန်းနှင့် နီးနွယ်သော အခြားသောဗဟုသုတ များကိုလည်း ပြောပြပေး၏။ ကျောင်းသား(၁၀)ယောက်မှာ နောက်တစ်နေ့ တွင် (၅)ယောက် သာကျန်တော့၏။ အဘယ်ကြောင့်ဆိုသော် ကျောင်းတက် ချိန်နှင့် မက်စ်မှ အရက်ရောင်းသောအချိန် ကိုက်နေသောကြောင့် ထိုင်စ်ကောင်တာသို့ အလုအယက်ပြေးကြလေ၏။ ကျန်သော (၅)ယောက် မှာလည်း အကြောင်းပြချက် အမျိုးမျိုးပြကာ တစ်ပတ်လျှင် တစ်ယောက် ပျောက်သွားလေ၏။ ထို့ကြောင့် စာသင်ခန်းတွင် မိုးသီးနှင့် ဆရာနှစ်ဦးသာ ကျန်လေတော့၏။ ထိုအခါ၌ ဆရာဦးလှမိုးသည် စာသင်ခန်းကို ဗိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တင်ဦးထံသို့ ပြန်၍အပ်လေတော့၏။ ထိုအခါ ဗိုလ်ကြီးတင်ဦးက မိုးသီးအား ခေါ်၍ -

"ဆရာမိုးသီး. . . ကျောင်းက ဘယ်လိုဖြစ်သွားတာတုံး"ဟု မေးလေ၏။

"ကျွန်တော်ကတော့ အခုအချိန်အထိ မပျက်သေးဘူး၊ ကျောင်းခေါ်ချိန် မှန်ပါတယ်. . .၊ စာလည်း လိုက်နိုင်ပါတယ်၊ ဆရာကြီးနှစ်ယောက်ကို မေးကြည့်ပါ"ဟု မိုးသီးက ပြောလေ၏။ ထိုအခါ ဗိုလ်ကြီးတင်ဦးက-

"အဲဒါ သဘောပေါက်ပြီလား. . .၊ အများနဲ့လုပ်ရတဲ့အလုပ်ဟာ လွယ်ဘူး၊ ညီတာ သိပ်ခက်တယ်၊ အဲဒါကြောင့် ဆရာမိုးသီးကိုတော့ (၁၀)တန်း ဖြေရမယ့်အချိန်ကျရင် ဖြေဖို့ ခွင့်ပေးလိုက်မယ်. . .၊ ဖောင်တင်တဲ့အချိန် ရောက်ရင် ဖောင်တင်လိုက်၊ တင်ရင် မကွေးစင်တာကနေ တင်လိုက်. . .၊ စာမေးပွဲဖြေနေတဲ့ရက်အတွင်း တည်းဖို့အိမ်ပါ ရှာပေးလိုက်မယ်. . ." ဟု ပြောရှာလေ၏။ ထိုအခါ မိုးသီးက -

"ဗိုလ်ကြီး မရှာပါနဲ့. . .၊ မကွေးမှာက ကျွန်တော့်အပေါင်းအသင်း တွေ အများကြီးရှိပါတယ်"ဟု ပြောလိုက်ရာ ဗိုလ်ကြီးတင်ဦးက-

"ကျုပ်ပြောတဲ့နေရာမှာပဲ တည်းရမယ်၊ ခွင့်အနေနဲ့ ပေးလိုက်တာ မဟုတ်ဘူး၊ တာဝန်အနေနဲ့ခိုင်းလိုက်တာ. . .၊ အဲဒီတော့ စာမေးပွဲ ဖြေနေတာ မဟုတ်ဘူး၊ တပ်ရဲ့တာဝန်တစ်ရပ်ကို ထမ်းဆောင်နေတာလို့ သဘောထားရ မယ်၊ အဲဒီတော့ ပြောတဲ့နေရာမှာပဲ တည်းရမယ်. . .၊ မနက်မိုးလင်းလို့ (၈) နာရီထိုးတာနဲ့ ယူနီဖောင်းလဲထားရမယ်၊ စာမေးပွဲခန်း ကိုလည်း ယူနီဖောင်း ဝတ်ပြီးသွားရမယ်၊ တပ်မှာနေတဲ့အတိုင်းနေရမယ်၊ အဲဒီလိုမလုပ်ရင် အရပ်ထဲ ရောက်တာနဲ့ အရပ်စိတ်ပေါက်သွားမယ်၊ ဆရာမိုးသီးကို ဒီအတိုင်းလွှတ်လိုက် ရင် ငါးပါးတင်မဟုတ်ဘူး၊ သံဃာစင်ပါ ပျောက်သွားမယ်"ဟု လေးလေးနက်နက် ပြောလေ၏။ (၁၀)တန်းဖြေရန် ဖောင်တင်သောအခါ၌ ထိုဖောင်စာရွက်ကို ဗိုလ်ကြီးတင်ဦးအား သွား၍ပြရလေ၏။ ဗိုလ်ကြီးတင်ဦးသည် ဖတ်ကြည့်ပြီးနောက်-

"မနက်ဖြန် စာမေးပွဲဖြေရမယ်ဆိုရင် ဒီလို ညနေကတည်းက မကွေး ကို ကူးရမယ်. . .၊ စာမေးပွဲဖြေပြီးတာနဲ့ ချက်ချင်းပြန်လာရမယ်၊ စာမေးပွဲ ဖြေပြီး နောက်တစ်နေ့မှာ ဒီမှာ သတင်းပို့ပြီးသား ဖြစ်နေရ



မယ်. . .၊ အဲဒီရက်အတွင်း သုံးဖို့ပိုက်ဆံရောက်ရှိသလား. . ."ဟု မေးလေ၏။

"ရှိပါတယ် ဗိုလ်ကြီး၊ ဆရာရပ်ရှ်ကူးမားက ကျွန်တော့်ကို ပေးထား ပါတယ်၊ ဆရာဦးလှမိုးတို့ ကျောင်းပြန်အပ်သွားပေမဲ့ ဆရာရပ်ရှ်ကူးမား ကျွန်တော်ကို အင်္ဂလိပ်စာသင်ပေးပါတယ်"ဟု မိုးသီးက ပြောလိုက်ရာ ဗိုလ်ကြီးတင်ဦးက-

"ကောင်းပြီ ဆရာမိုးသီး၊ အခုလို ကောင်းရာ ကောင်းကြောင်း ကြိုးစားတာကို သိပ်ပြီးဝမ်းသာတာပဲ၊ ပျက်စီးချင်တိုင်း ပျက်စီးနေတာ ကိုတော့ မကြိုက် ဘူး၊ လုပ်စရာရှိတာတွေ ဆက်လုပ်. . ."ဟု အမိန့်ပေး လိုက်လေ၏။ မိုးသီး လည်း အလေးပြု၍ ဗိုလ်ကြီးတင်ဦးအနီးမှ ထွက်သွား ခဲ့လေတော့သတည်း။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၉)

## မိုးသီးတို့တပ် ရွေ့ပြောင်းခြင်း

မိုးသီးသည် ချောက်မြို့သို့ မကြာခဏရောက်နေလေ၏။ သူ၏ ဆရာ ရပ်ရှိကူးမားကလည်း အကြောင်းမရှိအကြောင်းရှာ၍ ချောက်သို့ မကြာခဏ လွှတ်၍နေ၏။ ချောက်မြို့သို့ရောက်သည့်အခါတိုင်း၌လည်း အကျောက် ခေါက်ဆွဲဆိုင်သို့ အမြဲသွားလေ၏။ မိုးသီးသည် အစ တစ်ခေါက် နှစ်ခေါက် တွင် တခြားတွင် တည်းခိုရ၏။ နောက်တွင် အကျောက်ခေါက်ဆွဲဆိုမှ အဒေါ်ကြီး က ခေါက်ဆွဲဆိုင်တွင် အတည်းခိုင်း၏။ အဒေါ်ကြီးသည် သူ၏သမီးအား မိုးသီးကိုယူရန် အဆက်မပြတ် နားချ၍နေလေ၏။ နောက်ဆုံးတွင် သူ၏သမီး က ခေါင်းညိတ်လိုက်ရလေတော့၏။ မိုးသီးသည် ချောက်မြို့မှ တပ်ရင်းသို့ သင်္ဘောစီး၍ ပြန်လာ၏။ သင်္ဘောသည် မင်းဘူးမြို့သို့ ရောက်သောအခါ၌ (၁၀)နာရီထိုးနေပြီဖြစ်၏။ မင်းဘူးသို့ရောက်လျှင် တယ်လီဖုန်းအိတ်ချိန်းရုံးသို့ သွား၏။ အိတ်ချိန်းရုံးသို့ရောက်လျှင် တပ်ရင်းရုံး သို့ တယ်လီဖုန်း ဆက်လိုကြောင်း ပြော၏။ ထိုအခါ တယ်လီဖုန်းရုံးမှ အမျိုးသမီးက -

"ဆရာတို့တပ်ကို မနက်ကတည်းက ကျွန်မ ဖုန်းဆက်နေတာ...၊ အဆက်အသွယ်မရဘူး၊ နေ့ခင်းကတော့ အဲဒီဘက်ကလာတဲ့ လူတစ်ယောက် ဆီက သတင်းတစ်ခု ကြားရတယ်၊ ဆရာတို့တပ်ကြီးတစ်ခုလုံး ရွေ့ပြောင်းသွား တယ်တဲ့..."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-





"မဟုတ်တာ မပြောပါနဲ့ဗျာ...၊ ကုန်းခေါင်ခေါင်က တပ်ကြီး ဘယ်လိုလုပ်ရွေ့ပြောင်းမှာလဲ"ဟု ပြောလိုက်ရာ ထိုအမျိုးသမီးက -

"အဲဒီကလူတွေကို ကယ်ဖို့ ကျွန်မတို့ မင်းဘူးက လှေတွေတို့ မော်တော်ကားတွေနဲ့တင်ပြီးသွားကြတယ်လို့တောင် ပြောကြတယ်..."ဟု ပြောလိုက်လျှင် မိုးသီးသည် လွန်စွာစိတ်ဆိုးသွားလေ၏။ ထို့ကြောင့် -

"ခင်ဗျား ရယ်စရာလုပ်မနေနဲ့...၊ ကျုပ်က တာဝန်နဲ့လာရ တာ...၊ အဲဒီတော့ စကုဂါတ်ကို ဆက်ပေးဗျာ...၊ အဲဒီကို အကူအညီ တောင်းရမယ်" ဟု ဆိုသဖြင့် ထိုအမျိုးသမီးသည် စကုဂါတ်သို့ ဖုန်းထိုးပေး လေ၏။ ဖုန်းရသော အခါ မိုးသီးက စခန်းမှူးနှင့် စကားပြောလိုကြောင်း ပြောအခါ တစ်ဘက်မှ အသံရှင်က -

"ကိုယ် စခန်းမှူးပဲဗလ..."ဟု ပြန်၍ပြောလေ၏။ ထိုအခါ မိုးသီးက-

"စခန်မှူး...၊ ကျွန်တော် တပ်ရင်း(၂၁)က မိုးသီးပါ...၊ တပ်ကြပ်ကြီး စာရေးပါ၊ စာပို့တာဝန်နဲ့ ချောက်မြို့တပ်မဟာကို သွားရတာ အခုပြန်ရောက် လို့ တပ်ကို ဖုန်းဆက်တာ အဆက်အသွယ်မရဘူး၊ အဲဒါလေး ကူညီပါ..." ဟု ပြောလိုက်ရာ စခန်းမှူးက-

"ဩော်... ကိုမိုးသီးလေးလား... သိပါတယ်၊ မန်းချောင်းသွားတဲ့ ထမ်းထိပ်ကအရက်ဆိုင်မှာ အမြဲမူးနေတာ မသိဘဲ ရှိပါ့မလား...၊ စခန်းက အားလွှတ်ပေးလိုက်မယ်၊ ကိုမိုးသီးကိုတပ်တော့ ရွေ့ပြောင်းသွားပြီ..." ဟု ပြောလေ၏။

"ဟုတ်ကဲ့... ဟုတ်ကဲ့... စခန်းမှူး၊ ကျေးဇူးလည်းတင်ပါတယ်၊ လေးလည်း လေးစားပါတယ်..."ဟု ပြန်၍ပြောလိုက်လျှင် စခန်းမှူးက-

"ခဏတော့ စောင့်ရမယ်နော်...၊ အက်စကော့ စုရဦးမယ်..." ဟု ပြောလိုက်လျှင် မိုးသီးက -

"အက်စကော့တွေဘာတွေ မလိုပါဘူး စခန်းမှူးရယ်၊ ကျွန်တော်က ဘာကောင်မှ မဟုတ်တာ ဘယ်သူကမှ ဘာမှမလုပ်ပါဘူး..."ဟု ပြောလိုက် ရာ စခန်းမှူးက -



www.burmeseclassic.com

www.burmeseclassic.com



"အက်စတော့စုတယ်ဆိုတာက ကိုမိုးသီးအတွက် မဟုတ်ဘူး၊ ကျုပ်တို့စခန်းက ကားတွေအချိန်မတော် အဲဒီဘက်ကိုသွားရင် အက်စတော့နဲ့သွား ရမယ်လို့ အမိန့်ထုတ်ထားတယ်၊ အက်စတော့မထည့်ဘဲလွှတ်လိုက်ရင် ကျုပ်ရဲ့ပခုံးက မရှိမဲ့ရှိမဲ့ အပွင့်ကလေး ကွာသွားလိမ့်မယ်. . . "ဟု ပြောလေ၏။

"မင်းဘူးနဲ့ စကုပဲဗျာ. . .၊ ဘယ်က ရန်သူရှိလို့တုံး"

ဟု မိုးသီးက ပြောလိုက်လျှင် စခန်းမှူးက -

"စကုနဲ့ မင်းဘူးက ပြောတော့ နီးနီးလေး. . .၊ ဒါပေမဲ့ ဆယ်မိုင်ဝေးတယ် ကိုမိုးသီးလေးရေ. . .၊ ကြားထဲက ဇရပ်ကြီးတို့ အလယ်ပွါယ်တို့ဆိုတဲ့ ရွာလေးတွေကနေ သောင်းကျန်းသူတွေ မကြာခဏဖြတ်တယ်ဗျ. . .၊ သူတို့အဖြတ်နဲ့ ကိုယ်ကားအသွား တိုးသွားရင် ကားကိုမီးရှို့ပစ်လိုက်လိမ့်မယ်၊ ကိုယ် ပြောတာမယုံရင် ကိုရင်တို့တပ်က အိုင်အိုဗိုလ်ကြီးတစ်ဦးနဲ့တွေ့တဲ့အခါ မေးကြည့်. . .၊ ဒီနယ်မှာ သောင်းကျန်းသူလှုပ်ရှားမှုအခြေအနေကို အသိဆုံးက သူပဲ. . . "ဟု ပြောလေ၏။

"မမေးတော့ပါဘူး စခန်းမှူးရယ်. . .၊ ယုံပါတယ်၊ အဲဒီ ဗိုလ်ကြီးကို သူကမခေါ်ဘဲ ကျွန်တော်က သွားမတွေ့ရဲဘူး၊ ကျုပ်မှာက အပြစ်တွေချည်းပဲ၊ တွေ့တာနဲ့အဆူခံရတာ. . .၊ ကဲပါဗျာ. . . လွှတ်မှာသာ လွှတ်လိုက်ပါ"ဟု မိုးသီးက ပြောလိုက်လေ၏။ အချိန်အတန်ငယ်ကြာပြီးနောက် စကုစခန်းမှ လွှတ်လိုက်သော အက်စကော့များနှင့် ရဲကားသည် ရောက်လာလေတော့၏။ မိုးသီးသည် ကားပေါ်သို့တက်လိုက်သည့်နှင့် ဒုရဲအုပ်တစ်ဦးကို တွေ့ရလေ၏။ ထိုအခါ မိုးသီးက ၎င်းဒုရဲအုပ်အား -

"ဆရာ . . . ကျွန်တော်တို့တပ်က ဘယ်လိုဖြစ်သွားတာတုံး. . ."

ဟု မေးလိုက်ရာ ထိုဒုရဲအုပ်က -

"ရွှေစက်တော်မှာ ရေကြီးတာဗျာ. . .၊ အဲဒီရေတွေဟာ မန်းချောင်း ထဲကိုဝင်တာ. . .၊ မန်းချောင်းထဲကနေပြီး နွားကူးချောင်းထဲကို ဝင်တာ. . .၊ အဲဒီနွားကူးချောင်းဆိုတာက ဆရာမိုးသီးတို့တပ်ရဲ့အလယ်က ဖြတ်ပြီးစီးနေ တဲ့ ချောင်းသေးသေးလေးလေး. . .၊ အဲဒီ ချောင်းက ရေလျှံပြီး ရေတွက်တက် လာတာ. . .၊ ကြည့်နေရင်းနဲ့ အိမ်တွေမြုပ်ကုန်တာ လူတွေ





တောင် အလွတ် ရုန်းပြေးရတာ. . .၊ ရိက္ခာဂိုဒေါင်တွေရော စစ်ဝတ်တန်ဆာဂိုဒေါင်တွေ၊ လက်နက်ဂိုဒေါင်တွေပါ ရေအောက်ရောက်သွားပြီ၊ ခင်ဗျားတို့တပ်ရင်းရုံးဆိုရင် အမိုးပြားလေးပဲ ပေါ်တော့တယ်. . .၊ အာအက်အမ် ဦးလှည့်နှုံကြီးဆိုရင် ရေတွေ ဝိုင်းနေလို့ လှေနဲ့သွားကယ်ရတယ်၊ စကုမြို့က ရှေးလူကြီးတွေကို မေးကြည့် တော့ တစ်ခါမှ မဖြစ်ဖူးဘူးတဲ့. . .၊ တစ်ခါမဖြစ်ဖူးတော့ ကယ်ဆယ်ရေး အစီအစဉ်တွေလည်း မရှိဘူး လေ. . ."

ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ဆရာ့စကားကို ဆန့်ကျင်ဘက်ပြောတာ မဟုတ်ဘူးနော်. . . ကျွန်တော် သိတာလေး ပြောချင်တယ်၊ အဖြစ်အပျက်ထူးတစ်ခုဟာ ရှေးကမဖြစ်ဖူးဘဲ ရုတ်တရက် အခုချက်ခြင်းဖြစ်တယ်လို့ ရှိခဲ့တယ်ဗျာ. . .၊ မမှတ်မိတာဖြစ်လိမ့်မယ်. . ."

ဟု ပြောလိုက်လျှင် ထိုဒုရဲအုပ်က-

"ဆရာမိုးသီးပြောတာ မဆိုဘူးဗျ၊ စကုမြို့က အဘိုးကြီးတစ်ဦးကတော့ လွန်ခဲ့တဲ့နှစ်(၃၀)က တစ်ခါဖြစ်ဖူးတယ်လို့ ပြောဖူးတယ်. . ."

ဟု ပြောလေ၏။

"ထားလိုက်ပါတော့ ဆရာရယ်. . .၊ အခု တပ်ထဲကလူတွေ ဘယ်မှာ သွားနေသလဲ. . . "ဟု မိုးသီးက မေးလိုက်လေ၏။ ထိုအခါ ဒုရဲအုပ်က-

"တချို့လည်း ကျုပ်တို့ဂါတ်ဝန်းထဲမှာ လာနေကြတယ်၊ တချို့လည်း ဘုန်းကြီးကျောင်းမှာ နေကြတယ်၊ တချို့ ဘုရားတွေမှာနေကြတယ်၊ တချို့တတော့ စကုမြို့ထဲက အသိအိမ်တွေမှာ တက်နေကြတယ်၊ အကုန်လုံး ရေဘေးဒုက္ခသည်တွေ ဖြစ်နေကြပြီလေဗျာ. . ."

ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"အခုနေများ သောင်းကျန်းသူက ဝင်တိုက်ရင်တော့ ဒုက္ခပဲဗျာ. . ."

ဟု ပြောလိုက်လျှင် ထိုဒုရဲအုပ်က -

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ ဆရာမိုးသီးရေ. . .၊ ဗိုလ်ကြီးတင်ဦးနဲ့ တပ်ရင်းမှူးက မင်းဘူးက တပ်ခွဲ(၃)နဲ့ ပွင့်ဖြူက တပ်ခွဲ(၁)ကို ခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့လုံး မှာ ကင်းတွေချထားတယ်၊ ဝင်နိုင်ထွက်နိုင်တဲ့အပေါက်တွေလည်း ပိတ်ထားတယ်၊ သောင်းကျန်းသူ လာဖို့နေနေသာသာ အနားတောင် မကပ်နိုင်ဘူး. . .” ဟု ရှင်းပြလေ၏။ မိုးသီးတို့ စီးလာသောကားသည် စကုမြို့သို့ဝင်လာပြီဖြစ်၏။ တပ်ရင်းဂိတ်ရှေ့သို့ရောက်သောအခါ မိုးသီးက ခဏဆင်းကြည့်လိုကြောင်း ပြောသောအခါ ကားကိုရပ်ပေးလေ၏။ မိုးသီးလည်း ဒုရဲအုပ်ထံမှ လက်နှိပ်ဓာတ်မီးကို ငှား၍ တပ်ရင်းဂိတ်မှ ဝင်သွားလေ၏။ ရေကျသွားပြီဖြစ်သော်လည်း နုံးများတင်လျက်ရှိ၏။ မိုးသီးလည်း ဆာဂျင်မက်သို့ သွား၏။ မက်မှာ ပျက်စီးနေပြီဖြစ်၏။ မက်အလယ်တွင် ဘီလိယက်ခုံရှိ၏။ ထိုဘီယက်ခုံပေါ်တွင် တပ်မှထမင်း ချက်တင်ရွှေဆိုသူ အိပ်နေ၏။ မိုးသီးလည်း ဓာတ်မီးဖြင့် မက် တစ်ခုလုံး ထိုးကြည့်လေ၏။ ထိုသို့ထိုးကြည့်ရာ မက်၏ ကောင်တာတောင့်တွင် ရမ်ပုလင်း တစ်လုံးကို တွေ့ရလေ၏။ ထိုကြောင့် ဖန်ခွက်တစ်လုံးရှာပြီးလျှင် ထို ရမ်ပုလင်းကို ယူခဲ့လေ၏။ ပြီးလျှင် မော်တော်ကားဆီသို့ပြန်လာခဲ့လေ၏။ ၎င်းမော်တော်ကားသည် မိုးသီးအား စကုမြို့အဝင် ထီးကြီးဘုရားရှေ့တွင် ရပ်ပေး၏။ ဒုရဲအုပ်က -

“ဆရာမိုးသီး . . . ဆရာတို့တပ်က လူအများစုဟာ ဒီထဲမှာ ရှိတယ်”

ဟု ပြောလေ၏။ မိုးသီးလည်း ဘုရားအတွင်းသို့ဝင်သွားရာ ကင်းသမားက

“ရပ် . . . ဘယ်သူလဲ . . . စကားဝှက်ပြော. . .”ဟု ပြောလေ၏။ မိုးသီးက -

“မိုးသီးပါ ခရီးဝေးက ပြန်လာတာ. . .၊ စကားဝှက် မသိပါဘူး. . .” ဟု ပြောလျှင် လက်နှိပ်ဓာတ်မီးဖြင့် ဝိုင်း၍ ထိုးထားလေ၏။ ထို့နောက် မိုးသီး မှန်းသိလျှင် -

“လာခဲ့ . . . လာခဲ့. . .”ဟု ဝိုင်း၍ ခေါ်ကြလေ၏။ ဆာဂျင်မက်မှ တပ်ကြပ်ကြီးသန်းဆွေက မိုးသီး ပိုက်လာသော ရမ်ပုလင်းကိုမြင်လျှင် အားရဝမ်းသာဖြင့် -





“ဒီကောင် ချစ်ဖို့ကောင်းတာ အဲဒါတွေပဲ. . .”

ဟု ပြောလိုက်စဉ်၌ ပင် တပ်ရင်းမှ တပ်ထောက်အရာခံ ဗိုလ်ကြီးက-

“ဟေ့ကောင်တွေ ဒါဘုရားနော်. . .၊ ဘုရားထဲမှာ အဲဒါတွေ မလုပ်ရဘူး. . .”

ဟု ပြောလေ၏။ ထိုအရာခံ ဗိုလ်ကြီး၏ အမည်မှာ ဦးဘဦးဖြစ် လေ၏။ ထိုအခါ ဆာဂျင် ဗိုလ်ကြီးက -

“စိတ်ချပါ ဆရာဘဦး. . .၊ ကားလမ်းပေါ်တက်ပြီး လုပ်ပါ့မယ်. . .၊ ခက်တာက ခွက်ပဲ. . .”ဟု ပြောလိုက်လျှင် မိုးသီးက ဘောင်းဘီ အိတ်အတွင်းမှ ခွက်ကို ထုတ်ပေးလေ၏။ ထိုအခါ ဆရာသန်းဆွေက-

“တစ်နေ့လုံး သောက်ချင်နေတာ. . .၊ ဘယ်ကမှ မရဘူးကွာ၊ မိုးသီး ပြန်လာမှပဲ ငါ့ရဲ့ဆန္ဒပြည့်တော့တယ်၊ မင်းကတော့ သေရင်သိကြားမင်းဖြစ်မယ့်ကောင်ပဲ. . .”ဟု ပြောကာ မိုးသီးအား သိုင်း၍ဖက်လိုက်လိုက်လေ၏။ ထို့နောက် ဆရာသန်းဆွေနှင့်အတူ သူရာမေရိယသမားများသည် ရထားတွဲတွဲသို့ အတွဲလိုက် ထွက်သွားကြလေတော့၏။ ထို့နောက် အရာခံဗိုလ်ဆရာဘဦးက မိုးသီးအား -

“မင်းဆိုတဲ့ကောင်ဟာ တော်တော်အကုသိုလ်များတဲ့ကောင်. . .၊ ဒုက္ခဖြစ်နေတုန်း ဒီအရက်တစ်ပုလင်းဟာ ဘယ်ကနေ ပါလာရတာတုံး. . .၊ ဒီည ဟိုကောင်တွေ သောင်းကျန်းရင် တပ်ရင်းမှူးကိုတိုင်မယ်. . .၊ မင်းဆရာခံ”ဟု ပြောလေ၏။

“ဆရာကြီးရယ်. . . ကျွန်တော်က တပ်ထဲကိုဝင်ကြည့်ပြီး မက်ကို ဝင်သေးတယ်၊ အဲဒီမှာတွေ့လို့ ယူလာတာပါ. . .၊ သူတို့မူးပြီးပြဿနာရှာရင် သူတို့ကိုပဲ တိုင်ပါ၊ ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ကျွန်တော်က မက်ကပစ္စည်းမှို့လို့ ပျောက်သွားမှာစိုးလို့ သိမ်းလာခဲ့တာပါ. . .”ဟု ပြောလျှင် ဆရာဘဦးက-

“သိမ်းလာခဲ့တယ်ဆိုရင် သိမ်းထားပေါ့. . .၊ ဘာကြောင့် ဒီကောင်တွေကို ပေးရတာလဲ. . .”ဟု အကျပ်ကိုင်လေတော့၏။

“ဆရာကြီးကလည်း သိရဲ့သားနဲ့၊ ကျွန်တော်က သူတို့ကို ကြောက်ရတယ်လေ. . .၊ သူတို့က ပေးဆိုရင် ပေးရတယ်. . .”ဟု ပြောလိုက် လျှင်-



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ကွာ. . .၊ ဒီဘုရားထဲမှာ မင်းမနေနဲ့၊ မြို့ထဲမှာ မင်းအသိ အိမ်ရှိရင် သွားနေ. . .၊ မင်းရှိရင် ဒီမှာ အကုန်လုံး ပျက်စီး တုန်လိမ့်မယ်၊ မနက်ဖြန်ဆိုရင် မင်းက မြို့ထဲကိုထွက်ပြီး ဒီကောင်တွေ အတွက် အရက်ကို မရမက ရှာပေးမှာ. . .၊ ဒီကောင်တွေက ဒီနားမှာ စားကြသောက်ကြမှာ. . .၊ ဘုရားလူကြီးတွေသိသွားရင် ဘယ်ကောင်း မလဲ. . .၊ အဲဒီတော့ မင်းမနေတာ အကောင်းဆုံးပဲ၊ သွားဆို အခုသွား တော့. . ."ဟု ဆိုကာ မောင်းထုတ်သဖြင့် ည(၁၁)နာရီခန့်တွင် မိုးသီးသည် စကုမြို့အတွင်းသို့ အူကြောင်ကြောင်ဖြင့် ဝင်သွားရလေတော့သတည်း . .

* * * * *





# အခန်း (၃၀)

## ချည်းအတွေ့ဖြင့် မိန်းမတောင်းခြင်း

မိုးသီးတို့၏ တပ်ကြီးသည် ရေလွှမ်းမိုးခံခဲ့ပြီးနောက် ရေများကျသွား ဖြစ်၏။ တပ်ရင်းမှူးသည် ရေကျသွားအခါ၌ တပ်တွင်းသို့ အားလုံး ပြန်လာရန် အမိန့်ထုတ်လိုက်လေတော့၏။ မိုးသီးတို့ လည်း တပ်တွင်းသို့ ပြန်သွားကြရပြီ ဖြစ်၏။ ရေကျသွားသော်လည်း တပ်တစ်ခုလုံး နုံးများတင် ၍ ကျန်ရစ်ခဲ့၏။ ထို့ကြောင့် မိုးသီးတို့လူစုသည် ထိုးနုံးများကို တောင်းများ ဖြင့်ထည့်ကာ နွားကူး ချောင်းအတွင်းသို့ ချပစ်နေကြရသည်ဖြစ်၏။ အဘိုဒေါင်များကို ပြန်လည်၍ သန့်စင်နေရ၏။ စစ်ဝတ်တန်ဆာ ဂိုဒေါင် များကို ရှင်းလင်းကြရ၏။ ရေမြုပ်သွားသော စစ်ဝတ်တန်ဆာများကို ပြန်လည်လျှော်ဖွပ်၍ နေပူလှန်းရ၏။ မီးပူထိုးရ၏။

မိုးသီးအဖွဲ့သည် တပ်ရင်းရုံး၏သန့်ရှင်းရေးကို အဓိကလုပ်ပေးရ ၏။ ရေမြုပ်သွားသော ဖိုင်တွဲများကို စာရွက်တစ်ရွက်ချင်း သန့်ရှင်းရ၏။ ပြီးနောက် ဖိုင်စာရင်းများတိုက်စစ်ကာ ဖိုင်တွဲတင်သောစင်တွင် တင်ရ သည်။ မရအောင် ပျက်စီးပျောက်ဆုံးသွားသော ဖိုင်တွဲများကို စာရင်းလုပ်ရ ၏။ ရတ်အတော်ကြာ သန့်ရှင်းယူရ၏။ အတော်အတန်သန့်ရှင်းသွားသော အချိန်၌ ယခုကဲ့သို့ နွားကူးချောင်းမှ ရေဝင်၍ ရေတက်လာ၊ ရေလျှံလာလျှင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို အထက်လူကြီးများက စီမံချက်တစ်စောင် ထုတ်ပြန်ရ၏။ ပြီးလျှင် ထိုစီမံချက်ပါနည်းအတိုင်း မိုးသီးတို့အား လေ့ကျင့် စေ၏။ မိုးသီးတို့သည် သဲအိတ်များကိုထမ်းကာ နွားကူးချောင်း ရေလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြောင်းစေရန် အပြေးအလွှားဖို့ပြကြရ၏။ မိုးသီးတစ်ကိုယ်လုံးလည်း တစ်နေရကုန် ရွံ့များ ပေကျံလျက်ရှိ၏။ တပ်မှလူကြီးများသည် မိုးသီး အလုပ်ကြိုးစား၍ လုပ်နေသည် ကိုမြင်လျှင် လွန်စွာသဘောကျနေလေ၏။

"မိုးသီးဟာ ပြောမရဆိုမရ ဆုံးမရခက်တဲ့ကောင်ပဲ၊ ဒါပေမယ့် တကယ် အလုပ်လုပ်စရာရှိတဲ့အခါမှာလည်း သူ့ခမျာ မခိုမကပ် အလုပ် လုပ်ပါတယ်" ဟု ကွယ်ရာတွင် ချီးမွမ်းပြောဆိုလေ၏။ တစ်ဦးသော အထက် လူကြီး ကမူ-

"ခက်တာက မိုးသီဟာ တစ်နေကုန်အလုပ် လုပ်ပြီး ညနေကျအရပ်ဝတ် ဝတ်စရာမရှိတော့ဘူး. . .၊ သူ့သေတ္တာလေးဟာ ရေကြီးတုန်းက ပါသွားပြီ ရေကြီးတုန်းက သူက တပ်မှာမရှိဘူး. . .၊ တာဝန်နဲ့အပြင်ကို ရောက်နေ တာ၊ ရှိတဲ့သူက ပိုင်းတော့ ဆယ်ကြပါသေးတယ်၊ ဒါပေမဲ့ သူ့သေတ္တာလေးက ရေစီးကြောင်းထဲ အရှိန်နဲ့မျှောဝင်သွားတော့ ဘယ်သူမှ မဆယ်လိုက်နိုင် တော့ဘူး. . .၊ မိုးသီးချမ်းသာသမျှ အဝတ်အစားတွေ အဲဒီအထဲပါ သွားလေရဲ့. . ." ဟု ပြောလေ၏။ ထို့ကြောင့် ကွာတာမာစတာခေါ် တပ်ထောက်ကိုင်သော ဗိုလ်ကြီးသိန်းဟန်က စစ်ဝတ်တန်ဆာ အပြည့်အစုံကို မိုးသီးအား ပြန်လည်၍ ထုတ်ပေးခဲ့လေ၏။ ထို့ကြောင့် မိုးသီးအတွက် ယူနီဖောင်းက ပြည့်စုံသွားသော်လည်း အရပ်ဝတ်ဟူ၍ တစ်ထည်မှ မရှိတော့ ပေ။ ထို့ကြောင့် မိုးသီးသည် တာဝန်ချိန်ရော တာဝန်ချိန်မဟုတ်သည့် အချိန်ရော ယူနီဖောင်းဝတ်ထားရလေ၏။ ဤသည်ကို အကြောင်းပြု၍ တပ်ရင်းအရာခံဗိုလ်ကြီးက-

"တို့ရဲ့ (၂၁)မှာ ယူနီဖောင်းကို အမြတ်တနိုးဝတ်တာကတော့ မိုးသီး ပဲကွ. . .၊ အရပ်ဝတ်ကိုဝတ်တာ မတွေ့ရတော့ဘူး. . ."ဟု နောက်ပြောင် လေ၏။ မိုးသီးသည် အရပ်ဝတ်မရှိသောကြောင့် တပ်အပြင်သို့ ထွက်၍ လည်ပတ်ခြင်းလည်း မရှိတော့ပေ။ အချိန်ရှိသရွေ့ တပ်ထဲ၌ပင် နေလေတော့ ၏။ ရေကြီးစဉ်က မိုးသီးတို့ တည်းခိုခဲ့သော အိမ်ရှင် ကိုကျော်စိန်က တပ်ကြပ်ကြီး မြမောင်မှတစ်ဆင့် မိုးသီးအား မှာလေ၏။





၎င်းတပ်ကြပ်ကြီးမြမောင်မှာ ယခင်က တက္ကသိုလ်အနှံ တပ်ရင်း …င် နည်းပြဆရာလုပ်ခဲ့၏။ နောက်တွင် အမြောက်တပ်သို့ ပြောင်းရွှေ့ခဲ့၏။ …မြောက် တပ်မှတစ်ဆင့် မိုးသီးတို့၏ တပ်ရင်းသို့ ရောက်လာခဲ့ခြင်းဖြစ်၏။ …ထက်က ဆိုခဲ့သော ကိုကျော်စိန်သည် တပ်ကြပ်ကြီးမြမောင် အမြောက် …တွင် တာဝန်ထမ်းဆောင်စဉ်က ၎င်းတပ်မှ ရဲဘော်ဖြစ်ခဲ့ဖူး၏။ ၎င်းတို့ …ဦးသည် လွန်စွာ ရင်းနှီး၏။ ၎င်းကိုကျော်စိန်သည် တပ်ကြပ်ကြီး …မောင်ကို အကြောင်းပြု၍ မိုးသီးကိုလည်း ခင်မင်ရင်းနှီးလေ၏။

*(မှတ်ချက် ။ ။ ၎င်းကိုကျော်စိန်သည် ယခုအခါတွင် စာကို …တွင်ကျယ်ကျယ်ရေးသော စာရေးဆရာ လှမိုး(ပညာရေး) ခေါ် ဆရာဦးလှမိုး … တူတော်၏။*

*စာရေးသူ)*

၎င်းကိုကျော်စိန်၏ ဇနီးသည် စကုမြို့ မူလတန်းကျောင်းတွင် …ာင်း ဆရာမဖြစ်၏။ ၎င်း၏အမည်မှာ ဒေါ်ခင်ခင်ကြီးဟူ၍ဖြစ်၏။ …ခင်ခင်ကြီး၏ အဒေါ်တစ်ဦးသည် ဒေါ်ခင်ခင်ခင်ကြီး၊ ကိုကျော်စိန် …နှင့် အတူနေ၏။ ၎င်း မိန်းမကြီးအား တပ်ကြပ်ကြီး ကိုမြမောင် မိုးသီးတို့က …းလေး"ဟု ခေါ်၏။ အဘယ့်ကြောင့် ထိုသို့ခေါ်ဆိုသနည်းဟူမူ …ခင်ခင်ကြီးနှင့် ကိုကျော်စိန် တို့ခေါ်သည်ကို အတုယူ၍ ခေါ်ခြင်းဖြစ်၏။

လေးလေးသည် လွန်စွာဟင်းချက်ကောင်းသော အဒေါ်ကြီးဖြစ်၏။ …တို့ သွား၍လည်လျှင် ထမင်းဟင်းကို ကောင်းစွာချက်ကျွေး၏။ မိုးသီး …သည်မှာ ကြာပြီဖြစ်သောကြောင့် မိုးသီးအားတွေ့လိုကြောင်းမှာလေ၏။ …မကမှာသောအခါ မိုးသီးလည်း တပ်မှ စက်ဘီးကိုယူ၍ ကိုကျော်စိန်တို့ …သို့ ထွက်ခဲ့လေ၏။ ကိုကျော်စိန်၏ဇနီး ဒေါ်ခင်ခင်ကြီးက-

"ဆရာမိုးသီးတို့များ ရေလည်းကျရော ပျောက်သွားလိုက်တာ. . ." … ပြောလေ၏။

"ဟုတ်ပါရဲ့ ဆရာမရယ်. . . ရေကျသွားမှ တပ်တစ်ခုလုံး သန့်ရှင်း …ုပ်နေကြရတာဗျ. . .၊ ဆရာမြမောင်ကြီးသာ မေးကြည့်ပေတော့. ." … မိုးသီးက ပြန်၍ပြောလေ၏။ ဒေါ်ခင်ခင်ကြီးသည် …ာအလွန်ဖတ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီး သည် ဥင်းထံမှ စာအုပ်များကို ငှားရမ်းဖတ်ရှုရလေ၏။

“ဒီလိုပါ စစ်မဖြစ်ခင်က ဆရာကြီးမဟာဆွေ ရေးတဲ့ ‘ဈေးချိုသူ’ပြန်ရိုက်တယ်၊ အဲဒီစာအုပ် မင်းဘူးဈေးသွားတုန်းက ဝယ်ခဲ့တယ်၊ တခြားစာအုပ်တွေလည်း ရောက်နေပြီ. . .၊ ဆရာမိုးသီး စာအုပ်ဖတ်နေမှာစိုးလို့မှာတာပါ”တူ ဆိုကာ ဆရာကြီးရွှေဥဒေါင်းရေးသော “ရှုပနန္ဒ” “ရှုပကလျာနီဝတ္ထုများ” “စုံထောက် မောင်စံရှားဝတ္ထုများ” ဆရာကြီးမဟာဆွေရေးသော “ဈေးချိုသူ” ဝတ္ထု၊ ဆရာဦးသိန်းဖေမြင့်၏ လွန်စွာနာမည်ကြီးသော “တက်ဘုန်းကြီး”ဝတ္ထုတို့ကို မိုးသီးက ဆရာမ ဒေါ်ခင်ခင်ကြီးထံမှ ငှားရမ်းခဲ့လေ၏။ မိုးသီးသည် ဝတ္ထုစာအုပ်များ ငှားလာပြီးလျှင် တပ်သို့ပြန်ရောက်သောအခါ၌ သဲသဲမဲမဲဖတ်လေတော့၏။ ဖတ်သောအခါ၌လည်း မှတ်သားရမည့် စာပိုဒ်များကို ခဲတံ နီပြာတံဖြင့်လိုင်းတားလေ၏။ ဝတ္ထုစာအုပ်များကို မက်(စ်)သို့ ယူမသွားပဲ တပ်ရင်းရှိ ရုံးခန်းအံဆွဲထဲ၌ပင် သော့ခတ်၍ သိမ်းထားလေ့ရှိ၏။ အလုပ်အား သည်နှင့် ထိုစာအုပ်များကို ဖတ်နေလေ့ရှိ၏။ ထို့ကြောင့် မိုးသီးတို့၏ ဆရာ သမားဖြစ်သော တပ်ထောက်ဗိုလ်ကြီးသိန်းဟန်က-

“ဆရာမိုးသီး . . . တယ်ပြီး စာဖတ်ပါလား. . .၊ ဖတ်တာမှ အတော်ကို သဲသဲမဲမဲဖတ်တာ၊ ဖတ်သမျှရော မှတ်မိရဲ့လား. . .”ဟု မေးလေ၏။

“မှတ်မိပါတယ် ဗိုလ်ကြီး. . .”ဟု မိုးသီးက ပြန်၍ဖြေလေ၏။

“မှတ်မိတယ်ဆိုရင် ဆရာမိုးသီးဟိုတစ်နေ့က ဖတ်နေတဲ့ ဈေးချိုသူဝတ္ထု ပြန်ပြီးပြောပြစမ်း. . .”ဟုဆိုကာ သူ၏ရုံးခန်းသို့ ခေါ်သွားလေ၏။ ထို့ကြောင့် မိုးသီးလည်း ဆရာကြီးမဟာဆွေရေးသော ဈေးချိုသူဝတ္ထုကို အစ အဆုံး ပြောပြလေ၏။ ထိုအခါ ဗိုလ်ကြီးသိန်းဟန်က-

“တယ်ဟုတ်ပါလား. . .၊ အဲဒီဝတ္ထု ကျုပ်လည်း ဖတ်ဖူးတယ်၊ ဆရာမိုးသီးပြောတာ တစ်ခုမှမကျန်ဘူး. . .၊ အတွက်လည်းစေ့တယ်၊ မဟုတ်မှလွဲရော တစ်ချိန်ချိန်မှာ ဆရာမိုးသီး စာရေးဆရာဖြစ်ချင်ဖြစ်လာလိမ့်မယ်. . . ဘာကြောင့်လဲဆိုတော့ စာများများဖတ်တဲ့လူဟာ နောက်တော့ ကိုယ်တိုင်ရေးချင်စိတ်ပေါက်လာရော. . .၊ ရေးချင် စိတ်ပေါက်လာလို့ ရေးလည်းရေးလိုက်ရော တစ်ပုဒ်စွဲသွားတာနဲ့ ဆက်တိုက်ရေးဖြစ်တော့တာပဲ. . .





ကျုပ်က ဆရာမိုးသီးကို စာရေးဆရာဖြစ်စေချင်တာပါပဲ. . .၊ စစ်တပ်နဲ့ကိုယ့်လူနဲ့က သိပ်ပြီး မကိုက်လှပါဘူး. . .။

အဲဒီတော့ ကိုယ့်လူကို ကျုပ်ကကူညီမယ်. . .၊ မင်းဘူးက စာအုပ်ဆိုင်တိုမှာထား၊ ဝတ္ထုစာအုပ်အသစ်တွေ ထွက်ရင် ဖယ်ထားလို့. . .၊ ပြီးရင်သွားယူဖတ်ပေတော့. . .၊ ဟောဟိုမှာ ဘီရိုအလွတ်တစ်လုံးရှိတယ်၊ စာအုပ်တွေမပျောက်အောင် အဲဒီအထဲမှာထည့်ထား၊ စာအုပ်တန်ဖိုးတွေ ကျုပ်ပေးမယ်. . .၊ ဆရာမိုးသီး နောင်တစ်ချိန်မှာ စာရေးဆရာဖြစ်လာလို့ ကျုပ်က အခုတတည်းက ပါရမီဖြည့်တယ်လို့ သဘောထားလိုက်. . .”ဟု ပြောလေ၏။ ထိုအချိန်မှစ၍ မိုးသီးသည် ဝတ္ထုစာအုပ်ဝယ်ဖတ်ရန်အတွက် အခက်အခဲမရှိတော့ပေ။ ထွက်သမျှစာအုပ်ကို ဖတ်နိုင်ပြီဖြစ်၏။

*(မှတ်ချက် ။ ။ ဥင်းတပ်ထောက်ဗိုလ်ကြီး၏အမည်မှာ ဗိုလ်ကြီးသိန်းဟန်ဟူ၍ဖြစ်၏။ ဗိုလ်မှူးကြီးရာထူးအထိ တာဝန်ထမ်းဆောင်ပြီးနောက် တပ်မှ အငြိမ်းစားယူကာ ရှမ်းပြည်နယ်ဘက်တွင် အခြေချနေထိုင်သွားပြီဖြစ်၏။ မိုးသီးနှင့်တစ်ကြိမ်တစ်ခါမှ ထပ်မံတွေ့ဆုံခြင်းမရှိတော့ပေ။ မိုးသီးသည် ဗိုလ်ကြီး၏ကျေးဇူးကြောင့် စာများစွာ ဖတ်ဖြစ်ရလေ၏။ ထို့ကြောင့် နောင်တစ်ချိန် မိုးသီးစာရေးဆရာဖြစ်လာသောအခါ ဥင်းဗိုလ်ကြီးအား ကျေးဇူးတင်သောကြောင့် မမြင်မတွေ့ရသော်လည်း ခင်ပွန်းကြီး(၁၀)ပါး စာရင်းသွင်းကာ စာအုပ်အသစ်ထွက်တိုင်း အလေးမှနေ၍ ရည်မှန်းကာ ကန်တော့မြဲဖြစ်၏။*

*စာရေးသူ)*

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး တစ်နေ့တွင် ချောက်ကျောက် ခေါက်ဆွဲဆိုင်မှ အဒေါ်ကြီးသည် ဥင်း၏သမီးနှင့်အတူ မိုးသီးထံသို့ရောက် လာလေ၏။ ထိုအဒေါ်ကြီးသည် မိုးသီးကိုတွေ့လျှင် ဝမ်းချင်း-



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့အဝတ်အစားသေတ္တာ ရေကြီးတုန်းက ပါသွားတယ်ကြားလို့ အဝတ်အစားလေးဘာလေး ဝယ်ပေးမလို့လာတာဟေ့. . ."ဟု ပြောလေ၏။ ထိုအဒေါ်ကြီးသည် မိုးသီးအား အင်္ကျီများချုပ်ပေးသွား၏။ လုံချည်များလည်း ဝယ်ပေးသွား၏။ သို့ရာတွင် အဒေါ်ကြီး၏သမီးက ရွှေသွား စိုက်ထိုးသည်ဟု ဆိုသောကြောင့် မိုးသီးက ငွေ(၃၀၀)စိုက်ထုတ်၍ တရုတ် သွားစိုက်ဆိုင်တွင် ရွှေသွားတစ်ချောင်း စိုက်ပေးလိုက်ရ၏။ ထို့ကြောင့် မိုးသီးသည် အင်္ကျီအသစ်၊ လုံချည်အသစ်များကို ငွေသုံးရာပေး၍ ဝယ်လိုက် သည်နှင့်ထပ်တူလေတော့ ၏။ ထို့နောက် အဒေါ်ကြီးက-

"မောင်မိုးသီး မင်းနဲ့ ငါ့သမီးအကြီး 'မကြင်ဖုန်'နဲ့ ပေးစားမယ် နောက်လဆန်း(၅)ရက်နေ့ကို အရောက်လာခဲ့၊ လူကြီးစုံရာနဲ့ တောင်းရမယ်" ဟု ပြောလေတော့၏။

"အဒေါ်ရယ်. . . ဒီမှာ ကျွန်တော်က တစ်ကောင်ကြွက်နေရတာ ဘယ်က လူကြီးစုံရာရှိရမှာလဲ. . ."ဟု ပြောလိုက်ရာ ထိုအဒေါ်ကြီးက-

"တို့မြို့က မင်းရဲ့လူကြီးတွေကို သိတာမှမဟုတ်ပဲ. . .၊ မင်းတို့တောထဲမှာ အသက်ကြီးကြီးရဲဘော်ကြီးတွေ ရှိတယ်မဟုတ်လား. . .၊ ခေါ်လာခဲ့၊ တုန်ကုန်ပြောမယ်ကွာ မင်းစီးနေကျ မြင်းလှည်းမောင်းတဲ့လူကြီးကို ခေါ်လာခဲ့၊ အဝတ်အစားတော့ ကောင်းကောင်းဝတ်ပေးပြီး လာခဲ့ပေါ့. . .၊ အဲဒီမင်း အဖေလို့ပြောပြီး တောင်းရမ်းပေါ့ကွာ. . ."ဟု ဆိုကာ ပြန်သွားလေတော့၏။ မိုးသီး ရှောင်တခင် ခွင့်(၁၀)ရက်ယူကာ ချောက်မြို့က လဆန်း(၄)ရက်နေ့ ကတည်းကပင် ထွက်လာခဲ့လေ၏။

ထို့နောက် ချောက်မြို့ကမ်းနားဆိပ်သို့ဆင်းကာ တပ်မှ ရိက္ခာလာထုတ်သော မော်တော်ကိုရှာရ၏။ ထိုမော်တော်တွင် အသက်အရွယ်ကြီးသော ရဲဘော်ကြီးတစ်ဦးပါလာ၏။

မိုးသီးသည် ထိုရဲဘော်အား သူ၏ဘက်မှ လူကြီးလုပ်ရန်ဖြစ်၏။ ထို လူကြီးက အလကားလုပ်မပေးနိုင်ကြောင်း၊ ရမ်တစ်လုံးပေးရန်လိုကြောင်း ပူဆာလေ၏။ ထို့ကြောင့် မိုးသီးသည် အနီးဆုံးဆိုင်မှ ရမ်တစ်လုံး ဝယ်ကာ ထိုလူကြီးအား ပေးရလေ၏။ ထို့ကြောင့် မိုးသီးသည် အနီးဆုံးဆိုင်မှ





ရမ်တစ်လုံး ဝယ်ကာ ထိုလူကြီးအား ပေးရလေ၏။ ထို့ပြင် မော်တော်ကို မောင်းသော မော်တော်ဆလင်၏ မိန်းမကြီးအား မိုးသီး၏မိခင်အဖြစ် လိုက်ပါရန်ပြောရာ ဆလင်ကတော်မိန်းမကြီးက-

"အလကားတော့ မလုပ်ပေးနိုင်ပါဘူးတော်"ဟု ဆိုသဖြင့် မိုးသီးတ ဈေးသို့သွားကာ ဂျော်ဂျက်စ တဝတ်စာဝယ်ကာ ထိုမိန်းမကြီးအား ပေးလိုက်ရလေ၏။

(၅)ရက်နေ့ရောက်သောအခါ ချောက်မြို့အဝင် တောင်ရပ်စာရေးတန်း ဟူသောအရပ်တွင် ဘီအိုစီမှ စာရေးကြီး ကိုသင်းအောင်ထွန်း၏ အိမ်တွင် မိုးသီး၏ ယောက္ခမလောင်းကြီးက ခေတ္တအသုံးပြုကာ ထိုအိမ်၌ပင် မိုးသီး၏ မိန်းမတောင်းပွဲကို ပြုလုပ်လေတော့၏။ ထိုအဒေါ်ကြီးသည် ထိုတောင်းရမ်း သောအခမ်းအနားတွင် ယွန်းအုပ်ကြီးများ၊ ယွန်းကလပ်ကြီးများ တို့ခေါ် ယွန်းတောင်းကြီးများ အကျအန ခင်းကျင်းထား၏။ မိုးသီးတ နှစ်ဖက်သော မိဘများကို ကန်တော့ရ၏။ မိုးသီးက ၎င်း၏မိဘအတု ဆလင်ကတော်နှင့် ရဲဘော်ကြီးအား ကန်တော့ရ၏။ ပြီးလျှင် ယောက္ခမ လောင်းကြီးအား ကန်တော့ရ၏။ ထိုသို့ကန်တော့ပြီးလျှင် ရဲဘော်ကြီး စတား ပြောရ၏။

"ကျုပ်ကတော့ဗျာ မိုးသီးအလှည့်ကျမှ မိန်းမလိုက်တောင်းရတာ မဟုတ်ပါဘူး. . .၊ အဲဒီလို လိုက်ပြီး တောင်းရတဲ့ အတွဲတွေ မနည်းတော့ပါဘူး အချို့က နှစ်ခါပြန် သုံးခါပြန် တောင်းပေးရတယ်ဗျ . . .၊ မိုးသီးကတော့ ဒီလိုလူစားမျိုးမဟုတ်ပါဘူး. . .၊ အလွန်တည်ကြည်တဲ့ ကလေးပါပဲ. . ."ဟု ပြောလိုက်ရာ ဆလင်ကတော်ကြီးက ရဲဘော်ကြီးအား တံတောင်ဖြင့်တွက်၍-

"ရှင်ကလည်း အရေးထဲလာပြီး ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပါပြီ. . ." ဟု ပြောလိုက်ရာ ရဲဘော်ကြီးက-

"မိန်းမရယ် အသာနေစမ်းပါကွာ. . .၊ မိုးသီးကို အထင်သေးမှာစိုးလို့ အဖေလုပ်တဲ့လူက ပြောနေတာ မင်းက ဝင်မရှုပ်စမ်းပါနဲ့. . ."ဟု ပြန်၍ တန့်လိုက်ရာ ထိုရဲဘော်ကြီး၏ အပြောအဆိုမှာ သဘာဝကျလွန်းသဖြင့် မိုးသီး မှာ မရယ်မိစေရန် အောင့်ထားရလေ၏။ ထို့နောက် မိုးသီးသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုရဲဘော်ကြီး အနားသို့ကပ်ကာ-

"ရမ်တစ်လုံးထပ်ရဦးမယ်. . . "ဟု ပြောလိုက်ရာ ထိုအခါ ဆလင်တတော်ကြီးက-

"နင်တို့ရဲဘော်ကြီးက ငါ့ကို သားပြောမယားပြော ပြောနေတာ. .၊ ငါတ ငြိမ်နေရတယ်၊ ငါ့အတွက်ကော လက်ဆောင် ထပ်မရတော့ဘူးလား. း. . " ဟု တိုးတိုးမေးလေ၏။ ထို့ကြောင့် မိုးသီးက ထိုအဒေါ်ကြီး အနားသို့ ကပ်ကာ-

"ဂျော်ဂျက် ဂျော်ဂျက်. . . "ဟု ပြောလိုက်ရလေတော့သတည်း။

* * * * *





# အခန်း (၃၀)

**အမှုထဲက အမှု**

ချောက်မြို့တွင် မိုးသီး မိန်းမတောင်းသည့်ပွဲမှာ ချောမောအောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်၏။ ဧည့်သည်များ ပြန်သွားသည့်အခါ၌ မိုးသီး၏ ယောက္ခမကြီးအား မိုးသီးအား -

"ဟဲ့. . . မိုးသီး၊ ကိစ္စပြီးပြီးချင်း စကုကို ပြန်ပြေးလို့တော့ မရဘူးနော်. . .၊ မင်္ဂလာဆောင်ရက်မှာ ခွင့်မရလို့ မလာနိုင်ရင် တို့တစ်မျိုးလုံး သောက်ရှက်ကွဲလိမ့်မယ်. . .၊ အဲဒီတော့ နင့်ကို ပြန်မလွှတ်နိုင်ဘူး. . . "ဟု ပြောလေတော့၏။

ယောက္ခမကြီး ပြောလိုက်သော အထက်ပါစကားများသည် မိုးသီး၏ ဘဝကို တစ်ဆစ်ချိုးပြောင်းစေလေတော့၏။ မိုးသီးသည် ပြန်၍မရတော့ပေ။ ဤသို့နှင့်ပင် ခွင့်(၁၀)ရက်သည် ကုန်လွန်သွားလေတော့၏။ မိုးသီးက ပြန်လိုကြောင်း အတန်တန်ပူဆာ၏။ ယောက္ခမကြီးက-

www.burmeseclassic.com



"မိန်းကလေးဘက်ကိုလည်း တစ်ဆိတ်ကြည့်စမ်းပါဦး မိုးသီးရယ်. . .၊ ငါတို့ဘက်က ဒီလောက်လိုက်လျှောထားတာ နင့် ဘက်ကလည်း တစ်ချက်ပြန်ကြည့်ပါဦး. . .”ဟု အကြပ်ကိုင်လေ၏။ မိုးသီးသည် ပြန်၍ မဖြစ်တော့ဘဲနေခဲ့ရာ ရှောင်တခင် ခွင့်(၁၀)ရက်ပြည့်ရုံမျှမက နောက်ထပ် ရက်(၂၀) ကျော်ကျော်ပင် စွန်း၍သွားပြီဖြစ်၏။ ထို့ကြောင့် မိုးသီးက-

"အဒေါ်. . . ကျွန်တော်က အရပ်သားမဟုတ်ဘူးနော်၊ စစ်သား. . .၊ ဒီလိုနေချင်သလိုနေလို့ မရဘူး။ တပ်က အရေးယူလိမ့်မယ်. . .၊ကျွန်တော် မပြန်ရင်မဖြစ်ဘူး. . .”ဟုဆိုကာ ဖွတ်ပြန်၍လာခဲ့လေ၏။ ထိုမိန်းမကြီးလည်း ဆဲဆို၍ ကျန်ရစ်ခဲ့လေတော့၏။

မိုးသီး တပ်သို့ပြန်ရောက်၍ တာဝန်ကျအရာရှိအား သတင်းပို့လိုက်သည့်အချိန်၌ပင် တပ်ရင်းအရာခံဗိုလ်ကြီးသည် မိုးသီးအား-

"မင်းကို ပေးလိုက်တဲ့ခွင့်ရက်လွန်တာ ရက်(၂၀)ကျော်သွားပြီ. . .၊ မင်းကို အရေးယူမယ်. . .”ဟု ပြောလေ၏။ ထို့နောက် မိုးသီးအား ဆာဂျင်မက်စ်မှနေ၍ အပြင်မထွက်ရန် အမိန့်များပြီးလျှင် အကျယ်ချုပ် ချထားလေတော့၏။ မိုးသီး ထွက်မသွားစေရန်အတွက်လည်း ချင်းအမျိုးသားဆာဂျင် ‘ပေါင်းကူးထမ်း’ ဆိုသူအား အစောင့်ချထားလေ၏။

ဤသို့ တရားခံဖြစ်နေစဉ်အတွင်း တရားခံသည် အခြားသောသူများနှင့် ဘိလိယက်ထိုးခြင်း၊ စစ်တုရင်ထိုးခြင်း၊ အရက်အတူသောက်ခြင်းများ မလုပ်ရပေ။ အကယ်၍ ဘိလိယက်ထိုးချင်လျှင်လည်း မိမိအား စောင့်ကြပ်ရသော ဆာဂျင်နှင့်ပင် ထိုးရလေ၏။ မိုးသီးလည်း ပျင်းရိငြီးငွေ့လာပြီဖြစ်၍ ဆာဂျင်ပေါင်းကူးထမ်းနှင့် ဘိလိယက်ထိုးရလေ၏။ ပေါင်းကူးထမ်းမှာ ဘိလိယက် လုံးဝ မထိုးတတ်ပေ။ ထို့ကြောင့် မိုးသီးမှာလည်း ဘိလိယက် ထိုးရသည်မှာ အရသာမရှိလှပေ။

စစ်တုရင် ကစားသောအခါ၌လည်း ပေါင်းကူးထမ်းသည် ကောင်းစွာ မကစားတတ်ပေ။ ထို့ကြောင့် မိုးသီးသည် ကစားရသည်မှာ အရသာ မရှိလှပေ။ ညနေ အရက်သောက်သည့်အခါ၌ ပေါင်းကူးထမ်း နှင့်ပင်





ရပေရာ ပေါင်းကူးထမ်းသည် စကားအလွန်နည်းသော ကြောင့် ရာကောင်း လှ၏။ ထို့ကြောင့် မိုးသီးက-

"သူငယ်ချင်း ပေါင်းကူးထမ်း . . .၊ မင်းနဲ့အရက်သောက်ရတာ တာကွာ. . .၊ မင်းက စကားရှပ်အတိုင်းပဲ. . .”ဟု ပြောလိုက်လျှင် ထမ်းက -

"ငါက အရမ်းမသောက်တတ်ဘူး၊ မင်းကို အားနာလို့ လိုက်ပြီး နေရတာ. . .”ဟု ပြောရှာလေ၏။ မိုးသီးအနေနှင့်လည်း အခြားသော များနှင့်လည်း စကားပြောဆိုခွင့်မရှိပေ။ ၎င်းတို့စကားဝိုင်းသို့ မိုးသီး လာလျှင် စကားဝိုင်းဖျက်၍ ထသွားတတ်ကြ၏။ ထို့ကြောင့် မိုးသီးသည် ဝိုင်းများသို့ မဝင်ရပေ။ ရက်ကြာလာသောအခါ၌ မိုးသီးသည် စိတ် ကြပ်လာ၏။ ထို့ကြောင့် ပေါင်းကူးထမ်းအား ပြဿနာရှာလေတော့၏။ ထမ်းသည် မိုးသီးကို စောင့်ရသည်မှာ လွန်စွာစိတ်ညစ်နေပြီဖြစ်၏။ ကြောင့် တပ်ရင်းအရာခံဗိုလ်ကြီးနှင့် တွေ့သည့်အခါ၌ -

"ဆရာကြီး . . . ကျွန်တော် မိုးသီးကို မစောင့်ချင်တော့ဘူး. . .” ပြောလေ၏။ ထိုအခါ တပ်ရင်းအရာခံဗိုလ်ကြီးက -

"ဒါ စစ်တပ်ကွ. . .၊ မင်း လုပ်ချင်တာတွေကို ခိုင်းချင်မှ ခိုင်းမှာ . . .၊ မင်း မလုပ်ချင်တာတွေကိုလည်း ခိုင်းချင်ခိုင်းမှာပေါ့၊ ဒါ အထက် တဲ့ တာဝန်ကွ. . .”ဟု ဆူလေတော့၏။ ပေါင်းကူးထမ်း နံနက်အိပ်ရာ ၎င်း၏ဘုရားကို ရှိခိုးရာ၌ . . .

"ဘုရားသခင်သည်. . . ယနေ့အဖို့ ကျွန်ုပ်အား ကောင်းချီးပေးပါ တည်း. . .၊ မိုးသီးကိုလည်း ငြိမ်သက်အောင် စောင့်မတော်မူပါစေ ည်း. . .”ဟု ထည့်ကာ ဆိုတတ်လေ၏။ ပေါင်းကူးထမ်း ထိုသို့ဆုတောင်း ကို ကြားရလျှင် မိုးသီးက ပြုံးမိလေ၏။

"ပေါင်းကူးထမ်း မင်းရဲ့ဘုရားရှိခိုးထဲမှာ ငါ့နာမည် ပါနေပါလား. . .၊ ငါ့ကြောင့် အတော်စိတ်ညစ်နေပြီလား၊ မညစ်ပါနဲ့ သူငယ်ချင်းရာ. . .၊ ရင်းမှူး ခရီးထွက်နေလို့ပါ၊ တပ်ရင်းမှူး ခရီးကပြန်လာရင် ငါထောင်တ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီကွာ. .၊ နောက်နောင် မင်း ငါ့ကို တွေ့ချင်လို့လည်း မတွေ့ရပါဘူး. . နေရတဲ့အချိန်လေးမှာ ခင်ခင်မင်မင်နေစမ်းပါကွာ. . .၊ ဘုရားသခင်နဲ့ မတိုင်ပါနဲ့. . .”ဟု ပြောလိုက်ရာ ဆာဂျင်ပေါ်င်းကူးထမ်းက-

“ယောဒီတပ်မှာ ငါ အခင်ဆုံးဟာ မင်းပဲ မိုးသီး၊ ငါအကြောက်ဆုံး ဟာလည်း မင်းပဲ၊ မင်းကို ငါ မနေ့တုန်းက ဖဲထုပ်ကို မကိုင်ပါနဲ့လို့ပြောထား တဲ့ကြား မင်းက မင်းဘူးကနေ ဖဲချပ်နောက်ကျောက အရုပ်ကလေးတွေ သဘောကျလို့ ဝယ်ထားတာပါလို့ဆိုတဲ့ ဖဲထုပ်ကလေးကို ဆော့နေတယ်. . . ပြီးတော့ အဲဒီဖဲထုပ်ကို အဲဒီနားမှာ ချထားခဲ့တယ်. . .”

ဒုတပ်ရင်းမှူးသည် မိုးသီးအားခေါ်၍-

“ဟေ့ကောင် မိုးသီး. . .၊ မင်းကို အပြစ်နဲ့ အကျယ်ချုပ်ထားတာ မဟုတ်လား. . .၊ မင်းက ဘာလို့ဖဲကစားရတာလဲ”ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

“ကျွန်တော် ဖဲမကစားပါဘူး. . . ဗိုလ်ကြီး၊ ဖဲထုပ်ကတော့ ကျွန်တော့် ဖဲထုပ်ပါ. . .၊ အဲဒါကလည်း အခုမှဝယ်တာ မဟုတ်ပါဘူး ဗိုလ်ကြီး၊ လွန်ခဲ့တဲ့ (၃)လကဝယ်ထားတာပါ. . .၊ ဖဲချပ်နောက်ကျောကပါတဲ့ အရုပ်ကလေးလှလို့ ဝယ်ထားတာပါ ဗိုလ်ကြီး. . .”ဟု ပြောလိုက်လျှင် ၎င်းဗိုလ်ကြီးသည် ဖဲချပ် တစ်ချပ်ကိုယူ၍ နောက်ကျောကို လှန်၍ကြည့်လိုက်လေ၏။ မိန်းကလေး တစ်ဦး ပုဝါပါးကို ခြုံ၍ ရယ်မောနေပုံဖြစ်၏။ ထိုအခါ ၎င်းဗိုလ်ကြီးက မိုးသီးအား

“အဲဒီပုံလေးလှတော့ မင်းက ဘာလုပ်မလို့တုံး”ဟု မေးလေ၏။

“ကျွန်တော် ပန်းချီဝါသနာပါပါတယ်၊ အဲဒီပုံလေးကို ကူးပြီးဆွဲတာ ပါ၊ ကျွန်တော် ဆွဲထားတဲ့ပုံတွေ ပြပါဦးမယ်”ဟု ဆိုကာ မိုးသီးသည် ၎င်းဆွဲ ထားသော ပုံ(၁၀)ပုံကို တင်ပြလေ၏။ ဗိုလ်ကြီးလည်း ထိုပုံများကို ကြည့်ပြီး နောက်-

“မဆိုပါဘူး. . . တူသားပဲကွာ၊ ဒါပေမဲ့ ဖဲထုပ် ဒီရောက်လာတာ တော့ မင်းကြောင့်ပဲ၊ ဟိုဆရာတွေ ဖဲရိုက်တဲ့အမှုကိုစစ်ရင် မင်းကိုလွှတ်လို့ မရဘူး၊ ပြီးတော့ ဖဲချပ်တွေကို စစ်ကြည့်တဲ့အခါမှာ (၅၂)ချပ်ပြည့်နေတယ် ဖဲမှုကတော့ မြောက်နေပြီ၊ ဟိုဆရာတွေကို ထိုးသားအဖြစ် အပြစ်ပေးရင်





တို ဒိုင်အဖြစ် ဒါမှမဟုတ် ဖဲဒိုင်ခံတဲ့အိမ်ရှင်အဖြစ် အပြစ်ပေးရ လိမ့်မယ်” ဟု ပြောလိုက်လျှင် မိုးသီးသည် မဲ့ပြုံးပြုံးလိုက်လေ၏။ ထိုသို့ပြုံးပြီး နောက်-

“ဒီမှာ ဗိုလ်ကြီး. . .၊ ဓားရောင်းတဲ့ဆိုင်ဆိုတာ ရှိပါတယ်၊ ဓားရောင်းတဲ့လူကို လူသတ်မှုနဲ့တရားစွဲလို့ မရပါဘူး. . .၊ သူ့ဆိုင်က ဓားကို ဝယ်ပြီး တစ်ယောက်ယောက်ကို ထိုးသတ်တဲ့သူကိုသာ ဥပဒေက အရေးယူ တယ်၊ ကျွန်တော်က ဓားဆိုင်ဖွင့်တဲ့ လူနဲ့တူပါတယ်၊ ကျွန်တော့်ကို ဓားထိုးမှု သတ် မှုနဲ့အရေးယူဖို့မသင့်ပါဘူး . . .”ဟု ပြောလိုက်ရာ ၎င်းဗိုလ်ကြီးက ဟက်ဟက် ပက်ပယ် ရယ်လေ၏။

“မိုးသီး . . . မင်းပြောတာ မှန်ပါတယ်၊ အဲဒါက အပြင်မှာကွ. . .၊ ဒါက စစ်တပ်ကွ. . .၊ စစ်တပ်ဆိုတော့ စည်းကမ်းနဲ့စစ်သည်တော် ကျင့်ဝတ် ကို သွယ်ဝိုက်ပြီး ထိထိ၊ တိုက်ရိုက်ပဲထိထိ အရေးယူရမှာပဲ. . .”ဟု ဗိုလ်ကြီး က ပြောလေ၏။ ထိုအခါ မိုးသီးက-

“အဲဒီလိုဆိုရင် ဖဲထုပ်ရောင်းတဲ့ဆိုင်ရယ်၊ ဖဲထုပ်ထုတ်တဲ့ ကုမ္ပဏီကို အရေးယူသင့်တယ်. . .”ဟု ပြောလိုက်ရာ ဗိုလ်ကြီးသည် စိတ်ဆိုးသွားလေ၏။ ထို့ကြောင့် ဗိုလ်ကြီးက-

“ဒီကောင် စကားများတယ်ကွာ. . .၊ အချုပ်ထဲ ထည့်ထားလိုက်” ဟု ပြောလေ၏။ ထို့နောက်တွင်ကား တကယ်ဖဲရိုက်သူများအား ပြန်လွှတ် လိုက်ပြီဖြစ်၏။ မိုးသီးသည်ကား ကွာတားဂတ်ဘက်သို့ ဦးတည်၍ လျှောက်လှမ်း နေရပြီဖြစ်၏။ တပ်ရင်းရုံးအနီးသို့ ရောက်သောအခါ၌ မိုးသီးအား ခေါ်သွားသော တပ်ရင်းအရာခံဗိုလ်ကြီးအား တပ်ခွဲတပ်ထောက် မှ ဗိုလ်ကြီးသိန်းဟန် က အကျိုးအကြောင်းမေးရာ တပ်ရင်းအရာခံ ဗိုလ်ကြီးက ပြောပြလိုက်လျှင် ဗိုလ်ကြီးသိန်းဟန်သည် ဟက်ဟက်ပက်ပက် ရယ်လေ၏။ ထို့နောက်၎င်းက-

“ကွာတားထဲတော့ မထည့်ပါနဲ့. . .၊ ကျုပ် ခေါ်ထားလိုက်တယ်လို့ ဗိုလ်ကြီးအောင်ကြီးကို ပြောပြလိုက်ပါ. . .”ဟု ဆိုကာ မိုးသီးအား ၎င်းအပင် ခေါ်၍ထားလိုက်လေ၏။ ထို့နောက် ၎င်းဗိုလ်ကြီးက -



www.burmeseclassic.com

www.burmeseclassic.com



"ဖဲမှုဟာ ကစားတာကို မပြောနဲ့ ဖဲဝိုင်းနဲ့ ပေ ၅၀ အတွင်းမှာ ရှိတဲ့ လူကိုတောင် ဖမ်းတယ်၊ ဒါက ဒီမှာ ကိုယ့်အချင်းချင်းမို့လို့ အပြင်မှာ အဲဒီအမှု မျိုးဖြစ်ရင် သမာဓိမြို့ဝန်ရုံးမှာ တရားစွဲတယ်. . .၊ အလုပ်ကြမ်းနဲ့ထောင်ဒဏ် (၃)လအထိ ကျတယ်၊ စကားမများနဲ့. . .၊ ဟိုထောင့်မှာ ဝတ္ထုစာအုပ်ဖတ်နေ" ဟု ပြောလိုက်သဖြင့် မိုးသီးသည် စာအုပ်ဗီရိုအတွင်းမှ စုံထောက် မောင်စံရှား ဝတ္ထုစာအုပ်ကို ယူ၍ 'ဘောင်ဒရီလမ်းလူသတ်မှု' ဆိုသော ဝတ္ထုစာကို သည်းသည်းမဲမဲကြီး ဖတ်၍နေလေတော့သတည်း. . .။

* * * * *

> ခါးရောင်းတဲ့ဆိုင်ဆိုတာ ရှိပါတယ်၊ ခါးရောင်းတဲ့လူကို လူသတ်မှုနဲ့တရားစွဲလို့ မရပါဘူး. . .၊ သူ့ဆိုင်က ခါးကို ဝယ်ပြီး တစ်ယောက်ယောက်ကို ထိုးသတ်တဲ့သူကိုသာ ဥပဒေက အရေးယူပါတယ်၊ ခါးဆိုင်ဖွင့်တဲ့ လူနဲ့တူပါတယ်၊ ခါးထိုးမှု၊ ခါးခုတ် မှုနဲ့အရေးယူဖို့မသင့်ပါဘူး . . .





## အခန်း (၃၂)

### မိုးသီးကို တပ်ကထုတ်လိုက်ပြီ

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး ရက်အတန်ငယ်ကြာသော အခါ၌ မိုးသီးတို့၏ တပ်ရင်းမှူးသည် ခရီးထွက်ရာမှ ပြန်ရောက်လာလေ၏။ တပ်ရင်းမှူး ရောက်လာသည်နှင့် မိုးသီးတို့အား တပ်ရင်းအရာခံ ဗိုလ်ကြီးသည် ရုံးတင်ရန်ပြင်ဆင်လေတော့၏။ ပြင်ဆင်သည်ဆိုရာ၌ စစ်မှုထမ်း တစ်ဦးအား စစ်စည်းကမ်းအရ အရေးယူသောအခါ၌ ပုံစံစာရွက်တစ်ရွက်ကို သုံးရ၏။ ထိုပုံစံမှာ ဧအ၊ အက်ဖ်၊ ဒီ (၄၈)ဟု အလွယ်ခေါ်၏။ အရှည်မှာ အာမီဖောင် ဒစ်စ်ပလင်(၄၈)ဖြစ်၏။ ထိုပုံစံတွင် အရေးယူခံရမည့် စစ်မှုထမ်းဟောင်းအမည်၊ ကိုယ်ပိုင်အမှတ်၊ ထမ်းဆောင်နေသည့် တာဝန်၊ တပ်မတော်သို့ စတင်ဝင် ရောက်သည့်နေ့၊ ကျူးလွန်သည့်ပြစ်မှု၊ ထိုပြစ်မှုသည် စစ်သည်တော်ကျင့်ဝတ် မည်သည့်အပိုဒ်ကို ကျူးလွန်ကြောင်း ဖော်ပြချက်နှင့် စစ်ဥပဒေဖော်ပြချက် များပါ၏။

ထို့အတူ ပေးရမည့် အပြစ်ဒဏ်များကိုလည်း ဖော်ပြထား၏။ အောက်တွင် ပြစ်မှုကို အဆုံးအဖြတ်ပေးရမည့် တပ်ရင်းမှူး လက်မှတ်ထိုးရမည့် နေရာကိုလည်း ဖော်ပြထား၏။ မိုးသီးအား ရုံးတင်ခါနီးတွင် ဗိုလ်ကြီးသိန်းဟန်နှင့် ဗိုလ်ကြီးတင်ဦးက ခေါ်ယူတွေ့၏။ နှစ်ဦးစလုံးပြောသော စကားများမှာ အတူတူပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမိုးသီး. . .၊ တပ်မှာ ဆက်နေချင်သေးလား၊ နေချင်သေးတယ်ဆိုရင်တော့ ထိုက်သင့်တဲ့အပြစ်ဒဏ်ပေးပြီး တပ်မှာ ပြန်ထားပေးဖို့ တပ်ရင်းမှူးကိုဝင်ပြီး ကိုယ်တို့ အသနားခံမယ်. . ."ဟု ၎င်းတို့နှစ်ဦးကပြောလေ၏။ သို့ရာတွင် မိုးသီးက မနေလိုတော့ကြောင်း ပြောရာ ထိုဗိုလ်ကြီးနှစ်ဦးစလုံးက တပ်ရင်းမှူးဗိုလ်ကြီးနှင့် ဝင်၍တွေ့လေ၏။ ၎င်းတို့ဝင်ရောက်တွေ့ဆုံသောအကြောင်းမှာလည်း နစ်နစ်နာနာမဖြစ်ရန် ဝင်ရောက်တောင်းပန် ပေးကြခြင်းဖြစ်၏။ ထိုဗိုလ်ကြီးနှစ်ဦးစလုံးမှာ မိုးသီး၏ ကျေးဇူးရှင်များဖြစ်၏။ ထိုအခါ တပ်ရင်းမှူးက-

"ဒီလိုတော့ရှိတတ်တယ်၊ ဒီအတိုင်းထုတ်လို့တော့ မရဘူး၊ ယူဘီးအီးအက်စ် (U.B.E.S)နဲ့တော့ ထုတ်ရမှာပဲ. . ."ဟု တပ်ရင်းမှူးက ပြောလေ၏။ (U.B.E.S) ဆိုသည်မှာ (Unlikly To Become Effecction Solider)အဓိပ္ပါယ်မှာ-

"တပ်မတော်သားကောင်းဖြစ်ရန် အလားအလာမရှိတော့. . ."ဟု အဓိပ္ပါယ်ရလေ၏။ အမှန်စင်စစ်လည်း ဤမျှ ဆိုးသွမ်းနေသောကြောင့် တပ်မတော်တွင် တပ်မတော်သားကောင်းဖြစ်ရန် အလားအလာလုံးဝမရှိကြောင်း ၎င်းကိုယ်တိုင်လည်း သိ၏။ ထို့ကြောင့် စောစောထွက်ရလျှင် တော်ဦးမည်။ နောက်နောက် အပြစ်ကြီးများကျမှထွက်ရလျှင် ပို၍ဆိုးသွမ်းဖွယ်ရာရှိလေ၏။ ထို့ကြောင့် မိုးသီးသည် တပ်မှထွက်ရန် အပိုင်ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။ ထို့နောက်တွင်ကား တပ်ရင်းအရာခံဗိုလ်ကြီးသည် မိုးသီးအား ဆာဂျင်နှစ်ယောက် ရံကာ တပ်ရင်းမှူးရုံးသို့ တင်လေတော့၏။ တပ်ရင်းအရာခံဗိုလ်ကြီးသည် မိုးသီးအား ခါးပတ်ဖြုတ်ခိုင်းလေ၏။ မိုးသီးသည် ခါးပတ်သာမက ခရာကြိုးရော၊ အရစ်ကျ ဖြုတ်လိုက်လေ၏။ ထို့ကြောင့် ဗိုလ်ကြီးတင်ဦး ရောက်လာပြီးလျှင်-

"ခါးပတ်ကြိုးပဲ ဖြုတ်ရမယ်. . .၊ ခရာကြိုးတွေ၊ အရစ်တွေ မဖြုတ်ရသေးဘူး၊ ကိုယ့်လူဟာ အခုအချိန်အထိ ကိုယ်တို့တပ်ရဲ့ တပ်ကြပ်ကြီးအဆင့်ပဲ ရှိသေးတယ်၊ တပ်ရင်းမှူး အမိန့်ချပြီးမှ ဒါတွေဖြုတ်ရမှာ. . .၊ ဒါတွေတင်မဟုတ်ဘူး၊ အဲဒီကျတော့ ယူနီဖောင်းပါ ချွတ်ရမယ်၊ ယူနီဖောင်းနဲ့





ဆိုင်ရင် နဲ့မဟုတ်တော့ဘူး၊ ကိုယ်ရင့်ကို တပ်က စွန့်လွှတ်လိုက်ပြီ. . .၊ သွားချင်ရာသွား၊ နေချင်ရာနေပေတော့. . .၊ ကိုယ်ရင်ကလည်း အဲဒီလိုနေချင်တာမဟုတ်လား၊ ကိုယ်ဟာ အတန်တန်ဆုံးမခဲ့လေတယ်၊ မလိုက်နာခဲ့ဘူး၊ ကိုယ်က အဲဒါကိုပဲ နှမြောတာပါ။

အရည်အချင်းရှိရဲ့သားနဲ့ မကြိုးစားဘူး. . .၊ ရေစုန်မျှောပစ်လိုက်တယ်. . .၊ ကိုယ်ရင့်ဆရာ ဗိုလ်ကြီးသိန်းဟန်ကလည်း စိတ်မကောင်းလို့စားပွဲမှာ ငူငူကြီးထိုင်နေတယ်၊ ကိုယ့်ရင့်ကို နှမြောနေတယ်၊ ရုံးတင်ပြီးရင်သွားပြီးနှုတ်ဆက်လိုက်ဦး. . .၊ နှုတ်ဆက်ဆိုတာ ပါးစပ်နဲ့မဟုတ်ဘူး၊ သွားပြီးကန်တော့လိုက်ဦး. . ."ဟု ဗိုလ်ကြီးတင်ဦးက ဆုံးမလေ၏။ ထို့နောက် တပ်ရင်းမှူးသည် ကျမ်းထုပ်ကို ကိုင်ကာ ဤအမှုအား မှန်မှန်ကန်ကန်ဖြစ်ဆိုပါမည်ဟု သစ္စာ ပြုလေ၏။ ထို့နောက် မိုးသီးအား 'အပြစ်ရှိသလား' ဟု မေးလေ၏။ မိုးသီး ကလည်း အပြစ်ရှိကြောင်း ဝန်ခံလေ၏။ ထို့နောက် တပ်ရင်းမှူးက 'ချပ်ရှိ' ခေါ် 'A.F.D'ပုံစံတွင် ရေးသွင်းထားသော ကျူးလွန်သည့် အပြစ်ကိုဖော်ပြလေ၏။ မိုးသီးကလည်း ဟုတ်မှတ်ကြောင်း ဝန်ခံလေ၏။ ထိုအခါ တပ်ရင်းမှူးက-

"အဲဒီတော့ မိုးသီး. . .၊ မင်းဟာ တပ်မတော်မှာ ထားလို့ မဖြစ်တော့ဘူး၊ တပ်မတော်သားကောင်းဖြစ်ဖို့ အလားအလာလည်း မရှိတော့ဘူး။ အဲဒါကြောင့် မင်းကို တပ်က ထုတ်လိုက်တော့မယ်၊ အပြင်လောကရောက်သွားရင်တော့ လူကောင်းဖြစ်အောင် ကြိုးစားပါ. . .၊ ဒါဟာ ငါ့ရဲ့နောက်ဆုံး လက်ဆောင်စကားပဲ. . ."ဟု ပြောလျှင် မိုးသီးလည်း အစောင့်ဆာဂျင်နှစ်ဦးနှင့်အတူ တပ်ရင်းမှူးအား အလေးပြု၍ ခရာကြိုး ရာထူးတံဆိပ်သာမက ယူနီဖောင်းပါ ချွတ်လိုက်ရလေ၏။ ထိုအချင်းအရာကိုမြင်တွေ့နေရသော တပ်ရင်းမှူးရုံးခန်း မှ ရုံးဘော်ဒလီ ရဲဘော် သောင်းတင်သည် မျက်ရည်တသွင်သွင်ကျလာလေ၏။ ထိုအခါ တပ်ရင်း အရာခံဗိုလ်ကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ရဲဘော်သောင်းတင်. . .၊ မင်း မိုးသီးအတွက် ဝမ်းနည်းနေတာလား. . .၊ မင်းအိမ်မှာ ခေါ်ထားလိုက်၊ ဒါမှ မင်းခယ်မ ပါသွားမှာ. . .။ မင်းခယ်မလည်း အရက်သမားနဲ့ညားမှ ယောင့်ကျိုးသွားမှာ. . ."ဟု လှမ်း၍ ပြောလိုက်လေ၏။ ထိုအခါ တပ်ရင်းမှူးက အရာခံဗိုလ်ကြီးအား-

"အာအက်စ်အမ် အဲဒီလိုမပြောပါနဲ့. . .၊ သူ့ကို အပြစ်ပေးပြီးပြီပဲ၊ နောက်ထပ် နစ်နာမယ့်စကားတွေ မပြောပါနဲ့တော့. . ."ဟု ဟန့်တားလိုက်လေ၏။ ထိုအခါ အာအက်စ်အမ်ကြီးက -

"တပ်ရင်းမှူး. . . ကျွန်တော် မိုးသီးကို ချစ်ပါတယ်၊ ချစ်လို့အဲဒီလို ပြောမိတာပါ. . ."ဟု အက်ကွဲကွဲကြီးဖြင့် ပြန်၍ တောင်းပန်လိုက်လေ၏။

မိုးသီးသည် တပ်ရင်းရုံး၏ ကော်ရစ်ဒါမှ လျှောက်၍ထွက်လာလေ၏။ ရုံးခန်းအတွင်းမှ လူများသည် စိတ်မကောင်းသော မျက်နှာများဖြင့် မိုးသီးအား လှမ်း၍ကြည့်ကြလေ၏။ စာပေးစာယူဌာနမှ ဒုတပ်ကြပ်ရဲလွင်ဆိုသည့် ရဲဘော် လေးသည် အခန်းတွင်းမှ ပြေးထွက်လာပြီးလျှင် မိုးသီးအား သိုင်းဖက်ကာ-

"ခင်ဗျားကြီး သိပ်ဆိုးတာပဲ. . .၊ စစ်တပ်ဟာ ခင်ဗျားအတွက် အကောင်းဆုံး နေရာပဲ၊ ခင်ဗျား ကောင်းကောင်းမနေနိုင်ဘူး. . .၊ ဒီအချိန်မှာ အပြင်မှာနေရင် သူများရိုက်သတ်သွားလိမ့်မယ်. . .၊ အပြင်ကျရင်လည်း ကောင်းကောင်းနေစမ်းပါ ဆရာမိုးသီးရယ်. . ."ဟု ငိုသံကြီးဖြင့် ပြောလေ၏။ မိုးသီးသည် ဗိုလ်ကြီးသိန်းဟန်၏ ရုံးခန်းသို့သွားကာ အပြစ်ရှိက ခွင့်လွှတ်ရန် ပြော၍ ထိုင်ချကာ ကန်တော့ဦးချလေ၏။ ဗိုလ်ကြီးလည်း စိတ်မကောင်းရှာပေ။

"ဆရာမိုးသီးရေ. . .၊ အပြင်လောကရောက်ရင် ဒီလို မဆိုးနဲ့နော်၊ ကြိုးလည်း ကြိုးစား. . .၊ ကိုယ့်မှာ အရည်အချင်းရှိရဲ့သားနဲ့၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာတုံး။ အလိမ္မာ စာမှာရှိတဲ့. . .၊ ဆရာမိုးသီးလောက် စာဖတ်တဲ့ လူမရှိဘူး. . .၊ဟိုစာအုပ်ဗီရိုတစ်လုံးလုံးစာ ခင်ဗျားဖတ်ထားတာပဲ၊ အခုထက်ထိ မလိမ္မာဘူး. . .၊ ဘယ်နေရာပဲဖြစ်ဖြစ် ဝင်ပြီးရင် ထွက်ရမှာပေါ့. . .၊ အထုတ် ခံတယ်ဆိုရင် ဘယ်ကောင်းမလဲ၊ ဘာခံစားခွင့်မှမရှိတော့ဘူး





ဝမ်းနည်းဖို့ မကောင်းဘူးလား. . .၊ အဲဒါဟာ သင်ခန်းစာပဲ. . ."ဟု ဗိုလ်ကြီးကပြောပြီး လျှင် ၎င်း၏အိတ်ကိုနှိုက်လိုက်ရာ ငွေတစ်ရာငါးဆယ်ပါလာလေ၏။ ၎င်း ဗိုလ်ကြီးသည် ထိုငွေတစ်ရာငါးဆယ်အား မိုးသီးအား ပေးလိုက်လေ၏။ မိုးသီး လည်း ဗိုလ်ကြီးသိန်းဟန်ရုံးခန်းမှ ထွက်လာပြီးလျှင် ဗိုလ်ကြီးတင်ဦးရုံးခန်းကို သွားရပြန်လေ၏။ ထိုရုံးခန်းသို့ရောက်လျှင် မိုးသီးသည် အပြစ်ရှိက ခွင့်လွှတ်ရန် ဝန်ချတောင်းပန်ပြီး ကန်တော့လေ၏။ ထိုအခါ ဗိုလ်ကြီးတင်ဦးက-

"ဆရာမိုးသီးကို ဆူဖို့အချိန်မဟုတ်တော့ဘူး၊ အားပေးရမယ့်အချိန်ရောက်နေပါပြီ. . .၊ အခု ဒီကသွားရင် ယောက္ခမရဲ့ခေါက်ဆွဲဆိုင်ကိုသွားမှာမဟုတ်လား. . .၊ ယောက္ခမနဲ့လည်း တည့်အောင်နေနော်. . .၊ ရန်မဖြစ်နဲ့ကြားလား. . .၊ ကိုယ်လည်း ချောက်ကို မကြာခဏ ရောက်ပါတယ်၊ ရောက်တိုင်းဝင်လည်မယ်. . .၊ ဆရာမိုးသီး ကျွေးတဲ့ ခေါက်ဆွဲစားမယ်လေ"ဟု ပြောလေ၏။

မိုးသီးသည် တပ်ရင်းရုံးမှ ပြန်လာပြီးလျှင် ဆာဂျင်မက်စ်သို့ သွားလေ ၏။ ပြီးလျှင် ပစ္စည်းများ သိမ်းလေ၏။ ပစ္စည်းပစ္စယများမှာ မယ်မယ်ရရမရှိ ပေ။ နေကာမျက်မှန်တစ်လက်၊ ဘန်ကောက်လုံချည်တစ်ထည်၊ ရှပ်အင်္ကျီ တစ်ထည်တို့သာရှိလေ၏။ ထို့အပြင် ဖတ်လက်စဆရာကြီးရွှေဥဒေါင်း၏ အကြံဉာဏ်ဖြင့် ကြီးပွားနည်းစာအုပ်နှင့် လွယ်အိတ်တစ်လုံးရှိလေ၏။ မိုးသီး သည် ဘန်ကောက်လုံချည်ကို ဝတ်လိုက်၏။ ရှပ်အင်္ကျီကိုဝတ်လိုက်၏။ နေကာ မျက်မှန်ကိုတပ်လိုက်၏။ လွယ်အိတ်တွင် ဆရာကြီးရွှေဥဒေါင်း၏ စာအုပ်ကို ထည့်လိုက်၏။ မိုးသီး ဆာဂျင်မက်စ်မှ ထွက်လာခါနီးတွင် အရာခံဗိုလ်ကြီး ရောက်လာပြီးလျှင်-

"မိုးသီးရာ. . . စိတ်မကောင်းဘူးကွာ. . .၊ ဆာဂျင်ဘ‌ော့ ပြောင်းတိုင်း မင်းက ချက်ပြုတ်ပြီးကျွေးခဲ့ရတာ၊ အခု မင်းက သွားတော့မယ်. . .၊ မင်းက အပြစ်နဲ့ထွက်တာဆိုတော့ ငါတို့က လူပ်ပေးခွင့်မရှိဘူးကွာ. . . အဲဒီတော့ လက်ဖက်ရည်တော့ သောက်သွားဦးကွာ. . ."ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ လက်ဖက်ရည်ကို တိုက်လေ၏။ မိုးသီးသည် ထိုလက်ဖက်ရည်ကို သောက်ပြီးနောက် ခွက်ကို ချလိုက်သည့်အခါ၌-

"ဒါ . . . နောက်ဆုံး ကျွန်တော်သောက်ရတဲ့ တပ်လက်ဖက်ရည် ပါပဲ. . ."ဟု ပြောလိုက်ရာ အရာခံဗိုလ်ကြီးက-

"စိတ်မကောင်းစရာတွေ မပြောစမ်းပါနဲ့ကွာ၊ အပြင်ရောက်ရင်သာ ကောင်းကောင်းနေစမ်းပါ. . ."ဟု သတိပေးလေ၏။ မိုးသီးသည် ဆာဂျင်မက်စ် တံခါးမှနေ၍ ခြေလှမ်းတစ်လှမ်း လှမ်း၍ထွက်လိုက်စဉ်၌ပင် လွယ်အိတ်ထဲ တွင် ပါလာသော ဆရာကြီးရွှေဥဒေါင်း၏ အကြံဉာဏ်ဖြင့် ကြီးပွားနည်းစာအုပ် ကို သတိရ၍သွားလေတော့၏။ ထို့ကြောင့် ၎င်း၏စိတ်၌ **'အပြင်လောကမှာ ငါဟာ မုချ ကြီးပွားရမယ်၊ အကြံဉာဏ်နဲ့ကို ကြီးပွားရမယ်. . .'**ဟု ရေရွတ်ရင်း အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက် လိုက်လေတော့သတည်း. . .။

* * * * *

**'အပြင်လောကမှာ ငါဟာ မုချ ကြီးပွားရမယ်၊ အကြံဉာဏ်နဲ့ကို ကြီးပွားရမယ်. . .'**





## အခန်း (၃၃)

### မိုးသီးရခဲ့သော တပ်ကြပ်ကြီးသန်းမြင့်၏ လက်ဆောင်

မိုးသီးသည် ဆာဂျင်မက်စ်မှ ထွက်လာပြီးနောက် တပ်ရင်းဂိတ်ကြီး သို့ သွားလေ၏။ ထိုဂိတ်တွင် နားနေရန် တဲလေးတစ်လုံးရှိ၏။ ထိုတဲထဲတွင် အာရ်ပီခေါ် တပ်ရဲများ ရှိကြမြဲဖြစ်၏။ မိုးသီးရောက်သွားသောအခါ၌ တပ်ရဲ များက ဝမ်းနည်းပန်းနည်း စကားပြောကြ၏။

"ဆရာမိုးသီးနဲ့ ကျွန်တော်တို့ ဝေးပြီပေါ့ဗျာ. . ."ဟု ပြောသူတ ပြောကြလေ၏။ တပ်ရဲများသည် မိုးသီးအား ခင်မင်ကြလေ၏။ ထိုအချိန်၌ မိုးသီးနှင့်အတူ စလင်းတပ်ခွဲမှာနေစဉ်ကတည်းက ရင်းနှီးခဲ့သော လော်မန်း ငါးဆိုသည့် ချင်းရဲဘော်လေးတစ်ဦး ထိုတဲအတွင်းသို့ အပြေးအလွှားရောက်ရှိ လာလေ၏။

"ကျွန်တော်က တပ်ဟိုဘက် အနောက်ဘက် တောထဲမှာ ဖက်ဒိတ် ချုပ်နေရတာ. . .၊ ဆရာမိုးသီးသွားပြီဆိုလို့ ဆရာမြင့်လွင်ဆီမှာ ခွင့် တောင်းပြီး ပြေးလိုက်လာတာ. . ."ဟု ဆိုကာ မိုးသီးအား ဖက်၍ ငိုလေ၏။

"ကျွန်တော်နဲ့ ဆရာနဲ့ကွဲပြီ. . .၊ ဘယ်တော့မှ တွေ့ကြတော့မှာ မဟုတ်ဘူး. . .၊ ကျွန်တော်ကလည်း တပ်က ထွက်ရင် ချင်းတောင်ပြန်မှာ. . .၊ ကွဲပြီ. . . ကွဲပြီ"ဟု ဆိုကာ တရှုံ့ရှုံ့ငိုလေတော့၏။ မိုးသီးက ချော့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ကွာ . . .၊ သေသွားတာမှမဟုတ်ပဲ၊ တွေ့ချင်ရင် တွေ့နိုင်သေးတယ်. . ."ဟု မိုးသီးက ပြောလေ၏။ လော်မန်းငါးမှာ ငိုမြဲငိုနေလေ၏။ ထို့နောက် လော်မန်းငါးက-

"ဆရာမိုးသီး. . .၊ခွဲခွာတဲ့အထိမ်းအမှတ်အဖြစ် လုံချည်တစ်ထောက်လောက် ပေးခဲ့ပါ၊ အမှတ်တရ လိုချင်တာပါ"ဟု ပြောရာ မိုးသီးက-

"ဟဲ့. . . လော်မန်းငါ. . .၊ ငါ့မှာ အပိုမရှိဘူးကွ၊ ဝတ်ထားတဲ့ ဟောဒီဘန်ကောက်လုံချည်ပဲရှိတယ်၊ အပိုဆိုလို့ တစ်ထည်မှ မရှိပါဘူးကွာ . . .၊ တို့ရောက်ရင် ရေကို ဘယ်လိုလုပ်ချိုးရမယ်ဆိုတာတောင် မသိပါဘူးကွာ"ဟု ပြောလိုက်ရာ လော်မန်းငါးက-

"အဲဒီဘန်ကောက်လုံချည်ပဲ အမှတ်တရ ပေးခဲ့ပါ၊ ဆရာ မိုးသီး. . ." ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးက-

"မင်းကို ငါက ဒီလုံချည်ချွတ်ပေးတော့ ငါက ဒီတိုင်း ချောက်မြို့ကို သွားရမှာလား. . ."ဟု ပြောလိုက်လေ၏။ ထိုအခါ လော်မန်းငါးက-

"ဟောဒီ ကျွန်တော် လုံချည်ကိုဝတ်သွား. . ."ဟုပြောလေ၏။ လော်မန်းငါးက ဝတ်ထားသောလုံချည်မှာ အောက်ဘက်တွင် ပြဲနေ၏။ အပေါက်ကြီးတစ်ပေါက်လည်း ပါနေ၏။

"မင်းလုံချည်ကလည်းကွာ. . . စုတ်ပြဲနေတာပဲ"ဟု မိုးသီး ကပြောလျှင် လော်မန်းငါးက-

"တန်ဖိုးမကြည့်ပါနဲ့ ဆရာမိုးသီး. . .၊ ခင်မင်မှုနဲ့လဲတယ်လို့ သဘောထားပါ. . ."ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးလည်း မတတ်သာသည့်အဆုံး၌ ဘန်ကောက်လုံချည်အား ချွတ်၍ပေးလေ၏။ လော်မန်းငါးကလည်း သူ၏လုံချည်ကို ချွတ်၍ မိုးသီးအား ပေးလေ၏။ မိုးသီးလည်း လော်မန်းငါး ပေးသော လုံချည်အစုတ်အပြတ်ကို ကောက်၍ဝတ်လေ၏။ ထို့နောက်-

"ကောင်းကွာ. . ."ဟု ရေရွတ်လိုက်လေ၏။ ထိုအခါ လော်မန်းငါးက-

"လူရဲ့အရည်အသွေးဟာ အဝတ်အစားစုတ်လို့ ပြောင်းမသွားပါဘူး ဆရာမိုးသီး. . ."ဟု တွယ်လိုက်သေး၏။





"အေး. . . ပြောပေါ့ကွာ. . .၊ မင်းက ဘန်ကောက်လုံချည်ရတာကိုး" ဟု မိုးသီးက ပြောလိုက်လေ၏။ လော်မန်းငါးသည် မိုးသီးအား ဖက်၍နမ်း၏။ ထို့နောက် ထိုင်၍ကန်တော့လေ၏။ တပ်ရဲများက ဝိုင်း၍ရယ်ကြလေ၏။ [illegible]ယောက်သော ရဲဘော်ကမူ-

"လော်မန်းငါးက အတော်ဆုံးပွဲကွ. . .၊ ဆရာမိုးသီးကို နောက်ဆုံး [illegible]လိုက်တာပဲ၊ ဘန်ကောက်လုံချည်နဲ့ ရေလဲပိုင်းကို လဲယူလိုက်တယ်လို့ [illegible]. . ."ဟု ပြောလေ၏။ ထိုအခါ လော်မန်းငါးက-

"ကျွန်တော်မှာလည်း ဒီတစ်ထည်ပဲရှိတာကိုးဗျ. . ."ဟု ပြန်၍ပြော [illegible]၏။ ထိုအချိန်၌မှာပင် စလင်းတွင်အတူနေခဲ့သော တပ်ကြပ်ကြီး [illegible]နိုးမြင့် ရောက်လာ၏။ သူ၏ထက်ထဲတွင် အဝတ်ပိုင်းတစ်ခုပါလာ၏။ [illegible]အဝတ်မှာ သွေးများစွန်းနေ၏။ ၎င်းတပ်ကြပ်ကြီးသန်းမြင့်က-

"ဆရာမိုးသီး. . .၊ ဟောဒါ ကိုယ် အော်ပရေးရှင်းမှာ ဒေါက်တာရ[illegible]နှင်းက စည်းခဲ့တဲ့အဝတ်၊ ကိုယ့်လူကို ဟောဒီအဝတ်ကို အမှတ်တရ [illegible]ပေးလိုက်မယ်" ဟု ဆိုကာ မိုးသီးအားပေးလေ၏။ မိုးသီးလည်း ဝမ်းမြောက်[illegible]သော လက်ခံလေ၏။ ထို့နောက် မိုးသီး၏ အိတ်အတွင်းမှ လက်ကိုင်[illegible]အသစ်တစ်ထည်ကို 'အမှတ်တရ. . 'ဟုဆိုကာ နှိုက်ယူလိုက်လေ၏။

ထိုအချိန်၌မှာပင် တပ်ထောက်ဌာနမှ 'မောင်ကိုကြီး'ဆိုသူရောက်[illegible]လေ၏။ ၎င်းမောင်ကိုကြီးက-

"ဆရာမိုးသီး. . .၊ ကျွန်တော့်သားလေး စုဗူးနဲ့စုထားတဲ့ ပိုက်ဆံကို [illegible]ကပ်ပြီး ဆရာမိုးသီးကို ပေးလိုက်ပါ ဆိုလို့ ကျွန်တော်လာပြီး ပေးရ[illegible]. . ." ဟု ဆိုကာ မိုးသီး၏လက်အတွင်းသို့ ပိုက်ဆံအကြွေ ၂ ကျပ်ခွဲ[illegible]လေ၏။ မိုးသီးသည် ထိုကလေးကို လွန်စွာချစ်၏။ ထို့ကြောင့် မိုးသီး၏ [illegible]တွင်းတွင် ဆို့နင့်၍သွားကာ မျက်ရည်များ ရစ်ဝိုင်း၍သွားလေ၏။ [illegible]ရာတွင် မျက်မှန် အနက်တပ်ထားသောကြောင့် မိုးသီး၏မျက်ရည်များကို [illegible]ည်သူမျှမြင်တွေ့ခြင်း မရှိပေ။ ထို့နောက်တွင်ကား မိုးသီးသည် ကား[illegible]ဖြင့် [illegible]ဘူးသို့ လိုက်ပါ လာခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းဘူးသို့ရောက်လျှင် မကွေးဘက်သို့ ကူးတို့သမ္ဗာန်ဖြင့် ကူးလေတော့၏။ မကွေးသို့ရောက်လျှင် ချောက်သို့သွားမည့် မာတ်ဆီကားဖြင့်လိုက်ရလေ၏။ ချောက်သို့ရောက်လျှင် ယောက္ခမကြီး၏ 'အကျောက်ခေါက်ဆွဲဆိုင်'သို့သွားရလေ၏။ ယောက္ခမဖြစ်သူ မိန်းမကြီးသည် မိုးသီးကိုမြင်လျှင် အားဝမ်းသာ ဆီးကြိုလေ၏။

၎င်းယောက္ခမကြီးသည် မိုးသီးအား ချစ်စနိုးဖြင့် 'ငမိုး'ဟုခေါ်၏။ မိုးသီးနှင့်ယူရမည့် ၎င်း၏သမီးကလည်း မိုးသီးအား 'အစ်ကိုမိုး'ဟုခေါ်၏။ မိုးသီး၏ ခယ်မလေးများကလည်း မိုးသီးအား 'အစ်ကိုမိုး'ဟုပင် ခေါ်ကြလေ၏။ ယောက္ခမအဒေါ်ကြီးသည် မိုးသီးအား-

"ငမိုးရယ်. . .၊ မင်းလုံချည်ကလည်း စုတ်လှချေလား၊ အောက်ကလည်း အစုတ်ကြီး၊ အပေါ်မှာလည်း အပေါက်ကြီးနဲ့"ဟု ဆိုကာ ဈေးသို့သွား၍ ချည်လုံချည် (၅)ထည် ဝယ်၍လာပြီး မိုးသီးအား ပေးလေ၏။ ထိုအခါကျမှပင် မိုးသီးလည်း လုံချည်အကောင်း ဝတ်ရလေတော့၏။ လော်မန်းငါး၏ လုံချည်အစုတ်ကိုမူ လျှော်ဖွပ်၍ သိမ်းထားလိုက်လေ၏။ ထို့အတူ ဆရာသန်းမြင့်ပေးလိုက်သော သွေးစွန်းသောအဝတ်ကိုလည်း မီးပူတိုက်ကာ အမှတ်တရ သိမ်းဆည်းထားလိုက်လေ၏။ မိုးသီးသည် တပ်ကြပ်ကြီး သန်းမြင့်၏ သွေးစွန်း သောအဝတ်ကို သိမ်းဆည်းသောအခါ၌ -

"ရဲဘော်သန်းမြင့်. . . မင်းလက်ဆောင်ပေးလိုက်တဲ့ အဝတ်ကို ငါ သိမ်းထားပါ့မယ်ကွာ. . .၊ အဲဒီလိုလဲ ငါ့ရဲ့ရင်ထဲမှာလည်း လေးနှစ်ကျော် ငါးနှစ်နီးပါး တပ်မတော်မှာ အမှုထမ်းခဲ့ရတဲ့ ငါ့ရဲ့ဘဝကို မမေ့ပါဘူးကွာ" ဟု တိုးတိုးငြင်ငြင်လေး ရေရွတ်မိလေတော့၏။ များမကြာမီ၌ပင် ယောက္ခမအဒေါ်ကြီးသည် မင်္ဂလာဆောင်ရန် စီစဉ်လေတော့၏။ မိုးသီး၏တာဝန်မှာ မိုးသီးဘက်မှ မိဘအတုလုပ်ကိုင်ရမည့်သူများကို ရှာဖွေရန်ဖြစ်၏။ မိုးသီးသည် မင်္ဂလာရက်နီးလာသောအခါ၌ ကမ်းနားဆိပ်သို့ ဆင်းကာ ရိက္ခာလာထုတ်မည့် မော်တော်ကို လာ၍စောင့်ရလေ၏။

မိုးသီးသည် တောင်းရမ်းစဉ်ကလည်း မိဘအတုဖြင့် တောင်းခဲ့လေ၏။ ယခု မင်္ဂလာဆောင်ရန်အတွက်လည်း မိဘအတုကို ရှာရလေ၏။ တစ်နေ့





မိုးသီးသည် ကမ်းနားဆိပ်မှ အတက်၌ စစ်ဂျစ်ကားတစ်စီးသည် မိုးသီး၏ ညည့်တည့်၌ ကျွီခနဲ ရပ်လိုက်လေ၏။ မိုးသီးသည် ကားပေါ်မှ လူများကို ကြည့်လိုက်လေ၏။ ကားမောင်းသူမှာ ဒုတပ်ကြပ်ဖြစ်လေ၏။ ကားပေါ်မှာ ပါသော ခန့်ခန့်ချောချောမိန်းမကြီးတစ်ဦးက မိုးသီးအား -

"ဟဲ့ မောင်လေး၊ နင် (၂၁)က မိုးသီး မဟုတ်လား"ဟု မေးလိုက်လေ၏။ မိုးသီးလည်း ထိုမိန်းမကြီးကို လှမ်း၍ကြည့်လိုက်လေ၏။ ထိုမိန်းမကြီးမှာ သူတို့၏ ခလရ(၂၁)မှ ဗိုလ်ကြီးတင်ဟန်ဆိုသူ၏ ဇနီး ဒေါ်ကျင်သိန်းဆိုသူ ဖြစ်ကြောင်း မှတ်မိသွားလေတော့၏။

"ဟုတ်တယ် အစ်မ၊ ကျွန်တော် မိုးသီးပါ. . ." ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဒေါ်ကျင်သိန်းက -

"နင်တို့ ဗိုလ်ကြီး တပ်မဟာ (၁၀)မှာ တပ်မဟာ စခန်းမှူးဖြစ်နေတယ်၊ ငါတို့ ဒီရောက်နေတာ (၁)နှစ်ရှိပြီ၊ နင် အခု ဘယ်မှာနေသလဲ. . ." ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

"ကျွန်တော် ချောက်လမ်းမတော်က 'အကျောက်ခေါက်ဆွဲဆိုင်'မှာ နေတယ် အစ်မ၊ အဲဒီက မိန်းကလေးနဲ့ပဲ အိမ်ထောင်ကျတယ်၊ အဲဒီက ဆိုင်တလေးနဲ့ပဲ မင်္ဂလာဆောင်မှာ. . .၊ ကျွန်တော့်မိဘတွေလည်း မလာနိုင်ဘူး၊ ဒါကြောင့် ကျွန်တော့်ဘက်က မိဘအတုလုပ်ဖို့ တပ်က ရိက္ခာလာထုတ်တဲ့ မော်တော်ကို စောင့်နေတာ. . ."ဟု ပြောလျှင် ထိုမိန်းမကြီးသည် တဟက်ပက်ပက်ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက်-

"မောင်မိုးသီးရယ်. . .၊ မိဘအတုလုပ်ဖို့မခက်ပါဘူးကွယ်. . .၊ မင်းရဲ့ ဗိုလ်ကြီးနဲ့မမက မိဘအတုလုပ်ပေးမယ်၊ အခုကို မင်းရဲ့ယောက္ခမနဲ့လိုက်ပြီး တွေ့မယ်၊ အခုကားပေါ်တက်"ဟုဆိုကာ မိုးသီးနှင့်အတူ 'အကျောက်ခေါက်ဆွဲဆိုင်'သို့ လိုက်လာလေ၏။ ဒေါ်ကျင်သိန်းသည် ဆိုင်သို့ရောက်သောအခါ၌ မိုးသီး၏ ယောက္ခမကြီးနှင့် ရွှန်းရွှန်းဝေအောင် စကားပြောလေတော့၏။ မိုးသီး ၏ ယောက္ခမကြီးကလည်း-

"အမယ်လေး . . . ဗိုလ်ကြီးကတော်ရယ် . . .၊ ရှင်တို့ရဲဘော်ငမိုး ရောက်လာပုံကတော့ လုံချည်တောင်မပါဘူး၊ ကျွန်မက ဆီးပြီး လုံချည်ကပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရတာ. . .”ဟု အသားယူ၍ ပြောလေတော့၏။ မိုးသီးသည် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်၍ခံနေရ၏။

“မိုးသီးအတွက် စိတ်ချပါ အဒေါ်ရယ်. . .၊ ကျွန်မတို့ရှိသားပဲ၊ သူ လုပ်ချင်သလိုလုပ်၊ နေချင်သလို နေလို့တော့ ဘယ်ရမလဲ၊ သူ့ဗိုလ်ကြီးတဲ့ ဆုံးမမှာပါ. . .”ဟု ပြောလေတော့၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ၌ မိုးသီးနှင့် ထိုဆိုင်မှ မိန်းကလေးသည် ရေနံမြေ အစည်းအရုံးခန်းမကို ငှားရမ်းကာ မင်္ဂလာ ဆောင်ကျင်းပလိုက်လေတော့သတည်း. . .။

* * * * *

‘တျင်ဖုံ’ ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ‘‘ရင်တုန်’’၍ သွားလေ၏။

‘တျင်ဖုံ’ ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ‘‘ရင်တုန်’’၍ သွားလေ၏။

‘တျင်ဖုံ’ ဟု ပြောသံကို ကြားရလျှင် မိုးသီးသည် ‘‘ရင်တုန်’’၍ သွားလေ၏။





# အခန်း (၃၄)

## မိုးသီး လက်ဖက်ရည်ဖျော်သမားဖြစ်သွားပြီ

မိုးသီးသည် တပ်မှထွက်လာပြီးနောက် ချောက်မြို့ခေါက်ဆွဲဆိုင်မှ မိန်းကလေးနှင့် လက်ထပ်လိုက်ပြီဖြစ်၏။ မိုးသီးအနေနှင့် ချောက်မြို့တွင် ထိုပထမဦးဆုံး ခင်မင်ရင်းနှီးသောမိတ်ဆွေမှာ “ကိုသိန်းအောင်ထွန်း”ဆိုသူဖြစ်၏။ ၎င်းကိုသိန်းအောင်ထွန်းသည် အိမ်ထောင်မရှိ လူပျိုလူလွတ် (B.O.C) ဌာနမှ စာရေးကြီးဖြစ်၏။ (B.O.C) မှ ပေးထားသော ချောက်မြို့စာရေးတန်းရှိ နှစ်ထပ်အိမ်ကြီးတွင် နေ၏။ ဒုတိယသိကျွမ်းသူမှာ မြင်းလှည်း သမား “ထွန်းကြည်”ဆိုသူဖြစ်၏။ ၎င်းထွန်းကြည်သည် ပခုက္ကူစစ်တပ်မှ ထွက်လာခဲ့ရသောရဲဘော်ဖြစ်၏။ သူသည် ချောက်မြို့တွင် အိမ်ထောင်ကျကာ မြင်းလှည်း မောင်းနေ၏။ သူ့ဂိတ်ထိုးရသောနေရာမှာ မိုးသီးတို့၏ဆိုင်နှင့် များစွာမဝေး လှပေ။ ရဲဘော်ထွန်းကြည်သည် မိုးသီးကို သူ့ကိုယ်တိုင်ကစ၍ မိတ်ဆက်လေ၏။

“ဆရာမိုးသီးရယ် . . . ကျုပ်တို့ ခင်ဗျားတို့လို တပ်ကထွက်လာတဲ့ သူတွေက အပြင်ရောက်ရင် အပေါင်းအသင်းမရှိဘူးဗျ. . .၊ စကားပြောတဲ့ အခါလည်း ကျုပ်တို့က အလိမ်အကောက်မရှိဘူး၊ အဖြောင့်ပဲ. . .၊ အဲဒီတော့ အပြင်က အကောင်တွေနဲ့ ငြိတတ်တယ်ဗျ၊ ငြိပြီဆိုရင်တော့ ကိုယ်က ပြီးတိုက်တာ အကောင်းဆုံးပဲ၊ အခုတော့ ကျုပ်လည်းအားရှိတယ်ဗျာ၊ ခင်ဗျားရောက်လာတာ တစ်ယောက်ထိရင် တစ်ယောက်မခံဘူးပေါ့ဗျာ. . .”ဟု ၎င်းထွန်းကြည် က မိုးသီးအား အဖော်ညှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် ယောက္ခမ၏ခေါက်ဆွဲဆိုင်တွင် ဘာအလုပ်မှမလုပ်ဘဲ ငြိမ်ငြိမ်လေး ထိုင်စားနေသူမဟုတ်ပေ။ နံနက်လေးနာရီထိုးသည်နှင့် အိပ်ရာမှ ထသော ဆိုင်တံခါးကိုဖွင့်သည်။ ဆိုင်တံခါးမှာ ပျဉ်ချပ်များစီ၍ ပိတ်ရသော တံခါးမျိုးဖြစ်သည်။ ပျဉ်ချပ်တစ်ချပ်တစ်ချပ်လျှင် (၆)ပေကျော် ကျော်မြင့်၏။ ဒုမှာ (၁)လက်မခန့်ထူ၏။ ဗျက်မှာ (၆)လက်မခန့်ရှိ၏။ အတော်ပင်လေး၏။ ဖွင့်ရလည်း လွန်စွာခက်၏။ ပိတ်ရလည်း လွန်စွာ ခက်၏။ တံခါးသွင်းရန် အတွက် သစ်သားမြောင်းရိုက်ထား၏။ ထိုမြောင်းထဲ တွင် ဖုန်စေ့၊ အမှိုက်စ၊ ပလက်စတစ်စရှိနေပါက တံခါးပိတ်ရ အလွန်ခက်၏။ ထို့ကြောင့် တံခါးပိတ် ခါနီးတွင် ထိုမြောင်းကို တံမြက်စည်းလှည်းရ၏။ ဖုန်စေ့များ ပလပ်စတစ်စကို ကော်၍ ထုတ်ရ၏။ ပျဉ်ချပ်များပေါ်တွင် ၁၊ ၂၊ ၃၊ ၄ များရေးထား၏။ သူ့ အစီအစဉ်နှင့်သူထိုးရ၏။ မှား၍ထိုးလျှင် အံမကျတော့ပေ။ မိုးသီးတို့၏ဆိုင်သည် မျက်နှာစာ(၂)ဘက်ရှိ၏။ လက်ယာဘက်မျက်နှာစာတွင် တံခါးချပ် (၈)ချပ်ရှိ၏။ အရှေ့စူးစူး မျက်နှာစာတွင် တံခါးပေါက်(၁)ဒါဇင်ရှိ၏။ မိုးသီး သည် အိပ်ယာမှနိုးသည် နှင့်တစ်ပြိုင်နက် မည်သည့်အလုပ်ကိုမျှ မလုပ်နိုင်ဘဲ ထိုတံခါးချပ် (၂၀)ကို စေ့ထောင့်တွင်သွား၍ပုံရ၏။ တံခါးပေါက်ဖွင့်ရသည့် အလုပ်မှာ ချွေးဒီးဒီး ကျ၏။ တံခါးပေါက်များဖွင့်ပြီးသည်နှင့် မတ်တပ်အုန်း တံမြက်စည်းဖြင့် တစ်ဆိုင်လုံးကို လှည်းရ၏။ စားသောက်သွားသူများ ထွေးခဲ့သော အရိုးများ ကိုကောက်ရ၏။ စားပွဲခုံများကို ရေစိုအဝတ်ဖြင့် သုတ်ရ၏။ မိုးသီး ထိုသို့လုပ်နေစဉ်၌ပင် မိုးသီး၏ ယောက္ခမတရုတ်ကြီးသည် သူ၏မီးဖိုကို မီးမွှေးနေ၏။ ထို့နောက် ဖိုတွင် အင်္ဂတေဖြင့် အသေတွဲထားသော အကြော် ဒယ်ကြီးကို ဆေးနေပြီဖြစ်၏။ ရေများကို သံယောက်မကြီးဖြင့် ရွှန်းခနဲ ရွှန်းကနဲ ကော်၍ထုတ်နေပြီဖြစ်၏။ ထိုအချိန်၌ တောဘက်၌ လိုင်စင်မဲ့သတ်သော ဝက်သားသည်ရောက်လာမြဲဖြစ်၏။ ထိုအခါ မိုးသီးက -

"အကျောက် ဝက်သားသည် လာပြီ. . ."ဟု ပြောလိုက်လျှင် ယောက္ခမ တရုတ်ကြီးက မီးဖိုအနီးမှနေ၍





"ငမိုး . . . မိုင်မိုင်. . ."ဟု အော်လေ၏။ မိုးသီးသည် အဓိပ္ပာယ် ကို နားမလည်သဖြင့် လုပ်နေသောအလုပ်ကို ဆက်လုပ်မြဲဖြစ်၏။ ဝက်သားသည် သည် ဆက်၍ စောင့်ရန်သည်းမခံနိုင်သဖြင့် အော်လေတော့၏။ ထိုအခါ၌ ယောက္ခမကြီးထွက်လာပြီးလျှင်-

"ငမိုး . . . မင်းကို ငါ ဝက်သားဝယ်လိုက်လို့ ပြောနေတာပဲ၊ ဟိုမှာ ဝက်သားသည် စိတ်ဆိုးနေပြီ. . ."ဟု ပြောလေ၏။

"ခင်ဗျား ကျုပ်ကို ဝယ်လို့မပြောပါဘူး. . .၊ ခင်ဗျားဟာ ခင်ဗျား ...သော 'မိုင်မိုင်'လို့ အော်နေတာပဲ. . ."ဟု မိုးသီးက ပြောလိုက်လျှင် ယောက္ခမကြီးက -

"မိုင်မိုင်ဆိုတာ တရုတ်လိုပြောတာကွ. . .၊ ဝယ်ပါလို့ပြောနေတာ"ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ကျုပ်က တရုတ်မှမဟုတ်တာ ဘယ်သိမလဲ"ဟု ပြောလိုက်လျှင် ယောက္ခမကြီးက -

"မင်းဟာ တရုတ်သမီးကို ယူထားပြီးပြီ. . .၊ တရုတ်ဖြစ်မှ ဖြစ်မယ်၊ ...ရင်လည်း သိအောင်မှတ်ထားရမယ်၊ အရေးကြီးတာက စားတဲ့သူဟာ ...င်မှာဝင်စားပြီး ပိုက်ဆံမပေးဘဲ မေ့ပြီးသွားတတ်တယ်၊ တကယ် မေ့တာ ...ည်းရှိတယ်၊ မေ့ချင်ဟန်ဆောင်ပြီး ထွက်သွားတာလည်းရှိတယ်၊ အဲဒီတော့ ...က်ဆံပေးပြီးပြီလားလို့ မင်းကို လှမ်းမေးတဲ့အခါ အဲဒီလိုမမေးဘူး "လွေး"လို့ ...မယ်. . .၊ ပေးပြီးရင် မင်းက "ဆော်လွေး"လို့ ပြန်ပြောရုံပဲ. . .၊ နောက် ...တော့ စားတဲ့လူက ထမင်းကြော်မှာရင် ငါ့ကို ပြောတဲ့အခါ "ချောက်ဖန်" ...ပြောရမယ်၊ အဲဒါ ထမင်းကြော်ပဲ. . .၊ ခေါက်ဆွဲကြော်မှာရင် "ချောက်မြင်" ...ပြောရမယ်၊ အဲဒါဆိုရင် ငါသိပြီ (၁) ကနေ (၁၀)အထိ ဆိုတတ်ဖို့လည်း ...၊ ယီ၊ ဆန်၊ ဆေ၊ အင်း၊ လုပ်"လို့ဆိုတတ်အောင် ဒီအိမ်က ငါ့ရဲ့သမီး ...ယ်ဆုံး 'တွတ်တွတ်' ဆီမှာ သင်လိုက်. . ."ဟု ပြောလေ၏။ မိုးသီးလည်း ...ာက္ခမအိမ်တွင် အံဝင်ရန်အတွက် မှတ်သားရလေတော့၏။ တစ်နေ့တွင် ...သီး၏ ယောက္ခမအဒေါ်ကြီးက မိုးသီးအား -



www.burmeseclassic.com

www.burmeseclassic.com



“မိုးသီး . . . ဟောဟိုဆိုင်သေးက တမာပင်အောက်မှာ လက်ဖက်ရည်ဆိုင်ဖွင့်၊ ငါ နင့်ကို ဖွင့်ခွင့်ပေးမယ် . . .၊ ပန်းကန်လုံးတွေ၊ ပန်းကန်ပြားတွေ မီးဖိုတွေ ဆိုင်နောက်မှာ အဆင်သင့်ရှိတယ်၊ နင်လုပ်တတ်ရင် လုပ်စားပေတော့ . . .”ဟု ပြောသဖြင့် မိုးသီးလည်း တမာပင် အရိပ်အောက်တွင် အမှိုက်များရှင်းကာ မြေညှိလေ၏။ ထို့နောက် စားပွဲခုံဟောင်းတစ်လုံးကို ရေဆေးကာ လက်ဖက်ရည်ဖျော်ရန် ခုံလုပ်ရလေ၏။ ပြီးလျှင် ပန်းကန်လုံးများ ချိတ်ရန်အတွက် တန်းများရိုက်ရ၏။ ဖုန်အထပ်ထပ်တက်နေသော ပန်းကန်လုံးများကို ဆပ်ပြာရည်တွင်နှစ်ကာ စိတ်ရှည်လက်ရှည် ဆေးရလေ၏။ ကြေးအိုးကြီး နှစ်လုံးကို သန့်ရှင်း၍ လက်ဖက်ခြောက်နှပ်ရန်နှင့် ရေနွေးတည်ရန် ပြုလုပ်လေ၏။

ထို့နောက် မီးသွေးခြင်းများ၊ သကြား၊ နို့ဆီ၊ လက်ဖက်ခြောက်များ ဝယ်ရလေ၏။ ထိုခေတ်အချိန်က အကောင်းဆုံးလက်ဖက်ခြောက်မှာ ရွှေဒင်္ဂါး လက်ဖက်ခြောက် ဖြစ်၏။ မိုးသီးသည် ထိုသို့ အဆင်သင့်လုပ်ပြီးနောက် အနီးအပါး လက်ဖက်ရည်ဆိုင်များသို့သွားကာ လက်ဖက်ရည် တစ်ခွက်စီဝယ်၍ သောက်ပြီး စမ်းကြည့်လေ၏။ ပြီးလျှင် ကိုယ်တိုင် လက်ဖက်ရည် တစ်ခွက်ဖျော်၏။ သောက်ကြည့်၏။ လက်ဖက်ရည်မှာ အရသာအနေဖြင့် အဆင့်အတန်း မှီ၏။ သို့ရာတွင် အရောင်မှာ ဖြူဖျော့ဖျော့ ဖြစ်နေ၏။ ထို့ကြောင့် မိုးသီးသည် ဈေးအတွင်းသို့သွားကာ ရေခဲခြစ်တွင်ဆိုးသော ဆေးအနီနှင့် ဆေးအဝါကို စပ်၍ လက်ဖက်ခြောက်ကို အရောင်ဆိုးရ၏။ ထိုသို့ပြုလုပ်လိုက်သောအခါ မိုးသီး၏ လက်ဖက်ရည်သည် လိမ္မော်ရောင် တလေးဖြစ်၍လာ၏။ မိုးသီးသည် နို့ဆီဖြင့်ဖျော်သော်လည်း လက်ဖက်ရည် ခွက်တွင် မလိုင်များထည့်ရန်အတွက် နွားနို့ အနည်းငယ်ကိုဝယ်၍ ကျိုထားရ၏။ လက်ဖက်ရည်ခွက်တိုင်းတွင် မလိုင်များ ခပ်၍ထည့်ပေး၏။ အနီးမှ မြင်းလှည်းသမားများ လာ၍သောက်ကြ၏။ ပြီးလျှင် ၎င်းတို့က -

“ကိုမိုးသီး . . . ခင်ဗျားလက်ဖက်ရည် ကောင်းတယ်ဗျာ . . .”ဟု ချီးကျူးလေ၏။ မိုးသီးသည် နံနက် (၄)နာရီမထိုးမီ၌ ဆိုင်တံခါးဖွင့်၍ ဆိုင် သန့်ရှင်းရေးလုပ်ပြီးရုံမျှမက တမာပင်အောက်ရှိ သူ၏လက်ဖက်ရည်





ဆိုင်လေး သည်လည်း ရောင်းချရန် အသင့်ဖြစ်နေတတ်မြဲဖြစ်၏။ မိုးသီး၏ လက်ဖက် ရည်ဆိုင်သည် ရောင်းကောင်း၏။ တစ်ခါတွင် မိုးသီးက သကြားဈေးကြီး ကြောင်း ညည်းညူမိရာ ၎င်း၏ယောက္ခမတရုတ်ကြီးက-

“ငမိုး အစားအသောက်ရောင်းရင် ဆေးသကြားသုံးရမယ်ကွ . . .၊ သကြားအစစ်ထည့်ရင် မွဲသွားလိမ့်မယ် . . .၊ ဆေးသကြားကလည်း ထည့်လိုက်တာနဲ့ သောက်တဲ့လူက သိတယ်ကွ၊ ဘာကြောင့်လည်းမသိဘူး၊ သောက်လိုက်တာနဲ့ အခါးဓာတ်ပါတယ်၊ ဒီအတိုင်းမထည့်ရဘူး၊ သူ့ကို အခိုးသတ်ရတယ်၊ ကြေးဇွန်းထဲမှာ ရေနည်းနည်းနဲ့ ဆေးသကြားကိုထည့် အောက်က ဖယောင်းတိုင် နဲ့ မီးအပူပေးရတယ်၊ ကြေးဇွန်းထဲက ရေဆူလာရင် သုံးလို့ရပြီ . . .၊ အဲဒီ ဆေးသကြားကို နို့ဆီနဲ့ တစ်ခါတည်းရောပြီး ဖျော်လိုက်”ဟုပြောလေ၏။ မိုးသီးလည်း ထိုအတိုင်းလုပ်လိုက်ရာ သကြားဝယ်ရမည့်ငွေ သက်သာသွားလေတော့၏။

“ငါလုပ်တဲ့ အခေါက်ကင်တွေဘာတွေလည်း ကြွပ်နေရုံနဲ့ မပြီးသေးဘူးကွ . . .၊ ကြည့်လိုက်ရင် အနီရောင်ရဲနေမှကြိုက်တာ၊ ဒါကြောင့် အခေါက်ကို မကင်ခင်မှာ အခေါက်တစ်ခုလုံးကို အနီရောင်ဆေးနဲ့ လျှောက်သုတ်ရသေးတယ်၊ မီးနဲ့ကင်တဲ့အခါမှာ နီရဲနေတာပေါ့ကွာ . . .၊ ဝက်သားက နီတာ မဟုတ်ဘူးကွ၊ ဆေးကနီတာ၊ ပြီးတော့ အခေါက်ကို မကင်ခင်မှာ ဓားနဲ့မွှန်းပြီး တရုတ်မဆလာက သံဗူးနဲ့တရုတ်ပြည်ကလာတာကွ . . .၊ ဟောဟို ရေနံမြေ စားသောက်ဆိုင်က ကုန်စုံဆိုင်မှာ ရောင်းတယ်ကွ . . .၊ ခေါက်ဆွဲကြော်တဲ့ အခါမှာလည်း နည်းနည်းခတ်ရတယ်၊ ခရုဆီလည်း နည်းနည်း ထည့်ရတယ်ကွ၊ ခရုဆီကလည်း ပုလင်းနဲ့လာတာကွ . . .၊ အဲဒီအနံ့မပါရင် ခေါက်ဆွဲကြော်က မမွှေးတော့ဘူးကွ၊ တချို့ပြောတယ် မင်းမကြားဘူးလား . . .၊ ဆိုင်မှာ ခေါက်ဆွဲကြော်ကောင်းလို့ အိမ်မှာ ကြော်စားတဲ့အခါ ဆိုင်ကလက်ရာနဲ့မတူ ဘူးလို့ပြောတာ ကြားဖူးတယ်မဟုတ်လား . . .၊ အမှန်က မစီတာမဟုတ်ဘူး၊ မတူတာ၊ သူလည်း ဒီခေါက်ဆွဲပဲ၊ အသားလည်း ဒီအသားပဲ၊ ထည့်တဲ့အရွက်လည်း ဒီအရွက်ပဲ၊ ခေါက်ဆွဲဆိုင်ကလည်း ဒါပါပဲ . . .၊ ဒါပေမဲ့ ခေါက်ဆွဲဆိုင် က တရုတ်မဆလာတို့၊ ခရုဆီတို့

www.burmeseclassic.com



သုံးထားတော့ ဘယ်တူမလဲကွာ. . .၊ တချို့က ဒါကြောင့် သူတို့ဟာသူတို့ အိမ်မှာကြော်စားတဲ့ ခေါက်ဆွဲကြော်က တရုတ် စော်မနံဘူးလို့ပြောတာ ပေါ့ကွာ. . .”ဟု ရှင်းပြလေ၏။ မိုးသီးလည်း သူ၏ လက်ဖက်ရည်ရည်ဆိုင် တွင် သကြားသက်သာရန်အတွက် ဆေးသကြားကို တွင်တွင်ကြီးသုံးလေ တော့၏။ မိုးသီး၏ မိတ်ဆွေကိုအောင်ထွန်းသည် နံနက်တိုင်း စက်ဘီး ကလေးဖြင့် ရောက်လာပြီးလျှင် မိုးသီး၏လက်ဖက်ရည်ကို တစ်ခွက် သောက်မြဲဖြစ်၏။ မိုးသီးသောက်သည့်အခါတိုင်း-

“ကိုမိုးသီးရယ်. . . ခင်ဗျားရဲ့လက်ဖက်ရည်က ရန်ကုန်ကဆိုင်တွေ မီတယ်ဗျ. . .၊ အခုလို တမာပင်ရိပ်အောက်မှာမဟုတ်ပဲ နေရာကောင်း ကောင်း ဆိုင်ကျယ်ကျယ်မှာ ရောင်းလိုက်ရရင် ကိုမိုးသီးအနေနဲ့ အတော့်ကိုကြီးပွား သွားဖို့ရှိတယ်. . .”ဟု ပြောလေ၏။ မိုးသီး၏ ဆိုင်တွင် ‘ပုဂံ-ညောင်ဦး’သို့ သွားမည့် မော်တော်ကားလက်မှတ် ရောင်းသည့်သူသည် စားပွဲတစ်လုံးတောင်း၍ လက်မှတ်များ လာရောက်ရောင်းချလေ၏။ ထိုသူ့ကို အကြောင်းပြု၍ ပုဂံဘုရားဖူးဧည့်သည်များသည် မိုးသီး၏ဆိုင်တွင် လက်ဖက်ရည်သောက် ကြလေ၏။

ထို့ကြောင့် မိုးသီးသည် ထိုမော်တော်ကားလက်မှတ်ရောင်းသူအား လက်ဖက်ရည်တစ်ခွက် အခမဲ့တိုက်ရလေ၏။ လက်ဖက်ရည်တစ်ခွက်သာမက နံပြားနှင့်ပဲပြုတ်လည်း တစ်ပွဲပေးရလေ၏။ ထို့ပြင် လက်ဖက်ရည် ပန်းကန်ထဲ တွင် စီးကရက် နှစ်လိပ်ပါ ထည့်၍ မီးခြစ်နှင့်တကွ ပေးရလေ၏။ မိုးသီး၏ လက်ဖက်ရည်ဆိုင်ကလေးသည် နေ့စဉ်လိုလို အရောင်းတက်လာလေတော့ သတည်း။

* * * * *





# အခန်း (၃၅)

## ယောက္ခမကြီး အကျော်ခေါက်ဆွဲဆိုင်သို့ မိုးသီးအား သတ်ရန်လာကြသူသုံးဦး

BURMESE CLASSIC

မိုးသီး၏ လက်ဖက်ရည်ဆိုင်ကလေးသည် အတော်အတန်ရောင်း ကောင်းသောအဖြစ်သို့ ရောက်လာပြီဖြစ်၏။ ထိုဆိုင်ကလေးသည် နံနက်(၄) နာရီမှ (၁၀)နာရီအထိ အရောင်းသွက်၏။ (၁၀)နာရီထိုးသည်နှင့် အရောင်း ထိုင်းသွားလေတော့၏။ ည(၈)နာရီထိုးသည့်အချိန်ထိ တစ်ခွက်၊ နှစ်ခွက်သာ ရောင်းရလေ၏။ ထို့ကြောင့် မိုးသီးသည် (၁၀)နာရီထိုး သည်နှင့်တစ်ပြိုင်နက် လက်ဖက်ရည်ဆိုင်ကို နားပြီးလျှင် ယောက္ခမကြီး၏ ခေါက်ဆွဲဆိုင်တွင် သွားရောက်ကူညီရလေ၏။ စားပွဲထိုးရ၏။ စားပြီးသော ပန်းကန်များကို သိမ်းရ၏။ ဆိုင်တွင်းသို့ ဝင်လာသူအား ‘ဘာစားမလဲ’ဟု မေးတာ မီးဖိုသို့မှာလေ၏။

တစ်နေ့တွင် ချောက်မြို့တစ်ဖက်ကမ်းရွာဘက်ဆီမှ ရောက်လာသော အသက်(၅၀)နီးပါးခန့် အဘိုးကြီးတစ်ဦးသည် ခေါက်ဆွဲကြော်တစ်ပွဲနှင့် အသားကင်တစ်ပွဲ မှာလေ၏။ မိုးသီးလည်း ၎င်းမှာသည်များကို မှာပြီးလျှင် လာရောက်ချပေးလေ၏။ ထိုအဘိုးကြီးက မိုးသီးအား-

“ဟေ့ကောင် . . .၊ ဝီစကီသောက်ချင်တယ်၊ ဝီစကီတစ်ပုလင်းပေး . . .”ဟု မှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်မှာ အဲဒီလိုအရက်မျိုးတွေမရှိပါဘူး ဦးလေး၊ အရက်ဖြူပဲ ရှိပါတယ်. . ."ဟု မိုးသီးက ပြောလိုက်ရာ ထိုအဘိုးကြီးက-

"ငါ့ရဲ့ရုပ်ကိုကြည့်စမ်း. . .၊ အရက်ဖြူသောက်တဲ့ ရုပ်လား. . ." ဟု မာကြွပ်ကြွပ်ပြောလေ၏။ မိုးသီးလည်း စိတ်တို၍နေပြီဖြစ်၏။

"သိပါတယ်. . .၊ ဦးလေးရုပ်က အရက်ဖြူတောင် နပ်မှန်တဲ့ရုပ် မဟုတ်ပါဘူး. . ."ဟု မိုးသီးက ပြောလိုက်သောအခါ၌ အဘိုးကြီးသည် မိုးသီးအား စားတော့ဝါးတော့မလို ကြည့်လေ၏။ ထို့နောက် ထိုအဘိုးကြီးက-

"မင်းပြောတဲ့ အရက်ဖြူတစ်ပိုင်းပဲပေး၊ ရေခဲလည်း လိုချင်တယ်. . ." ဟု ပြောလေ၏။ မိုးသီးလည်း အရက်ဖြူတစ်ပိုင်းနှင့် ရေခဲတစ်ပွဲချပေးလေ၏။ ထိုအဘိုးကြီးလည်း အရက်ဖြူတစ်ပိုင်းကို ကုန်အောင်သောက်ပစ်လိုက်လေ၏။ ထို့နောက် ခေါက်ဆွဲကြော်နှင့် အသားကင်များကို အားရပါးရစားလေ၏။ ထိုသို့စားပြီး ထမည်အပြု၌ မိုးသီးက-

"ခေါက်ဆွဲကြော်တစ်ပွဲက (၃) ကျပ်၊ အသားကင်တစ်ပွဲက (၄)ကျပ်၊ ပေါင်း (၇)ကျပ်၊ အရက်တစ်ပိုင်းက (၄)ကျပ်၊ အားလုံး(၁၁)ကျပ်၊ ရေခဲတစ်ပွဲက (၂)ကျပ်၊ အားလုံးပေါင်း (၁၃)ကျပ် ကျတယ်. . ."ဟု ပြောလိုက်ရာ အဘိုးကြီးက-

"ဟေ့ကောင်. . .၊ မင်းကို ငါဗမာလိုပြောမယ်၊ သေသေချာချာ နားထောင်. . .၊ ငါ့မှာတစ်ပြားမှမပါဘူး၊ တစ်ပြားမှလည်း မပေးနိုင်ဘူး. . .၊ မင်းကြိုက်သလို စီမံပေတော့. . ."ဟု ပြောလေ၏။

ဤအဖြစ်အပျက်များမှာ သာမန်ကြည့်လျှင် ဘာမျှ အရေးမကြီးသော်လည်း မိုးသီးအတွက်မူ ဘဝဖြစ်လေ၏။ ဤသို့ ဗိုလ်ကျလျှင် အနိုင်ကျင့်စားသောက်သွားသည်ကို မိုးသီးက မကာကွယ်ပါက မိုးသီး၏ ယောက္ခမကြီးသည် မိုးသီးအား မည်သို့မည်ပုံပြောမည်နည်း။ 'နင် သူရဲဘောကြောင်လှချေလား၊ ရအောင် မတောင်းဝံ့ဘူး'စသည်ဖြင့် မိုးသီး၏ ယောကျ်ားဂုဏ်သိက္ခာကို တသက်ပတ်လုံး စော်ကားပေတော့မည်။ ထို့ကြောင့် မိုးသီးသည် ထိုအဘိုးကြီးအား ခွင့်လွှတ်၍မရပေ။ ထိုအဘိုးကြီးက 'မင်းကြိုက်သလိုစီမံနိုင်တယ်'ဟု ပြောလိုက်သော တိုက်ပွဲခေါ်သံစကားကို နားတွင်ပဲ့တင်ထပ်၍ ကြားနေလေ၏။





ထို့ကြောင့် မိုးသီးသည် အဘိုးကြီး၏မျက်နှာကို လက်သီးဖြင့်စွတ်၍ ထိုးလိုက်လေ၏။ အဘိုးကြီးသည် နောက်သို့လန်၍ ယိုင်သွား၏။ ထိုအခါ၌ မိုးသီးသည် ငြိမ်၍မနေဘဲ အဘိုးကြီးမျက်နှာကို ဒူးဖြင့် ဝင်၍တိုက်လိုက်ရာ အဘိုးကြီး၏ ပါးစပ်အတွင်းမှ စားထားသော ခေါက်ဆွဲကြော်များ၊ အသားကင်များ၊ အရက်များ ထွက်၍ကျလာတော့၏။

အဘိုးကြီးသည် မိုးသီး၏လည်ကုတ်ကို ဖမ်းဆွဲ၍ တအားညှစ်လိုက်လေ၏။ မိုးသီးသည် ညှစ်ထားသောလက်ကို လျှို၍ထွက်ပြီးလျှင် တံတောင်ဆစ် [illegible]မှထွက်၍ ထမ်းကာမ,၍ ပစ်ထည့်လိုက်လေ၏။ အဘိုးကြီးသည် မြေပြင်ပေါ်တွင် ဘုန်းခနဲ ကျကာ ဆန့်ဆန့်ကြီးဖြစ်သွားလေတော့၏။ ထမင်းစားပွဲပေါ်မှ ပန်းကန်များလည်း ကျ၍ ကွဲသွားလေ၏။

မိုးသီးသည် ထိုအဘိုးကြီး၏ မျက်နှာကို တအားလွဲ၍ ရိုက်ချနေလေ၏။ ဆံပင်ကိုကိုင်၍ မြေကြီးနှင့်ခေါင်းကို တဒုန်းဒုန်းဖြင့် ဆောင့်ချနေလေ၏။ ထို့နောက် မတ်တပ်ရပ်ကာ နံကြားအတွင်းသို့ ဖနောင့်ဖြင့်ပေါက်လေ၏။ အဘိုးကြီးလည်း လူးလဲ၍ကုန်းထကာ သွေးစက်လက်ဖြင့် ထွက်ပြေးရန်ကြိုးစားသွားလေ၏။ မိုးသီးက အဘိုးကြီးအား ဖမ်း၍ဆွဲထားပြီးလျှင် ဝတ်ထားသော အကျီကို ယူထားလိုက်လေ၏။ အကျီမှာ ဟောင်းနွမ်းပေရေနေသော အကျီဖြစ်၏။ ထို့ကြောင့် ထိုအကျီနှင့်ပင် စားပွဲခုံမှာ ပေကျံနေသော အရာများအား သုတ် ပစ်လိုက်လေ၏။ မိုးသီး၏ယောက္ခမကြီးသည် မိုးသီးအား-

"နင်လုပ်တာ တော်တော်များသွားတယ်၊ သေသွားမှာစိုးလို့ ငါ့မှာ ရင်ထိတ်ထိတ်နဲ့ ငွေ(၁၃)ကျပ်မက ခံစားသွားရရှာတယ်၊ မျက်နှာကအစင်းကြောင်းတွေလည်း သေရာပါရော. . .၊ နင် ထမ်းပြီးပစ်လိုက်တာ အကျမှာ ဆက်ပွင့်ပြီး သေတတ်တယ်. . ."ဟု ပြောလေ၏။

နောက်တစ်နေ့နံနက်တွင် မိုးသီးသည် ဆိုင်မှ အစောကြီးထွက်သွားလျှင် 'အေးစေတီ'အနီးရှိ လက်နှိပ်စက်သင်တန်းကျောင်းတွင် လက်နှိပ်စက်ရိုက်နည်း မေ့သွားမည်စိုးသောကြောင့် လေ့ကျင့်နေလေ၏။ ထိုအချိန်၌ ယမန်နေ့က မိုးသီးနှင့်ဖြစ်ခဲ့သော အဘိုးကြီး၏တူများ သားများသည် ဆိုင်အတွင်း ဝင်လာပြီးလျှင် ခေါက်ဆွဲကြော်နှင့် အသားကင်တစ်ပွဲစီမှာကြ၏။ အရက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းစီမှာကြ၏။ ထို့နောက် တစ်ယောက်သောသူက မိုးသီး၏ ယောက္ခမကြီး
အား-

"ဒီဆိုင်မှာရှိတဲ့ ဟိုလူ ဘယ်ရောက်သွားပြီလဲ"ဟု မေးလေ၏။ မိုးသီး
၏ ယောက္ခမကြီးသည် မိုးသီးအား ၎င်းတို့ ဦးလေး သို့မဟုတ် ၎င်းတို့အဒေ
အား ရိုက်ခြင်းအတွက် မကျေနပ်၍ ထပ်လာသောလူများဟု ရိပ်မိလေ၏
၎င်းတို့ လွယ်ထားသော လွယ်အိတ်များကို လေ့လာကြည့်ရှုရာ လွယ်အိတ်
တိုင်းတွင် ဓားတစ်လက်စီပါကြောင်း သိရလေ၏။ ၎င်းတို့သုံးဦးလည်း မိုးသီး
အား တွင်တွင်မေးကြလေ၏။ တွေ့သည်နှင့်သတ်ကြမည်ဖြစ်၏။ ၎င်းတို့
ဦးလေး သို့မဟုတ် ဖခင် ခံလိုက်ရသောအဖြစ်ကို အခဲမကျေ ဖြစ်နေပုံရ၏
အရက်တစ်ခွက်စီ သောက်ပြီးသောအခါ၌ ပို၍ဆိုးလာတော့၏။

"အဒေါ်ကြီး . . . ခင်ဗျားနဲ့ ဘာတော်သလဲ"ဟု မေးလေ၏။ ထိုအခါ
မိုးသီး၏ ယောက္ခမကြီးက -

"ငါ့သမီးအကြီးရဲ့ယောကျ်ား၊ ငါ့သမက်တော်တယ်၊ ဘာလုပ်မလို့လဲ"
ဟု မေးလေ၏။ ထိုအခါ ၎င်းတို့သုံးဦးအနက် တစ်ယောက်သောသူက-

"ဘာမှမလုပ်ပါဘူး၊ မြင်ဖူးအောင် ကြည့်ချင်လို့ပါ. . ."ဟု ရိုသေစွာ
ပြောလေ၏။

ထိုအချိန်၌ပင် ဆိုင်ရှေ့တည့်တည့်သို့ စစ်ကားတစ်စီးလာ၍
ရပ်လေ၏။ ထိုကားပေါ်မှ ပုခုံးပေါ်တွင် ရွှေဘား(၃)ဘား တပ်ထားသော
ဗိုလ်ကြီးတစ်ဦး ဆင်းလာလေ၏။ ထို့နောက် တပ်ကြပ်ကြီးတစ်ဦးနှင့်
ရဲဘော်များ လက်နက်အပြည့်အစုံနှင့် ဆင်းလာလေ၏။ ပုခုံးတွင် ရွှေဘား(၃)
ဘားတပ်ထားသော ပုဂ္ဂိုလ်မှာ မိုးသီးနေခဲ့သော တပ်မှ ဗိုလ်ကြီးသိန်းဟန်
ဆိုသူဖြစ်၏။ မိုးသီး၏ဆရာလည်း ဖြစ်၏။ ဗိုလ်ကြီးသိန်းဟန်က မိုးသီး၏
ယောက္ခမကြီးအား-

"အဒေါ်ကြီး. . .၊ ကျုပ်တို့လူရော"ဟု မေးလေ၏။

"ခရီးသွားပါတယ် ဗိုလ်ကြီး. . ."ဟု မိုးသီး၏ ယောက္ခမကြီးက
ပြန်၍ဖြေလေ၏။





"တစ်ခုတော့ရှိတယ် အဒေါ်ကြီး၊ ကျုပ်တို့လူ ဆရာမိုးသီးက သိပ်ပြီး
. . .သတ်တယ်. . .၊ ခေါက်ဆွဲဆိုင်မှာဖြစ်ရဲ့လား၊ ခဏခဏ ရန်မဖြစ်ဘူးလား"
ဟု ၎င်းဗိုလ်ကြီးက မေးလေ၏။

"မဖြစ်ပါဘူး ဗိုလ်ကြီး၊ ဒါပေမဲ့ မနေ့ကတော့ အသက်(၅၀)လောက်
. . . လူတစ်ယောက်က ဆိုင်မှ အရက်သောက်တယ်၊ ခေါက်ဆွဲကြော်တွေ၊
. . .တင်တွေ ဝယ်စားတယ်၊ ပြီးတော့ ပိုက်ဆံမပေးဘဲ မင်းဘာလုပ်ချင်
. . .ဆိုပြီး ရန်ပြုပါတယ်၊ မိုးသီးနဲ့ထိုးလားကြိတ်လားဖြစ်ကြပါတယ်. . ."ဟု
. . .သီး၏ ယောက္ခမကြီးက ပြောလိုက်လျှင် ဗိုလ်ကြီးသိန်းဟန်က -

"ဒါကတော့ ဆရာမိုးသီးမှ မဟုတ်ဘူး၊ ဘယ်သူမှ ခံမှာမဟုတ်ဘူး၊
. . .နိုင်ကျင့်တာကိုးဗျ. . ."ဟု ပြောလေ၏။

"ဒါတော့ဒါပေါ့ ဗိုလ်ကြီးရယ်. . .၊ ဒီလူကြီးက ဟိုတောဘက်က
. . .ဦးရန်စက ပြေမှာမဟုတ်ဘူး၊ သူ့ရဲ့အစွယ်အပွားတွေက မိုးသီးကို လာပြီး
. . .တ်ရင်သတ်ကြဦးမှာ၊ အဲဒါပဲ စိုးရိမ်တာပါ. . ."ဟု ပြောလျှင် ဗိုလ်ကြီး
. . .န်းဟန်က -

"သတ်ဝံ့ရင် သတ်စမ်းပါစေဗျာ. . .၊ ကျုပ်တို့ရှိပါတယ်၊ ကျုပ်လူကို
. . .အနိုင်လာကျင့်ရင် ကျုပ်တို့ မခံပါဘူး၊ အဲဒီသတ်မယ်လို့လာတဲ့လူတွေ
. . .င်လည်း ပြောပြစမ်းပါ၊ ရင်ဘတ်တွေ ဇကာပေါက်ဖြစ်သွားမယ်. . .၊
. . .်တို့ကိုသာ မှာလိုက်. . ."ဟု ကြုံးဝါးလေ၏။

"မှာလိုက်မလုပ်နဲ့ ဗိုလ်ကြီး၊ ဒီရက်အတွင်းမှာ ဟိုက တက်လာကြ
. . ."ဟု မိုးသီး၏ ယောက္ခမကြီးက ပြောလိုက်ရာ ဗိုလ်ကြီးက-

"မပူပါနဲ့ဗျာ. . .၊ ကျုပ်တို့က မန္တလေးကိုသွားပြီး ရိက္ခာထုတ်ရမှာ. . .၊
. . .မိုးသီးအသက်ကို ကာကွယ်ဖို့ စတင်းဂန်းတစ်လက်နဲ့ ရဲဘော်တစ်ယောက်
. . . ထားခဲ့မယ်"ဟု ပြောလိုက်လျှင် မိုးသီးအား သတ်ရန်ရောက်နေသော
. . .သုံးယောက်သည် ဆိုင်အတွင်းမှ အလျှိုအလျှို ထွက်သွားကြလေ၏။
. . .အခါ မှ မိုးသီး၏ ယောက္ခမကြီးလည်း-

"ဗိုလ်ကြီးနဲ့ စကားပြောနေတုန်း ဒီနားက အရက်သောက်ရင်း
. . .က်ဆွဲစားနေတဲ့ လူသုံးယောက်ဟာ မိုးသီးကိုသတ်ဖို့ တက်လာတာတွေပေါ့"
. . . ပြောလိုက်လျှင် ဗိုလ်ကြီးက-



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်ကြီးကလည်းဗျာ. . .၊ အခုနတုန်းကတော့ မပြောဘူး ပြောလိုက်လျှင် ကျုပ်တို့ဖမ်းပြီး ဂတ်ထဲထည့်လိုက်တယ်. . ."ဟုဆိုကာ ပါလာသော ရဲဘော်များအား -

"သိပ်အဝေးကြီးမရောက်သေးဘူး၊ ဒီအနားမှာပဲ ရှိချင်ရှိနေဦးမှာ. .၊ ရှာကြ. . ."ဟုပြောလိုက်လျှင် ရဲဘော်များနှင့် ဆာဂျင်တစ်ဦးလည်း အပြေးအလွှား ရှာဖွေကြလေတော့၏။ မိုးသီး၏ ယောက္ခမကြီးလည်း ၎င်းဗိုလ်ကြီးအား ထမင်းကြော်တစ်ပွဲပြင်ဆင်၍ ကျွေးလေတော့၏။ နာရီဝက်ခန့် ရှာဖွေပြီးနောက် ဆာဂျင်နှင့် ရဲဘော်များ ပြန်၍ရောက်လာလေ၏၊ မတွေ့ကြောင်း သတင်းပို့ကြလေ၏။ မိုးသီးအား လက်စားချေရန် တက်လာကြသော လူသုံးဦးသည် အစပျောက်၍ ပြေးကြလေ၏။ ထိုအချိန်မှစ၍ ပေါ်မလာကြတော့ပေ။ ထို့နောက် ဗိုလ်ကြီးနှင့် ရဲဘော်များသည် ခရီးဆက်၍ထွက်သွားကြလေတော့၏။

မိုးသီးပြန်လာသောအခါ၌ ထိုအဖြစ်အပျက်များကို ယောက္ခမကြီးမှ ပြောပြရာ မိုးသီးက ပြုံးလေ၏။ ထို့နောက် ၎င်း၏ ရင်တွင်း၌ -

"ဩော် . . . ငါ့ရဲ့ဆရာ ဗိုလ်ကြီးသိန်းဟန်ဟာ အခုထိ ငါ့ကို စောင့်ရှောက်နေတုန်းပါလား၊ ကန်တော့ပါတယ် ဆရာရယ်. . ."ဟု ရေရွတ်ကာ ရည်မှန်း၍ လက်အုပ်ချီလိုက်လေတော့သတည်း။

* * * * *





# အခန်း (၃၆)

## မိုးသီး ရေနံတူးသမားဖြစ်ရပြန်ပြီ

မိုးသီးသည် နံနက်(၇)နာရီထိုးသည်နှင့် ၎င်း၏ လက်ဖက်ရည်ဆိုင်လေးကို တည်ခင်းလေ၏။ မီးမွှေး၍ ရေနွေးအိုးတည်၏။ လက်ဖက်ခြောက် နှပ်၏။ ထိုအချိန်၌ အသက် (၆၀)အရွယ်ခန့်ရှိ အဘိုးကြီးတစ်ဦးသည် မိုးသီး ၏ မျက်နှာစာရှိ ကတ္တရာလမ်းပေါ်မှ အမှိုက်များကို ကောက်၏။ ထိုသို့ ကောက်ရင်း ပါးစပ်ကလည်း -

"သေကြ . . . သေကြ၊ ပြန်မရှင်ကြနဲ့ . . .၊ မြန်မြန်သေကြ. . ." ဟု ပြောလေ၏။ ထို့နောက် ထိုအမှိုက်များကို စုပုံ၍ မီးရှို့လေ၏။ ထိုအချိန် ယောက်မှာပင် ပုဂံ-ညောင်ဦးသို့သွားမည့် ကားလက်မှတ်ရောင်းသူသည် မိုးသီး၏ ဆိုင်အတွင်းသို့ ဝင်လာမြဲဖြစ်၏။ ထိုသူသည် မိုးသီး၏ဆိုင်၌ အမြဲထိုင်နေကျ ဖြစ်၏။ မိုးသီးသည် ထိုသူ့အတွက် စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး အမြဲလုပ်ထား၏။ ထိုသူရောက်လာလျှင် လက်ဖက်ရည်တစ်ခွက် အမြဲတင်ပေးထား၏။ ပဲပြုတ်တစ်ပန်းကန်နှင့် နံပြားတစ်ချပ် ချပေးထား၏။ ထိုအချိန်က နာမည်ကြီးသော 'ဗိုစီးကရက်'နှစ်လိပ်ကို ပန်းကန်ပြားတွင်ထည့်၍ မီးခြစ်နဲ့တကွပေး၏။

ထိုသူသည် ပဲပြုတ်နှင့်နံပြားကို စား၏။ လက်ဖက်ရည်ကို သောက်၏။ ထိုအချိန်၌ ပုဂံ-ညောင်ဦးသို့သွားမည့် ခရီးသည်များသည် ဆိုင်အတွင်းသို့ ဝင်လာပြီးလျှင် ၎င်းလူထံမှ လက်မှတ်များဝယ်၏။ ထိုသို့ဝယ်ရင်း မိုးသီး၏ လက်ဖက်ရည်ကို ဝယ်၍သောက်ကြ၏။ ထိုအချိန်၌ အမှိုက်များကို မီးရှို့၍ 'သေကြ သေကြ. . .'ဟု ပြောသော အဘိုးကြီးသည် ဆိုင်အတွင်းသို့ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လေ၏။ ထိုသို့ အဘိုးကြီးဝင်၍ ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် ခရီးသည်များသည် မိုးသီးထံသို့ လက်ဖက် ရည်များ အလုပ်အယက်မှာကြလေ၏။ မိုးသီးက လက်ဖက်ရည်ဖျော်၍ပေး လိုက်လျှင် ထိုသူများသည် လက်ဖက်ရည်ခွက်များကို ကိုင်ကာ ထိုအဘိုးကြီး ထိုင်နေသော စားပွဲသို့သွားရောက်ပြီးလျှင် 'အဘ သောက်ပါ'ဟုဆိုကာ သွား၍ တင်ပေးကြလေ၏။ တချို့ကလည်း ပဲပြုတ်နှင့်နံပြားကိုမှာကာ 'အဘ စားပါ' ဟု ဆိုကာ သွား၍တင်ပေးကြလေ၏။ တချို့မှာလည်း အလိုင်များမှာ၍ အဘိုးကြီး၏ စားပွဲတွင် သွား၍တင်ပေးကြလေ၏။ မိုးသီးသည် နားမလည် နိုင်အောင်ရှိလေ၏။ မနက်မိုးမလင်းခင် ကျိန်ဆဲနေသော အဘိုးကြီးအား အဘယ့်ကြောင့် ဤသို့ လက်ဖက်ရည်များ၊ ပဲနံပြားများ မလိုင်များကို သဒ္ဓါ ရက်ရောစွာ သွား၍ပေးကြသည်မှာ မည်သည့်အဓိပ္ပာယ်ဖြစ်သည်ကို စဉ်းစား ၍ မရနိုင်အောင်ဖြစ်နေ၏။

တစ်နေ့တွင် မိုးသီး၏ ယောက္ခမကြီးပါ အိပ်ရာမှထလာပြီးလျှင် မိုးသီးအား -

"ငမိုး လက်ဖက်ရည်တစ်ခွက်. . ."ဟု မှာလေ၏။ မိုးသီးလည်း လက်ဖက်ရည်တစ်ခွက်ကိုဖျော်၍ ထိုအဒေါ်ကြီးအား ကပျာကယာ သွားပေး လိုက်လေ၏။ မိုးသီး၏ ယောက္ခမကြီးသည် မိုးသီးပေးသော လက်ဖက်ရည် ခွက်ကိုယူ၍ စောစောကပြောသော အဘိုးကြီး၏ စားပွဲပေါ်သို့ တင်ကာ-

"အဘ သောက်ပါ. . ."ဟု ပြောလေ၏။ ထိုအဘိုးကြီးလည်း ၎င်း ရှေ့မှ ခွက် (၂၀)ခန့်ရှိသော လက်ဖက်ရည်ခွက်များမှ တစ်ခွက်ကိုယူ၍ သောက်သည်ဆိုရုံမျှ သောက်ပြီး စီးကရက်တိုဖွာကာ ဆိုင်အတွင်းမှ ထွက်သွား လေ၏။ ထိုအခါ မိုးသီးက ၎င်း၏ယောက္ခမကြီးအား-

"ဒီမှာ အဒေါ်. . .၊ ဒီဆိုင်မှာ ပထမဦးဆုံး လက်ဖက်ရည်သောက် သင့်တာက ကျွန်တော်ပဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်က အစောကြီးထ ပြီး ဆိုင်ခင်းရတယ်၊ ရေနွေးအိုးတည်ရတယ်၊ လက်ဖက်ခြောက် နှပ်ရတယ်၊ အဲဒါကြောင့် ကျွန်တော်က သောက်သင့်တယ်၊ ဒါပေမဲ့ အခုထိ မသောက်ရ သေးဘူး. . .၊ ဒုတိယ သောက်သင့်တာကတော့ အဒေါ်ပဲ၊ အဒေါ်က





ဒုတိယ ထတာကိုး. . .၊ ကျွန်တော့်မိန်းမ အပါအဝင် အဒေါ့်သမီးတွေ ကတော့ လုံးဝ မသောက်သင့်ဘူး. . .၊

ရှစ်နာရီထိုးမှ ထကြွမှာမဟုတ်လား၊ အဒေါ်ကို လေးစားလို့ အဒေါ့် ကို ကျွန်တော်က လက်ဖက်ရည်တစ်ခွက် လာပေးတယ်၊ အဒေါ်က သောက်ဘဲ ဟိုအဘိုးကြီးကို သွားပြီးတိုက်တယ်၊ ဟိုအဘိုးကြီးရှေ့မှာက လက်ဖက်ရည် ခွက်(၂၀)လောက်ရှိတယ်၊ အပိုလုပ်တာပဲ၊ အဲဒါကို ကျွန်တော်မကြိုက်ဘူး၊ အဘိုးကြီးက မိုးမလင်းခင်က ဒီအနားမှာလာပြီး ကျိန်ဆဲနေတာကို အဒေါ်လည်း သိတယ်၊ ဒီအဘိုးကြီးကို ဘာကြောင့် လူတွေက လေးစားနေတာလဲ ဆိုတော့ ကျွန်တော်နားမလည်ဘူး. . ."

ဟု ပြောလိုက်ရာ အဒေါ်ကြီးက-

"ဟဲ့. . . ဟဲ့. . . မပြောရဘူး ငမိုးရဲ့၊ ငရဲကြီးလိမ့်မယ်"ဟု ပြောလေ ၏။

*(မှတ်ချက်။ ။ ၎င်းမာယဝါဒီတ်နှင့် ပတ်သက်သော အကြောင်းအရာ အချို့ကို ဝတ္ထုအဖြစ် ကျွန်ုပ်သည် ရေးသား၍ ပြီးခဲ့သောနှစ်က ထုတ်ဝေပြီး ဖြစ်၏။*

*စာရေးသူ)*

"မနက်တိုင်း ဒီနားမှာလာပြီး ကျိန်ဆဲနေတာကိုရော၊ ခင်ဗျား ဘာပြောမလဲ. . ."ဟု မိုးသီးက ပြန်၍မေးလိုက်လျှင် အဒေါ်ကြီးက-

"ဟဲ့ကောင်လေ. . .၊ သူ ကျိန်ဆဲနေတာက လူတွေကိုမဟုတ်ဘူး၊ ကောင်းတဲ့ဓာတ်တွေကို ကျိန်ဆဲနေတာ. . ."ဟုပြောလျှင် မိုးသီးက-

"ဆန်းပါ့ဗျာ. . ."ဟု ရေရွတ်လိုက်လေ၏။ ထိုအချိန်ကျမှပင် မိုးသီး ၏ဘဝတွင် ဝိဇ္ဇာဆိုသော စကားနှင့် ဓာတ်ဆိုသော စကားကို စတင်၍ ကြားဖူး ခဲ့ခြင်းဖြစ်၏။ မိုးသီးသည် ကြိုးစား၍ အလုပ်လုပ်၏။ သို့သော် သူ၏ဆိုင်ကလေးသည် သိသိသာသာ အရောင်းကျ၍ လာလေ၏။ နောက် ဆုံးတွင် လက်ဖက်ရည် မရောင်းရသဖြင့် မီးသွေးဖိုးကြွေးများ တင်လာ လေတော့၏။ ထို့ကြောင့် ဆိုင်ကို ဖြုတ်လိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် အလုပ်လက်မဲ့ ပြန်၍ဖြစ်သွားပြန်လေ၏။ ထိုအချိန်၌ ချောက်မြို့နှင့် (၁၇)မိုင်သာ ဝေးသော 'ငွေးချို'ဟူသော အရပ်၏အနောက် ဘက် တောထဲတွင် 'ဆလန်ဘာဂျာ'ဟုခေါ်သော ကုမ္ပဏီတစ်ခုသည် ဘီအိုစီ နှင့် ပူးပေါင်းကာ ရေနံများ လာ၍တူးနေခြင်းဖြစ်၏။ မိုးသီးတို့၏ ခေါက်ဆွဲဆိုင် သို့ ရေနံတူးသော မျက်နှာဖြူများရောက်လာပြီးလျှင် စားသောက်လေ့ရှိ၏။ ထိုမျက်နှာဖြူများနှင့်အတူ မျက်နှာဖြူကပြား 'ချာလီ'ဆိုသူသည် ပါလာလေ၏။ ၎င်းချာလီသည် ချောက်မြို့ဘီအိုစီတွင် အမှုထမ်းခဲ့သော မျက်နှာဖြူအရာရှိ တစ်ဦးနှင့် မြန်မာအမျိုးသမီးတစ်ဦးတို့မှ ပေါက်ဖွားခဲ့ခြင်းဖြစ်၏။ မြန်မာ စကားရော အင်္ဂလိပ်စကားပါ ကျွမ်းကျင်၏။ မိုးသီး၏ ယောက္ခမကြီး သည် ၎င်းချာလီ ထံသို့ကပ်၍ မိုးသီးအတွက် အလုပ်တောင်း၏။ ချာလီက လည်း

"ကျွန်တော်နဲ့ အခုထည့်လိုက်လေ. . .၊ မျက်နှာဖြူလူကြီးကိုပြောပြီး အလုပ်ရှာပေးလိုက်မယ်. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီး၏ ယောက္ခမကြီးက မိုးသီးအား ဆိုင်းအတွင်းသို့ ခေါ်၍ -

"ငမိုး. . .၊ မင်း အဲဒီချာလီဆိုတဲ့ကောင်နဲ့ လိုက်သွား၊ အလုပ်ရပြီ တစ်လ သုံးရာတောင်ရမှာ. . ."ဟု ပြောလျှင် မိုးသီးက-

"မဖြစ်ပါဘူး အဒေါ်ရယ်. . ." ဟု ပြောနေစဉ်၌ပင် မိုးသီး၏မိန်းမ သည် အနီးသို့ရောက်လာ လေ၏။ ထိုအခါ မိုးသီး၏ ယောက္ခမကြီးက မိုးသီး မိန်းမအား-

"ငါက ဟိုချာလီဆိုတဲ့အကောင်ဆီမှာ တစ်လသုံးရာရတဲ့အလုပ်ကို တောင်းပေးတယ်၊ တစ်ခါတည်း လိုက်သွားရုံ၊ အဲဒါကို ညည်းလင်က အင်တင်တင် လုပ်နေတယ်၊ မလိုက်ချင်ဘူး. . ."ဟု ပြောလိုက်ရာ မိုးသီး၏ မိန်းမက-

"ဟုတ်သားပဲ၊ ရှင် လိုက်သွားပါလား. . ."ဟု ပြောလေ၏။

**ထိုအခါ မိုးသီးကယောက္ခမဖြစ်သူ ဒေါ်ကြည်အား. . .**

**"တစ်လသုံးရာတွေဘာတွေ မပါပါဘူး၊ ချာလီကို အလုပ်ရှာ ပေးပါလို့ အဒေါ်တပြောတာပါ၊ ချာလီကလည်း ရှာပေးမယ်လို့ပဲ ပြောတာ၊ တစ်လသုံးရာ ရပါ့မယ်လို့ တစ်ခွန်းမှ မပါပါဘူး၊ အဒေါ် လုပ်ကြံပြီးပြော နေတာ၊ အလုပ်ကြမ်း လုပ်ရမှာပါ၊ တစ်နေ့မှာ သုံးကျပ်**





**ဆယ့်ငါးပြားပဲရမှာ အဒေါ်ရေ. . .၊ စကားအပိုတွေ မပြောရင် ကောင်းမယ်ဗျာ. . .၊ ကျွန်တော်က လိုက်မသွားရင် သုံးရာတန်အလုပ် ရှာပေးတာတောင် မလုပ်ဘူးလို့ အဒေါ်က ပြောဦးမယ်၊ လိုက်သွား မယ် အဒေါ်ရေ. . .၊ တစ်လသုံးရာမရရင် အဒေါ်ရှင်းရမယ်နော်၊ ငြိမ်ခံနေမယ့် သားမက်မျိုးတော့ မဟုတ်ဘူး၊ အဒေါ်လုပ်တဲ့အပေါ်ထိတ ချိုမှ် တစ်ပတ်နဲ့ ရောင်းစားသလိုမျိုး လုပ်လိုက်တာ. . .၊**

**တစ်နေ့ သုံးကျပ်ဆယ့်ငါးပြား ရတဲ့အလုပ်ကို တစ်လ သုံးရာ ရတဲ့ အလုပ်ဖြစ်အောင်ပြောပြီး ထိုးထည့်လိုက်တာ၊ ကျုပ် သိတယ်၊ လိုက်သွားမယ်၊ ဒါပေမဲ့ မဟုတ်ရင်တော့ နည်းနည်းမှ ခွင့်မလွှတ် ဘူး. . .၊ ခင်ဗျား နားပူ နားဆာလုပ်လို့ ကျုပ်ဘဝပျက်ပြီးပြီ၊ တစ်ထ ည်း အထုတ်ခံရပြီးပြီ. . .၊ မဟုတ်ရင်တော့ ခင်ဗျားအသတ် ခံနဲ့ထုပ်ထား"**

ဟု ပြောပြီးလျှင် မိန်းမဘက်သို့လည်း လှည့်ကာ. . .

"နင့်အသက်လည်း ဖက်နဲ့ထုပ်ထား. . ."ဟု ပြောလိုက်လေ၏။ ထိုအခါ မိုးသီး၏ မိန်းမက မိုးသီးအား မဲ့ပြလိုက်လေ၏။ မိုးသီးလည်း ချာလီနှင့်လိုက်ပါလာခဲ့ရ၏။ ပစ္စည်းသယ်သော ကားကြီးအား တွယ်၍ စီးရ၏။ ထိုကားကြီးသည် ငွေးချိုအနောက်ဘက်တောအတွင်းသို့ ဝင်သွားရ ၏။ အတော်အတန် ဝင်သွားသောအခါ၌ ရေဆုံးပွေးကျစ်ဟုခေါ်သော ရွာကလေးတစ်ရွာအနီးသို့ ရောက်သွား၏။ ရွာဆိုသော်လည်း အိမ်ခြေနည်း ၏။ ဆယ်အိမ်ခန့်လောက်သာ ရှိလေ၏။ ထိုနေရာသို့ရောက်သောအခါ၌ ရေနံတူးသမားများ နေသော ဝင်းကြီး တစ်ဝင်းကိုလည်း တွေ့ရ၏။ ထိုဝင်းကြီး ၏ အလယ်တွင် ကြီးမားသော ရွက်ဖျင် တဲကြီးကို တွေ့ရလေ၏။ ထိုရွက်ဖျင်တဲကြီးမှာ မျက်နှာဖြူတွင်းတူးအရာရှိများ နေသော တဲကြီးဖြစ်၏။ ချာလီသည် မိုးသီးအား ရွက်ဖျင်တဲငယ်တစ်လုံးတွင် ထားခဲ့၏။ ထိုတဲ အတွင်းမှ လူတစ်ဦးလည်း -

"သူ့ကို မင်းတို့နဲ့ခေါ်ထား. . .၊ သူက မင်းတို့နဲ့အတူတူ အလုပ်လုပ် ရမှာ. . ."ဟု ပြောလေ၏။ တဲအတွင်း၌ကား မည်းမည်းသည်းသည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူငါးယောက်ကို တွေ့ရ၏။ ထိုသူများသည် ထင်းရှူးပြားများကို အချွန်ကလေး များသဖွယ် ဓားဖြင့် ခုတ်နေကြ၏။ ထိုသို့ခုတ်နေကြသူများ အနက်မှ လျှာသွက် အာသွက်နှင့် လူတစ်ယောက်က -

"မိတ်ဆွေ. . .၊ ဒီမှာလာထိုင်ပါ၊ နာမည် ဘယ်နှယ့်ခေါ်သလဲ. . ."

ဟု မေးလေ၏။ မိုးသီးလည်း အတွင်းသို့ဝင်၍ ထိုင်၏။ ပါလာသော အထုပ် အပိုးများကို ချရ၏။

"ခင်ဗျားကို ကျုပ်တို့နဲ့လုပ်ရမယ်လို့ ပြောသွားတယ်၊ ကျုပ်တို့အဖွဲ့က သံကြိုးအဖွဲ့ဗျ၊ သိပ်ပြီးတော့ မပင်ပန်းလှဘူး၊ ဟိုဘက်တဲကအဖွဲ့က ဒေးဗလိန်းငွေစိန်အဖွဲ့ဗျ. . ."ဟု ဆိုသဖြင့် မိုးသီးလည်း အူကြောင်ကြောင်ဖြစ်၍သွား၏။

မိုးသီးသည် ချာလီတစ်ခေါက်ပြန်လာသောအခါ၌ သိလိုသည်ကို မေး၏၊ ထိုအခါ ချာလီက-

"ခင်ဗျား အခုရောက်နေတာက သံကြိုးဆွဲအဖွဲ့ဗျ၊ မြေကြီးပေါ်မှာ သံကြိုးကို တိုင်းပြီး ပေတစ်ရာပြည့်တိုင်း တုတ်ချွန်းလေးကို ရိုက်ရတယ်၊ ခင်ဗျားတို့ ရိုက်ထားတဲ့ တုတ်တိုင်လေးတွေမှာ ဟိုဘက်အဖွဲ့က တွင်းလိုက်တူးရတယ်၊ ဒရိုလင်းပေါ့ဗျာ"

ဟု ပြောလေ၏။ ချာလီပြောသော ဒရိုလင်းကို မခေါ် တတ်သောကြောင့် စာစာကအဖွဲ့ ဒေးဗလိန်းဟု ခေါ်ခြင်းဖြစ်၏။ ထိုအချိန် က နာမည်ကြီးသော ဒေးဗလိန်းငွေစိန်ဆိုသည့် သိုက်သမိုင်း ဇာတ်ကားကိုပါ ပူးတွဲ၍ခေါ်လိုက်ခြင်းဖြစ်၏။ ထို့နောက် ချာလီတစ်ခေါက် ပြန်လာပြန်၏။ ပြီးလျှင် မိုးသီးအား-

"ခင်ဗျားအနေနဲ့ ဟောဟိုရွာထဲက ထမင်း လခ ပေးစားရမယ်၊ အဲဒီတော့ ထမင်းကျွေးမယ့်အိမ်ကို ဒီလူက ဆက်သွယ်ပေးလိမ့်မယ်. . ."

ဟု ဆိုကာ ကိုထွန်းကြည်ဆိုသည့် ကားသမားကို ခေါ်လာလေ၏။ ထိုမိန်းမသည် ကျွေးမည့်မိန်းမအား စေ့စေ့စပ်စပ်ကြည့်လိုက်၏။ ထိုမိန်းမသည် ညစ်ထေးဟောင်းနွမ်း ၍ စုတ်ပြဲနေသော ထဘီကို ဝတ်ထား၏။ အပေါ်ပိုင်း၌ အင်္ကျီမရှိပေ။ ထဘီ ကို ရင်လျားထား၏။ ထိုအရပ်ဒေသ၌ ရေရှားပုံရ၏။ ထို့ကြောင့် ထိုမိန်းမ သည် ရေမှန်မှန်းချိုးပုံ မရပေ။ နားရွက်နှင့် ရင်ဘတ်





တွင် ချေးများအကွက် လိုက်ထင်နေသည်ကို တွေ့ရ၏။ လက်ဆယ်ချောင်းထိုး ညှပ်ထားခြင်းမရှိပေ။ လက်သည်း၌ ချေးများဝင်၍ မည်းနေ၏။ ထိုမိန်းမသည် ပြုံးပြလိုက်၏။ သွားမတိုက်သဖြင့် သွားများ ဝါထိန်နေ၏။ ဆံပင်နီကြောင်ကြောင်နှင့် နဖူး ပေါ်တွင် ဝဲကျနေ၏။ ကလေးကို ချီထား၏။ ကလေးမှာလည်း ပေကျံနေ၏။ ဤမျှညစ်ပတ်ပေရေနေသော မိန်းမ၏ ချက်ကျွေးသည့်ထမင်းကို မည်မျှ ကြာကြာစားရမည်ကို မသိသော မိုးသီးသည်တွေးကာ ချေးများ ပြန်လာလေ ၏။ ထိုမိန်းမကြီး၏အမည်မှာ ဒရိုင်ဘာကိုထွန်းကြည်က 'မလှ'ဟု ပြောပြ၏။

'ဘယ်ကလာ မလှရမှာလဲ ကိုထွန်းကြည်ရယ်၊ မညစ်ပတ်လို့ မှည့်များ. . ."ဟု မိုးသီးက ပြောလိုက်ရာ ကိုထွန်းကြည်က-

"ဒီနေရာမှာ သူအသန့်ဆုံးပဲ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ထားပါတော့ ကိုထွန်းကြည်ရယ်. . .၊ ဘယ်တတ်နိုင်မှာတုံး"ဟု စိတ်ပျက်သံကြီးဖြင့် ပြောလိုက်လေ၏။ ထို့နောက် မိုးသီးက-

"ဒီရွာနာမည် ဘာလဲ. . ."ဟု မေးလေ၏။

"ဒီရွာက နောက်မှဖြစ်လာတဲ့ရွာ၊ ဟိုဘက်ရွာက အိမ်ကြီးအိမ်ကောင်းတွေနဲ့ ရေဆုံးလို့ခေါ်တယ်၊ ဟိုဘက်မှာက ပွေးကျစ်လို့ခေါ်တဲ့ ရွာရှိတယ်၊ ချမ်းသာတဲ့လူတွေနေတယ်. . .၊ ဒီရွာကတော့ ဟိုဘက်က မီးလောင်လို့ ရွှေ့လာတာ. . ."

ဟု ကိုထွန်းကြည်က မိုးသီးအား ရှင်းပြလေ၏။ ထိုအခါ မိုးသီးက

"ဒီလောက်သိရရင် တော်ပါပြီဗျာ. . .၊ ဒီရွာကတော့ ရွာလို့သာ ဆိုတယ်၊ အိမ်ခြေနည်းနည်းလေးပါလား၊ ကျုပ်တို့ ရေနံတွင်းတူးတဲ့လူတွေတို့ မှီခိုပြီးရပ်တည်နေတာပါလား"

ဟု ပြောလိုက်လျှင် ဒရိုင်ဘာ ကိုထွန်းကြည်က-

"ဟုတ်ကဲ့. . ."ဟု တစ်ခွန်းတည်း ပြန်၍ရေရွတ်လိုက်လေတော့သတည်း . . .။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိုးသီးကယောက္ခမဖြစ်သူ ဒေါ်ကြည်အား. . .

"တစ်လသုံးရာတွေဘာတွေ မပါပါဘူး၊ ချာ့လီကို အလုပ်ရှာပေးပါလို့ အဒေါ်ကပြောတာပါ။ ချာလီကလည်း ရှာပေးမယ်လို့ပဲ ပြောတာ၊ တစ်လသုံးရာ ရပ့်ါမယ်လို့ တစ်ခွန်းမှ မပါပါဘူး၊ အဒေါ် လုပ်ကြံပြီးပြောနေတာ၊ အလုပ်ကြမ်း လုပ်ရမှာပါ။ တစ်နေ့မှာ သုံးကျပ်ဆယ့်ငါးပြားပဲရမှာ အဒေါ်ရေ. . .၊ စကားအပိုတွေ မပြောရင်ကောင်းမယ်ဗျာ. . .၊ ကျွန်တော်က လိုက်မသွားရင် သုံးရာတန်အလုပ် ရှာပေးတာတောင် မလုပ်ဘူးလို့ အဒေါ်ကပြောဦးမယ်၊ လိုက်သွားမယ် အဒေါ်ရေ. . .၊ တစ်လသုံးရာမရရင် အဒေါ်ရှင်းရမယ်နော်၊ ငုံ့ခံနေမယ့် သားမက်မျိုးတော့ မဟုတ်ဘူး၊ အဒေါ်လုပ်တဲ့အပေါက်က မလှိမ့် တစ်ပတ်နဲ့ ရောင်းစားသလိုမျိုး လုပ်လိုက် တာ. . .၊

တစ်နေ့ သုံးကျပ်ဆယ့်ငါးပြား ရတဲ့အလုပ်ကို တစ်လသုံးရာရတဲ့ အလုပ်ဖြစ်အောင်ပြောပြီး ထိုးထည့်လိုက်တာ၊ ကျုပ် သိတယ်၊ လိုက်သွားမယ်၊ ဒါပေမဲ့ မဟုတ်ရင်တော့ နည်းနည်းမှ ခွင့်မလွှတ်ဘူး. . .၊

ခင်ဗျား နားပူ နားဆာလုပ်လို့ ကျုပ်ဘဝပျက်ပြီးပြီ၊ တပ်ကလည်း အထုတ်ခံရပြီးပြီ. . .၊ မဟုတ်ရင်တော့ ခင်ဗျားအသက် ဖက်နဲ့ ထုပ်ထား"

"ယောက်ျားပဲ ဒီလောက်တော့ လုပ်ရမှာပေါ့၊ အလုပ်မရှိရင်တော့ ငါ့အိမ်မှာ မနေတာအကောင်းဆုံးပဲ၊ နင့်မိန်းမကိုတော့ ငါ့သမီးမို့ အလကား ကျွေးထားမယ်. . .၊ နင့်ကိုတော့ ထမင်းတစ်နပ်တောင် မကျွေးနိုင်ဘူး၊ မသဒ္ဓါ လည်း မသဒ္ဓါဘူး၊ အဲဒါမှ ဆက်ပြီးစားနေရင် မသဒ္ဓါရေစာတွေ စားနေတယ် လို့ နင်နားလည်ပါ. . ."ဟု မိုးသီးအား နှိမ်ချ၍ ပြောလေတော့၏။





# အခန်း၊ (၁၇)

## မိုးသီးအား ရေနံတွင်းတူးဗိုလ်က ကြိုတင်နိမိတ်ဖတ်ခြင်း

နောက်တစ်နေ့ နံနက်တွင် မိုးသီးသည် အခြားသော အလုပ်သမားနှင့်အတူ 'လင့်ရှိဗာ'ကားတစ်စီးပေါ်သို့ တက်ရလေ၏။ ထိုကားမှာ အပြာရောင်ဖြစ်၏။ ကားကို တွင်းတူးဗိုလ်ခေါ် မျက်နှာဖြူအရာရှိက မောင်းလေ၏။ ၎င်း၏ဘေးကပ်လျက်တွင် အလုပ်သမားလူငယ်တစ်ဦးက ထိုင်၏၊ ထိုလူငယ် ၏ ဘေးမှ ဒရိုင်ဘာ ကိုထွန်းကြည်ဆိုသူထိုင်၏၊ မိုးသီးနှင့်ကျန်အလုပ်သမား များမှာ ဖြစ်သလို၊ ကြုံသလို တွယ်ကပ်၍စီးရ၏၊ ...နှင့်စစ် တောသို့ ဝင်ရန်အတွက် ကားလမ်းဟူ၍ မရှိပေ။ ကြုံသလို ...၍ ဝင်ရခြင်းဖြစ်၏။ ချုံကိုတွေ့လျှင်လည်း အတင်းတိုး၍ မောင်း၏၊ မိုးသီးသည် ပြုတ်ကျမကျန်ရစ် ခဲ့စေရန် အထူးဂရုစိုက်၍ ကိုင်တွယ်ထားရ၏၊ ...မရှိဘဲ မောင်းနေသော မော်တော်ကားကို စီးနေရသော မိုးသီးတို့သည် ဆန်ကောထဲတွင်ထည့်ထား သော ဆီးဖြူသီးကဲ့သို့ ခံစားနေရ၏၊ ...သည် မှောက်တော့မည်ကဲ့သို့ဖြစ် သည့်အခါ၌လည်းဖြစ်၏။ တစ်ခါ ...ရံတွင်လည်း ချိုင့်ကို နင်းမိသောကြောင့် တအားဆောင့်၍သွား၏၊ အလုပ်သမားများသည် ဤသည်ကို အပျော်ကြီး ပျော်နေကြ၏၊ ...မှောက်မလိုဖြစ်သွားလျှင်လည်း ဝါးခနဲ ဝိုင်း၍အော်ကြ ၏။ ကားဆောင့် ... တအားကြီးမြှောက်တတ်သွားလျှင်လည်း ဝါးခနဲ ဝိုင်း၍ ရယ်ကြ၏၊ ...တူးဗိုလ်သည် ၎င်းတို့နှင့်အတူရယ်လေ၏။ သစ်ပင်များ ပိတ်ဆို့နေ၍ ...လို့မရသော နေရာတွင် ကားရပ်လိုက်၏။ ထိုအခါမျိုး၌ အလုပ်သမား...သည် ပေါက်ဆိန်ဖြင့် သစ်ပင်ကို တစ်လှည့်စီခုတ်ရ၏။ ဒရိုင်ဘာ ...ကြည်လည်း ဝင်၍ခုတ်၏။ မိုးသီးတို့အတူဝင်၍ အလုပ်မလုပ်သူမှာ ...တူးဗိုလ်ဘေးတွင် ကပ်၍ထိုင်နေသော လူငယ်ဖြစ်၏။ သူသည် မိုးသီးတို့ ...၍မလုပ်ပေ။ ထို့ကြောင့် မိုးသီးက အလုပ်သမားတစ်ဦးအား-



www.burmeseclassic.com

www.burmeseclassic.com



"သူက မလုပ်ဘူးလား. . ."ဟု မေးလိုက်ရာ ထိုအလုပ်သမားက

"ရှူး . . . တိုး . . . တိုး၊ သူ့ကိုမပြောနဲ့ အလုပ်ပြုတ်သွားလိမ့်မယ် သူက စကားပြန် . . .၊ သူ့နာမည်က ဘမှန်တဲ့၊ သူ မကျေနပ်လို့ တွင်းတူးဗိုလ် ကို ပြောလိုက်ရင် တွင်းတူးဗိုလ်က အလုပ်ဖြုတ်ပစ်လိုက်လိမ့်မယ်၊ ကျုပ်တို့ အလုပ်သမားတွေက အင်္ဂလိပ်စကားကို နကန်းတစ်လုံးတတ်တာမဟုတ်ဘူး သူက တွင်းတူးဗိုလ်နဲ့ စကားပြောနိုင်တယ်၊ အဲဒါကြောင့် သူ အလုပ်မလုပ် တာ ကို မပြောရဘူး၊ ကျုပ်တို့ ဒီနေရာမှာ ငွေကြေးသိပ်ရှားတာဗျ. . . ယောကျ်ား တွေဟာ တစ်နေ့လုံးလုပ်လို့ တစ်ကျပ်ရတဲ့ အလုပ်မရှိဘူး ကုသိုလ်ကံထလာပြီး ရေနံတူးတဲ့အလုပ်ကြီးပေါ်လာလို့ တစ်နေ့ကို သုံးကျ ဆယ်ပြား ငါးပြား မှန်မှန်ရနေတာ. . .၊ ကျုပ်တို့လူစုဟာ အဲဒီလို ရတာနဲ ကိန်းဆိုက်လို့ တပျော်ကြီးပျော်နေကြတာဗျ. . ."ဟု ပြောလေ၏။ မိုးသိ သည် ထိုလူ၏ စကားကိုနားထောင်ပြီး ပြုံးမိလေ၏။ ထိုနေ့အဖို့ သစ်ထ အမြောက်အမြားကို ခုတ်ခဲ့ရ၏။

တစ်နေရာသို့ရောက်လျှင် သစ်တောဌာနမှ သစ်တောဟူသော စာတမ်း ကြီးကို တွေ့ရ၏။ ထိုစာတမ်းကို တွင်းတူးဗိုလ်မှ သိလိုသောကြော ဝင်း၏ သေးမှ စကားပြန်အားမေးရာ စကားပြန်ဘမှန်က "ဖော်ရက်စ်" တစ်လုံး တည်း ပြန်၍ဖြေလေ၏။ တွင်းတူးဗိုလ်သည် တစ်နေရာသ ရောက်သောအခါ၌ ဖယောင်းစက္ကူဖြင့် ရိုက်ထားသော မြေပုံကြမ်း ဖြန့်၍ကြည့်၏။ ထိုမြေပုံ၏ တစ်နေရာတွင် အကွက်တစ်ကွက်ပါ၏ ထိုအကွက်ကို မြန်မာစာဖြင့် "ရေကန်" ဟု ရေးထား၏။ စကားပြန်အာ မေးလိုက်ရာ စကားပြန်က "ဝါးတား"ဟု ပြန်၍ဖြေ၏။ အမှန်စင်စ စကားပြန်ဘမှန်မှာ အင်္ဂလိပ်စာလုံး ခြောက်လုံး ခန့်သာတတ်၏ သစ်တော်ဆိုင်းဘုတ်တွေ့လျှင် "ဖောရက်စ်"ဟု ပြောတတ်၏။ ရေကန် "ဝါးတား"ဟု ပြောတတ်၏။ ဝင်းတို့ မော်တော်ကား ချောက်ထဲသ ကျသွားခါနီးတွင် စကားပြန်က "မောင်တိန်. . . မောင်တိန်"ဟု အော်၏ ချောက်ကို မပြောတတ်ပေ။ ဤကဲ့သို့သော စကားပြန်မျိုးဖြစ်၏။





တစ်နေရာသို့ရောက်လျှင် တွင်းတူးဗိုလ်က ကားရပ်ခိုင်းလျှင် သစ်သား ချွန်များကို ပေတစ်ရာအကွာစီတွင် ရိုက်ခိုင်း၏။ မိုးသီးတို့ သူသည် သစ်သား ချွန်များကို သံကြိုးဖြင့် တိုင်း၍ရိုက်ရ၏။ တွင်းတူးဗိုလ်မှာ မြေကြီးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်လေ၏။ စကားပြန်ဘမှန်မှာ မြက်ပင်ပေါ်တွင်လှဲချ၍ ပုပ္ပားတောင်သီချင်းကို ဆိုနေ၏။ မိုးသီးအပါအဝင် အလုပ်သမားများမှာ ချွေးတလုံးလုံးဖြင့် အလုပ်လုပ်နေရ၏။ ထို့နောက် တွင်းတူးဗိုလ်က နားရန် အချက်ပြလိုက်လေ၏။ အားလုံးနားကြရ၏။ ဆတ်ဆိုပုံးအလွတ်ဖြင့် ထည့်ထားသော သောက်ရေကို သောက်ကြရ၏။ တွင်းတူးဗိုလ်မှာ အလွန်အေးသော အရပ်ဒေသမှ လာရသည်ဖြစ်ရာ ယခုရောက်နေသော ဒေသ၏ အပူဒဏ်ကို မခံနိုင်သောကြောင့် တစ်ကိုယ် လုံးတွင် နီရဲ၍ ဖောင်းကြွသောအနာများ ပေါက်နေ၏။ အလုပ်သမားသည် တို့၏ အဝတ်များဖြင့် တွင်းတူးဗိုလ်အား တစ်လှည့်စီ ယပ်ခတ်ပေးကြ ရလေ၏။ အမှန်စင်စစ်တွင်းတူးဗိုလ်က ခိုင်းခြင်း မဟုတ်၊ အလုပ်သမားများ ကိုယ်တိုင်က တွင်းတူးဗိုလ်အား ကျေးဇူးရှင်ကြီး သဖွယ် မှတ်ထင်၍ ယပ်ခတ် ပေးခြင်းဖြစ်၏။

တွင်းတူးဗိုလ်သည် ပျဉ်းပျင်းရှိသည်နှင့် ၎င်း၏ ဘောင်းဘီအိတ်အတွင်း သားရေပိုက်ဆံအိတ်ကိုထုတ်၏။ ထိုပိုက်ဆံအိတ်အတွင်းမှ ဓာတ်ပုံနှစ်ပုံ ထုတ်၏။ တစ်ပုံသော ဓာတ်ပုံမှာ ၎င်းနှင့် အမျိုးသမီးတစ်ဦးတွဲ၍ ရိုက်ထား သော ပုံဖြစ်၏။ ကျန်တစ်ပုံမှာ ၎င်းတို့နိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်မှုထမ်းခဲ့စဉ်က ရိုက်ကူးထားသော ဓာတ်ပုံဖြစ်၏။ ထိုစဉ်က ၎င်းသည် လက်မောင်းတွင် အရစ်နှစ်ရစ်တပ်ရသော ကောပိုရယ်ခေါ် တပ်ကြပ်ရာထူး ရထားခြင်းဖြစ်၏။ အလုပ်သမားများသည် အားနာခြင်းမရှိ ဓာတ်ပုံများကို ၎င်း၏ နောက်မှ စီးပိုး၍ကြည့်ကြ၏။ တွင်းတူးဗိုလ်သည် ယောက်တွဲ ရိုက်ထား သောပုံကို အလုပ်သမားတစ်ဦး၏ လက်ထဲသို့ ပေးလိုက်၏။ ထိုအလုပ်သမားသည် ကျေနပ်အောင်ကြည့်ပြီးနောက် ကျန် အလုပ်သမားများလက်သို့ လက်ဆင့် ကမ်း၍ ပေးလိုက်လေ၏။ ကျန်အလုပ် သမားများသည်လည်း ထိုဓာတ်ပုံကို ကြည့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးထံသို့ ထိုနှစ်ယောက်တွဲ ဓာတ်ပုံသည် ရောက်၍လာလေ၏ မိုးသီးလည်း ကြည့်ပြီး ထိုပုံကို လက်ဆင့်ကမ်း၍ ပြန်ပေးလိုက်၏ တွင်းတူးဗိုလ်သည် တပ်ကြပ်ရာထူးဖြင့် ရိုက်ထားသော ၎င်း၏ပုံ လက်ဆင့်ကမ်း၍ ထပ်မံ ကြည့်ခိုင်းပြန်၏။ ထိုပုံသည် မိုးသီးလက်ထဲ နောက်ဆုံးတွင် ရောက်လာ လေ၏။ မိုးသီးသည် ထိုပုံကိုကြည့်ပြီးနော ပြုံးလိုက်၏။ ပြီးလျှင် ၎င်း၏ ပိုက်ဆံအိတ် အတွင်း၌ပါလာသော လက်မောင်းတွင် သုံးရစ်တပ် ထားသော တပ်ကြပ်ကြီးရာထူးဖြင့် ရိုက်ထား သော ၎င်း၏ပုံပင်ဖြစ်၏။ မိုးသီးသည် ထိုပုံကိုထုတ်ပြီးလျှင် တွင်းတူးဗိုလ် ပုံတွင်ထပ်ကာ တွင်းတူးဗိုလ်၏လက်သို့ ပေးလိုက်လေ၏။

ဓာတ်ပုံကိုမှောက်၍ပေးလိုက်သောကြောင့် ဓာတ်ပုံပေးလိုက်သည် ကို အဘယ်ကြောင့် နှစ်ပုံဖြစ်၍နေသည်ကို မသိဘဲဖြစ်၍နေလေ၏။ ထို့နော ပုံကိုလှန်၍ ကြည့်လိုက်ရာ တပ်ကြပ်ကြီးအဝတ်အစားဖြင့် ရိုက်ထားသော မိုးသီး၏ ပုံကိုမြင်လျှင် လွန်စွာအံ့ဩသွားပြီး "အို. . . ဆာဂျင်"ဟု ယော ယမ်း၍ အော်လိုက်လေ၏။ မိုးသီးမှာ အင်္ဂလိပ်စကားကို ကောင်းစွာ ပြောတတ်သူဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်ဘာသာဖြင့်-

"ကျုပ်ဟာ ဗမာ့တပ်မတော်မှာ ဆာဂျင်တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ် ခင်ဗျားလို အမေရိကန်တပ်က တပ်ကြပ်တစ်ယောက်နဲ့တွေ့ရတာ ဝမ်းသာ တယ်၊ ကျုပ်တို့ ခင်ဗျားတို့လို စစ်မှုထမ်းဖူးတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ယောက်ရဲ့ စိတ်ကို တစ်ယောက်နားလည်ကြပါတယ်. . ."ဟု ပြောလိုက်လျှင် တွင်းတူး ဗိုလ်သည် လွန်စွာအံ့ဩ၍သွား၏။ ထိုစကားလုံးများသည် မိုးသီး၏ ပါးစပ် ထွက်လာခြင်းအမှန် စင်စစ်ဖြစ်၏လောဟု တွေးထင်ကာ ငေးမောနေ၏ ထို့နောက်မှ-

"ဝမ်းသာပါတယ်၊ ဆာဂျင်၊ အလုပ်လုပ်ရတာ ပိုပြီးလွယ်ကူအောင် ကျုပ်ကို စကားပြန်အဖြစ်နဲ့ကူညီပါလား၊ ကျုပ်ရဲ့ဘေးက မျောက်ကတော့ ဝါးတားရယ်၊ မောင်တိန်ရယ်၊ ဖောရက်စ်ရယ်ဆိုတဲ့ စကားသုံးလုံးကိုပဲတတ်တယ် ဟု ပြောသဖြင့် မိုးသီးလည်း ရယ်မိလေတော့၏။ ထိုနေရာမှ ကားထွက်သော အခါ ဘမှန်အား နောက်သို့သွားရန် ပြော၏။ မိုးသီးအား တွင်းတူးဗိုလ် ၎င်း၏အနီးတွင် ထိုင်ခိုင်း၏။ မိုးသီးနှင့် တွင်းတူးဗိုလ်သည် လမ်းတ





ပျော်တ် ရွှမ်းရွှမ်းဝေအောင် ပြောနေကြ၏။ ကျန်အလုပ်သမားများက လည်း-

"သူကမှ တကယ်တတ်တာ. . ."ဟု ပြောကြကုန်၏။ ဒရိုင်ဘာ ကိုထွန်းကြည်က မိုးသီးအား -

"ကိုယ့်လူ အခုမှ နေရာမှန်ရောက်သွားတာ"ဟု ဝမ်းသာသောမျက်နှာ ဖြင့် ပြောလေ၏။ ၎င်းတို့နှစ်ဦးသည် စကားပြောရင်းဖြင့် လူငယ် သရုပ် ဆောင် အော်ဒီမာဖီခေါ် မင်းသားနှင့် ရိုက်ထားသည့် မြန်မာပြည် အကြောင်း ပါသော အော်ဂျက်တစ်ဖားမား ရုပ်ရှင်ဇာတ်လမ်းအကြောင်းကို ရောက်သွား ၏။ ထိုဇာတ်လမ်းကို မိုးသီးရော တွင်းတူးဗိုလ်ပါ ကြည့်ဖူးသည် ဖြစ်ရာ တစ်ဦး ကျန်သောနေရာကို တစ်ဦးက ထောက်ပေးရင်း စကား လက်ဆုံကျ၍ သွားလေတော့၏။ ထိုအခါ ဒရိုင်ဘာ ကိုထွန်းကြည်က-

"ဘာအကြောင်းတွေလဲ မိုးသီးရယ်. . .၊ တို့လည်း ပြောပြပါဦး"ဟု ပြောရာ မိုးသီးက ကိုထွန်းကြည်အား-

"ရုပ်ရှင်အကြောင်း စာမြုံ့ပြန်နေကြတာပါ"ဟု ပြန်၍ပြောလေ၏။ ထို့နောက် ၎င်းတို့သည် မြန်မာရုပ်ရှင်မင်းသမီး ဝင်းမင်းသန်းနှင့် အမေရိကန် ရုပ်ရှင်မင်းသား ဂရေပရီပက်တို့ ရိုက်ကူးထားသော ခရမ်းရောင်လွင်ပြင် ခေါ် ပါပယ်ပလိန်းဟုခေါ်သော ဇာတ်ကားအကြောင်း စကားရောက်သွား ပြန်၏။ မိုးသီးက-

"ခင်ဗျားတို့ အမေရိကန် ရုပ်ရှင်ကုမ္ပဏီက ရိုက်ထားတဲ့ မြန်မာ ကလေးများ လမ်းပေါ်မှာ ကစားနေပုံပြတဲ့ အကွက်ဟာ မြန်မာကလေးတွေ ဆော့တဲ့ဘူးဗျ. . .၊ သီဟိုဠ်ကျွန်းက ကုလားလေးတွေ. . .၊ ကျုပ်ဖြင့် အဲဒါကို ကြည့်ပြီး ရယ်လိုက်ရတာ မပြောနဲ့တော့. . .၊ နောက်ပြီးတော့ ဂရေဂရီပက် က ဝင်းမင်းသန်းအတွက် လက်စွပ်တစ်ကွင်း ဝယ်ပေးဖို့သွားတဲ့ ကျောင်းဈေး တန်းဟာ မိုးကုတ်မဟုတ်ဘူးဗျ၊ တရုတ်တန်းမှာ ရိုက်ထားတာ မိုးကုတ်မှာ ကျောက်ရောင်းတာ အဲဒီလိုဆိုင်တန်းမဟုတ်ဘူးဗျ၊ အိမ်တွေမှာရောင်းတာ ပြီးတော့ ဇာတ်လမ်းကလည်း ဟာကွက်တွေချည်းပဲ၊ ဟာလိုက်တာ မပြော နဲ့တော့. . .၊ အချိတ်အဆက်ကို မမိဘူး"ဟု ဝေဖန်ပြောလိုက်ရာ တွင်းတူးဗိုလ် က-



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ဒီလိုဖြစ်လိမ့်မယ်ထင်တယ်. . .၊ ခင်ဗျားစာရေးဆရာဖြစ်တဲ့အခါရေးဖို့ သူက ဟာပေးထားလိုက်တာပါ. . ."ဟု ပြောလျှင် မိုးသီးက

"တစ်နေ့မှာ ကျုပ်ဟာ စာရေးဆရာဖြစ်လိမ့်မယ်လို့ ခင်ဗျားစိတ်မှာ ထင်လို့လား. . ."ဟု မေးလိုက်ရာ တွင်းတူးဗိုလ်က-

"ဘာကြောင့်လဲ မထင်ရမှာလဲဗျ. . .၊ ခင်ဗျားပြောတဲ့ အဖွဲ့အနွဲ့ဟာ စာရေးဆရာတွေလိုပဲ၊ အကွက်စေ့တယ်၊ ခင်ဗျားဟာ တစ်နေ့မှာ စာရေးဆရာဖြစ်လာလိမ့်မယ်လို့ ကျုပ်တော့ အတတ်သိတယ်ဗျ. . .၊ အခုလို သုံးကျပ်ဆယ့်ငါးပြားနဲ့ အလုပ်ကြမ်းလာလုပ်နေတာကိုက နောင်တစ်ချိန် စာရေးဖို့ ကုန်ကြမ်းလာစုနေတာများလား မသိဘူး. . ."ဟု ပြောလိုက်ရာ မိုးသီးသည် ဘဝင်ခွေ့သွားလေတော့၏။ ထို့နောက် မိုးသီးက -

"ကျေးဇူးတင်ပါတယ်. . ."ဟု ပြောလေတော့၏။ ထိုအခါ တွင်းတူး ဗိုလ်က -

"ကျေးဇူးတင်တာလည်း ကောင်းပါတယ်၊ ခင်ဗျား စာရေးဆရာဖြစ်လာရင် ခင်ဗျားနဲ့ ကျုပ်နဲ့အခုလို တွေ့ပုံလေးကို ခင်ဗျားရေးတဲ့အခါ ပါအောင် ထည့်ရေးဗျာ၊ ကျုပ်နာမည် 'အင်ဒရူးမာရှယ်' လို့ ခေါ်တယ်"ဟုပြောလိုက်လျှင် မိုးသီးက -

"အင်ဒရူးကော်ပရယ် . . ."ဟု နောက်ပြောင်၍ ပြောလိုက်လျှင် တွင်းတူးဗိုလ်က -

"မှန်တယ်. . . မှန်တယ်. . .၊ ကျုပ်က ကော်ပရယ်အဆင့်ပဲရှိသေးတာ မာရှယ်လို့ ပြောခွင့်မရှိသေးဘူး"ဟု ပြောကာ လက်ခုတ်လက်ဝါးတီး၍ ရယ်မောလိုက်လေတော့သတည်း. . .။

* * * * *



## အခန်း (၁၈)

### ချိုင်းတစ်ခုအတွင်းရှိ တောရကျောင်းမှ ကြီးဟင်းနှင့် ရှောက်သီးတောင်း

မိုးသီးသည် ထိုနေ့က တောထဲတွင် အလုပ်လုပ်ရသည်မှာ လွန်စွာ ပင်ပန်းချောင်၏။ ည(၇)နာရီကျော် (၈)နာရီ နီးမှပင် စခန်းသို့ပြန်၍ရောက်ကြ၏။ စခန်းသို့ရောက်သောအခါ၌ ချာလီနှင့်တွေ့လေ၏။ ချာလီသည် မိုးသီးတို့၏ တွင်းတူးဗိုလ်နှင့် တွေ့ပြီးပြီဖြစ်၏။ ထို့ကြောင့် မိုးသီးအား-

"ဘယ်လိုလဲ မိုးသီး. . .၊ ခင်ဗျား စကားပြန်ဖြစ်သွားပြီဆို. . ."ဟု မေးလေ၏။

"မှန်ပါတယ်ဗျာ. . .၊ ဒါပေမဲ့ စကားပြန်ဖြစ်လည်း သုံးကျပ်ဆယ့်ငါးပြားပဲမဟုတ်လား. . ."ဟု မိုးသီးက ပြန်၍မေးလိုက်လျှင် ချာလီက-

"ဒါတော့ ဒါပေါ့ဗျာ. . .၊ ဒါပေမဲ့ စကားပြန်ဖြစ်သွားတော့ သစ်ပင်ခုတ်ရတော့ဘူး၊ ချုံမရှင်းရတော့ဘူး၊ မြေမတူးရတော့ဘူး. . . အလွန့်ကို သက်သာသွားတာပေါ့. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"မဟုတ်ပါဘူး ကိုချာလီရယ်. . .၊ စကားပြန် ဖြစ်သွားပြန်တော့လည်း ခင်ဗျားပြောတဲ့အလုပ်တွေလည်း လုပ်ရတယ်၊ စကားပြန်လည်းလုပ်ရတယ်၊ အကုန်လုံးလုပ်ရပါတယ်၊ ကျုပ်မနေတတ်ပါဘူး၊ သူများတွေက ပင်ပင်ပန်းပန်းလုပ်နေတဲ့အချိန်မှာ ကျုပ်က မိန့်မိန့်ကြီးထိုင်မနေရက်ပါဘူးဗျာ. . ." ဟု ပြောလိုက်ရာ ချာလီက ပြုံးရယ်၍ ထွက်သွားလေတော့၏။ ညတွင်မူကား မိုးသီးသည် ညဉ့်နက်သည်အထိ အိပ်၍မပျော်အောင် ရှိလေ၏။ ဒါ့ကြောင့် အရှက်တတ်သည်နှင့်တစ်ပြိုင်နက် ထမင်းလခနှင့်ကျွေးသော မိသို့ သွားလေ၏။ ထမင်းကျွေးသော မလှက-

www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . အလုပ်သမားရောက်လာပြီလား၊ ခဏလေးထိုင်ဦးနော်၊ ရှင် မနက်စာစားဖို့ ပဲကတ္တီပါ ပြုတ်ကလေးနဲ့ ဧရာတ်သီးဆားထောင်းလေး စီမံလိုက်ဦးမယ်"ဟု ပြောလေ၏။ မိုးသီးသည် တဲခေါင်းရင်းဘက်ဆီသို့တက်တာ ဇွေ့ခနဲ ထိုင်လိုက်လေ၏။ ထိုတဲ၏ လှေကားနင်းတုံးကြီးမှာ (၆)ပတ်လည် ကျွန်းတုံးကြီးဖြစ်၏။ ၎င်းကျွန်းတုံးကြီးသည် လွန်စွာရှည်လျားကား မီးဖို အတွင်းသို့ပင် ရောက်နေပြီဖြစ်၏။ မိုးသီးအတွင်းသို့ရောက်နေသော အပိုင်းတွင် တွင်းကလေးတစ်တွင်း ထွင်းထား၏။ ထိုတွင်းကလေးမှာ အိမ်ရှင်မ မလှ အသုံးပြုသော ဧရာတ်ဆုံပင်ဖြစ်၏။

မလှသည် တွင်းကလေးအတွင်းသို့ ရေစိမ်ထားသော ဧရာတ်သီး ၃ ထောင့်၊ ၄ ထောင့်ထည့်၍ သံချောင်းငယ်တစ်ခုဖြင့် တဒိုင်းဒိုင်းထောင်းလေတော့၏။ ခြောက်ပတ်လည် သစ်သားတုံးကြီးအား အဖျားကို လှေခါးထစ် အဖြစ်အသုံးပြုပြီး အရင်းပိုင်းကို ဧရာတ်ဆုံအဖြစ် အသုံးပြုနေခြင်းပင်ဖြစ်၏။ ၎င်း၏စိတ်၌လည်း

"သြော်. . . ခက်တော့တာပဲ၊ ဧရာတ်ဆုံတစ်ခုလောက် ဝယ်လိုက်ရင်ပြီးရော. . .၊ လှေခါးနင်းတုံးတစ်ပိုင်းကို ဧရာတ်ဆုံလုပ်ရသတဲ့ဗျာ. . .၊ ရွှံ့ဖိုးတောင်းလိုက်တာ. . .၊ ဒီက ဖိနပ်ခွာ စာတွေ အဲဒီတွင်းထဲကို ရောက်ကုန်မှာပေါ့. . .၊ တော်တော်မသိတတ်တဲ့လူတွေ. . ."ဟု တွေးမိလေ၏။ ထိုအချိန်၌ပင် ဧရာတ်သီးထောင်းနေသော မလှသည် နှပ်များထွက်လာသဖြင့် နှာခေါင်းကိုလက်မဖြင့် ပိတ်ကာ 'ရှီး'ခနဲ နှပ်ညှစ်လိုက်လေ၏။ ထို့နောက် နှပ်ချေးများကို လက်ဖြင့်ယူကာ ထရံဘက်ကို 'ဘတ်'ခနဲ ပက်လိုက်လေ၏။ ပြီးလျှင် လက်မဆေးဘဲ တွင်းအတွင်းမှ ဧရာတ်သီးများကို နှိုက်ယူလိုက်လေ၏။ ထိုဧရာတ်သီးများကိုပင် ဆားဖြူး၍ ဆီဆမ်းကာ ဧရာတ်သီးဆားထောင်းအဖြစ် ပြုလုပ်နေပြီဖြစ်၏။ မိုးသီးသည် ထိုအခြင်းအရာကိုမြင်လျှင် အန်ချင်လွန်း၍ ပျို့တက်လာလေ၏။ ထို့ကြောင့် -

"မလှရေ . . . ထမင်းမစားတော့ဘူးဗျာ. . .၊ ရေနွေးတစ်ခရားသာ ပေးပေတော့. . ."ဟု ဆိုကာ ရေနွေးခရားမှ ရေနွေးများကို တစ်ခွက်ပြီးတစ်ခွက် သောက်လေတော့၏။ မလှသည် ပဲကတ္တီပါပြုတ်တစ်ပန်းကန်လာ၍ ချပေးလေ၏။ ပြီးလျှင် ဆားဖြူးပေးမည်လုပ်ပြန်လေ၏။ မိုးသီးသည် ဆား အဖြူးမခံပေ။ မလှ၏ လက်ကို လွန်စွာရွံနေပြီဖြစ်၏။





"နေ. . . နေ. . . မလှ၊ ကျုပ်ဆီကို ဆားအိုးသာ ယူခဲ့ပေတော့"ဟု ဆိုသဖြင့် မလှသည် ဝါးဆစ်ခွက်ငယ်တစ်ခုကို ယူလာလေ၏။ ထိုအထဲတွင် ဆားများ ပါလာလေ၏။ မိုးသီးသည် ထိုဝါးဆစ်ငယ်အတွင်းမှ ဆားများကို ယူကာ ပဲကတ္တီပါပြုတ်အပေါ်သို့ ဖြူးလိုက်လေ၏။ မိုးသီးသည် ရေနွေးကြမ်းသောက်ပြီးသောအခါ၌ စခန်းသို့ ပြန်လာခဲ့လေ၏။ စခန်းသို့ရောက်လျှင် ၎င်းတို့၏ တွင်းတူးဗိုလ်သည် ကားပေါ်တွင်ထိုင်၍ ဟွန်းတတီတီနှိပ်နေ၏။ မိုးသီးတို့ အလုပ်သမားများလည်း ကားပေါ်သို့ စုရုံး၍ တက်ကြလေ၏။ မိုးသီး က အရှေ့ဘက်သို့ညွှန်ပြရင်း အတော့်ကို စောကြောင်းပြောလိုက်လျှင် တွင်းတူးဗိုလ်က -

"There's no substitute for hard work"

၎င်း၏ အဓိပ္ပါယ်မှာ 'အလုပ်ကို ပြင်းပြင်းထန်ထန် လုပ်ခြင်းနေရာမှာ 'ဘာနဲ့မှအစားထိုးလို့မရဘူး'ဟူ၍ဖြစ်၏။ ဆိုလိုသည်မှာ တွင်းတူးဗိုလ်သည် အချိန်စောကြောင်း သိ၏။ အလုပ်ကြိုးစားချင်၍ စောစောထွက်လာခြင်း ပင်ဖြစ်ကြောင်း ပြောလိုက်ခြင်း ဖြစ်၏။ ထိုအခါ မိုးသီးက-

"ကြိုးစားတိုင်းဖြစ်မယ်ဆိုရင်တော့ ကောင်းကင်မှာရှိတဲ့ ဂေါ့ဆိုတာ မလိုတော့ဘူး. . ."ဟု ပြောလိုက်ရာ တွင်းတူးဗိုလ်သည် လွန်စွာသဘောကျသွားလေ၏။ ထို့ကြောင့် စီးကရက်ဗူးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ကာ မိုးသီးအား တိုက်လေ၏။ များမကြာမီ၌ မိုးသီးတို့၏ကားလေးသည် တောထဲသို့ ရောက်သွားပြီဖြစ်၏။ တွင်းတူးဗိုလ်သည် လမ်းဟုတ်သည့်နေရာကရော လမ်းမဟုတ်သည့်နေရာကပါ တရကြမ်းမောင်းလေတော့၏။

(၁)နာရီခွဲခန့် မောင်းပြီးသောအခါ၌ ချုံကြီးတစ်ချုံကို ဝင်၍တိုးတာ ကားသည် ဆက်၍မထွက်နိုင်တော့ပေ။ တွင်းတူးဗိုလ်သည် ကားပေါ်မှဆင်းပြီးလျှင် မြေပုံလိပ်ကိုဖြန့်၍ ထိုနေရာ၌ပင် ပေတစ်ရာအကွာတွင် သစ်ငုတ်များ အရိုက်ခိုင်းလေ၏။ မိုးသီးတို့ အလုပ်သမားများလည်း ထင်းရှူးပြားငုတ်များကို ရိုက်ကြလေ၏။ ထိုနေရာတွင် တစ်နေကုန် အလုပ်လုပ်ကြရမည်ဖြစ်၏။ နံနက် (၁၀)နာရီကျော်ကျော်လောက်မှာပင် တွင်းတူးဗိုလ်က နားရန်ပြောလေ၏။ မိုးသီးအပါအဝင် တွင်းတူးအလုပ်သမားများလည်း နားကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် လွန်စွာဆာလောင်မွတ်သိပ်နေပြီ ဖြစ်သောကြောင့် အနီးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် အနားယူအိပ်စက်လိုက်လေ၏။ ထိုသို့ အိပ်စက် နေစဉ် နားထဲတွင် လူသံများ ကြားရလေ၏။ ထိုလူသံများထဲတွင် မိန်းမအသံ များလည်းပါ၏။ အစပထမတွင် မိုးသီးသည် ထိတ်လန့်၍ သွားလေ၏။ ထို့ကြောင့် ဆက်၍ မအိပ်တော့ဘဲ ထပြီးလျှင် ဝဲယာသို့ကြည့် လိုက်လေ၏။ ထိုသို့ကြည့်ပြီးနောက် ၎င်းတို့၏ မော်တော်ကားကြီးခေါင်းစိုက်၍ ရပ်ထားသော ချိုင့်တွင်းသို့ဝင်၍ ချိုင့်၏အခြားတစ်ဘက်သည် ချောက်ကမ်းပါး ကြီးဖြစ်ကြောင်း သိရလေ၏။ ထိုချိုင့်ကြီးမရှိပါက မိုးသီးတို့လူစုသေကြရမည် ဖြစ်၏။

ထိုးသီးသည် ထိုချောက်ကမ်းပါးကြီး၏အောက်သို့ ငုံ့၍ကြည့်လိုက် လေ၏။ လျှိုကြီးအတွင်း၌ လွန်စွာကြီးမားသောတဲ၏ အမိုးကို အပေါ်စီးမှ မြင်ရလေ၏။ လူများလည်း ထိုတဲ၏နံဘေးတွင် ဟိုသွားဒီသွား သွားနေကြ သည်ကို တွေ့ရ၏။ မိုးသီးသည် သဘောပေါက်သွားပြီဖြစ်၏။ ထိုတဲကြီးမှာ တောရဘုန်းကြီးကျောင်းတစ်ကျောင်း ဖြစ်တန်ရာ၏။ ဥပုသ်နေ့ဖြစ်သော ကြောင့် ရွာများမှ ဥပုသ်လာ၍စောင့်သူများနှင့် စည်ကားနေခြင်း ဖြစ်ကြောင်း ရိပ်မိသွား၏။ ထို့ကြောင့် မိုးသီးသည် တောင်ကမ်းပါးယံမှ အောကင်သို့တွယ်၍ ဆင်းလေတော့၏။ အောက်သို့ရောက်လျှင် ထိုလူများ ဆီသို့ သွားလေတော့၏။ တဲကြီးအတွင်းမှ ဘုန်းကြီးတစ်ပါးလည်း ထွက်လာ သည်ကို တွေ့ရ၏။ လူတစ်ယောက်က မိုးသီးအား -

"မိတ်ဆွေ. . .၊ ခင်ဗျား ရေနံတွင်းတူး အလုပ်သမားလား. . ."ဟု မေးလေ၏။ ထို့ကြောင့် မိုးသီးက -

"ဟုတ်ပါတယ်ဗျာ. . .၊ ဟောဟိုကမ်းပါးထက်မှာ ကျုပ်တို့လူစု အလုပ်လုပ်နေကြပါတယ်. . .၊ ခဏ အနားပေးလို့ ဒီကို ဆင်းလာလိုက်တာ ပါ. . ."ဟု ပြန်၍ ဖြေလိုက်လေ၏။ ထိုအခါ ထိုလူက -

"မနက်စာ စားပြီးပြီလား. . ."ဟု မေးလေ၏။ မိုးသီးက -

"မစားရသေးပါဘူးခင်ဗျာ. . ."ဟု ဖြေလျှင် ထိုလူက-

"လာ. . . လာ. . ."ဟု ဆိုကာ ကျောင်းအတွင်းသို့ ခေါ်သွားလေ၏။ ပြီးလျှင် ကြွေရည်သုတ် သံဇလုံကြီးအတွင်း၌ ထမင်းများထည့်ကာ မိုးသီးထံ





သို့ ယူလာ၏။ ၎င်းထည့်ထားသော ထမင်းမှာ အဆမတန်များလေ၏။ ပြီးလျှင် ထိုလူသည် ဆူးပုတ်ရွက် ခတ်၍ချက်ထားသော ပဲကြီးဟင်းအိုးပူပူကိုလည်း ဆယ်လာလေ၏။ ထိုပဲကြီးဟင်း ပူပူနွေးနွေးအား ထမင်းပေါ်သို့ ဆမ်း၍ပေး လေ၏။ ထိုလူ၏ အခြားလက်တစ်ဖက်တွင် မြေပဲဖြင့်ထောင်းထားသော ငရုတ်သီးထောင်းပန်းကန်လည်း ပါလာလေ၏။ ထိုငရုတ်သီးဆားထောင့် ပန်းကန်ကို မိုးသီးအား ပေးလေ၏။ မိုးသီးသည် အနီးရှိ ရေဇလုံတွင် လက်ကိုဆေးပြီးနောက် ထမင်းနှင့်ပဲကြီးဟင်းများကို နယ်လိုက်လေ၏။ နယ်ပြီးသောအခါ ငရုတ်သီးဆားထောင်းကို ဖြူးလိုက်လေ၏။ ပြီးလျှင် အားရပါးရ စားလေတော့ ၏။ မိုးသီး၏ဗိုက်သည် ပြည့်ရုံမျှမက ကားထွက် ၍နေပြီဖြစ်၏။

မိုးသီး ထမင်းစားပြီးသောအခါ၌ လွန်စွာအသားမည်းသော အပျို လေးတစ်ဦးက မြေရေနွေးခရားနှင့် ထန်းလျက်တစ်ပန်းကန်တို့ကို မိုးသီးအနီး သို့လာ၍ ချပေးလေ၏။ မိုးသီးသည် ထန်းလျက်ခဲကို ထောက်ခနဲ တိုက်လိုက်၊ ရေနွေးကြမ်းကို သောက်လိုက်နှင့် လွန်စွာ အဆင်ပြေနေပြီ ဖြစ်၏။ သို့ရာတွင် ထမင်းစားပြီးပြီဖြစ်သောကြောင့် ဆေးလိပ်လွန်စွာ သောက်လို၏။ ထို့ကြောင့် မိုးသီးက-

"ဆေးလိပ်ဖွာချင်တယ် မိန်းကလေး. . ."ဟု ပြောလိုက်ရာ ထိုအပျို မည်းကလေးက ဗန်းတစ်ခု လာ၍ ချပေးလေ၏။ ထိုဗန်းထဲတွင် ဆေးလိပ် လိပ်ရန် ဖက်အချို့ပါ၏။ အဆီခံအချို့ပါ၏။ ဆေးရိုးနှင့် ဆေးမှုန့်များပါ၏။ ထို့အတူ အပ်ချည်လုံးတစ်လုံးလည်းပါ၏။ မိုးသီးသည် ထိုအရာများကို ကြည့်ပြီးနောက် ထိုအပျိုမည်းလေးကို ပြုံးပြလိုက်လေ၏။ ပြုံးပြီးလျှင်-

"အဲဒါ မလုပ်တတ်ဘူး. . ."ဟု ပြောလေ၏။ ထိုအခါ အပျိုမည်း လေးက-

"ဆေးလိပ်တော့ သောက်တတ်တယ်၊ ဆေးလိပ်တော့ မလိပ်တတ် ဘူးလား. . ."ဟုဆိုကာ ဖက်အတွင်းသို့ အဆီခံကလေးကို ချပြီးလျှင် ဆေးရိုး နှင့် ဆေးများကိုထည့်ကာ လိပ်ပေးလေ၏။ ဆေးရိုးနှင့် ဆေးများကြပ်စေရန် ဖြာမ်းပြင်တွင် တဒေါက်ဒေါက် ခေါက်လေတော့၏။ ပြီးလျှင် ဆေးလိပ်ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်စေရန်အတွက် အပ်ချည်လုံးမှ အပ်ချည်ဖြင့် ချည်နှောင်လိုက်လေ၏။ ဝိုထွက်နေသော ချည်စများကို အပျိုမည်းလေး၏ ဝင်း၏ရှေ့သွားလေးဖြင့် ကိုက်၍ဖြတ်ပေးပြီး ထိုဆေးလိပ်ကို မီးခြစ်နှင့်တကွ မိုးသီး၏လက်တွင်းသို့ ထည့်ပေးလိုက်လေ၏။ မိုးသီးသည် မီးခြစ်ကိုခြစ်ပြီးနောက် ဆေးလိပ်မီးတို့လေ၏။ ပြီးနောက် မျက်နှာကိုမော့၍ မီးခိုးများကို မှုတ်ထုတ်လိုက်လေ၏။ ပြီးလျှင် ပါးစပ်မှ တိုးတိုးညင်ညင်ကလေးဖြင့် အောက်ပါကဗျာအတိုအစလေးကို ရွတ်လိုက်လေတော့၏။

ဆေးလိပ်တရှူ
မီးခိုးဖြူရယ်၊
ချစ်သူရှိရာ
ပြန်သွားပါလော့၊
ငါ့မှာပင်ပန်း
သေမခန်းကို
မြင်စမ်းစေချင်
ချစ်နှတ်ရှင်. . .။

ထိုကဗျာ၏ ထိပ်ပိုင်းတွင်ပါသော 'ဆေးလိပ် တရှူ မီးခိုးဖြူရယ်၊ ချစ်သူရှိရာ ပြန်သွားပါလော့'ဟူသော အပိုက်သည် မိုးသီး၏ရဲဘော် မြင်းလှည်းသမားထွန်းကြည် ရွတ်လေ့ရှိသော ကဗျာတစ်ပိုဒ်ပင်ဖြစ်၏။ ထိုကဗျာကို ထွန်းကြည် အင်းစိန်ထောင်တွင် ထောင်ကျခဲ့စဉ်က ရခဲ့သော ကဗျာဖြစ်၏။ မိုးသီးလည်း သဘောကျသောကြောင့် ကျက်မှတ်ထားခြင်းဖြစ်၏။

အပျိုမည်းလေးသည် မိုးသီးအား မျက်လုံးအဝိုင်းသားကလေးဖြင့် ကြည့်နေ၏။ ပြီးလျှင်-

"ရှင်တစ်ယောက်တည်း စကားပြောနေတာလား. .၊ သရဲကပ်နေပြီထင်တယ်. . .၊ ဒါ တောနော်. . .၊ ဒီတောက နက်လည်းနက်တယ်၊ ကြမ်းလည်း ကြမ်းတယ်၊ ရှင် ဘာတွေပြောနေတာလဲ. . . ဘယ်သူနဲ့ ပြောနေတာလဲ" ဟု အလန့်တကြားမေးလေ၏။





"ဒီမှာ မိန်းကလေး. . .၊ ကျုပ် ဘယ်သူနဲ့မှ ပြောနေတာမဟုတ် . . .၊ ကျုပ် မှုတ်ထုတ်လိုက်တဲ့ ဆေးလိပ်မီးခိုးတွေနဲ့ ပြောနေတာ ဆေးလိပ် ဒီမှာမနေပါနဲ့. . .၊ ကျုပ်ရဲ့ချစ်သူဆီကို အရောက်သွားဖို့ မှာနေတာ. . ." မိုးသီးက ပြောလိုက်လျှင် ထိုအပျိုမည်းလေးက သဘောကျ၍ သွားများ အောင် တခစ်ခစ်ရယ်လိုက်လေတော့၏။ သူ၏သွားများသည် လွန်စွာဖြူ ၏။ ထို့ကြောင့် မိုးသီးက-

"သွားတွေက ဖြူလှချေလား . . ."ဟု မေးလိုက်ရာ အပျိုမည်းလေးက-

"သွားဖြူသလို စိတ်ကလည်း ဖြူတယ်ရှင့်. . ."ဟု ပြန်၍ပြောလေ၏။

"တယ် စကားသွက်ပါလား. . ."ဟု မိုးသီးက ချီးကျူးလိုက်လျှင် အပျိုမည်းကလေးက-

"စကားသွက်သလို အသားလည်း ညက်တယ်"ဟု ပြန်၍ပြောပြန် လေ၏။ ထို့ကြောင့် မိုးသီးက -

"ဟုတ်နေပြီ. . ."ဟု ပြောရာ ထိုအပျိုမည်းကလေးက. . .

"ကျုပ်တို့ရွာက ယောကျ်ားတွေဟာ မိန်းမတွေကို ရိုက်လားနှက် လား သိပ်လုပ်တာ၊ ရှင့်လို မိန်းမချစ်တဲ့ လင်တစ်ယောက် ရချင်ပါရဲ့. . ."ဟု ပြောတာ တခစ်ခစ် ရယ်နေလေ၏။ ထိုအချိန်၌မှာပင် အခြားသော ကလေး များအနီးသို့ ရောက်လာပြီး ဝိုင်း၍အုံနေလေတော့၏။ ထိုအထဲက ကလေး တစ်ဦးက -

"နောက်လင်ငယ်နှင့်
ကြာရိပ်လယ်မှာ
ထည်ထည်ပပ
ရွှန်းပပနဲ့
ခင်မ ဝမ်းမြောက်နေလိုက်တာ၊ တို့ကိုလည်း ပြောပြပါဦး. . ."

တော့၏။ မိုးသီးသည် ထိုမိန်းကလေးရွတ်လိုက်သော ကဗျာကလေးကို ရလျှင်-

"အဲဒါ ကျုပ်သိတယ်၊ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဝတ္ထုက မင်း တဲ့စာပါ. . ."ဟု ပြောလိုက်ရာ ထိုကဗျာကို ရွတ်သော မိန်းကလေးက-



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးက စာနဲ့ပေနဲ့ သိပ်ပြီးမစိမ်းပါလား. . .၊ နှမတို့ကလည်း အဲဒီလိုစာပေ ဝါသနာပါတဲ့လူကိုမှ သဘောကျတာ. . ."ဟု ပြောလိုက်ရာ ကျန်မိန်းကလေးများက ဝါးခနဲရယ်မောလိုက်ကြလေ၏။ ထိုအခါ လူတစ်ယောက် က ထိုနေရာဘက်ဆီသို့ ခေါင်းပြူလိုက်ပြီးလျှင်-

"ဟဲ့. . . ဖွန်းခြစ်မတွေ၊ ဦးဇင်းလေး ကျိန်းနေတယ်. . ."ဟု ပြော လိုက်ရာ တစ်ယောက်သော အပျိုမလေးက -

"မနက်က ဆွမ်းကပ်တဲ့အထဲမှာ မရမ်းသီးသုပ်တွေ ပါသွားလို့ ပါ. . ." ဟု နောက်တီးနောက်တောက် ပြန်၍ဖြေလိုက်လျှင် ထိုသူက -

"နင့်ပထွေးကို တိုင်မယ်. . .၊ နင့်ပထွေးက နင့်ကျောပြင်ကို ထွေ ထင်ပြီး ထုလိမ့်မယ်. . ."ဟု ပြောလေ၏။ ထိုအခါ ကျန်အပျိုမလေးတစ်ဦးက-

"ပျော်သံကြားရင်တော့ အလှူစပြီလေ၊ တဝကြီး စားပစ်လိုက်မှာ ပေါ့. . .၊ မောင်ကြီးရော ညီမတို့နဲ့ အလှူကို လိုက်မလား. . ."ဟု မေးလိုက် ရာ မိုးသီးက -

"ဒီလောက် သဘောကောင်းတဲ့ အပျိုတွေနဲ့မလိုက်ရင် ဘယ်သူနဲ့ ပါ့မလဲဗျာ. . .၊ လိုက်ရမှာပေါ့. . .၊ အိုင်တွေ့လို့မှ မလူးရင် ကျွဲရှူးတဲ့. . . ကျုပ်က ကျွဲရှူးအဖြစ်မခံနိုင်ဘူး၊ အဲဒီတော့ ညီမတို့နားက တစ်ဖဝါးမှမခွာဘူး ဘယ်သွားသွား လိုက်မယ်. . ."ဟု ပြောလိုက်လျှင် အပျိုမတစ်ဦးက-

"ကောင်မတို့ရေ. . . မညံ့ဘူးတော့၊ အာကတော့ သွက်သွက်ပဲ. . ." ဟု ပြောလိုက်လျှင် ကျန်အပျိုတစ်ဦးက -

"အာသွက်ကွယ်၊ ဝဟ်ဟောတုပေါ့"ဟု ပြောလိုက်သောအခါ မိုးသီးက-

"အလို စာတတ်ပေတတ်ပါလား၊ သီလရှင်ဘယ်နှဝါ ရသခဲ့သလဲ" ဟု မေးပြီးလျှင် အိပ်စက်ရန်အတွက် ကြမ်းပြင်ပေါ်သို့ လှဲချလိုက်လေ၏။ ထိုအခါ မိန်းကလေးတစ်ဦးက ဝါးပိုးခေါင်းအုံးတစ်ခု လာ၍ပေးလေ၏။ ကျန် တစ်ဦးက အညာစောင်တစ်ထည် လာ၍ပေးလေ၏။

"မောင်ကြီး. . .၊ ကောင်းကောင်း အိပ်၊ အိပ်မက်ထဲလည်း ညီမ တို့ကို ထည့်မက်မနေနဲ့. . ."ဟု ပြောလိုက်ရာ မိန်းကလေးများက ဝါးခနဲ ရယ်မောလိုက်ကြလေတော့သတည်း. . .။

* * * * *





# အခန်း (၃၉)

## မြွေဟောက်ကြီးတစ်ကောင် စိတ်စာတ်ကျသွားခြင်း

ထို့နေညက မိုးသီးတို့သည် စခန်းသို့ မိုးအတော်ချုပ်မှ ရောက်လာ သော၏၊ စခန်းသို့ပြန်လာချိန်တွင် စခန်းတွင် လူများ ရှုတ်ရှုတ်သဲသဲဖြစ်နေ၏။ အချင်းအရာကို မိုးသီးက စုံစမ်းကြည့်ရာ တစ်ယောက်သောသူက-

"ဒီစခန်းရဲ့အလယ်မှာရှိတဲ့ ဗဟိုရွက်ဖျင်ရုံးအတွင်းမှာ နိုင်ငံခြား သား တွင်းတူးဗိုလ်တစ်ယောက်ဟာ ဘီယာသောက်ရင်း ရေဒီယိုဂရမ် ဖွင့်ထားတယ်၊ သူဖွင့်ထားတဲ့ တီးလုံးလေးက တော်တော့ကို ငြိမ့်ငြိမ့် ညောင်းညောင်းလေးပဲ၊ အဲဒီတီးလုံးလေးမှာ ပုလွေသံလေးတစ်ခုလည်း ပါတယ်၊ အဲဒီတီးလုံးလေးကို နားထောင်ရင်း တွင်းတူးဗိုလ်ဟာ ခြေထောက် လေး၊ နိုးနိုးနန့်နန့်လုပ်ရင်း နားထောင်နေတာ၊ မြွေဟောက်တစ်ကောင်က ပုလွေသံကို နားထောင်ရင်း တဲထဲဝင်လာတာ သူက မသိဘူး၊ လှုပ်လှုပ် လှုပ်လှုပ်လုပ်နေတဲ့ သူရဲ့ခြေထောက်ကို မြွေဟောက်က ကိုက်ပါလေ ရော. . .၊ အဲဒီတွင်းတူးဗိုလ်ဟာ (၁၀)မိနစ် လောက် မျက်ဖြူလန်ပြီး အဆိပ် တွေမွန်ပြီး တက်နေသေးတယ်. . .၊ ပြီးတော့မှ အသက်ထွက် သွားတယ်. . .၊

အဲဒီအချိန်အထိ ရေဒီယိုဂရမ်ကြီးက မပိတ်ရသေးဘူး၊ အဲဒီတွင်းတူး ဗိုလ်ကို ချောက်ဆေးရုံပို့ဖို့လုပ်တုန်း နောက်ထပ် မြွေဟောက် တစ်ကောင် ရောက်လာသေးတယ်၊ အဲဒီမြွေဟောက်ကိုတော့ ဒီကအကြီး အကဲဖြစ်တဲ့ နှုတ်ခမ်းမွေးတွင်းတူးဗိုလ်က မြင်သွားတယ်၊ မြင်တော့သူကလည်း ကြောက်လန့်ပြီး အော်တော့တာပဲ၊ သူက အော်တော့လည်း 'မြွေ. . . မြွေ'လို့အော်တာ မဟုတ်ဘူး၊ အင်္ဂလိပ်စကားနဲ့ 'စနိတ်. . စနိတ်. . .'လို့အော်တာ၊ ဒီတော့ ကြားတော့ ကြားတယ်. . . ဘာအော်မှန်းမသိဘူး၊ နောက်မှ နားလည်ရောက်လာပြီး 'မြွေ. . . မြွေ. . .'လို့ အော်တာ. . .၊ အဲဒီတော့ ဒီလူစုဝင်သွားပြီး အဲဒီမြွေဟောက် ကြီးကို နှိပ်လိုက်တာ မြွေဟောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သေပါလေရော. . .၊ အဲဒါကို လှချစ် တို့လူစုက ဒီနေ့ညပဲ စားမယ်ဆိုပြီး ရေနွေးနဲ့ပြုတ်၊ အသားတွေ နွှင်းနေတယ်၊ ပြီးရင် ဟောဟို အစွန်းဆုံးအိမ်မှာ ဆီပူထိုးတယ်၊ ငရုတ်သီး၊ ကြက်သွန်ဖြူ ကြက်သွန်နီတွေနဲ့ ဆီပူထိုးမယ် ပြီးရင် ထမင်းကြမ်းနဲ့ ညလယ်စာအဖြစ် ကြော်ပြီး တို့ကိုကျွေးမယ် မြွေထမင်းကြော်ပေါ့ကွာ. . .”ဟု အားရပါးရ ပြောလေ၏။ တွင်းတူးဗိုလ်၏ အလောင်းကို ချောက်ဆေးရုံသို့ ပို့လိုက်ပြီဖြစ် ၏။ မိုးသီးတို့စားရန် မြွေထမင်းကြော်လည်း လိုက်၍ဝေနေပြီဖြစ်၏။ မိုးသီးမှာ မစားရဲဟုဆိုတာ မစားဘဲ ရှောင်နေပြီ ဖြစ်၏။ ထို့ကြောင့် ထမင်းကြော် လိုက်၍ဝေသော အလုပ်သမားက မိုးသီးအား -

“မစားဘူးလား. . .၊ နင်သာ လူမိုက် ဒုစရိုက်”ဟု ပြော၍ ထွက်သွားလေ၏။ မိုးသီးသည် ထိုနေ့ညက တော်တော်နှင့် အိပ်မပျော်ဘဲ ရှိလေ၏။ နောက်တစ်နေ့ နံနက်တွင် မိုးသီးတို့၏ တွင်းတူးဗိုလ် အန်ဒရူးမာရှယ်သည် မိုးသီးတို့အား တောအတွင်းသို့ ခေါ်မသွားဘဲ မြွေကို ဝရုစိုက်ရမည်ဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် တရားဟောလေ၏။ မိုးသီးက စကားပြန်၍ အလုပ်သမားများအား ပြန်၍ပြောရလေ၏။ ၎င်းတွင်းတူးဗိုလ် သည် မြွေနှင့်ပတ်သက်သော အကြောင်းအရာ တော်တော်များများကို သိ၏။ မြွေအနေအထား၊ ချုံအနေ အထားကိုကြည့်၍ မြွေရှိမည်၊ မရှိမည်ကို အကဲခတ်ပုံခတ်နည်းကိုလည်း ပြောပြ၏။

မြွေများသည် လွန်စွာမျက်စိမှုန်သော သတ္တဝါမျိုးဖြစ်ကြောင်းကို လည်း သူကရှင်းပြလေ၏။ ထိုသို့ မျက်စိမှုန်သောကြောင့် ကာတွန်း စာအုပ်များတွင် မြွေပုံကိုဆွဲသောအခါ မျက်မှန်တပ်၍ထားသည် ကို ရယ်စရာနှော၍ပြောပြ လေ၏။ မြွေကိုက်ခံရသော သူတစ်ဦးအား ဆေးရုံမရောက်မီ ရှေးဦးစွာပြုစု စောင့်ရှောက်ပုံကိုလည်း သင်ပြပေး၏။ မြွေကိုက်သူမည်သူမဆို အသက်ရှင် နိုင်ကြောင်းကိုလည်း ၎င်းက အထောက် အထားအကိုးအကားနှင့်ပြောလေ၏။ ထိုအခါ အလုပ်သမားတစ်ဦးက -

“ဆေးရုံရောက်မှ အဆိပ်ဖြေဆေးထိုးမည့်အစား ဒီစခန်းမှာ ကျန်းမာ ရေးမှူးရှိနေတာပဲဗျာ. . .၊ သူတို့ကို မြွေဆိပ်ဖြေဆေးတွေ ထုတ်ပေးထားရင် မကောင်းဘူးလားဗျာ. . .”ဟု ထ၍မေးလေ၏။ ထိုသူမေး





သည့် စကားများကို မိုးသီးက တွင်းတူးဗိုလ်အား ဘာသာပြန်ပေးလိုက်ရာ တွင်းတူးဗိုလ်က-

“မှန်တာပေါ့ မိတ်ဆွေရာ. . .၊ ဒီကနေ အနီးဆုံးဖြစ်တဲ့ ချောက် ဆေးရုံကို ပို့ရင်တောင် မိုင်(၂၀)လောက် ဝေးတယ်၊ ဒီစခန်းမှာရှိတဲ့ ကျန်းမာ ရေးမှူးတွေလက်ထဲ မြွေဆိပ်ဖြေဆေးတွေ ထည့်ပေးထားရင် အကောင်းဆုံးပါပဲ၊ ကျုပ်တို့ကလည်း လူသားတွေပဲဗျာ. . .၊ ချို့ယွင်းချက်တွေ၊ လစ်ဟာချက်တွေ ရှိမှာပေါ့. . .၊ အဲဒါကို ခင်ဗျားတို့က ထောက်ပြလိုက်ရင် ကျုပ်တို့ဘက်က ကျေးဇူးတင်ရမှာပေါ့၊ အခုခင်ဗျားပေးတဲ့အကြံကို ကျုပ်တို့လူကြီးဖြစ်တဲ့ မှတ်ခမ်းမွေးကို အခုပဲပြောပြလိုက်ပါ့မယ်. . .”ဟု တွင်းတူးဗိုလ်က ပြောပြီး လျှင် နှုတ်ခမ်းမွေးထံသို့ ကိုယ်တိုင်သွားရောက်ကာ မြွေဆိပ်ဖြေဆေးထား သင့်ကြောင်း အလုပ်သမားတစ်ဦး၏ အကြံပေးချက်ကို ပြောပြရာ နှုတ်ခမ်းမွေး သည် ကျန်းမာရေးမှူး၊ တစ်ယောက်အား မော်တော်ကားဖြင့်တင်ကာ ချောက်မြို့ သို့ လွှတ်လိုက်လေ၏။ ထိုကျန်းမာရေးမှူး ပြန်လာသောအခါ ‘အင်တီဗနွန်’ ခေါ် မြွေဆိပ်ဖြေဆေးများ ပါ၍လာလေ၏။

ထိုမြွေဆိပ်ဖြေဆေးမှာလည်း ကိုက်သောမြွေအမျိုးအစားကိုသိမှ အသုံးပြု၍ရသော မြွေဆိပ်ဖြေဆေးဖြစ်ကြောင်း ကျန်းမာရေးမှူးက ပြောပြ သေ၏။ ထို့ကြောင့် မြွေကိုက်ခံရပြီဆိုရင် မြွေကိုပါရိုက်၍ ကျန်းမာရေးမှူးထံ သို့ ယူလာရန် မှာကြားလေ၏။ ဤသို့နှင့်ပင် မိုးသီးတို့သည် တောအတွင်း သွားရဘဲ စခန်း၌မှာပင် နံနက်(၈)နာရီထိုးသည်အထိ မျက်နှာဖြူတွင်း တူးဗိုလ်၏ မြွေတရားကို နာနေရလေ၏။

ထိုအချိန်၌ စခန်းအတွင်းသို့ အသက်(၂၀)အရွယ် တောသား တစ်ဦး ဝင်ရောက်လာ၏။ သူသည် ဟောင်းနွမ်းစုတ်ပြဲနေသော အဝတ် အစားများ ဝတ်ထား၏။ ခြေထောက်တွင် ဖိနပ်ပင် မပါပေ။ ပခုံးတွင် လွယ်အိတ်အစုတ် ကလေးကို လွယ်ထား၏။ ခေါင်းတွင် မျက်နှာသုတ် ပဝါအစုတ်ကလေး ပေါင်း ထား၏။ လက်တစ်ဖက်တွင် ပလပ်စတစ်အိတ် တစ်လုံး ဆွဲ၍လာလေ၏။

သူသည် မျက်နှာဖြူနိုင်ငံခြားသားရှေ့သို့ ရောက်သောအခါ၌ ထို ပလပ်စတစ်အိတ်ကို သွန်ချလိုက်ရာ မြွေဟောက်ကြီးတစ်ကောင် ထွက်ကျလာ သေ၏။ ထိုမြွေဟောက်ကြီးသည် လုံးပတ်အားဖြင့် ယောကျ်ားတစ်ဦး၏ ခြေသလုံးကောက်ဝတ်ခန့်ရှိ၏။ မြွေဟောက်ကြီးသည် မြေကြီးပေါ်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ၌ ပါးပျဉ်းထောင်၍ကိုက်မည် တကဲကဲလုပ်နေ၏။ ထိုတောသား လေးသည် ထိုမြွေဟောက်ကြီး၏ခေါင်းကို ပုတ်၍ ကျွမ်းကျင်စွာ ဖမ်းပြလိုက် လေ၏။ နိုင်ငံခြားသားများသည် မျက်လုံးအပိုင်းသားဖြင့် ထိုအချင်းအရာကို ငေးကြည့် နေကြ၏။ အချို့က ကင်မရာများယူ၍ ဓာတ်ပုံရိုက်ကြ၏။ ကြည့်နေကြသော မျက်နှာဖြူ တွင်းတူးဗိုလ်များသည် လွန်စွာသဘောကျနေ ကြ၏။ ထို့ကြောင့်-

"ဒီလူကလေးကို မြွေက မကိုက်ဘူးလား"ဟု အင်္ဂလိပ်ဘာသာ စကားဖြင့် မေးလေ၏။ ထိုအခါ ချာလီက-

"ကိုက်လို့မရဘူး. . .၊ သူက 'စနိပ်ချမ်းမား' (မြွေအလပ္ပါယ်ဆရာ)" ဟု ရှင်းပြလေ၏။ ထို့နောက် ချာလီက-

"သူ့ကိုယ်မှာ မြွေကိုက်ရင် မသေတဲ့ဆေးတွေ ထိုးထားတယ်. . ." ဟု ပြောလိုက်ရာ နိုင်ငံခြားသားများ ၎င်းတို့သည် ထိုမြွေကိုက်၍ မသေနိုင် သော ဆေးထိုးလိုသည်။ ထိုးပေးနိုင်ပါသလားဟု မေးလိုက်လေ၏။ ထို့ကြောင့် ချာလီသည် မြွေဆရာလေးအားမေးရာ မြွေဆရာလေးက-

"ကျုပ်က ပိုက်ဆံနဲ့ အဲဒီဆေး ထိုးပေးချင်လို့ ဒီကို လာခဲ့တာပဲ ည ကတည်းက ဒီက လူတစ်ယောက် မြွေကိုက်လို့ သေတယ်ဆိုတဲ့ သတင်းကြား ကတည်းက လာမလို့ ကျုပ်မှာ မြွေဟောက်မရှိလို့ ဒီမြွေဟောက် ကို တွေ့အောင် ရှာရသေးတယ်၊ ဒါကြောင့် အခုမနက်မှ လာရတာ ကျုပ်တို့မှာက မြွေပညာ သုံးမျိုးရှိတယ်ဗျ. . .၊ မြွေကို အလပ္ပါယ်ပြစားတဲ့ ပညာလည်းရှိတယ်၊ မြွေကိုက် တာကို ကုတဲ့ မြွေပညာလည်းရှိတယ် မြွေတွေ့ရင် ဖမ်းပြီးရောင်းစားတဲ့ ပညာလည်းရှိတယ်. . .၊ ဆေးကုတဲ့ ပညာရှင်က အလပ္ပါယ်မပြရဘူးဗျ၊ အဲဒီ လိုပဲ မြွေလည်း ရောင်းမစားရဘူး

ကိုယ့်စည်းနဲ့ကိုယ် နေရတယ်၊ ပညာခွင်က သပ်သပ်စီဗျာ. . .၊ ကျုပ် က မြွေကုတဲ့ဆရာ၊ သူတို့ထိုးချင်အောင်ဆိုပြီး မြွေကို အလပ္ပါယ်ပြ နေရ တယ်၊ ကျုပ်အဖို့ အန္တရာယ်အများကြီးရှိတယ်. . .၊ မြွေဟောက်လည်း အတော် စိတ်ညစ်နေပုံရတယ်၊ စိတ်ညစ်ရာကနေ စိတ်တိုလာလိမ့်မယ် အဲဒီအခါမှာ ကျုပ်ကို လှည့်ပြီးကိုက်လိမ့်မယ်၊ တစ်ယောက်ကို အစိတ်ပေးရင် မြွေဆေး ထိုးပေးမယ်၊ တန်းစီပြီးထိုင်လိုက်. . ."ဟု ၎င်းမြွေဆရာက ပြောလေ၏။ ချာလီသည် ထိုမြွေဆရာလေးပြောလေ၏။ ချာလီသည်





မြွေဆရာလေးပြော သော စကားကို နိုင်ငံခြားသားများအား ပြောလိုက်ရာ ...၏ အကြီးဆုံး ဖြစ်သော နူတ်ခမ်းမွေးက ရှေ့ဆုံးမှ ထိုင်လေ၏။ ...ထိုင်ရင်း-

"ဒီလောက်အဖိုးတန်တဲ့ဆေးကို ထိုးရမှာပေါ့၊ မသေမချင်း ...ထဲ သွားနေရဦးမှာ. . .၊ ဒါပေမဲ့ ငွေအစိတ်ကတော့ နည်းပါတယ်၊ ...ရာယူပါ" ဟု ပြောလေ၏။ ထို့နောက် မြွေဆရာလေးသည် သူ၏ မြွေဟောက်ကြီးကို အနီးရှိ သစ်ကိုင်းတွင် ချိတ်၍ထားလိုက်လေ၏။ ...နောက်-

"မြွေနဲ့တွေ့လို့ရပြီလား. . ."ဟု မေးလေ၏။ ထို့နောက် ချာလီက မြွေဆရာလေးအား မြန်မာဘာသာဖြင့် မေးလိုက်ရာ မြွေဆရာလေးက-

"မြွေနဲ့တင်မဟုတ်ဘူး၊ နဂါးနဲ့တောင် တွေ့လို့ရပြီ"ဟု ပြောလေ၏။ မြွေဆရာလေး၏စကားကို အင်္ဂလိပ်ဘာသာဖြင့် ပြန်၍ပြောလိုက်ရာ ...ရသော နိုင်ငံခြားသားများသည် သဘောကျ၍ လက်ခုပ်တီးကြလေ ...တော့၏။ နူတ်ခမ်းမွေးသည် သစ်ကိုင်းတွင်ချိတ်ထားသော မြွေအိတ်ကို ...ချလေတော့ ၏။ ပြီးလျှင် အိတ်ကို သွန်၍ချလိုက်ရာ မြွေဟောက်ကြီး ...၍ကျလာလေ တော့၏။

မြွေဟောက်ကြီးသည် မြေပြင်ပေါ်တွင် ပါးပျဉ်းထောက်၍ မာန်ဖီ ...၏။ နူတ်ခမ်းမွေးသည် လက်ကို ထိုးပေးလိုက်၏။ ပြီးလျှင် ခါးတွင် ...ထားသော ခြောက်လုံးပြူးသေနတ်ကိုထုတ်၍ မြွေလပ္ပါယ်ဆရာအား ...ထားလိုက်လေ၏။ မြွေဟောက်ကြီးသည် နူတ်ခမ်းမွေး၏ လက်ဖျံကို ...ကုန်လိုက်ချ လိုက်လေ၏။ နူတ်ခမ်းမွေးသည် လက်တွင် အစွယ်ငြိနေ ... မြွေဟောက်ကြီး၏ခေါင်းကိုကိုင်၍ မြေကြီးပေါ်သို့ ပစ်ချလိုက်၏။ ...တက်လာလျှင် မြွေအလပ္ပါယ်ဆရာအား ပစ်သတ်ရန်ချိန် ထားခြင်း ...၏။

သို့ရာတွင် မြွေကိုက်ခံရ၍ အဆိပ်တက်နေသော လက္ခဏာကို ...ရပေ။ မြွေကြီးသည် မြေပြင်ပေါ်တွင် ဆန့်ဆန့်ကြီးဖြစ်နေ၏။ ...ခမ်း ...သည် လက်တွင် သွေးစို့နေသောနေရာအား လက်ဖြင့်ပွတ်...ပြီးလျှင် ...ဆရာအား ကျေးဇူးတင်စကားနှင့် တောင်းပန်စကားပြောပြီးလျှင် ...ရာကို ပွဲဇော်လိုက်လေ၏။ ထိုးပြီးသည်နှင့်တစ်ပြိုင်နက် မြေပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် စင်းစင်း ကြီးဖြစ်သော မြွေဟောက်ဆီသို့သွားကာ ခေါင်းကိုကိုင်၍ ရှင်းတို့၏လက်ကို ကိုင်၍ကိုက်ရန် ထိုးပေးကြလေ၏။ မြွေဟောက်ကြီးသည် အရုပ်ပမာဖြစ်၍ နေပြီဖြစ်၏။ မည်သူ့ကိုမှ မကိုက်နိုင်တော့ပေ။ ထို့ကြောင့် ချာလီက မြွေဆရာ အား-

"ညီလေး...၊ မင်းမြွေက နောက်လူတွေကို မကိုက်တော့ပါလား" ဟု မေးလိုက်ရာ မြွေဆရာလေးက -

"နှုတ်ခမ်းမွေးနဲ့ဆရာ၊ သူ့လက်ကို ကိုက်ထားတဲ့ မြွေကို ခေါင်းက ကိုင်ပြီး ဖြုတ်ကာ မြွေအစွယ်ကျိုး သွားတယ်နဲ့တူတယ်..."ဟု ဆိုသဖြင့် ချာလီသည် နှုတ်ခမ်းမွေး၏လက်ကို ယူကြည့်လိုက်ရာ ကျိုးကျန်သော မြွေ အစွယ်ကို တွေ့ရလေ၏။ ထို့ကြောင့် ဇာဂနာဖြင့်နှုတ်၍ ပေးရလေ၏။ ပြီးလျှင် ချာလီက မြွေဆရာအား-

"မြွေက အစွယ်ကျိုးသွားတော့ ဘယ်လိုဖြစ်သွားတာတုံး..."ဟု မေးလိုက်ရာ မြွေဆရာလေးက-

"ကျုပ်တို့ ဗမာစကားမှာ 'ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး'ဆိုတဲ့ စကား ရှိတယ်ဗျာ...၊ မာန်မရှိတော့ဘူးပေါ့ဗျာ...၊ စိတ်ဓာတ်ကျပြီး အောက်ကျ နောက်ကျဖြစ်သွားတာ...၊ လူလည်းပဲ မာန်လျှော့လိုက်ရင် ခြေထောက်ကို သုတ်တဲ့အဝတ်လိုဖြစ်သွားတယ်၊ မာန်မာန မရှိတော့ဘူး၊ အားလုံးကို အရှုံး ပေးသွားတာ၊ လောကကြီးကို အရှုံးပေးသွားတာ...၊ ဒီမြွေကြီးလည်း အစွယ် ကျိုးသွားလို့ စိတ်ဓာတ်ကျပြီး မာန်မာန မရှိတော့ဘူး၊ အားလုံးကို အရှုံးပေး သွားတာ၊ လောကကြီးကို အရှုံးပေးသွားတာ...၊ ဒီမြွေကြီးလည်း အစွယ် ကျိုးသွားလို့ စိတ်ဓာတ်ကျပြီး မာန်လျှော့သွားတာ၊ မယုံရင် ခင်ဗျား ကိုင်ကြည့်၊ ခင်ဗျားကိုလည်း မကိုက်တော့ဘူး၊ မြွေကြီး အောက်ကျ နောက်ကျဖြစ်သွားတာ ပါ..."ဟု ရှင်းပြလိုက်လျှင် ကြားရသူအပေါင်းတ ဝါးခနဲ ပိုင်း၍ရယ်မော ကြလေ၏။

ချာလီသည် နိုင်ငံခြားသားများအား အင်္ဂလိပ်ဘာသာဖြင့် ပြန်၍ပြော လိုက်ရာ နိုင်ငံခြားသားလည်း သဘောကျ၍ လက်ခုပ်လက်ဝါးတီးကာ ရယ်မော လိုက်ကြလေတော့သတည်း....။

* * * * *





## အခန်း (၄၀)

### မိုးသီး ယောက္ခမဆိုင်မှ ထွက်ပြေးခဲ့ရခြင်း...

မိုးသီးသည် မလှ၏အိမ်တွင် ထမင်းလခပေး၍ စားနေရသော် လည်း အမှန်စင်စစ်အားဖြင့် မလှ၏ လုပ်ပုံကိုင်ပုံကို ရွံရှာသောကြောင့် စားလိုတော့ပေ။ သို့ရာတွင် မစား၍လည်းမဖြစ်ပေ။ ဤအိမ်၌မစားလျှင် စားစရာအိမ်မရှိ ပေ။ မိုးသီးသည် အစားအသောက် ပျက်၊ အလုပ်လည်း ပင်ပန်းသောကြောင့် တစ်နေ့တစ်ခြား ပိန်ချုံး၍လာလေတော့၏။ ထို့ကြောင့် လခထုတ်သောနေ့တွင် မလှအား ထမင်းလခအတွက် ငွေရှင်းပေးပြီးလျှင် ချောက်မြို့သို့ သွားမည့် ကားကြုံဖြင့် ပြန်ခဲ့လေတော့၏။

ချောက်မြို့ရှိ ယောက္ခမ ခေါက်ဆွဲဆိုင်သို့ရောက်လျှင် ယောက္ခမ ကြီးသည် မိုးသီးအား ဆီး၍ ဆူပူကြိမ်းမောင်းလေတော့၏။

"ဒီလောက် ကောင်းတဲ့အလုပ်ကိုရအောင် ငါသွင်းပေးထားရတာ...၊ မင်းဘာဖြစ်လို့ ပြန်လာရတာလဲ"ဟု မိုးသီးအား ယောက္ခမကြီးက ပြောလေ တော့၏။ ထို့ကြောင့် မိုးသီးက -

"ခင်ဗျားပြောတော့ တစ်လ (၃၀၀)ရမယ်ဆို၊ တစ်နေ့ (၃)ကျပ် ကျပြီး ပဲ ရတဲ့ အလုပ်ကြမ်းသမားဗျ၊ ခုတ်လိုက်ရတဲ့သစ်ပင်တွေ..." ဟုဆိုကာ လက်ဝါးနှစ်ဖက်ကို လှန်၍ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဂျင်းယောက္ခမကြီးက

"ယောက်ျားပဲ ဒီလောက်တော့ လုပ်ရမှာပေါ့၊ အလုပ်မရှိရင်တော့ ငါ့အိမ်မှာ မနေတာအကောင်းဆုံးပဲ၊ နင့်မိန်းမကိုတော့ ငါ့သမီးမို့ အလကား ကျွေးထားမယ်. . .၊ နင့်ကိုတော့ ထမင်းတစ်နပ်တောင် မကျွေးနိုင်ဘူး၊ မသဒ္ဓါလည်း မသဒ္ဓါဘူး၊ အဲဒါမှ ဆက်ပြီးစားနေရင် မသဒ္ဓါရေစာတွေ စားနေတယ်လို့ နင်နားလည်ပါ. . ."ဟု မိုးသီးအား နှိမ်ချ၍ ပြောလေတော့၏။

မိုးသီးသည် မိမိအဖြစ်ကို မိမိတွေးကာ ဝမ်းနည်း၍လာလေတော့၏။ ထိုအချိန်၌ ဂျင်း၏မိန်မသည် အနီးသို့ရောက်လာပြီးလျှင် ဂျင်းအားသိုင်းဖက်၍-

"အစ်ကိုမိုး အတော့်ကို ပိန်သွားတယ်နော်၊ အသားတွေလည်းမည်းတူးသွားတာပဲ"ဟု ပြောလိုက်လျှင် မိုးသီး၏မျက်လုံးအိမ်တွင် ကျလုဆဲဆဲ နိုးအောင်းနေသော မျက်ရည်တစ်စက်သည် မြေကြီးပေါ်သို့ တောက်ခနဲကျသွားလေတော့၏။ ထိုအချင်းအရာကိုမြင်လျှင် မိုးသီး၏ မိန်းမက. . .

"အစ်ကိုမိုး ငိုနေတယ် ဟုတ်လား. . ."ဟု ပြောလိုက်ရာ မိုးသီး၏ ယောက္ခမကြီးက-

"ဟုတ်တယ်. . . ဟုတ်တယ်၊ နင့်လင်ငိုနေတာ ဆိုင်မှာ ကျက်သရေမရှိဘူး၊ အကောင်းဆုံးက အမြန်ဆုံး ထွက်သွားဖို့ပါပဲ" ဟု ပြောလေတော့၏။

မိုးသီးသည် အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်ထားရ၏။ လွယ်အိတ်အတွင်းမှ ဓားမြှောင်ကိုထုတ်၍ ထိုမိန်းမကြီး၏ ရင်ဝကို ထိုးမစိုက်မိစေရန် စိတ်ကိုဆုံးမနေလေ၏။ ထိုအချိန်၌ မိုးသီး၏ ခယ်မအငယ်ဆုံးလေးဖြစ်သော မိတွတ်ဆိုသည့်ကလေးက မိုးသီး၏ရှေ့တည့်တည့်သို့လာကာ မိုးသီးအား ပြောင်ပြလေတော့၏။ ပါးစပ်မှလည်း. . .

"ငိုရယ် ငိုရယ် ဆန်တစ်ပြည်၊ ငိုမဲ့ ငိုမဲ့ ဆန်တစ်ခွက်"ဟု ဆိုကာ လက်ညှိုးကလေးကို ကွေးကာဆန့်ကာဖြင့် ဆိုနေလေတော့၏။ မိုးသီးသည် ထိုညအဖို့ ညစာမစားရတော့ပေ။ မိုးသီး၏ မိန်းမက-





"အစ်ကိုမိုး. . .၊ ထမင်းစားမလား. . .၊ ထမင်းကြော်တစ်ပွဲကြော်ပေးမယ်. . ."

ဟု ပြောလေ၏။ မိုးသီးက ခေါင်းခါပြလေ၏။ မိုးသီးသည် ညီသူနှင့်မျှ စကားမပြောဘဲ ဆေးလိပ်ကိုဖွာကာ ငူငူကြီးထိုင်နေလေတော့၏။

"အစ်ကိုမိုး ဒီကထွက်သွားလို့တော့ မရဘူးနော်၊ ညီမမှာ ကိုယ်ဝန်ရှိနေပြီ. . ."ဟု ဂျင်း၏မိန်းမက ပြောလေတော့၏။

ထိုအသံကိုကြားလိုက်ရလျှင် မိုးသီး၏မျက်လုံးများသည် ပြာဝေ၍သွားလေတော့၏။ မိုးသီးသည် သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်၏။ ဂျင်း၏ ဗိုက်မှလည်း ဆာလွန်း၍ တဂွီဂွီ မြည်နေလေ၏။ ထို့ကြောင့် ရေကိုခပ်၍ တစ်ခွက်ပြီးတစ်ခွက် သောက်၍နေလေ၏။

"ဒီက ထွက်မသွားလို့မဖြစ်ဘူး မိန်းမရေ. . .၊ နင့်အမေကို ငါဆက်ပြီးရင်မဆိုင်ချင်တော့ဘူး၊ ဒီမနက်ကိုပဲ ငါထွက်တော့မယ်. . ."

ဟု မိုးသီး က ပြောဆိုပြီးလျှင် ရှိစုမဲ့စု အဝတ်အစားလေးကို လွယ်အိတ်ထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် ဂျင်း၏အိတ်ကို စမ်းကြည့်လိုက် ငွေ သုံးဆယ် ရှိကြောင်း သိရလေ၏။ ဂျင်း၏မိန်းမသည် တစ်ညလုံးငိုနေလေတော့၏။ ပြီးလျှင် ဂျင်း၌ ရှိသော ငွေတစ်ရာကို မိုးသီးအားပေးလိုက်လေ၏။ နံနက် ၄ နာရီ ထိုးသော အခါ၌ မိုးသီးသည် ရန်ကုန်သို့သွားမည့် ကားဂိတ်သို့ ထွက်လာခဲ့လေ၏။ ကားထွက်ခါနီးတွင် မိုးသီး၏ မိန်းမသည် သားရေအိတ် ကလေးကို လွယ်၍ မိုးသီးထံသို့ ရောက်ရှိလာလေ၏။ မိုးသီးအနီးသို့ရောက် လျှင် ဂျင်းအား-

"အစ်ကိုမိုး ထွက်သွားတာ ညီမနဲ့အပြီးကွဲသွားမှာပေါ့၊ ကိုယ်ဝန်ရှိနေပြီဆိုတော့ အဲဒီလိုကွဲလို့မဖြစ်ဘူးလေ၊ ဗိုက်ထဲက ကလေး ဒုက္ခရောက်မှာပေါ့. . .၊ အဲဒါကြောင့် ညီမလည်း အစ်ကိုမိုးနဲ့တစ်ခါတည်းလိုက်မယ်. . ."

ဟု ပြောလေတော့၏။

မိုးသီးသည် ဂျင်း၏မိန်းမအတွက် ကားလက်မှတ် ဖြတ်ရလေ၏။ ၄ နာရီခွဲသောအခါ၌ မော်တော်ကားစ၍ ထွက်လေတော့၏။ မိုးသီးလည်း ချောက်မြို့ကြီးအား နောက်နောင်တွင် မည်သည့်နည်းနှင့်မျှ ပြန်၍မရောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်ကို သိသောကြောင့် နောက်ဆုံးကြည့်ခြင်းဖြင့် တဝကြီး ကြည့်လိုက်လေ၏။ မိုးသီးတို့ စီးလာသောကားသည် ဈေးကိုပတ်၍ မိုးသီး၏ ယောက္ခမဆိုင်ရှေ့မှပင် ဖြတ်လေ၏။ မိုးသီးသည် ကားပေါ်မှနေ၍ မတိုးမကျယ်သော အသံဖြင့်-

"သွားပြီ ယောက္ခမကြီးရေ. . .၊ ဒီတစ်သက်တော့ ခင်ဗျားနဲ့ကျုပ်နဲ့ ဘယ်လိုနည်းနဲ့မှ ပြန်မတွေ့နိုင်တော့ပါဘူး၊ ခင်ဗျားသားမက်တော်ရတဲ့ မိုးသီးဆိုတဲ့ ကောင်ဟာ ဘယ်လိုလူစားလဲဆိုတာ နောင်အခါရောက်မှ ခင်ဗျားသိရလိမ့်မယ်. . ."ဟု ပြောလေတော့၏။

မိုးသီးတို့လင်မယားသည် မကွေး၊ အောင်လံ၊ ပြည် စသည်မြို့များတို ဖြတ်သန်းလာခဲ့၏။ ပြည်မြို့သို့ရောက်စဉ် ထမင်းစားရ၏။ ထို့နောက် ညနေပိုင်းတွင် ၎င်းတို့စီးနင်းလိုက်ပါလာသော မော်တော်ကားကြီးသည် ရန်ကုန်သို့ ရောက်ခဲ့လေ၏။ ရန်ကုန်သို့ရောက်လျှင် ဘိုးလိန်လမ်း(ယခု ဗညားဒလလမ်း) ရှိ မိဘများနေအိမ်သို့သွားရလေ၏။

မိုးသီး၏မိဘများသည် မိုးသီးတို့လင်မယားအား နွေးထွေးစွာကြိုဆိုလေ၏။ မိုးသီးမိန်းမသည် ထိုအိမ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် မိုးသီး၏ မိခင်နှင့်အတူ မီးဖိုချောင်သို့ဝင်လေ၏။ သို့ရာတွင် မိုးသီး၏မိန်းမသည် ဟင်းကောင်းစွာ မချက်တတ်ပေ။ ခေါက်ဆွဲဆိုင်တွင် ကြီးပြင်းလာသည့်အားလျော်စွာ အစိမ်းကြော်၊ ချိုချဉ်ကြော်၊ ကုန်းဘောင်ကြီးကြော်၊ တောက်တောက်ကြော်၊ (၁၂)မျိုးဟင်းချို တို့ကိုသာ လုပ်တတ်၏။

မိုးသီးသည် အိမ်သို့ရောက်ပြီး မကြာမီ၌ပင် မအူကုန်းလမ်းကျယ်ရှိ ၎င်း၏ဆရာ ကိုနောင်ဘီအိမ်သို့ သွားလေ၏။ ကိုနောင်ဘီနှင့်တွေ့လျှင် ကိုနောင်ဘီ အား ၎င်း၏ဘဝဖြစ်စဉ်ကို အသေးစိတ်ပြောပြလိုက်လေ၏။ ကိုနောင်ဘီသည် ပြုံး၍ နားထောင်နေလေ၏။ မိုးသီး၏ စကားရပ်သွားသည်နှင့်-

"ဒီမှာ မောင်မိုးသီး၊ မင်းရဲ့တပ်က အရာရှိတွေဟာ မင်းအပေါ်မှာ တော်တော်ငဲ့ကြတာပဲ၊ မင်းလုပ်တဲ့ အပေါက်က တပ်ပြေးမှုနဲ့ မင်းကို





…ာင်ချ လို့ရတယ်၊ မင်းအနေနဲ့ ထောင်မကျဘဲ အေးအေးဆေးဆေး …တ်လာခွင့် ရတာဟာ သူတို့ကျေးဇူးပဲ၊ မင်းပြောပြလို့သိရတဲ့ မင်းတို့ …တ ဗိုလ်ကြီး တင်ဦးဆိုတဲ့ လူနဲ့ ဗိုလ်ကြီးသိန်းဟန်ဆိုတဲ့လူတွေကို ငါမြင်ဖူးဘဲနဲ့ သိပ်ပြီးလေးစားတယ်ကွာ. . .၊ သူတို့နှစ်ယောက်ဟာ …ရဲ့ကျေးဇူးရှင်တွေပဲ၊ ဘယ်တော့မှ မပြစ်မှားနဲ့ မောင်မိုးသီးရေ. . .၊ …ွန်းကြီး(၁၀)ပါးပြစ်မှားတဲ့ ပုဒ်မနဲ့ဘယ်တော့မှ နာလန်မထူဘဲ ဖြစ်သွားမယ် မောင်မိုးသီးရေ. . ." ဟု ဆုံးမလေ၏။ ထို့ကြောင့် မိုးသီးက -

"မပြစ်မှားပါဘူး အစ်ကိုကြီးရယ်. . ."ဟု ပြန်၍ဖြေလေ၏။ …နောက် ကိုနောင်ဘီက-

"ကျားကစားတဲ့အခါမှာ အရွှေ့မှားရင် ရှုံးတယ်လေကွာ၊ …က်က နှစ်ကောင်စားပြီး ကင်းပေါက်ရိုက် လိုက်မှာပေါ့. . .၊ အခုလည်း …ဘဝဟာ အိမ်ထောင်ပြုကာ တစ်ချက်မှားသွားတာနဲ့ ဘဝပျက်သွားပြီ …ပြီ၊ မင်း အနေနဲ့ ကင်းမြန်မြန်ရမှာ ဒီပွဲမှာနိုင်မှာ. . .၊ အဲဒီလိုမဟုတ်ဘူး …ရင်တော့ သေတဲ့အထိ အရှုံးနဲ့ပဲ သေရလိမ့်မယ်. . ."ဟု ပြောလေ၏။ …ကြောင့် မိုးသီးက-

"ဟုတ်ပါတယ် အစ်ကိုကြီးရယ်. . .၊ ကျွန်တော်လည်း ကင်းမြန်မြန် …ချင်ပါတယ်၊ ရမယ့်နည်းကို ပြောပေးပါ"ဟု ဝန်ခံလိုက်လေတော့၏။

"ကင်းမြန်မြန်ရမယ့်နည်းကတော့ အရင် မင်းလုပ်ခဲ့တဲ့ ဂမ္ဘီရနည်း …ပြန်လုပ်ရမယ်. . ."ဟု ကိုနောင်ဘီက ပြောလေ၏။ ထိုအခါ မိုးသီးက-

"ပြန်ပြီး လုပ်ချင်ပါတယ် အစ်ကိုကြီးရယ်. . .၊ ပျက်သွားတာကြာပြီ …တော့ ဘယ်ကနေစရမှန်းတောင် မသိတော့ပါဘူး. . ."ဟု စိတ်ပျက်သော …သံဖြင့် ပြောလေတော့၏။ ထိုအခါ ကိုနောင်ဘီက-

"ဒီမှာ မောင်မိုးသီး. . .၊ ဂမ္ဘီရနည်းတွေကို အစ်ကိုကြီးက မင်းကို …သို့မဖြစ်တော့ဘူး၊ မင်းကို ကောင်းကင်က သင်မှပဲရတော့မယ်၊ တိတ်ဆိတ် …နေရာမှာ မျက်စိမှိတ်ပြီး ငြိမ်ငြိမ်လေးထိုင်ထား. . .၊ အဲဒီလိုထိုင်စဉ် …တွင်းမှာ မင်းရဲ့မျက်စိထဲမှာပဲဖြစ်ဖြစ်၊ အာရုံထဲမှာပဲဖြစ်ဖြစ် ပေါ်လာလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲဒီလိုပဲ ယုံယုံကြည်ကြည်နဲ့ ထိုင်စောင့်ပေတော့. . .၊ အဲဒီလိုထိုင် အခါမှာ ကိုယ်ရဲ့ရှေ့မှာ ကောင်းကင်ကို ပွင့်ဖော်တဲ့အနေနဲ့ အမွှေးတိုင်လေ တစ်တိုင်တော့ ပွင့်ဖော်ထားကွ”ဟု ပြောပြလေ၏။

“အဲဒီလိုဆိုရင် တကယ်ပေါ်လာသလား. . .”

ဟု မေးလျှင် ကိုနောင်ဘီက-

“ပေါ်ပါတယ် ငါ့လူရာ. . .၊ ငြိမ်ငြိမ်လေးသာ ထိုင်နေစမ်းပါ. . .

ဟု ပြောလေ၏။ မိုးသီးသည် အိမ်သို့ပြန်လာခဲ့၏။ အိမ်သို့ရောက်လျှင် မိုးသီး ၏မိခင်က မိုးသီးအား-

“ဟဲ့ မိုးသီး၊ နင့်မိန်းမက ဗမာဟင်း မချက်တတ်ဘူး၊ ခေါက်ဆွဲဆို က အစိမ်းကြော်တို့၊ တောက်တောက်ကြော်တို့ပဲ လုပ်တတ်တာ၊ ဒါကြော နင့်အဖေကို ဒီနေ့ထမင်းဝိုင်းမှာ သူ့ခွေးမရဲ့လက်ရာ ကြက်သားနဲ့အစိမ်းကြေ တောက်တော်ကြော်၊ ချိုချဉ်ကြော် ချက်ပြီးကျွေးလိုက်တယ်၊ ဟင်းချိုလည် (၁၂)မျိုး ဟင်းချို ချက်ခိုင်းလိုက်တယ်. . .”

ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

“အဖေက စားပြီး ဘာပြောသလဲ. . .”

ဟု မေးလိုက်လေ၏။

“နင့်အဖေက ထမင်းစားရင်း အိမ်မှာ စားနေတာနဲ့မတူဘူး၊ ခေါက်ဆွဲ ဆိုင်ထဲ ရောက်နေသလိုပဲတဲ့”

ဟု မိုးသီး၏မိခင်က ပြန်၍ဖြေလေ၏။

“နေပါဦး အမေရယ်. . .၊ အဖေရဲ့စကားက ကဲ့ရဲ့တာလား၊ ချီးမွမ်း တာလား. . .”

ဟု မိုးသီးက မေးလိုက်ရာ မိုးသီး၏ မိခင်က-

“အဲဒါတော့ ငါလည်း မပြောတတ်ဘူး၊ နင့်ဟာနင် မေးကြည့်ပေတော့”

ဟု ပြောကာ မိုးသီး၏အနီးမှ ထွက်သွားလေ၏။ ညနေအိမ်သို့ရောက်သော အခါ မိုးသီး၏ဖခင်သည် မိုးသီးအား-





“မိုးသီးရေ. . .၊ မင်းအဘွားအသည်းအသန်ဖြစ်နေတယ်ကွ. . .၊ နေတိုင်း အဖေသွားကြည့်ရတယ်၊ အခုလည်း သွားကြည့်ရဦးမယ်. . .၊ လိုက်ခဲ့. . .”

ဟု ဆိုကာ မိုးသီးအား ခေါ်သွားလေ၏။

မိုးသီး၏အဘွားသည် မိုးသီးတို့နေထိုင်ရာနှင့် မျှားစွာမဝေးသော ကွက်သစ်’ဆိုသည့် ရပ်ကွက်တွင်ရှိ၏။ လမ်းမှာ (. . . .)လမ်းဖြစ်၏။ အိမ်နံပါတ်မှာ (၂၂)ဖြစ်၏။ မိုးသီးသည် ဖခင်ဖြစ်သူနှင့်အတူ အဘွား ထိုင်ရာသို့ လိုက်ပါလာခဲ့ရာ အိမ်ပေါ်သို့တက်ခါနီးတွင် အင်္ဂလိပ်စာလုံး ရေး ထားသည်ကို တွေ့ရလျှင်-

“အိမ်နံပါတ်ပြားလေးက ကြာပြီနော်. . .”

ဟု ပြောလိုက်ရာ ၎င်း၏ ဖခင်က-

“ကြာပြီပေါ့ကွာ. . .၊ မင်းအမေနဲ့ အဖေနဲ့တောင် မရသေးဘူး. . .၊ လူပျိုတုန်းကတည်းက ရေးပြီးရိုက်ထားတာ. . .၊ ဘာဖြစ်လို့မေးတာလဲ” မိုးသီးအား ပြန်၍မေးလေ၏။

“နံပါတ်(၂၂)ကို ကျွန်တော် သိပ်မကြိုက်ဘူး အမေရဲ့၊ ဂဏ္ဍရသဘော ‘စိတ်ဝမ်းကွဲခြင်း’လို့ အဓိပ္ပါယ်ရတယ်၊ ညီအစ်ကိုချင်း မောင်နှမချင်း နဲ့သားသမီး၊ လင်မယားစသည်တို့ စိတ်ဝမ်းကွဲတတ်တယ်. . .”ဟု ပြော လိုက်လျှင် မိုးသီး၏ ဖခင်က-

“မင်းအခုပြောတာ မှန်သားပဲကွ. . .၊ မင်းအဘိုးနဲ့မင်းအဘွားဟာ မှမဟုတ်ဘဲ ကွဲသွားကြတယ်လေ၊ ကွဲသွားပြီး မင်းအဘိုးက နောက်အိမ် ထောင်ပြုလိုက်တာ. . .၊ သာကေတမှာ နေနေတယ်. . .၊ မင်းအဘွား သေခါ မှာ သူအနားမှာရှိရမှာပေါ့. . .၊ အခုတော့ မရှိဘူး၊ ဒါပေမဲ့ မရှိတာလည်း ကောင်းပါတယ်၊ သူ့ကိုတွေ့လိုက်လျှင် မင်းအဘွား ချက်ချင်းအသက်ထွက် သွားနိုင်တယ်”

ဟု ပြောကာ မိုးသီး၏ ခေါင်းကို လက်ဖြင့်ပုတ်ကာ အိမ်ပေါ်သို့ တက်သွားလေ၏။ ထို့နောက် အသက်ငင်နေသော မိခင်ကြီးအနီးတွင်



www.burmeseclassic.com

www.burmeseclassic.com



သွား၍ ထိုင်လေ၏။ မိုးသီးလည်း သွား၍ထိုင်လေ၏။ မိုးသီး၏အဘွားလည်း မိုးသီးကို မြင်လျှင်-

"ဟဲ့ ငမိုး. . .၊ နင် ပြန်ရောက်လာပြီကိုး. . .၊ ဆိုးလိုက်တဲ့ ငမိုးရယ် ဘယ်တွေရောက်နေတာလဲ၊ မိန်းမရသွားပြီဆို. . .၊ ဘယ်မှမသွားနဲ့တော့. . . မင်းအတွက် အဘွား ပျဉ်ထောင်အိမ်လေးတစ်လုံး ဝယ်ပေးဦးမယ်. . . အဲဒီမှာပဲ နေတော့. . .၊ အဘွားက အိမ်ဝယ်ပေးမယ်. . .၊ အဲဒီမှာပဲနေ တော့၊ အိမ်ထဲမှာ ထားရမယ့် ဘီရိုတို့၊ ကြောင်အိမ်တို့၊ ပန်းကန်စင်တို့ မီးဖိုတို့က အစ မင်းဦးလေးနဲ့ မင်းအဒေါ်တို့က ဝယ်ပေးလိမ့်မယ် ကောင်းကောင်းနေ ကြားလား"ဟု ပြောကာ မောဍ် စကားကို ရပ်ပစ်လိုက် ပြီးလျှင် အဘွားကြီး ၏ ပါးစပ်သည် 'ဟစိ ဟစိ'ဖြစ်နေလေ၏။ မိုးသီးလည် အဘွားအား ကန်တော့ ပြီးလျှင် ထိုအိမ်မှ ပြန်ခဲ့လေတော့သတည်း. . .

* * * * *

"ယောကျ်ားပဲ ဒီလောက်တော့ လုပ်ရမှာပေါ့၊ အလုပ်မရှိရင်တော့ ငါ့အိမ်မှာ မနေတာအကောင်းဆုံးပဲ၊ နင့်မိန်းမကိုတော့ ငါ့သမီးမို့ အလကား ကျွေးထားမယ်. . .၊ နင့်ကိုတော့ ထမင်းတစ်နပ်တောင် မကျွေးနိုင်ဘူး၊ မသဒ္ဓါလည်း မသဒ္ဓါဘူး၊ အဲဒါမှ ဆက်ပြီး စားနေ ရင် မသဒ္ဓါရေစာတွေ စားနေတယ်လို့ နင်နားလည်ပါ. . ."





## အခန်း (၅၁)

### မိုးသီးအဘွား၏ အသုဘအိမ်

မိုးသီးသည် အသည်းအသန် နာမကျန်းဖြစ်နေသော အဘွား၏ အိမ်သို့ နေ့တိုင်းရောက်၏။ ၎င်း၏အဘွားသည် အသည်းအသန် နာမကျန်း ဖြစ်နေရာ မှ ကွယ်လွန်အနိစ္စ ရောက်သွားလေတော့၏။ ထိုအခါ၌ မိုးသီး သည် အဘွား၏ အသုဘကိစ္စများ ကူညီလုပ်ကိုင်ပေးရန်အတွက် ထိုအိမ်၌ပင် ဆော်လည်သည်အထိ နေရလေ၏။ မိုးသီး၏ဖခင်၏ ဆွေမျိုးများလည်း ထိုအိမ်၌ အပြည့် အကြပ်ရောက်ရှိနေပြီဖြစ်၏။ မိုးသီးသည် ၎င်း၏ မိန်းမကိုပါ ထိုအိမ်၌ ခေါ်ထားရလေ၏။ မိုးလည်း ၎င်း၏မိန်းမအား ထိုအိမ်သို့မခေါ်မီ၌-

"မိန်းမရေ. . .၊ ဘာပဲဖြစ်ဖြစ် သေသွားတဲ့အဘွားကြီးဟာ အဖေ ရဲ့အမေဆိုတော့ အဲဒီအိမ်မှာ ငါမရှိလို့မဖြစ်ဘူး၊ ကူညီလုပ်ကိုင်ပေး ရမှာပဲ၊ မင်းကိုလည်း အဲဒီအိမ်မှာ ခေါ်ထားရမှာပဲ၊ လူတွေ အများကြီးနဲ့ ဆိုမှာ. . .၊ အဆင်ပြေအောင် နေတတ်ဖို့တော့ လိုတယ်၊ လူပြောစရာ ဖြစ်အောင်တော့ မလုပ်နဲ့နော်. . ."ဟု အသေအချာ မှာကြားပြီးမှ ခေါ်ယူ သွားခဲ့ခြင်းဖြစ်၏။

ထိုအိမ်သို့ရောက်သောနေ့၌ပင် စက်ဘီးနှင့်ရောက်၍ အသုဘ ခြမ်းသော လူတစ်ယောက်သည် စက်ဘီးပျောက်၍ ဆူညံဆူညံ ဖြစ်နေ ၏။ မိုးသီးလည်း စက်ဘီးကို မည်သူစီးသွားသည်ကို စုံစမ်းပေးနေ၏။ အချိန်အတော်ကြာ စုံစမ်းပြီးသောအခါ၌ မိုးသီးအဒေါ်ဝမ်းကွဲတစ်ဦးက-



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူမှ စီးတာမဖြစ်နိုင်ဘူး၊ အဲဒီစက်ဘီးနားမှာ မိုးသီးမိန်းမရပ်နေတာ ငါတွေ့ရတယ်၊ သူပဲစီးသွားမှာပဲ. . .”ဟု ပြောလေ၏။ ဟုတ်လည်း ဟုတ်ပေသည်။ မိုးသီး၏မိန်းမသည် စက်ဘီးဖြင့် ပြန်၍ရောက်လာ၏။ အားလုံးသောလူများက-

“ဟော ဟိုမှာ. . . ဟိုမှာ၊ လာပြီ. . . လာပြီ”ဟု ဝိုင်း၍ အော်ကြလေ၏။ မိုးသီးမှာ လွန်စွာရှက်၍သွား၏။ မိုးသီး၏မိန်းမသည် အကြောင်းကိစ္စ မရှိဘဲလျက် ဧည့်သည်၏စက်ဘီးကို အပျင်းပြေလျှောက်၍ စီးခဲ့ကြောင်း ထင်ရှားလှ၏။ မိုးသီးသည် စိတ်မထိန်းနိုင်တော့ဘဲ စက်ဘီးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ရိုက်နှက်ရလေတော့၏။ ၎င်း၏မိန်းမလည်း လှိမ့်၍ငိုလေတော့၏။ မိုးသီး၏ဖခင်သည် မိုးသီးအားဆွဲထားရင်း -

“အခုမှတော့ ရိုက်မနေနဲ့တော့ မိုးသီးရေ. . .၊ မင်းက ကလေးစိတ်မကုန်သေးတဲ့ မိန်းမကို ယူထားတာကိုးကွ၊ နောက်ထပ် ဒုက္ခတွေရောက်လာလိမ့်ဦးမယ်. . .”ဟု ပြောလေ၏။

မိုးသီးသည် ဖခင်၏ ဆွေမျိုးများအလယ်တွင် အကဲ့ရဲ့ခံရလေတော့၏။ မိုးသီး၏မိန်းမသည် မိုးသီးအား စိတ်ကောက်၍ ထမင်းမစားဘဲ နေလေတော့၏။ လူအများက ချော့မော့၍ကျွေးသော်လည်း ကောက်မြဲကောက်နေလေ၏။ မိုးသီးမှာ အကြီးအကျယ် စိတ်ညစ်ရလေတော့၏။ မတတ်နိုင်သည့်အဆုံး၌ မမြင်ကွယ်ရာသို့ ခေါ်ထုတ်သွားပြီးလျှင် ထပ်မံ၍ ရိုက်နှက်ရလေတော့၏။

ထိုအခါကျမှပင် ၎င်း၏မိန်းမလည်း ထမင်းစားဆိုလျှင် စား၏။ ရေချိုး ဆိုလျှင် ချိုး၏။ မိုးသီးအမိန့်အတိုင်း တည်လေတော့၏။ မိုးသီးသည် အသုဘ ရက်အတွင်း၌ မအူကုန်းလမ်းဆုံရှိ ၎င်း၏ဆရာ ကိုနောင်ဘီအိမ်သို့ သွားရောက် ခဲ့လေ၏။ ထိုအဖြစ်အပျက်ကိုလည်း ကိုနောင်ဘီအား ပြောပြရာ ကိုနောင်ဘီက-

“စိတ်မကောင်းတော့ မဖြစ်နဲ့ မောင်မိုးသီးရေ၊ အဲဒီမိန်းမနဲ့ မင်းနဲ့လည်း မြဲမှာမဟုတ်ဘူး၊ ကွဲမှာပဲ. . .၊ ဒါပေမယ့် သူ့ကို ကျေးဇူးတင်ပါကွာ. . .၊ မင်းဘဝအပြောင်းအလဲဟာ သူကြောင့်ဖြစ်တာ မဟုတ်လား၊ အင်္ဂလိပ်ရက် (၂၅)ရက် မွေးတဲ့လူတွေဟာ နောက်ဆုံးမှာ ကမ္ဘာ့ရှ လမ်းကြောင်းပေါ် ရောက်သွားတတ်တယ်ကွ. . .၊ အိမ်ထောင်ရေးဒုက္ခတွေ





အများကြီးတွေ့တယ်ကွ၊ အဲဒါတွေကို ခါးစည်းပြီးခံလိုက်ပေဦးတော့. . .၊ ဒါဟာ သဘာဝကပေးတဲ့ ဒုက္ခတွေပါကွာ၊ (၂၅)ဂဏန်းရဲ့ သဘာဝပဲတွေ စိတ်မညစ်ပါနဲ့ ငါ့လူရာ. . .”ဟု ဆိုကာ မိုးသီးအား ရမ်တစ်ခွက်တိုက်လေ၏။ ပြီးလျှင်တယောထိုး၍ သီချင်းဆို ပြလေ၏။

အသုဘအိမ်တွင် မိုးသီး၏ဖခင်ဘက်မှ ဆွေမျိုးအကြီးအကဲများ အပြည့်အစုံရောက်နေ၏။ ၎င်းတို့သည် ကွယ်လွန်သူ မိုးသီး၏အဘွားဖြစ်သူ၏ မောင်နှင့် အစ်ကိုတို့ဖြစ်၏။ မိုးသီး၏ခင်မှာ အသုဘကို မည်သို့စီမံရမည်ကို တစ်လုံးတစ်ပါဒမှ ဝင်၍ မပြောပေ။ ထို့ကြောင့် မိုးသီးက ၎င်း၏ဖခင်အား-

“အဖေ ဒီအိမ်ပေါ်ရောက်နေတဲ့ လူတွေအားလုံးက အသုဘကို ဘယ်လိုစီမံမယ်၊ ဘယ်သို့စီမံမယ်ဆိုပြီး တစ်ယောက်တစ်ပေါက် ပြောနေကြတာပဲ၊ အဖေလည်း ပြောခွင့်ရှိတာပဲ၊ ဘာဖြစ်လို့ မပြောတာလဲ. . .”ဟု မေးရာ ၎င်း၏ဖခင်က-

“ဒီလို မောင်မိုးသီးရဲ့၊ အဖေ့မှာက ပိုက်ဆံမရှိဘူးကွ. . .၊ တချို့ ကိစ္စတွေက ပိုက်ဆံရှိမှ ပြောလို့ရတဲ့ စကားတွေဖြစ်တယ်ကွ၊ ဒါကြောင့်အဖေ ဘာ မပြောတာပါကွာ၊ ဥပမာကွာ အသုဘကို ဂူသွင်းမယ်ဆိုတဲ့စကားကို မင်း ဦးလေးက ပြောတာပေါ့ကွာ. . .၊ သူက ချမ်းသာတယ်လေကွာ၊ ဂူသွင်းဖို့ အများက သဘောတူရင်လည်း သူက အကုန်ခံနိုင်တယ်ကွ. . .၊ အဖေက အဲဒီလို အကုန်မခံနိုင်တော့ ဝင်ပြီးပြောဖို့ အားမရှိဘူးပေါ့ကွာ”ဟု စိတ်ပျက်အားငယ်သံဖြင့် ရှင်းပြလေ၏။

မိုးသီး၏စိတ်တွင် မိမိ၏မိခင်အရင်း သေဆုံးသောကိစ္စပင် ငွေမရှိ၍ စကားမပြောဝံ့သော ဖခင်၏အဖြစ်ကိုကြည့်ကာ ဝမ်းနည်း၍သွားလေ၏။ ထို့ကြောင့် ၎င်း၏စိတ်၌ ‘ဒါဟာ သင်ခန်းစာပဲ. . .၊ အဲဒီတော့ အောင်မြင်ချမ်းသာအောင် လုပ်ရမယ်’ဟု ဆုံးဖြတ်လိုက်လေ၏။

ထို့နေ့ညနေတွင် မိုးသီးသည် ဆရာကိုနောင်ဘီအိမ်သို့ ရောက်ခဲ့ပြန်၏။ မိုးသီးသည် ခံစားခဲ့ရသော အဖြစ်အပျက်ကို ကိုနောင်ဘီအား ပြောပြရာ ကိုနောင်ဘီက-

“ဟုတ်တယ် မောင်မိုးသီး. . .၊ မင်းရဲ့အဖေ အဲဒီအသုဘကိစ္စမှာ ဝင်မပြောတာ မှန်တယ်ကွ. .၊ သူက ဆင်းရဲတာကိုး၊ ဆင်းရဲတော့လူတော တိုးတော့ဘူးပေါ့ကွာ. . .၊ စကားပြောဖို့လည်း ပြောအားမရှိတော့ဘူးပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ. . .၊ အဲဒါကြောင့် မောင်မိုးသီးအနေနဲ့ ကြီးပွားချမ်းသာအောင် လုပ်သင့် တယ်ကွ၊ ဒါဟာ သင်ခန်းစာပဲ. . .၊ အခု မင်းအဖေကြုံတဲ့ အခက်အခဲမျိုး မင်းကြုံလာရင် ပိုပြီး ကြေကွဲဖို့ကောင်းတယ်နော်. . .၊ အခုကတည်းက ကြိုးစားပေတော့ မောင်မိုးသီးရေ. . .၊ တစ်ခု ပြောလိုက်ဦး မယ်ကွာ. . .၊

လောကကြီးမှာ ကိုယ်ကာယအားကိုးနဲ့ စီးပွားရှာခဲ့ရင် ပင်လည်း ပင်ပန်းတယ်၊ အရလည်း နည်းတယ်ကွ၊ ပညာနဲ့စီးပွားရှာရရင်တော့ မပင် ပန်းဘူးပေါ့ကွာ. . .၊ တကယ်လို့ ကိုယ့်မှာငွေရှိလို့ စီးပွားရှာရင်တော့ မပင် ပန်းတဲ့အပြင် အရလည်းများတယ်ကွ. . .၊ ဒီအိမ်ရဲ့ခြေရင်းဘက်မှာ ညီအစ်ကို သုံးယောက်ရှိတယ်ကွ. . .၊ အကြီးဆုံးအစ်ကို ပညာလည်း မတတ်ဘူး၊ ငွေ အရင်းအနှီးလည်းမရှိတော့ဘူး. . .၊ ခမျာကွာ. . သားသမီးတွေနဲ့ ပင်ပန်း လိုက်တာ လွန်ပါရော. . .၊

အလတ်ကောင်က ခေတ်ပညာတတ်ကွ. . .၊ ရုံးတစ်ရုံးမှာ ဌာနခွဲ စာရေးကြီးကွ. . .၊ သူကတော့ မပင်ပန်းရှာပါဘူး. . .၊ ဒါပေမယ့် ပြည့်စုံ တယ်လို့ မဟုတ်ပါဘူးပေါ့ကွာ. . .၊ အငယ်ဆုံးကောင်ကတော့ ပညာမတတ် ဘူး၊ ဒါပေမယ့် ဒီကောင်က ငွေရင်းငွေနှီး ရှိတယ်လေကွာ. . .၊ အဲဒီတော့ တား(၄)စီးလောက် ထောင်ထားတယ်၊ သူ့ကားတစ်စီးရဲ့ တစ်နေ့ဝင်ငွေဟာ သူ့အစ်ကို တစ်လလုံးရတဲ့ လခထက် များတယ်ကွ. . .၊ ပြီးတော့ လုပ်ငန်း တွေမှာလည်း သူက ရှယ်ယာတွေထည့်ထားတော့ အဲဒီအိမ်မှာ သူဟာ ဇာတိထ ပဲ. . .၊ ပင်ပန်းတဲ့ဖွတ်နဲ့ မပင်ပန်းတဲ့ဖွတ် ဒါပဲကွာတယ်ကွ. . .”မိုးသီးအား ရှင်းပြလေ၏။

“နေစမ်းပါဦး အစ်ကိုနောင်ဘီရယ်. . .၊ ငွေရင်း ငွေနှီးနဲ့ရှာတာ ထက် ပိုအဆင်ပြေတဲ့ ရှာနည်းရှိသေးလား. . .”ဟု မိုးသီးအား မေးလိုက်ရ တိုနောင်ဘီက-

“အဲဒီအကြောင်း ပြောမလို့ပဲကွ. . .၊ အဲဒီနည်းကတော့ ဂမ္ဘီရနည်း ရှိတော့တယ်ကွ၊ ဂမ္ဘီရကိုတတ်သွားရင် ကိုယ်ဘာလုပ်ရင် အောင်မြင်ချမ်းသာ မယ်ဆိုတာ သိတယ်ကွ. . .၊ ကိုယ့်ဘဝရဲ့ ရောင်ခြည်ကို ကိုယ်နားလည်တယ် ရောင်ခြည်မပါတဲ့အလုပ်ကို မလုပ်ဘူးပေါ့ကွာ. . .၊ ရောင်ခြည်ပါတဲ့အလုပ်





လုပ်တော့ နေ့ချင်းညချင်း ကြီးပွားတာပေါ့ကွာ၊ ဒါကြောင့် မင်းကို ဂမ္ဘီရပညာ ဆက်လက်လိုက်စားဖို့ အစ်ကိုကြီးက မင်းကို တိုက်တွန်းနေရတာပေါ့ကွ. . ၊

ပြီးတော့ မင်းကို ပြောပြရဦးမယ်. . .၊ ဂမ္ဘီရသမားတစ်ယောက် ဘယ်တော့မှ မလုပ်ရမယ့် အလုပ်တွေရှိတယ်ကွ. . .၊ မလုပ်ရုံမဟုတ်ဘူး စိတ်တောင် မဝင်စားရဘူး၊ အဲဒါက ဘာလဲဆိုရင် နိုင်ငံရေးပဲကွ. . .၊ နိုင်ငံရေး ကိုလည်း စိတ်မဝင်စားနဲ့၊ ကိုယ်တိုင်လည်း ပါပြီး ဘာမှမလုပ်ရဘူးလေ၊ ဂမ္ဘီရ လမ်းကြောင်းကို အများကြီးအနှောင့်အယှက်ပေးနိုင်တယ်. . .”ဟု ပြောပြ လေ၏။

မိုးသီးသည် ကိုနောင်ဘီပြောပြသော အကြောင်းအရာများကို နားလည်ခြင်းမရှိခဲ့ပေ။ သို့သော် ‘ကောင်းပါပြီ အစ်ကိုကြီး’ဟု ဝန်ခံခဲ့လေ တော့သတည်း။

* * * * *

ဂမ္ဘီရသမားတစ်ယောက် ဘယ်တော့မှ မလုပ်ရမယ့် အလုပ်တွေ ရှိတယ်ကွ. . .၊
မလုပ်ရုံမဟုတ်ဘူး၊ စိတ်တောင် မဝင်စားရဘူး၊ အဲဒါက ဘာလဲဆိုရင် နိုင်ငံရေးပဲကွ. . .၊
နိုင်ငံရေး ကိုလည်း စိတ်မဝင်စားနဲ့၊ ကိုယ်တိုင်လည်း ပါပြီး ဘာမှ မလုပ်ရဘူးလေ၊ ဂမ္ဘီရ လမ်းကြောင်းကို အများကြီးအနှောင့် အယှက် ပေးနိုင်တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄၂)

## ချောင်ပူကိုစွ

မိုးသီးတို့လင်မယားသည် မိုးသီး၏အဘွား၏ အသုဘအိမ်တွင် ရက်မလည်ချင်း နေကြရလေ၏။ မိုးသီး၏ဖခင်ဘက်မှ ဆွေမျိုးအကြီးအကဲများသည် အသုဘအိမ်တွင် တွင်ကျယ်စွာစကားပြောကြလေ၏။ ၎င်းတို့စကားဝိုင်းသို့ မိုးသီးသည် ဝင်ရောက် နားထောင်လေ၏။ ၎င်းတို့ပြောသောစကားများမှာ မိုးသီးအဖို့ မှတ်သားဖွယ်ရာလည်း မကောင်း၊ စိတ်ဝင်စားဖွယ်ရာလည်း မကောင်းသဖြင့် မိုးသီးသည် စိတ်ပျက်ရလေတော့၏။ မိုးသီးအဘွား၏ အစ်ကိုကြီးဆိုသူမှာ ဆွေမျိုးထဲတွင် အသက်အကြီးဆုံးဖြစ်၏။ သူသည် မြန်မာပြည်တွင် လူဦးရေ ဘယ်လောက်ရှိသည်ကိုပင် မသိရှာပေ။ ၎င်းပြောသောစကားတွင် များပြားသော အကြောင်းအရာများ၌ ကုဋေ ကုဋာဟု ထည့်ပြောလေ၏။ ထိုအချိန်က မြန်မာပြည်၏လူဦးရေမှာ (၁၆)သန်းသာရှိလေ၏။ တရုတ်ပြည်ကြီး၏ လူဦးရေမှာ သန်း(၈၀၀)ရှိ၏။ ၎င်းအဘိုးကြီးက မိုးသီး၏ စကားကို လက်မခံနိုင်ဘဲ. .

"အလွန်ဆုံးရှိမှ တစ်ကုဋေပေါ့ကွာ. . ."ဟု ပြောလေ၏။ ၎င်းပြောသော တစ်ကုဋေမှာ (၁၀)သန်းသာရှိ၏။ အခြားသောအဘိုးကြီးတစ်ယောက် မှာလည်း အိန္ဒိယပြည်နှင့် အင်္ဂလန်ပြည်ကို ခွဲခြား၍မသိရှာပေ။ ၎င်းက-

"တို့ကို အုပ်ချုပ်ဖို့ အိန္ဒိယမိစ္ဆာတွေဟာ အိန္ဒိယက လာကြတာကွ" ဟု ပြောလေ၏။ မိုးသီးက-

"အင်္ဂလန်က လာတာမဟုတ်ဘူး ဘကြီး"ဟု ပြောလိုက်ရာ ထိုအဘိုးကြီးက-

"မင်း နားမလည်ပါဘူး၊ လူကြီးပြောတာ နားထောင်စမ်းပါ၊ ဗဟုသုတဖြစ်အောင် ဝင်မရှုပ်စမ်းပါနဲ့"ဟု ငေါက်လေ၏။ အခြားသောအဘိုးကြီး တစ်ယောက်ကမူ-





"ဒီလိုကွ. . .၊ မင်းတို့ကြားဖူးတဲ့ ဟစ်တလာဆိုတာ စကြာတံဆိပ်ကို သုံးတာကွ၊ သူ့ဟာသူဆို မသုံးတတ်ပါဘူးကွာ. . .၊ သူ့အမေနဲ့စကြာမင်းသားနဲ့က အိမ်ထောင်ကျသေးတာကွ. . .၊ ဒီကိစ္စကို လူတိုင်းမသိဘူး၊ သူဟာ စကြာမင်းသားရဲ့ မယားပါသားကွ. . ."ဟု ပြောသဖြင့် မိုးသီးသည် မအောင့်နိုင်ဘဲ အားကုန်အော်ဟစ်၍ ရယ်လေတော့၏။ ထိုအခါ အဘိုးကြီးက-

"တယ်ခက်တဲ့ ကလေးတွေပဲ၊ ကိုယ်လည်း ဗဟုသုတ မရှိဘူး၊ ရှိတဲ့လူကြီးကပြောတော့လည်း သရော်သလိုလို၊ လှော်သလိုလိုနဲ့. . ."ဟု စိတ်ဆိုးတာ မိုးသီးအား ရိုက်မောင်းပုတ်မောင် လုပ်၏။ မိုးသီးက မခံပေ။

"ပါးစပ်နဲ့ပြော. . .၊ ပါးစပ်နဲ့ပြော. . .၊ လက်မပါနဲ့ နည်းနည်းလေးလာထိရင် မခံဘူးနော်၊ နှစ်လောင်းပြိုင် ဖြစ်သွားမယ်. . ."ဟု ကြိမ်းလိုက်ရာမှ အဘိုးကြီးလည်း ငြိမ်၍သွားလေ၏။ အဘိုးကြီးတစ်ဦးကမူ မြတ်စွာဘုရားသခင်၏ အရပ်တော်ကို အတောင် (၈၀)မြင့်သည်ဟု မျက်စိမှိတ်၍ ငြင်းလေ၏။ ထိုအခါ မိုးသီးက -

"လမ်းမှာ စိုက်ထားတဲ့ ဓာတ်တိုင်ထက်အောင် မြင့်နေပြီ၊ အဲဒီလိုဆိုရင် ဆွမ်းလောင်းတဲ့လူရဲ့အရပ်က ဘယ်လောက်ရှိရမလဲ၊ ဘကြီးပြောဝါ၊ အိန္ဒိယပြည် ရှေးဟောင်းသုတေသနက မြေကြီးကို တူးဖော်ပြီးထားတာ ဓာတ်ပုံတွေထဲမှာ တွေ့ရတယ်၊ အဲဒီအဆောက်အဦးတွေကို ကြည့်ရတာ ဘကြီးပြောသလောက် မရှိနိုင်ဘူး၊ အဲဒီလောက်ကြီးမြင့်ရင် ဒီကျောင်းတွေမှာ သီတင်းသုံးလို့မရနိုင်ဘူး၊ ဘကြီး ဒီစကားကို ဒီမှာပဲပြောပါ. . .၊ ရှက်စရာကောင်းဝါတယ် ဘကြီး. . ."ဟု ကန့်ကွက်လိုက်လျှင် ထိုအဘိုးကြီးသည် ဒေါပွ၍ရှေ့မှ ရေနွေးခရာကို ရိုက်ခွဲလိုက်လေတော့၏။ ထို့ကြောင့် မိုးသီးသည် ကျန်သော ရေနွေးကြမ်း ပန်းကန်နှစ်လုံးကို ထပ်မံ၍ ရိုက်ခွဲပြလိုက်လေတော့၏။

"လူကြီးပြောတာကို ကောင်းကောင်း နားမထောင်ဘူး၊ ဆန့်ကျင်ဘက် လိုက်ပြီးပြောနေတယ်၊ မြေမျိုမယ့်ကောင်လေး"ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးတို့လို ပြောလို့မြေမျှမယ်ဆိုရင် အခုမျှိစမ်းဗျာ"

ဟု ပြောလျှင် ကြီးတော်ကြီးတစ်ဦးက -

"ဟဲ့ကောင်လေး. . . ဟဲ့ကောင်လေး၊ ကန်တော့စမ်း. . .၊ ပြန်ပြီး ကန်တော့စမ်း. . .၊ အမယ်လေးတော့ ဆွေမျိုးထဲက ဆင်လောက်ကြီးတဲ့ ဘကြီးတွေကို နှံ့ပြည်စုပ်က အာခံတယ်ဟုတ်လား. . ."ဟု ပြောလိုက်လျှင် မိုးသီးက-

"မကန်တော့နိုင်ပေါင်ဗျာ. . ."ဟု ပြန်၍ပြောလိုက်လျှင် မိုးသီး၏ ဖခင်က ပြုံးလေ၏။

သူ၏အပြုံးသည် မိုးသီးအား ထောက်ခံနေသည်လား၊ ကန့်ကွက်နေသည်လား၊ မပြောနိုင်ပေ။ ထို့နောက်တွင်ကား သေဆုံးသူ အဘွားကြီး၏ အလောင်းကို တာမွေသုသာန်တွင် ဂူသွင်းရန် ဆုံးဖြတ်ကြလေ၏။ ထို့ကြောင့် ၎င်းအဘိုးကြီးတစ်ခုသည် တာမွေသုသာန်သို့ ဂျစ်ကားတစ်စီးဖြင့် ထွက်သွားကြလေတော့၏။ ထိုအချိန်၌ အဒေါ်ကြီးတစ်ဦးသည် မိုးသီးအား-

"နင်ကလည်း အိမ်ရှေ့မှာ ဆွေမျိုးအဘိုးကြီးတွေနဲ့ စကားများနေတယ်၊ နင့်မိန်းမကလည်း နောက်ဖေးမှာ ဆွေမျိုးအဘွားကြီးတွေနဲ့ရန်ဖြစ်နေတယ်၊ နင်တို့နှစ်ယောက်က ဒီအသုဘအိမ်မှာ အော့ကြောလန်တွေပါပဲ"ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ဟုတ်တယ်. . .၊ ကျွန်တော့်မိန်းမ ဒီလိုမှ ဖြစ်ပါ့မလားလို့ စိတ်ပူနေတာ. . .၊ အခုလိုကြားရတာ ဝမ်းသာပါတယ်"ဟုပြောလိုက်လျှင် ထို အဒေါ်ကြီးသည် မိုးသီးအား မျက်စောင်းထိုး၍ ထိုနေရာမှ ထသွားလေတော့၏။

များမကြာမီအချိန်၌ တာမွေသချိုင်းသို့ အုတ်ဂူကိစ္စဖြင့် သွားကြသော အဘိုးကြီးတစ်စုသည် ဂျစ်ကားဖြင့် ပြန်လာကြလေ၏။ တာမွေသချိုင်း၌ အုတ်ဂူလုပ်ရန် နေရာမရဟု သိရလေ၏။ မိုးသီး၏အဘိုးသည် မိုးသီး၏အဘွားနှင့်ကွဲ၍ နောက်အိမ်ထောင်ကျနေသည်ဖြစ်ရာ မိုးသီးအား ခေါ်ခိုင်းလေ၏။ မိုးသီးလည်း သွား၍ခေါ်ပေးရလေ၏။ မိုးသီး၏အဘိုးကလည်း မိုးသီးနှင့် လိုက်ပါခဲ့လေ၏။ အိမ်ပေါ်သို့ရောက်လျှင် မိုးသီးနှင့်စကားများသော ဆွေမျိုး အကြီးအကဲ အဘိုးကြီးများအား ပြုံးရွှင်စာနှုတ်ဆက်လေ၏။ ဆွေမျိုး အဘိုးကြီးများနှင့် မိုးသီးအဘိုးသည် သမီးယောက်ဖတော်ကြကုန်၏။ မိုးသီး





အဘိုးအား ကျန်သော အဘိုးကြီးများက မောင်ပွကြီးဟု ခေါ်ကြကုန်၏။

"မောင်ပွကြီးရေ. . .၊ တို့ကတော့ တို့တတ်သလို စီမံနေတယ်ကွာ" ဟု အဘိုးကြီးတစ်ဦးကပြောလျှင် မိုးသီး၏အဘိုး ဦးပွကြီးက-

"ကောင်းပါတယ် အစ်ကိုတို့ရာ. . .၊ ကျွန်တော်ကတော့ အပြင်လူ ဖြစ်နေပြီဆိုတော့ ဝင်ပြီးပါလို့တောင် မကောင်းပါဘူး၊ အစ်ကိုတို့ ကြိုက်သလို စီမံပါ. . ."ဟု ပြောလေတော့၏။ ထိုအခါ အဘိုးကြီးတစ်ဦးက-

"တို့ကတော့ တို့ညီမရဲ့အလောင်းကို တာမွေသုသာန်မှာ ဂူသွင်းဖို့ပဲ သွား. . .၊ ဒါပေမဲ့ တာမွေသုသာန်မှာ ဂူနေရာ မရတော့ဘူး၊ အခုပဲ တို့ပြန်လာတာ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီး၏အဘိုး ဦးပွကြီးက-

"ဂူသွင်းချင်လို့လား. . .၊ ဂူသွင်းချင်ရင်လည်း ဖြစ်အောင်လုပ်ပေးပါမယ်. . ."ဟု ဆိုကာ အသုဘအိမ်မှ ဂျစ်ကားကို တောင်း၍ မိုးသီးအား ခေါ်ပြီးလျှင် ကုက္ကိုပင်ကြီးတစ်ပင်၏အရိပ်တွင် ကားကိုရပ်ပြီး မြက်ခင်းပြင်ပေါ်တွင် ထိုင်နေ၏။ ထို့နောက် ပေါက်တူးထမ်း၍လျှောက်လာသော သချိုင်းလုပ်သားတစ်ဦးအား-

"ဟေ့ သူငယ်. . .၊ မင်းတို့လူကြီး ငွေမောင်နဲ့တွေ့ချင်တယ်ကွာ၊ သူ့သူငယ်ချင်း ကိုပွကြီး ရောက်နေတယ်လို့ ပြောပေးပါကွာ. . ."ဟုပြောလေ၏။

များမကြာမီ၌ ထိုသချိုင်း၏ အကြီးအကဲ ကိုငွေမောင်ဆိုသူရောက်လာလေ၏။ ၎င်းကိုငွေမောင်သည် ဖြူစင်သန့်ရှင်းသော လူရိုင်းခေါင်း တံဆိပ်ပါသော စွပ်ကျယ်ကို ဝတ်ထား၏။ အောက်တွင်လည်း ပလေကပ် ကွဲချည် အဖြူကို ဝတ်ထား၏။ နတ်ပြာရောင်ကတ္တီပါဖိနပ် စီးထား၏။ လက်တွင် ရွှေလက်ပတ်ကြီး ပတ်ထား၏။ စိန်လက်စွပ်ကြီးတစ်ကွင်းကိုလည်း စွပ်ထား၏။ လက်ကြားတွင် မီးရဲအောင်ညှိထားသော မစိန်ညွန့် ဆေးပေါ့လိပ်ကြီးကိုလည်း ညှပ်ထားလေ၏။ ထိုကိုငွေမောင်သည် ဦးပွကြီးကို မြင်လျှင်-

"ကိုပွကြီး. . .၊ ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ၊ ကျုပ်က အသေမှ ဒီကို ရောက်လာမယ်ထင်နေတာ. . ."ဟု အပြစ်တင်သောလေသံဖြင့် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်ဆိုးမယ်ဆိုလည်း ဆိုးစရာပဲကွာ၊ ငါကလည်း မင်းတို့ဆီကို မရောက်တာကြာပြီကွာ၊ မရောက်တာလည်း မခင်လို့မဟုတ်ပါဘူးကွာ. . .၊ မင်းကတော့ ပြေလည်လို့၊ စိန်လက်စွပ်နဲ့ရွှေလက်ပတ်ကြိုးနဲ့တတယ့်ကို သူဌေးကြီးပဲ. . .၊ နေစမ်းပါဦးကွ. . .၊ မင်းမိန်းမ ကုလားမနဲ့လည်းတွေ့ချင်တယ်ကွ. . ."ဟု ပြောလိုက်ရာ ကိုဌေးမောင်က-

"ခင်ဗျား ရောက်နေတယ်ကြားလို့ ကျုပ်က အားရဝမ်းသာ ဆင်းပြီးပြေးလာတာဗျ၊ သူက နောက်ကလိုက်လာလိမ့်မယ်၊ ခင်ဗျားကို သတ်ဖို့ဓားရှာနေတယ်. . ."ဟု ပြောကာ တဟားဟား ရယ်နေလေ၏။ များမကြာမီ၌ ကိုဌေးမောင်၏ မိန်းမဖြစ်သူ မကုလားမသည် ပြေး၍လိုက်လာလေ၏။ ထိုအခါ ဦးပွကြီးက-

"ဟဲ့ ကုလားမ. . .၊ ငါ့ကိုသတ်ဖို့ ဓားပါရဲ့လား"ဟု လှမ်း၍မေးရာ-

"ဓားတော့မပါဘူး၊ ဟောဟိုနားဂူက အုတ်ကျိုး အုတ်ပဲ့တွေနဲ့ ထုပြီးသတ်မယ်. . .၊ ကိုပွကြီး ရှင်ရောက်မလာဘဲ ကျုပ်တို့ကို စွန့်ပစ်ထားတာဘယ်နနှစ်ရှိပြီလဲ"ဟု မေးလေ၏။ ထိုအခါ ဦးပွကြီးက-

"မှတ်မိပါတယ်ဟယ်. . .၊ အလွန်ငိုတဲ့ ဟိုကလေးကို မွေးပြီးကတည်းက ငါ မရောက်တာဆိုတော့ ရှစ်နှစ်ရှိပြီပေါ့ဟယ်၊ ဒါနဲ့နေစမ်းပါဦး. . .၊ နင်တို့ ချမ်းသာတာတော့ ဟုတ်ပါပြီ. . .၊ သားတွေသမီးတွေကရော စုံစုံလင်လင်ရှိရဲ့လား. . .၊ နင့်သမီး အကြီးမ 'ခွေးမ'ရော"ဟု အမှတ်တရမေးလိုက်ရာ-

"ကြည့်စမ်း ကိုဌေးမောင်၊ ဒီလူကြီးက ခွေးမကိုတောင် နာမည်နဲ့မှတ်မိနေတယ်၊ ခွေးမက ကလေးမဟုတ်တော့ဘူး. . .၊ ယောကျ်ားနဲ့လိုက်သွားပြီး အဲဒီယောကျ်ားနဲ့ကွဲပြီး အိမ်ပြန်ရောက်လာတယ်၊ တစ်ခုလပ်ပေါ့ရှင်ဆယ်တန်းပြန်တက်မယ်ဆိုလို့ သယ်န်းကျွန်းက ညကျောင်းကျုရှင်မှာ အပ်လိုက်တယ်လေ၊ ညကျောင်းသွားရင်းနဲ့ သယ်န်းကျွန်းလိုင်းက ကားစပယ်ယာလေး နဲ့ငြိလို့ အဲဒီကောင်လေးနဲ့ပေးစားလိုက်ရတယ်၊ မင်္ဂလာဆောင်တိုဒီမှာပဲကျင်းပ လိုက်တယ်၊ အခုတော့ ကလေးနှစ်ယောက်ရနေပြီ၊ အဲဒီကလေးနှစ်ယောက်ကို သူ့အဘိုး ကိုဌေးမောင်က ထိန်းလိုက်ရတာ အမောပဲ. . ."ဟု ပလုပ်ပလောင်း ပြောလေ၏။ ထို့နောက် ကိုဌေးမောင်က -





"ကဲ. . . နေစမ်းပါဦး ကိုပွကြီး၊ ခင်ဗျားလာရင်း ကိစ္စပြောပါဦး"ဟု မေးရာ မိုးသီး၏အဘိုး ဦးပွကြီးက-

"ငါ့မိန်းမကြီး ဆုံးသွားပြီကွ၊ အဲဒါကို သူ့ဆွေမျိုးတွေက ဂူသွင်းချင်တယ်၊ မင်းတို့ဆီမှာ နေရာမရဘူးဆိုလို့ အကြပ်တွေ့နေတယ်၊ အဲဒါလေး ကူညီပါဦးကွာ. . ."ဟု အကူအညီတောင်းရာ ၎င်းကိုဌေးမောင်က-

"ရပါတယ်ဗျာ. . .၊ ကျုပ် စီမံပေးပါ့မယ်၊ ဟောဟိုနားက မြင်းကျော်တီတွေရဲ့အုတ်ဂူတွေရှိတယ်၊ အဲဒီနေရာက ကုန်းကလေးဗျာ. . .၊ ခြောက်ခြောက်သွေ့သွေ့လည်းရှိတယ်၊ နေရာတင်မဟုတ်ဘူး ကိုပွကြီးရေ၊ အုတ်ဂူကိုပါကျုပ် ပိုက်ဆံနဲ့ကျုပ် လုပ်ပေးလိုက်မယ်၊ ခင်ဗျားပါရောပြီး သေချင်သေလိုက်ဦး၊ ဂူတစ်လုံးအပိုလုပ်ပေးထားမယ်. . ."ဟု ပြောကာ ရယ်မောလေတော့၏။ ထို့နောက် မိုးသီးနှင့် ဦးပွကြီးသည် အသုဘအိမ်သို့ ပြန်လာကြ၏။

အသုဘအိမ်ပေါ်တွင် 'အဘိုးကြီးများသည် ထုံးစံအတိုင်း လေပေါ်နေကြ၏။ ထိုဝိုင်းထဲတွင် ဆွေမျိုး ဦးဇင်းတစ်ပါးသည် ရောက်နေပြီဖြစ်၏။ ၎င်းဦးဇင်းလည်း ကြမ်းပြင်ကို လက်ဝါးဖြင့် တဘုန်းဘုန်းဖြင့် ပုတ်ကာ-

"အမေရိကန်မိစ္ဆာဒိဋ္ဌိတွေက လပေါ်တက်မလို့ ကြွေးကြော်နေပြန်ပြီ၊ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲဗျာ၊ ဘုရားအလောင်းတွေတောင် လပေါ်တက်တယ်လို့ စာထဲမှာမတွေ့ဖူးဘူး၊ သူတို့က ဘယ်လိုလုပ်တတ်နိုင်မှာလဲ"ဟု ပြောလေ၏။ ထိုအခါ မိုးသီးက -

"အမေရိကန် လပေါ် ရောက်မရောက်တော့ မသိဘူး၊ အဘွားကြီးနဲ့ အုတ်ဂူနေရာကတော့ အဘိုးရဲ့မိတ်ဆွေအကူအညီနဲ့ရလာခဲ့ပြီ. . ."ဟု ဝင့်ဝင့်ဝါဝါ လေသံဖြင့် ပြောလေ၏။ ကျန်အဘိုးကြီးများက တအံ့တဩမေးမြန်းကြလေ၏။ မိုးသီး၏အဘိုး ဦးပွကြီးကလည်း-

"အဲဒီမှာ လူကြီးလုပ်နေတဲ့လူက ကျွန်တော့် မိတ်ဆွေဗျ၊ သူကကူညီ လိုက်တာပါ. . ."ဟု ပြောပြီးလျှင် မိုးသီဘက်သို့လှည့်ကာ-

"ဒီမှာ မိုးသီး. . .၊ လောကမှာ မပေါင်းထိုက်တဲ့ လူမရှိဘူးနော်. . .၊ မိတ်ဆွေပေါ်များခြင်းဟာလည်း ကောင်းတဲ့ အရည်အချင်းတစ်ခုပဲကွ၊ မှတ်ထား. . ."ဟု ပြောလိုက်လေတော့သတည်း. . .။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရသမားတစ်ယောက် ဘယ်တော့မှ မလုပ်ရမယ့် အလုပ်တွေ ရှိတယ်ကွ. . .၊
မလုပ်ရုံမဟုတ်ဘူး၊ စိတ်တောင် မဝင်စားရဘူး၊ အဲဒါက ဘာလဲဆိုရင် နိုင်ငံရေးပဲကွ. . .၊
နိုင်ငံရေး ကိုလည်း စိတ်မဝင်စားနဲ့၊ ကိုယ်တိုင်လည်း ပါပြီး ဘာမှ မလုပ်ရဘူးလေ၊ ဂမ္ဘီရ လမ်းကြောင်းကို အများကြီးအနှောင့် အယှက် ပေးနိုင်တယ်. . .

"ယောက်ျားပဲ ဒီလောက်တော့ လုပ်ရမှာပေါ့၊ အလုပ်မရှိရင်တော့ ငါ့အိမ်မှာ မနေတာအကောင်းဆုံးပဲ၊ နင့်မိန်းမကိုတော့ ငါ့သမီးမို့ အလကား ကျွေးထားမယ်. . .၊ နင့်ကိုတော့ ထမင်းတစ်နပ်တောင် မကျွေးနိုင်ဘူး၊ မသဒ္ဓါလည်း မသဒ္ဓါဘူး၊ အဲဒါမှ ဆက်ပြီး စားနေရင် မသဒ္ဓါရေစာတွေ စားနေတယ်လို့ နင်နားလည်ပါ. . ."

"မိန်းမကို ချောက်သွားပို့တာကွ၊ ပြီးတော့ ငါပြန်လာခဲ့တာ၊ ရထားဆိုက်တာနဲ့ ကျောက်မြောင်းကိုသွားမလို့ ဒီကနေ ဖြတ်ပြီးလျှောက်လာတာ၊ အခု မင်းနဲ့တွေ့တာပဲ. . . ဒီတစ်ခါပို့ခဲ့တာတော့ အပြီးပဲကွ . . ."





## အခန်း၊ (၄၃)

### မိုးသီးနေ့စားလောက်နိုင်စက်ရှိုက်သမား လှုပ်ရှားပြီ...

မိုးသီးအဘွားကြီး၏ ဈာပနကိစ္စ ပြီးစီးသွားပြီဖြစ်၏။ မိုးသီး၏ အဘွား သည် မသေမီ၌ သယ်န်းကျွန်း ရပ်ကွက်အနီးရှိ ရန်ကုန်သစ်ဆိုသည့် ရပ်ကွက်၌ သုံးပင်နှစ်ခန်း ပျဉ်ထောင်သွပ်မိုးအိမ်ကလေးပါသည့် လေးဆယ် ချောက်ဆယ် မြေကွက်ကလေးတစ်ကွက်ကို ဝယ်ပေးခဲ့၏။ ထို့ကြောင့် မိုးသီးတို့ လင်မယားအဖို့ နေစရာအိမ်ကလေးတစ်အိမ် ရရှိခဲ့ပြီဖြစ်၏။ သို့ရာတွင် မိုးသီး၌ကား အလုပ်မရှိရာပေ။

တစ်နေ့တွင် မိုးသီးသည် အကြီးအကျယ်နေကောင်းဖြစ်၍ ရေနွေး သောက်ကာ စောင်ခြုံ၍ ချွေးထုတ်နေလေ၏။ ထိုအချိန်၌ မိုးသီး၏ ငယ်ပေါင်း သူငယ်ချင်းဖြစ်သော 'လှမြင့်'ဆိုသူ ရောက်လာ၏။

၎င်းလှမြင့်သည် ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး (၄၇)လမ်းထိပ်ရှိ ရဲထောက်ပံ့ ရေးမင်းကြီးရုံးတွင် တာဝန်ကျနေသူဖြစ်၏။ ၎င်းလှမြင့်သည် မိုးသီးအား အကျိုး အကြောင်းမေးရာ မိုးသီးက ဖျားနေသည်မှာ (၃)ရက်ရှိပြီ ဖြစ်ကြောင်း ပြောပြလေ၏။ ထိုအခါ လှမြင့်က -

"ဆေးခန်းလေးဘာလေး မပြဘူးလား. . ."ဟုမေးလေ၏။

"မပြပါဘူးကွာ. . .၊ ဆေးခန်းပြဖို့ မပြောနဲ့၊ အဖျားပြတ်ဆေးလေး ဝယ်သောက်ဖို့တောင် ပိုက်ဆံတစ်ပြားမှ မရှိလို့ ရေနွေးသောက်ပြီး ချွေးထုတ် နေရတာကွ" ဟု ကျွန်ုပ်က ပြန်၍ပြောရာ လှမြင့်သည် လွန်စွာစိတ်မကောင်း ဖြစ်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုနေလို့တော့ မဖြစ်ဘူးကွ. . .၊ အခု မင်း ငါနဲ့လိုက်ခဲ့ကွာ. . .၊ အလုပ်တစ်ခု ရအောင်တော့ လုပ်ရမယ်. . ."ဟုဆိုကာ ၎င်းက အဖျားပြတ်ဆေးတစ်လုံးဝယ်၍ တိုက်ပြီးလျှင် ၎င်းလုပ်သော ရုံးသို့မိုးသီးအား ခေါ်၍ သွားလေ၏။ မိုးသီးသည် ထိုရုံးသို့ရောက်သောအခါ၌

"ဟော့ကောင် လှမြင့်၊ ငါ့ကို ရဲထဲဝင်ခိုင်းမလို့လား. . . မဝင်ချင်ဘူးကွ. . ."ဟု ကျွန်ုပ်က ပြောရာ လှမြင့်က-

"ရဲထဲ မဝင်ရပါဘူးကွာ. . .၊ ဟောဒီရုံးကြီးရဲ့အောက်ထပ်မှာ ရဲဝတ် တန်ဆာပစ္စည်းတွေ ရှိတယ်ကွ. . .၊ အဲဒါတွေကို ထုပ်ပိုးရတဲ့အလုပ်ရှိတယ်၊ ထုပ်ပိုးပြီးရင်လည်း နယ်က ရဲတပ်ဖွဲ့တွေလာတဲ့အခါ အဲဒီအထုပ်အပိုးတွေကို ကားပေါ်ကိုထမ်းပြီး တင်ပေးရတယ်။ အဲဒီအလုပ်သမားတွေကို 'ကူလီ'လို့ ခေါ်တယ်ကွ၊ အရပ်သားတွေပါကွာ. . .၊ တစ်နေ့ကို (၃)ကျပ် (၁၅)ပြားရတယ်၊ ထမ်းပိုးရတဲ့အတွက် နယ်ကလာတဲ့ ရဲတပ်ဖွဲ့တွေက မုန့်ဖိုးတွေဘာတွေပေး သေးတယ်ကွ. . .၊

ဒါပေမဲ့ မင်းက အဲဒီလိုမထမ်းရပါဘူး၊ ဟိုအပေါ်ဆုံးထပ်မှာ ရုံးခန်းရှိတယ်၊ အဲဒီရုံးခန်းမှာက သိပ်ပြီး အလုပ်များတာကွ၊ အဲဒီရုံးခန်းမှာ လက်နှိပ် စက်ဌာနရှိတယ်၊ အဲဒီဌာနက အမျိုးသမီးကြီးတစ်ယောက်နဲ့ အမျိုးသား တစ်ယောက်ပဲရှိတာ၊ လက်နှိပ်စက်အလုပ်က မနိုင်ဘူးကွ. . .၊ အဲဒီမှာ မင်းကို အလုပ်သွင်းပေးမယ်၊ နေ့စားပေါ့ကွာ. . .၊ တစ်နေ့ (၃)ကျပ် (၁၅)ပြားတော့ ရမှာပေါ့. . .၊ တစ်ပြားမှ မဝင်တာထက်စာရင် တော်သေးတာပေါ့. . .၊ ပြီးတော့ ရပ်ကွက်ထဲမှာနေပြီး အလုပ်မရှိဘူးဆိုတာ မကောင်းဘူးကွ. . ."ဟု ပြောလေ၏။

ထို့ကြောင့် မိုးသီးသည် လှမြင့်၏ စီမံမှုကို သဘောတူလိုက်ရလေ၏။ လှမြင့်သည် ထိုရုံးမှ ရုံးအုပ်ကြီးအား ဝင်၍ပြော၏။ ရုံးအုပ်ကြီးသည် မိုးသီးနှင့် လှမြင့်ကို ခေါ်ပြီးလျှင် လက်နှိပ်စက်ဌာနသို့ သွားလေ၏။ ထိုဌာနသို့ရောက် လျှင် ထိုဌာနမှ လက်နှိပ်စက်စာရေးမ ဒေါ်မြစမ်းကြည် ဆိုသူသူအား-





"ကဲ. . . တူမကြီးရေ. . .၊ နေ့စားနဲ့ လက်နှိပ်စက်ရိုက်မယ့်သူတော့ ရောက်လာပြီ၊ မင်းတို့အနေနဲ့ သုံးလို့ရ မရ စမ်းကြည့်ပေတော့. . ."ဟု ဆို သဖြင့် ဒေါ်စမ်းကြည်သည် မိုးသီးအား ကြေးမုံသတင်းစာမှ တစ်ကော်လံစာ သတင်းတစ်ပုဒ်ကို လက်နှိပ်စက် ရိုက်ခိုင်းလေ၏။ မိုးသီးလည်း ကျွမ်းကျင်စွာ ရိုက်ပြလိုက်လေ၏။ ထို့ကြောင့် ဒေါ်စမ်းကြည်က ရုံးအုပ်ကြီးအား -

"အန်ကယ်. . .၊ ကောင်းကောင်းသုံးလို့ရပါတယ်"ဟု ဆိုသဖြင့် မိုးသီးအား နေ့စားလက်နှိပ်စက်စာရေးအဖြစ် ခန့်လိုက်လေတော့၏။ မိုးသီးနှင့် လှမြင့်သည် ရုံးမှပြန်လာကြ၏။ လမ်းတွင် လှမြင့်က မိုးသီးအား ချစ်တီးထမင်းဆိုင်၌ ထမင်းဝယ်၍ကျွေး၏။ ရုံးတက်နိုင်ရန်အတွက် လမ်းစရိတ်အဖြစ် ငွေ(၃၀)ပေးခဲ့၏။

မိုးသီးသည် နောက်တစ်နေ့တွင် ထိုရုံးသို့ အလုပ်ဆင်းလေ၏။ လက်နှိပ်စက်စာရေးမ ဒေါ်မြစမ်းကြည်သည် လွန်စွာအိန္ဒြေကြီး၏။ သို့သော် လွန်စွာမှ သဘောကောင်း၏။ မိုးသီးလည်း သက်သက်ညှာညှာခိုင်းစေ၏။ မိုးသီးသည် ထိုနေရာတွင် အလုပ်လုပ်ရသည်ကို နှစ်သက်သဘောကျလေ၏။ လကုန်သောအခါ၌ တနင်္ဂနွေရုံးပိတ်ရက်အတွက် လုပ်ခမရသောကြောင့် စုစုပေါင်း (၈၁)ကျပ် ပြား(၉၀)ရလေ၏။ ထိုငွေသည် ထိုအချိန်တုန်းက ထမင်းမယား နှစ်ယောက် ထမင်းနပ်မှန်အောင် စားနိုင်လေ၏။

မိုးသီး အဝတ်အစားဟူ၍ မရှိရှာပေ။ ယောလုံချည်အနက်ကလေး တစ်ထည်နှင့် စစ်အကျႌနံပါတ်(၃)တစ်ထည်သာရှိ၏။ ရုံးပြန်လျှင် ထိုအကျႌနှင့် လုံချည်ကို လျှော်ရလေ၏။ နောက်နေ့ ရုံးတက်တော့အခါ ထိုအကျႌနှင့် လုံချည်ကိုပင် ဝတ်ရလေ၏။

ထိုရုံးမှ စာရေးမတစ်ဦးသည် လက်နှိပ်စက် အခန်းသို့လာတာ အချိန် ဖြုန်းလေ၏။ ထိုစာရေးမသည် လွန်စွာ ရုပ်ဆိုး၏။ နှခေါင်းမှာ ကြည့်၍မကောင်း အောင်ပြား၏။ ခါးမှာ ခပ်ကုန်းကုန်းရှိ၏။ ၎င်း၏ ယောကျ်ားသည် ပြည်ထဲရေး ဌာနတွင် စာရေးတစ်ဦးဖြစ်၏။ မိုးသီးသည် အလုပ်အားလပ်သောအခါ၌ လက်နှိပ်စက်ရုံးခန်းရှိ ခုံတန်းရှည်ကလေးပေါ်တွင်ထိုင်၍ ဒေါ်မြစမ်းကြည် တို့နှင့် စကားပြောရင်းနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ထိုမိန်းမရောက်လာ၏။ ထိုအခါ ဒေါ်မြစမ်းကြည်က မိုးသီးထိုင်နေသော ခုံ၏အခြားတစ်ဖက်တွင် ထိုင်ရန်ပြော၏။ ထိုမိန်းမက မထိုင်ပေ။ ပြန်လှည့်၍ ထွက်သွားလေ၏။ မိုးသီးလည်း ဆေးလိပ်ဝယ်ရန် အတွက် ရုံးအောက်သို့ ဆင်းသွားလေ၏။ မိုးသီးပြန်ရောက်လာသောအခါ ထိုမိန်းမ ပြန်လည်ရောက်ရှိနေပြီ ဖြစ်၏။ မိုးသီးထိုင်ခဲ့သော ခုံတွင် အကျအန ထိုင်နေပြီဖြစ်၏။ ဒေါ်စမ်းကြည်က ထိုမိန်းမအား-

"စောစောတုန်းက ထိုင်ပါလို့ပြောတာ မထိုင်ဘဲ ပြန်သွားတာကို. . .၊ အဲဒီတုန်းက တို့မှာ ခါတ်ဗူးအပြည့် ကော်ဖီတွေရှိတယ်၊ အဲဒါတိုက်မလို့၊ အခုတော့ တို့နဲ့ ကိုဝင်းဖေသောက်လာက်ပြီ. . ."ဟု ပြောလေ၏။ ထိုအခါ ထိုမိန်းမက -

"မထိုင်တာက ဒီလိုပါ. . .၊ မိုးသီးနဲ့ တစ်ခုံတည်း မထိုင်ချင်လို့. .၊ အဆင့်အတန်းချင်းမတူဘူးလေ၊ သူက နေ့စားအလုပ်သမားပဲ၊ ကိုယ်က ရှုံ့ လည်းရှိတယ်၊ အလုပ်ထဲစဝင်ကတည်းက ဒီအကျီနဲ့ ဒီလုံချည်ဝတ်နေ တာ. . .၊ မရှိဘဲ နေမလား. . ."ဟု ပြောသည်ကို မိုးသီးသည် သဲသဲကွဲကွဲ ကြားရလေတော့၏။

အစပထမတွင် မိုးသီး၏စိတ်၌ ဒေါသထောင်းခနဲ ထွက်သွား၏။ သို့ရာတွင် 'ဘာပဲဖြစ်ဖြစ်လေ သူပြောတာ မှန်သားပဲ၊ သူက လခ (၁၂၆)ကျပ် ရတဲ့ စာရေးမ၊ ငါက (၈၁)ကျပ်၊ ပြား(၉၀)သာရတဲ့ နေ့စားအလုပ်သမားပဲ၊ အဝတ်အစားကလည်း ဟုတ်ပါရဲ့. . .၊ ငါ့မှာက ဒါပဲရှိတာကိုး. . ."ဟု ပြန်လည်၍ တွေးမိသည့်အခါ၌ စိတ်မဆိုးနိုင်ဘဲ ပြုံးလိုက်မိလေ၏။

မိုးသီး၏ အပြုံးသည် အဆင့်အတန်း မဖြစ်စလောက်ကွာသည်ကို ပုံကြီးချဲ့၍ပြောသော ထိုမိန်းမအား စိန်ခေါ်လိုက်ခြင်း၊ သို့မဟုတ် လောက ကြီးအား ပြတ်ပြတ်သားသား စိန်ခေါ်လိုက်ခြင်းပင် ဖြစ်တော့၏။

တစ်နေ့တွင်လည်း အခြားသောအခန်းမှ မိုးသီးနှင့်ရွယ်တူ စာရေး တစ်ဦး လက်နှိပ်စက်ဌာနသို့ ရောက်လာလေ၏။ ထိုစာရေး၏အမည်မှာ 'သိန်းလှိုင်' ဟူ၍ဖြစ်၏။ ၎င်းသိန်းလှိုင်သည် ရုံးတွင် စာရေးဖြစ်ရသည်ကို ကျေနပ်ကြီး ကျေနပ်နေပုံရ၏။ ၎င်းသည် ကျောင်းထွက်လက်မှတ် စာမေးပွဲ





အောင်သဖြင့် စာရေးအလုပ်ကိုရခြင်းဖြစ်၏။ ထို့ကြောင့် ၎င်းကိုယ်၎င်း 'ပညာတတ်'ဟု ယူဆ နေ၏။

၎င်းသိန်းလှိုင်သည် 'ရုရှားနိုင်ငံ'မှ ခေါင်းဆောင် 'ခရုရှတ်'အား ခရုရှက်၏အကြောင်းကို သတင်းစာထဲတွင် ဖတ်ရှုခဲ့ကြောင်း ပြောဆိုနေလေ၏။ ထိုသို့ သတင်းပြန်ပြောရာတွင် ရုရှားနိုင်ငံဟု ပြောရမည့်အစား 'ချက်ကိုစလို ဗေးကီးယား'နိုင်ငံဟု ပြောနေ၏။ ထို့ကြောင့် မိုးသီးက-

"ကိုသိန်းလှိုင်ရေ. . .၊ ခရုရှက်က ရုရှားကဗျ၊ ခင်ဗျားပြောသလို ချက်ကိုစလိုဗေးကီးယားက မဟုတ်ဘူး"ဟု ပြောလိုက်ရာ ၎င်းတို့ သိန်းလှိုင်က-

"ကိုယ့်လူက လူတတ်မလုပ်စမ်းပါနဲ့၊ ကျုပ်က ဒီရုံးမှာ စာရေးဗျ. . .၊ ခင်ဗျားက ဒီရုံးက အလုပ်သမားပါ၊ ကိုယ့်အဆင့်အတန်းကိုယ် နားလည်မှ ပေါ့ . . ."ဟု ရင့်သီးစွာ ပြောလေ၏။

မိုးသီးသည် ဒေါသထွက်လွန်း၍ အသားများ တဆက်ဆက်တုန်သွား ၏။ သို့ရာတွင် ၎င်း၏ဒေါသကို အပြင်သို့မထွက်စေဘဲ အပေါ်နှုတ်ခမ်းလေး တွန့်ရုံ ပြုံးလိုက်လေ၏။ ထိုအပြုံးသည် သိန်းလှိုင်အားလည်းကောင်း၊ လောက ကြီးအားလည်းကောင်း ပြန်လည်၍ အံတုကာ စိန်ခေါ် လိုက်ခြင်း ပင်ဖြစ်လေ တော့သတည်း . . .။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄၄)

## ညောင်ပင်အောက်က သူငယ်ချင်း

မိုးသီးတို့လင်မယားသည် သဃ်န်းကျွန်းအနီး ရန်ကင်းဘူတာလေးတူသော ရပ်ကွက်တွင် မိုးသီး၏အဘွားဖြစ်သူထံမှ အမွေအဖြစ်ရရှိခဲ့သော ငွေကလေးဖြင့် ပေ(၄၀)၊ ပေ(၆၀)ကျယ်ဝန်းသော မြေကွက်ကလေးနှင့်အတူ ပါလာသည့် ဝါးထရံကာသွပ်မိုး ပျဉ်ထောင်အိမ်ကလေးတစ်လုံးတွင် အေးချမ်း စွာနေထိုင်ခဲ့ကြလေ၏။

မိုးသီးသည် နံနက်တွင် (၄၇)လမ်းထိပ်ရှိ ရဲထောက်ပံ့ရေးမင်းကြီးရုံး အဆောက်အဦးတွင် တစ်နေ့လျှင် (၃)ကျပ် (၁၅)ပြားဖြင့် နေ့စားလက်နှိပ်စက် ရိုက်ရလေ၏။ ထိုဝင်ငွေကလေးဖြင့်ပင် လင်မယားနှစ်ဦး ချွေတာစွာ စားသောက် နေထိုင်ရလေ၏။

တစ်နေ့တွင် မိုးသီး၏ယောက္ခမကြီး အသည်းအသန်ဖြစ်ကြောင်း ချောက်မြို့မှ သံကြိုးစာလာဖြင့် မိုးသီးလည်း ၎င်း၏မိန်းမအား ချောက်မြို့သို့ လိုက်၍ပို့ပြီးလျှင် ရန်ကုန်သို့ ပြန်လာခဲ့လေ၏။

ထိုသံကြိုးစာမှာလည်း လိမ်လည်၍ ရိုက်သောစာဖြစ်၏။ မိုးသီး၏ ယောက္ခမကြီးသည် အသည်းအသန် ကျန်းမာရေး မညံ့မပေ။ သမီးဖြစ်သူကို တွေ့ချင်သော သံကြိုးစာဖြင့် လိမ်လည်၍ ခေါ်လိုက်ခြင်းဖြစ်၏။

မိုးသီးမှာ ဤအကြောင်းကို ရိပ်မိ၍ လိုက်မပို့လိုသော်လည်း မိုးသီး၏ မိန်းမမှာ လိုက်မပို့မချင်း မိုးသီးအား ရန်လုပ်သောကြောင့် မိုးသီးလည်း လိုက်၍ပို့ပြီးလျှင် ရန်ကုန်သို့ ပြန်လာခြင်းဖြစ်၏။





မိုးသီးပြန်ရောက်ပြီး တစ်ပတ်ကြာသောအခါ၌ မိုးသီး၏မိန်းမထံ ထံမှ မိုးသီးအား လာရောက်ခေါ်ရန် လူကြုံဖြင့် စာပေးလိုက်သောကြောင့် မိုးသီးသည်း သွား၍ခေါ်ရပြန်၏။ ပြန်ရောက်ပြီး များမကြာမီ၌ မိုးသီး၏ ယောက္ခမကြီးသည် ဆေးရုံသို့ ပို့ထားရကြောင်း သံကြိုးရိုက်၍ သမီးကို ခေါ်ပြန်၏။

သမီးဖြစ်သူကလည်း သွားရောက်လိုကြောင်း မိုးသီးအား ပူဆာပြန်၏။ မိုးသီးလည်း ရှိသမျှသော အဝတ်အစားဟောင်းကလေးများကို အဟောင်းဆိုင်တွင် ရောင်းချ၍ မိန်းမဖြစ်သူအား ချောက်မြို့သို့လိုက်၍ ပို့ရပြန်လေ၏။ ထိုသံကြိုးစာမှာလည်း လိမ်လည်၍ရိုက်သော သံကြိုးစာပင် ဖြစ်ပြန်၏။

များမကြာမီ၌ မိုးသီး၏မိန်းမက လာ၍ခေါ်ရန် အကြောင်းကြားသဖြင့် မိုးသီးလည်း ချောက်မြို့သို့သွား၍ မိန်းမကို ခေါ်ရပြန်၏။ မိုးသီးသည် ဆင်းရဲလွန်း၍ ဒုက္ခရောက်နေသည့်အထဲတွင် ယောက္ခမဖြစ်သူက သံကြိုးကို လိမ်၍ရိုက်နေသဖြင့် မိန်းမကို ပို့ချည်၊ ပြန်ခေါ်ချည် လုပ်နေရသော စရိတ်စကမှာ မနည်းလှပေ၏။ အိမ်တွင်သုံးစွဲနေသော ဒန်ချိုင့်၊ ခွက်ပန်းကန်အိုးအစ အလုံးစုံတို့ကို ရောင်းချပစ်လိုက်ရပြီဖြစ်၏။

ထိုရောင်းချ၍ ရသောငွေနှင့်ပင် စရိတ်လုပ်၍ မိန်းမကို ပို့ချည် ခေါ်ချည် လုပ်နေရလေ၏။ လွန်စွာနှစ်သက်၍ စုဆောင်းထားသော ဆရာကြီး ရွှေဥဒေါင်း၏ ဝတ္ထုများ၊ ဆရာကြီးပီမိုးနင်း၏ 'နေရီရီ'ဝတ္ထုအပါအဝင် စာအုပ် တော်တော်များများကိုလည်း စာအုပ်အဟောင်းဆိုင်တွင် ရောင်းချပစ်လိုက် ရပြီဖြစ်၏။

ထို့ကြောင့် မိုးသီးအနေဖြင့် မြတ်နိုး၍ သိမ်းဆည်းထားသော ဝတ္ထုစာအုပ်၌ တက်တက်ပြောင်၍ သွားလေတော့၏။ တစ်ခါတွင် ယောက္ခမဖြစ်သူက လိမ်၍မှာသောကြောင့် မိုးသီးသည် မိန်းမကို ချောက်မြို့ကို ပြန်၍ပို့ပြီး ရန်ကုန်သို့ပြန်လာရာ ရန်ကုန်ဘူတာကြီး ရောက်သောအခါ၌ ဘူတာကြီးအနေ၍ ကျောက်မြောင်းသို့ ခြေကျင်လျှောက်၍ ပြန်ခဲ့လေ၏။ ထိုသို့ပြန်ခဲ့ရာ ဘုရားလမ်း ပတ်လမ်း (ယခု မြန်မာ့ဂုဏ်ရည်လမ်း)သို့ ချိုးဝင်၍လာသောအခါ၌ လက်ဖက်ရည်ဆိုင်ရှေ့ရှိ ညောင်ပင်ကြီးတစ်ပင်အောက်တွင် လက်ဖက်ရည်သောက်ရင်း သတင်းစာဖတ်နေသော အုန်းမြင့်ဆိုသည့် ငယ်သူငယ်ချင်းတစ်ဦးက မိုးသီးအား-



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . မိုးသီး၊ လာကွ. . ."ဟု လှမ်း၍ခေါ်သဖြင့် မိုးသီးသည် ၎င်းထံသို့သွားခဲ့လေ၏။ အုန်းမြင့်သည် မိုးသီးအတွက် လက်ဖက်ရည် တစ်ခွက် မှာပေး၏။

"နေစမ်းပါဦး မိုးသီး. . .၊ မင်း ဘယ်ကလာတာလဲ. . ."ဟု အုန်းမြင့် က မေးလေ၏။

**"မိန်းမကို ချောက်သွားပို့တာကွ၊ ပြီးတော့ ငါပြန်လာခဲ့တာ၊ ရထား ဆိုက်တာနဲ့ ကျောက်မြောင်းကိုသွားမလို့ ဒီကနေ ဖြတ်ပြီး လျှောက်လာတာ၊ အခု မင်းနဲ့တွေ့တာပဲ. . . ဒီတစ်ခါပို့ခဲ့တာတော့ အပြီးပဲကွ . . ."**ဟု ပြန်၍ ဖြေလျှင် အုန်းမြင့်က ရယ်လေ၏။

"ငါ ကြားပါတယ်ကွ၊ မိန်းမကို ယောက္ခမဆီပြန်ပို့လိုက်၊ ပြန်ခေါ် လိုက် ဆိုတဲ့အလုပ်ပဲ မင်းလုပ်နေတယ်ဆိုတာ ငါကြားပြီးသားပါ. . ."ဟု အုန်းမြင့် က ပြောလေ၏။

"မင်း ပြောသလိုပါပဲကွာ. . .၊ အဲဒီအလုပ်နဲ့ပဲ ငါ့မှာ အချိန်ကုန် နေရတာ. . ."ဟု မိုးသီးက ပြန်၍ပြောလျှင် အုန်းမြင့်က-

"မင်းတို့ငါတို့အရွယ်လူငယ်တွေဟာ အဲဒီလိုပဲ၊ တစ်နည်းမဟုတ် တစ်နည်း အမိပ္ပါယ်မဲ့စွာနဲ့ အချိန်ဖြုန်းနေကြတယ်၊ မင်းဟာ သတင်းစာ လည်း မဖတ်ဘူး၊ မိန်းမကို ပို့လိုက်ကြိုလိုက်နဲ့ပဲ အချိန်ကုန်နေတယ်၊ တို့တိုင်းပြည်ကြီး အပြောင်းအလဲ ဖြစ်တော့မယ်ကွ. . ."ဟု အထိတ်တလန့် ပြောလေ၏။

"ဘယ်လိုပြောင်းမှာလဲ အုန်းမြင့်ရယ်၊ အလန့်တကြား မလုပ်စမ်းပါ နဲ့၊ ကောင်းသွားမှာလား၊ ဆိုးသွားမှာလား. . ."ဟု မိုးသီးက ပြန်၍မေး လေ၏။

"အဲဒါကြောင့် မင်းတို့ကောင်တွေ ခက်တာပေါ့ကွ. . .၊ သတင်းစာ လည်း မဖတ်ဘူး၊ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်း စစ်ဖြစ်နေတာ အခုဆိုရင်ကြည့်စမ်း၊ (၁၅)နှစ်ကျော် (၁၆)နှစ်ရောက်နေပြီ အခုထိ ပြည်တွင်းစစ်က မပြီးသေးဘူး၊ အခု ပြည်တွင်းစစ်ကြီးပြီးတော့ မယ်ကွ" ဟု အုန်းမြင့်က အားရပါးရ ပြောလေ၏။

ထိုအခါ မိုးသီးက -

"ဘယ်လိုပြီးမှာလဲ အုန်းမြင့်ရယ်၊ ငါ့လည်း ရှင်းပြစမ်းပါဦး. . ."ဟု အငမ်းမရ ပြန်၍မေးလေ၏။





ထိုအခါ အုန်းမြင့်က သတင်းစာကို မိုးသီးလက် သို့ ထိုးပေးရင်း-

"ဒီမှာ ဖတ်ကြည့်၊ အစိုးရက တောထဲက သောင်းကျန်းသူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ပြည်တွင်းစစ်ကို ရပ်အောင်လုပ်မယ်ဆိုပဲကွ. . .၊ တောထဲ တွင် သူပုန်အားလုံးကို ဆွေးနွေးပွဲတက်ရောက်ဖို့ ဖိတ်ခေါ်ထားပြီ. . ."ဟု ဆိုသဖြင့် မိုးသီးလည်း သတင်းစာကို ဖတ်ကြည့်လေ၏။

ထိုသို့ ဖတ်ကြည့်ပြီးနောက်-

"အုန်းမြင့် မင်းပြောတာမှန်တယ်ကွ၊ သတင်းစာထဲမှာ အဲဒီအတိုင်း ပါတယ်ကွ. . ."ဟု မိုးသီးက ပြန်၍ဖြေလေ၏။

"အေးလေကွာ. . .၊ အဲဒီဆွေးနွေးပွဲအောင်မြင်သွားရင် တို့တိုင်း ပြည်ကြီး ငြိမ်းချမ်းပြီကွ၊ အဲဒါကြီး အောင်မြင်ဖို့ သိပ်အရေးကြီးတယ်၊ တိုင်းသူ ပြည်သားတိုင်းမှာ တာဝန်ရှိတယ်ကွ၊ အဲဒီလိုပဲ မိုးသီးအပေါ်မှာလည်း တာဝန် ရှိတယ်၊ မိုးသီးဆိုတဲ့ လူသားဟာ မိန်းမကို ယောက္ခမဆီ ပြန်ပို့လိုက်၊ ပြန်ခေါ် လိုက်အလုပ်နဲ့ အချိန်ဖြုန်းနေလို့ မရဘူး. . .၊ အဲဒါတို့ မင်းနားလည်ဖို့လိုတယ်၊ ငါကတော့ ဒီလောက်ပဲပြောတတ်တယ်ကွာ၊ ဒီ့ထက် ပြည့်ပြည့်စုံစုံ နားလည် ချင်ရင်တော့ ညနေကျရင် ငါနဲ့လိုက်ခဲ့၊ ငါ့ထက်တတ်သူတွေနဲ့ တွေ့ပေးမယ်" ဟု အုန်းမြင့်က ပြောလေ၏။

"ဒီ့ထက် ပြည့်ပြည့်စုံစုံ နားလည်ချင်ပါတယ်ကွာ"ဟု မိုးသီးက ပြောလိုက်ရာ အုန်းမြင့်က -

"အခု မင်း ဘယ်သွားမှာလဲ. . ."ဟု မေးလေ၏။

"ဘယ်သွားရမှာလဲကွာ. . .၊ ညက တစ်ညလုံး ရထားပေါ်မှာ မအိပ် ခဲ့ရဘူးကွ၊ ကျောက်မြောင်းမှာရှိတဲ့ ငါ့မိဘအိမ်ကိုသွားပြီး ရေမိုးချိုးမယ်ကွာ၊ ပြီးတော့ မနက်စာစားပြီး တစ်ရေးအိပ်မယ်၊ ဒါပဲ ငါ့အလုပ်ရှိပါတယ်"ဟု မိုးသီးက ပြန်၍ပြောလျှင် အုန်းမြင့်က-

"အဲဒီအလုပ်ကို မင်းသွားပြီ လုပ်လိုက်ဦး၊ အိပ်ရာက နိုးရင် ခင့်ငါ့ဆီ ကို လာခဲ့. . ."ဟု ပြောလိုက်လေ၏။

ထိုအခါ မိုးသီးသည် အုန်းမြင့်ထံမှ ဆေးလိပ်ဖိုးတောင်း၍ ဆေးလိပ် ဝယ်ပြီးလျှင် ဆေးလိပ်ဖွာရင်း ကျောက်မြောင်းမှ မိဘအိမ်သို့ ပြန်ခဲ့လေတော့ ၏။ အိမ်သို့ရောက်လျှင် ရေမိုးချိုး၏။ နံနက်စာစားသောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်နှင့် အိမ်ရာလွတ်တစ်ခုတွင် ဝင်၍လဲလျောင်းလိုက်ရာ မကြာမီ၌ အိပ်ပျော်ခြင်းသို့ရောက်လေ၏။ ညနေ (၃)နာရီခန့်တွင် မိုးသီးသည် အိပ်ရာမှ နိုးလေ၏။

အိပ်ရာမှနိုးသည်နှင့်တစ်ပြိုင်နက် မျက်နှာသစ်ကာ အုန်းမြင့်၏ရုံးသို့ သွားရလေ၏။ အုန်းမြင့်၏ရုံးမှာ မြန်မာ့ဂုဏ်ရည်လမ်းထိပ်ရှိ မော်တော်ကား အသင်းတိုက်ဖြစ်၏။ ထိုအသင်းတိုက်တွင် အုန်းမြင့်သည် ငွေစာရင်းဌာန၌ အလုပ်လုပ်နေ၏။ မိုးသီးရောက်သွားသောအခါ၌ အုန်းမြင့်က လက်ဖက်ရည် ဆိုင်သို့ခေါ်သွားပြီးလျှင် လက်ဖက်ရည်တိုက်၏။

"ရုံးက (၄)နာရီမှ ဆင်းမှာကွ၊ ရုံးဆင်းရင် မင်းကို ငါ့ဆရာသမားတွေ ရှိတဲ့ဆီကို ခေါ်သွားမယ်၊ အဲဒီကျတော့ မင်း မရှင်းတာကို သူတို့ဆီမှာ မေး၊ ဒီနေ့ညနေစာလည်း ငါကပဲ ထမင်းကျွေးမယ်. . ."ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးက-

"အခုထိတော့ အားလုံးကောင်းကွာ. . ."ဟု ပြောလိုက်လေတော့ သတည်း . . .။

* * * * *





# အခန်း (၅၅)

## ဘိုးနောင်ဘီထံ ရောက်သွားခြင်း

ညနေပိုင်းသို့ရောက်သောအခါ၌ အုန်းမြင့်သည် မိုးသီးအား ခေါ်၍ ဘိုးလိန်းလမ်း (ယခု ဗညားဒလလမ်း)ကို ခေါ်သွားလေ၏။ ထိုအဆောက်အဦးမှာ တာမွေဂတ် (ယခု စခန်း ၄၀)မျက်စောင်းထိုးနေရာလောက်တွင် ရှိ၏။ နှစ်ထပ်တိုက်ကလေးဖြစ်၏။ ထိုနေရာသို့ရောက်သောအခါ၌ အများသူငါတို့ ရဲဘော်ဖြူဟုခေါ်လေ့ရှိသော ပြည်ရဲဘော်အဖွဲ့၏ ခေါင်းဆောင်လူကြီးများ ဖြစ်ကြကုန်သော ဗိုလ်အုန်းတင်၊ ဗိုလ်အောင်နိုင်၊ ဗိုလ်စန်းမောင် တို့ကိုတွေ့ရလေ၏။ ထိုလူကြီးများနှင့်မိတ်ဆက်ပေး၏။ မိုးသီးမှာ ထိုလူကြီးများအား အတိအွဲရမလို၊ အလေးပြုရမလို ဖြစ်နေ၏။ ဗိုလ်စန်းမောင်ဆိုသူသည် ထမင်းစားပွဲဝိုင်းငယ်တစ်ခုတွင် အင်္ဂလိပ်ဘာသာစာအုပ်တစ်အုပ်အား မြန်မာဘာသာသို့ ပြန်ဆိုရေးသားနေသည်ကို တွေ့ရ၏။ မိုးသီး မနေတတ် မထိုင်တတ်ဖြစ်နေသည်ကို ရိပ်မိနေသောကြောင့် ဗိုလ်စန်းမောင်က-

"ဟေ့. . . ရဲဘော်လေး ဒီလာထိုင်. . ."ဟု ပြောလေ၏။ မိုးသီးလည်း ဗိုလ်စန်းမောင်အနီးသို့ သွား၍ထိုင်လိုက်ရ၏။ ဗိုလ်စန်းမောင်ဘာသာပြန်နေသော စာအုပ်မှာ '၂၀ ရာစု အရင်းရှင်စနစ်'ဟု ရေးထားသော စာအုပ်ဖြစ်၏။ ဗိုလ်စန်းမောင်သည် ဖတ်လိုက်၊ မြန်မာလို ရေးလိုက်လုပ်နေ၏။ ထို့နောက် မိုးသီးအား ရေနွေးသောက်ရန် ပြောလေ၏။ မိုးသီးလည်း ရေနွေးကြမ်းငှဲ့၍သောက်လေ၏။ ဗိုလ်စန်းမောင်သည် ဘာသာပြန်ခြင်းကို အနားရပ်လိုက်ပြီးလျှင် မိုးသီးဘက်သို့လှည့်ကာ-

"ဒီမှာ ရဲဘော်မိုးသီး၊ ငါတို့ အခုလုပ်နေတာ နိုင်ငံရေးကွ၊ နိုင်ငံရေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတည်းက ကိုယ့်အရေးတစ်ခုမှ မပါဘူးပေါ့ကွာ၊ မပါရုံမျှမကဘူး အဆင် မပြေရင် ငတ်မယ်၊ ထောင်တန်းကျစရာရှိရင် ကျတတ်တယ်၊ အဲဒါကိုသိပြီးမှ ဒီတိုလာရင်ကောင်းမယ်"ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ဒီလိုပါ. . . ဗိုလ်စန်းမောင်၊ ငတ်တာတို့၊ ထောင်ကျတာတို့က အကြောင်းမဟုတ်ပါဘူး၊ နိုင်ငံရေးကို ကျွန်တော်က နားမလည်ဘူး. . ."ဟု ပြောလိုက်လျှင် ၎င်းက-

"နက်ဖြန်ကစပြီး ညနေတိုင်းလာခဲ့၊ ရဲဘော်ကို ပြောပြမယ်။ အနည်းဆုံး တစ်လလောက်တော့ လာပြီးနားထောင်ရမယ်၊ လာနိုင်ပါ့ မလား. . ."ဟု မေးလေ၏။ မိုးသီးကလည်း အားရဝမ်းသာပင် -

"လာပါမယ် ခင်ဗျာ. . ."ဟု ဝန်ခံလိုက်လေ၏။ နောက်တစ်နေ့ ညနေမှစ၍ မိုးသီးသည် ညနေတိုင်း ထိုနေရာသို့ရောက်ခဲ့လေ၏။ ဗိုလ်စန်းမောင် သည် မြေဖြူခဲဖြင့် ထမင်းစားစားပွဲလေးပေါ်တွင် ရေးပြ၍ သင်ကြားလေ၏။

"ပထမဆုံး သိရမှာကတော့ တို့လူတွေ အဆင့်ဆင့် ပြောင်းလဲတိုး တက်လာတဲ့ ခေတ်(၅)ခေတ်ပဲ. . ."ဟု ဆိုကာ ခေတ်(၅)ခေတ်သမိုင်းကို သင်ကြားလေ၏။ အရင်းရှင်ခေတ်သင်ခန်းစာသို့ရောက်သောအခါ၌ အရင်း ရှင်ဆိုသော လူတန်းစားက အလုပ်သမားလူတန်းစားအပေါ် မည်သို့မည်ပုံ ခေါင်းပုံ ဖြတ်သည်ကို အသေးစိတ်သင်ပြလေ၏။ ထိုသင်ခန်းစာ များထဲတွင် အစွန်းထွက် တန်ဖိုးဟူသော အကြောင်းအရာများလည်းပါ၏။ ဥရောပတိုက်ရှိ အလုပ်သမားများ ငတ်မွတ်ခေါင်းပါးခဲ့သော ဟန်ဂရီးဖော်တီးခေါ် ဆာလောင် မွတ်သိပ်သော နှစ်(၄၀)အကြောင်းလည်းပါ၏။

ထိုသို့ သင်ခန်းစာသင်ရင်း ကမ္ဘာတွင် ထင်ရှားသော ကွန်မြူနစ် ခေါင်းဆောင်များဖြစ်သည့် 'ကားလ်မတ်စ်၊ လီနင်၊ အိမ်ဂျယ်လ၊ စတာလင် တို့၏ ဝတ္ထုပ္ပတ္တိများလည်းပါ၏။ ထို့နောက် မြန်မာပြည်၏ နိုင်ငံရေးဖြစ်စဉ်တို့ လည်း ခုနှစ်သက္ကရာဇ်နှင့်တကွ သင်ပြပေးလေ၏။ ထိုအထဲတွင် မြန်မာနိုင်ငံ နိုင်ငံရေးခေါင်းဆောင်များ ဖြစ်ကြကုန်သော လူသိထင်ရှားသည့် ဗကြီးဘဟိန်း၊ သခင်နု၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့ အကြောင်း လည်း ပါ၏။ အမှန်အတိုင်းဆိုလျှင် တော်တော်များများ ပြည့်ပြည့်စုံစုံ





ဝတ္ထုပ္ပတ္တိ များကိုပြောပြ၏။ တစ်လုံးတစ်ပါဒမျှ မပြောဘဲချန်ထားသည်မှာ သူ၏ အကြောင်းပင်ဖြစ်၏။

ပတ်ဝန်းကျင်၏ ပြောပြချက်အရ စစ်မဖြစ်မီက ၎င်းသည် ရန်ကုန် တက္ကသိုလ်တွင် အင်တာအေအထိ နေခဲ့ဖူးသည်ဆို၏။ ကျောက်ပန်းတောင်း သားဟုသိရ၏။ ဆေးပေါ့လိပ်သောက်တတ်ကာ အရက်သေစာကို အဆိပ် ကဲ့သို့ရှောင်၏။ နံနက်အိပ်ရာမှထသည်နှင့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေး လုပ်၏။ စပရိန်ဆွဲ၏။ တယောထိုးအလွန်ကောင်းသည်ဟု ဆို၏။ စကားပြော လည်း အလွန်ကောင်းပေသည်။ စိတ်လည်းအလွန်ရှည်ပေသည်။ တစ်ဖက်သား ပြောလျှင်လည်း တလေးတစား နားထောင်တတ်၏။

သူသည် လွန်စွာခင်မင်ဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်၏။ ပြည်သူ့ရဲဘော် တောခိုနေစဉ်အတွင်း စစ်ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ ရသည်ဟု ဆို၏။ ၎င်းအနေနှင့်မိုးသီးအား အထူးတိုက်တွန်းသည်မှာ စာများများ ဖတ်ရန်ပင်ဖြစ်၏။ မိုးသီးသည် တစ်ခါတရံ အရက်သောက် သည်ဖြစ်ရာ ဗိုလ်စန်းမောင်က ထိုသို့သောက်သည်ကို ကန့်ကွက်လေ၏။

"အရက်ကို မကောင်းပြောတာမဟုတ်ဘူး ရဲဘော်မိုးသီး၊ တို့လို ငယ်ရွယ်သူတွေ မသောက်သင့်ဘူးလို့ ပြောတာ၊ အထူးသဖြင့် မိုးသီး မသောက်သင့်ဘူး၊ စိတ်ဆက်လေတော့ အရက်သောက်ရင် ရန်ဖြစ်လိမ့် မယ်၊ အဲဒါကြောင့် မသောက်စေချင်ဘူး၊ ပျင်းလို့သောက်တယ်ဆိုတာ လုံလောက်တဲ့ ဆင်ခြေမဟုတ်ဘူးနော်၊ အကြောင်းပြချက်တစ်ခုပဲဖြစ်တယ်၊ အဲဒီလို အပေါင်းအသင်းကြောင့် သောက်တယ်ဆိုတာလည်း အကြောင်း ပြချက်တစ်ခုပဲဖြစ် တယ်၊ အကြောင်းပြချက်ရှာပြီး ကိုယ့်ကိုယ်ပျက်စီးအောင် မလုပ်နဲ့ရဲဘော်. . ." ဟု ပြောဆိုဆုံးမလေ၏။ မိုးသီးသည် ကောင်းစွာ မှတ်နာလေ၏။

တစ်နေ့တွင် မိုးသီးသည် မအူကုန်းလမ်းကျယ်ရှိ ၎င်း၏ဆရာ ကိုနောင်ဘီ အိမ်သို့ သွားလေ၏။ ကိုနောင်ဘီနှင့်တွေ့သောအခါ ၎င်း ညနေတိုင်းရောက် ရှိနေသည့်နေရာကို ပြောပြလေ၏။ ထို့ပြင် ဗိုလ်စန်းမောင် အကြောင်းကို ကိုနောင်ဘီအား ပြောပြလေ၏။ ထိုအခါ ကိုနောင်ဘီက-



www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးသီး. . .၊ မင်းပြောပြလို့ ဗိုလ်စန်းမောင်ဆိုတာ မတွေ့ဖူးပေမယ့် လေးစားပါတယ်ကွာ၊ အခုတော့ မင်းကို ပြောပြရမယ် အဲဒီကိုသွားတာ မင်းမှားတယ်၊ မင်းဟာ ဂမ္ဘီရသမားဖြစ်ရမယ်. . . ဘယ်နှယ့်ကြောင့် နိုင်ငံရေး အဖွဲ့အစည်းနဲ့သွားပြီး ပတ်သက်ရတာတုံး. . ."

ဗိုလ်စန်းမောင်တို့ သင်လိုက်တာတွေဟာ ဟိုးအခြေခံကနေစပြီး ပြန်းပြန်းကွဲ နားလည်သွားတဲ့အထိ ကွန်မြူနစ်ဝါဒကို သင်ပေးနေတာ. . .၊ မင်းဟာ ကွန်မြူနစ်ဖြစ်သွားလိမ့်မယ်၊ ကွန်မြူနစ်ဖြစ်သွားရင် ဂမ္ဘီရသမား မဖြစ်တော့ဘူး၊ မင်းရဲ့မွေးဂဏန်းဟာ (၇)ဖြစ်တယ်၊ ဂမ္ဘီရနဲ့ရောင်ခြည်ပါတယ်၊ ကွန်မြူနစ်ဝါဒနဲ့လည်း ရောင်ခြည်မပါဘူး၊ နိုင်ငံရေးနဲ့လည်း ရောင်ခြည်မပါဘူး၊

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဂမ္ဘီရသမားမှ နိုင်ငံရေးနဲ့မပတ်သက်ကြဘူး၊ မင်း ဒုက္ခရောက်တော့မယ်၊ ဒုက္ခတွင်းကြီးထဲကို မင်းဟာမင်း တျော့ကျေနပ်နပ် ကြီး ခုန်ဆင်းနေတာကိုး၊ အဲဒီအတွက် ငါ မင်းကို နှာမြောတယ်ကွာ၊ နောက်တစ်ခု မင်းကိုပြောပြဦးမယ်၊ မင်းရဲ့ မွေးခု၊ မွေးလ၊ မွေးရက်အားလုံးပေါင်းခြင်း ဟာ (၈)ရတယ်ကွ၊ မွေးရက်တစ်ခုတည်းကတော့ (၇)ရတယ်၊ အဲဒီအတွဲနှစ်တွဲ ဟာဂမ္ဘီရမှာ ထွန်းတောက်မယ်လို့ အာမခံထားတဲ့ ဂဏန်းတွဲပဲကွ၊ ဘာဖြစ်လို့ နိုင်ငံရေးနဲ့သွားပြီး ပတ်သက်ရတာလဲငါ့လူရာ၊ ကျွတ်. . . ကျွတ်. . . ကျွတ်" ဟု စကားအဆုံးတွင် အဆုံးသတ်လိုက်လေတော့၏။

မိုးသီးသည် ကိုနောင်ဘီ၏အိမ်မှ ပြန်ခဲ့ပြီးနောက် ညနေပိုင်းအရောက်တွင် နိုင်ငံရေးအဖွဲ့အစည်းရှိရာသို့ သွားလေ၏။ မိုးသီးနှင့်ရွယ်တူနိုင်ငံရေး ရဲဘော်လေးများသည် ဗိုလ်စန်းမောင် အလုပ်လုပ်နေသောစားပွဲတွင်ဝိုင်း၍ ထိုင်နေလေ၏။ တစ်ယောက်သော ရဲဘော်တေလးထလက်ဖက်ရည်ဒကာခံသဖြင့် လက်ဖက်ရည်ဝိုင်း၍ သောက်နေကြလေ၏။ ထို့နောက် ထိုရဲဘော်ကလေး များသည် တစ်ယောက်တစ်လှည့် မိမိဖတ်ဖူးသောဝတ္ထုဇာတ်လမ်းများကို ပြောနေကြ၏။

မိုးသီး၏အလှည့်သို့ရောက်သောအခါ၌ ပြင်သစ်စာရေးဆရာရေးသော ဘာသာပြန်ဝတ္ထုတစ်ပုဒ်ကို မိုးသီးကပြောပြလေ၏။ မိုးသီးပြောပြသော ဇာတ်လမ်းတွင် စစ်ထဲမဝင်မနေရဥပဒေကြောင့် မင်းညီမင်းသားတစ်ဦးစစ်ထဲ သို့ဝင်လာ၏။ ထိုမင်းညီမင်းသားနှင့် ရဲဘော်တစ်ဦး





အငြင်းအခုံပြုရင်း ငြိသွား ကြ၏။ ထိုအခါ မင်းညီမင်းသားက သေနတ်ချင်းယှဉ်ပစ်ရန်ချိန်းဆိုလိုက်၏။ ရဲဘော်ကလည်း လက်ခံလိုက်လေ၏။ ထို့နောက် ခြေလှမ်း(၁၀)လှမ်းအကွာ မှနေ၍တစ်ယောက်တစ်လှည့် သေနတ်ဖြင့်ပစ်ရန် ဖြစ်၏။ သေနတ်ထဲတွင် ကျည်ဆန်တစ်တောင့်သာ ထည့်ထားရမည်ဖြစ်၏။ မင်းညီမင်းသားက ပထမဆုံး ပစ်ခွင့်ရ၏။ ထို့ကြောင့် အပစ်ခံရသည့်ရဲဘော်ကိုလှမ်း၍ပစ်လိုက်ရာ လူကို မထိဘဲ ဦးထုပ်ကိုသာထိမှန်၍ဦးထုပ်ပေါက်သွားလေ၏။ ထိုအခါ ရဲဘော်က မင်းညီမင်းသားအား ပစ်ရန်သေနတ်ဖြင့်ချိန်လိုက်လေ၏။ မင်းသားသည် သေနတ်ဖြင့် အပစ်ခံရန်အသင့်ဖြစ်နေ၏။ တုန်လှုပ်ခြင်းမရှိပေ။ သူ၏ ဦးထုပ်ကိုလှန်၍ စတော်ဘယ်ရီသီးများ စားနေ၏။ ထိုအခါ ရဲဘော်က-

"ဒီမှာ မင်းသား. . .၊ သေရမှာမကြောင်းဘူးလား၊ ပစ်တော့မယ်" ဟု ပြောလေ၏။ သို့ရာတွင် မင်းသားက အပြုံးမပျက်ဘဲ-

"ပစ်မှာသာ ပစ်စမ်းပါ၊ သေရမှာ မကြောက်ပါဘူး"ဟု ပြောလေ၏။ ထိုအခါ ရဲဘော်က-

"သေရမှာမကြောက်ရင် မပစ်ဘူး၊ သေရမှာကြောက်တဲ့အခါမှာသာ ပစ်မယ်၊ အကြွေးမှတ်ထားမယ်၊ လက်ခံသလား"ဟု မေးလေ၏။ မင်းသား ကလည်း-

"ရတယ်. . .၊ ကြိုက်တဲ့အချိန်မှာ အဲဒီအကြွေးကို လာတောင်းချေ" ဟု ပြောလေ၏။ ထိုရဲဘော်လည်း တပ်မှထွက်သွားပြီးလျှင် တစ်နေရာတွင် အတိတ်မြုပ်နေ၏။ မင်းသား၏ သတင်းကို မျက်ခြေမပြတ်ယူနေ၏။ ထိုအချိန်အတွင်း၌လည်း သေနတ်ပစ်လေ့ကျင့်နေ၏။ တစ်နေ့တွင် ရဲဘော်၏မိတ်ဆွေထံမှ စာတစ်စောင်ရောက်လာ၏။ ထိုစာမှာ မင်းသားသည် မြို့ကြီးတစ်မြို့၏မြို့စားဖြစ်သွားကြောင်း၊ များမကြာမီက လွန်စွာချောမောသော မိန်းကလေးတစ်ဦးနှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းရောက်လာ၏။ ထိုအခါရဲဘော်လည်း မင်းသားထံသို့ လိုက်သွား၏။ မင်းသား၏ဧည့်ခန်းတွင် နှစ်ယောက်သားတွေ့ကြ၏။ မင်းသားက-

"ဘာကိစ္စလဲ. . ."ဟု မေးရာ ရဲဘော်ကြီးက-



www.burmeseclassic.com

www.burmeseclassic.com



"ကြွေးလာတောင်းတာ. . .၊ ကျုပ်က ခင်ဗျားကို သေနတ်နဲ့တစ်ချက် ပစ်ဖို့ အခွင့်အရေးကျန်သေးတယ်လေ၊ အဲဒီအကြွေးကို လာတောင်းတာ. . ." ဟု ပြောလိုက်ရာ မင်းသားက-

"ဩော်. . . ဒီအတွက်လား၊ ခင်ဗျားအကြွေးယူတော့လေ၊ ဟောဟို နားကနေသာ ပစ်လိုက်ပေတော့. . ."ဟု ပြောသော်လည်း ရဲဘော်ကြီးက-

"ကြွေးကို ဒီအတိုင်းယူရမှာ တစ်မျိုးကြီးပဲဗျာ၊ ခင်ဗျားက တစ်ချက် ထပ်ပစ်ပါဦး. . .၊ ခင်ဗျားချော်သွားမှ ကျုပ်ပစ်မယ်. . ."ဟု ပြောသဖြင့် မင်းသားလည်း သေနတ်ကိုယူ၍ ကျည်ဆန်တစ်တောင့်ထိုးပြီးလျှင် ရဲဘော်ကြီး အား ပစ်ရာမထိပေ။ နံရံတွင် ချိတ်ထားသော ၎င်း၏ပုံတူ ဆီဆေးပန်းချီ ကား၏ထောင့်ကို သွား၍ထိမှန်ကာ ပေါက်သွားလေ၏။

"ကဲ. . . ဒီတစ်ခါတော့ ခင်ဗျားအကြွေး ခင်ဗျားယူပေတော့. . ." ပြောလေ၏။ ထို့ကြောင့် ရဲဘော်ကြီးသည် သေနတ်ကိုထုတ်၍ မင်းသားကိုချိန် လေ၏။ ထိုအခါ မင်းသားသည် အပြုံးမပျက်ဘဲ သေနတ် ကိုကြည့်နေ၏။ ထိုအချိန်၌ မြို့စားကတော်လေး ရောက်လာပြီးလျှင်-

"ဘယ်လိုဖြစ်ကြတာတုံး. . .၊ သေနတ်တွေ ဘာတွေနဲ့ချိန်လို့ပါလား မလုပ်ပါနဲ့ရှင်၊ ကျွန်မယောကျ်ားကို မသတ်ပါနဲ့ရှင်. . ."ဟု တောင်းပန်လေ၏။

"မပစ်လို့မရဘူးဗျ. . .၊ သူက ကျုပ်ကို သေနတ်နဲ့နှစ်ကြိမ်ပစ်ထား တာ. . .၊ ကျုပ်က ပစ်ဖို့အကြွေးရှိတယ်၊ အဲဒီကြွေးကို ကျုပ်ကပြန်ယူရမှာ ဟောဟိုပုံတူပန်းချီကားထောင့်က မှန်ထားတဲ့အပေါက်ဟာ အခုနမှယူထား တဲ့အကြွေးဗျ"ဟု ပြောလိုက်လျှင် မြို့စားကတော်လေးသည် ယောကျ်ား ဖြစ်သူ အတွက် ယူကြုံးမရဖြစ်ကာ ထွန့်ထွန့်လူးကာ ငိုကြွေးလေ၏။ ရဲဘော်ကြီး၏ ခြေထောက်ကိုဖက်ကာ တောင်းပန်လေ၏။ မင်းသားလည်း သေရမှာမကြောက် သော်လည်း မိမိဇနီးသည်၏အဖြစ်ကိုကြည့်ကာ စိတ်မကောင်းလွန်းစွာဖြစ်၏။ ထို့ကြောင့် -

"ဒီမှာ ရဲဘော်ကြီး. . .၊ ခင်ဗျားကြွေးကို ယူချင်လည်း မြန်မြန်ယူပါ ဗျာ. . .၊ မယူရင်လည်း အကြွေးကို လျှော်ပြီး ထွက်သွားပါတော့. . .၊ ကျွန်တော့် မိန်းမ ငိုနေတာကို အခုလို မကြည့်ရက်လို့ပါ၊ အခုအခါမှာ ကျွန်တော်ဟာ သေရမှာကို ကြောက်တဲ့လူတစ်ယောက် ဖြစ်သွားပါပြီဗျာ. . ."ဟု ပြောလိုက်





လျှင် ရဲဘော်ကြီးက-

"ကျေနပ်ပြီ. . .၊ ကြွေးမယူတော့ဘူး၊ သွားမယ်"ဟု ဆိုကာ အိမ်အပြင် သို့ပြေးထွက်သွားပြီးလျှင် မြင်းပေါ်သို့ ခုန်တက်လိုက်လေ၏။ ထို့နောက် မြင်း ကိုစီး၍ သွားရာ ခြံ၀သို့အရောက်၌ ပန်းချီကားတွင် မှန်ထားသော သေနတ် ပေါက်ကလေးအား ပြန်လည်၍ပစ်ပြလိုက်လေ၏။ ထိုသို့ပစ်ပြလိုက်သော ကျည်ဆန်သည် ထိုသေနတ်အပေါက် ကလေး အတွင်းသို့ ၀င်သွားလေ၏။ မိုးသီးသည် ထို၀တ္ထုကို ကျန်သောရဲဘော် ကလေးများအား ပြောပြနေခြင်း ဖြစ်၏။ နားထောင်နေကြသော ရဲဘော် ကလေးများသည် ၀တ္ထုပြီးသောအခါ၌ လက်ခုပ်တီး၍ ဩဘာပေးကြလေ၏။ ထို့နောက် ရဲဘော်တစ်ဦးအား-

"ရဲဘော်မိုးသီး. . .၊ သိပ်ပြီးအပြောကောင်းတာပဲ၊ တော်တော် နားထောင်လို့ကောင်းတယ်၊ ၀တ္ထုနာမည် ဘာတဲ့တုံး"ဟု မေးရာ မိုးသီးက-

"၀တ္ထုနာမည်ကို ကျုပ်မမှတ်မိဘူး. . ."ဟု ပြောလေ၏။

"ဒီဇာတ်လမ်းမှာက အဓိကဇာတ်လိုက်က ရဲဘော်ကြီးပဲ၊ အဲဒီ ရဲဘော်ကြီး ရဲ့နာမည် ဘယ်သူတုံး. . ."ဟု မေးပြန်၏။ ထိုအခါ၌လည်း မိုးသီးက-

"အဲဒီရဲဘော်ကြီးရဲ့နာမည်လည်း ကျုပ်မမှတ်မိဘူး"ဟု ၀န်ခံလေ ၏။ ထိုအခါ ဗိုလ်စန်းမောင်က-

"ရဲဘော်မိုးသီး ဇာတ်လမ်းတစ်ခုလုံး မှတ်မိတယ်၊ ၀တ္ထုနာမည်ကို မမှတ်မိဘူး၊ အဓိကဇာတ်ကောင်ရဲ့နာမည်ကို မမှတ်မိဘူး၊ ဒီအချက်ဟာ အတော်ညံ့တဲ့အချက်ပဲ၊ နောက်နောင် အဲဒီလိုမဖြစ်အောင် ကြိုးစားစမ်းပါ၊ ၀တ္ထုရဲ့ မူလစာရေးဆရာရဲ့နာမည်က 'ပွတ်ရှ်ကင်း'တဲ့၊ ၀တ္ထုနာမည်က '၀န်းရှောတက်' တဲ့၊ အဲဒီရဲဘော်ကြီးရဲ့နာမည်က 'ဓမ္မစကတ်'တဲ့၊ အဲဒီ၀တ္ထုပြီးသွားတဲ့အခါမှာ စာကြွင်းတစ်ခု ကျန်သေးတယ်၊ ဓမ္မစကတ်ဟာ မြင်သစ်တော်လှန်ရေးမှာပါ၀င် သွားပြီး တော်လှန်ရေးမှာပဲ ကျဆုံးသွား တယ်ပါသေးတယ်. . ."ဟု ပြောပြ လေ၏။

www.burmeseclassic.com



(မှတ်ချက် ။ ။ ထိုဝတ္ထုကို မှီး၍ ရုပ်ရှင်မင်းသား ကျော်သူနှင့် ကျော်ဟိန်းတို့သည် 'အကြွေး'ဟူသော အမည်ဖြင့် ဗွီဒီယိုဇာတ်ကားတစ်ပုဒ် ရိုက်ကူးသွား၏။ လွန်စွာလူကြိုက်များ၏။)

ထိုစကားဝိုင်းပြီးသောအခါ၌ ဗိုလ်စန်းမောင်သည် မိုးသီးအား စာဖတ်ပုံဖတ်နည်း၊ မှတ်ပုံမှတ်နည်းကို သင်ပြလေ၏။ နောက်နောင် ဤသို့ 'မေ့သွားတယ်ဗျာ'ဟုမဖြေရအောင် ကြိုးစားဖို့လည်း ဆုံးမလေတော့သတည်း။

* * * * *

> ဂမ္ဘီရသမားတစ်ယောက် ဘယ်တော့မှ မလုပ်ရမယ့် အလုပ်တွေ ရှိတယ်ကွ. . .၊
> မလုပ်ရုံမဟုတ်ဘူး၊ စိတ်တောင် မဝင်စားရဘူး၊ အဲဒါက ဘာလဲဆိုရင် နိုင်ငံရေးပဲကွ. . .၊
> နိုင်ငံရေး ကိုလည်း စိတ်မဝင်စားနဲ့၊ ကိုယ်တိုင်လည်း ပါပြီး ဘာမှ မလုပ်ရဘူးလေ၊ ဂမ္ဘီရ လမ်းကြောင်းကို အများကြီးအနှောင့် အယှက် ပေးနိုင်တယ်. . .

> 'မမွှ' နဲ့ 'အမွှေဘက်' ရယ်လို့ နှစ်ဖက်ရှိတယ်ကွာ၊ စကြဝဠာရဲ့ တန်ခိုးစွမ်းအားတွေကို အလိုရှိတဲ့ သူဟာ မွှေဘက်မှာ ကျက်စား ရတယ်. . .၊





# အခန်း (၄၆)

## မိုးသီးအား ဗိုလ်စန်းမောင်က နည်းအမျိုးမျိုး ဖော်ကျင့်သင်ကြားပေးခြင်း

မိုးသီးသည် ဗိုလ်စန်းမောင်ဆီသို့ ရောက်သွားပြန်၏။ ဗိုလ်စန်းမောင်သည် ထမင်းစားပွဲဝိုင်းကလေးပေါ်တွင် မြောက်မြားစွာသော ကိန်းဂဏန်းများကို မြေဖြူခဲဖြင့် ရေးနေ၏။ ပြီးလျှင် အပေါင်း အနှုတ်လုပ်နေ၏။ ထို့နောက် သတင်းစာကို ဖြန့်၍ကြည့်၏။ ပြီးလျှင် သူ၏မှတ်စုစာအုပ်ကို ဖွင့်၍ကြည့်၏။ မိုးသီးသည် ဘေးတွင်ဝင်ထိုင်ရင်း-

"ဘာတွေလဲ ဗိုလ်စန်းမောင်. . ."ဟု မေးလိုက်လေ၏။ ထိုအခါ ၎င်းက-

"နိုင်ငံတော်ဘတ်ဂျက်ကို လေ့လာနေတာ. . ."ဟု ပြန်၍ဖြေလေ၏။

"အဲဒါ ကျွန်တော်ကိုလည်း ပြောပြပါဗျာ. . .၊ ကျွန်တော်လည်း သိချင်ပါတယ်"ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဗိုလ်စန်းမောင်က-

"နေစမ်းပါဦး ရဲဘော်မိုးသီးရဲ့. . .၊ အခု ပြောတဲ့စကားဟာ တကယ် သိချင်လို့ပြောတာလား၊ စကားရှိလို့ ပြောတာလား . . ."ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

"တကယ်သိချင်လို့ ပြောတာပေါ့. . ."ဟု ပြန်၍ဖြေလျှင် ဗိုလ်စန်းမောင် က-

"တကယ်သိချင်လို့မေးတာဆိုရင်တော့ ပြောပြမယ်လေ၊ အခြေခံသိ ထားဖို့ကတော့ နှစ်စဉ်နိုင်ငံတော်ဝင်ငွေဟာ အကြမ်းအားဖြင့် ကုဋေ(၈၀) လောက်မှာရှိတယ်၊ အဲဒီအထဲကနေပြီး နိုင်ငံတော်ဘတ်ဂျက်ခွဲပြီးသုံးစွဲဖို့ ခွဲဝေတဲ့အခါမှာ ကုဋေ(၄၀)ဟာ ကာကွယ်ရေးအသုံးစရိတ်ဖြစ်တယ်၊ အဲဒါကို ပြောရင် ဝင်ငွေရဲ့ တစ်ဝက်တိတိကို ကာကွယ်ရေးမှာ သုံးနေရတယ်၊ ကျန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်တို့မှ ပညာရေးတို့၊ ကျန်းမာရေးတို့အတွက် ခွဲဝေရတာဆိုတော့ ဟိုဘက်တွေမှာ သိပ်ပြီးအားနည်းသွားတယ်၊ နိုင်ငံတော်ကလည်း အဲဒီလို မလုပ်လို့မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ပြည်တွင်းစစ်ကရှိနေတော့ ကာကွယ်ရေးအသုံးစရိတ်က အဲဒီလောက်ကို ကျမှာပဲ၊ ပြည်တွင်းငြိမ်းချမ်းရေးရသွားရင်တော့ ကာကွယ်ရေး အသုံးစရိတ်ဟာ လျော့သွားမယ်၊ ကျန်တဲ့ အသုံးစရိတ်တွေဘက်က မြှင့်တင်နိုင်လိမ့်မယ်၊ အဲဒီတော့ နိုင်ငံတော်ရဲ့အရေးကြီးပြဿနာဟာ ပြည်တွင်းစစ်ရပ်စဲဖို့ပဲ၊ အဲဒါဟာ 'ဘန်းနင်းကွက်ရှင်'ပဲ၊ အဲဒါကိုနားလည်ရင် မနှစ်က ဘတ်ဂျက်မှာ ဘယ်ဌာနတွေအတွက် ဘတ်ဂျက် ဘယ်လောက် ချပေးတယ်၊ ဒီနှစ်မှာ ဘယ်လောက်တိုးသွားတယ်၊ ဘယ်လောက်လျော့သွား တယ်ဆိုတာ လေ့လာဖို့ပဲ။ အဲဒါကိုတော့ လေ့လာလိုက်ရင် အစိုးရဟာ ဘာကို စိတ်ဝင်စားနေတယ်၊ ဘယ်ဘက်ကို ဦးတည်လျှောက်နေတယ်ဆိုတာ အကဲ ခတ်လို့ရပြီ၊ ဒီနှစ် စိုက်ပျိုးရေးအတွက် ချပေးတဲ့ဘတ်ဂျက်ဟာ နှစ်တိုင်းထက်များတယ်၊ ဒါကြောင့် ဒီနှစ်ဘတ်ဂျက်ကို 'တောင်သူကြီးဘတ်ဂျက်'လို့တောင် နာမည်ပေးသင့်တယ်. . . "ဟု ရှင်းပြလေ၏။

ထို့နောက် နှစ်စဉ် အစိုးရထုတ်ပြန်ခဲ့သော ဘတ်ဂျက်စာရင်းများတွဲထားသော ဖိုင်တွဲကို မိုးသီးအား ပြလေ၏။ မိုးသီးကို စေ့စေ့စပ်စပ်ကြည့်ခိုင်း၏။ မည်သည့်ဌာနအတွက် အသုံးစရိတ်များ လျော့သွားသည်၊ တိုးသွားသည်ကိုလည်း လေ့လာခိုင်း၏။ ထို့နောက် ပါးစပ်ဖြင့် ဖြေခိုင်း၏။ ပြီးလျှင် နှစ်တစ်နှစ် ကို ဖတ်ရှု၍ ဝေဖန်ချက်ရေးခိုင်း၏။ မိုးသီးလည်း စာရွက်အလွတ်များယူ၍ ခဲတံဖြင့် ထိုနှစ်အတွက် ဘတ်ဂျက်ဝေဖန်ချက်ကို ရေးလေ၏။ ပြီးလျှင် ဗိုလ်စန်းမောင်က ယူ၍ ဖတ်ကြည့်ပြီးလျှင် ပြုံးလေ၏။ ထို့နောက် -

"ရဲဘော်မိုးသီး ကောင်းကောင်းနားလည်သွားပြီ၊ နှစ်စဉ် အဲဒီလိုလေ့လာသွားပါ. . . "ဟု ပြောလေ၏။ မိုးသီးလည်း ၎င်း၌ ငွေ ၅ ကျပ်ပါသဖြင့် လက်ဖက်ရည်ဆိုင်သို့ သွားကာ ချိုင့်ဖြင့် လက်ဖက်ရည်ပါဆယ်ဝယ်ခဲ့လေ၏။ ပြီးလျှင် ဗိုလ်စန်းမောင်နှင့် နှစ်ယောက်သား သောက်ကြလေ၏။ ထိုအခါ ဗိုလ်စန်းမောင်က-





"ရဲဘော်မိုးသီး ဒီကိုမလာပါလား၊ ဘယ်ကိုသွားနေသလဲ"ဟု မေးလေ၏။

"ဒီလို ကိုစန်းမောင်ရဲ့၊ မနေ့က ကျွန်တော်ရဲ့ ငယ်ဆရာ ကိုနောင်ဘီဆိုတဲ့ လူဆီသွားနေတယ်"ဟု အစချီကာ ကိုနောင်ဘီအကြောင်းတို အသေးစိတ် ပြောပြလေ၏။ ထို့ပြင် ကိုနောင်ဘီက နိုင်ငံရေးနှင့်ပတ်သက်သည့် အတွက် မိုးသီးအား မှားသည်ဟု ဝေဖန်လိုက်သည်ကို ပြောပြလေ၏။ မိုးသီး၏စကား ဆုံးသောအခါ၌ ဗိုလ်စန်းမောင်က-

"မင်းပြောတဲ့ မင်းဆရာ ကိုနောင်ဘီဆိုတာကို ကိုယ်မတွေ့ဖူးပါဘူး၊ ဒါပေမဲ့ မင်းပြောပြချက်အတိုင်းဆိုတော့ အတော့်ကိုလေးစားဖို့ကောင်းတဲ့လူ ပဲ သူကိုယုံကြည်တာကို ပီပီပြင်ပြင် အလုပ်လုပ်ထားတဲ့လူပဲ၊ ရဲဘော်မိုးသီးလည်း သူ့လိုပဲ လုပ်စေချင်ပုံရတယ်၊ ရဲဘော်မိုးတို့ ငယ်ငယ်တုန်းက ဝိတ်မဖို့ဝိတ်ပြားတွေမရှိတုန်းကလည်း သူပဲ ဝိတ်ပြားတွေ ဝယ်ပေးတယ်ဆို"ဟုပြောလေ၏။ မိုးသီးက ဟုတ်မှန်ကြောင်းဝန်ခံလေ၏။

"ဒီမှာ ရဲဘော်မိုးသီး၊ ကိုနောင်ဘီလိုက်စားတာက ဂမ္ဘီရဖြစ်တယ်၊ အဲဒါက စိတ်နဲ့ပတ်သက်တယ်၊ ရဲဘော်မိုးသီးတို့၊ ကိုယ်တို့ အခုလုပ်နေတာက နိုင်ငံရေးဖြစ်တယ်၊ စိတ်ကူးယဉ်လို့မရဘူး၊ လက်တွေ့ကျရတယ်၊ နောက်ပြီးတော့ ရဲဘော်မိုးသီးကို နိုင်ငံရေး မလုပ်ဖို့ ဆုံမတယ်ဆိုတာ စေတနာပါပါတယ်၊ ဒါပေမဲ့ သူမသိလို့ပါ၊ လူဆိုတာ နိုင်ငံရေးသတ္တဝါပဲလေ. . .၊ သူ့အလုပ်ဟာ အတော်စိတ်ကူးယဉ်ရတဲ့အလုပ်ပဲ၊ ရဲဘော်မိုးသီးတို့ ကိုယ်တို့ အခုလုပ်နေတာက လက်တွေ့ကျတယ်၊ စိတ်ကူးယဉ်လို့မရဘူး၊ အဲဒါတွေနားလည်ထားရမယ်" ဗိုလ်စန်းမောင်က ပြောလေ၏။

ဗိုလ်စန်းမောင်သည် ကွန်မြူနစ်ဝါဒကို ယုံကြည်သူတစ်ဦးပီပီ စိတ်ကူးယဉ်ဆန်သော အကြောင်းအရာများကို များစွာစိတ်မဝင်စားလှပေ။ တစ်နေ့တွင် ၎င်းပြောပြသော ကျောက်ပန်းတောင်းနယ်မှ 'ပတ်သံကွင်း'ဆိုသည့် ... လှည့်ဆရာတစ်ယောက်အကြောင်းမှာမူ ရုပ်ဝါဒမဆန်ဘဲ ဂမ္ဘီရဆန်လေ၏။ ၎င်းပတ်သံကွင်းသည် မျက်နှာဖြူ မြင်းခြံအရေးပိုင်ကို ကွမ်းတစ်ခြမ်း ... ကွမ်းရွက်များကို ထိုခေတ်ရာတန်ဖြစ်အောင် မန်းပြနိုင်ကြောင်း ... ပြနိုင်၏။ ထို့ပြင် ၎င်းပတ်သံကွင်းသည် ကွက်စိပ်လည်း အလွန် ... တာကောင်း၏။ ၎င်းကွပ်စိပ်ဟောရာ ပိတ်ဖြူ ကလေးအောင် ထားတတ်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုပိတ်ဖြူကလေး ပေါ်တွင် ရုပ်ရှင်ပြစက်မပါဘဲ အရုပ်များ ထင်အောင် လုပ်ပြနိုင်ခဲ့သည်ဟုဆို၏။

ဝေဿန္တရာဇာတ်ဟောသောအခါ ဝေဿန္တရာမင်းကြီး တောထွက်သောအခန်းကို ပုံများထင်အောင် လုပ်ပြခဲ့သည်ဟု ဆို၏။ ၎င်းကိုယ်တိုင်မြင်တွေ့ခဲ့ဖူးသည်ဟု ဆို၏။ ကွက်စိပ်ဟော၍ ပရိသတ်ငိုက်သည်ဟုဆိုလျှင် ယပ်တောင်ခတ်ရင်း ယပ်တောင်ကို အဝေးသို့လွှင့်ပစ်လိုက်လေ၏။ ပြီးလျှင် ၎င်း၏လက်ကို အရှည်ကြီးလုပ်ကာ ကောက်ပြလိုက်လေ၏။ ပရိသတ်လည်း အံ့သြ၍ မက်လုံးပြူးကာ အိပ်ချင်စိတ်များ ပြေကုန်သည်ဆို၏။

(မှတ်ချက် ။ ။ မိုးသီးသည် ဗိုလ်စန်းမောင်ပြောပြသော ပတ်သံကွင်း ဆိုသူ၏ အကြောင်းအရာကို အသေးစိတ်မှတ်မိလေ၏။ နောင်တွင် ၎င်း ကိုယ်တိုင် စာရေးဆရာဖြစ်လာသောအခါ၌ 'ပတ်သံကွင်း' ဟူသော အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ရေးဖူးလေ၏။

စာရေးသူ)

မိုးသီးသည် ဗိုလ်စန်းမောင်၏ အဆိုအမိန့်များကို နေ့စဉ်ရက်ဆက် နားထောင်ခဲ့ရလေ၏။ ထိုအချိန်မှစ၍ မိုးသီးပြောသော စကားလုံးများတွင် 'ပစ္စည်းမဲ့လူတန်းစား'ဟူသော စကားလုံးများလည်းကောင်း၊ 'အလုပ်သမားလူတန်းစား'ဟူသော စကားလုံးများသည်လည်းကောင်း ပါလာတတ်မြဲဖြစ်၏။ ယခင်က စိတ်ကူးယဉ်ဆန်သောဝတ္ထုများကို ဖတ်လေ့ရှိသော်လည်း ထိုအချိန် မှစ၍ ထိုစာအုပ်များနှင့် လမ်းခွဲရလေတော့၏။ မိုးသီးရှာဖွေဖတ်ရှုသောဝတ္ထု များမှာ ရုရှားစာရေးဆရာ 'ဂေါ်တီ'ရေးသည့် 'အမေ'ဝတ္ထု ရုရှားစာရေးဆရာ 'ပက်စတာနေ့'ရေးသည့် 'ဒေါက်တာဇီးပရိုး'ဝတ္ထုစသည်များဖြစ်လာတော့၏။ တစ်နေ့တွင် မိုးသီးသည် ဒေါက်တာဇီဗားနိုးဝတ္ထုကို ယူ၍ ဗိုလ်စန်းမောင် ထံသို့ ရောက်သွားလေ၏။ ဗိုလ်စန်းမောင်သည် ထိုစာအုပ်ကို ယူကြည့်ပြီးလျှင်-

"ရဲဘော်မိုးသီး. . .၊ ဒေါက်တာဇီဗားရိုးဆိုတာ ဘာလဲသိလား"ဟု မေးလေ၏။ ထိုအခါ မိုးသီးက -

"ဆရာဝန်တစ်ယောက်ရဲ့နာမည်ပေါ့ ဗိုလ်စန်းမောင်ရယ်. . ."ဟု ပြောလျှင် ဗိုလ်စန်းမောင်က ပြုံး၍





"ဇီဗားရိုးဆိုတာ ရုရှားအသံထွက်နဲ့ ရေးထားတာ၊ ဒေါက်တာဇီဝကပဲ ရဲဘော်မိုးသီးသိထားတဲ့ ဇီဝကဟာ ရုရှားအသံနဲ့ ဖလှယ်လိုက်တော့ ဇီဗားနိုး ပေါ့. . .၊ ရှင်းပြီလား. . ."ဟု မေးလေ၏။

"ရှင်းပါပြီ ဗိုလ်စန်းမောင်. . .၊ ဒီစာရေးဆရာက ဇီဝကကိုလည်း သိသကိုး. . ."ဟု ပြောလိုက်ရာ ဗိုလ်စန်းမောင်က-

"စာရေးဆရာဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးလေ၊ ဗဟုသုတစုံရ မယ်မဟုတ်လား၊ သူက ကျယ်ကျယ်ပြန့်ပြန့်ဖတ်ထားမှာပေါ့၊ အဲဒီဖတ်တဲ့ အထဲမှာ ဘုရားလက်ထက်က သမားတော်ကြီး ဇီဝကအကြောင်းလည်း ဖတ်မိမှာပေါ့. . .၊ ဘယ်ခေလိမ့်မတုံးဗျာ၊ အဲဒါကြောင့် ရဲဘော်မိုးသီးကို အကြံပေးချင်တာက စာရေးဆရာလုပ်မယ်လို့ စိတ်ကူးရင် စာကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရတယ်၊ ဘာမှမဖတ်၊ ဘာမှမသိဘဲ စာရေးဆရာလုပ်မယ်ဆိုရင် ဘာတွေ ရေးမှာတုံး. . .၊ ခဏလေးနဲ့ပရိတ်သတ်မျက်စိအောက်က ပျောက်သွားမှာပေါ့" ဟု သွန်သင်လေ၏။ ထိုအချိန်မှစ၍ မိုးသီးသည် စားများများ ဖတ်သောအကျင့် ကို စွဲ၍ သွားလေတော့သတည်း. . .။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄၇)

## မိုးသီး ဗိုလ်စန်းမောင်ထံမှ ပညာများဆည်းပူးရခြင်း

မိုးသီးသည် နောက်တစ်နေ့ညနေတွင် ဗိုလ်စန်းမောင်ထံသို့ရောက် သွား၏။ သို့ရာတွင် ဗိုလ်စန်းမောင်နှင့် စကားမပြောဖြစ်ပေ။ အခြားသော ရဲဘော်တစ်ဦးနှင့် ကျားကစားနေခဲ့လေ၏။ တစ်နာရီကျော်ကျော်ခန့် ကျားကစား ပြီးသောအခါ၌ ကျားပွဲ ရပ်ဆိုင်းသွားလေ၏။ ထိုအခါ၌ ဗိုလ်စန်းမောင်က-

"ဒီမှာ ရဲဘော်မိုးသီး၊ ကျားကစားတာ ဝါသနာပါရင် စစ်တုရင်ကို ကစား၊ စစ်တုရင်က စဉ်းစားရတာပိုပြီးကောင်းတယ်. . ."ဟု ပြောလေ၏။ ထို့နောက် ဗိုလ်စန်းမောင်သည် စစ်တုရင်ခွက်နှင့် စစ်တုရင်အကောင်များကို မိုးသီးအားပေးပြီးလျှင် စစ်တုရင်ကစားနည်းကိုပါ သင်ပေးလေ၏။ သင်ပြီး သောအခါ၌ မကစားရသေးပေ။ မြင်းကွက် ကျင်ကျင်လည် ရွေ့တတ်စေရန် အတွက် စစ်တုရင်ခွက်ပေါ်တွင် မြင်းကို ဟိုခုန် ဒီခုန် ပြေးခိုင်းလေ၏။ မြင်းကွက်၊ ကျွမ်းသွားသောအခါ၌ ရင်းနှင့်ပင် စတင်၍ကစားရလေ၏။ မိုးသီးညံ့နေသော အကွက်များကို ဗိုလ်စန်းမာင်က ထောက်ပြလေ၏။

တစ်ခါတွင် မိုးသီးသည် နိုင်ချင်ဇောဖြင့် မိမိဘက်က ထောက်ထား သောအကောင်မရှိပါဘဲလျက် ဗိုလ်စန်းမောင်၏ ဘုရင်ကြီးကို တက်၍ 'ချက်' လေတော့၏။ ဗိုလ်စန်းမောင်သည် တက်၍ 'ချက်'လာသော မိုးသီး၏ ဘုရင် မကြီးကို ကောက်၍ စားပစ်လိုက်လေ၏။ ထိုသို့စားရုံမျှမက ထောက်ထား သော သူ၏အကောင်များဖြင့် မိုးသီး၏ဘုရင်ကိုတက်၍ 'ချက်'လိုက်လေ၏။ မိုးသီးသည် အချိန်တိုအတွင်း၌ပင် ရှုံးသွားလေတော့၏။ ထိုအခါ၌ ဗိုလ်စန်းမောင်က -





"ကမ္ဘာပေါ်မှာ စစ်ပညာအကျွမ်းဆုံးပုဂ္ဂိုလ်ကို ပြပါဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀၀၀)က ပေါ်ပေါက်ခဲ့တဲ့ 'ဘုရင်ဖူ'ရဲ့ စစ်သူကြီး 'ဆွန်ဇူး'ပဲ. . ." ဟု ပြောဆိုကာ ဆွန်ဇူးရေးသားခဲ့သော 'အတ်အော့ဖ်ဝါး'ဆိုသည့် ကျမ်းတွင် ပါသည့် အခန်း(၁၃)ခန်းကို မိုးသီးအား ပြောပြလေ၏။ မိုးသီးလည်း မှတ်သား ရလေတော့၏။

"ဆွန်ဇူးရဲ့ သင်ကြားချက်မှာတော့ စစ်တိုက်တာပဲဖြစ်ဖြစ်၊ ဘာလုပ် တာပဲဖြစ်ဖြစ် 'အဆင်သင့်ဖြစ်မှ လုပ်ရမယ်'လို့ သင်ကြားထားတယ်၊ ခု ရဲဘော်မိုးသီးကစားပုံ ကစားနည်းကို ကြည့်ရတာ ဆွန်ဇူးရဲ့သီအိုရီနဲ့လွဲနေ တယ်၊ ကိုယ့်ဘက်က ဘာမှအဆင်သင့်မဖြစ်ဘဲ တစ်ဖက်ကို တက်တက်'ချက်' နေတယ်၊ အဲဒီမှာ မရှုမလှ ရှုံးသွားတာပဲ. . ."ဟု ဗိုလ်စန်းမောင်က ဆုံးမလေ၏။

နောက်တစ်နေ့မှစ၍ ဗိုလ်စန်းမောင်သည် မိုးသီးအား 'အတ်အော့ဝါး' ဆိုသည့်စာအုပ်ပါ အခန်း(၁၃)ခန်းစလုံးကို ဘာသာပြန်၍ အသေးစိတ် သင်ကြား ပေးလေတော့၏။ မိုးသီးသည် ဗိုလ်စန်းမောင်၏ သင်ကြားချက် များကို နားထောင်ပြီးနောက် ဆွန်ဇူးကို လွန်စွာသဘောကျသွားလေ၏။

"ဒီလို ရဲဘော်မိုးသီးရဲ့. . .၊ ဆွန်ဇူးက မသေခင်က သူသေခဲ့လို့ ရှိရင် အလျားဘယ်လောက်၊ အနံဘယ်လောက်၊ ဇောက်ဘယ်လောက်နက်တဲ့ ကျောက်ကန်ထဲမှာ ဆီအပြည့်ထည့်ထားပြီး စိမ်ထားရမယ်လို့ တောင်းဆိုခဲ့ တယ်၊ သူ့အလောင်းကိုလည်း သံချပ်ကာ အင်္ကျီဝတ်ပေးထားရမယ့်တဲ့၊ သံချပ် ကာအင်္ကျီလည်း ရိုးရိုးသံချပ်ကာ အင်္ကျီမဟုတ်ဘူးတဲ့၊ ရင်ဘတ်မှာ တစ်ထွာ တစ်မိုက်လောက်ရှည်တဲ့ သံချွန်တွေ တပ်ပေးထားရမယ်တဲ့. . .၊ အဲဒီလို အသေးစိတ်တောင်းဆိုခဲ့တယ်. . . .၊

ဆွန်ဇူးအသက်ကြီးလို့ နာမကျန်းဖြစ်ပြီး သေသွားတဲ့အခါမှာ ဘုရင် ဖူဟာ ဆွန်ဇူးမှာသွားတဲ့အတိုင်း လုပ်ပေးရှာတယ်၊ ဆွန်ဇူးအလောင်းစိမ်ထား တဲ့ ဆီကန်ကြီးပေါ်မှာ ကျောက်ပြားမိုးထားပေးရတယ်၊ အဲဒီကျောက်ပြားကြီး ရဲ့အလယ်မှာ အပေါက်ဖောက်၊ မီးစာတပ်ပြီး မီးထွန်းပေးထားရတယ်၊ အောက် က ဆီကန်ထဲက ဆီတွေမကုန်မချင်း ဒီမီးတောက်ဟာ လင်းနေမှာပေါ့. . .၊ နှစ်(၂၀၀)လောက်ကြာတော့ ဆီကန်ထဲက ဆီတွေဟာ ကုန်သွားပါလေရော. . .၊

အဲဒီအခါမှာ ဆွန်းဇူးတို့တိုင်းပြည်ကို အမြဲရှုံးနေတဲ့ ရန်သူတိုင်းပြည် က အနိုင်ရသွားတယ်၊ အဲဒီလိုအနိုင်ရဖို့ ရန်သူစစ်ခေါင်းဆောင်ဟာ မြို့တို သိမ်းတဲ့အခါမှာ ပထမဆုံးမေးတာက 'ဆွန်ဇူးသင်္ချိုင်းဘယ်မှာလဲ'တဲ့. . .၊



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကတော့ ဆွန်ဇူးရဲ့အလောင်းရှိသေးရင် ဖျက်ဆီးပစ်မှာပေါ့၊ ဆွန်ဇူးအပေါ်မှာ အငြိုးမပြေဘူးလေ. . . ၊ စစ်ရှုံးသွားတဲ့ ဆွန်ဇူးတို့တိုင်းပြည်ကလည်း ဆွန်ဇူးရဲ့သင်္ချိုင်းကို ပြလိုက်ရတယ်၊ အဲဒီမှာ ရန်သူစစ်ခေါင်းဆောင်ဟာ မြင်းကို ဒုန်းစိုင်းပြီး ဆွန်ဇူးသင်္ချိုင်းကို ရောက်သွားတော့တာပဲ. . . ၊

သူလည်းအရောက် ဆွန်ဇူးရဲ့သင်္ချိုင်းမှာ ထွန်းထားတဲ့ မီးစာကလည်း ဆိုကုန်လို့အငြိမ်းပဲ. . . ၊ ရန်သူ စစ်ခေါင်းဆောင်ဟာ ဆီကန်ပေါ်မှာ မိုးထား တဲ့ ကျောက်ပြားအမိုးကြီးကို သူတစ်ယောက်တည်းအားနဲ့ တွန်းပြီးဖယ်တယ်၊ ကျောက်ပြားအမိုးကြီးလည်း ပွင့်သွားရော အဲဒီစစ်ခေါင်းဆောင်ဟာ အရှိန် လွန်ပြီး ဆွန်ဇူးရဲ့အလောင်းပေါ်ကို မှောက်လျက်ကြီးကျသွားတယ်. . . ၊ ဆွန်ဇူးရဲ့အလောင်းမှာ တပ်ထားတဲ့ သံချွန်အရှည်ကြီးတွေဟာ အဲဒီစစ် ခေါင်းဆောင်ရဲ့ရင်ဘတ်တွေ၊ ဝမ်းဗိုက်တွေထဲဝင်သွားတော့တာပေါ့. . . ၊ စစ်နိုင်တဲ့နေ့မှာပဲ အဲဒီစစ်ခေါင်းဆောင်ဟာ ဆွန်ဇူးရဲ့နောက်ကိုလိုက်သွားရ ရှာတယ်၊ အဲဒီဆွန်ဇူးရဲ့ သင်္ချိုင်းဆီတန်းဘေးက နံရံမှာက တရုတ်စာတွေရေး ထားသေးတယ်၊ အဓိပ္ပာယ်ကတော့ 'လာခဲ့'တဲ့ 'ခေါ်သွားဦးမယ်'တဲ့. . . "ဟု ပြောပြလိုက်လျှင် မိုးသီးသည် လွန်စွာသဘောကျ၍-

"ပိုင်လိုင်တဲ့ ဆွန်ဇူးဗျာ. . . "ဟု ဆိုကာ လက်ခုပ်လက်ဝါးတီးလေ၏။

ထိုအချိန်မှစ၍ ဆွန်ဇူး၏ စစ်ကျမ်းဖြစ်သော 'အတ်အော့ဖ်ဝါး'ခေါ်အခန်း(၁၃)ခန်းပါသည့် ကျမ်းကြီးကို ကလေးစာကျက်သည့်အလား အလွတ်ရသည်အထိ ကျက်မှတ်လိုက်လေတော့၏။ ထို့ပြင် ထိုအချိန်မှစ၍ မိုးသီးသည် ဘာကိုပဲလုပ်လုပ် အဆင်သင့်ဖြစ်မှလုပ်သော အကျင့်စွဲသွားလေတော့၏။ တစ်ခါတစ်ရံ ဗိုလ်စန်းမောင်ကိုယ်တိုင် မိုးသီးအား နောက်ပြောင်လိုသောသဘော ဖြင့် 'ရဲဘော်ဆွန်ဇူး'ဟုပင်ခေါ်လေတော့၏။ ဗိုလ်စန်းမောင်သည် ဆွန်ဇူးကျမ်း ကို သင်သောအခါ၌ 'ရှင်ကျန်ဖို့အတွက် ဗျူဟာ(၅)ရပ်' ဆိုသည်ကို အကြိမ်ကြိမ် ထပ်၍ ထပ်၍ သင်လေ၏။

"(၁) စစ်မှူးတစ်ယောက်ဟာ တိုက်ရမယ့်အချိန်၊ မတိုက်ရမယ့် အချိန်ကို သိဖို့လိုတယ်၊

(၂) အင်အားများများသုံးရမလား၊ နည်းနည်းသုံးရမလားဆိုတာ လည်း သိဖို့လိုပါတယ်၊





(၃) ကိုယ့်လက်အောက်ကအကြပ်တပ်သားတွေ အားလုံးစိတ်တာ တစ်ချောင်းတည်းရှိနေဖို့လိုတယ်၊

(၄) မေ့မေ့လျော့လျော့ ချီတက်လာတဲ့ ရန်သူကို အလစ်အငိုက် စောင့်တိုက်နိုင်ဖို့ လိုတယ်၊

(၅) တော်တဲ့ စစ်ကဲ့အပေါ်မှာ ဘုရင်ရဲ့ ဩဇာသက်ရောက်မှု ကင်းလွတ်ဖို့လိုတယ်၊

(၆) ဘုရင်တစ်ပါးဟာ သူ့ရဲ့စစ်တပ်အပေါ်မှာ နည်း(၃)နည်း ဒုက္ခရောက်စေတယ်၊ တက်ဖို့ဆုတ်ဖို့ ဘာမှမသိဘဲ ဘုရင်ဟာ အမိန့်ပေးတတ်တယ်၊ စစ်ရဲ့သဘောဝကိုမသိဘဲ တိုင်းပြည် အုပ်ချုပ်ပုံစံမျိုးနဲ့ စစ်တပ်ကိုလာပြီး အုပ်ချုပ်ရင်လည်း အလွဲလွဲ အချော်ချော် ဖြစ်တတ်တယ်၊ စစ်ရေးဆိုတာ ပွဲပြားပင်လို ယိမ်းနွဲ့ နေတယ်ဆိုတာကို ပစ်ပယ်ပြီး စစ်ကဲတွေအပေါ် တရားသေ တစ်ချက် လွှတ်အမိန့်တွေ ထုတ်လိုက်ရင်လည်း အမှားကြီး မှားတတ်ပါတယ်. . . " ဟု၍ အသေးစိတ်ရှင်းပြ၊ သင်ပြလေ၏။

မိုးသီးသည် ဆွန်ဇူး၏ သင်ခန်းစာများကို ဂျောင်းဂျောင်းပြေးအလွတ် ရနေပြီဖြစ်၏။ ဗိုလ်စန်းမောင်သည် မိုးသီးအား စစ်ဆေးလိုသောသဘော ဖြင့် သင်ပြီးခဲ့သော ဆွန်ဇူး၏အကြောင်းအရာများကို စာပြန်၍ ရေးခိုင်းလေ၏။

မိုးသီးသည် ဗိုလ်စန်းမောင် ခိုင်းသည့်အတိုင်း ဆွန်ဇူး၏သဘောတရားများကို မှတ်မိသည့်အတိုင်း အခန်းများဖွဲ့၍ ရေးသားကာ ဗိုလ်စန်းမောင်အား ပြလေတော့၏။ ဗိုလ်စန်းမောင်လည်း ဖတ်ကြည့်ပြီးနောက်-

"ရဲဘော်မိုးသီးဟာ အတော့်ကို မှတ်မိတာပဲ၊ စာလည်း ရေးတတ်တယ်. . . ၊ ကိုယ့်လူရေးထားတာ ကျမ်းစာအုပ်နဲ့မတူဘူး၊ ဝတ္ထုစာအုပ်ဖတ်နေရသလိုပဲ၊ တစ်နေ့နေ့တော့ နာမည်ကြီးတဲ့ စာရေးဆရာဖြစ်လာမှာပါ။ သေချာပါတယ်၊ အခုကတည်းက စာရေးဆရာဖြစ်ဖို့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေတော့"ဟု အားပေးစကားပြောလေ၏။

မိုးသီးလည်း ကြိုးစားမည်ဖြစ်ကြောင်း ဝန်ခံလိုက်လေတော့သတည်း။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

စစ်သားဆိုတာ . . .

ခိုင်းတဲ့တာဝန်ကို ကျေပွန်အောင် လုပ်ရုံတင်မကဘူး . . .၊

မခိုင်းတဲ့အလုပ်ကိုလည်း မလုပ်ရဘူး . . .။

မားရောင်းတဲ့ဆိုင်ဆိုတာ ရှိပါတယ်၊ မားရောင်းတဲ့လူကို လူသတ်မှုနဲ့ တရားစွဲလို့ မရပါဘူး . . .၊ သူ့ဆိုင်က မားကို ဝယ်ပြီး တစ်ယောက်ယောက်ကို ထိုးသတ်တဲ့သူကိုသာ ဥပဒေက အရေးယူ ပါတယ်၊ ကျွန်တော်က မားဆိုင်ဖွင့်တဲ့ လူနဲ့တူပါတယ်၊ ကျွန်တော့်ကို မားထိုးမှု၊ မားခုတ် မှုနဲ့အရေးယူဖို့မသင့်ပါဘူး . . .

ဘယ်နေရာကို ဘယ်လိုအခြေအနေနဲ့ ရောက်သွား၊ ရောက်သွား အများအကျိုး ဆောင်ဖို့ အများအတွက် အနစ်နာခံဖို့ကို လောကကြီးက စောင့်ရှောက်ထား တယ်ကွ၊ အခွင့်အရေးတွေ အပ်နှင်းတယ်ကွ . . .၊ အဲဒါကို သဘောပေါက်၊ ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်ရဘူး . . .၊ ကိုယ်လွတ်မရုန်းဘူး၊ အနစ်နာ ခံတတ်တဲ့ အကျင့်လုပ်ထားပါ . . .၊ ဒါမှ ယောကျ်ားကောင်း ဖြစ်မှာ . . .”



# အခန်း (၄၈)

## မိုးသီးနှင့် ငြိမ်းချမ်းရေးတရားပွဲ

ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးရန် ရက်သည် တစ်စတစ်စနီးကပ်လာပြီဖြစ်၏။ မြေပေါ်ရှိ နိုင်ငံရေးပါတီအသီးသီးသည် စတင်၍ လှုပ်ရှားစပြုနေ ပြီဖြစ်၏။ မိုးသီးရောက်ရှိနေသော ပါတီရုံးသို့ ရခိုင်အမျိုးသားရဲဘော်ရန်ရွှေ ဆိုသူ လူငယ်တစ်ဦး ရောက်ရှိလာလေ၏။ ၎င်းရဲဘော် ရန်ရွှေသည် ပါတီ၏ ခရိုင်ကော်မတီအဆင့်ရှိ၏။ သူသည် လွန်စွာလှုပ်ရှားနိုင်သူဖြစ်၏။ တစ်ညနေ တွင် ရဲဘော်ရန်ရွှေက မိုးသီးအား-

“အဲဒီကော်မတီဖွဲ့တဲ့အခါမှာ တာမွေနဲ့ ရန်ကင်းပေါင်းပြီး တိုက်နယ်တစ်ခုသတ်မှတ်ပြီး အဖွဲ့ဖွဲ့မှာ . . .၊ တာမွေ-ရန်ကင်း ပြည်သူ့ကော်မတီပေါ့၊ အဲဒီတာမွေ-ရန်ကင်းတိုက်နယ်မှာ ရဲဘော်မိုးသီး အတွင်းရေးမှူးလုပ်ရမယ်” ဟု ရှင်းပြရင်း အမိန့်ပေးလေ၏။

“ဒီမှာ ရဲဘော်ရန်ရွှေ . . .၊ ကျုပ် ဘာမှမလုပ်တတ်ဘူးဗျ . . .” ဟု ပြောလျှင် ၎င်းက ပြုံးလေ၏။

“ဒီမှာ ရဲဘော်၊ ကိုယ့်လူ လုပ်တတ်ဖို့မလိုဘူး၊ ကျုပ်အပါအဝင် လူကြီး တွေက ရဲဘော်နောက်မှာ ရှိနေမယ်၊ ဘာပြီးဘာလုပ်ရမယ်ဆိုတာ ပြောသွားမယ် . . .၊ အဲဒီတော့ လုပ်တတ်သွားမှာပေါ့ . . .၊ ပထမဆုံးလုပ်ရမှာတော့ ကျောက်မြောင်းရပ်ကွက်မှာ ပိုက်ဆံလည်းမပေးရတဲ့ ‘ပြည်သူ့ဆောင်စီ’ ဆိုင်းဘုတ်တင်လို့ရတဲ့ အခန်းတစ်ခန်းဖြစ်ဖြစ်၊ အိမ်တစ်လုံး

www.burmeseclassic.com



ဖြစ်စေ ရှာရမယ်၊ အဲဒါရပြီဆိုရင် တာမွေ-ရန်ကင်းတိုင်းနယ် ပြည်သူ့ကော်မတီဆိုတာ ပိတ်ဆိုင်းဘုတ်တစ်ချပ် ချိတ်လိုက်ရုံပဲ၊ ပြီးတော့ ရပ်ကွက်ထဲမှာ ရံပုံငွေအလှူခံ မယ်. . .၊ အလှူခံလို့ရတဲ့ ငွေနဲ့အသံချဲ့စက်တွေ မီးချောင်းတွေငှားပြီး လမ်းထိပ်တွေမှာ ငြိမ်းချမ်းရေးတရားပွဲတွေ ကျင်းပရမယ်၊ အဟောအပြောကောင်းတဲ့ နိုင်ငံရေးသမားကြီးတွေ ရောက်လာကြလိမ့်မယ်၊

များမကြာမီ၌ မိုးသီးသည် ၎င်းနှင့်လွန်စွာရင်းနှီးသော ရဲဘော်ဘုန်းကြွယ်ဆိုသူအား အကူအညီတောင်းရလေ၏။ ၎င်းရဲဘော်ဘုန်းကြွယ်၌ ညီအစ်ကို(၅)ဦးရှိလေ၏။ ၎င်းညီအစ်ကို(၅)ဦးစလုံးသည် အဖေတူသော်လည်း အမေမတူကြပေ။ ၎င်းတို့မိခင်များသည် ကွယ်လွန်အနိစ္စရောက်ကုန်ကြပြီ ဖြစ်၏။ ၎င်းတို့ဖခင် ဦးချမ်းကြွယ်ဆိုသူသည် ဆန်စက်ပိုင်ရှင်ဖြစ်၏။ ၎င်း၏ သားများကို ကျောက်မြောင်း၊ သီတာလမ်းတွင် အိမ်တစ်လုံးဝယ်ပေးကာအတူ စု၍ထား၏။ ၎င်းကမူ နောက်အိမ်ထောင်နှင့် သီးခြားနေလေ၏။ ဦးချမ်းကြွယ်သည် နံနက်မိုးလင်းသည်နှင့် သားများနေထိုင်သောအိမ်သို့ ရောက်လာပြီးလျှင် ထမင်းဖိုးကို နေ့စဉ်လာရောက်၍ပေးရ၏။ ထမင်းဖိုးကို တစ်ခါတည်း ပေးထား၍မရပေ။ တစ်ခါတည်းပေးထားလျှင် တစ်ရက်တည်း အကုန်သုံးပစ် ၍ ထမင်းငတ်မည်စိုးသောကြောင့် ဤသို့ နေ့စဉ်လာရောက်ပေးရခြင်းဖြစ်၏။

သားများ ဝတ်ပြီးသော အဝတ်အစားအဟောင်းများကိုလည်း စု၍ယူသွားပြီးလျှင် ဒိုဘီဆိုင်တွင် အပ်၍ထားပေးရ၏။ ဒိုဘီဆိုင်မှပြန်၍ရွေးပြီးသောအခါ၌လည်း သားများထံသို့ လာ၍ပေးရလေ၏။ ထိုအိမ်၌ လူကြီးဟူ၍ မရှိတော့ပေ။ ရဲဘော်ဘုန်းကြွယ်အပါအဝင် ညီအစ်ကိုများသည် ကိုယ့်အပေါင်း အသင်းနှင့်ကိုယ် ပျော်သလိုနေကြ၏။ သို့ရာတွင် ၎င်းတို့အား ရပ်ကွက်မှ ကရုဏာသက်ကြ၏။ စောင့်ရှောက်ကြကုန်၏။ ၎င်းညီအစ်ကိုများသည် ကိုယ့် ဝါသနာနှင့်ကိုယ် လုပ်ချင်ရာလုပ်နေကြ၏။

ရဲဘော်ဘုန်းကြွယ်သည် ကျားထိုးခြင်းကို ဝါသနာပါ၏။ လမ်းထိပ် ညောင်ပင်အောက် ဆိုက်ကားဂိတ်တွင် တစ်နေကုန် ကျားထိုးနေ၏။ ၎င်း၏





အကြီး အောင်သိန်းဆိုသူမှာ လောင်းကစားဝါသနာပါ၏။ အောင်သိန်း၏ အောက် 'ငွေအောင်'ဆိုသူမှာလည်း ကြက်တောင်ရိုက်ခြင်းကို ဝါသနာပါ၏။ ညနေစောင်းသည်နှင့် ဘောင်းဘီဖြူ အကျႌဖြူ ကင်းဘတ်ဖိနပ်အဖြူတို့နှင့် ကြက်တောင်ရိုက်ရန် ထွက်သွားတတ်လေ၏။ ရဲဘော်ဘုန်းကြွယ်က-

"ဒီမှာ ရဲဘော်မိုးသီး၊ ခင်ဗျား ပြည်သူ့ကော်မတီ ဆိုင်းဘုတ်ချိတ်ဖို့ အိမ်ရှာနေတယ်မဟုတ်လား၊ မရှာနဲ့. . .၊ ကျုပ်တို့အိမ်မှာ ချိတ်လိုက်၊ ငြိမ်းချမ်းရေးအလံလည်း စိုက် ချင်စိုက်လိုက်. . ."ဟု ဆိုသဖြင့် ရဲဘော်မိုးသီးသည် ရဲဘော်ဘုန်းကြွယ်၏အိမ်၌ 'တာမွေ-ရန်ကင်း-တိုက်နယ်ပြည်သူ့ကော်မတီ' ဆိုသော ပိတ်ဆိုင်းဘုတ်ကို ချိတ်လိုက်လေတော့၏။ ထို့နောက် ငြိမ်းချမ်းရေး အလံကိုလည်း စိုက်ထူလိုက်လေတော့၏။

"ရံပုံငွေ လျှောက်ပြီးအလှူခံရမယ်. . ."ဟု ပြောလိုက်ရာ ရဲဘော်တင်နွဲ့ဆိုသူက ဘုန်းကြီးကျောင်းမှာ မောင်းထောင်ချိုင့်များ ငှားလာပြီးလျှင် သွပ်ပြားဖြင့်လုပ်ထားသော အော်လန်တစ်လက်ပါ ရှာ၍လာလေ၏။ အောက် လင်းဓာတ်မီးနှစ်လက်ကိုလည်း ငှားရမ်းသောနေရာမှ တစ်ညလျှင် သုံးကျပ်ဖြင့် ငှားရမ်းလာကာ ခွေးခြေကို ပက်လှန်လှန်၍ထည့်ပြီးလျှင် တစ်ယောက် တစ်လှည့် ခေါင်းတွင်ရွက်ကြ၏။ ထို့နောက် အော်လန်ဖြင့် အလှူငွေများ ထည့်ဝင်ရန် ပြောဆို၍ အလှူခံကြလေ၏။ အလှူငွေများ ထည့်ကြကုန်၏။ ဆိုင်းဘုတ်ချိတ်ထားသော ရဲဘော်ဘုန်းကြွယ်အိမ်သို့ ပြန်ရောက်လာလျှင် အလှူငွေများကို ရေတွက်ကာ အောက်လင်းဓာတ်မီးငှားခငွေကို သွား၍ချေပြီး ဓာတ်မီးကိုပါ ပြန်၍ အပ်ရလေ၏။

ပြီးလျှင် ချိုင့်ဖြင့် လက်ဖက်ရည်နှစ်ခွက်ဝယ်ကာ ရဲဘော်အားလုံး တစ်ငုံစီခန့် အာသာပြေသောက်ကြရလေ၏။ ထိုအလုပ်များပြီးမှ အိပ်စက်ကြရလေ၏။ ရံပုံငွေ အတော်အတန်ရသောအခါ၌ လမ်းထိပ်များတွင် မင်ထိုး ကာ အသံချဲ့စက်ငှား၍ ငြိမ်းချမ်းရေးတရားပွဲများ ပြုလုပ်ရလေ၏။ ဤသို့ ပြုလုပ်ရာတွင် ဗဟိုပြည်သူ့ကော်မတီမှ ဟောပြောမည့် နိုင်ငံရေးသမားများ လွှတ်ပေး၏။

ရဲဘော်မိုးသီးမှာမူ အခမ်းအနားမှူးလုပ်ရလေ၏။ ရဲဘော်မိုးသီးသည် အလုပ်များနေသောကြောင့် ဗိုလ်စန်းမောင်နှင့် မတွေ့ဖြစ်တော့ပေ။ ဗဟိုမှ လွှတ်လိုက်သော တရားဟောမည့်ပုဂ္ဂိုလ်များ ရောက်မလာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်မိုးသီး ငှင်နားလည်သလောက် ဟောပြောလေ၏။ တရားပွဲပြီးသောအခါ၌ မိုးသီး၏ ပုခုံးကို ငှင်း၏ငယ်ဆရာ ကိုနောင်ဘီက ဖြတ်ခနဲ ပုတ်ပြီးလျှင်-

"မောင်မိုးသီး. . .၊ တော်တော်မောသွားပြီးလား၊ လာ . . . လက်ဖက် ရည်သောက်မယ်. . ."ဟု ဆိုကာ လက်ဖက်ရည်ဆိုင်သို့ခေါ်သွားလေ၏။ လက်ဖက်ရည်ဆိုင်သို့ရောက်လျှင် လက်ဖက်ရည်သောက်နေစဉ် ကိုနောင်ဘီက-

"မင်း စပြီးဟောကတည်းက ငါရောက်နေတာ၊ မင်းရဲ့ဟောပုံပြောပုံ ကောင်းပါတယ်. . .၊ အသံနေအသံထားလည်း ကောင်းပါတယ်၊ မင်းရဲ့အသံ က အသံနက်တယ်ကွ. . .၊ ဩဇာခတ်ပါ ပါတယ်၊ ဒါပေမဲ့ မင်းကိုငါ သေချာကြည့်တဲ့ အခါမှာ နိုင်ငံရေးသမားလို့ မမြင်ဘူးကွ. . .၊ ဂမ္ဘီရသမားလို့ပဲမြင် တယ်၊ နိုင်ငံရေးဟာ မင်းကို ဒုက္ခပေးလိမ့်. . .၊ ဂမ္ဘီရကတော့ မင်းကို ကယ်တင်လိမ့်မယ်၊ နောက်ဆုံးမှာလည်း မင်းဟာ ဂမ္ဘီရသမား ဖြစ်သွားမှာပဲ၊ အခုတော့ ဗိုလ်စန်းမောင် တင်းပေးထားတဲ့ သံပတ်မကုန်ခင် နိုင်ငံရေးသမား အဖြစ် လှုပ်ရှားပေဦးတော့. . .၊ သူ့သံပတ်ကုန်သွားမှ ငါရဲ့ ဂမ္ဘီရသံပတ် လာမယ်. . .၊ အဲဒီကျတော့ မင်းကောင်းစားမှာ. . ."ဟု ပြောပြီးလျှင် တဟဲဟဲ ရယ်၍နေလေတော့၏။ ထို့နောက် မိုးသီးသုံးရန် အတွက် ငွေငါးဆယ်မုန့်ဖိုး ပေးသွားလေ၏။

မိုးသီးသည် ကိုနောင်ဘီအား ထိုင်၍ကန်တော့ လိုက်လေတော့သတည်း . . . ။

* * * * *





# အခန်း (၄၉)

## မိုးသီးတို့ ပြေးရပြီ

မိုးသီးသည် တာမွေ-ကျောက်မြောင်းနယ်ကြီး တစ်နယ်လုံးတွင် ငြိမ်းချမ်းရေးတရားပွဲများ ပြုလုပ်လျက်ရှိနေ၏။ မိုးသီး စင်ပေါ်တက်၍ ဟော ပြောနေစဉ်၌လည်း သတင်းထောက်များ ရောက်လာပြီးလျှင် ဓာတ်ပုံများ တဖျတ်ဖျတ်ရိုက်လျက်ရှိ၏။ သို့ရာတွင် မိုးသီး၏ ဓာတ်ပုံသည် ညီသည့် သတင်းစာတွင်မှ ပါသည်ဟူ၍မရှိပေ။

အစိုးရနှင့် တောတွင်းရောင်စုံသူပုန်တို့သည် ငြိမ်းချမ်းရေး ဆွေးနွေး နေကြပြီဖြစ်၏။ မိုးသီး စင်ပေါ်တွင် ဆင်းလာသောအခါ၌ ငှင်း၏ငယ်ဆရာ ကိုနောင်ဘီ ရောက်လာလေ၏။

"မောင်မိုးသီးရယ်. . .၊ မင်းရဲ့မိန့်ခွန်းကလည်း ကြက်သီးထဖို့ ကောင်းလိုက်တာကွာ. . .၊ မင်းစကားပြောတိုင်းလည်း သတင်းထောက်တွေ ရောက်လာပြီး ဓာတ်ပုံ တဖျတ်ဖျတ်ရိုက်တာလည်း ငါသတိပြုမိတယ်၊ ဒါပေမဲ့ မင်းဓာတ်ပုံဟာ ဘာသတင်းစာမှ မပါဘူး. . .၊ ဒါက ဘာကိုပြသလဲဆိုရင် အာဏာဆိုင်ရာက မင်းပုံကို အရအမိယူနေပုံရတယ်၊ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြီ ဆိုရင်တော့ မင်းအနေနဲ့ပြေးပေတော့. . .၊ ဖမ်းမှာ သေချာတယ်. . .၊ ဖမ်းပြီးရင်တော့ ထောင်ထဲထည့်ထားလိမ့်မယ်၊ တစ်ခု ပြီးမှာထားမယ်. . .၊ တကယ်လို့ ထောင်ကျသွားရင်တော့ ထောင်ထဲမှာ အလကားမနေနဲ့၊ ငါ မင်းကို သင်ပေးတဲ့ ဂမ္ဘီရတွေလုပ်ပေတော့. . .၊ ဒါမှ မင်းခံသာမှာ" ဟု မှာကြားပြီးလျှင် မိုးသီးသုံးရန်အတွက် မုန့်ဖိုး (၁၀၀)ပေး၍ ပြန်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညတွင် မိုးသီးသည် ဦးစံတင်၏ သွားဆေးကုခန်းသို့ အလည်အပတ်ရောက်ရှိနေ၏။ ၎င်းဦးစံတင်သည် လွန်စွာသဘောကောင်းသူဖြစ်၏။ မိုးသီးလာလျှင် လက်ဖက်ရည်တိုက်၏။ ဆေးလိပ်တိုက်၏။ ကောင်းမွန်စွာ ညှိခံစကားပြော၏။ ၎င်းမာလည်း ဝါရင့်အတွေ့အကြုံရှိသော နိုင်ငံရေးသမားဖြစ်၏။ မိုးသီး မသိ၊ မမီသည်များကို ၎င်းဦးစံတင်က ပြောပြ၏။ တစ်ညတွင် ဦးစံတင်နှင့် စကားပြောနေစဉ်၌ ရေဒီယိုမှ ကြေညာချက်တစ်ခုလာ၏။ ထိုကြေညာချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ အပြီးအပိုင်ပျက်သွားပြီ ဖြစ်ကြောင်း ကြေညာချက်ပင်ဖြစ်၏။ ထိုအခါ ဦးစံတင်က-

"ရဲဘော်မိုးသီး. . .၊ ပြေးဖို့စဉ်းစားပေတော့၊ နောက်ကျတဲ့ ခြေထောက်သစ္စာဖောက်ပဲ. . ."ဟု ပြောလေ၏။ မိုးသီးလည်း ဖြုတ်ခနဲထပြန်လာပြီးလျှင် သီတာလမ်းရှိ ရဲဘော်ဘုန်းကြွယ်အိမ်သို့ ခပ်သုတ်သုတ်သွားရလေ၏။ ထိုနေရာသို့ရောက်လျှင် ပြည်သူ့ကော်မတီဆိုင်းဘုတ်ကို ဖြုတ်ပစ်လိုက်၏။ ရိုက်ထူထားသော ငြိမ်းချမ်းရေးအလံကိုလည်း သိမ်းပစ်လိုက်ရလေ၏။

ထို့နောက် အရက်မူး၍ အိပ်ပျော်နေသော ရဲဘော်ဘုန်းကြွယ်ကိုနှိုးရလေ၏။ ထိုအခါ ရဲဘော်ဘုန်းကြွယ်က-

"ရဲဘော်မိုးသီးကတော့ လုပ်ပြီ. . .၊ သူများ အိပ်ကောင်းနေပြီဆိုနှိုးပြီ. . ."ဟု ညည်းညူလေ၏။

"မဟုတ်ဘူး ကိုယ့်လူ. . .၊ အရေးကြီးတယ်၊ အခုပဲ ရေဒီယိုကကြေညာတယ်၊ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်သွားပြီတဲ့. . ."ဟု မိုးသီးက ပြောလျှင် ရဲဘော်ဘုန်းကြွယ်က-

"ပျက်သွားတော့ ဘာဖြစ်သလဲဗျာ. . ."ဟု အိပ်ချင်မူးတူးဖြင့်ပြောလေ၏။

"ပျက်သွားတော့ ဘာဖြစ်ရမလဲကွ. . .၊ တောထဲကလူတွေ တောထဲပြန်ပြီ. . .၊ မြို့ပေါ်မှာ ငုတ်တုတ်ကျန်နေခဲ့တဲ့ ငါတို့ကို ဖမ်းမှာပေါ့ကွာ. . ." ဟု မိုးသီးက ပြောလိုက်လျှင် ရဲဘော်ဘုန်းကြွယ်က-

"ခင်ဗျား အဖမ်းခံရမှာပဲ၊ ခင်ဗျားက ဒီမြို့နယ်ရဲ့ အတွင်းရေးမှူးကိုး ဗျ. . .၊ ကျုပ်နဲ့မဆိုင်ဘူး. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက -





"မဆိုင်ဘူးလို့မလုပ်နဲ့ ကိုယ့်လူရေ. . .၊ မင်းလည်း ငါနဲ့တွဲပြီး လှုပ်ရှားနေတာပဲ၊ မလွတ်ဘူး ငါ့လူ. . .၊ ထပါကွာ၊ ပြေးရအောင်. . ."ဟုပြောလျှင် ရဲဘော်ဘုန်းကြွယ်သည် ခြင်ထောင်ကို ဖြုတ်၍ ခေါက်လေ၏။

"ဒီခြင်ထောင်ကြီးက ဘာလုပ်ဖို့လဲ. . ."ဟု မိုးသီးက မေးလိုက်ရာ ရဲဘော်ဘုန်းကြွယ်က-

"ဘယ်နေရာပဲရောက်ရောက် မအိပ်တော့ဘူးလား. . .၊ အိပ်မယ်ဆိုရင် ခြင်ကိုက်တယ်၊ ခြင်ထောင်ပါမှ ဖြစ်မယ်. . ."ဟု ပြန်၍ပြောလေ၏။ ထိုအခါ မိုးသီးက-

"အေး . . . ဟုတ်တယ်၊ ယူခဲ့ . . . ယူခဲ့"ဟု ပြောလေ၏။

"ဘယ်ကိုသွားမလဲ. . ."ဟု ရဲဘော်ဘုန်းကြွယ်က မေးလျှင် မိုးသီးက-

"ဘယ်ကိုသွားရမှန်းမသိပါဘူးကွာ. . ."ဟု စိတ်ပျက်သံကြီးဖြင့် ပြန်၍ပြောလေ၏။ ထိုအခါ ရဲဘော်ဘုန်းကြွယ်က-

"အကောင်းဆုံးကတော့ ကိုစိန်တင်ကြီးအိမ်သွားတာ အကောင်းဆုံးပဲ. . .၊ ကျောက်ရေတွင်းလမ်းမှာ ရှိတယ်. . ."ဟု ဆိုသဖြင့် မိုးသီးလည်း ရဲဘော်ဘုန်းကြွယ် ဦးဆောင်ရာနောက်သို့ လိုက်သွားရလေ၏။

ကိုစိန်တင်၏ အိမ်သို့ရောက်သောအခါ ထွက်ပြေးနေသော ရဲဘော်အစိတ်ခန့်ရောက်နေသည်ကို အံ့သြစွာတွေ့ရလေတော့၏။ ကိုစိန်တင်ကြီး၏ အစ်မက ထွက်ပြေးလာသော ရဲဘော်များကို လက်ဖက်ရည်၊ ဖျော်ရည်တိုက်နေ၏။ ရဲဘော်ဘုန်းကြွယ်သည် လက်ဖက်ရည်သောက်ပြီးနောက် မိုးသီး၏ နားအနီးသို့ ကပ်ပြီးသောအခါ-

"ရဲဘော် မိုးသီး. . .၊ ဒီလောက်အများကြီးနေလို့တော့ မဖြစ်ဘူး၊ တုန်မိကုန်လိမ့်မယ်. . .၊ လူခွဲမှဖြစ်မယ်. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက -

"လူခွဲတာတော့ ခွဲရမှာပေါ့ကွာ. . .၊ ပါတီရုံးခန်းကို ငါပြန်ကြည့်ချင်သေးတယ်၊ အပြင်က တယ်လီဖုန်းတွေ ဘာတွေ ဝင်ချင်ဝင်နေဦးမယ်ကွ. . ."ဟုပြောလျှင် ရဲဘော်ဘုန်းကြွယ်က-



www.burmeseclassic.com

www.burmeseclassic.com



"ရဲဘော်မိုးသီး. . .၊ ကျုပ် သိသလောက်ကတော့ ခင်ဗျားဟာ သရဲကြောက်တတ်တယ်၊ ခင်ဗျား အဲဒီအခန်းကို သွားဝံ့သလား. . ."ဟု နောက်လိုက်သေး၏။

"အခု ကိစ္စက သရဲထက် အရေးကြီးတယ်ကွ၊ သွားမှဖြစ်မယ်. . ." ဟု ဆိုကာ ရဲဘော်ဘုန်းကြွယ်ကိုထားခဲ့ပြီး ပါတီရုံးခန်းသို့အရောက်သွားပြီးလျှင် နောက်ဖေးလှေကားမှ အပေါ်ထပ်သို့တက်လေ၏။ ထို့နောက် မိုးသီးသည် တယ်လီဖုန်းစာအုပ်ကိုရှာပြီးလျှင် ခေါင်းဆောင်လုပ်သူများ၏ လိပ်စာနှင့် ဖုန်းနံပါတ်များကိုရှာလေ၏။ ပထမဦးဆုံးတွေ့ရသော တယ်လီဖုန်းနံပါတ်မှာ ၎င်းတို့ပါတီမှ လူကြီး ဗိုလ်မြသွေး၏ ဖုန်းနံပါတ်ဖြစ်၏။

ထိုဖုန်းနံပါတ်ကို ဆက်ကြည့်ရာ အိမ်သားတစ်ဦးက ယခုပဲ သက်ဆိုင်ရာမှလာ၍ခေါ်သွားပြီဖြစ်ကြောင်း ပြန်၍ ဖြေလေ၏။ ထို့နောက် ဒုတိယဆက်ကြည့်သော ဖုန်းနံပါတ်မှာ ကျောင်းဆရာကြီး ဦးဘလှအောင်၏နံပါတ်ပင်ဖြစ်၏။ မိုးသီးသည် တယ်လီဖုန်းကိုချ၍ ခေတ္တငြိမ်သက်နေလေ၏။ ရှေ့ဘက်ရှိ လမ်းသို့မျှော်ကြည့်လိုက်ရာ ကားနှစ်စီးရပ်ထားသည်ကို တွေ့ရ၏။ ထိုကားမှာ လိုက်လံဖမ်းဆည်းသောကားဖြစ်ကြောင်း မိုးသီးကောင်းစွာရိပ်မိ၏။ ထို့နောက် တယ်လီဖုန်းလာသဖြင့် ကောက်၍နားထောင်ကြည့်ရာ သတင်းစာတိုက်မှဖြစ်ကြောင်း သိရလေ၏။ ဘယ်သူတွေပါသွားပြီဆိုတာ စာရင်းပေးလိုကြောင်း ပြောပြလေ၏။ ထို့ကြောင့် မိုးသီးက ဗိုလ်မြသွေးနှင့် ဆရာကြီး ဦးဘလှအောင် ပါသွားကြောင်း သတင်းပေးလိုက်လေ၏။ ပြီးလျှင် မိုးသီးသည် လက်နှိပ်မာတ်မီးတစ်လက်ကိုတွေ့သဖြင့် ကောက်ထိုး၍ ကြည့်ရာ ၎င်း၏ ဆရာဗိုလ်စန်းမောင်၏ အင်္ကျီအဝတ်အစားများ ပွနေသည်ကို လည်းကောင်း၊ စာအုပ်များ ဖရိုဖရဲဖြစ်နေသည်ကိုလည်းကောင်း တွေ့ရ သဖြင့် အင်္ကျီအဝတ်အစားများကို ခေါက်တန်တာခေါက်၍ ပုဆိုးတစ်ထည် ဖြင့် သပ်သပ်ရပ်ရပ်ထုတ်ထား လိုက်လေ၏။ စာအုပ်များကိုလည်း ကြိုး တစ်ချောင်းရှာကာ ပြန်လည်စည်း ထားပေးလိုက်၏။ နံနက်(၄)နာရီထိုး ချိန် ဝရံတာတွင် ထွက်၍ရပ်ကာ ဟိုမျှော် ဒီမျှော်ကြည့်၏။ မိုးသီးတို့၏ အခန်းနှင့် ကပ်ချက်အခန်းမှ အသားဖြူဖြူ ချောချော ကုလားကပြားမလေး တစ်ဦးက မိုးသီးအား-





"ကိုမိုးသီး. . .၊ ရှင်တို့ရဲဘော်တစ်ယောက် ကျွန်မတို့ အခန်းထဲမှာ ရှိနေတယ်၊ သူက ရှင့်ကို တွေ့ချင်တယ်တဲ့. . .၊ ကျွန်မအခန်းကို ကူးခဲ့ပါ" ဟု ဆိုသဖြင့် မိုးသီးသည် ထိုအခန်းဘက်ဆီသို့ ကူး၍သွားလေတော့၏။ ညဦးပိုင်းက ဌာနချုပ်အခန်းသို့တက်၍ရှာသဖြင့် ထိုသူသည် မလွတ်တော့သည့်အဆုံး ကုလားမလေးများနေသည့် အခန်းသို့ကူး၍ ပုန်းနေခြင်းဖြစ်၏။ ထိုသူမှာ မိုးသီးနှင့်လွန်စွာခင်သော ပြည်သူ့ရဲဘော်ခေါင်းဆောင် ဗိုလ်မျိုးထွဋ် ဆိုသူ ဖြစ်၏။ ဗိုလ်မျိုးထွဋ်သည် မိုးသီးကိုတွေ့လျှင်တွေ့ချင်း ဆေးလိပ်တောင်းလေ၏။ မိုးသီးက ဆေးလိပ်တစ်လိပ် ထုတ်ပေးသောအခါ အားရပါးရရှိုက်ဖွာလေ။

"ရဲဘော်မိုးသီး. . .၊ ငါ့ကို ဒီကနေလွတ်တဲ့ နေရာထုတ်ပေးကွာ. . .၊ ဒင်းတို့ပဲ အားကိုးတယ်. . ."ဟု ပြောလေ၏။ မိုးသီးလည်း ထိုနေရာမှပြန်၍ ရဲဘော်ထွန်းကြွယ်ကို အကျိုးအကြောင်းပြောပြ၏။ ထိုအခါ ရဲဘော်ဘုန်းကြွယ် က-

"ရဲဘော်မိုးသီး . . .၊ သူ့ကို ဘယ်လိုထုတ်မလဲ"ဟု မေးလေ၏။

"စက်ရုံအလုပ်သမားတွေဝတ်တဲ့ အင်္ကျီပြာ၊ ဘောင်းဘီပြာလိုတယ် ကွ. . .၊ အဲဒါဝတ်ပြီး သစ်စက်အလုပ်သမား ယောင်ဆောင်ရမှာပဲ. . .၊ ပြီးတော့ အလုံက သစ်စက်တစ်ခုမှာ သွားပြီးထားလိုက်မယ်. . .၊ အဲဒီမှာ လည်း တို့ရဲဘော်တို့ရှိပါတယ်. . .၊ ကျန်တာတွေ ရှင်သန်ဖို့ကတော့ သူ့ဘာသာသူ လုပ်လိမ့်မယ်. . ."ဟု ဆိုကာ အင်္ကျီပြာ ဘောင်းဘီပြာတို့တို ယူပြီးလျှင် ဗိုလ်မျိုးထွဋ်အား ပုန်းနေသောနေရာမှာ ထုတ်ကာ အလုံသစ်စက် အတွင်းသို့ ပို့ထားလိုက်လေတော့သတည်း. . ."

* * * * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅၀)

## မိုးသီး၏ ခွန်အားစမ်းတစ်ခု

မိုးသီးသည် ပြေးပေါက်ပိတ်နေပြီဖြစ်၏။ ပုန်း၍ရသောနေရာတွင် စားရေးသောက်ရေး ခက်၏။ စားရေးသောက်ရေးလွယ်ကူသောနေရာတွင် ပုန်းအောင်း၍မရပေ။ မိုးသီးမှာ ဖြစ်သလိုစားနိုင်သော်ညား အဖော်ဖြစ်သူ ရဲဘော်ဘုန်းကြွယ်မှာ မစားနိုင်သောကြောင့် မလွှဲမရှောင်သာ လမ်းခွဲလိုက်၏။ ထိုသို့ဖြစ်နေစဉ်အတွင်း သူငယ်ချင်းဖြစ်သူ 'စိုးသိမ်း'ရောက်လာ၏။

"မင်းအနေနဲ့ ပုန်းရတာ အခက်အခဲရှိရင် ငါနဲ့လိုက်ခဲ့. . ."ဟု၍ ကာ ဘောက်ထော်သို့ ခေါ်သွား၏။

**မိုးသီးလည်း ၎င်းနှင့်အတူ လိုက်ပါသွားရလေ၏။ ၎င်းခေါ်သွားသော နေရာမှာ သာစုရှုပ်ရှုပ်ခြံနှင့်ကပ်လျက် ဘုန်းကြီး ကျောင်းကြီးဖြစ်၏။ ထို ဘုန်းကြီးကျောင်းကြီး၏ အုတ်ရိုးပေါ်တွင် နဂါးကြီးနှစ်ကောင် ထုလုပ်ထား လေ၏။ ထို့ကြောင့် ထိုဘုန်းကြီးကျောင်းကို နဂါးနှစ်ကောင်ဟု လူသိများလေ ၏။ ထိုကျောင်း၏ အခြားတစ်ဖက်တွင် မြေနီလမ်းလေးရှိ၏။ ထိုလမ်းကလေး မှာ အတွင်းဘက်ရွာတွင်းသို့ ဝင်နိုင်သောလမ်းဖြစ်၏။ ထိုမြေနီလမ်းကလေးနှင့် ကပ်လျက်တွင် ရွှေနားပန်ဟူသော ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ၏။** အရိပ်အာဝါသ အလွန်ကောင်းသောကျောင်းမှ နောင်တွင် လွန်စွာကျော်ကြားသော 'ယောက်ကော်ဆရာတော်'ဆိုသူ ပေါ်ထွန်းလေ၏။ မိုးသီးရောက်သွားသော နဂါးနှစ်ကောင်ကျောင်းမှာ မိဘမဲ့ကလေးများကို စောင့်ရှောက်သော ကျောင်း ဖြစ်၏။ ကျောင်းနေသော ကလေးများကို အတန်းကျောင်း အပ်ပို့ထား၏။ ထိုကျောင်းသို့ရောက်သည့်နံနက်၌ပင် ထိုကျောင်းမှ 'ဦး ဦးသာသန'ဆိုသူက

"ဆရာမိုးသီးရေ. . . ၊ ကလေးတွေကိုတော့ ကျောင်းတော့ထား ပဲ၊ ဒါပေမဲ့ စာအလွန်ညံ့ကြတယ်၊ မန္တလေးက ဆရာတော်ကြီး ကြွလာလို့ စစ်မေးတဲ့အခါ ဘာမှမဖြေနိုင်ကြဘူး၊ ဒါကြောင့် ညဘက်ကို စာပြပေး





ကျောင်းဆရာတစ်ယောက် လိုတာအမှန်ပဲ၊ ဆရာမိုးသီး ပြနိုင်ရင်ပြ ပေးပါ. . ."ဟူ၍ ပြောလေတော့၏။ ထို့ကြောင့် မိုးသီးလည်း ကလေးများထံမှ ကျောင်းသုံး စာအုပ်များကို ယူကြည့်ပြီး ကလေးများကို ညဘက်၌ စာပြရန် စိုင်ဆင်ရလေ တော့၏။ ကလေးများသည် အတန်းချင်းမတူကြပေ၊ မိုးသီးသည် အတန်းလိုက် ခွဲ၍ သင်ရသောကြောင့် လွန်စွာ ပင်ပန်းလှ၏။

ကလေးများ ကျောင်းဆင်းလာသောအခါ၌ ကလေးများအားလုံးကို ကစားခုန်စားလုပ်ခိုင်း၏။ ပြီးလျှင် ရေချိုးခိုင်း၏။ ထို့နောက် ထမင်းစားခိုင်း ၏။ ထမင်းစားပြီးသည်နှင့် စာသင်ခန်းသို့ ဝင်ရလေ၏။ ကျောင်းတွင် သင်ခဲ့ သည်များကို ပြန်၍ပြောခိုင်း၏။ နားမလည်သည်များကို မိုးသီးက ထပ်မံ၍ ရှင်း၍သင်ကြားပေး၏။ ည(၉)နာရီထိုးသောအခါ ဘုရားရှိခိုးခိုင်းပြီး အားလုံး ကို အိပ်ခွင့်ပေးလိုက်လေ၏။

မိုးသီးသည် ညနေပိုင်း၌ ကလေးများ ကစားခုန်စားလုပ်နေစဉ် ဘုန်းကြီးကျောင်းနှင့် ထမင်းစားကြားရှိ ပယ်ရယ်ဘားတွင် လွှဲနေ၏။ ထို့ကြောင့် မိုးသီး၏ လက်မောင်းများတွင် အဖုအထစ်များ ထနေပြီဖြစ်၏။ ကလေးများသည် မိုးသီးကို ချစ်ခင်ကြ၏။ မိုးသီးသည် ကလေးများနှင့် သာတတည့်၏။ သို့သော် အစားသောက်များမှာ စားမဖြစ်အောင် ဖြစ်လေတော့၏။

တစ်နေ့တွင် နိုင်ငံရေးလောကသို့ဝင်ရန် မြောက်ပေးခဲ့သော အုန်းမြင့် ဆိုသော သူငယ်ချင်းရောက်လာ၏။ သူသည် နိုင်ငံရေးအကြောင်း လုံးဝမပြော ဘူးပေ၊ ကျောက်စိမ်းနှင့် ပတ္တမြားအကြောင်းကို တွင်တွင်ကြီးပြောနေလေ တော့၏။ မိုးသီးမှာ ထိုအရာများကို စိတ်မဝင်စားလှပေ။ နားလည်းမလည် ပေ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၁)

### မိုးသီး လက္ခဏာတတ်ပြီ

မိုးသီးသည် နဂါးနှစ်ကောင်ကျောင်း၌ပင် ကလေးများကို စာဆက်၍ ပြနေ၏။ တစ်နေ့တွင် မိုးသီးက ဦးဇင်းဦးသာသနအား-

"ဦးဇင်း ...၊ ဟို အခန်းထောင့်က သေတ္တာကြီးက အကြီးကြီးပဲ သော့လည်းမရှိဘူး...၊ မျောက်လက်နဲ့ပဲ ချိတ်ထားတယ်၊ အထဲမှာ ဘာတွေလဲ..."ဟု မေးရာ ဦးဇင်းဦးသာသနာက-

"ဒီကျောင်းမှာ လက္ခဏာလိုက်စားတဲ့ ဘုန်းကြီးရှိတယ်၊ အခုတော့ မန္တလေးပြန်သွားတယ်...၊ သူဖတ်တဲ့ လက္ခဏာစာအုပ်တွေ အဲဒီအထဲမှာ အပြည့်ပဲ၊ ဆရာမိုးသီး ဖတ်ချင်ရင် ဖတ်ပေါ့...၊ ပြီးတော့ သူ့နေရာသူပြန်ထားလိုက်ရင် ပြီးတာပဲ..."ဟု ပြောလေ၏။

မိုးသီးလည်း သေတ္တာအတွင်းမှ လက္ခဏာစာအုပ်များကို တစ်အုပ်ပြီး တစ်အုပ် ဖတ်ကြည့်၏။ နံနက်ပိုင်းမှာပင် စာအုပ်သုံးအုပ် ကုန်သွား၏။

ထို့ကြောင့် မိုးသီးစဉ်းစားမိသည်မှာ-

"ငါ ဒီအတိုင်းဖတ်သွားရင် တစ်လမပြည့်ခင် ဒီအထဲက စာအုပ်တွေ ကုန်သွားမယ်...၊ ဘာမှလည်း ပီပီပြင်ပြင်သိရမှာမဟုတ်ဘူး အဲဒီတော့ ဖတ်ရမယ့်အတူတူ မှတ်မိအောင်ဖတ်မယ်..."ဟု စဉ်းစားပြီးလျှင် ဗလာ စာအုပ်တစ်အုပ်ဝယ်ကာ ဖတ်ပြီးသမျှကို မှတ်စုထုတ်၍ မှတ်လေတော့၏။ စာအုပ်တစ်ဝက်ခန့်ဖတ်ပြီးသောအခါ၌ မိုးသီးသည် လက္ခဏာပညာကို တီးမိ ခေါက်မိဖြစ်သွားလေတော့၏။ တချို့သော အကြောင်းအရာများမှာ မှတ်စု ထိုင်ရုံ မဟုတ်၊ အလွတ်ပင်ကျက်ထားလိုက်သေး၏။ ထို့ကြောင့် မိုးသီးသည် လက္ခဏာပညာကို အတော်ကျွမ်းကျွမ်း ကျင်ကျင် ဖြစ်နေလေ၏။ ထို့ကြောင့် ဦးသာသနာက-





"အားလုံးအေးအေးဆေးဆေးဖြစ်သွားရင် 'လက္ခဏာဆရာမိုးသီး' ဆိုပြီး ဆိုင်းဘုတ်တင်ဟောစားတော့..."ဟု အားပေးလေ၏။

"လက္ခဏာပညာဟာလည်း ဂမ္ဘီရရဲ့ အခက်တစ်ခက်ပဲ၊ တစ်နေ့တော့ လုပ်ဖြစ်ချင်လုပ်ဖြစ်လိမ့်မယ်..."ဟု မိုးသီးက ပြောလေ၏။ သေတ္တာတစ်ခုလုံးရှိ စာအုပ်များကို ဖတ်ပြီးသောအခါ၌ မိုးသီးတွင် မှတ်စုစာအုပ်ကြီး တစ်အုပ် ရရှိလေတော့၏။ ထိုအချိန်၌ ဂှင်၏ ငယ်ဆရာ ကိုနောင်ဘီသည် ကျောင်းသို့ ရောက်လာလေ၏။ ထို့ကြောင့် မိုးသီးက အံ့အားသင့်စွာဖြင့်-

"အစ်ကိုနောင်ဘီ...၊ ကျွန်တော် ဒီမှာရှိတယ်လို့ ဘယ်လိုလုပ်သိသလဲ..."ဟု မေးရာ ကိုနောင်ဘီက-

"မင်းနဲ့တွဲနေတဲ့ အုန်းမြင့်ဆိုတဲ့ကောင်က ငါ့ကိုပြောပြတာ...၊ ဒါကြောင့် ငါထွက်လာခဲ့တာ...၊ ဝမ်းသာလိုက်တာကွာ..."ဟု ပြောလေ၏။ ထို့နောက် ကိုနောင်ဘီကပင်-

"မောင်မိုးသီး ဒီမှာ ဘာတွေလုပ်နေတာလဲ၊ ငါ့ကိုပြောစမ်း..."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ညဆိုရင် ဒီကျောင်းမှာရှိတဲ့ မိဘမဲ့ကလေးတွေကို စာသင်ပေးတယ်၊ နေ့ခင်းကျရင် လက္ခဏာစာအုပ်တွေ ဖတ်ပြီး မှတ်စုတွေထုတ်တယ်၊ အခုဆိုရင် လက္ခဏာစာအုပ် (၁၀၀)လောက် ဖတ်ပြီးပြီ၊ မှတ်စုထုတ်ပြီးပြီ၊ ကျက်ပြီးပြီ၊ အစ်ကိုနောင်ဘီ မေးချင်တာမေးတော့..."ဟု ပြောလိုက်လျှင် ကိုနောင်ဘီ မျက်နှာသည် နေရောင်တွင်လက်လိုက်သော မှန်တဲ့သို့ လင်းသွားလေတော့၏။ ထို့နောက် ကိုနောင်ဘီက-

"ဒီလိုမှပေါ့ကွ...၊ ရောက်တဲ့နေရာမှာ အလကားမနေဘဲမ တစ်ခုခု ကြိုးစားနေမှာပေါ့...၊ မင်းကို ငါ လက်ပုံတစ်ခုဆွဲပြမယ်...၊ အဲဒါကို ဟောပြစမ်း"ဟု ဆိုကာ လက်ပုံစံတစ်ခုကို ဆွဲပြလေတော့၏။ မိုးသီးသည် ထိုလက်ပုံစံကို ကြည့်ပြီးနောက်-

"ဒီလူဟာ ဇွဲလုံ့လရှိတဲ့လူပဲ၊ မတရားတဲ့အမှုကိုလည်း မကြိုက်ဘူး၊ သူ့အဖေဟာ အတော့်ကို ချမ်းသာတယ်၊ ဒါပေမဲ့ သူ အမွေရလိုက်ဘူး...၊ သူ့အဖေက အကုန်ဖြုန်းသွားလို့ သူဟာ အမွေခွဲပြားမှုရတို့ မရှိဘူး၊ ဟောဒီမှာ အသက်လမ်းကြောင်းကနေ ဉာဏ်လမ်းကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြီး ပိတ်ထားတဲ့ လမ်းကြောင်းတစ်ကြောင်းပါတယ်. . .၊ ပြီးတော့ ဒီလူ့ရဲ့လက်မှာ ဂမ္ဘီရကြက်ခြေ လည်းပါတယ်၊ အောင်မြင်ရေးလမ်းကြောင်း လည်းပါတယ်။ နောက်ဆုံးမှာ ဒီလူဟာ အခြားအလုပ်တွေရပ်ဆိုင်းပြီး ဂမ္ဘီရပညာဘက်ကို လိုက်စားလိမ့်မယ်၊

အိမ်ထောင်လည်း နှစ်ဆက်ဖြစ်လိမ့်မယ်. . .၊ သူ့မှာက အနုပညာ ဖျတ်စိလည်းရှိလိမ့်မယ်၊ ဘာကိုကြည့်ကြည့် အနုပညာမျက်စိနဲ့ ကြည့်လိမ့်မယ်. . .၊ ဒီလူ့ရဲ့လက်ဟာ ဆရာတစ်ဆူဖြစ်မယ့်လက်ပါပဲ. . .”ဟု ပြောလိုက်လျှင် ကိုနောင်ဘီသည် မိုးသီးအား သိုင်း၍ဖတ်လိုက်လေ၏။ ထို့နောက်-

“မင်းအခုဟောတာတွေက ရာခိုင်နှုန်း(၁၀၀)မှန်တယ်ကွ၊ သူဟာ ငယ်ငယ်ခါမှာ လက္ခပညာသင်ပြီးတော့ သိမ်ဖြူကွင်းနားမှာ ‘ဆရာ ရွှေလသာ’ ဆိုပြီး ဆိုင်ဖွင့်နေလေရဲ့၊ သူ့ဆိုင်းဘုတ်မှာက ‘ဆရာနဲ့တွေ့ပြီးရင် သင့်အိမ် ရှေ့မှာ လသာပြီ’ဆိုတဲ့ စာပါ ရေးသားတယ်ကွ၊ တစ်လတစ်လ ဝင်ငွေက မနည်းဘူးကွ. . .၊ တစ်ပြားမှ မရှိတဲ့ဘဝကနေ ကားဝယ်စီး ဖို့လုပ်နေပြီ၊ သူ့အဖေက ချမ်းသာတယ်ကွ. . .၊ ဒါပေမဲ့ မြင်းလောင်းလို့ တက်တက် ပြောင်သွားပြီ. . .၊

ဒါကြောင့် အမွေမရတဲ့အပြင် သူ့အဖေအကြွေးတွေတောင် ဆပ်နေရသေးတယ်. . .၊ မင်းပြောသလိုပါပဲကွာ. . .၊ အိမ်ထောင်က နှစ်ဆက်ကွ၊ မိန်းမကလည်း အတော့်တို့ ဆိုးပါတယ်ကွာ. . .၊ တစ်ယောက်က ရုပ်ရှင် မင်းသမီးလက်ထောက်ပေါ့ကွာ. . .၊ အဲဒီမိန်းကလေးက သူ့လက်ထဲ မှာ ကဲလိုက်တာ မပြောနဲ့တော့. . .၊ သူလည်း မနိုင်တာနဲ့လက်လွှတ် လိုက်ရတယ်၊ နောက်ယူတဲ့မိန်းမက ငယုတ်ကြီးကွ. . .၊ မိုးလင်းတာနဲ့ ရွှေလသာကို ကြိမ်းမောင်းနေတော့တာပဲ၏၊ ကျက်သရေကိုမရှိဘူး. . .၊ အဲဒီ မိန်းမနဲ့လည်း ကွဲသွားပါပြီကွာ. . .၊ အခု ဒီလူ လက္ခဏာဆရာဖြစ်တာ တစ်နှစ်တောင် မပြည့်သေးဘူး၊ မော်တော်ကားတွေဘာတွေ ဝယ်စီးနေ ပြီကွ. . .၊ ပရိသတ် က သိပ်ပြီးထောက်ခံတာပဲ. . .”ဟု ရှည်လျားစွာပြောလေ ၏။ ထိုအခါမိုးသီးက-

“အစ်ကိုနောင်ဘီကို ပြောရဦးမယ်၊ ကျွန်တော်က လက္ခဏာတော့ တတ်ပါပြီ၊ ဗေဒင်မတတ်သေးဘူးဗျ. . .၊ အဲဒါလုပ်ပေးဦး . . .”ဟု ပြော လိုက်ရာ ဆရာကိုနောင်ဘီက-





“ဗေဒင်လိုက်စားရင် ဗေဒင်က နှစ်မျိုးရှိတယ်ကွ၊ နေလနက္ခတ် တာရာ တွေနဲ့တွက်ပြီး ဟောတဲ့ဟာကို လက်ရိုးလို့ခေါ်တယ်၊ လူတစ်ယောက် ရဲ့ မွေးသက္ကရာဇ်ကိုကြည့်ပြီး တွက်ချက်တာကို လက်ဆန်းလို့ခေါ်တယ်။ လက်ရိုးက တွက်ရတာခက်တယ်ကွ၊ ယူဆပုံလည်း ခက်တယ်၊ ဟောရတာ လည်း ခက်တာပေါ့. . .၊

လက်ဆန်းကတော့ တွက်ရတာလွယ်တယ်၊ တွက်ပြီးတာနဲ့ ပြောင်း . . . ပြောင်း. . . ပြောင်းဆိုပြီး ဟောချလိုက်ရုံပဲ. . .၊ တွက်ရတာလွယ်တယ်၊ ဟောရတာလွယ်တယ်၊ ယူဆပုံလွယ်တယ်. . .၊ အဲဒါကို အရင်လေ့လာကွာ၊ သုံးတန်ပေါ်နိစ်စာအုပ်တွေ အများကြီးရှိပါတယ်၊ ငါ အကြိုက်ဆုံးကတော့ ပြည်မြို့ အဝေရာဆေးတိုက်ပိုင်ရှင် ဆရာစောပြုစုတဲ့ သုံးတန်ပေါ်နိစ်စာအုပ် ကို အကြိုက်ဆုံးပဲကွ. . .၊ အဲဒီစာအုပ်ကို ငါညနေကျရင် လာပို့ပေးမယ်. . .” ဟု ပြောကာ မိုးသီးသုံးရန် မုန့်ဖိုးငွေ ၂၀၀ ပေးခဲ့ပြီးနောက် ပြန်သွားခဲ့လေ တော့၏။

ညနေပိုင်းသို့ရောက်သောအခါ ဆရာကိုနောင်ဘီသည် အုတ်ခဲရောင် ကတ်ထူစာအုပ်ကလေးကို ယူလာပြီး မိုးသီး၏လက်သို့ ပေးလိုက်လေတော့ ၏။ မိုးသီးလည်း ထိုစာအုပ်ကို အဖုံးမှစ၍ လှန်လှော၍ဖတ်ရှုရာ အောက်ပါ အတိုင်း တွေ့ရလေ၏။

မိုးသီးသည် ထိုစာအုပ်ရသည့်နေ့မှစ၍ တစ်လုံးချင်း တစ်ကြောင်း ချင်း ဖတ်၏။ ကျက်စရာရှိသည်များကို ကျက်၏။ ဆယ်ရက်ခန့်ပြုလုပ်လိုက် သောအခါ သက်ရောက်ရာခြင်း၊ တိုင်ထူခြင်းတို့ကို ညက်ညက်ကြေ၍သွားလေ တော့၏။ ထိုအချိန်၌ ဆရာကိုနောင်ဘီ ရောက်လာပြန်၏။ ဆရာကိုနောင်ဘီက

“မောင်မိုးသီး. . .၊ အစ်ကိုပေးတဲ့ ဆရာစော စာအုပ်တို့ ဖတ်ဖြစ်ရဲ့လား. . .”ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

“ဖတ်ဖြစ်ရုံမဟုတ်ဘူး အစ်ကို၊ ကျက်လည်း ကျက်ဖြစ်တယ်၊ အလွတ် လည်း ရကုန်ပြီ. . .”ဟု ပြောလိုက်လျှင် ဆရာကိုနောင်ဘီက-

“ဒီလိုဆိုရင် အစ်ကို့မိတ်ဆွေရဲ့ မွေးသက္ကရာဇ်ကို ပေးမယ်၊ မင်း တွက်ပြစမ်း. . .”ဟု ဆိုကာ ပေးလေ၏။ မိုးသီးလည်း သွက်လက်စွာ တွက် ပြီးနောက်-



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူနေတဲ့အိမ်ဟာ ချောင်းထိပ်မှာဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ သူ့တိုင်မှာ (၂-၁)ဟာ တန်းစီးဖြစ်နေတယ်"ဟု ပြောလိုက်လျှင် ဆရာကိုနောင်ဘီ က -

"တော်လှချေလား မောင်မိုးသီးရယ်. . .၊ သူဟာ ပုဇွန်တောင်ချောင်းထိပ်မှာနေတာကွ. . ."ဟု ပြန်၍ပြောလေ၏။ ထိုအခါ မိုးသီးက-

"ဒီနှစ်ထဲမှာ ဒီလူဟာ ကံသိပ်မကောင်းဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီလူဟာ သောကြာသားဖြစ်နေတယ်၊ သောကြာဟာ နိစ်မိနေတယ်၊ အထူးရှောင်ရမှာကတော့ ဆိတ်သားမစားမိဖို့ပါပဲ၊ ယတြာကတော့ ခရေပန်းသက်စေ့ လှူရမယ်၊ သစ္စာပန်း ၉ ပွင့် ရေမျှောရမယ်၊ အိမ်နားမှာလည်း မီးလန့်ဖို့ရှိတယ်၊ သူ့မွေးနံနဲ့ကပ်လျက် အထက်ဂြိုဟ်ဟာ စနေဂြိုဟ်ဖြစ်နေတယ်၊ မီးလန့် တာတို့ သူခိုးလန့်တာတို့ ဖြစ်တတ်တယ်. . ."ဟု ပြောလိုက်လျှင် ဆရာကိုနောင်ဘီက -

"တော်လှချည်လား မောင်မိုးသီးရယ်. . .၊ တစ်နေ့ကပဲ သူတို့နားတခေါက်ဆွဲဆိုင် မီးလောင်လို့ကွ၊ အစ်ကိုကြီးတောင် သူ့ဆီ အရောက်ပြေးသွားပြီး ပစ္စည်းတွေ ဝိုင်းသယ်ပေးရသေးတယ်"ဟု ကိုနောင်ဘီက ပြောလိုက်လေ၏။ ထို့နောက် မိုးသီးက-

"ပြီးတော့ ဒီလူ သွားတစ်ချောင်း ဒုက္ခပေးလိမ့်ဦးမယ်"ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုနောင်ဘီသည် မိုးသီး၏ ကျောကုန်းကို အုန်းခနဲထုလိုက်ပြီး -

"မနက်ကပဲ သွားတစ်ချောင်းသွားပြီး နုတ်ပစ်လိုက်ရတယ်၊ မင်းကတော့ သုံးတန်ပေါ်နစ်နဲ့ အဆင်ပြေသွားပါပြီကွာ၊ အဲဒီပညာလေးကို မပျောက်စေနဲ့. . .၊ အခြေအနေပေးရင် လိုတာလေးတွေ ငါလာပြီးပြောပြဦးမယ်"ဟု ဆိုကာ မိုးသီးအား မုန့်ကြွပ်တစ်ထုပ်ပေး၍ ပြန်သွားလေတော့သတည်း။

* * * * *





# အခန်း (၅၂)

**...ျောက်သား မစားရက်သော မိုးသီး...**

**...ုံးသီး တောရိုးစဉ်ကာလ**

မိုးသီးသည် ဘုန်းကြီးကျောင်း၌ပင် ဆက်၍နေထိုင်နေ၏။ ကလေး...များတို့ ဆက်၍စာသင်ပေးနေ၏။ သို့ရာတွင် နေရေးထိုင်ရေးမှာ အတော်...ည်းပြောင်းပြီဖြစ်၏။ တစ်နေ့တွင် ၎င်း၏သူငယ်ချင်း 'စိုးသိမ်း'ရောက်လာ...၏။ ၎င်းစိုးသိမ်းက-

"ဟေ့ကောင် မိုးသီး. . .၊ မင်း ဒီမှာမနေနဲ့တော့၊ ငါနဲ့လိုက်ခဲ့. . .၊ ...နေရင် မိသွားလိမ့်မယ်. . ."ဟု ဆိုကာ သဘော်ဖြင့် ခေါ်သွားလေ၏။ ...တေးဘက်သို့ ခေါ်သွားခြင်းဖြစ်၏။ တွံတေး တာဝသို့ရောက်သောအခါ ...သော်သည် ရေလယ်ခေါ်တွင် ခေတ္တာရပ်ထား၏။

"တာဝဆင်းမယ့်လူ တက်. . . တက်. . ."ဟုဆိုကာ ကူးတို့သမ္ဗာန်...လေးများ လာ၍ကြို၏။ ထိုအခါ စိုးသိမ်းက-

"အဲဒီသမ္ဗာန်ပေါ် တက်လိုက်. . ."ဟု ပြောလေ၏။ ထို့ကြောင့် ...သီးလည်း သမ္ဗာန်တစ်စီးပေါ်သို့ လှမ်း၍ ဆင်းလိုက်လေ၏။ သမ္ဗာန်...သည် မိုးသီး၏လက်ကို ကိုင်ရင်း သမ္ဗာန်ပေါ်သို့ တွဲချရင်း မိုးသီး၏...တို့ ကုတ်လိုက်လေ၏။ မိုးသီးလည်း သမ္ဗာန်သမားကို မော့ကြည့်လိုက်... ဝါဖတ် ဦးထုပ်ဆောင်းထားသော ၎င်း၏သိပေါင်းကျွမ်းပေါင်း...နီ'ဆိုသူဖြစ် နေကြောင်း သိရလေ၏။ လူပြည့်သောအခါ၌ သန်းနီသည်...န်ကို ကျွမ်းကျင်စွာ ခတ်၍သွားလေ၏။ ဆင်းခါနီးတွင် သန်းနီက-

"ဂျစ်ကားအစိမ်း ရပ်ထားတယ်၊ အဲဒီအပေါ်ကိုတက်လိုက်၊ ပေါက်...တ်ပြီဆိုရင် ဆင်းတော့၊ အဲဒီမှာ ကြိုတဲ့လူ လွှတ်ထားတယ်. . ."ဟု ...လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် တာဝဆိပ်ကမ်းပြီးလျှင် အတန်းလိုက်ရပ်ထားသော ရစ်ကားများအနက်မှ အစိမ်းရောင်ဂျစ်ကားကို ရှာရလေ၏။ တွေ့လျှင် ဂျစ်ကားပေါ်သို့ တက်ရလေ၏။ ဂျစ်ကားသည် လူပြည့်သည်နှင့် ထွက်တော့၏။ အတော်အတန်မောင်းပြီးသောအခါ-

"စမ်းရွာ ပါလား..."ဟု မေး၏။ ထို့နောက်

"ပေါက်တောပါလား..."ဟု မေး၏။ မိုးသီးက-

"ပေါက်တော ပါတယ်..."ဟု ပြောလိုက်လျှင် ဂျစ်ကားသည် ပေါက်တာရွာရှေ့တွင် ရပ်ပေးလေ၏။ မိုးသီးသည် ကားပေါ်မှဆင်းလိုက် ၏။ အောက်သို့ရောက်သည်နှင့် တစ်စုံတစ်ယောက်သည် ၎င်း၏ပုခုံးကို လာ ပုတ်၏။ ထိုသူ့ကို မော့ကြည့်လိုက်ရာ ၎င်းနှင့်သိဟောင်းကျွမ်းဟောင်း သော 'ကိုကျိုးဖြူ'ဖြစ်ကြောင်း သိရလေတော့၏။ ကိုကျိုးဖြူသည် မျက်နှာသုတ် ပုဝါကို ခေါင်းပေါင်းထား၏။ ကိုကျိုးဖြူက-

"လာ..."ဟု ဆိုကာ မိုးသီးအား ကားလမ်းတစ်ဖက်ရှိ အိမ် လေး ဆီသို့ ခေါ်သွား၏။ ထိုအိမ်တွင် မိုးသီးတို့ကဲ့သို့ တွံတေးတော တန်းသို့ ခိုမည့် လူသုံးလေးဦး ရောက်နေ၏။ တဲရှင်သည် မိုးသီးတို့ ကျွေးရန် အတွက် ကြက်သားဟင်းချက်ထား၏။ မိုးသီးတို့သည် ထိုတဲ နံနက်စာ စားကြရ၏။ နံနက်စာ စားပြီးသောအခါ၌ ပေါက်တောရွာ အနောက်ဘက် မှ တွံတေးသုံးထပ်တောကြီးသို့ဖြတ်၍ တက်ရလေ၏။

တောမှ အလွန်ထူ၏။ ဝါးပိုးဝါးများစေ့နေအောင် ပေါက်နေ သစ် ကြီးဝါးကြီးများ ထူထပ်လှ၏။ မြေလွတ်များတွင် ကွမ်းခြံများကိုတွေ့ မိုးသီးသည် ရေငတ်တတ်သောကြောင့် ပုလင်းတစ်လုံးတွင် ရေထည့်၍ လာ၏။ ဤသို့ တရွေ့ရွေ့တက်သွားရာ သစ်တောပိုင်သစ်များကို ခိုး၍ သော လွှစင်အချို့ကို တွေ့ရ၏။ မကြာခဏတွေ့ရသည်မှာ စမ်းချောင်း ဖြစ်၏။ လှပသော စမ်းချောင်းတစ်ခုမှာ ငှက်အော်စမ်းပင်ဖြစ်၏။ ထိုငှက် စမ်းအနီးတွင် ခရစ်ယာန်သာသနာပြု မိဘမဲ့ကလေးကျောင်းရှိ၏။ ကျောင်းတွင်နေသော ကလေးများမှာ အင်္ဂလိပ်စကားကို ကောင်းစွာ တတ်ကြ၏။

ထိုငှက်အောစမ်းမှ အတော်အတန်သွားမိလျှင် 'မီးသွေး ဟူသော စခန်းတစ်ခုကို ရောက်၏။ ထိုစခန်းမှာလည်း စခန်း





ရသည်။ ကြီးမား သည့်ချုံကြီးတစ်ခုသာဖြစ်၏။ ထိုချုံကြီးထဲတွင် မိန်း သာကျား(၁၀)ဦးခန့် ကို တွေ့ရ၏။ ၎င်းတို့အသီးသီးသည် လက်နက် ယ်စီလွယ်ထားကြ၏။ မိုးသီး တို့ရောက်သည်နှင့် ထိုလူစုက ရေနွေးကြမ်း ညှို့ခံလေ၏။ အကြီးအကဲ ဖြစ်သူမှာ 'ကိုစိန်လှ'ဆိုသူဖြစ်၏။ ကိုစိန်လှဆိုသူကို မိုးသီးက ကောင်းစွာသိ၏။ ထိုသူသည် ရန်ကုန်မြို့ တံဆိပ်ကားတွင် အသင်းလူကြီးဖြစ်၏။ ၎င်းကိုစိန်လှက မိုးသီးအား-

"ဒီမှာ မောင်မိုးသီးရေ...၊ အခု ကိုရင်ရောက်နေတဲ့နေရာဟာ သံနီပါတီရဲ့ အထူးခရိုင်စခန်းဖြစ်တယ်၊ ရန်ကုန်နဲ့ဆက်သွယ်လို့ရအောင် ရိုင်ကို ဖွင့်ထားရတာ၊ ရန်ကုန်နေပြည်တော်မှာလိုတော့ မဟုတ်ဘူးနော် အထူးသတိဝီရိယနဲ့ နေရမယ်၊ မကြာခဏ တိုက်ပွဲတွေရှိတယ်၊ တစ်ချက် ိုတ်မိသွားတာနဲ့ အသက်ပေးလိုက်ရမယ်၊ အမိန့်နာခံတတ်ဖို့လည်း ကြီးတယ်၊

ဒီနေရာမှာက ဘာမှ ကျယ်ကျယ်လောင်လောင် လုပ်လို့မရဘူး ပြောလည်း တိုးတိုးပဲပြောရတယ်၊ ထမင်းစားလည်း သွက်သွက်စားရ ညအိပ်လည်း သတိဝီရိယနဲ့ အိပ်ရတယ်၊ မိုးရွာရင်လည်း တဲတွေ တွေမရှိဘူး၊ မိုးမစိုအောင် ပလပ်စတစ်နှစ်ကိုက်ပေးတယ်၊ ပလတ်စတစ် ိုက်က ခင်းပြီးအိပ်ရတာ...၊ ကျန်တဲ့တစ်ကိုက်က အမိုးအဖြစ်အပေါ် ရတာ၊ သိပြီးအနေ ဆင်းရဲတာ...၊ တစ်ဖက်က ထိုးစစ်လာမယ့် င်းကို အမြဲတမ်းနားစွင့်နေရတာ...၊

တော်ကြာကျရင် ဟောဟို ရဲကြီးက မောင်မိုးသီးတို့ကို ရှောင်တတ် တတ်အောင် စစ်ပညာသင်ပေးရဦးမယ်၊ စစ်ပညာဆိုတော့ အခက်ကြီး မအောက်မေ့နဲ့ ကျည်ကွယ်မျက်ကွယ်နေရာယူတတ်ရုံ သင်ပေးမှာ...၊ သင်ခန်းစာတစ်ကတော့ ပစ်ထောက်မှောက်လိုမ့်ပဲ၊ ကိုယ့်မှာ သေနတ် ပစ်မယ်၊ မြေကြီးကို လက်နဲ့ထောက်ပြီးတော့ မှောက်မယ်၊ ပြီးတော့ ကို လှိမ့်သွားမယ်၊ ဒါပဲ...၊ ကိုရင်တို့ရောက်လာတဲ့ အထိမ်းအမှတ် ဖီသားဟင်းစပ်စပ်ကလေးနဲ့ ထမင်းကျွေးမယ်...၊ တောပစ် တဲ့ ယောက်လွှတ်လိုက်ပြီ"ဟု ပြောလေ၏။ များမကြာမီ၌ လူနှစ်ယောက် ဖီတစ်ကောင်ကို ထမ်း၍ပြန်လာလေ၏။ ထိုဖီကောင်ကိုဖြတ်တတ်သူ ိုင်း၍စဖြတ်ကြ၏။ ဖြတ်ပြီးသောအခါ၌ ဗိုလ်မှူးနှင့် ၎င်း၏ဇနီး

www.burmeseclassic.com

www.burmeseclassic.com



မတင်စန်း က ငရုတ်သီးလေးစိပ်ကွဲထောင်း၍ ဂျီသားဟင်း ချက်လေတော့၏။ တိုစိန်လှက-

"ဒီတောက ငှက်ဖျားကြမ်းတယ်၊ ငှက်ဖျားဆေး သီးသန့် မတိုက်တော့ဘူး၊ တစ်ပတ်နှစ်ကြိမ်တော့ အရက်ပြင်းပြင်းတိုက်လေ့ရှိတယ်၊ အရက်တိုက်တဲ့နေ့ဟာ ဘယ်နေ့ဆိုတော့ မသိရဘူး၊ အထူးလျှို့ဝှက်ထားတယ်၊ မသောက်တတ်တဲ့လူလည်း မနေရဘူး၊ ဆေးအဖြစ်သောက်ရတယ်၊ ပါတီဗဟို ဆေးဝါးကော်မတီရဲ့ ဆုံးဖြတ်ချက်ပဲ၊ မသောက်ဘဲလည်းမနေရဘူး အကြမ်းပန်ကန်လုံး နှစ်လုံးထက်လည်း ပိုပြီးမသောက်ရဘူး၊ ကိုယ့်ကြိုက်သလောက် သောက်ရင် ဖိမ်ခံပစ္စည်းဖြစ်သွားမှာစိုးလို့ မိန်းမယောကျ်ား တန်းစီပြီး နှစ်ခွက် စီမော့ရတယ်၊

ဆေးသောက်တာဖြစ်တဲ့အတွက် အမြည်းစားခွင့်မရှိဘူး၊ အဲဒါကို လိုက်နာရမယ်၊ အမိန့်မနာခံတဲ့ ဘယ်သူ့ကိုမဆို ထိပ်တုံးခတ်ပြီး ချုပ်ထားတယ်၊ အပြစ်ကြီးရင်ကြီးသလို အရေးယူတာပေါ့. . .၊ အပြစ်သိပ်ကြီးရင်တော့ တစ်ခါတည်း ထုတ်ပစ်လိုက်တယ်၊ ဒီထက်ကြီးရင်တော့ ဗဟိုရဲ့အမိန့်ကို တောင်းပြီး သေဒဏ်ပေးလိုက်တာပါပဲ. . ."ဟု ရှင်းပြလေ၏။

"ဒီမှာနေတုန်း ပါတီစာစောင်တွေ လေ့လာခွင့်ရှိတယ်၊ ဟောဟိုမှာ နားမှာရှိတဲ့ ကျောပိတ်အိတ်ကြီးနှစ်လုံး အပြည့်ဟာ ပါတီစာစောင်တွေထည့်ထားတာ. . .၊ သူဟာ စာကြည့်တိုက်ပဲ၊ သူ့ဆီမှာ တောင်းယူပြီးဖတ်ကြည့်လို့ရတယ်"ဟု ပြောလေ၏။

မိုးသီးသည် တောတွင်းသို့ရောက်သည့်အချိန်မှစ၍ ထိုစာစောင်များကို တောင်းယူ၍ မနေမနားဖတ်ရှုလေတော့၏။ မိုးလင်းသည်နှင့်လက်ဖက်ရည်ချိုသောက်တတ်သော မိုးသီးသည် ရေနွေးကြမ်းဖြင့် ကျေနပ်နေလေ၏။ စိမ်းစိုညိုမောင်းသော တောအုပ်ကြီးနှင့် စမ်းချောင်းရှုခင်း လွမ်းဖွယ်အတိဖြစ် လေတော့၏။

မိုးသီးတွင် ဒုက္ခတစ်ခုကြုံသည်မှာ မျှော့နှင့်ကျွတ်ကို ကြောက်သောကြောင့်ဖြစ်၏။ သူသည် မျှော့တွယ်လျှင်လည်းကောင်း၊ ကျွတ်တွယ်လျှင်လည်းကောင်း မဖြုတ်ရဲရုံမျှမက ထိုသတ္တဝါကို ကြည့်ပင်မကြည့်ရဲရှာ၍ အမျိုးသမီး ရဲနီတစ်ဦးဦးက ဖြုတ်ပေးရ၏။ သုံးလေးရက်ခန့်ကြာလျှင်



အမျိုးသမီး ရဲနီများသည် မိုးသီး၏ မျှော့နှင့်ကျွတ်တို့ ကြောက်ခြင်းအတွက် ထိုကြောက် တတ်သော စိတ်ဓာတ်ကို ဆေးကြောပေးမည်ဟုဆိုကာ စမ်းချောင်းတစ်ခုသို့ ခေါ်သွားပြီးလျှင် မိုးသီး၏ကိုယ်ပေါ်သို့ မျှော့များ ကျွတ်များဖမ်း၍ တင်ပေးလေ၏။ မိုးသီးသည် ထွန့်ထွန့်လူး၍ ကြောက်နေ၏။ ထိုအချိန်၌ မမြမေ ဆိုသည့် ခေါင်းဆောင်လုပ်သည့် အမျိုးသမီးက-

"ရဲဘော်မိုးသီး. . .၊ မျက်စိဖွင့်ထားပါ၊ မျှော့တွေ၊ ကျွတ်တွေကို ရဲရဲ ကြည့်စမ်းပါ. . .၊ ရဲရဲကြည့်ပြီး ရဲရဲတွေး၊ တောထဲရောက်လာပြီး မျှော့နဲ့ကျွတ် ကိုကြောက်လို့ပြန်သွားရတယ်ဆိုရင် မဖြစ်ဘူး. . .၊ မျှော့ကိုက်လို့ ကျွတ်တွယ်လို့ သေတဲ့မသာရယ်လို့လည်း ဒီမှာမရှိဘူး၊ ဘာကို ကြောက်နေတာလဲ. . .၊ တကယ်ကြောက်စရာကောင်းတာက ကြောက်တဲ့စိတ်ပဲ. . .၊ ဟောဒီမှာ တွယ်နေတဲ့မျှော့ကို ရဲရဲကြီး ရဲရဲခွာလိုက်စမ်း. . ."ဟု ဆိုသဖြင့် မိုးသီးလည်း ခွာလိုက်ရလေ၏။ ခွာရုံနှင့်မပြီးသေးပေ။

"အဲဒီမျှော့ကို ပါးမှာ ကပ်လိုက်စမ်း"ဟု ဆိုသဖြင့် မိုးသီးလည်း ပါးကို ကပ်ရပြန်၏။ ကပ်ပြီးလျှင် ခွာရပြန်၏။ ပြီးလျှင် နဖူးတွင် ကပ်ခိုင်းပြန်၏။ ကပ်ရပြန်၏။ ခွာခိုင်းပြန်၏။ ခွာရပြန်၏။ ပြီးလျှင် ချက်တွင် ကပ်ခိုင်းပြန်၏။ ဤသို့ပင် ထမင်းစားချိန်ရောက်သည်အထိ မျှော့များဖြင့် ကစားခိုင်း၏။ ထမင်း စားချိန်ရောက်သောအခါ၌ မိုးသီးသည် မျှော့နှင့် ကျွတ်ကို မကြောက်တော့ပေ။

ထိုအခါ အမျိုးသမီးများက မျှော့နှင့်ကျွတ်ကို အောင်နိုင်သူအဖြစ် ခေတာပန်းများကို ပန်းကုံးလုပ်၍ မိုးသီး၏ လည်ပင်းတွင် လာရောက်ဆွဲပေးသေး၏။ မိုးသီးသည် ထိုနေ့မှစ၍ မျှော့နှင့်ကျွတ်ကို ကြောက်ခြင်းဒုက္ခမှ လွတ် ကင်းသွားလေတော့၏။ စခန်းသို့ ပြန်ရောက်သောအခါ၌ ကျန်သော အမျိုး သမီးများကလည်း လာရောက်၍ ချီးကျူးစကားပြောကြ လေ၏။ နေ့ခင်းသို့ ရောက်သောအခါ ပစ်ထောက်မှောက် သင်ခန်းစာကို သင်ရလေ၏။ ညနေပိုင်း သို့ရောက်သောအခါ ထိုသင်တန်းပြီးသွား၏။

မိုးသီးသည် ထိုတောအုပ်ကြီးထဲတွင် ၎င်းတို့နှင့်အတူ နေထိုင်ခဲ့ရသေး၏။ ၎င်းသူငယ်ချင်း စိုးသိမ်းမှာ အညာဘက်ရှိ ပုံတောင်ပုံညာစခန်းမှ ခေါ်သဖြင့် ထွက်သွားရပြီဖြစ်၏။ မိုးသီးကို ကိုစိန်လှ၏ ကျောပိုးအိတ်တစ်လုံး

www.burmeseclassic.com



ပေး၏။ ထိုကျောပိုးအိတ်ထဲတွင် မိုးသီးက ၎င်း၏အဝတ်အစားများထည့်ထား၏။ ၎င်း၏ စာအုပ်အချို့လည်း ထည့်ထား၏။ ထိုစာအုပ်များမှာ လက္ခဏာစာအုပ်အချို့နှင့် အင်းရေးနည်းစာအုပ်အချို့ဖြစ်၏။ မိုးသီးသည် လွမ်းဆွေးဖွယ်ကောင်းသော ထိုစခန်းရှိ ချုံကြီးအောက်တွင် ပျင်းရိငြီးငွေ့ဖွယ်ရာ နေထိုင် ခဲ့ရလေ၏။

တစ်နေ့တွင် မျောက်တစ်ကောင်သည် ထိုစခန်းသို့ မျက်စိလည်၍ ရောက်လာ၏။ ရဲနီများသည် ထိုမျောက်ကို ဝိုင်းဝန်းရိုက်သတ်ကြလေ၏။ မျောက်ကလေးသည် နာလွန်းသဖြင့် ခေါင်းပေါ်တွင် လက်တင်ကာ ပြေးလွှား နေ၏။ မျောက်ကလေး သေသွားသောအခါ၌ မျောက်ကလေးဟင်း ဆီပြန်ချက်၍ စားကြ၏။ မိုးသီးမှာမူ မျောက်ကလေး၏ မျက်နှာကို မြင်ယောက်နေသောကြောင့် မစားရက်ရှာပေ။

မိုးသီး၏နှလုံးသားသည် နူးညံ့၏။ ဤအခြင်းအရာကို အကြောင်းပြု၍ ကျန်သောရဲနီများက မိုးသီးအား ပက်ပက်စက်စက် ဝေဖန်လေ၏။

“ဒီမှာ ရဲနီမိုးသီး. . . ၊ ဒီလောက်သနားတတ်ရင် သူပုန်မလုပ်နဲ့. . . ၊ ပုတီးတစ်ကုံးရှာပေးမယ်. . . ၊ ဟောဟိုနားမှာ ပုတီးစိပ်ရင်း သူတော်ကောင်းလုပ်နေပေတော့. . . ”ဟု ပြတ်ရယ်ပြုကြလေ၏။

မိုးသီးသည် ခေါင်းငုံ့၍နေလေ၏။ မျောက်သားဟင်းကို အတင်းချော့၍ကျွေးကြ၏။ မိုးသီးမှာ မျောက်ကလေး၏ မျက်နှာကိုမြင်နေသောကြောင့် မစားနိုင်ရှာပေ။ မိုးသီးသည် ထိုအချိန်မှစ၍ ရက်စက်စရာရှိလျှင် ရက်စက်ရသောဘဝကို စက်ဆုပ်၍သွားလေတော့သတည်း. . . ။

* * * * *



## အခန်း (၅၃)

### မိုးသီးနှင့် ကိုယ်ချင်းစာတရားရှိသော ဗိုလ်ကြီးတစ်ဦး

မိုးသီးတို့နေထိုင်သောစခန်းသည် အဝိုင်းခံရလေတော့၏။ မိုးသီးတို့သည် လက်လွတ်ထွက်ပြေးရ၏။ မိုးသီး၏ ကျောပိုးအိတ်သည် ဆုံးရှုံးသွား၏။ ကျောပိုးအိတ်ထဲတွင် မိုးသီး၏အဝတ်အစားအားလုံး ပါသွား၏။ ထို့ပြင် မိုးသီးကို အပ်ထားသော ပါတီ၏ ရာဘာတံဆိပ်တုံးများလည်း ပါသွား၏။ ထို့ကြောင့် မိုးသီး၏လူကြီးများသည် မိုးသီးအား ရန်ကုန်သို့ဆင်းရန် စေလွှတ်လိုက်တော့၏။

“မိုးသီး. . . ရန်ကုန်သို့သွားရမယ်၊ မင်းရဲ့အဝတ်အစားတွေလည်းစုရမယ်၊ ပါတီတံဆိပ်တုံးတွေလည်း ပြန်လုပ်ရမယ်၊ အဲဒါတွေလုပ်ဖို့ ရန်ကုန်ကိုဆင်းပြီး တောင်ဥက္ကလာ (၁၆)ရပ်ကွက် (-------)အိမ်မှာဝင်ပြီး ကပ်ရမယ်၊ ပြီးတော့ ရဲနီ‘ဂျိုးဖြူ’ဆိုတာနဲ့ ဆက်ရမယ်၊ ဂျိုးဖြူကို အစစ တာဝန်ပေးလိုက်ရမယ်၊ သူ ဆက်ပြီးလုပ်သွားလိမ့်မယ်၊ ရန်ကုန်မှာ နေနေတဲ့ရက်အတွင်း မောင်မိုးသီးရပ်တည်ဖို့ ကျော်နိုင်ကို တာဝန်ပေးရမယ်၊ တစ်ခုတော့ သတိထားရမယ်၊ ကျော်နိုင်ဟာ မလုံဘူး၊ လက်ဖွာရေးကျတယ်၊ အထူး သတိထားပြီး ရပ်တည်ရမယ်၊ တစ်ယောက်ကျဆုံးရင် အကုန်ဆုံးတာပဲ အဲဒါ သတိထားပါ” ဟု မှာကြားလိုက်ပြီး မိုးသီးအား ရန်ကုန်သို့ လွှတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် ရန်ကုန်သို့ထွက်လာခဲ့ရလေ၏။ ရန်ကုန်သို့ရောက်လျှင် တောင်ဥက္ကလာ (၁၆)ရပ်ကွက်ရှိ ကျော်နိုင်၏ အိမ်သို့ ဝင်၍ကပ်ရလေ၏။ ထို့နောက် ကျော်နိုင်က ရဲနီကျိုးဖြူနှင့်ဆက်သွယ်ရန် စီမံရလေ၏။ မိုးသီး၏ စားရေးသောက်ရေးအတွက် ကျော်နိုင်က ငွေအနည်းငယ် ထုတ်ပေးထားလေ၏။

မိုးသီးသည် (၁၆)ရပ်ကွက် ချစ်တီးဘုရားကျောင်း အနီးရှိ တစ်ခုလပ် ကုလားမလေး 'အမီသာ'၏ဆိုင်တွင် ထမင်းဝယ်၍ စားနေရ လေ၏။ (ယခု တ/ဥက္ကလာ၊ ကုလားဘုရားကားမှတ်တိုင်၊ အောင်ရတနာဆေးရုံ အနီးတွင် ဖြစ်ပါသည်။) အမီသာသည် တစ်ခုလပ်မလေးဖြစ်သော်လည်း အလွန်လှ၏။ သူ၏ ထမင်းဆိုင်မှာ ဒန်အိုး (၄)လုံးသာ ရှိ၏။ တစ်လုံးမှာ ထမင်းအိုးဖြစ်ပြီး အခြားတစ်လုံးမှာ ပဲဟင်းအိုးဖြစ်၏။ ကျန်တစ်အိုးမှာ ကြက်သားဆီပြန်အိုး ဖြစ်၏။

ထိုကုလားမလေး အမီသာ၏ဆိုင်တွင် ထမင်းလာ၍စားသော ယောကျ်ားလေးများမှာ မနည်းလှပေ။ အမီသာချက်သောဟင်းမှာ လွန်စွာ စပ်၏။ စားပြီးလျှင် ပါးစပ်ပြနေရ၏။ မိုးသီးသည် ထမင်းစားသော အခါ၌ ပုခက်ထဲ တွင် သိပ်ထားသော အမီသာ၏ကလေး နိုးနေလျှင်ကူ၍ ထိန်းပေးရ၏။

ကလေး၏အမည်မှာ 'ရာရှစ်'ဖြစ်သော်လည်း မိုးသီးက အမည်ပြောင်းကာ 'မောင်ချစ်မောင်'ဟု အမည်မှည့်ခေါ်ထား၏။ ကလေးငိုလျှင် မိုးသီးက ပုခက်ကို တုပ်၍လွှဲ၏။ ထိုသို့လွှဲရင်း-

"မောင်ချစ်မောင်ရေ. . . မငိုပါနဲ့ကွာ၊ မင်းအမေကြီး အဖေ့အတွက် ထမင်းခူးနေတယ်. . ."ဟု ပြောလေ့ရှိ၏။ ထိုအခါ အမီသာက လှလှပပလေး မျက်စောင်းထိုးလေ၏။ မျက်စောင်းထိုးပြီးလျှင်-

"တခြားလူတွေကြားကုန်မယ်. ."ဟု ပြောလေ၏။ ထိုအခါ မိုးသီး က

"ကြားကုန်အောင် ပြောတာပဲ. . ."ဟု ပြောလျှင် အမီသာက စကား လမ်းကြောင်းပြောင်းကာ -

"အမီသာချက်တဲ့ဟင်း စားလို့ကောင်းသလား"ဟု မေးလေ၏။ ထိုအခါ မိုးသီးက

"လုံးဝမကောင်းဘူး၊ စပ်လိုက်တာ သေတော့မယ်. . ."ဟု ပြန်၍ ပြောလေ၏။





"ဒီမှာ လူတွေအများကြီးစားနေတာပဲ၊ တစ်ယောက်မှ မပြောကြဘူး ကိုမိုးတစ်ယောက်ပဲပြောတယ်. . ."ဟု အမီသာက ပြောလျှင် မိုးသီးက-

"ဒီမှာ စားနေတာ ယောကျ်ားတွေချည်းပဲ၊ နင်ချက်တဲ့ဟင်းကောင်း လို့စားကြတာမဟုတ်ဘူး၊ နင့်ကို ကြိုက်နေလို့ လာစားကြတာ. . .၊ အဲဒါ ကြောင့် ဘာမှ မပြောတာ. . ."ဟု ပြောလျှင် အမီသာက-

"အဲဒီအထဲမှာ ကိုမိုးရော ပါသလား. . ."ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

"ငါက ရှေ့ဆုံးကပေါ့. . ."ဟု ပြောလေ၏။ ထိုအခါ အမီသာက-

"အမီသာကို မကြိုက်နဲ့. . .၊ အမီသာနဲ့ ကိုမိုးနဲ့က ဘာသာချင်း တူဘူး၊ ဘယ်လိုမှမဖြစ်နိုင်ဘူး. . ."ဟု ပြောလျှင် မိုးသီးက-

"ဘယ်လိုဆိုရင် ဖြစ်နိုင်မလဲ. . ."ဟု မေးလေ၏။ ထိုအခါ အမီသာ က လှလှပပလေးပြုံး၍ -

**"ကိုမိုး ဘာသာပြောင်းပြီး အမီသာတို့ဘာသာထဲ ဝင်ရင်ဖြစ် နိုင်တာပေါ့. . ."ဟု ပြန်၍ဖြေလျှင် မိုးသီးက-**

**"သေချာသလား. . .၊ အခု ထမင်းစားပြီးရင် နင်တို့ဘာသာထဲ ဝင်လိုက်မယ်၊ ဟောဟိုမှာ နင့်အဖေ မာမူကြီးပြန်လာပြီ၊ ပြောလိုက် တော့၊ ဟိုမှာ ဦးထုပ်တစ်လုံးအပိုတွေ့တယ်. .၊ အဲဒါကိုဆောင်းပြီး သီတတ်မယ်" ဟု ပြောလိုက်ရာ အမီသာသည် ခစ်ခနဲ ရယ်လိုက် သော၏။**

မိုးသီးသည် အမီသာထည့်ပေးသော အလွန်စပ်သည့် ကြက်သား ဟင်းနှင့် ပဲဟင်းကို အားရပါးရစားလေတော့၏။ စားပြီးသောအခါ မိုးသီး သည် ပိုက်ဆံရှင်း၍ အမီသာအားနှုတ်ဆက်ပြီးလျှင် ထိုဆိုင်မှ ထွက်လာလေ တော့၏။ လမ်းထိပ်သို့ရောက်သောအခါ မိုးသီးအား ဖမ်းရန်စောင့်နေသော (၄) ယောက်သည် မိုးသီးကိုမြင်လျှင် သေနတ်များဖြင့် ချိန်ရွယ်ကာ မိုးသီးအား ကားပေါ်သို့ တင်သွားလေတော့၏။ မိုးသီးသည် ကားပေါ် တက်ရင်း-

"အမီသာရေ. . . သွားပြီဟေ့၊ နင်းလည်း ဘာသာချင်းတူတဲ့ကောင် ကောင်ကို ယူလိုက်ပေတော့၊ ငါ့ကိုမစောင့်နဲ့. . ."ဟု ပြောသွားသေး၏။ ထိုအခါတွင် အမီသာသည် မကြားနိုင်တော့ပေ။

www.burmeseclassic.com



မိုးသီးအား အချုပ်ထဲတွင် ထည့်ထား၏။ (၉)ရက်တိုင်တိုင် အမှုစစ်၏။ အမှုစစ်ပြီးသောအခါ၌ ဗိုလ်ကြီးတစ်ဦးသည် မိုးသီးအား ခေါ်၍တွေ့လေ၏။ တွေ့လျှင်တွေ့ချင်း ၎င်းက-

"ရဲနီမိုးသီး . . .၊ အဲ. . . အဲ. . . ညီလေး မောင်မိုးသီး . . . ညီလေးလို့ခေါ်တာ စိတ်မဆိုးနဲ့နော်၊ မောင်ရင့်ရဲ့ ကိုယ်ရေးရာဇဝင်မှတ်တမ်းသက္ကရာဇ်ကို ကြည့်တာ ကိုယ့်ညီနဲ့ အသက်ချင်းအတူတူပဲ၊ ဒါကြောင့် ခေါ်တာပါ။ ကိုယ်က  အမေကိုချစ်တယ်၊ ကိုယ့်အမေက ကိုယ့်ညီလေးကို သိပ်ချစ်တယ်၊ အဲဒီတော့လည်း အမေစိတ်ချမ်းသာအောင် ညီလေးကို ကိုယ်ကအလိုလိုက်ရတယ်၊ ဒါကြောင့် ကိုယ်ချင်းစာတရားနဲ့ခေါ်တာပါ ကိုယ့်ညီလေးလည်း ဆိုးတယ်၊ ဒါပေမဲ့ မောင်မိုးသီးတို့လိုတော့ မဟုတ်ဘူး အခု မောင်မိုးသီးဖြစ်တဲ့ အဖြစ်မျိုး ကိုယ့်ညီလေးသာ ရောက်သွားရင်တော့ ကိုယ့်အမေဟာ ငုတ်တုတ်ကနေ အသက်ထွက်သွားနိုင်တယ်၊ အဲဒါကြောင့် မောင်မိုးသီးကို ခေါ်ပြီးတွေ့တာပါ၊ အခု မောင်မိုးသီး လုပ်ခဲ့တာတွေကိုမှား ပါတယ်လို့ ဟောဒီမှာ လက်မှတ်ထိုးလိုက်ပါ။ မောင်မိုးသီးကို ဒီအမှုကလွတ်အောင် အစ်ကိုလုပ်ပေးနိုင်ပါတယ်၊ အဲဒီလို လွတ်သွားမယ်ဆိုရင်တော့ မောင်မိုးသီးရဲ့ မိခင်ဟာ ဘယ်လောက်စိတ်ချမ်းသာမလဲ၊ ကိုယ့်ရဲ့မိခင်ဆိုရင်လည်း စိတ်ချမ်းသာမှာပဲ၊ မောင်မိုးသီးရဲ့ မိခင်ကို ကိုယ့်ရဲ့ မိခင်လိုစာနာပြီး ဒီစကားကိုပြောတာပါ။ လွတ်သွားပြီးရင်လည်း မောင်မိုးသီးရဲ့တည်ဖို့ အလုပ်တစ်ခုမှာ သွင်းပေးထားမယ်၊ တို့အနေနဲ့ ဘာတာဝန်မှမပေးပါဘူး၊ လွတ်လွတ်လပ်လပ်သွင်းပေးထားမှာပါ။ မောင်မိုးသီး ငယ်ပါသေးတယ်၊ ဘဝအတွက် ကြိုးစားချင်တာတွေ ကြိုးစားဖို့ အချိန်ရှိပါသေးတယ်၊ ဘယ်လိုလဲ မောင်မိုးသီး"

ဟု မေးလိုက်လျှင် မိုးသီးက . . .

**"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး၊ အခုလို စာနာစိတ်နဲ့ ဆက်ဆံတာ ကျွန်တော်အတော်ပဲ ဝမ်းသာပါတယ်၊ ကျွန်တော်လည်း လွတ်ချင်ပါတယ်၊ ဒါပေမယ့် တစ်ခုရှိတာက ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်တွေကို ကျွန်တော် ကိုယ်တိုင်မှားတယ်လို့ မထင်သေးတော့ ကျွန်တော်လျှောက် အလုပ်မလုပ် နိုင်ပါဘူး၊ အဲဒါကြောင့် ဗိုလ်ကြီးကို ကျေးဇူးတင်ပေမယ့် ဗိုလ်ကြီးရဲ့ ကြိုးဆိုမှု ကို ကျွန်တော်ခေါင်းခါပါတယ်၊ အဲဒီလို ခေါင်းခါရတဲ့အတွက်လည်း ကျွန်တော် ဝမ်းနည်းပါတယ်"**

ဟု ပြောလိုက်လျှင် ၎င်းဗိုလ်ကြီးသည် စားပွဲခုံတို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်လေ၏။

"ကြိုက်ပြီ၊ ငါရှာနေတဲ့ ယောက်ျားဆိုတာ တွေ့ပြီ၊ ဒီနေရာတကိုယ်ခေါ်ပြီး ဒီစကားပြောတိုင်း လက်ခံကြတာချည်းပဲ၊ အဲဒီလိုနဲ့ ထွက်သွားတဲ့လူတွေ အများကြီးပဲ၊ မင်းက ဒါကို ငြင်းဆိုတယ်၊ အစ်ကိုကြီးလိုချင်တဲ့ စိတ်ဓာတ်ဟာ ဒါပဲ၊ တကယ်ပြောရင် မင်းဟာ လောလောဆယ်မှာ တို့ရဲ့ ရန်သူပါပဲ၊ ဒါပေမယ့် လေးစားတယ် မောင်မိုးသီး၊ မင်းအခုလို ငြင်းလိုက်တဲ့ အတွက် ထောင်ဘယ်လောက်ကျမယ် ထင်သလဲ"

ဟု မေးလေ၏။ ထိုအခါ မိုးသီးက . . .

" ကျွန်တော်က ခေါင်းဆောင်မှ မဟုတ်ဘဲ ဗိုလ်ကြီး၊ အဲဒီလို ဆန့်ကျင်ဘက်ဖြစ်ရလို့လည်း ကျွန်တော်စိတ်မကောင်းပါဘူး၊ ကျွန်တော့်အပေါ် ညှာတာတဲ့ ဗိုလ်ကြီးရဲ့ ကျေးဇူးကို ဘဝတစ်ကွေ့မှာ ပြန်ဆပ်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်"

ဟု ပြောလိုက်လျှင် ၎င်းဗိုလ်ကြီးက မိုးသီးအား လက်ဆွဲနှုတ်ဆက်ပြီး . . .

"ဒီမှာ ညီလေး မောင်မိုးသီး၊ မင်းကို လူရော စိတ်ဓာတ်ရောအစ်ကိုကြီး ချစ်တယ်ကွာ၊ လေးလည်းလေးစားတယ်ကွာ၊ ကဲ. . . ထောင်ထဲသွားပေတော့"

ဟု ဆိုကာ ၎င်း၏ငယ်သားနှစ်ဦးလက်သို့ အပ်လိုက်လေ၏။ သူ၏ငယ်သားနှစ်ဦးလည်း မိုးသီးအား ကားပေါ်တင်၍ အင်းစိန်ထောင်သို့ ပို့လိုက်လေတော့သတည်း။

◈ ◈ ◈







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၄)

**မိုးသီး နဲ့ မောင်နွဲ့**

မိုးသီးသည် အင်းစိန်ထောင်အတွင်းသို့ ရောက်သွားပြီဖြစ်၏။ ထောင်အာဏာပိုင်များသည် မိုးသီးအား အမှတ်(၃)ဂိုတ်တွင် ထည့်ထား၏။

တိုက်တွင်းသို့ ထည့်ပေးသော အမှုထမ်း၏ အမည်မှာ မောင်နွဲ့ဟူ၍ ဖြစ်၏။ မိုးသီးနှင့် မတိမ်းမယိမ်းအရွယ်ရှိ၏။ မိုးသီးအား ထောင်ဖူးဝမှနေ၍ တစ်ကိုယ်လုံးကို စောင့်ကြပ်၍ခေါ်သွား၏။ တိုက်ခန်းဝသို့ ရောက်သောအခါ အမှုထမ်းမောင်နွဲ့က-

"ဟေ့ကောင် မိုးသီး၊ အခု မင်းရောက်နေတာ အင်းစိန်ထောင်နော်၊ ရှုတ်ရှုတ်ရှုတ်ရှုတ် လုပ်မယ်မကြံနဲ့. . .၊ ဂုတ်ဂုတ်ဂုတ်ဖြစ်သွားမယ်. . . ငါ့နာမည်လည်း မှတ်ထားဦး မောင်နွဲ့တဲ့၊ တခြားလူနဲ့ မတွေ့ဘူး၊ ငါနဲ့တွေ့မယ်" ဟု စောင့်ကြပ်ကိုဖွင့်၍ တိုက်အတွင်းသို့ သွင်းကာ သံတံခါးကို 'ဂျိုင်း'ခနဲပိတ်ပြီး မင်းတုန်းအရှည်ကြီးကို 'ဂျောင်း'ခနဲ ထိုးလိုက်လေ၏။ ပြီးလျှင် ကြီးမားသော သော့ခလောက်ကြီးကို 'ဂျောက်'ခနဲ ခတ်လိုက်လေ၏။

ထိုအခါ မိုးသီးက အမှုထမ်းမောင်နွဲ့အား-

"ဒီမှာ ကိုမောင်နွဲ့ရဲ့. . .၊ ခင်ဗျားနာမည်က 'နွဲ့'လို့သာ ဆိုတယ် လေသံက မနွဲ့ပါလားဗျာ. . ."ဟု ပြောလိုက်လျှင်-





"မနွဲ့ဘူး ငါ့လူ. . .၊ ထောင်ထဲမှာလာပြီး ဂျစ်တစ်တစ် လုပ်တဲ့ လူတွေကို နှဲဖို့ ငါ့ကို ခန့်ထားတာ. . ."ဟု ပြန်၍ပြောလေ၏။

"ဂျစ်တစ်တစ်မလုပ်ပါဘူးဗျာ. . .၊ နှဲစရာလည်း မလိုပါဘူး။ ဆေးလိပ် မီးတစ်တို့လောက် ပေးစေချင်ပါတယ်၊ ကျုပ်မှာ ဆေးလိပ်ပါ ပါတယ်"ဟု မိုးသီး က ပြောလျှင် အမှုထမ်း မောင်နွဲ့က-

"အဲဒါလည်း ပြောရဦးမယ် ဆေးလိပ်မီးက အချိန်တိုင်း မရဘူးကွ။ မနက်အစောကြီး အိပ်ရာထမှာ တစ်ကြိမ်ပေးမယ်၊ ထမင်းစားပြီးရင် တစ်ကြိမ် ပေးမယ်၊ နေ့ခင်းမှာတစ်ကြိမ်ပေးတယ်၊ ညနေထမင်းစားပြီး တစ်ကြိမ်ရမယ်၊ ည ၈ နာရီမှာ တစ်ကြိမ်ပေးမယ်၊ စုစုပေါင်း ငါးကြိမ်ရမယ်. . .၊ ကြားထဲမှာ မီးတောင်းလို့ မရဘူး၊ ပေးမှာလည်း မဟုတ်ဘူး။ အဲဒါ သဘောက်ပေါက်"ဟု ပြောလေ၏။

"သဘောပေါက်ပါတယ် ကိုမောင်နွဲ့ရယ်၊ အခုတော့ တစ်ကြိမ်ပေးပါဦး၊ နေ့ခင်းအတွက်ပေါ့ဗျာ. . ."ဟု မိုးသီးက ပြောလိုက်လျှင်-

"မိုးသီး . . . မင်းအချိုးကတော့ အင်းစိန်ထောင်မှာ အရည်ပျော်မယ့်အချိုးပဲ"ဟု ပြောကာ မီးခြစ်ကို 'တောက်'ခနဲ ခြစ်၍ ပေးလိုက်လေ၏။

မိုးသီးလည်း ဆေးလိပ်ကို မီးတို့၍ အားရပါးရ ရှိုက်ဖွာလေ၏။ ထိုသို့ ရှိုက်ဖွာပြီးနောက်-

"ဒီမှာ ကိုမောင်နွဲ့၊ ခင်ဗျား ကျုပ်ကိုကြိမ်းလို့ ထောင်ပိုင်ကြီးရာထူးရမယ်ဆိုရင် နေ့တိုင်းလာကြိမ်းဗျာ၊ အဲဒီလိုမဟုတ်ဘဲနဲ့ ငါ ကြိမ်းခွင့်ရှိတယ် ဆိုပြီးတော့ အသားလွတ်တော့ မကြိမ်းနဲ့. . .၊ လူကြီးတွေ ရောင်း(round)တဲ့ အခါ ကျုပ် ထပြီးတိုင်မယ်. . .၊ အဲဒီလိုမဟုတ်ရင်လည်း ကျုပ်ခေါင်းကို ကျုပ် ဟောဒီသံတိုင်နဲ့ ရိုက်ခွဲပြီး ခင်ဗျားလုပ်တယ်လို့ တိုင်မယ်. . ."ဟု မိုးသီးက ပြောလိုက်ရာ အမှုထမ်းမောင်နွဲ့က-

"ဒီမှာ မောင်မိုးသီး၊ အဲဒီလိုတော့ မညစ်နဲ့ကွာ၊ တစ်ယောက်နဲ့ တစ်ယောက် အဆင်ပြေအောင် ကြည့်လုပ်တာပေါ့. . ."ဟု ပြောလေ၏။

"အဆင်ပြေဖို့ကတော့ ဒီဆေးလိပ်ကုန်ရင် ကျုပ်မှာ ဆေးလိပ်မရှိတော့ဘူး၊ အဲဒါ ဆေးလိပ်လေး ရှာပေးပါဦး"ဟု ဆိုလျှင် အမှုထမ်း မောင်နွဲ့က ၎င်း၏အိတ်အတွင်းမှ နွားတံဆိပ် ဆေးပေါ့လိပ်နှစ်လိပ်ကို ထုတ်၍ မိုးသီးအား ပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးက ဆေးလိပ်နှစ်လိပ်ကို ရလျှင် ပြုံးပြလိုက်လေ၏။ ထိုအခါ မောင်နွဲ့က-

"စောစောတုန်းက မျက်နှာက တစ်မျိုးပဲ၊ ဆေးလိပ်ရသွားတော့ မင်းမျက်နှာက တစ်မျိုး၊ မိုးသီး မင်းဟာ တော်တော်သောက်ခွက်ပြောင်တဲ့အကောင်"ဟု ပြောကာ လက်ပြ၍ ထွက်သွားလေတော့၏။ မိုးသီးလည်း ဆေးလိပ်ဖွာပြီးလျှင် တိုက်ခန်းအတွင်း တမံသလင်းပေါ်၌ပင် ပက်လက်လှန်လှဲချကာ မျက်စိကိုမှိတ်၍ အိပ်စက်လိုက်လေတော့၏။ အိပ်မက်တစ်ခုမြင်မက်လေ၏။ အိပ်မက်ထဲတွင် ၎င်း၏ငယ်ဆရာ ကိုနောင်ဘီသည် ဗယ်ရီကပ်အနီလေးဆောင်း၍ ရောက်လာလေ၏။ ထိုသို့ ရောက်လာပြီးလျှင်-

"မောင်မိုးသီး. . .၊ အခု မင်း ထောင်ထဲရောက်နေပြီ၊ ဘာဆက်လုပ်မလဲ၊ မင်း (၆)နှစ်လောက်နေရမှာနော်၊ အချိန်တွေ နှမြောဖို့ကောင်းတယ်၊ အဲဒီတော့ အကောင်းဆုံးအကြံပေးချင်တာကတော့ ဂမ္ဘီရကိုပဲလုပ်ရမယ်၊ ဟောဟိုအခန်းထောင့်မှာ ဘီစကွတ်အထုပ်က စက္ကူအပြာလေးလက်နှစ်လုံး လောက်တွေ့တယ်၊ အဲဒါလေးကိုဖြုပြီး ထမင်းလုံးနဲ့ မင်းမျက်နှာတည့်တည့် နံရံမှာ ကပ်လိုက်၊ ကပ်တဲ့အခါမှာ မင်းမျက်လုံးရဲ့တည့်တည့်နေရာမှာ နှစ်လက်မ လောက်မြှင့်ပြီးကပ်ထား. . .၊ အဲဒီအပြာရောင်လေးဟာ မင်းမျက်လုံးထဲမှာ စွဲနေပစေ. . .၊ ဘယ်လောက် စွဲနေရမလဲဆိုရင် ဘယ်ကိုကြည့်ကြည့် အပြာ ရောင်ပဲ မြင်နေရအောင်လို့ ကြည့်ရမယ်. . .၊ ပြီးတော့ အပြာရောင်ကလည်း မှိုင်းမနေစေရဘူး. . .၊ ကြည်လင်နေစေရမယ်. . .၊

အဲဒီအပြာရောင်ဟာ မေတ္တာဓာတ်က ထုတ်လွှတ်တဲ့အရောင်ပဲ၊ အဲဒီလို အပြာရောင်ကိုကြည့်နေတဲ့ အတောအတွင်းမှာ 'ငါရဲ့မေတ္တာဓာတ်တွေဟာ အရောင်ထွက်ပြီး နေရာအနှံ့အပြားမှာ လင်းနေပြီ'လို့ ပါးစပ်ကဆိုရမယ်. . .၊ အခု ငါပြောတာကို မင်းအတိအကျ လုပ်ရမယ်၊ မင်းကို ဒီမှာအမြဲထားမှာမဟုတ်ဘူး၊ ပြီးရင် အဆောင်ကို ရွှေ့လိုက်လိမ့်မယ်၊ အဆောင်ရောက်တဲ့အခါမှာ လူတွေကများတော့ တစ်ယောက်နဲ့တစ်ယောက် နောက်လိုက်ပြောင်လိုက်၊ ကျားထိုးလိုက်၊ သီချင်းဆိုလိုက်၊ စစ်တုရင်ကစားလိုက် စကားများလိုက်နဲ့ အချိန်ကုန်တတ်တယ်၊ တချို့ဆိုရင် လုပ်ထားတဲ့ ဖဲထုပ်တွေနဲ့ ဆေးလိပ်ကြေး ဖဲရိုက်ကြတယ်၊

အဲဒီကျရင်လည်း အချိန်မဖြုန်းရဘူး၊ ဂမ္ဘီရကိုပဲ ဆက်လုပ်ရမယ်၊ ပြီးတော့ အဆောင်ရောက်ရင် လူကစုံတယ်၊ ပညာတတ်ကြီးတွေ ပါလာတတ်တယ်၊ အဲဒီလူကြီးတွေဆီမှာ ကျိုးကျိုးနွံနွံတပည့်ခံပြီး အင်္ဂလိပ်စာတို့ သင်ယူ ထားလိုက်၊ (၆)နှစ်လောက်နေရမှာ၊ အချိန်အလကား မကုန်စေနဲ့၊ 'အချိန်' ဆိုတာ အခြားစကားနဲ့ပြောရရင် 'အသက်'ပဲ၊ အချိန်ကိုဖြုန်းတီးတာနဲ့အတူတူပဲ၊ မင်းတစ်ခုစဉ်းစားကြည့်လေ. . .၊ 'အသက်ဘယ်လောက်ရှိပြီလဲ' လို့ မေးရင် 'ကျွန်တော်အသက်နှစ်ဆယ်ရှိပြီ'လို့ 'နှစ်ဆယ့်ငါးရှိပြီ'လို့ ပြောတာဟာ အသက်ကို ပြောတာ ဆိုပေမဲ့ တကယ်ကတော့ အချိန်ကာလကို ပြောနေတာပဲ မဟုတ်လား. . .၊

အဲဒီတော့ အချိန်ဆိုတာ အသက်ပဲလို့ နားလည်လိုက်ပါ၊ အချိန်ကို ဘယ်လိုအကြောင်းနဲ့မှ မဖြုန်းရဘူး၊ (၆)နှစ် ထောင်ထဲမှာ နေတာဟာ (၆)နှစ် ကျောင်းတတ်နေတယ်လို့ နားလည်ရမယ်. . .၊ အဆောင်ရောက်ရင် တချို့က စာအုပ်တွေပါလာတယ်၊ အဲဒီစာအုပ်တွေ ငှားပြီးဖတ်ရမယ်၊ ပြီးပြီးရော မဖတ်ရဘူး၊ မှတ်မှတ်သားသားဖတ်ရမယ်၊ ကိုယ်ဖတ်တာဝတ္ထုဆိုစေမဲ့ လေးလေးနက်နက်ဖတ်ရမယ်၊ ဇာတ်လမ်းကိုလည်း မှတ်မိအောင် မှတ်ထားရမယ်၊ ပြီးတော့ ဝါကျတစ်ကြောင်းချင်းကိုလည်း ဖွဲ့စည်းပုံသိအောင်လုပ်ရမယ်"ဟု မှာကြားလေ၏။ ထို့နောက် ကိုနောင်ဘီသည် ပျောက်ကွယ်သွားလေတော့၏။

အိပ်ရာမှနိုးလျှင် အခန်းထောင့်ကို လျှောက်သွားသောအခါ စက္ကူအပြာစလေးကို တွေ့ရလေ၏။ ထို့ကြောက် ကောက်ယူပြီးလျှင် ငါးမူးစေ့ခန့်အဝိုင်းသဏ္ဍာန်လေး ဆုတ်ဖြဲလိုက်လေ၏။ ညနေထမင်းလာပို့သောအခါ၌ ကိုနောင်ဘီ ပြောသလိုပင် နံရံတွင် ထမင်းလုံးဖြင့် ကပ်လိုက်လေတော့၏။

ထမင်းစားပြီးသောအခါ၌ ထိုနံရံရှေ့တွင်ထိုင်ကာ ထိုအပြာရောင်ဝိုင်းတလေးကို စူးစိုက်၍ ကြည့်နေလေတော့၏။ ထိုအခါ၌ အမှုထမ်းမောင်နွဲ့ ရောက်လာပြီးလျှင်-





www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် မိုးသီး၊ နံရံကို ဘာကြည့်နေတာလဲ၊ ဖောက်မလို့လား" ဟု မေးလေ၏။

"မဟုတ်ပါဘူး ကိုမောင်နွဲ့ရယ်. . .၊ ဟောဒီအပြာရောင်လေးကို ကြည့်နေတာပါ၊ စိတ်ငြိမ်အောင်ပေါ့ဗျာ"ဟု ပြောလိုက်လျှင် ဂုင်းမောင်နွဲ့-

"ရော့. . .ရော့ ဟေ့ကောင်၊ ငါ မင်းအတွက် ထန်းလျက်ကလေး ယူလာတယ်၊ စားလိုက် စားလိုက်"ဟုဆိုကာ ထန်းလျက် ၅ လုံး ပေးသွားလေ၏။ ထို့ကြောင့် မိုးသီးက-

"ဒီထောင်မှာရှိတဲ့ အမှုထမ်းတွေထဲမှာ ကိုမောင်နွဲ့ဟာ သဘောအကောင်းဆုံးနဲ့တူတယ်၊ ခင်ဗျားနဲ့လာပြီး တိုးရတာတော့ ကျုပ်အဖို့ ကံကောင်းတာပဲ၊ ခင်ဗျား အခုပြုထားတဲ့ ကျေးဇူးတွေကို ကျုပ် အပြင်ရောက်ရင် ပြန်ပြီး ဆပ်ပါ့မယ်ဗျာ. . ."ဟု ပြောလိုက်၏။ အမှုထမ်း မောင်နွဲ့က-

"ကျေးတာ အေးအေးစားစမ်းပါ မိုးသီးရယ်၊ အပိုစကားတွေမပြောစမ်းပါနဲ့. . .၊ မင်းတို့ထောင်ထဲရောက်လာတဲ့ ငတိတွေ ဒီလိုချည်းပြောကြတာပါပဲ၊ အပြင်လည်းရောက်ရော တို့ရဲ့မျက်နှာချင်းဆိုင်တွေ့တောင် နှုတ်ဆက်ဖော်မရပါဘူး၊ ဒါမျိုးတွေ ရိုးနေပါပြီကွာ. . ."ဟု ပြောကာ လှည့်၍ ထွက်သွား လေတော့သတည်း. . .။

* * * * *





## အခန်း (၅၅)

### မိုးသီး ထောင်ကလွတ်ပြီ

ကောင်းကင်တစ်ခုလုံး နေရောင်ကြောင့် နီကြင်ကြင်ဖြစ်နေ၏။ ထို အရောင်သည် မိုးသီးအား ထည့်ထားသော တိုက်နံရံများကို ပက်ဖြန်းထားသည်ဖြစ်ရာ လိမ္မော်ရောင်ဖြစ်နေ၏။ အိုက်စပ်နိုင်လှသောကြောင့် မိုးသီးအဖို့ အိပ်၍လည်းမရပေ။ တိုက်၏အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လျှင်လည်း ဘာတ်စီကျိန်းသောကြောင့် တံခါးပေါက်ကို ကျောခိုင်းထား၏။ မိုးသီးသည် အခြားပြုလုပ်ဖွယ်ရာ မရှိသောကြောင့် ဂုင်းတွင်ရှိသော ဘီးကျိုးကလေးဖြင့် ဆံပင်များကို ရှင်းကာ ခေါင်းဖြီးနေ၏။ ထိုသို့ခေါင်းဖြီးရင်း ငိုက်မြည်းသောကြောင့် သံမံတလင်းပေါ်တွင် လှဲချကာ အိပ်စက်လိုက်လေတော့၏။

ထိုသို့ အိပ်ပျော်သွားသည်နှင့်တစ်ပြိုင်နက် အိပ်မက်မြင်မတ်လေ၏။ အိပ်မက်ထဲတွင် ကိုနောင်ဘီနှင့်တွေ့၏။ ကိုနောင်ဘီက-

"ဟေ့. . .မောင်မိုးသီး၊ မင်းအဖို့ အပြာရောင် လေ့ကျင့်ခန်းက အတော်လုံလောက်နေပြီ. . .၊ အဲဒီအပြာရောင်တွေကို မင်းနှလုံးအိမ်မှာ ထည့်လိုက်. . .၊ ပြီးတော့ တို့တိုင်းပြည်ကို အုပ်ချုပ်တဲ့ အစိုးရအဖွဲ့လုံး ကိုယ်ရော စိတ်ပါ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပို့လိုက်၊ ပြီးရင် မင်းရဲ့အိမ်နဲ့ မင်းနဲ့ အဆက်အသွယ်ရဖို့ ဆုတောင်းလိုက်. . .၊ အဲဒီကျင့်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ပတ်တိတိလုပ်လိုက်"ဟု မှာကြားလေ၏။

မိုးသီးသည် အိပ်ရာမှနိုးသည့်အခါ၌ အိပ်မက်ထဲတွင် ကိုနောင်သိ မှာကြားသည့်အတိုင်း ပြုလုပ်လေတော့၏။

တစ်ပတ်ကြာသောအခါ၌ မိုးသီးအား ထောင်အုပ်ချုပ်ရေးအဖွဲ့မှ အိမ်သို့ စာရေးဆက်သွယ်ခွင့်ပေးထားလေတော့၏။ မိုးသီးသည် အင်းစိန်တွင် နေထိုင်သော ၎င်း၏ဦးလေးထံသို့ စာရေးလေတော့၏။ ဦးလေးသည် မိုးသီး၏ စာကို မိုးသီး၏မိခင်အား သွား၍ပြ၏။ နောက်တစ်ပတ်တွင် ဦးလေးထံမှ ပြန်စာနှင့်အတူ မိုးသီးသုံးရန်အတွက် ငွေ(၁၅)ရက် ရောက်လာလေတော့၏။ မိုးသီး၏ငွေကို ထောင်မှစာရင်းဖြင့် သိမ်းထားပေး၏။

ထို့နောက် ထောင်မှဈေးဝယ်သောအခါ၌ မိုးသီးအား မှာလိုသည်ကို မှာရန် လာ၍ပြောသဖြင့် မိုးသီးလည်း သရက်သီးသနပ်တစ်ပုလင်းနှင့် ငါးပိကြော်တစ်ပုလင်း မှာလေ၏။ သရက်သီးသနပ်တစ်ပုလင်းမှာ ထိုအချိန်က ငါးကျပ်သာကျ၏။ ငါးပိကြော်တစ်ပုလင်းမှာလည်း ငါးကျပ်သာကျ၏။ ထို့ကြောင့် ပိုသော ငါးကျပ်ကို ထောပတ်ဝယ်ပေးရန် မှာကြားလိုက်လေ၏။ အလုံးစုံရသောအခါ၌ မိုးသီးသည် ထောင်မှပေးသော ပဲဟင်းတွင် ထောပတ် အနည်းငယ်ခတ်လိုက်၏။ ပြီးလျှင် ထမင်းပူပူတွင်ဆမ်း၏။ ထိုထမင်းကို သရက်သီးသနပ်၊ ငါးပိကြော်တို့ဖြင့် နယ်ဖတ်ကာ မြိန်ယှက်စွာစားသောက်လေတော့၏။ ယခင်က ထမင်းတစ်ပန်းကန်သာ စားနိုင်သောမိုးသီးသည် ယခုအခါမှာ နှစ်ပန်းကန်ခန့် စားနိုင်လေ၏။ ထို့ကြောင့် ထောင်ဝန်ထမ်းတစ်ဦးက-

"ဟဲ့ကောင်. . . မိုးသီး၊ အရမ်းလည်းမစားနဲ့ကွ၊ တအားကြီးဝနေရင် ထောင်ပူးဝနဲ့မင်းကိုယ်နဲ့ မဆံ့ရင် မင်းမလွတ်ဘဲနေလိမ့်မယ်. . . "ဟု လာ၍ နောက်လေတော့၏။

မိုးသီး၏သောက်ရေအိုးသည် အစဉ်သဖြင့် တိုက်အပြင်ဘက်တွင် ထုတ်ထားသည်ဖြစ်ရာ နေပူသောကြောင့် ရေသည် ပူနေ၏။ ထို့ကြောင့် မိုးသီးသည် တိုက်အပြင်ဘက်သို့ထွက်သောအခါ ရေအိုးကိုယူ၍ တိုက်အတွင်းသို့ ပြောင်း၍ထားလိုက်လေ၏။ ထို့ပြင် လုံချည်တစ်ပိုင်းကို ဖြဲ၍ ရေစွတ်ကာ ရေအိုးကိုပတ်ထားလိုက်လေ၏။ အဝတ်ရေခြောက်လျှင် မိုးသီးသည် ရေထပ်၍ စွတ်ပြန်လေ၏။ ထို့ကြောင့် မိုးသီး၏သောက်ရေအိုးကလေးသည် အစဉ်သဖြင့်





အေးမြနေပေ၏။ အပြင်တွင် သွားလာနေသော ထောင်အမှုထမ်းများတပင် လျှင် ရေသောက်လိုသောအခါ မိုးသီး၏ သောက်ရေကို တောင်း၍သောက် ကြလေ၏။ အမှုထမ်းတစ်ဦးက-

"မိုးသီးရေ. . ၊ ဒီတိုက်မှာက အခန်း(၁၃)ခန်းရှိတယ်ကွ၊ မင်းရေအိုး က အအေးဆုံးပဲ၊ တို့လည်း သောက်ရတာ စိတ်ချမ်းသာတယ်ကွာ. . . ၊ အဲဒီ ရေကုသိုလ်ကြောင့် မင်းလည်း အစောကြီးလွတ်မှာပါ၊ ဟိုမှာ စာတာလေး တွေ မြင်သလား၊ သူတို့လည်း ရေငတ်တယ်ကွ၊ မင်းရဲ့ထမင်းပန်းကန် လေးထဲမှာ ထည့်ပြီး တိုက်ပါကွာ. . . ၊ ကုသိုလ်ရပါတယ်၊ သူတို့က မင်း အတွက် ဆုတောင်း ပေးကြလိမ့်မယ်၊ မင်းက ကုသိုလ်နည်းလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီကိုရောက် လာတာ. . . ၊ ကုသိုလ်လုပ်လိုက်ကွာ. . . " ဟု ပြောလေ၏။

မိုးသီးလည်း ထိုသူပြောသည့်အတိုင်း ပြုလုပ်လိုက်လေ၏။ စာကလေး များသည် အလုအယက် ရေလာ၍ သောက်ကြလေ၏။ မိုးသီးသည် ထိုအချင်း အရာကိုမြင်လျှင် ကြည်နူး၍ ပီတိဖြစ်ရလေ၏။ ထို့ကြောင့် နေ့တိုင်းလိုလို စာကလေးများကို ရေတိုက်လေ၏။ ထောင်ဝန်ထမ်းတစ်ဦးကမူ မိုးသီးအား-

"မင်းကို ငါကြည့်ကြည့်နေတယ်၊ မင်းအနေနဲ့ ဘုရားရှိခိုးတာ တစ်ခါ မှမတွေ့ရဘူး၊ ဘုရားလေးဘာလေး ရှိခိုးရတယ်ကွ. . . "ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ကျွန်တော်က ဘုရားရှိခိုးမရဘူးခင်ဗျ. . . "ဟု ဝန်ခံလိုက်ရာ ထိုဝန်ထမ်းက-

"ငါ့အိမ်က ဘုရားရှိခိုးစာအုပ်ယူလာခဲ့မယ်. . . ၊ ဘုရားရှိခိုးစာတွေ ကျက်ပစ်လိုက်၊ ပရိတ်ကြီး (၁၁)သုတ်လည်း ပါတယ်၊ အဲဒါတွေလည်း ကျက် လိုက်၊ ပြီးတော့ အဲဒီမှာ အသံထွက်ပါ ရေးထားတာကွ. . . "ဟု ပြောလေ၏။

နေ့ခင်းဘက်သို့ရောက်သောအခါ၌ ထိုဝန်ထမ်းသည် ဘုရားရှိခိုး စာအုပ်တစ်အုပ် လာ၍ပေးလေ၏။ မိုးသီးလည်း ထိုအချိန်မှစ၍ ဘုရားရှိခိုး များကို ကျက်ရလေ၏။ ပြီးလျှင် ပရိတ်ကြီး(၁၁)သုတ်ကို ကျက်ရလေ၏။ တစ်လအတွင်း၌ပင် အလုံးစုံအလွတ်ရသွားလေတော့၏။ ထိုအခါမှစ၍ မိုးသီး သည် အားလျှင် ပရိတ်ရွတ်နေလေ၏။ ထိုဝန်ထမ်းများသည် မိုးသီးထံသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီးလျှင်-

"မင်း အခု သိမ်မွေ့သွားပြီကွ၊ ဗုဒ္ဓဘာသာဖြစ်သွားပြီ၊ သူပုန်ထချင်တဲ့ စိတ်တွေ၊ ဆူပူချင်တဲ့စိတ်တွေ မင်းရင်ထဲမှာ ပျောက်သွားပြီ၊ ငါမင်းကို ပုတီးတစ်ကုံးလက်ဆောင်ပေးမယ်၊ မင်း ပုတီးစိပ်ကွာ. . . "ဟု ပြောလေ၏။ ထို့နောက် ထိုဝန်ထမ်းသည် မိုးသီးအား ကျွန်းသားပုတီးလေးတစ်လုံး လက်ဆောင်လာ၍ပေးလေ၏။

တစ်ညတွင် မိုးသီးသည် ကိုနောင်ဘီကို အိပ်မက်မက်ပြန်၏။ အိပ်မက် ထဲတွင် ကိုနောင်ဘီက-

"ပုတီးမစိပ်နဲ့ဦးကွ. . .၊ ငါခိုင်းတာတွေပဲ လုပ်ဦးကွ"ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးမှာ ပုတီးမစိတ်ရတော့ပေ။ ထို့ပြင် ကိုနောင်ဘီက-

"စိတ်နဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းလုပ်တဲ့နေရာမှာ ရှုပ်ထွေးအောင် မလုပ်ရဘူးကွ. . .၊ အတတ်နိုင်ဆုံး ရှင်းရှင်းလုပ်ရတယ်၊ ရှုပ်အောင်လုပ်ရင် မဖြစ်နိုင်တဲ့အပြင် ရူးသွားတတ်တယ်ကွ. . . "ဟု ပြောသဖြင့် မိုးသီးလွန်စွာ ကြောက်ရွံ့သွားလေ၏။

နောက်တစ်နေ့တွင် မိုးသီးအား တိုက်တွင်ရက်(၁၀၀)ပြည့်ပြီဟု ဆိုကာ အဆောင်သို့ထုတ်သွားလေတော့၏။ အဆောင်မှာ အဆောင်(၃)ဖြစ်၏။ မိုးသီးအား ထိုအဆောင်ရှိ အမှတ်(၅)အခန်းတွင် ထည့်ထားလေ၏။ ထိုအခန်းထဲတွင် အခြားသူများလည်း ရှိကြ၏။ နိုင်ငံရေးသမားဟောင်းကြီးများ၊ စစ်ဗိုလ်ဟောင်းကြီးများလည်း ရောက်နေ၏။

အဆောင်သို့ရောက်လျှင် အစားအသောက်ပါ ကောင်း၍လာလေ၏။ တစ်ခန်းလုံးရှိသူများသည် စုပေါင်း၍စားကြ၏။ တစ်ယောက်တွင်ရှိသည့် အစားအသောက်ကို ကျန်လူများအား ခွဲဝေ၍ကျွေးကြ၏။ ထမင်းစားပြီး သည် နှင့် အခန်းတွင်းရှိလူများသည် ကိတ်မုန့်ဗူးကတ်ပြားများဖြင့် လုပ်ထားသော ဖဲများဖြင့် တစ်နေကုန် ဆေးလိပ်ကြေး ပိုကာဒေါင်းကြ လေ၏။ မိုးသီးမှာမူ ဝင်၍မဒေါင်းပေ။ ၎င်းတို့လိုအပ်သည်များကို အနီးအပါး မှ ကူ၍လုပ်ပေး၏။ ဆေးလိပ်မီးလိုလျှင် မီးရှာပေး၏။ လက်ဖက်ရည်သောက် လိုသည်ဟုဆိုရင် လက်ဖက်ရည်ခွက်များ ရွှေ့ပေး၏။ ဖဲကစား၍ ဇက်ကြော တက်သူများအား ပရုတ်ဆီလူး၍ ဇက်ကြောဆွဲပေး၏။





တစ်နေ့တွင် မိုးသီးသည် အိပ်မက်တစ်ခု မြင်မက်လေ၏။ ထိုအိပ်မက် ထဲတွင် ကိုနောင်ဘီရောက်လာလေ၏။

"မောင်မိုးသီး. . .၊ အဆောင်ကိုရောက်လာပြီ၊ အဆောင်မှာတော့ အနေချောင်တယ်ကွ၊ အချိန်မဖြုန်းနဲ့၊ တစ်ခုခု သင်ယူနေ. . .၊ ဒါမှမဟုတ် တစ်ခုခုကျက်မှတ်နေ. . . "ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးလည်း 'ဇော်ဝင်' ခေါ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော 'ရွှေ့သို့'စာအုပ်ကို ဖတ်၏။ နားမလည်သော စာလုံးများကို ပအို့ 'ဦးလှဖေ'ဆိုသော အန်ကယ်ကြီးထံတွင် မေးမြန်း၏။ ထိုသို့မေးမြန်းပြီးလျှင် အလွတ်ကျက်ပစ် လေ တစ်နေ့လျှင် မသိ သော အင်္ဂလိပ်စာလုံး အစိတ်ခန့်ကို ကျက်ရလေ၏။ ထို့ပြင် ၎င်းအန်ကယ်ကြီးသည် ဝါကျတည်ဆောက်ပုံများကိုပါ ရှင်းလင်း သင်ပြပေးသေး၏။ ထမင်း စားပြီးနေ့ခင်းပိုင်းသို့ရောက်သောအခါ၌ တယောထိုးနည်း သင်လေ၏။ မိုးသီး ထံတွင် ထောင်သားတစ်ဦး လုပ်ပေး သော တယောလေးတစ်လက်ရှိလေ၏။ ထို့ကြောင့် မိုးသီးမှာ အားရသည် ဟူ၍မရှိဘဲ လေ့ကျင့်ခြင်းဖြင့်သာ အချိန်ကုန် ရလေ၏။ ညနေပိုင်းသို့ ရောက်လျှင် အခန်းမှဝယ်ထားသော မဂ္ဂဇင်းစာအုပ်များကို ဖတ်၏။ ကောင်းသောဝါကျများ အရေးအသားများကို အလွတ်ကျက်လေ၏။

အထူးသဖြင့် မိုးသီးအလွတ်ကျက်သော ဝါကျများမှာ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှားတို့၏ ဝတ္ထုများ ဝါကျများ ဖြစ်နေတတ်၏။ မိုးသီးသည် စာကျက်ရန်အလုပ်မရှိလျှင် ကင်းမြီးကောက်ထောင်၍နေတတ်၏။ ထိုသို့ပြုလုပ်ရန်လည်း ကိုနောင်ဘီက အိပ်မက်မှနေ၍ ညွှန်ကြားထား၏။ ကိုနောင်ဘီသည် ကင်းမြီးထောက် ထောင်သောလေ့ကျင့်ခန်းကို 'ယောဂ ကျင့်စဉ်'တစ်ခုတွင် သွတ်သွင်းထား၏။ ထိုကျင့်စဉ်ကို 'ရာဇယောဂ'ဟု သူက အမည်ပေးထား၏။

"မောင်မိုးသီးရေ. . .၊ မင်းတို့အရွယ်မှာ ကင်းမြီးထောက်ထောင်တဲ့ သူဟာ အသက်ကြီးရင် ဆံပင်မဖြူဘူးကွ၊ မှတ်ဉာဏ်တွေလည်း လျော့မသွား ဘူးကွ. . . "ဟု အိပ်မက်ထဲတွင် မှာကြားဖူးလေ၏။

မိုးသီးသည် ညအိပ်ခါနီးတွင် ကောင်းစွာဘုရားရှိခိုးပြီး အိပ်၏။ ပရိတ်များကို ရွတ်ဖတ်သရဇ္ဈာယ်၍အိပ်၏။ အချို့က နောက်ပြောင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးက စိတ်မဆိုးပေ။ လုပ်စရာရှိသည်ကိုသာ ဆက်၍လုပ်ခဲ့၏။ မိုးသီးသည် ထောင်ကျနေစဉ်အတွင်း အချိန်ကို တန်ဖိုးရှိစွာ အသုံးချခဲ့၏။ ထို့ကြောင့် မိုးသီးသည် သူ၏အဖြစ်ကို သူ့အနေနှင့် ကျေနပ်လိုက်ရှိလေ၏။

တစ်ခါက ထောင်ခါလေတော့၏။ မိုးသီးတို့၏ နိုင်ငံရေးပုဒ်မဖြင့် ဖမ်းထားသော အကျဉ်းသားများကို သက်ဆိုင်ရာမှ တစ်ယောက်မျှမကျန် လွှတ်ပစ်ခဲ့လေ၏။ ထို့ကြောင့် မိုးသီးသည် ပျော်ရွှင်စွာထောင်မှ လွှတ်သွားလေတော့သတည်း။

* * * * *

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး။ အခုလို စာနာစိတ်နဲ့ ဆက်ဆံ တာ ကျွန်တော်အတော်ပဲ ဝမ်းသာပါတယ်၊ ကျွန်တော်လည်း လွတ်ချင် ပါတယ်၊ ဒါပေမယ့် တစ်ခုရှိတာက ကျွန်တော်လုပ်ခဲ့ တဲ့ အလုပ်တွေကို ကျွန်တော် ကိုယ်တိုင်မှား တယ်လို့ မထင်သေးတော့ ကျွန်တော်လျှာက အလုပ်မလုပ် နိုင်ပါဘူး၊ အဲဒါကြောင့် ဗိုလ်ကြီးကို ကျေးဇူးတင် ပေမယ့် ဗိုလ်ကြီးရဲ့ ကြိုဆိုမှု ကို ကျွန်တော်ခေါင်းခါပါတယ်၊ အဲဒီလို ခေါင်းခါရ တဲ့အတွက်လည်း ကျွန်တော် ဝမ်းနည်းပါတယ်"

'အချိန်' ဆိုတာ အခြားစကားနဲ့ပြောရရင် 'အသက်'ပဲ၊ အချိန်ကိုဖြုန်းတီးတာ နဲ့အတူတူပဲ၊ မင်းတစ်ခုစဉ်းစားကြည့်လေ. . .၊ 'အသက်ဘယ်လောက် ရှိပြီလဲ' လို့ မေးရင် 'ကျွန်တော်အသက်နှစ်ဆယ်ရှိပြီ'လို့ 'နှစ်ဆယ့်ငါးရှိပြီ'လို့ ပြောတာဟာ အသက်ကို ပြောတာ ဆိုပေမဲ့ တကယ်ကတော့ အချိန် ကာလကို ပြောနေ တာပဲ မဟုတ်လား. . .၊





## အခန်း (၅၆)

### မိုးသီး ဒူးရင်းသီးသည်ဖြစ်သွားပြန်ပြီ

မိုးသီး ထောင်ထဲတွင် (၆)နှစ်ကြာနေပြီးနောက် ထောင်ခါလေတော့၏။ ထို့ကြောင့် မိုးသီးသည် ထောင်မှလွတ်လာပြီဖြစ်၏။ မိုးသီးသည် (၆)နှစ်လုံးလုံးထောင်ထဲတွင် အကျိုးရှိစွာနေလာခဲ့၏။ ထောင်မှလွတ်သောအခါ မိုးသီးသည် မိဘအိမ်သို့ပြန်သွားလေ၏။ မိုးသီး ထောင်ထဲဝင်စဉ်က (၅)တန်း (၆)တန်းသာ ရောက်သေးသော ၎င်း၏ညီနှစ်ဦးသည် တက္ကသိုလ်သို့ရောက်နေပြီဖြစ်၏။ မိုးသီး၏ ဒုတိယညီသည် ဒဿနိကဗေဒရ၏။ မိုးသီး၏ တတိယ ညီသည် သစ်တောရ၏။ မိုးသီး၏ဖခင်မှာ ကျန်းမာရေး မကောင်းသောကြောင့် အလုပ်အလုပ်နိုင်ပေ။ ထို့ကြောင့် မိုးသီး၏မိသားစုသည် နေ့စဉ်စားရေး သောက်ရေးမှအစ ကျန်သောအရေးများပါ ကျပ်တည်းလျက်ရှိ၏။

မိုးသီးသည် ထိုအဖြစ်ကိုကြည့်ကာ များစွာစိတ်မကောင်းဖြစ်ရလေ၏။ မိုးသီး၏မိခင်ကြီးသည် နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် တက္ကသိုလ်တက်နေသော ကျောင်းသားနှစ်ဦးအတွက် တစ်ဦးလျှင် (၂)ကျပ်နှုန်းနှင့် မုန့်(၃)ကျပ် ကို အသည်းအသန်ရှာဖွေရလေ၏။ ထို့ကြောင့် မိခင်ကြီးသည် ဆတ်သာ သည့်အဆုံး၌ အိမ်ရှေ့ရှိ အုတ်ခုံလေးပေါ်တွင် ဘိန်းမုန့်လုပ်၍ ရောင်းရလေ ၏။ မိခင်ကြီးသည် မလုပ်တတ် လုပ်တတ်နှင့်လုပ်သောကြောင့် မိခင်၏ ဘိန်းမုန့် ကို ဝယ်စားသူမရှိသလောက်ရှားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီး၏စိတ်၌ 'မိသားစုကတော့ အတော့်ကို အကျပ်တည်းတွေ့နေပြီ ဒီအကျပ်အတည်းကလွတ်အောင် ငါအနေနဲ့ လုပ်ရမှာပဲ. . .'ဟူ၍တွေးမိလေ၏။ သို့သော် မည်သည်ကစ၍ လုပ်ရမည်ဟု စဉ်းစား၍မရသေးပေ။ ထောင်မှလွတ်ပြီးနောက် တစ်ရက်တွင် မိမိ အလုပ်လုပ်ခဲ့ဖူးသော လေးထောင့် ကန်ရွာဆီသို့ အလည်အပတ်ထွက်ခဲ့လေ၏။ မိမိ မကြာခဏ စားလေ့ရှိသော 'မြ'ထမင်းဆိုင်သို့လည်း ဝင်လေ၏။ 'မြ'ထမင်းဆိုင်မှာ ဒေါ်မြဆိုသော အဒေါ်ကြီးတစ်ဦး၏ ထမင်းဆိုင်ဖြစ်၏။ ထိုထမင်းဆိုင်တွင် မိုးသီးနှင့်မတိမ်း မယိမ်းမိန်းမပျိုကလေးများရှိ၏။ ထိုမိန်းမပျိုကလေးများ ဒေါ်မြ၏သမီးများ ဖြစ်ကြကုန်၏။ ဒေါ်မြကြီးမှာ လွန်စွာသဒ္ဒါရက်ရောသော အဒေါ်ကြီးဖြစ်လေ၏။ ထို့ကြောင့် မိုးသီးအား နံနက်စာကျွေးလေတော့၏။

မိုးသီးသည် ဝတ်ထားသော တိုက်ပုံအင်္ကျီကို တိုင်မှာချိတ်၍ ဒေါ်မြကြီးကျွေးသော ထမင်းကို မြိန်ယှက်စွာစားလေတော့၏။ ဒေါ်မြကြီး၏သမီးများသည် မိုးသီးနှင့် လွန်စွာခင်မင်ရင်းနှီးကြသူများဖြစ်၏။ မိုးသီး၏ ချိတ်ထား သော တိုက်ပုံအင်္ကျီမှ အိတ်ကိုနှိုက်ကြည့်ရာ ငွေတစ်ကျပ်ခွဲတို့ သာတွေ့သဖြင့် မိုးသီးအနေနှင့် အတော်ပင်ခေါင်းပါးနေ ကြောင်းသိရှိ လေ၏။ ထို့ကြောင့် မိုးသီးအား ပိုက်ဆံပေးလိုကြသည်။ သို့ရာတွင် မိုးသီး ရှက်သွားမည် ဖြစ်သောကြောင့် မိုးသီး၏ တိုက်ပုံအင်္ကျီအိတ်ထဲသို့ ငွေအစိတ် တို့ မိုးသီး မသိအောင် ထည့်ပေးလိုက်လေ၏။ မိုးသီးသည် မသိရှာပေ။

ညနေစောင်း၍ ရန်ကုန်သို့ပြန်သောအခါ၌ အုတ်တင်သောကားဖြင့် လိုက်ပါခဲ့လေ၏။ ကားပေါ်တွင် အင်္ကျီအိတ်ကို နှိုက်ကြည့်ရာ ငွေအစိတ်တို့ တွေ့သဖြင့် ဒေါ်မြကြီးသမီးများ ထည့်ပေးလိုက်ကြောင်း ရိပ်မိလေ၏။ မိုးသီး သည် ထိုငွေအစိတ်ကို သေချာစွာကြည့်ရင်း မျက်ရည်များလည်လာလေ၏။ ထို့ကြောင့် ၎င်း၏စိတ်တွင်-

'ဒီငွေအစိတ်ဟာ အရင်းအနှီးပဲ၊ ဒါနဲ့ ကြီးပွားအောင် လုပ်ရမှာ. . .' ဟု ဆုံးဖြတ်လိုက်လေ၏။ ထို့ကြောင့် အုတ်ကားဖြင့်ပင် ကီလီသို့လိုက်ပါသွား လေ၏။ ကီလီသို့ရောက်လျှင် ဈေးအတွင်းသို့ဝင်ကာ လှည့်ပတ် ကြည့်ရှုလေ ၏။ ကုန်ရုံကြီးတစ်ခုတည်းတွင် ဒူးရင်းသီးခြင်းများ (၁၀၀)ခန့်ကို တွေ့ရ၏။ မိုးသီးသည် ထိုခြင်းများကို သွားရောက်ကြည့်ရှုလေ၏။ ထို့နောက် ၎င်း၏စိတ်၌





'ဒီက ဒူရင်းသီးတစ်ခြင်း ဝယ်သွားပြီး လမ်းဘေးမှာ ချရောင်းရင် အမြတ်အစွန်းရနိုင်တယ်. . .'ဟု တွေးမိလေတော့၏။ ထို့ကြောင့် မိုးသီး သည် ဒူးရင်းသီးခြင်း ပိုင်ရှင်အား-

"တစ်ခြင်း ဘယ်လောက်လဲ"ဟု မေးရာ ရောင်းသူက-

"၁၈ ကျပ်. . ."ဟု ပြောသဖြင့် ဒူးရင်းသီး တစ်ခြင်း ဝယ်လိုက် လေ၏။ ထို့အပြင် အလုပ်သမားခ သက်သာစေရန်အတွက် ကိုယ်တိုင် ခေါင်းဖြင့် ထမ်း၍ ကားဂိတ်သို့ ထွက်လာခဲ့လေ၏။ ဂိတ်သို့ရောက်လျှင် ...င်တိုတို အလုပ်သမားနှစ်ယောက် ရောက်လာပြီးလျှင်-

"ဟော့လူ . . . အလုပ်သမားခပေး. . ."ဟုတောင်းလေတော့၏။ ထိုအခါ မိုးသီးက -

"အလုပ်သမားခ မပေးနိုင်လို့ ကိုယ့်ဟာကိုယ်ပဲ ထမ်းလာတာပဲ၊ ဘယ်သူ့ကိုပေးရမှာလဲ. . ."ဟု မေးရာ ထိုသူနှစ်ဦးက-

"ဒီမှာ. . . ကိုယ့်ဟာကိုယ် ထမ်းခွင့်မရှိဘူး၊ ကိုယ့်ဟာကိုယ်ထမ်း သည်း ပေးရမှာပဲ"ဟုဆိုကာ ခါးတွင်ချိတ်ထားသော သံချိတ်များကို ထုတ်ကြ လေ၏။ မပေးပါက မိုးသီး၏ဗိုက်ကို သံချိတ်များဖြင့် ဆွဲ၍ဖွင့်ပစ်မည့်ပုံပေါ် နေ၏။ ထို့ကြောင့် မိုးသီးက -

"အလုပ်သမားခက ဘယ်လောက်ပေးရမှာလဲ"ဟု မေးရာ ၎င်းတို့ နှစ်ဦးက -

"နှစ်ကျပ်. . ."ဟု ပြောလေ၏။ မိုးသီးသည် ငွေနှစ်ကျပ်ထုတ်ပေးရင်း-

"ခင်ဗျားတို့ဟာ ဆင်းရဲသားချင်း ဓားပြတိုက်တာပဲ၊ အဲဒီသတ္တိနဲ့ အရင်းရှင်ကို တိုက်ရမှာ နားလည်လား"ဟု ပြောလိုက်လေ၏။ ထိုအခါ အလုပ်သမားနှစ်ဦးက -

"ကျုပ်တို့အရင်းရှင်လည်းမသိဘူး၊ အဖျားရှင်လည်း မသိဘူး၊ ကိုယ့်လူ မြန်မြန်သွားတော့. . . ."ဟု ပြောသဖြင့် မိုးသီးသည် ဒူးရင်းသီးခြင်းကိုထမ်း ကာ ခပ်သုတ်သုတ် ထွက်လာခဲ့လေ၏။ မိုးသီးသည် နှစ်ပေါင်းများစွာ ၎င်း... ...သယ် အလုပ်သမား လူတန်းစားကို ချစ်ခင်ခဲ့၏။ ထိုအချိန်တွင် ပြောင်းပြန် ...သွားလေ၏။ ထို့ကြောင့် ၎င်း၏စိတ်၌



www.burmeseclassic.com

www.burmeseclassic.com



"ငါဖတ်တဲ့စာအုပ်တွေဟာ မဟုတ်ဘူးထင်တယ်"ဟု တွေးထင်သွားလေ၏။ ထိုဒူးရင်းသီးခြင်းကို မဂိုလမ်းရှိ ရွှေဆိုင်တန်းများအထိ ထမ်းလာခဲ့လေ၏။ ထိုနေရာသို့ရောက်သောအခါ မိုးသီးအသိ ရွှေဆိုင်ပိုင်ရှင် 'ကိုစိုးပိုင် + မအေးအေး'တို့၏ဆိုင်တွင် ဒူးရင်းသီးခြင်းကို အပ်ခဲ့လေ၏။ ထို့နောက် အိမ်သို့ပြန်ခဲ့လေ၏။ နောက်တစ်နေ့ မိုးလင်းလျှင်လင်းချင်း မဂိုလမ်းရွှေဆိုင် တန်းဆီသို့ ထွက်လာခဲ့လေ၏။ ၎င်း၏လွယ်အိတ်ထဲတွင် ဒူးရင်းသီးခင်း ရောင်းရန်အတွက် ဂုံနီအိတ်တလုံး ပါလာလေ၏။ ဒူးရင်းသီးခွဲခြမ်းရန်အတွက် ဓားမြှောင်တစ်လက်လည်း ပါလာလေ၏။ အပ်ထားသော ရွှေဆိုင် တွင် ဒူးရင်းသီးခြင်းကို တောင်းယူကာ ပလက်ဖောင်းပေါ်တွင် ပါလာသော ဂုံနီအိတ်ကိုခင်း၍ ဒူးရင်းသီးများကို ပုံလိုက်လေ၏။

အမှန်အတိုင်းဆိုလျှင် ထိုအသက်အရွယ်ရောက်သည်အထိ ဒူးရင်းသီးကို ကိုယ့်ပိုက်ဆံနှင့်ကိုယ် ဝယ်၍မစားဖူးပေ။ မိုးသီးသည် ဒူးရင်းသီးများကို အကြီး၊ အလတ်၊ အငယ်များခွဲ၍ ပုံ၏။ ထိုသို့ပုံနေစဉ်၌ပင် ၎င်းနှင့်ရွယ်တူခန့်သော ရွှေဘာဘူနှစ်ယောက် ရောက်လာပြီးလျှင်-

"ဘယ်လိုရောင်းသလဲ. . ."ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

"ဒီအကြီးတွေက ၁၆ ကျပ် ရောင်းတယ်၊ အလတ်တွေက ၁၂ ကျပ်၊ အငယ်ကတော့ ၁၀ ရောင်းတယ်. . ."ဟု ပြောလိုက်ရာ ရွှေဘာဘူကုလား နှစ်ဦးသည် ဒူးရင်းသီးအကြီးဆုံး သုံးလုံးကို ဝယ်သွားလေ၏။ ထို့ကြောင့် ၄၈ ကျပ် ဈေးဦးပေါက်သွားပြီဖြစ်၏။ ၁၈ ကျပ်ဖြင့် ဝယ်လာသော ပစ္စည်းသည် သုံးလုံးရောင်းရုံနဲ့ ငွေ ၃၀ မြတ်သွားပြီဖြစ်၏။ ထို့နောက်တွင်ကား အကြီးနှင့် အလတ်များ ကုန်သွား၏။ အငယ် ၄ လုံးခန့် ကျန်၏။ မိုးသီးလည်းဆက်၍ မရောင်းတော့ဘဲ ထိုဒူးရင်းသီး အငယ်များကို ခြင်းတွင်ထည့်ကာ အိမ်သို့ ယူလာခဲ့လေ၏။ လက်ထဲတွင်လည်း ငွေ ၈၀ ခန့်ပါလာ၏။ ဒူးရင်းသီးခြင်းမှာ မိခင်ဖြစ်သူ မီးစိုက်ရန်အတွက်ဖြစ်၏။

ညနေ ထမင်းစားပြီးသောအခါ၌ မိုးသီးသည် ဒူးရင်းသီးများ တစ်အိမ်လုံးကို ကျွေးလေတော့၏။ ဖခင်ကြီးသည် ဒူးရင်းသီးကို စားရင်း





"ဒူးရင်းသီးက သိပ်ဈေးကြီးတာကွ. . .၊ ဘာဖြစ်လို့ ဝယ်လာတာလဲ" ဟု မေးလေ၏။ ထို့ကြောင့် မိုးသီးက -

"ဝယ်လာတာမဟုတ်ပါဘူး အဖေရယ်. . .၊ ကျွန်တော် ရွှေဆိုင်တန်းရှေ့မှာ ဒူးရင်းသီးရောင်းနေတာ၊ ဒါတွေ ရောင်းမကုန်လို့ ကျန်တာတွေပါ. . ." ဟု ပြောရင်း အိတ်အတွင်းမှ ငွေများကို ထုတ်ပြီးလျှင် -

"အမေ မနက်မိုးလင်းတာနဲ့ ငွေ ၄ ကျပ် ရအောင် ရှာနေရတာ. .၊ ဒီမှာ. . .ကျွန်တော်ပေးမယ်"ဟု ဆိုကာ ငွေအချို့ကို ပေးလေတော့၏။ မိခင်ကြီးသည် ပြုံး၍သွားလေတော့၏။ မိုးသီးသည် ညမိုးချုပ်သောအခါ၌ ကီလီဈေးသို့သွားပြီးလျှင် ဒူးရင်းသီး (၂)ခြင်း ဝယ်လေတော့၏။ သို့ရာတွင် ထိုခြင်းများကို ကိုယ်တိုင်မထမ်းရတော့ပေ။ အလုပ်သမားကို ထမ်းခိုင်းလေ၏။ ဂိတ်သို့ရောက်သောအခါ တစ်ခြင်းလျှင် တစ်ကျပ်ကျဖြင့် ရှင်းလိုက်လေ၏။

ထို့နောက် ဆိုက်ကားဖြင့်တ်ကာ မဂိုလမ်းရှိ မအေးတို့ အိမ်သို့သွား၍ အပ်ရပြန်၏။ ပြီးလျှင် အိမ်သို့ ပြန်လာခဲ့၏။ မိုးလင်းလျှင် သွား၍ရောင်းရပြန်၏။ အချို့ဝယ်သူများသည် ဒီအတိုင်းမဝယ်လို ဖောက်ပြခိုင်းသဖြင့် မိုးသီးလည်း ဓားမြှောင်ဖြင့် ဒူးရင်းသီးကို ဖောက်ပြရလေ၏။ ရွှေဘာဘူကုလား ရောက်လာပြီးလျှင် မိုးသီး၏ ဒူးရင်းသီးအကြီးများကို သိမ်းကျုံး၍ ဝယ်ပြန်လေ၏။ ထိုရွှေတန်းတွင် မိုးသီးတို့ နှင့် အိမ်နီးချင်းဖြစ်သော ရွှေဆိုင်ပိုင်ရှင် 'ဒေါ်သိန်းကြည်'ဆိုသည့် အဒေါ်ကြီးတစ်ဦးလည်း ရှိ၏။ ၎င်း၏သား ကိုညွှန့်တင် ဆိုသူသည် စိန်အိတ်စပယ်တစ်ဦးဖြစ်၏။ ထိုဆိုင်တွင် ထိုင်၏။ ၎င်း၏သမီး မခင်ရီဆိုသူမှာလည်း ရွှေဆိုင်တွင်ထိုင်၍ ရွှေရောင်း၏။ ၎င်းတို့သည် မိုးသီး အား လက်ဖက်ရည်တိုက်ကြကုန်၏။ ၎င်းတို့သည် မကြာခဏ သွားရေစာများ ဝယ်စားကြကုန်၏။ ဝယ်စားတိုင်းလည်း မိုးသီးအား ကျွေးကြကုန်၏။ မိုးသီး လည်း ကောင်းကောင်းစား၍ ကောင်းကောင်းဈေးရောင်းနေလေ၏။ ဒူးရင်းသီးခြင်းများမှာ (၂)ခြင်းမှ (၃)ခြင်း၊ (၃)ခြင်းမှ (၄)ခြင်းအထိ ဝယ်၍ရောင်းရသော အဖြစ်သို့ ရောက်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီး၏မိခင်ကြီးအား နေ့စဉ်ဈေးဖိုးမှန်မှန် ပေးနိုင်၏။ ဖခင်ကြီးအတွက် မုန့်ပဲသွားရည်စာများ အိမ်သို့ဝယ်သွားနိုင်၏။ ဖခင်ကြီးသည် မိုးသီးအား-

"မင်းရောင်းတဲ့ပစ္စည်းကလည်း အမြတ်ကြမ်းလှချေလား၊ လူတိုင်းဝယ်စားနိုင်အောင် ဈေးလျှော့မှ မင်းဟာ တွင်ကျယ်မှာပေါ့. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက -

"မဟုတ်ဘူး အဖေ၊ ဒူးရင်းသီးက ဆင်းရဲသားစားတာ မဟုတ်ဘူး သူဌေးမှစားနိုင်တာ. . .၊ ဈေးလျှော့လိုက်ရင် အရင်းပါပြုသွားမယ်၊ ကျွန်တော်ရောင်းတာ အသင့်တော်ဆုံးဈေးပါပဲ၊ ကျွန်တော့် ဒူးရင်းသီးတွေဟာ ချလိုက်တာနဲ့ ကုန်သွားတာပါပဲ၊ တစ်လုံးနှစ်လုံး ပြန်ပြီးပါလာတာက တမင်ချန်လာခဲ့တာ၊ အဖေစားဖို့. . ."ဟု ပြောလျှင် မိုးသီး၏ဖခင်ကြီးသည် အလွန်စိတ်မကောင်းဖြစ်သွားပုံရ၏။ ထို့ကြောင့် -

"မင်းအနေနဲ့ မိဘကို ဒီလောက်သိတတ်တာ ရေရှည်မဆင်းရဲပါဘူးကွာ. . ."ဟု အားပေးစကား ပြောလေ၏။ မိုးသီးသည် ထိုအားပေးစကားကို လွန်စွာပီတိ ဖြစ်သွားလေတော့သတည်း။

* * * * *



# အခန်း (၅၇)

## မိုးသီး၏ဓါသနှင့် မိုးသီး၏စေတနာ

မိုးသီးသည် တစ်အိမ်လုံးစားရန်အတွက် ဈေးဖိုးပေးပြီး အိတ်ထဲတွင် ငွေပိုအဖြစ် ငွေ (၁၅၀)ရှိနေပြီဖြစ်၏။ ထို့ပြင် ဈေးရင်းရန်အတွက် ငွေ(၅၀) သီးသန့်ရှိနေပြီဖြစ်၏။ နေ့စဉ် လူလေးငါးခြောက်ယောက် လက်ဖက်ရည်သောက်ခြင်း၊ ထမင်းစားခြင်းအပါအဝင် အသုံးစရိတ်ကို ပေးနိုင်သည့်အပြင် ငွေပိုလည်း အနည်းငယ်ရှိနေခြင်းမှာ ငွေအစိတ်ဖြင့် စခဲ့သော အလုပ်ဖြစ်၏။

တစ်နေ့တွင် မိုးသီးတို့အိမ်သို့ ဒေးဒရဲမြို့ဘက်မှ မိုးသီးဖခင်၏ ညီတစ်ဝမ်းကွဲ 'ကိုပေါက်'ဆိုသူရောက်လာ၏။ ညနေထမင်းစားပြီး ရေနွေးကြမ်းသောက်သောဝိုင်းတွင် ၎င်းကိုပေါက်က မိုးသီးအား-

"ဟေ့. . . မောင်မိုးသီး၊ မင်း အခုဘာတွေလုပ် နေသလဲ"ဟု မေးလေ၏။ ထိုအခါ မိုးသီးက-

"ဦးလေး. . . ကျွန်တော် အခု ဒူးရင်းသီး ရောင်းနေတယ်"ဟု ပြောလျှင် ၎င်းကိုပေါက်က-

"မင်းတို့လည်း အတွေးအခေါ်တယ်ညံ့တာကိုး၊ ဒူးရင်းသီးက ရာသီကုန်တယ်ကွ. . .၊ ဒူးရင်းသီးရာသီကုန်သွားရင် မင်းဘယ်လိုလုပ်ရောင်းမလဲ" ဟု ပြောလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့လည်း တစ်မျိုးစဉ်းစားရမှာပေါ့ ဦးလေးရယ်"ဟု မိုးသီးက ပြန်၍ဖြေလျှင် ဇင်းကိုပေါက်က

"တကယ်ရောင်းသင့်တာက 'အုန်းသီး'ကွ၊ အုန်းသီးဟာ အရင့်ဆိုရင်လည်း မုန့်လုပ်တဲ့လူတွေက ဝယ်တယ်ကွာ...၊ အစိမ်းဆိုရင်လည်း နတ် အုန်းသီးစွဲတို့၊ ကန်တော့ပွဲထိုးဖို့ ဝယ်ကြရတယ်ကွာ...၊ ရာသီမရှိဘူးကွ၊ (၁၂)ရာသီလုံးရောင်းရတဲ့ပစ္စည်း၊ အဲဒီလိုရောင်းရင်းဝယ်ရင်း ဈေးတစ်ဈေးမှာ ဆိုင်ခန်းလေးတစ်ခန်းရအောင်ဝယ်၊ အုန်းသီးရောင်းရင် ငှက်ပျောသီးပါ တင်ထားရတယ်ကွ၊ ပြီးတော့ ဆိုင်မှာ မုန့်ဆမ်းလေး ‌တောက်ညှင်းလေး နတ်တင်ဖို့ တင်ထားရတယ်ကွ...၊ ပြီးတော့ နတ်အုန်းသီးစွဲဖို့ ခြင်းကလေးတွေ၊ နတ်အုန်းသီးမှာချည်ဖို့ ရှန်ပန်းထည်လေးတွေပါ တင်ထားရတယ်၊ အဲဒီတော့ လုပ်ငန်းဟာ မခဲ့ဘဲနဲ့ ကျယ်သွားတာပေါ့ကွာ...၊ မင်းအခုအဲဒီဆိုင်လေး ဖြစ်အောင်လုပ်ထားလိုက်...၊ သားစဉ်မြေးဆက် အဲဒီဆိုင်က လုပ်စားလို့ရတယ် ကိုယ့်လူရေ..." ဟု ပြောလိုက်ရာ မိုးသီးလည်း အုန်းသီးရောင်းရန် စိတ်ပါသွားလေတော့၏။

"ဒီလိုကောင်းတဲ့အလုပ်မျိုး လုပ်ချင်တာပေါ့ ဦးလေးရယ်၊ ဘယ်က စရမှန်းမသိလို့ပါ..."ဟု ပြောလိုက်ရာ ဇင်းကိုပေါက်က-

"အဲဒါခက်တာပေါ့ကွာ...၊ အုန်းသီးကိစ္စကတော့ ဦးလေးတာဝန်ထားလိုက်၊ ဒေးဒရဲကနေ သမ္ဗာန်နဲ့တင်လွှတ်လိုက်မယ်၊ မင်းက ကမ်းနားဆိပ်ကိုသွားပြီး ဦးလေးပို့လိုက်မယ့် သမ္ဗာန်ကိုစောင့်...၊ ရောက်တာနဲ့အုန်းသီးတွေကို ကမ်းနားပေါ် ဆွဲတင်ပေတော့...၊ တစ်ခုတော့ပြောရဦးမယ်၊ အခု မင်းမှာရှိသလောက် ဦးလေးကိုပေးလိုက်...၊ ကျန်တာတွေ ဦးလေးဆက်ပြီး လုပ်သွားမယ်"ဟု ပြောသဖြင့် မိုးသီးလည်း မစားရက် မသောက်ရက် ခြိုးခြံချွေတာ စုထားသော ငွေနှစ်ရာကို ဇင်းကိုပေါက်၏လက်သို့ ထည့်ပေးလိုက်လေ၏။ ကိုပေါက်လည်း နောက်တစ်နေ့ နံနက်အစောကြီးတွင် ပြန်သွားလေတော့၏။ မိုးသီးမှာ အရင်းမရှိတော့၍ ဒူးရင်းသီးပင် မရောင်းနိုင်တော့ပေ။ သုံးရက် မြောက်သောနေ့တွင် မိုးသီးသည် အစောကြီးဆင်းလာ၍ သမ္ဗာန်များကိုမျှော် ရလေတော့၏။ တွေ့သမျှသမ္ဗာန်ကို-





"ဟျို့... မိတ်ဆွေတို့၊ မိတ်ဆွေတို့ ဒေးဒရဲ သမ္ဗာန်လား"ဟု မေးရလေ၏။ အချို့သမ္ဗာန်က-

"ဒေးဒရဲသမ္ဗာန်မဟုတ်ဘူး၊ တွံတေးသမ္ဗာန်"ဟု ဖြေလေ၏။ အချို့သမ္ဗာန်က-

"ခတ္တိယက..."ဟု ပြန်၍ဖြေလေ၏။ သမ္ဗာန်အချို့က-

"ဒေးဒရဲသမ္ဗာန်ဆိုရင် အုန်းသီးပါလား..."ဟု မေးလေ၏။ ဒေးဒရဲ သမ္ဗာန်သားအချို့က-

"အုန်းသီးပါတယ်..."ဟု ဖြေလေ၏။ ထိုအခါ မိုးသီးက -

"အဲဒီအုန်းသီးတွေက ကိုပေါက် ပို့လိုက်တာမဟုတ်လား"ဟု မေးလေ၏။ ထိုအခါ သမ္ဗာန်သမားများက -

"ဘယ်က ကိုပေါက်လဲ...၊ မသိဘူး...၊ ဒီအုန်းသီးတွေက ဒေါ်ဖွားနှစ် အုန်းသီးကွ၊ ဟိုဘက်သမ္ဗာန်က ကိုဘချစ် အုန်းသီးတွေ၊ ခင်ဗျားပြောတဲ့ ကိုပေါက် အုန်းသီးလောကမရှိဘူး၊ ကြားတောင်မကြားဖူးဘူး..." ဟု ပြောလေ၏။

မိုးသီးသည် စိတ်ပျက်အားငယ်စွာဖြင့် အိမ်သို့ ခြေလျင်လျှောက်၍ ပြန်ခဲ့ရလေ၏။ သို့ရာတွင် စိတ်ဓာတ်မကျပေ။ တစ်လခန့် ဤနည်းအတိုင်း သမ္ဗာန်များကို ဆင်း၍စုံစမ်း၏။ ဤနည်းအတိုင်းပင် ဖြေကြ၏။ ကားခ မတတ်နိုင်၍ အသွားအပြန် ကုန်းကြောင်းလျှောက်ရ၏။ ဆာလောင်မွတ်သိပ်သော်လည်း လက်ဖက်ရည်လေးတစ်ခွက်ပင် ဝယ်၍ မသောက်နိုင်သောကြောင့် ဗိုက်ဟောင်းလောင်းဖြင့် ခြေကျင်လျှောက်ရ၏။

မိုးသီး၏ဝမ်းဗိုက်သည် အစာမရှိသောကြောင့် တကျွိကျွိမြည်နေ၏။ အစပထမတွင် ကိုပေါက်အား ခွင့်လွှတ်သောဘက်မှ စဉ်းစားခဲ့သေး၏။ တစ်လပြည့်၍ ပေါ်မလာသောအခါ၌ မိမိ အလိမ်ခံလိုက်ရပြီဖြစ်ကြောင်း သဘောပေါက်သွားလေတော့၏။ ဤသို့ သဘောပေါက်သွားသည်နှင့် တစ်ပြိုင်နက် မိုးသီး၏စိတ်၌ -

"ကိုပေါက်ဆိုတဲ့လူဟာ အတော်အောက်တန်းကျတဲ့ လူပဲ၊ ဆင်းရဲ သွန်းလို့ အတင်းရုန်းကန်နေတာကို လာပြီး လိမ်တယ်၊ ငါ့ပို့ကိုတော့ သာဒက် ပေးလိုက်တာ အကောင်းဆုံးပဲ၊ ငါ့မိသားစုလည်း ပြေပြေလည်လည်



www.burmeseclassic.com

www.burmeseclassic.com



မြစ်နေရာကနေ နဂိုအတိုင်း ငတ်ကုန်ကြပြီ၊ ဘာပဲဖြစ်ဖြစ် ဒေးဒရဲကို လိုက်သွားပြီး ကိုပေါက်ကိုရှာမယ်၊ တွေ့ရင် ရင်ဝကို ဓားနဲ့စိုက်ပြီး အသေ သတ်ပစ်လိုက်မယ်" ဟု တွေးမိလေတော့၏။

ဤသို့ဖြင့် တရွေ့ရွေ့လျှောက်လာရာ ကန်တော်ကြီး ပန်းကန်လုံး ကျွန်း အနီးသို့ရောက်သောအခါ တက်သစ်စနေရောင်တွင် ရွှေရောင်ဝင်း နေသော ရွှေတိဂုံဘုရားကြီးကို အဝေးမှ လှမ်းမျှော်ဖူးမြင်ရသဖြင့် လမ်းဘေးသို့ဆင်းကာ ဦးသုံးကြိမ်ချလိုက်လေ၏။ ပြီးလျှင်-

"ကိုပေါက်ကိုတွေ့ရင် သတ်ပါ့မယ်ဘုရား"ဟု သစ္စာဆိုလိုက်လေ တော့၏။ အိမ်သို့ရောက်လျှင် မိုးသီးသည် သူ၏မိသားစုအား ကိုပေါက် သိမ် သွားပြီဖြစ်ကြောင်း ပြောပြရာ မိသားစုတစ်စုလုံးက စိတ်ဆိုးကြလေ၏။

ညနေပိုင်းသို့ရောက်သောအခါ မိုးသီးသည် ၎င်း၏မိတ်ဆွေ 'အနီ' ဆိုသော မိန်းကလေးထံတွင် ငွေနှစ်ရာ ချေးလေ၏။ ထိုမိန်းကလေးမှာ ငွေနှစ်ရာ ၎င်းမှာ အလွယ်မရှိသဖြင့် ဆွဲထားသော ဆွဲကြိုးကိုဖြုတ်တာ ပေါင်၍ မိုးသီး အား ငွေနှစ်ရာ ထုတ်ပေးလိုက်လေတော့၏။ မိုးသီးလည်း လွယ်အိတ်ထဲတွင် အညာစောင်တစ်ထည်နှင့် ရှမ်းဓားမြောင်တစ်လက်ကို ထည့်ကာ ဒေးဒရဲသို့ ညထွက်မည့် သင်္ဘောဖြင့်လိုက်ရန် သင်္ဘောဆိပ်သို့ ဆင်းလာလေ၏။

ထို့နောက် သင်္ဘောဖြင့် လိုက်လာခဲ့လေ၏။ သင်္ဘောပေါ်တွင် လွန်စွာ ခြင်ကိုက်၏။ မိုးသီးသည် နေရာမရသောကြောင့် မအိပ်ရပေ။ စောင်ခြုံ၍ ငုတ်တုတ်ထိုင်ကာ လိုက်ပါလာခဲ့ရလေ၏။ နံနက်မိုးလင်းမှပင် ဒေးဒရဲသို့ သင်္ဘောဆိုက်လေ၏။ မိုးသီးလည်း သင်္ဘောပေါ်မှဆင်းကာ ဒေးဒရဲတစ်မြို့လုံး တွင် ကိုပေါက်၏ အိမ်ကို စုံစမ်းလေ၏။ လမ်းလျှောက်ရလွန်းသဖြင့် ခြေထောက်များလည်း ကျိန်းစပ်နေပြီဖြစ်၏။ အိပ်ရေးပျက်ထားသော ကြောင့် ခေါင်းမှာလည်း မူးနောက်နေပြီဖြစ်၏။ ဆာလောင်လာသောအခါ လမ်းဘေးသောက်ရေ အိုးစင်မှ ရေကို သောက်ရလေ၏။

ဤသို့ဖြင့် ကြိုးစားပမ်းစားရှာဖွေလိုက်ရာ နေ့လယ် တစ်ချက်ထိုး သောအခါ၌ မြို့အစွန်၌ ကိုပေါက်၏တဲကို တွေ့လေတော့၏။ မိုးသီးသည် ထိုတဲဆီသို့ တန်းတန်းမတ်မတ်သွား၏။ ပါးစပ်မှလည်း 'ကိုပေါက် ကိုပေါက်'





ဟု အော်၍သွားလေ၏။ တဲအတွင်းသို့ဝင်လိုက်သောအခါ၌ တဲမှာ ယိုင်နေ သဖြင့် ကျားကန်ထားရ၏။ မိုးထားသော ဓနိများမှာလည်း လုံခြုံမှုမရှိ၍ နေပြောက်များ ထိုးနေ၏။

မိန်းမတစ်ယောက်သည် ဝါးကွပ်ပျစ်တစ်ခုပေါ်တွင် ဂုန်နီအိတ်ကို ခင်း၍ နေမကောင်းသောကြောင့် ညည်းညူနေ၏။ ၎င်း၏ခြေရင်းတွင် ကလေး ငယ်တစ်ဦးမှာ ခွက်ကလေးတစ်လုံးကိုင်၍ငုတ်တုတ်အိပ်ပျော်နေ၏။ မိန်းမ၏ ရင်ခွင်တွင် အိပ်မောကျနေသော နို့စို့အရွယ်ကလေးတစ်ဦးလည်း ရှိနေ၏။ ထိုအခါ မိုးသီးက -

"ဒီမှာ အစ်မကြီး. . .၊ ကိုပေါက် ဘယ်သွားသလဲ"ဟု မေးရာ ထိုမိန်းမက-

"မနက်မိုးမလင်းခင်ကတည်းက ဆန်ရှာဖို့ဆိုပြီး ထွက်သွားတာပဲ၊ ကျွန်မတို့သားအမိတတွေ ထမင်းမစားရတာ သုံးရက်ရှိပြီ. . .၊ ကျွန်မ ဖျား သည်းနေတယ်၊ ရေငတ်လိုက်တာရှင်၊ ရေလေးတစ်ခွက်ခပ်ပေးစမ်းပါ"ဟု ဆိုသဖြင့် မိုးသီးလည်း ကြမ်းပြင်ပေါ်တွင် တည်ထားသော သောက်ရေအိုး ဆီသို့ သွား၏။ သောက်ရေအိုးမှာ ဆေးကြောတိုက်ချွတ်ခြင်းမရှိသဖြင့် ရေညှိများ တက်ကာ ရေညှိအပင်များပင် ပေါက်နေပြီဖြစ်၏။ အိုးအတွင်း၌မူ ရေတစ်စက် မှမရှိပေ။ မိုးသီးသည် ထိုရေအိုးကို ရေတွင်းဆီသို့ ယူသွားပြီး လျှင် အနီးရှိ အုန်းခွံဖတ်၊ သဲတို့ဖြင့် တိုက်ချွတ်ဆေးကြောရလေ၏။ ထို့နောက် ၎င်း၏စိတ်၌

"သောက်ရေအိုး ဒီလောက်ဖြစ်နေတာ ကံတရားနဲ့မဆိုင်ဘူး၊ လူတ ညံ့ဖျင်းလို့ဖြစ်တာပါ. . .၊ ပျင်းတော့လည်း ဆင်းရဲတာပေါ့လေ. . ."ဟု တွေးလေ၏။

မိုးသီးသည် ရေအိုးကို တိုက်ချွတ်ပြီးနောက် ရေဖြည့်ကာ တဲဆီသို့ ယူလာ၏။ ထို့နောက် နေမကောင်းဖြစ်သော မိန်းမအား ရေတစ်ခွက် တိုက် လိုက်လေ၏။ ပြီးလျှင် မိုးသီးက-

"ဆေးမသောက်ဘူးလား. . ."ဟု မေးရာ ထိုမိန်းမက-

"ကိုဒါနင်သောက်ရင် ပျောက်ပါတယ်၊ ကိုဒါနင် တစ်ပြားတို ဆယ့်ငါးပြားပေးရတယ်၊ အဲဒီဆယ့်ငါးပြားမရှိလို့ မသောက်ရတာ. . ."ဟု ပြောလျှင် မိုးသီးက -



www.burmeseclassic.com

www.burmeseclassic.com



"ဆေးကို ရေနွေးနဲ့သောက်ရမယ်. . . "ဟုဆိုကာ မီးဖိုသို့ ဝင်လေ၏။ မီးဖိုတို ရေနွေးတည်ရန်အိုးကို ရှာ၏။ အိုးများမှာ ဆေးကြောထားခြင်းမရှိသဖြင့် မှိုများ တက်နေ၏။ ထို့ကြောင့် မိုးသီးသည် အိုးများကို ရေတွင်းသို့ယူကာ တိုက်ချွတ်ဆေးကြောရလေ၏။ ပြီးလျှင် သစ်ကိုင်းခြောက်များကောက်၍ မီးမွေးကာ ရေနွေးအိုးတည်ရလေ၏။

ထိုအချိန်၌ ငိုကြွေးရင် ငုတ်တုတ်အိပ်သွားသော ကလေးက နိုးလာပြီးလျှင် အော်၍ငိုလေတော့၏။ ပါးစပ်မှလည်း-

"ဆာတယ်. . . "ဟု အော်လေတော့၏။ မိုးသီးသည် ထိုကလေးကိုဆွဲ၍ချီပြီးလျှင် အနီးရှိကွမ်းယာဆိုင်သို့သွားကာ ကိုဒါနင်တစ်ပြားဝယ်လေ၏။ ထို့နောက် မုန့်ကြွပ်တစ်ချပ်ဝယ်ကာ ရေစိမ်၍ ကလေးကို ကျွေးရလေ၏။ ကလေးလည်း အဆာပြေသွားသောကြောင့် ငြိမ်သွားလေတော့၏။ ကလေးမှာ ရေမချိုးရသဖြင့် ညစ်ပတ်ပေရေနေ၏။ ထို့ကြောင့် ကလေးကို ရေတွင်းသို့ခေါ်သွားပြီးလျှင် ရေလောင်းချိုးပေးရလေ၏။ ဆပ်ပြာအကြမ်းလေးတစ်တုံးကို ဆပ်ပြားဖြင့်ဝယ်ကာ တစ်ကိုယ်လုံး ဆပ်ပြာတိုက်၍ ချေးချွတ်ပေးရလေ၏။ ရေချိုးပြီးလျှင် ကလေးအတော်ချမ်းသောအခါ တဲသို့ပြန်လာ၍ ကလေး၏ ကိုယ်မှ ရေများကို သုတ်ပေးရန် မျက်နှာသုတ်ပုဝါ ရှာဖွေရာ နေမကောင်း ဖြစ်နေသော မိန်းမက-

"မျက်နှာသုတ်ပုဝါမရှာနဲ့. . .၊ ဒီအိမ်မှာ မျက်နှာသုတ်ပုဝါမသုံးတာ ငါးနှစ်ရှိပြီ. . . "ဟု ပြောလေ၏။ ကလေးမှာ ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေ ၏။ ထိုမိန်းမ၏ ခြေရင်းတွေ့ရှိသော ထဘီစုတ်ဖြင့်ပင် ကလေးကိုသုတ်ပေးရတော့၏။ ပြီးလျှင် ရှာဖွေရာ ဟောင်းနွမ်းညစ်ပတ်နေ သောကလေးအကျီလေးနှစ်ထည်နှင့် မိန်းမအကျီတစ်ထည်တွေ့သဖြင့် မိုးသီးသည် ရေတွင်းသို့ ယူသွားပြီးလျှင် ဖြူစင်အောင် လျှော်ဖွပ်ပေးပြီးလျှင် ခြံစည်းရိုးတွင် လှမ်းပေး ထားလိုက်လေ၏။

ထိုအချိန်မှာပင် ရေနွေးပူသဖြင့် ကွမ်းယာဆိုင်မှ လက်ဖက်ခြောက်ဆယ်ပြားဖိုးဝယ်ကာ ရေနွေးအိုးတွင် ခတ်လိုက်ရ၏။ ထို့နောက် ထိုမိန်းမ၏ ကိုဒါနင်တစ်ပြားနှင့် ရေနွေးကို တိုက်လေ၏။ ထိုမိန်းမလည်း ဆေးနှင့်ရေနွေးကို သောက်ပြီးနောက် ချွေးများထွက်လာကာ နေကောင်းသွားလေတော့၏။ ထိုအခါ၌ -





"ညည့်သည်ကြီးရယ်. . .၊ ဆာလိုက်တာ မပြောနဲ့တော့၊ သေမတတ်ကို ဆာတာ. . . "ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးလည်း ကွမ်းယာဆိုင်သို့ ပြေးရလေ၏။ ကွမ်းယာဆိုင်မှ ကော်ဖီမှုန့်အကြမ်း တစ်မတ်ဖိုးနှင့် သကြားတစ်မတ်ဖိုး၊ မုန့်ကြွပ်နှစ်ချပ်ဝယ်ကာ ပြန်လာပြီးလျှင် ရေနွေးပူပူဖြင့် ကော်ဖီသကြားတို့ကို ထည့်ကာ ဖျော်ပြီးလျှင် ကော်ဖီကြမ်းပြုလုပ်ရလေ၏။ ထို့နောက် ထိုမိန်းမအား ကော်ဖီကြမ်းနှင့် မုန့်ကြွပ်ကို ကျွေးလိုက်လေ၏။ ထိုမိန်းမလည်း အငမ်းမရ စားသောက်လေ၏။ ကော်ဖီကြမ်းတစ်အိုးကိုသည်း အငမ်းမရ မော့ချလေတော့၏။

ထိုမိန်းမစားသောက်နေသည်ကိုကြည့်ပြီးလျှင် မိုးသီးလည်း ဒီတိဖြစ် ရလေ၏။ ထို့နောက် ၎င်း၏ခေါင်းတွင် 'ကိုပေါက်ဆိုတဲ့လူ ငါ့ဆီကငွေကို လိမ်တာ ဒါကြောင့်ကိုး၊ ငတ်နေတော့လည်း လိမ်မှာပေါ့လေ. . . 'ဟု တွေးလိုက် ရလေတော့၏။ ထိုအချိန်မှာပင် ကိုပေါက်ပြန်၍ရောက်လာလေ၏။ လက်ထဲတွင်လည်း မည်သည့်ဆန်မျှ ပါမလာပေ။ ကိုပေါက်သည် မိုးသီးကိုမြင်လျှင်-

"သြော်. . . ငါ့တူရောက်နေတာကိုး၊ မင်းဆီကို အုန်းသီးတွေတင်ပြီး သွင်းမလို့ပဲ၊ မိန်းမက နေကောင်းဖြစ်နေတော့ မအားဘူးကွ. . . "ဟု ပြောရာ မိုးသီးက -

"ခင်ဗျား ပါးစပ်ပိတ်ထားရင် ကောင်းမယ်၊ အခု လာတာ အကောင်း လာတာမဟုတ်ဘူး၊ ခင်ဗျားကို သတ်မလို့လာတာ၊ ဟောဒီမှာ ဓား. . . "ဟု ဆိုကာ ဓားကို ထုတ်ပြလိုက်လေ၏။ ထိုအခါ ကိုပေါက်သည် မျက်ရည်များ တတွေတွေကျလာလေတော့၏။

"ဒီမှာ ကိုပေါက်. . .၊ မလိမ်ရဘူး မဟုတ်ပါဘူးဗျာ၊ လိမ်ရပါတယ်၊ ဒါပေမဲ့ ချမ်းသာတဲ့လူကိုလိမ်တာတော့ အကြောင်းမဟုတ်ဘူး၊ ဆင်းရဲတဲ့လူချင်း လိမ်တာဟာ ယုတ်မာလွန်းတယ်ဗျာ. . .၊ အုန်းသီးလည်း မပို့နဲ့တော့၊ ခင်ဗျား ပို့နိုင်မှာလည်း မဟုတ်ပါဘူး၊ အဲဒီအကြွေးကြောင့် နောင်ဘဝကျရင် ကျွန်တော့ အိမ်မှာ နွားလာဖြစ်ချေ"ဟု ဆိုကာ မိုးသီးသည် ကိုပေါက်၏ပါးကို ဓားအား လွှဲ၍ နှစ်ချက်ဆင့်ရိုက်ချလိုက်လေ၏။ ကိုပေါက်သည် ခေါင်းမပြုပဲ ငြိမ်၍သာ နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သောက်ရေအိုးတောင် ရေပြည့်အောင်မဖြည့်နိုင်တဲ့ ယောက်ျားဖျင်း ယောက်ျားညံ့. . ."ဟုဆိုကာ မျက်နှာကို လက်သီးဖြင့် တစ်ချက်ဆက်၍ ထိုးလိုက်လေ၏။ ထို့နောက် မိုးသီးသည် ထိုအိမ်မှ ထွက်လာခဲ့လေတော့၏။ ပြီးလျှင် ရန်ကုန်သို့ နှစ်ချက်ထိုးတွင် ထွက်မည့်သင်္ဘောဖြင့် လိုက်ပါလာခဲ့လေတော့သတည်း။

* * * * *

**ဗေဒင်လက္ခဏာဟောသည်**

**မင်းသိခ် ရန်ကုန်**

"ဆရာမိုးသီးက နာမည်တပ်ထားတော့ မင်းသိခ်လို့ တပ်ထားတယ်နော်၊ မဟုတ်မှလွဲရော. . .၊
ပဋ္ဌပွတ်၊ ဆပွတ်၊ အညွှန့်တွေနဲ့ပေးထားတာ ထင်တယ်. . .၊
အဲဒါ ဆိုရင်တော့ ဆရာမိုးသီးဟာ တနင်္ဂနွေသားဖြစ် လိမ့်မယ်"
ဟု ပြောလေ၏။





## အခန်း (၅၈)

**မိုးသီးလက္ခဏာဆရာဖြစ်ပြီ...**

တစ်နေ့တွင် မိုးသီးသည် ရွှေတိဂုံဘုရားသို့ တက်၍ ပုတီးစိပ်၏။ ည(၈)နာရီထိုးမှပင် အိမ်သို့ပြန်ရောက်လာ၏။ မိုးသီး၏မိဘများ နေထိုင်သော အဆောက်အဦးမှာ အပေါ်(၄)ခန်း၊ အောက်(၄)ခန်းရှိသော (၈)ခန်းတွဲတန်းလျားဖြစ်၏။ မိုးသီး၏မိဘနှစ်ပါးအပါအဝင် အခန်းရှိလူများသည် အခန်းရှေ့များတွင်ထိုင်ကာ စုရုံးစုရုံး စကားပြောနေကြလေ၏။ မိုးသီး၏ ဖခင်သည် မိုးသီးအား မြင်သောအခါ စာရွက်တစ်ရွက်ကို မိုးသီးလက်တွင်းသို့ ပေးလိုက်လေ၏။

မိုးသီးသည် ထိုစာရွက်ယူ၍ကြည့်လိုက်ရာ ရှေ့နေမှတစ်ဆင့် ထိုတိုက်ခန်းများတွင် ငှားရမ်းနေသောသူများအား (၂၁)ရက်အတွင်း တိုက်ခန်းမှ ဆင်းပေးရန်၊ ထိုသို့ မဆင်းပေးပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ရေးထားကာ နိုးတစ်စာဖြစ်၏။ တိုက်ခန်းငှားရမ်းနေထိုင်ကြသောသူများသည် ထိုကိစ္စအတွက် အချင်းချင်းခေါင်းချင်းဆိုင်၍ ဆွေးနွေးနေကြ၏။ ထိုသူအားလုံးသည် ထိုတိုက်ခန်းမှ ဆင်းပေးရလျှင် နေစရာဟူ၍ သုံးဝမရှိပေ။ ထိုတိုက်ခန်းများတွင် နေထိုင်သူများမှာ စစ်ကြိုခေတ်ကပင် နေထိုင်လာသူများ ဖြစ်ကြ၏။

မိုးသီးသည် ထိုနိုးတစ်စာကိုဖတ်ပြီးနောက်-

"အိမ်ရှင်ကနေ ရှေ့နေကတစ်ဆင့်ပေးတဲ့ နိုးတစ်စာပါ အဖေရေ၊ ဒါက ချက်ချင်းလည်း မဆင်းရသေးပါဘူး၊ ရုံးမှာတရားဆိုင်ရဦးမယ်၊ နာဝတ် မှုလည်းမဟုတ်ဘူး၊ တရားမမှုဆိုတော့ ကြာဦးမှာပါ. . ."ဟု မိုးသီးကပြောလျှင် မိုးသီးဖခင်သည် လွန်စွာ စိတ်ဆိုး၍သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေပြောနေတာလဲ မိုးသီး၊ ကြာတာတွေ မြန်တာတွေထား နောက်ဆုံးမှာတော့ တို့ပဲရှုံးမှာပဲလေကွာ၊ ရှုံးရင်ဘယ်မှာ သွားနေမလဲ၊ တို့မှာ နေစရာမရှိဘူး၊ အမှုဖြစ်တယ်ဆိုကတည်းက သူ့မှာရှေ့နေရှိတယ်၊ တို့မှာ ရှေ့နေမရှိဘူး၊ ဒါတွေ မစဉ်းစားဘဲ အရမ်းမပြောနဲ့ကွ၊ ငါတို့မှာက အခု အချိန်မှာ ငယ်ထိပ်ကို မြွေပေါက်ခံနေရတဲ့ အချိန်ကွ. . . "ဟု ပြောလေ၏။

မိုးသီးသည် နောက်တစ်နေ့နံနက်စောစော အိပ်ရာမှထ၍ မအူကုန်း ရှိ ဆရာကိုနောင်ဘီ၏အိမ်သို့ သွားလေ၏။ ဆရာကိုနောင်ဘီနှင့် တွေ့လျှင် အကျိုးအကြောင်း ပြောပြရာ ဆရာကိုနောင်ဘီက-

"ဒီလိုလုပ်ကွာ. . .၊ မင်းအဖေကျေနပ်အောင်တော့ ရှေ့နေတစ် ယောက် အမြန်ဆုံးငှားပေးဖို့ လိုတယ်၊ အဲဒီလို ငှားပေးဖို့ကလည်း မင်းမှာတ ငွေမရှိဘူး၊ မလွှကုန်းမီးရထားဝင်းထဲမှာ မောင်ဆန်းဝင်းဆိုတဲ့ သူငယ်လေး တစ်ယောက်ရှိတယ်၊ သူက ဥပဒေဘွဲ့ရပြီး ရှေ့နေကြီးတစ်ယောက်ဆီမှာ ချိန်ဘာဆင်းပြီး ရှေ့နေလိုက်ဖို့ လိုင်စင်ရသွားပြီ၊

သူ့ကို မင်းနဲ့မိတ်ဆက်ပေးမယ်၊ မင်းက အကျိုးအကြောင်းပြောပြီး သူ့ကိုပဲ လိုက်ခိုင်းရမယ်၊ လောလောဆယ်တော့ တစ်ပြားမှမရှိလို့ မပေးနိုင် သေးတဲ့အကြောင်း ပြောပြရမယ်၊ ဒါပေမဲ့ အားလုံးကို စာရင်းနဲ့မှတ်ထားပါ၊ အကျေအလည်ပြန်ပြီးဆပ်ပါ့မယ်လို့ ကတိပေးရမယ်. . . "ဟု ပြောကာ ကိုနောင်ဘီသည် ရှေ့နေပေါက်စ မောင်ဆန်းဝင်းကို သွား၍ခေါ်ပြီးလျှင် မိုးသီးနှင့် မိတ်ဆက်ပေးလေ၏။ မိုးသီးသည် ကိုဆန်းဝင်းအား အကျိုး အကြောင်း ရှင်းပြလေ၏။ ၎င်းမောင်ဆန်းဝင်းကလည်း လောလောဆယ် အားဖြင့် အခမဲ့ ရှေ့နေလိုက်ပေးမည်ဖြစ်ကြောင်း၊ ရှေ့နေလိုက်ခတို့ နောင်တွင် ပေးဆပ်ရမည် ဖြစ်ကြောင်း ပြောဆိုလေ၏။

ထို့နောက် မောင်ဆန်းဝင်းသည် မိုးသီးတို့အိမ်သို့ လိုက်လာပြီးလျှင် မိုးသီး၏ ဖခင်နှင့်တွေ့ဆုံလေ၏။ ၎င်းမောင်ဆန်းဝင်းသည် မိုးသီး၏ ဖခင်အား ၎င်းသည် ရှေ့နေတစ်ဦးဖြစ်ကြောင်း အထောက်အထား တတ်ပြားများကို ထုတ်ပြလေ၏။ ထိုသို့ပြပြီးလျှင် အိမ်ရှင်မှပေးသော နိုးတစ်စာကို တောင်းယူကြည့်ကာ ကူးယူလေ၏။ ထိုသို့ ကူးပြီးနောက်-

"ဘာမှမပူပါနဲ့ ဦးလေး. . .၊ ဒီအမှုကို ကျွန်တော် လိုက်ပါ့မယ်"ဟု ရဲရဲဝံ့ဝံ့ပြောလေ၏။ မိုးသီး၏ဖခင်သည် ကျေနပ်သွားလေ၏။ ထို့နောက် မောင်ဆန်းဝင်းသည် ထိုနိုးတစ်စာကို တရားခွင်တွင် ဖြေရှင်းမည်





ဖြစ်ကြောင်း ပြန်ကြားလိုက်လေတော့၏။

ညနေပိုင်းသို့ရောက်သောအခါ မိုးသီးသည် ကိုနောင်ဘီနှင့်သွား ရောက်တွေ့ဆုံပြန်၏။

"ဘယ်လိုလဲ မောင်မိုးသီး၊ အဆင်ပြေသွားပြီလား"ဟု ကိုနောင်ဘီ က မိုးသီးအား မေးလေ၏။

"အဆင်ပြေသွားပါပြီ၊ ကျွန်တော့်အဖေ ထမင်းမစားဘူး၊ မောင်ဆန်းဝင်း နဲ့ပြောပြီးမှပဲ ထမင်းစားတော့တယ်၊ နိုးတစ်စာရတဲ့အချိန်က စပြီး အိပ်လည်း မအိပ်ဘူး၊ အခုတော့ အိပ်ပါပြီ"ဟု မိုးသီးက ပြောလိုက်လျှင် ကိုနောင်ဘီက-

"ဒီမှာ မောင်မိုးသီး၊ မင်းတို့မိသားစုအခြေအနေဟာ အတော့်ကို ဆိုးဝါးနေပြီ၊ အတော့်ကို ဆင်းရဲနေပြီ၊ အဲဒီဆင်းရဲတွင်းကလွတ်အောင် မင်းက ကြိုးစားရမှာ၊ ပေါ့ပေါ့နေလို့ မဖြစ်တော့ဘူး၊ အလုပ်လုပ်ရမယ်၊ ငွေရှာရမယ်၊ ငွေရှိမှ မင်းမိသားစုကို မင်းကယ်နိုင်မှာ. . . "ဟု ပြောလေ၏။

"ကျွန်တော်လည်း အဲဒီလို သဘောပေါက်ပါတယ် ကိုနောင်ဘီရယ်၊ ဒါကြောင့် ထောင်ကလွတ်လာပြီး နောက်တစ်နေ့မှာပဲ ဈေးတွေဘာတွေရောင်း ပြီး အိမ်ကို ထောက်ပံ့ပါတယ်"ဟု မိုးသီးက ပြောလိုက်လျှင် ကိုနောင်ဘီက-

"ငါကြားပါတယ်ကွ၊ ပလက်ဖောင်းပေါ်မှာ ဒူးရင်းသီးတွေ ဘာတွေ ချပြီးရောင်းတယ်လို့ ငါကြားတယ်၊ မိဘကို အဲဒီလို ရှာကျွေးတာ သာဓုကွာ၊ ဒါပေမဲ့ မင်းဟာ ဈေးရောင်းရမယ့် လူမဟုတ်ဘူးကွ၊ ဂမ္ဘီရအတတ်နဲ့ စီးပွားရှာ ရမှာကွ. . .၊ ဈေးရောင်းတာဟာ မင်းလုပ်ရမယ့်အလုပ် မဟုတ် ဘူး၊ အဲဒီ အလုပ်ဟာ မင်းကို ထွက်ပေါက်မပေးနိုင်ဘူး၊ မင်းနဲ့မဆိုင်တဲ့ အလုပ်ကို လုပ်တဲ့အတွက် နောက်ဆုံးမှာ ထွက်ပေါက်ပိတ်သွားမှာပဲ"ဟု ပြောလေ၏။

"ဟုတ်တယ် ခင်ဗျ. . .၊ အတော်လေးဟန်ကျလာပြီးမှ လူလိမ်ခံရ လို့ အရင်းပါပြုတ်သွားပြီ ထွက်ပေါက်ပိတ်သွားတာ"ဟု အစချီကာ ၎င်း၏ အဖြစ်အပျက်ကို ကိုနောင်ဘီအား ပြောပြလေ၏။

"အဲဒါကြည့်ပေတော့ မောင်မိုးသီးရေ. . .၊ မင်းနဲ့မဆိုင်တဲ့အလုပ် ကို လုပ်လို့ သက်ဆိုင်ရာက အဲဒါကိုသိမ်းပစ်ဖို့ လူလိမ်တစ်ယောက် လွှတ် လိုက်တာ. . .၊ မင်းဂမ္ဘီရအလုပ်နဲ့ ငွေရအောင် မလုပ်တတ်သေးလို့

www.burmeseclassic.com



လုပ်တတ် အောင်ဆိုပြီး ရှေ့နေကနေတစ်ဆင့် နိုးတစ်စာ ပို့လိုက်တာ ဆရာရေ. . .၊ အဲဒီနိုးတစ်စာဟာ မင်းမိဘနဲ့လည်းမဆိုင်ဘူး၊ ကျန်တဲ့အခန်းက လူတွေနဲ့လည်း မဆိုင်ဘူး၊ မင်းနဲ့ပဲဆိုင်တာ. . .၊ ဂမ္ဘီရအလုပ် လုပ်ပါတော့လို့ မင်းကို နိုးတစ်စာ ပေးတာ. . .”ဟု ကိုနောင်ဘီက မိုးသီးအား ပြောပြလေ၏။

“ကျွန်တော် ဂမ္ဘီရအလုပ်နဲ့ ဘယ်လိုငွေရှာရမလဲ၊ ကျွန်တော်ဖြင့် မပြောတတ်ဘူး”ဟု မိုးသီးကပြောလျှင် ကိုနောင်ဘီက ပြုံး၍ -

“လက္ခဏာပညာတို့၊ ဗေဒင်ပညာတို့ဆိုတာ ဂမ္ဘီရပညာရဲ့ အခက်အလက်တွေမဟုတ်လား၊ လူစည်ကားတဲ့နေရာကိုရှာပြီး မင်းလက္ခဏာဗေဒင် ဟောရမယ်ကွ၊ အဲဒါလေးစလိုက်ရင် မင်းဘဝ ပွင့်သွားလိမ့်မယ်၊ မင်းပတ်သတ်တဲ့ ပုဂ္ဂိုလ်တွေကလည်း ကူညီမစလိမ့်မယ်. . .”ဟု ပြောလေ၏။ မိုးသီးသည် ကိုနောင်ဘီပြောသော အကြောင်းအရာကို အလေးအနက် စဉ်းစားလေ၏။ ထို့နောက် ခေါင်းမှလက်ခံသွားလေတော့၏။ ထိုသို့လက်ခံသွားပြီဆိုလျှင်ပင် နောက်တစ်နေ့၌ လွယ်အိတ်ထဲတွင် အင်္ကျီတစ်ထည်၊ လုံချည်တစ်ထည်၊ ဗလာစာအုပ်တစ်အုပ်ထည့်ကာ ဗျိုင်းရေအိုးစင်ရှိ သံစည်ပိုင်းများရောင်းသော ကိုလှမောင်ဆိုသူထံမှ ငွေ ၅၀ ချေးယူကာ တောင်ကြီးမြို့သို့ တက်သွားလေတော့၏။

တောင်ကြီးမြို့သို့ရောက်လျှင် ၎င်းနှင့်ညီအရင်းပမာ ခင်မင်သော တင်အောင်လွင်ဆိုသူကို ရှာဖွေလေ၏။ ၎င်းတင်အောင်လွင်ကို တောင်ကြီးဈေးအနီးတွင် တွေ့ရလေ၏။ ၎င်းတင်အောင်လွင်သည် ဈေးအနီးတွင်ရှိသော အဆောက်အဦးတစ်ခု၏ အရိပ်တွင် လက္ခဏာဟောခြင်းဖြင့် အသက်မွေးနေ၏။ တင်အောင်လွင်သည် ၎င်းကို တွေ့လျှင်တွေ့ချင်း-

“အစ်ကို ဘယ်တုန်းက ရောက်သလဲ. . .”ဟု မေးလေ၏။

“ဒါ အခုပဲ ရောက်တယ်ကွ. . .”ဟု မိုးသီးက ပြန်၍ဖြေလျှင် တင်အောင်လွင်က-

“ကျွန်တော်လည်း ဒီရောက်တော့ ဘာမှလုပ်စရာမရှိတာနဲ့ ရန်ကုန် ၈ မိုင်ဘုန်းကြီးကျောင်းတုန်းက အစ်ကိုရောက်လာတုန်းက သင်ပြပေးတဲ့ လက္ခဏာပညာလေးရယ်၊ ဗေဒင်ပညာလေးရယ်ကို ပြန်နွှေးပြီး လက္ခဏာဗေဒင် ဟောစားနေတယ်”ဟု ပြောလေ၏။





မိုးသီးသည် တင်အောင်လွင်၏ စကားကြောင့် လွန်စွာ အားရှိ၍ သွားလေ၏။ ၎င်းသင်ပြပေးသော တင်အောင်လွင်ပင် ထိုပညာဖြင့် ရပ်တည်၍ ရသည်ဆိုလျှင် ၎င်းအနေနှင့် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရလေ၏။

“ငါလည်း ဘာမှလုပ်စရာမရှိဘူး. . .၊ အဲဒီ အလုပ်ပဲ လုပ်စားရမှာ” ဟု ပြောလိုက်လျှင် တင်အောင်လွင်က-

“ဟောဟိုရှေ့ သမဆိုင်ရှေ့မှာ အရိပ်ရတယ် အစ်ကို. . .၊ အဲဒီမှာ ထိုင်ပြီးတော့ ဟောပေတော့. . .၊ ကျွန်တော်ကတော့ ဒီမှာ မဟောတော့ဘူး၊ တာချီလိတ်ကို သွားတော့မယ်. . .၊ ဟိုမှာ ပိုပြီးအလုပ်ဖြစ်လိမ့်မယ်. . .”ဟု ပြောလေ၏။

“အဲဒါ အရေးမကြီးဘူးကွ. . .၊ လောလောဆယ် အိပ်ဖို့နေရာမရှိဘူးကွ. . .”ဟု ပြောလိုက်ရာ တင်အောင်လွင်က-

“ကျွန်တော် အခုနေတဲ့ ဘုန်းကြီးကျောင်းက စပ်စုံထွန်း ဆေးရုံနောက်က ပအို့ဝ်ရွာထဲမှာ အစ်ကိုရဲ့. . .၊ အဲဒီမှာက ဘုန်းကြီးတစ်ပါးတည်းရှိတယ်၊ အဲဒီဘုန်းကြီးလည်း အစ်ကို့ကို တွေ့ဖူးတယ်၊ အရင် ၈ မိုင်ကပဲ၊ ကျွန်တော်နဲ့လိုက်ခဲ့. .၊ အဲဒီကျောင်းမှာ နေခွင့်တောင်းပြီးနေတယ် အစ်ကိုရယ်. . .”ဟု ဆိုကာ တင်အောင်လွင်သည် ၎င်းနေသော ဘုန်းကြီးကျောင်းသို့ ခေါ်သွားလေ၏။ ၎င်းဘုန်းကြီးလည်း မိုးသီးကို မြင်ဖူးတွေ့ဖူးသည်ဖြစ်ရာ ဆွမ်းစား ကျောင်းတွင် အိပ်ခွင့်နေခွင့်ပေးလိုက်လေ၏။

မိုးသီးအဖို့ အိပ်စရာ၊ နေစရာ ရသွားပြီဖြစ်၏။ တောင်ကြီးမြို့မှာ လွန်စွာ ချမ်းအေးလှသည်ဖြစ်ရာ ညအခါများတွင် ထင်းတုံးကြီးတစ်တုံးကို မီးစိုက်၍ မီးပုံဘေးတွင် အိပ်ရလေ၏။ တင်အောင်လွင်သည် တာချီလိတ်သို့ ထွက်သွားပြီဖြစ်၏။ မိုးသီးသည် တောင်ကြီးဈေးအနီးမှ သမဝါယမဆိုင် ရှေ့ရှိ စကြံန်တွင် ဗေဒင်လက္ခဏာဟောရန် ထွက်လာခဲ့လေ၏။ ဆိုင်းဘုတ် မရှိသဖြင့် ကတ်ပြားတစ်ချပ်ကိုရှာကာ

ဗေဒင်လက္ခဏာဟောသည်

ရန်ကုန် မင်းသိမ်



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စာကို ဖောင်တိန်ဖြင့်ရေးကာ အနီးရှိတိုင်တွင် ချိတ်ဆွဲထား လိုက်လေ၏။ ဗေဒင်ဟောရန်စားပွဲမရှိသဖြင့် ဆပ်ပြာ ရောင်းသောဆိုင်မှ ဆပ်ပြာထည့်သော ထင်းရှူးပုံးအလွတ်တစ်လုံးကိုယူကာ အပေါ်မှ သတင်းစာခင်းကာ ဗေဒင်စားပွဲလုပ်ရလေ၏။

ပထမဦးဆုံး ဗေဒင်လက္ခဏာပေးရန် ရောက်လာသောသူမှာ တောင်ကြီးမြို့သို့ အလည်အပတ်ရောက်ရှိနေသော နိုင်ငံခြားသားတိုးရစ်တစ်ဦး ပင်ဖြစ်၏။ မိုးသီးသည် အင်္ဂလိပ်စကားကို ကောင်းစွာပြောတတ်သည်ဖြစ်ရာ ၎င်းနိုင်ငံခြားသားအား အင်္ဂလိပ်စကားနှင့်ပင် ဟောပြောပေးလိုက်ရာ ၎င်း နိုင်ငံခြားသားမှာ လွန်စွာသဘောကျလေ၏။ အနီးအနားတွင် ဈေးဆိုင်များ မှလည်း မိုးသီးအကြောင်းကို တီးတိုးပြောကြကုန်၏။

"ဒီဗေဒင်ဆရာက ကြည့်တော့ ခပ်စုတ်စုတ်နဲ့ မဆိုးဘူးကွ…။ အင်္ဂလိပ်စကား ကောင်းကောင်း ပြောတတ်သားပဲ"ဟု ပြောကြကုန်၏။ ၎င်း တို့ကပင် ကြော်ငြာပေးကြကုန်၏။

ဒုတိယကြည့်သူမှာ တောင်ကြီးမြို့ရှိ ဗန္ဓုလရုပ်ရှင်ရုံမှ ဦးအေးဆိုသူ ဖြစ်၏။ ၎င်းသည် သားနားစွာဝတ်ဆင်ထား၏။ တိုက်ပုံအင်္ကျီပေါ်တွင် ရုပ်ရှင် ဝန်ထမ်းများတပ်လေ့ရှိသော ရင်ထိုးတံဆိပ်ကို တပ်ထား၏။ ၎င်းရင် ထိုး တံဆိပ်မှာ အကယ်ဒမီရွှေစင် ရုပ်တုပုံဖြစ်၏။ မိုးသီးက ၎င်းဦးအေးအား

"မိတ်ဆွေကြီးဟာ အနုပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းတစ်ခုမှာ အလုပ် လုပ်တယ်…"ဟု ပြောလိုက်လျှင် ၎င်းဦးအေးသည် လွန်စွာ သဘောကျ သွားသည်ဖြစ်၏။

"တော်တယ်ဗျာ…၊ ကျုပ် လက်ဝါးကိုကြည့်ပြီး ကျုပ်ဘယ်မှာလုပ် တယ်ဆိုတာကိုပြောတာကိုး၊ ကျုပ်က ဟောဟိုဗန္ဓုလ-ရုပ်ရှင်ရုံမှာ မန်နေဂျာ လုပ်တယ်"ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ဒီမှာ မိတ်ဆွေကြီး …၊ လက်ဝါးကိုကြည့်ပြီး ပြောနိုင်တာမဟုတ် ဘူး၊ ဒါကလေးလည်း တွေ့တယ်လေဗျာ"ဟု ပြောဆိုကာ ရင်ထိုးတံဆိပ်ကို ပြလိုက်လေ၏။ ထိုအခါ ဦးအေးက-

"မျက်စိကလည်း ရှင်ပဲ့ဗျာ…၊ ဒါလည်းတော်တာပဲပေ့ါဗျာ…" ဟု ဆိုကာ ချီးကျူးပြန်လေ၏။ ထိုအချိန်မှစ၍ ဦးအေးနှင့် မိုးသီးတို့သည် လွန်စွာ ခင်မင်သွားကြ လေတော့သတည်း…။





# အခန်း (၅၉)

## မိုးသီးနှင့် ဗွာရစတ်ဓေဝီ

မိုးသီးသည် တောင်ကြီးဈေးထောင့်ရှိ သမဝါယမဆိုင် ပလက် ဖောင်းလေးပေါ်တွင် လက္ခဏာဗေဒင် ဟောပြောလျက်ရှိလေ၏။ ထိုသို့ ဟောပြော နေစဉ်အတွင်း တောင်ကြီးအတက် 'မြေဖြူ'ရွာမှ ပအို့ဝ် အမျိုးသားတစ်ဦးမှ ရတနာဒီပံဖဲယောင်းတိုင် ထွန်းလိုသည်။ လုပ်တတ်လျှင် လုပ်ပေးပါဟုပြော လေ၏။ မိုးသီးသည် ဖျားဖယောင်းဝယ်၍ ရတနာဒီပံ ယောင်းတိုင် လုပ်ပေး ပြီးလျှင် ထိုပအို့ဝ်အမျိုးသား၏ အိမ်သို့သွားရောက်၍ ထွန်းပေးလေ၏။ ထို ပအို့ဝ်အမျိုးသားလည်း ပိတ်ဖြူ ၅ တောင်၊ ငွေ ၁၀၈ ကျပ် ပူဇော်လေ၏။

မိုးသီးသည် ထိုပိတ်ဖြူ ၅ တောင်ကို ရုပ်ရှင်ရုံမှ ပန်းချီဆရာထံ သွား၍ ၎င်း၏နာမည်ကို ရေးခိုင်းလေ၏။ နာမည်ပေါ်တွင်-

'ပညာရှိနှင့် မညှိမဆ၊ ပြုသမျှကား၊
မလှစီးပွား၊ ရေနစ်ဆား'

ဟု ရေးလေ၏။ ထိုစာမှာ မာဃဒေဝလင်္ကာမှ မန်လည်ဆရာတော်ဘုရား၏ စာဖြစ်၏။ ထိုစာအောက်တွင် 'မင်းသိခ်'ဟု ရေးထား၏။

ထိုဆိုင်းဘုတ်ကို ချိတ်လိုက်သောအခါ လူပို၍ ရလေ၏။ များမကြာမီ ပအို့ဝ်အမျိုးသားတစ်ဦး ထပ်မံရောက်ရှိလာပြီးလျှင် ရတနာဒီပံထွန်းလိုပါ သည်ဟု ပြောပြန်လေ၏။ မိုးသီးလည်း ဖျားဖယောင်းဝယ်၍ ရတနာဒီပံ ယောင်းတိုင်တစ်တိုင် ထပ်မံလုပ်ရပြန်၏။ ပြီးလျှင် အိမ်သို့ကိုယ်တိုင် ကိုယ်ကျ လိုက်လံ၍ ထွန်းပေးရပြန်လေ၏။ ထိုသို့ထွန်းပေးသောကြောင့် ပိတ်ဖြူ ၅ တောင်နှင့် ငွေ ၁၀၈ ကျပ် ပူဇော်ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပိတ်ဖြူ ၅ တောင်ကိုလည်း ပန်းချီဆရာထံ ယူသွားပြီးလျှင် စာများကို ရေးခိုင်းပြန်လေ၏။ ရေခိုင်းသော စာများမှာ-

*'ဆင်အရေနှင့်ကျန်းဘောက်စရာမရှိအောင်*
*မွဲချင်တိုင်းမွဲချမ်းပါစေ၊သင်၏လက်ဝါးပေါ်တွင်ငါးရုပ်၊စေတီပုံ၊*
*အလံပုံ၊ခက်ရင်းခွဆိုသည့်အမှတ်အသားလေးတစ်ခုတွေ့လျှင်*
*သင်ဘယ်နေ့ဘယ်ရက်ချမ်းသာမည်ကိုအတိအကျဟောပေးလိုက်မည်'*

ဟူသော စမ်းနှင့်အတူ -

*'မေဒင်ခေတ်နောက်ပျားပေါက်ပွားကြဆရာအဆူဆူ*
*ယောကျ်ားကငါတလူ့ဇမ္ဗူတွင်ရှာစမ်း'*

ဟူသော စာတမ်းကိုလည်း ရေးထည့်ထားလိုက်လေ၏။ ထိုစာမှာ လယ်တီဆရာတော်ဘုရား၏ စာဖြစ်၏။ လယ်တီဆရာတော်ဘုရား၏ စာချိုးကို အနည်းငယ်ပြင်၍ ရေးသားခြင်းဖြစ်၏။

လယ်တီဆရာတော်ဘုရား၏ မူရင်းစာမှာ 'သာသနာနောက်ပျား ပေါက်ပွားကြ ဆရာအဆူဆူ၊ ယောကျ်ားက ငါတလူ၊ ဇမ္ဗူတွင်ရှာစမ်း'ဟူ၍ ဖြစ်၏။ ဤစာကို အနည်းငယ်ပြင်ဆင်၍ သုံးထားခြင်းဖြစ်၏။

ထိုပိတ်စနှစ်ခုကို မိုးသီးသည် တွဲ၍ချုပ်လိုက်လေ၏။ ထို့ကြောင့် ရင်းဗေဒင်ဟောနေသည်ကို အပြင်မှ ကြည့်လျှင် မမြင်ရတော့ပေ။

ထိုဆိုင်းဘုတ်များ ချိတ်ပြီးသောအခါ၌ မိုးသီး၏ဆိုင်တွင် လူပိုမို များလာလေ၏။ အချို့ကလည်း လက်ဝါးထိုးပေးပြီးလျှင်-

"ကျွန်တော့်လက်မှာ စေတီပါသလား၊ ငါးရုပ်ပါသလား' ဟု မေးကြ၏။ မိုးသီးကလည်း လက်ဝါးပေါ်တွင် ပေါင်ဒါမှုန့်ဖြူး၍ရှာပေးပြီးလျှင်-

"ဟောဒါ ငါးရုပ်ပဲ၊ ဟောဒါ စေတီပုံပဲ၊ ဟောဒါ ခက်ရင်းခွပဲ၊ ဟောဒါ အလံပဲ. . . "ဟု ရှင်းပြလေ၏။ ပြီးလျှင်-





"အဲဒါပါတဲ့အတွက် ခင်ဗျား ဘယ်နှစ်မှာ ချမ်းသာမယ်"ဟု အတိအကျ ဟောပေးလိုက်လေ၏။ ထို့ကြောင့် မိုးသီး၏ဆိုင်တွင် လူများ ကြိတ်ကြိတ်တိုး၍ နေလေတော့၏။

တစ်နေ့တွင် မိုးသီး၏ဆရာ ကိုနောင်ဘီ ရောက်လာလေ၏။ မိုးသီး၏ ဆိုင်ကိုကြည့်၍ လွန်စွာသဘောကျနေလေ၏။ လူရှင်းသောအခါ ဆိုင်တွင်းသို့ ဝင်လာပြီးလျှင် -

"ဘယ်လိုလဲ မောင်မိုးသီးရဲ့. . .၊ လယ်တီစာတွေ၊ မန်လည်စာတွေနဲ့ အတော့်ကိုဟန်ကျနေပါလား၊ အပေါ်ကစာက မန်လည်စာကွ၊ အောက်စာက လယ်တီဆရာတော်ဘုရားရဲ့စာကွ၊ ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်မှာ ကြေးလင်ပန်းကြီး ကောင်းကင်ကိုလွှတ်တင်ပြီး အဲဒီစာက ပျော်ဘွယ်ဆရာသက်ကြီးကို ခဲတံနဲ့ရေးပေးလိုက်တဲ့စာ၊ 'ပဲရေ့'ကုမ္ပဏီကရိုက်တဲ့ ဆရာတော်ရဲ့ ထေရုပ္ပတ္တိမှာ အဲဒီစာ ပါတယ်ကွ. . .၊ အပေါ်က မန်လည်စာက ပညာရှိနဲ့ မတိုင်ပင်ဘဲ အလုပ်လုပ်ရင် ဆားလှေကြီး ရေနစ်သလိုပဲ၊ အဖတ်ဆည်လို့ မရဘဲရှိလိမ့်မယ်လို့ ရေးထားတာကွ. . .၊ အဲဒါက ဗဟုသုတပုလဲကုံးလို့ခေါ်တဲ့ မာဃဒေဝလင်္ကာသစ်မှာ ပါတာ၊ အဲဒီခေတ်မှာက 'ဆင်မှာ ဆင်ကြိုး၊ ကြက်ကြိုး ကြက်မှာ သင့်နံစွာ'ဆိုတဲ့ စာလည်းပါတယ်ကွ၊ ဆင်ချည်တဲ့ကြိုးကို နိုင်တယ် ဆိုပြီး ကြက်မှာမချည်နဲ့၊ ကြက်ကျတော့ လွတ်သွားလိမ့်မယ်တဲ့. . .၊

အလွန်အဖိုးတန်တဲ့ စာတွေပေါ့ကွာ. . .၊ အဲဒါတွေကို မင်းတသူပြီး သုံးထားတော့ မြင်တဲ့လူတွေက သိပ်ပြီးသဘောကျတာပေါ့၊ ပြီးတော့ လူတိုင်း က ချမ်းသာချင်တယ်ကွ၊ သူတို့လက်မှာ ငါးပုံပါရင်၊ စေတီပုံပါရင်၊ အလံပုံ ပါရင်၊ ခက်ရင်းခွပုံပါရင် ချမ်းသာလိမ့်မယ်ဆိုတော့ မင်းကိုလာပြီး သက်တွေ ပြကြတာပေါ့၊

အဲဒီအခါမှာ မင်းက လက်ဝါးတွေပေါ်မှာ ပေါင်ဒါမှုန့်ဖြူးပြီး အဲဒီ အမှတ်အသားတွေ ရှာပေးတာပေါ့၊ အမှန်ကတော့ သူတို့ လက်ကိုမကြည့်ဘဲနဲ့တို ပါမယ် မပါဘူး မင်းက ကြိုပြီးပြောနိုင်ရမယ်၊ အဲဒါမှ မင်းကို ပိုပြီး အမှတ်ပေးမှာပေါ့. . . "ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

"ဘယ်လိုလုပ်ပြောနိုင်မှာလဲ အစ်ကိုနောင်ဘီရယ်"ဟု ပြန်၍ပြော လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောနိုင်တာပေါ့ ငါလူရာ. . .၊ သူတို့ရဲ့အင်္ဂလိပ် မွေးခု၊ မွေးလ၊ မွေးရက်ကိုကြည့်ပြီး အဲဒီအမှတ်အသားတွေ ပါမယ် မပါဘူး၊ မင်းအနေနဲ့ ခန့်မှန်းလို့ရတာပေါ့. . .၊ ဥပမာကွာ သူရဲ့မွေးရက်မှာ (၂)ဂဏန်းပါတယ် ဆိုပါစို့၊ သူရဲ့လက်ဝါးက လမ်းကြောင်းတွေဟာ ခက်ရင်းခွတွေဖြစ်ဖို့ သေချာတာပေါ့၊ ပြီးတော့ သူရဲ့မွေးရက်ဟာ (၃)ဂဏန်းတွေဖြစ်နေရင် ကြိုဂံ၊ ကျွန်းတွေ၊ အလံတွေ ပါတတ်တာပေါ့. . .၊ နောက်တစ်ခုက သူရဲ့ မွေးရပ်ဟာ (၅)ဂဏန်းတွေဖြစ်နေရင် သူ့ရဲ့လက်ဝါးပေါ်မှာ ငါးရုပ်တွေပါတတ်တာပေါ့ကွာ. . .၊ ဒီ့ထက်ပိုပြီး လေ့လာလိုက်ရင် ဒီထက်ပိုပြီး အသေးစိတ်တောင် ပြောနိုင်ဦးမယ်. . ."ဟု ကိုနောင်ဘီက ပြောလေ၏။ မိုးသီးသည် ကိုနောင်ဘီ ပြောသည့်နည်းကို ထိုနေ့၌ပင် စမ်းကြည့်ရာ အောင်မြင်လေ၏။ ထို့နောက် ကိုနောင်ဘီက-

"လက္ခဏာပဲဖတ်ဖတ်၊ ဗေဒင်ပဲဟောဟော ယတြာပေးတဲ့အခါ မြန်မာ ဆန်ဖို့လိုတယ်ကွ၊ မဖြစ်စေချင်တဲ့ကိစ္စတွေကို မုန့်ဆီကြော်နဲ့ ယတြာပေးရတယ်၊ ဖြစ်ချင်တဲ့ကိစ္စတွေကို မုန့်လုံးရေပေါ်နဲ့ ယတြာပေးရတယ်၊ မပြောစေ ချင်တဲ့ကိစ္စတွေကို ငှက်ပျောဖူးကို လက်ပြန်သုံးရတယ်၊ ဥပမာ မောင်လှဆိုတဲ့ သက်သေမပြောစေချင်ဘူး ဆိုပါတော့. . .၊ ငှက်ပျောဖူးမှာ မောင်လှဆိုတဲ့ စာရေးပြီး နွားကို လက်ပြန်ကျွေးရတယ်. . .၊

အဲဒါကို ရှေးလူကြီးတွေက သက်သေနှုတ်ပိတ် ယတြာလို့ ပြောတာပေါ့ကွာ. . .၊ ပြောစေချင်တဲ့ကိစ္စကျတော့ ငှက်ပျောဖူးကို ပျားရည်သုတ်ပြီး နွားကိုကျွေးရတယ်ကွ. . .၊ ဒါ ရှေးဗမာနည်းစစ်စစ်ပဲ၊ တို့ဘွားအေတွေဆိုရင် ဗေဒင်မတတ်ပါဘူး၊ အဲဒါတော့ တတ်တယ်ဟေ့. . .၊ အရေးအကြောင်းဆို အဘွားကြီးတွေ အဲဒါပဲလုပ်နေတာပဲ၊

ဈေးရောင်းကောင်းချင်ရင် ပေါက်ပေါက်ကို သုံးတယ်ကွာ. . .၊ လူ အများနဲ့ အလုပ်လုပ်တဲ့ကိစ္စတွေမှာ ဟောလစ်ပုလင်းကို သုံးတယ်ကွာ. . .၊ အဲဒါလေးတွေ မှတ်ထားကွာ. . .၊ ကိုယ့်အိမ်ကိုရောက်လာမယ့် ပြဿနာကို ရောက်မလာစေချင်ရင် လေထဲမှာ တံမြက်စည်းလှည်းတယ်ကွာ. . .၊ အိမ်မှာ လာဘ်ပိတ်နေရင် လမ်းထဲက ကလေးတွေခေါ်ပြီး မုန့်လုပ်ကျွေးပြီး သီချင်း ဆိုခိုင်းတယ်ကွာ၊ သီချင်းကလည်း 'လာပါလာပါ မကြည်ရဲ့'ပဲကွာ. . .၊ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး. . ."ဟု





ကိုနောင်ဘီက ပြောလေ၏။

မိုးသီးလည်း ကိုနောင်ဘီပြောသမျှကို မှတ်စုစာအုပ်တွင် ရေးမှတ်ထားရလေ၏။ တစ်နေ့တွင် မိန်းကလေးတစ်ဦးသည် မိုးသီးဆိုင်တွင် ထာထား သော ဆိုင်းဘုတ်ကို လှမ်း၍ကြည့်ပြီးနောက် မိုးသီးအား-

"ရှင့်ဟာက လက္ခဏာဟောတဲ့စားပွဲမှမဟုတ်ဘဲ၊ ထင်းရှူးပုံကြီးတဲ့ အမွှေးတွေကလည်း ထောင်နေတာပဲ၊ လက္ခဏာကြည့်ဖို့ လက်တင်လိုက်တာနဲ့ လက်ကိုစူးမှာပဲ"ဟု ဆိုကာ ထွက်သွားလေတော့၏။ မိုးသီးသည် လွန်စွာ စိတ်ဆိုးသွား၏။ အနီးတွင်ရှိသော ကိုနောင်ဘီက-

"စိတ်မဆိုးနဲ့ မိုးသီး. . .၊ သူပြောတာမှန်တယ်"ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးသည် ဈေးသို့သွားကာ ကလေးအုံးသော ခေါက်ခေါင်းအုံးကလေးတစ်လုံး ဝယ်ရလေ၏။ ပြီးလျှင် ကတ္တီပါခေါင်းအုံးစွပ်ကလေးတစ်လုံးလည်း ဝယ်ရလေ၏။ ပြီးလျှင် သပ်ရပ်စွာချုပ်ရလေတော့၏။ ထိုသို့ချုပ်ပြီးသောအခါ၌လည်း ထိုမိန်းကလေးသည် ဆိုင်ရှေ့မှဖြတ်သွား၏။ သို့ရာတွင် မိုးသီး၏ ဆိုင်တွင်းသို့ မဝင်ပေ။ တစ်နေ့တွင် မိုးသီးသည် ထိုမိန်းကလေး လာသောအခါ၌ -

"ဒီမှာ မိန်းကလေး၊ မင်းပြောလို့ လက်တင်လိုက်ရင် လက်ကိုမစူးရအောင် ခေါင်းအုံးကလေး ချုပ်ထားတယ်၊ ကြည့်ပါဦး. . .၊ ခေါင်းအုံးက(၈)ကျပ် ပေးရတယ်၊ ခေါင်းအုံးစွပ်က (၈)ကျပ် ပေးရတယ်၊ (၁၆)ကျပ် အကုန်ခံပြီး ချုပ်ထားတာ. . .၊ အဲဒါကြောင့် မိန်းကလေးဟာ ကျုပ်ဆီမှာ လက္ခဏာမေး သင့်ပါတယ်. . ."ဟု ပြောလိုက်လျှင် မိန်းကလေးသည် လွန်စွာ အားနာသွားလေ၏။

"ဪ. . . ဒီလိုဆိုတော့လည်း ကြည့်ရတာပေါ့ရှင်၊ ကျွန်မက သိပ်ပါဘူး"ဟု ပြောလေ၏။ မိန်းကလေးဆိုင်တွင်းသို့ ဝင်လာသောအခါ၌ မိုးသီး သည် လက်ဝါးပုံကြမ်းတစ်ခုကို အလွတ်ရေးဆွဲလေ၏။ ပြီးလျှင် မိန်းကလေး ၏ မွေးခုနှစ်၊ လ၊ ရက်တို့ကို အင်္ဂလိပ်လို သိမသိမေးလေ၏။ မိန်းကလေးက သိကြောင်းပြော၍ ဖြေလေ၏။ ထိုအခါ မိုးသီးသည် လက်ဝါးပုံကြမ်းထဲတွင် အမှတ်အသားများကို ဖြည့်စွက်လေတော့၏။ မိန်းကလေးသည် ထိုအမှတ် အသားများကို ကြည့်ပြီးနောက် -

www.burmeseclassic.com



"ဟုတ်တယ်ရှင့်. . .၊ ဟောဒီလမ်းကြောင်း နှစ်ကြောင်းကြားထဲမှာ ကြက်ခြေခတ်ပါတယ်ရှင့်. . .၊ ဟောဒီလက်ဖနောင့်မှာလည်း ငါးရုပ်ကလေး ပါတယ်ရှင့်၊ လက်ညှိုးနဲ့ လက်ခလယ်ကြားမှာလည်း ခရင်းခွလေးပါတယ်ရှင့်၊ ရှင်က ကျွန်မလက်ကို မကြည့်ရသေးဘဲ ကျွန်မလက်မှာပါမယ့် အမှတ်အသားတွေကို ကြိုပြီးသိနေတာကိုး. . .၊ ရှင့်လောက်တော်တဲ့ လက္ခဏာဆရာဆီမှာ ကျွန်မ တစ်ခါမှ လက္ခဏာမမေးဖူးသေးဘူး"ဟု မိန်းကလေးက ပြောလေ၏။

"ဒါတင်ဟုတ်ရိုးလားဗျာ. . .၊ ကျုပ်လောက် ဥပမိရုပ်ကောင်းတဲ့ လက္ခဏာဆရာဆီမှာလည်း လက္ခဏာ မေးဖူးဦးမှာ မဟုတ်ပါဘူး၊ ပြီးတော့ ကျုပ်လောက် အသံသြဇာကောင်းတဲ့ လက္ခဏာဆရာဆီမှာလည်း လက္ခဏာ မေးဖူးဦးမှာ မဟုတ်ပါဘူး"ဟု မိုးသီးက ပြောလိုက်လျှင် မိန်းကလေးက-

"ရှင်ပြောတာတွေ ဟုတ်ချင်မှဟုတ်မှာပါလေ၊ ဒါပေမဲ့ ကျွန်မ အဲဒါတွေကို စိတ်မဝင်စားပါဘူး၊ ရှင့်ရဲ့ ရဲရဲတင်းတင်းဆက်ဆံတတ်တဲ့ အပြုအမူကို ပိုပြီးစိတ်ဝင်စားပါတယ်၊ ရှင်ဟာ ဘယ်လိုလူစားလဲတော့ မသိဘူး. . .၊ စားပွဲခုံမကောင်းလို့ လက္ခဏာမကြည့်ဘူးဆိုတဲ့ မိန်းကလေးကို စားပွဲခုံပြုပြင်ပြီးတဲ့အခါမှာ လက္ခဏာကြည့်ဖို့ ထွက်ပြီးတော့ ခေါ်ဝံ့တယ်. . .၊ ကျွန်မ မျက်နှာတင်းထားရင် တော်တော့ယောကျ်ား စကားမပြောဝံ့ဘူးရှင့်"ဟု ပြောလေ၏။

"ခင်ဗျားရဲ့ မျက်နှာကို ကြောက်တာလည်း ဖြစ်မှာပေ့ါ၊ ခင်ဗျားရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ ကတ်ကြေးကြီးကို ကြောက်တာလည်း ဖြစ်မှာပေ့ါ"ဟု မိုးသီးက ပြောလိုက်လျှင်-

"ဟုတ်ပါပြီရှင်. . .၊ ဒီကတ်ကြေးကြီးမြင်တော့ ကျွန်မ ဘာလုပ်စားတယ်လို့ ရှင် ခန့်မှန်းသလဲ. . ."ဟု မေးလေ၏။

"ပြုန်းကနဲ စဉ်းစားရင်တော့ ဒီကတ်ကြေးကြီးဟာ အထည်ချုပ်တဲ့ မိန်းမတွေကိုင်တဲ့ ကတ်ကြေးကြီးပဲ၊ တောင်ကြီးမှာက 'ကောင်းဘို့'ဘက်က လာပြီး အထည်ချုပ်တဲ့ မိန်းကလေးတွေ ရှိပါတယ်၊ ဒါပေမဲ့ ဟိုတစ်နေ့က ကိုင်လာတဲ့ ကတ်ကြေးဟာ လက်ကိုင်ကွင်းက အနီရောင်၊ ဒီနေ့ကိုင်လာတဲ့ ကတ်ကြေးက လက်ကိုင်ကွင်းက အပြာရောင်၊ မနေ့က ဒီကဖြတ်သွားတော့





ကြည့်လိုက်တော့ လက်ကိုင်ကွေးက အစိမ်းရောင်၊ အထည်ချုပ်တဲ့ မိန်းကလေးဟာ တစ်နေ့ကို ကတ်ကြေးတစ်လက် မကိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကတ်ကြေးသွေးတဲ့လုပ်ငန်းကို လုပ်တာဖြစ်လိမ့်မယ်၊ ကတ်ကြေးသွေးတဲ့ လုပ်ငန်းကလည်း မိန်းကလေးလုပ်ခဲပါတယ်၊ ခင်ဗျားအဖေဖြစ်စေ၊ အစ်ကို ဖြစ်စေ၊ အဲဒီလုပ်ငန်းကို လုပ်လိမ့်မယ်. . ."ဟု မိုးသီးက ပြောလိုက်လျှင် ထိုမိန်းကလေးက-

"ရှင်ဟာ ကျွန်မထင်တာထက်ပိုပြီးတော်နေတယ်၊ ကျွန်မအဖေဟာ ကတ်ကြေးသွေးတဲ့လုပ်ငန်း လုပ်ပါတယ်၊ ကျွန်မလာပြီး အလုပ်လက်ခံတာပါ၊ နေတာလည်း 'ကောင်းဘို့'မှာပါပဲ. . ."ဟု မိန်းကလေးက ပြောလိုက်လေ၏။ ထိုအခါ မိုးသီးက -

"နောက်ပြီးတော့ ကောင်းဘို့မှာက ရှမ်းနဲ့ ပအို့ဝ်တွေ အနေများတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ဆံပင်၊ ခင်ဗျားရဲ့မျက်နှာဟာ ရှမ်းနဲ့လည်း မတူဘူး၊ ပအို့ဝ်နဲ့ လည်းမတူဘူး၊ ဂေါ်ရခါးဖြစ်ဖို့များတယ်'ဟု ပြောလိုက်လျှင် ထိုမိန်းကလေးက အသံထွက်အောင်ရယ်၍-

"ရှင်ရှေ့မှာ ကြာကြာဆက်ပြီးထိုင်နေရင် ကျွန်မရဲ့ မှတ်ပုံတင်နံပါတ်တောင် အလွတ်ရွတ်ပြမယ် ထင်တယ်. . ."ဟု ရယ်စရာပြောလေ၏။

'ခင်ဗျားပြောတာမဆိုးဘူး၊ ရွတ်ပြကောင်း ရွတ်ပြနိုင်ပါလိမ့်မယ်၊ ခင်ဗျားတို့နေတာ 'ပင်းတယ'အပိုင်ဆိုတော့ မှတ်ပုံတင်နံပါတ်မှာ ပီတီဝိုင်အေနဲ့ စတယ်၊ အဲဒီဘက်က မှတ်ပုံတင်တွေက တစ်,နှစ်နဲ့ စကြပါတယ်. . ."ဟု ပြောလိုက်လျှင် ထိုမိန်းကလေးက -

"မှန်ပါတယ်ရှင်. . .၊ ကျွန်မ မှတ်ပုံတင်နံပါတ်က တစ်,နှစ်သုံးလုံး ခွန်ခြောက်ပါတဲ့ရှင်. . .၊ ကျွန်မ နာမည်က 'ဆွာရစတီဒေဝီ'တဲ့၊ အဖေက ဦးဗဟာဒူးတဲ့. . ."ဟု မိန်းကလေးက သွားကလေးပေါ်သည်အထိ ပြုံး၍ ပြောလေ၏။

"ဆွာရစတီ ဒေဝီဆိုတာ ဗမာလိုပြန်ရင်တော့ သူရဿတီဒေဝီပါပဲ၊ သူရဿတီဒေဝီဆိုတာလည်း မြစ်တစ်ခုကိုအကြောင်းပြုပြီး မှည့်ထားတဲ့ အမည်ကိုဆိုတယ်၊ မဟုတ်မှလွဲရော ခင်ဗျားတို့နေတဲ့ ရွာကလေးရဲ့အလယ် မှာနေ ချောင်းတစ်ခု ဖြတ်စီးနေလိမ့်မယ်"ဟု မိုးသီးက ပြောလိုက်ရာ ဆွာရစတီဒေဝီသည်-



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပြီးကြည့်တဲ့ အတိုင်းပါပဲရှင်. . .၊ အလွန်လှပဲ့ ချောင်းလေးတစ်ချောင်းဟာ ကျွန်မတို့ အိမ်ဘေးကဖြတ်ပြီး စီးသွားပါတယ်၊ နွေအခါမှာတော့ ရေမရှိပါဘူး၊ မိုးတွင်းတော့ အဲဒီချောင်းကလေးက ရေစီးပါတယ်၊ အဲဒီလိုရေစီးပြီဆိုရင် ကျွန်မအဖေ ဦးဗဟာဒူးက သူငယ်ငယ်က တီးခဲ့တဲ့ ဗင်ဂျိုကြီးကိုယူပြီး တီးတော့တာပဲ. . .၊

အဖေ အဲဒါ ဘာသီချင်းလဲလို့မေးတော့ အဖေက ဆွာရစတီဒန်းစင်း 'သူရသာတီအက'လို့ ပြောပါတယ်၊ ဘယ်နေရာမှာပဲရောက်လို့ မိုးရွာရွာ ကျွန်မရဲ့နားမှာ အဲဒီတေးသံကို ကြားနေမြဲပါပဲ. . ."ဟု ရယ်ပြုံး၍ ပြောလေ၏။ ထိုအချိန်မှစ၍ မိုးသီးနှင့် ဆွာရစတီဒေဝီတို့သည် ခင်မင်ရင်းနှီးသွားကြလေ တော့သတည်း။

* * * * *





# အခန်း၊ (၆၀)

## မိုးသီး နှင့် အမျိုးသမီးတစ်ဦး

မိုးသီးသည် တောင်ကြီးမြို့ဈေးထောင့်ရှိ သမဝါယမဆိုင်ရှေ့ရှိ ကြိမ်န် လမ်းတွင် ဗေဒင်လက္ခဏာဟောပြော လျက်ရှိလေ၏။

တစ်နေ့တွင် လွန်စွာဥပမိရုပ်ကောင်းသော လူတစ်ဦး မိုးဦးထံသို့ ဗေဒင်လက္ခဏာလာ၍မေးလေ၏။ ထိုလူပြန်သွားသောအခါ အနီးရှိ လက္ခဏာ ဆရာတစ်ဦးက မိုးသီးထံ လာရောက်ပြီးလျှင်-

"ဆရာမိုးသီး. . .၊ စောစောက ခင်ဗျားဆီမှာ ဗေဒင်လာမေးတဲ့ လူဟာ ဗေဒင်သိပ်ပြီးတတ်တဲ့လူပေါ့ဗျ၊ သူ့နာမည်က ဦးကျော်စိန်ထွန်းတဲ့၊ သူ့မိန်းမက ဈေးထဲမှာ ပိုးထည်ဆိုင်ကြီးတစ်ဆိုင် ဖွင့်ထားတယ်. . ."ဟု ပြောလေ၏။

"ဗေဒင် တက်မတက်တော့မသိဘူးဗျ၊ အလွန့်ကို နူးညံ့သိမ်မွေ့တဲ့ လူပဲ. . .၊ သူ့မျက်နှာမှာ မာန်မာနဆိုတဲ့အကြောင်းအရာတစ်ခုမှ မတွေ့ရဘူး ကျွန်တော်ဟောတာကိုပဲ ငြိမ်ငြိမ်လေးနားထောင်သွားတယ်၊ မေးစရာရှိတာ ကိုလည်း အေးအေးဆေးဆေး ရိုးရိုးသားသား မေးသွားတယ်. . ."ဟု ကျွန်ုပ်က ပြောလျှင် ထိုလက္ခဏာဆရာက-

"အကောင်းဆုံးအကြံပေးချင်တာကတော့ ဆရာမိုးသီး အဲဒီလူနဲ့ မိတ်ဆွေဖွဲ့ထားပေတော့. . .၊ ဗေဒင်ပညာနဲ့ပတ်သက်လို့ မပြည့်စုံတာရှိရင် သူ့ဆီမှာ သင်ယူထားလိုက်ပေါ့ဗျာ. . ."ဟု ပြောလေ၏။

ထို့ကြောင့် မိုးသီးသည် ဈေးအတွင်းသို့ဝင်၍ ပိုးထည်ဆိုင်များကို ကြည့်ရှုလေ၏။ ဆိုင်တစ်ဆိုင်တွင် ၎င်းဦးကျော်စိန်ထွန်းကို သွားတွေ့လေ၏။ ဦးကျော်စိန်ထွန်းလည်း မိုးသီးကိုမြင်လျှင် -



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . . ဘာဝယ်မလို့ ဈေးထဲကိုလာတာလဲ. . .၊ ထိုင်ဦး. . ."ဟု ဆိုတာ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်မှာ၍ မိုးသီးအား တိုက်လေ၏။

"ဘာမှဝယ်စရာမရှိပါဘူး. . .၊ ဆရာဦးကျော်စိန်ထွန်းနဲ့ တွေ့ချင်လို့လိုက်လာတာပါ. . .၊ ကျွန်တော့နားက လက္ခဏာဆရာ တစ်ယောက် ဆရာလည်းပြန်သွားရော ဆရာဟာ ဗေဒင်ကောင်းကောင်း တတ်တယ်လို့ လာပြီး ပြောပါတယ်၊ ဒါကြောင့် ဆရာနဲ့မိတ်ဆွေဖြစ်ချင်လို့ ဆရာ့ဆီ လိုက်လာတာပါ" ဟု ပြောလိုက်လျှင် ဦးကျော်စိန်ထွန်းက ပြုံးလေ၏။

"ကဲ . . . မိတ်ဆွေဖြစ်ပြီဆိုကြပါစို့ဗျာ. . ."ဟု ပြောလေ၏။ ထိုအခါ မိုးသီးက -

"မိတ်ဆွေဖြစ်ရင် ကျွန်တော့်မှာ မပြည့်စုံတာလေးတွေ ဆရာ့ဆီမှာ သင်ယူချင်လို့ပါ. . ."ဟု ပြောလိုက်ရာ ဆရာဦးကျော်စိန်ထွန်း၏ မျက်နှာသည် ဝင်းပ၍သွားလေ၏။

"ဆရာမိုးသီးက နာမည်တပ်ထားတော့ မင်းသိခ်လို့ တပ်ထားတယ်နော်၊ မဟုတ်မှလွဲရော. . .၊ ပဋ္ဌပွတ်၊ ဆပွတ်၊ အညွန့်တွေနဲ့ပေးထားတာ ထင်တယ်. . .၊ အဲဒါ ဆိုရင်တော့ ဆရာမိုးသီးဟာ တနင်္ဂနွေသားဖြစ်လိမ့်မယ်"ဟု ပြောလေ၏။

"မှန်ပါတယ် ဆရာ၊ ကျွန်တော် တနင်္ဂနွေသားပါ၊ နာမည်ရင်းက အောင်ထွန်းတဲ့. . ."ဟု ပြန်၍ဖြေလိုက်လျှင် ဆရာဦးကျော်စိန်ထွန်းက-

"ဆရာမိုးသီး ဟောတာလည်း အတော်မှန်နေတာပဲ၊ ဘာများထပ်ပြီး သင်ချင်သေးလို့တုံး. . ."ဟု မေးလေ၏။ ထိုအခါ မိုးသီးက

"ကျွန်တော်က လက်ဆန်းနဲ့ ဟောနေတာ၊ လက်ရိုးမတတ်ဘူး ခင်ဗျ၊ ဆရာ့ဆီကနေ လက်ရိုး သင်ချင်လို့ပါ"ဟု ပြောလိုက်လျှင် ဆရာဦးကျော်စိန်ထွန်း က-

"အဲဒီအတွက်တော့ မပူပါနဲ့ဗျာ. . .၊ ဆရာ မိုးသီး အားတဲ့ အချိန်တိုင်း ကျွန်တော့်အိမ်ကို လာခဲ့ပေါ့၊ **ဦးကျော်စိန်ထွန်း၊ အိမ်နံပါတ်(၈၁) ဈေးတိုက်လမ်း၊ ကျွန်တော့ နာမည်ကို မေးလိုက်ရင် သိပါတယ်၊** အဲဒီ ပညာကို ဝါသနာပါလို့ လိုက်စား ထားတာပါ၊ အခကြေးငွေယူပြီး ဟောမစားပါဘူး၊ ဆရာ့ကိုလည်း အခမဲ့ သင်ပေးမှာပေါ့"ဟု ပြောသဖြင့် မိုးသီးလည်း ဆရာဦးကျော်စိန်ထွန်းအား ထိုနေရာ၌မှာပင် ထိုင်၍ ဦးချလိုက်လေ၏။

ထိုနေ့ညနေမှာပင် မိုးသီးသည် ဆိုင်သိမ်းသည်နှင့် ဆရာ ဦးကျော်စိန်ထွန်း၏ အိမ်သို့သွားလေ၏။ ဆရာဦးကျော်စိန်ထွန်းလည်း လက်ဖက်ခြောက်





ကောင်းစွာ ခတ်ထားတာ ရေနွေးကြမ်းနှင့် နှစ်ပြန်ကြော် တို့ဖြင့် မိုးသီးအား ဧည့်ခံကျွေးမွေးလေ၏။

ပြီးလျှင် သင်ပုန်းအနက်ကြီးပေါ်တွင် ကောင်းကင်ဂြိုဟ်တို့ အကြောင်းကို ရေးပြ၍ သင်ကြားပေးလေ၏။ ပြီးလျှင် သင်္ချိုင်းပြက္ခဒိန်ကြည့်နည်း၊ လဂ် တွက်နည်း၊ ဂြိုဟ်များဘုတ္တိဖြတ်နည်းတို့ကို သင်ပြပေးလေ၏။ ပြီးလျှင် ဟောပြောယူဆပုံတို့ကိုပါ ဆက်တိုက်သင်ပြပေးလေ၏။

နောက်တစ်နေ့သွားသောအခါ၌ ဟောရက်၊ တြင်း၊ နဝင်းကောက်နည်းတို့ကို သင်ပြပေးပြန်၏။

ပြီးလျှင် နဝင်းယူဆပုံ၊ ဟောပြပုံတို့ကိုပါ စိတ်ရှည်လက်ရှည်သင်ပြပေးလေ၏။ ထို့နောက်တွင်ကား ဒသာအမျိုးမျိုးတို့အကြောင်းကို သင်ပြ၏။

ပြီးလျှင် ဝိသောတရီကောက်နည်းတို့ကို သင်ပြလေ၏။ ပြီးလျှင် ဒသာယူဆပုံကို ရှင်းပြလေ၏။ တစ်လခန့်သင်ပြီးသောအခါ၌ မိုးသီးသည် လက်ရိုးကို ကျေသွားပြီဖြစ်၏။

ဆရာဦးကျော်စိန်ထွန်းသည် မိုးသီး၏ မှတ်ဉာဏ်ကောင်းပုံတို့ကြော ခဏ ချီးကျူးလေ၏။ မိုးသီးသည် ဦးကျော်စိန်ထွန်းထံတွင် လက်ရိုးဗေဒင် အတတ်ကို သင်ယူခဲ့၏။

ထို့ပြင် ဦးကျော်စိန်ထွန်းသည် မေတ္တာပို့ခြင်းအလုပ်ကို နက်နက်ရှိုင်းရှိုင်းလုပ်သူဖြစ်၏။ မိုးသီးကိုလည်း သင်ပြပေးလေ၏။ ပြီးလျှင် ဆရာဦးကျော်စိန်ထွန်းသည် မိုးသီးအား ဝိပဿနာတရားများ သင်ပြပေးလေ၏။

ထို့ကြောင့် မိုးသီးသည် ဆရာဦးကျော်စိန်ထွန်းထံမှ ဗေဒင်ပညာတို့သာမက တရားဓမ္မကိုပါ ရရှိခဲ့လေ၏။ မိုးသီး ပညာသင်စဉ်က ဆရာဦးကျော်စိန်ထွန်း၏ သားကလေးနှင့်သမီးကလေးများသည် လွန်စွာငယ်သေး၏။ ၎င်းတို့သည် စားပွဲခုံအောက်တွင် ဆော့ကစားနေကြ၏။

*(မှတ်ချက်။ ။ ဆရာဦးကျော်စိန်ထွန်းသည် ယမန်နှစ်က ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်၏။ သမီးအကြီးလေးသည် ဆရာ၏ပညာကိုအမွေခံ ရရှိခဲ့၏။ မိုးသီးသည် ယမန်နှစ်က ဦးကျော်စိန်ထွန်း မကွယ်လွန်မီ ဦးကျော်စိန်ထွန်း ၏အိမ်သို့ ရောက်ရှိခဲ့သေး၏။ ထိုအချိန်တွင် ဦးကျော်စိန်ထွန်း၏ သမီးကလေး ကိုတွေ့သောအခါ ကောင်းစွာ မမှတ် မိတော့ပေ။*

*ထိုကလေးသည် အပျိုကြီးဖားဖားဖြစ်နေပြီဖြစ်၏။ ၎င်း၏ဖခင်တ အနီးသို့ခေါ်ယူ၍ ဗေဒင်တွက်ခိုင်းသောအခါ ကျွမ်းကျင်စွာတွက်တတ်နေပြီ*



www.burmeseclassic.com

www.burmeseclassic.com



ချစ်၏။ ထို့ကြောင့် မိုးသီးက အံ့ဩလွန်း၍ 'ဆရာ့ဆီမှာ ကျွန်တော်ပညာသင်တုန်းက ဒီကလေးဟာ ယုန်ကလေးလိုပဲ ဟိုစားပွဲအောက်မှာ ဆော့နေတာ အခု ကျွန်တော်ဖြင့် မှတ်တောင်မမှတ်မိတော့ဘူး၊ ဆရာရဲ့ပညာအမွေကို ရထားတဲ့အတွက် အတော့်ကို ပီတိဖြစ်မိပါတယ် ဆရာရယ်'ဟု ပြောခဲ့လေ၏။

ထိုကလေးမလေးအားလည်း ဆက်လက်၍ကြိုးစားရန် မိုးသီးက တိုက်တွန်းခဲ့လေ၏။ တစ်ခုဝမ်းနည်းဖွယ်ကောင်းသည်မှာ ဆရာကွယ်လွန်အနိစ္စရောက်သည့်အချိန်တွင် မိုးသီးကိုယ်တိုင် နာမကျန်းဖြစ်၍ ဆွေဗဟို ဆေးခန်းသို့ တက်ရောက်ကုသနေရသောကြောင့် ဆရာ၏ ဈာပနာကို မသွား ရောက်နိုင်ခဲ့ပေ။ စာရေးသူ

မိုးသီးသည် တောင်ကြီးမြို့တွင်ရှိနေစဉ်အတွင်း ၎င်းထံသို့ မကြာခဏ ဗေဒင်လာရောက်မေးမြန်းသော အမျိုးသမီးတစ်ဦးအား စိတ်တွင်းမှ နေ၍ တိမ်းညွတ်ခဲ့ဖူး၏။ ထိုအမျိုးသမီးသည် ဈေးထဲတွင် အထည်ဆိုင်ရှိ၏။ မိုးသီးကိုလည်း ရိုးသားစွာခင်မင်၏။

ထိုအချိန်က ထိုအမျိုးသမီးသည် ချမ်းသာ၏။ မိုးသီးမှာ ဆင်းရဲ၏။ လမ်းဘေးတွင် စုတ်နုပ်နုံချာစွာ အလုပ်လုပ်စားနေရသူဖြစ်၏။ ထို့ကြောင့် မိုးသီး၏စိတ်၌ ထိုအမျိုးသမီးအား မည်မျှတိမ်းညွတ်သည်ဖြစ်စေ၊ ထိုအမျိုးသမီး မရိပ်မိစေရန် အထူးစောင့်ထိန်းခဲ့၏။

တစ်နေ့တွင် ထိုအမျိုးသမီးသည် ဦးကျော်စိန်ထံတွင် ဗေဒင်မေးလိုသည်ဆိုသဖြင့် မိုးသီးကိုယ်တိုင် လိုက်၍ပို့ရလေ၏။ ဦးကျော်စိန်ထွန်းသည် ထိုအမျိုးသမီး၏ဇာတာကို တွက်ချက်စစ်ဆေးပြီးနောက်-

"ဒီမှာ မဝင်း. . .၊ ခင်ဗျားဟာ နှစ်လအတွင်းရှိတဲ့ စည်းစိမ်ဥစ္စာတွေ ပြုတ်သွားလိမ့်မယ်၊ ပြီးတော့ အလွန်ဝေးလံတဲ့နယ်မြေကို ရောက်သွားလိမ့်မယ်. . ."ဟု ဟောလိုက်လေ၏။

ထိုသို့ဟောပြီးနှစ်လအတွင်း၌ပင် မင်္ဂလာဈေးအား ရှာဖွေရေးမှဝင်၍ ရှာဖွေသိမ်းဆည်းသောအခါ ၎င်းအထည်ဆိုင်ပိုင်ရှင် မဝင်း၏ပစ္စည်းများ အသိမ်းခံရလေ၏။ နှစ်ကြိမ်တိုင်တိုင် ရှာဖွေရာ နှစ်ကြိမ်တိုင်တိုင် အဖမ်းခံရလေ၏။ ထို့နောက် မဝင်းသည် တောင်ကြီးမြို့မှ ပျောက်ကွယ်သွားလေတော့သတည်း။

* * * * *





# အခန်း (၆၁)

## ဘုန်းစီးမွဲ့ခုံးတောင်မည့် မိန်းကလေး

မိုးသီးသည် တောင်ကြီးမြို့ ဈေးအနီး၌ပင် ဗေဒင်လက္ခဏာ ဟောပြော လျက်ရှိ၏။ စဝ်စံထွန်းဆေးရုံ အနောက်မြောက်ရှိ ဘုန်းကြီးကျောင်းတွင် မှီခို ကပ်ရပ်လျက် နေရဆဲရှိ၏။ ထိုကျောင်း၏ဆရာတော်သည် မိုးသီးအား ဆွမ်းစား ဇရပ်တွင် နေခွင့်ပေးထား၏။ ညအခါများတွင် လွန်စွာအေးချမ်းလှ၏။ အစဉ်သဖြင့် မိုးသီးသည် ထင်းတုံးကြီးတစ်တုံးကို မီးစိုက်ထားရလေ၏။ ထိုထင်းတုံး ဘေးတွင် ခွေ၍အိပ်ရလေ၏။ အိပ်မပျော်မီ၌ ထိုထင်းတုံးဘေး၌ပင် စာဖတ် ရလေ၏။

ညအခါများတွင် လွန်စွာဆာလောင်မွတ်သိပ်ရကား မိုးသီးသည် ကော်ဖီမှုန့်အညံ့စားများဝယ်ကာ ကြံသကာဖြင့်ဖျော်၍ ကော်ဖီကြမ်းသောက်ရလေ၏။ ထိုအချိန်၌ ၎င်း၏ဆရာ ကိုနောင်ဘီရောက်လာပြီးလျှင် မိုးသီးနှင့်အတူ ထိုဆွမ်းစားဇရပ်တွင် တစ်လခန့် နေသွားလေ၏။ ကိုနောင်ဘီထံတွင် ဗမ္ဘာရနှင့်ပတ်သက်သော အင်္ဂလိပ်စာအုပ်အမြောက်အမြားပါလာ၏။ ထိုစာအုပ်များကို လက်ကိုင်ပြု၍ မိုးသီးအား ဂမ္ဘီရပညာများကို သင်ကြားပေးလေ၏။ တစ်နေ့တွင် ကိုနောင်ဘီက-

"မိုးသီးရေ. . .၊ MAGIC မက်ဂျစ်ဆိုတဲ့ စာလုံးကို မင်းအနေနဲ့ မျက်လှည့်'လို့ပဲ သိတယ်မဟုတ်လား၊ စာလုံးပေါင်းတဲ့အခါမှာလည်း 'C'နဲ့ အဆုံးသတ်ထားတယ်၊ ဒီစာအုပ်မျိုးတွေမှာတော့ 'K' နဲ့ အဆုံးသတ်ထားတယ်ကွ၊ MAGICK မက်ဂျစ်ပါပဲကွာ. . .၊



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်လူမျိုးတွေက စာလုံးပေါင်းတွေကို သူတို့ပေါင်းချင်သလို ပေါင်းတာကွ. . .၊ ဒီစာအုပ်မျိုးတွေ ဖတ်တဲ့အခါ ဒီစာလုံးကိုတွေ့ရင် မျက်လှည့် လို့မယူနဲ့ကွ၊ ဂမ္ဘီရလို့ယူမှ အပေါက်အလမ်းတည့်တယ်၊ ပြီးတော့ SPELL စပဲလ်ဆိုတဲ့ စာလုံးဟာ 'စာလုံးပေါင်း'လို့ပြောတာ မဟုတ်လား ဒီစာအုပ်မျိုး တွေမှာ တွေ့ရင်တော့ စာလုံးပေါင်းလို့ မယူရဘူးစွာ 'ပြုစားခြင်း၊ ဂမ္ဘီရအမှုကို ဆောင်ရွက်ခြင်း'လို့ ယူမှ မှန်တယ်ကွ. . .၊

ဟောဒီစာအုပ်ကိုကြည့်၊ အမေရိကန်ပြည်မှာရှိတဲ့ ဂမ္ဘီရအဖွဲ့ကြီး တစ်ဖွဲ့. . .၊ အဲဒီအဖွဲ့နာမည်က 'ဝီကာ'လို့ခေါ်တယ်ကွ၊ ဝီကာ အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ဂါရီနာဒန်ဝစ် ဆိုတဲ့သူက ရေးထားတာ. . .၊ ဂမ္ဘီရသဘောရဲ့ အနှစ်ချုပ် စာကြောင်းတစ်ခုပါတယ်၊ ဟောဒီမှာ နားထောင်. . .”ဟုဆိုကာ အောက်ပါဝါကျတစ်ကြောင်းကို ဖတ်ပြလေ၏။

The true magick comes from the heart and soul of the practitioner.

ဒီဝါကျရဲ့အဓိပ္ပာယ်ကတော့-

စစ်မှန်သောဂမ္ဘီရဆိုသည်မှာ ဂမ္ဘီရသမား၏ နှလုံးသားနှင့်ဝိညာဉ်မှ လာခြင်းဖြစ်သည်

လို့ ဆိုထားတယ်ကွ. . .၊ အဓိပ္ပာယ်ကတော့ 'ဂမ္ဘီရကျမ်းစာအုပ် တွေအတိုင်း မလိုက်နဲ့၊ ကိုယ့်ရင်ထဲက ပေါ်လာတဲ့အတိုင်းလုပ်'လို့ ဆိုတာ ပေါ့ကွာ. . .၊ အဲဒီတော့ ဂမ္ဘီရကျမ်းစာအုပ်က ကျမ်းစာအုပ်ပဲကွ၊ မင်းရဲ့ ကိုယ်ပိုင်အတတ်ပညာမဟုတ်ဘူး၊ ကိုယ်ပိုင်အတတ်ပညာက ရင်ထဲက လာလိမ့်မယ်တဲ့. . .၊ အဲဒီတော့ ရင်ထဲကလာအောင် ဘယ်လိုလုပ်မလဲ ငြိမ်ငြိမ်ကလေးနေထိုင်နေပြီး အဆုံးအစမရှိတဲ့ လောကကြီးထဲက ဂမ္ဘီရနည်း တွေကို တောင်းယူရမှာပေါ့ကွာ. . .၊ အဲဒီအခါမှာ မင်းရဲ့ရင်ထဲမှာ ဖြတ်ခနဲ ပေါ်လာလိမ့်မယ်၊ အဲဒီအခါမှာ ပေါ်လာတဲ့အတိုင်း လုပ်ရုံပဲ. . .”ဟုပြောပြ လေ၏။ ထို့နောက်-

“ဟောဒီစာကြောင်းကို ကြည့်ဦး. . .”ဟုဆိုကာ စာကြောင်းတစ် ကြောင်းကို ဖတ်ပြလေ၏။

Feel free to add, omit, and change until the spell becomes yours.





“သူတို့ဆီက ဂမ္ဘီရနည်းတစ်နည်းကို ဖတ်ပြီးတဲ့အခါမှာ ကိုယ့်ဟာ ကိုယ် လွတ်လွတ်လပ်လပ်ခံစားကြည့်ပါ၊ ပြီးတော့ ဖြည့်ချင်စရာရှိတာ ဖြည့်ပါ၊ ပယ်ချင်စရာရှိတာ ပယ်ပါ၊ နောက်ဆုံးမှာ စာအုပ်ထဲက သူတို့နည်းမဟုတ်တော့ဘဲ ကိုယ်ပိုင်ဂမ္ဘီရနည်းဖြစ်သွားလိမ့်မယ်၊ အကောင်း ဆုံးအကြံပေးချင်တာက ငါတို့မြန်မာပိုင် ခင်ကြီးဖျော်ရဲ့ အင်္ဂဝိဇ္ဇာနည်းတွေ၊ ဘိုးဘိုးအောင်ရဲ့ စမနည်းတွေကို သူတို့စနစ်နဲ့ပေါင်းစပ်လိုက်ရင် မင်းရဲ့ ကိုယ်ပိုင်ဂမ္ဘီရနည်း ဖြစ်သွားပြီပေါ့. . .”ဟု ကိုနောင်ဘီက ပြောပြလေ၏။

“ဟောဒီစာကြောင်းကိုလည်း နားထောင်ကြည့်ဦးကွ”ဟု ဆိုကာ-

“The final step is to determine the appropriate time for casting you spell. Remember that working in harmony with the phases of the moon, astrological influuences, and planetary hours will add additional energy to your magick.တဲ့၊

ဒီဝါကျရဲ့အဓိပ္ပာယ်ကတော့-

'ဂမ္ဘီရအလုပ်တွေလုပ်တဲ့အခါမှာ တိကျတဲ့အချိန် သတ်မှတ်ဆုံးဖြတ် ဖို့လိုတယ်တဲ့၊ အဲဒီဟာအတွက်ကိုတော့ စန်းလို့ခေါ်တဲ့ လကို ဂရုစိုက်ရမယ်တဲ့၊ လဆန်းလား၊ လဆုတ်လား၊ လပြည့်လား၊ လကွယ်လား. . .၊ အဲဒါနဲ့ကြည့်ပြီး အလုပ်လုပ်ရမယ်တဲ့၊ အကောင်းဆုံးကတော့ သံနိဋ္ဌပြက္ခဒိန်နဲ့ တွက်ယူပေါ့ ကွာ၊ အဲဒီလိုလုပ်လိုက်မယ်ဆိုရင် နက္ခတ္တဗေဒ စန်းဂြိုဟ်အားလည်း မင်းရဲ့ အလုပ်မှာ ပါဝင်ပြီးသားဖြစ်သွားလိမ့်မယ်တဲ့၊ စန်းဂြိုဟ်ဘယ်ရာသီ ရောက်ရင် လုပ်မယ်၊ စန်း ဘယ်နေ့အသာရောက်ရင် လုပ်မယ်၊ စန်းနဲ့ဘယ်ဂြိုဟ် နဲ့မြင်နေ ရင်လုပ်မယ်၊ ယှဉ်နေရင် လုပ်မယ်ပေါ့ကွာ. . .၊ မင်းအနေနဲ့ ဆရာကြီး ဦးကျော်စိန်ထွန်းဆီက နက္ခတ္တဗေဒလည်း သိပြီးပြီဆိုတော့ အခက်အခဲမရှိ တော့ပါဘူး”ဟု ပြောလေ၏။

“နောက်တစ်ခုကတော့ စကားပြောတဲ့ဆိုတဲ့အခါမှာ ဂမ္ဘီရသမားမှာ နှဘောလေးတွေ၊ ကာရံလေးတွေချိတ်ပြီး ပြောတတ်အောင် လေ့ကျင့်ထားရ မယ်. . .၊ ဥပမာကွာ. . . 'ခင်ဗျားအကျိုးပြီးအောင် မိုးသီးက ဆောင်ရွက် ပေးမှာပါ'ဆိုတာမျိုးပေါ့ကွာ. . .၊ အဲဒါလည်းပဲ လိုအပ်တယ်ကွ၊ 'ခင်ဗျား ထံကောင်းပြီ၊ ကံကြီးလို့ မိုးသီးနဲ့လာတွေ့ရတာ. . .၊ အညှံ့တွေပြီးပြီလို့မှတ်'၊

www.burmeseclassic.com

www.burmeseclassic.com



အဖိုးကြီးစွာ မပေးရဘဲ မိုးသီးရဲ့ယတြာဟာ ခင်ဗျားရဲ့ဆိုးကျိုးတွေ ပြီးသွားမယ်. . .'လို့ ပြောတာမျိုးပေါ့ကွာ. . .၊ 'မိုးသီးက တန်ခိုးမကြီးပါဘူး ခင်ဗျား အတွက် ကောင်းမယ့်နည်းလမ်းတွေ သိထားတာပါ၊ မိုးသီးဆိုတာ အပေါ်က လာတာနော်၊ ဘိုးသိကြားနဲ့ကိုယ်စားလှယ်ပဲ'လို့ ပြောတာမျိုးပေါ့ ကွာ. . .၊ ပြီးတော့ အလွန်သာယာတဲ့ ခေါင်းလောင်းလေးတစ်ခုလည်း ဆောင်းထားရ မယ်ကွ၊ အရေးကြီးတဲ့စကား တစ်ခါပြောပြီးတိုင်း ခေါင်းလေးကို တစ်ခါတီး ရမယ်ကွ၊ အဲဒီလိုလုပ်လိုက်ရင် မင်းပြောတဲ့စကား တွေကို မင်းပရိသတ်က နားစွဲတာပေါ့ကွာ. . .”ဟု ရှင်းပြလေ၏။

ဤသို့ပင် ကိုနောင်ဘီသည် တစ်လတိတိ မိုးသီးအား အသေးစိတ် သင်ပေးလေ၏။ ထို့နောက် သူသည် သံဖြူဆိုင်သို့ သွားရောက်ကာ အနက် ရောင်သံပုံလေးတစ်ပုံးလုပ်လာလေ၏။ ထိုသံပုံးအနက်ကလေးကို ဖွင့်လိုက် သောအခါ အတွင်းမှ လင်းတောက်သော အပြာရောင် မီးသီးကလေးလည်း ပွင့်လာလေ၏။

“ဒီမှာ မိုးသီး၊ ဟောဒီအပြာရောင်လေးကို ပထမမျက်စိမှာ စွဲအောင် ကြည့်ရမယ်၊ မျက်စိမှာ စွဲသွားရင် နှလုံးသားမှာ စွဲအောင်ကြည့် ရမယ်၊ ဘယ်တော့ပဲ အာရုံပြုလိုက် ပြုလိုက် မင်းရဲ့နှလုံးအိမ်မှာ အဲဒီ အပြာရောင်လေး လင်းနေရမယ်၊ အဲဒီအလင်း ဓာတ်ကလေးနဲ့ မင်း ဆောင်ရွက်ရမယ့် ဂမ္ဘီရနည်းကို ရှာရမှာကွ”ဟု ရှင်းပြလေ၏။

မိုးသီးအဖို့ ကိုနောင်ဘီ လာရောက်နေသွားသော တစ်လသည် လွန်စွာ အကျိုးရှိခဲ့လေ၏။ ဂမ္ဘီရနှင့်ပတ်သက်သော ဉာဏ်များလည်း ဖွင့်သွားလေ တော့၏။ မိုးသီးသည် ကိုနောင်ဘီပြောသည့်နည်းစနစ်တို့ ကြိုးစား၍လုပ်ကိုင် လေ၏။ ထို့ကြောင့် သူ၏လုပ်ငန်းသည် များစွာတိုးတက် ခဲ့ပြီဖြစ်၏။ တစ်နေ့တွင် ကိုနောင်ဘီက-

“မင်းရဲ့ဗေဒင်ဆိုင်မှာ ဗေဒင်ဟောဖို့ လူကိုစောင့်ရင်း တခြားအွေ ရာ လေးပါးတွေ စိတ်မကူးနဲ့ကွ. . .၊ စာရေးဖို့စိတ်ကူးပြီး စိတ်ကူးမှာပေါ် လာတဲ့ ဇာတ်လမ်းတွေကို ဝတ္ထုရေးဖို့စဉ်းစားကွ၊ အဲဒါမှ မင်းဖြစ်ချင်တဲ့ စာရေးဆရာ ဖြစ်မှာ. . .၊ အဲဒါကိုလည်း မမေ့နဲ့ကွ ကြားလား. . .”ဟု ပြောပြလေ၏။



တစ်နေ့တွင် မိုးသီး၏ ဗေဒင်ဆိုင်ခန်းသို့ တစ်ခါက လာရောက်ဖူး သော ကောင်းဖို့ဘက်မှ မိန်းကလေးသည် တစ်ခေါက် ရောက်လာပြန်၏။ ထိုအခါ မိုးသီးက-

“အလို. . . မတွေ့တာတောင်ကြာပြီ၊ ကောင်းဖို့က အကြောင်းပို့လို့ ရောက်လာတဲ့ သူရဿတီဂေါ်ရခါး ဒေဝီလေ. . . ဆိုဗျာ. . .”ဟု ပြော လိုက်ရာ မိန်းကလေးက-

“အမယ်လေး. . .၊ ဆရာက ကျွန်မကို နဘေတွေ ကာရံတွေနဲ့ မြှောက်ပြောလိုက်တော့ ကျွန်မဖြင့် မြှောက်သွားတာပဲ၊ ဆရာရဲ့ရုပ်ရည် ဆရာရဲ့အပြောအဆိုနဲ့ တောင်ကြီးမှာ ချစ်သူတစ်ယောက်တော့ ရနေပြီထင် တယ်. . .”ဟု မိန်းကလေးက နောက်လိုက်လေ၏။ ထိုအခါ မိုးသီးက-

“မိုးကြိုးပွတ်ရစေရဲ့ဗျာ. . .၊ ချစ်သူဆိုလို့ ညောင်းလို့ နှိပ်ခိုင်းဖို့ တောင် မရှိပါဘူး. . .”ဟု ပြောလိုက်လျှင် မိန်းကလေးသည် သွားများပေါ် သည်အထိ ရယ်လေ၏။

“ဆရာက ချစ်သူကို ညောင်းရင်နှိပ်ခိုင်းဖို့လောက်ပဲ သုံးမှာလား. . .၊ ချစ်သူက အနှိပ်သည်မဟုတ်ဘူးလေ၊ ကျွန်မတို့ရွာမှာ ကျွန်မတို့အစ်ကိုကြီး အရွယ်'တားလ်'ဆိုတဲ့ ဂေါ်ရခါးလူမျိုး တစ်ယောက်ရှိတယ်၊ ရုပ်ရည်က သိပ်ပြီး ချောတယ်၊ သူက မုဆိုးလိုက်တဲ့အလုပ်ကို ဝါသနာပါတယ်၊ မိန်းမတွေက သူ့ကို သဘောကျကြပါတယ်၊ ဒါပေမဲ့ သူ့ရဲ့ဆုံးဖြတ်ချက်မှာက မုဆိုးလိုက် တတ်တဲ့ မိန်းမတွေ့မှ ယူမယ်တဲ့. . .၊ မုဆိုးလိုက်တတ်တဲ့မိန်းမရယ်လို့ ဘယ်ရှိမလဲ ဆရာရယ်. . .၊ မုဆိုးလိုက်တတ်တဲ့ မိန်းမတော့ မရဘူး၊ မုဆိုးမ တစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်. . . ဆရာလည်း ဒီလိုဖြစ်နေဦး မယ်နော်. . .”ဟု ပြောကာ ရယ်ပြန်လေ၏။ ထိုအခါ မိုးသီးက-

“အဲဒီလိုဖြစ်လည်း မတတ်နိုင်ဘူးလေ. . .၊ ရတာနဲ့ပဲ ရောင့်ရဲရမှာပဲ” ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မိန်းကလေးက-

“ဆရာ့အကြောင်းကို အိမ်မှာ ပြန်ပြီးပြောပြတယ်၊ အဖေရော အမေ ရော၊ အဒေါ်ရော စိတ်ဝင်စားကြတယ်၊ သူတို့လည်း ဆရာဆီလာကြ ဦးမယ်” ဟု ပြောလေ၏။

“မင်းရဲ့လူကြီးတွေက အဲဒီဆရာ့ဆီ ခဏခဏ မသွားနဲ့လို့ မမှာ ဘူးလား. . .”ဟု မိုးသီးက မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမှာပါဘူး ဆရာရယ်. . .၊ ဘာဖြစ်လို့လဲ"ဟု ပြန်၍မေးလေ၏။

"မင်း ဒီလောက် စိတ်ဝင်တစား ပြောနေတယ်ဆိုတော့ မင်းအနေနဲ့ ငါ့အပေါ် စိတ်ဝင်စားသွားမှာ စိုးလို့ပေါ့"ဟု ပြောလိုက်လျှင် မိန်းကလေးက-

"ကျွန်မက ဆရာ့ကို စိတ်ဝင်စားတာမှမဟုတ်ပဲ၊ သူတို့လည်း အဲဒါကို သိပါတယ်၊ ကျွန်မ အခုလာတာကလည်း ကျွန်မတို့ဘက်က ကုန်စိမ်းတွေ ထွက်တယ်၊ ကျွန်မ ကုန်စိမ်းပွဲရုံလုပ်ချင်လို့ လာပြီးမေးတာပါ၊ နေရာဝယ် ရမှာရယ်၊ ပွဲရုံအဆောက်အဦး ဆောက်ရမှာရယ်၊ ငွေစိုက်ထားမယ်ဆိုတော့ အရင်းအနှီးများတယ်၊ ရှုံးသွားလို့မဖြစ်ဘူး. . .၊ အဲဒါကြောင့် ဗေဒင်မေး ပြီးမှ လုပ်မယ်လို့ စဉ်းစားပြီးလာခဲ့တာပါ. . ."ဟု ပြောလေ၏။ မိုးသီးလည်း တွက် ကြည့်ပြီးနောက်-

"အလွန်လုပ်သင့်ပါတယ်၊ မရှုံးပါဘူး. . .၊ ပွဲရုံနာမည်ကို 'စိမ်းလဲ့ မြေလွှာ'လို့ပေးလိုက်ပေါ့. . .၊ မင်းမှာက အင်္ဂါရော၊ ဗုဒ္ဓဟူးရော၊ ကြာသပတေး ရော ကောင်းတယ်လေ. . ."ဟု ပြောလိုက်လျှင် မိန်းကလေးက-

"ဆရာပေးတဲ့နာမည်ကို ကျွန်မ သဘောကျပါတယ်၊ ဒီကနေပြန်ရင် ပွဲရုံဆိုင်းဘုတ်တစ်ခါတည်း အပ်သွားတယ်. . ."ဟု ပြောလေ၏။ "ပွဲရုံဖွင့်တဲ့ နေ့မှာ စမူဆာနဲ့ လက်ဖက်ရည်တိုက်ပြီး ဖွင့်လိုက်ပါ။ မင်းရဲ့ပွဲရုံဟာ နေ့ချင်း ညချင်း နာမည်ကြီးသွားပါလိမ့်မယ်"ဟု ပြောလိုက်လျှင် ထိုမိန်းကလေးက-

"ပွဲရုံဖွင့်ပြီးရင် ရွှေဖရုံသီးအလုံးလှလှကြီးတွေ ဆရာစားဖို့ လက်ဆောင် လာပြီးပေးမယ်. . ."ဟု ပြောလိုက်လေ၏။

"အမှန်ပဲဗျာ. . .၊ ကျုပ်က ရွှေဖရုံသီး သိပ်ပြီးကြိုက်တာ. . .၊ ခုနစ် ဆယ်သားလောက်ရှိတဲ့ ကြက်နုနုလေးနဲ့ မင်းပေးတဲ့ ရွှေဖရုံသီးနဲ့ အရည်သောက် လေး ချက်ပြီးစားဦးမယ်"ဟု ပြောလိုက်လျှင် မိန်းကလေးက-

"ကျွန်မက အသားမစားလို့. . .၊ အသားစားရင်တော့ ဆရာချက် တဲ့ဟင်းကို လာပြီးစားကြည့်ချင်ပါရဲ့. . ."ဟု ပြောလိုက်လေ၏။

"နေဦး . . . နေဦး . . .၊ ရွှေဖရုံသီးကို အသားမပါဘဲချက်ထားတာ တစ်နေ့ယူလာခဲ့ဦးမယ်. . .၊ အဲဒါလေး စားကြည့်ပေါ့. . ."ဟု မိုးသီးက ပြောလိုက်လေ၏။ ထို့နောက် မိန်းကလေးလည်း နှုတ်ဆက်ကာ ပြုံးရယ်၍ ပြန်သွားလေတော့သတည်း။

* * * * *





## အခန်း (၆၂)

### မိုးသီးရန်ကုန်တွင် ဗေဒင်လက္ခဏာဆိုင်ဖွင့်ခြင်း

မိုးသီးသည် တောင်ကြီးမြို့သို့ ရောက်ရှိနေသည်မှာ (၃)နှစ်ကျော် ခဲ့ပြီဖြစ်၏။ ဗေဒင်လက္ခဏာဟောပြောသော အလုပ်ဖြင့် အခြေကျစေရန် အတွက် ၁၉၇၈ ခုနှစ်တွင် ရန်ကုန်သို့ ဆင်းလာခဲ့လေ၏။ ရန်ကုန်သို့ရောက် သော်လည်း ဗေဒင် လက္ခဏာဟောပြောရန် ဆိုင်ရှာရာ ဆိုင်မရသဖြင့် မဟောရဘဲ ရှိနေလေ၏။ မိုးသီးသည် ဆိုင်ရရန်အတွက် နေ့စဉ်နေ့တိုင်း ရန်ကုန်မြို့ထဲသို့ ထွက်၍ ဆိုင်ရှာလေ၏။

တစ်နေ့တွင် ဗန္ဓုလပန်းခြံအနီး၌ ငယ်သူငယ်ချင်း 'သိန်းဖေ'ဆိုသူ နှင့်တွေ့လေ၏။ သိန်းဖေက အားရဝမ်းသာပင်-

"ဟေ့ မိုးသီး . . .၊ မင်း အခု ဘယ်ရောက်နေသလဲ၊ မမြင်တာ ကြာပြီ . . . "ဟု မေးလေ၏။

"ငါက တောင်ကြီးမှာသွားပြီး ဗေဒင်လက္ခဏာ ဟောနေတာကွ. . .၊ ဒါကြောင့် မတွေ့တာ. . ."ဟု ကျွန်ုပ်ကပြောရာ သိန်းဖေက-

"လက်ဖက်ရည်သောက်ဦးကွာ. . ."ဟု ဆိုကာ လက်ဖက်ရည်ဆိုင် သို့ခေါ်သွားလေ၏။ မိုးသီး နှင့် သိန်းဖေသည် ငယ်သူငယ်ချင်းဖြစ်ရုံမက မိုးသီးသည် သိန်းဖေ၏ ညီမ 'အမွှား'ဆိုသည့် မိန်းကလေးကို နီးသူပေါင်း သင်းဖူး၏။ ထို့ကြောင့် သူငယ်ချင်းသက်သက်မဟုတ်။ ယောက်ဖတော်ခဲ့ ရှူး၏။ ထိုအခါ သိန်းဖေက-



www.burmeseclassic.com

www.burmeseclassic.com



"အခု မင်း ရန်ကုန်ပြန်ရောက်ပြီ၊ မင်း အခု ဘာအလုပ်လုပ်မလဲ" ဟု မေးလိုက်ရာ မိုးသီးက -

"ဘာအလုပ်လုပ်ရမှာလဲကွာ. . .၊ ငါက ဗေဒင်ဆရာ၊ လက္ခဏာ ဆရာပဲ၊ ဗေဒင်ဟောမှာပေါ့. . .၊ အခု ငါဆိုင်လိုက်ရှာနေတာ. . .၊ ဆိုင် မရသေးလို့ကွ. . ."ဟု ပြောလိုက်လျှင် သိန်းဖေက-

"ဒီလိုလုပ်ကွာ. . .၊ ငါနဲ့ညီအစ်ကိုဝမ်းကွဲတော်တဲ့ ကောင်လေး တစ်ကောင်ရှိတယ်၊ သူ့နာမည်က 'သာဒွေး'တဲ့၊ သူ့အခန်းက ဗိုလ်ချုပ်လမ်းနဲ့ မဟာဗန္ဓုလပန်းခြံလမ်းထောင့်မှာကွ၊ ဒုတိယထပ်တဲ့. . .၊ သူတို့အခန်းမှာရှိတဲ့ ဝရံတာက တော်တော်ကျယ်တယ်ကွ. . .၊ မင်းအနေနဲ့ ဗေဒင်ဟောဖို့၊ လက္ခဏာဟောဖို့ကတော့ အဲဒီဝရံတာလောက်ကျယ်ရင် ရပါတယ်ကွာ. . .၊ စားပွဲလေးတစ်လုံး ချရုံပဲမဟုတ်လား၊ ငါပြောပေးပါ့မယ်. . .၊ ပြီးတော့ အဲဒီ အိမ်က လူရှင်းတယ်ကွ. . .၊ သူ့မိန်းမက ဗိုလ်ချုပ်ဈေးထဲမှာ ဘော်လီ အင်္ကျီ ဆိုင်ဖွင့်ထားတယ်ကွ. . .၊ မိုးလင်းတာနဲ့သွားရော. . .၊ ကလေး နှစ်ယောက်ရှိတယ်၊ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်၊ သူတို့က လည်း မိုးလင်းတာနဲ့ ကျောင်းသွားရောကွ. . .၊

အင်ဂလာဆိုတဲ့ အိမ်ဖော်ကုလားမလေးတစ်ယောက်ကတော့ အိမ်မှု ကိစ္စတွေလုပ်ပြီး ကျန်ခဲ့တယ်. . .၊ သာဒွေးက ပန်းချီဆရာကွ. . .၊ သူ့အနေ နဲ့တစ်နေကုန် သူ့ပန်းချီသူဆွဲနေတာပဲ၊ မင်းအတွက် အနှောင့် အယှက်မဖြစ် ပါဘူး၊ ငါပြောပေးမယ်"ဟု ဆိုလေ၏။ ထိုအခါ မိုးသီးက-

"ဟေ့ကောင် သိန်းဖေ၊ ပြောဆိုရင် အခုသွားပြောကွာ၊ ညနေလောက် ကို ငါသိချင်တယ်. . ."ဟု ပြောလိုက်ရာ သိန်းဖေလည်း လက်ဖက်ရည်ဖိုး ရှင်းပြီးနောက်-

"အခုကို ငါသွားပြောမယ်ကွာ. . .၊ ညနေ ငါ မင်းအိမ်ကိုလာခဲ့ မယ်. . ."ဟု ပြောက ထွက်သွားလေ၏။ မိုးသီးသည် သိန်းဖေအား အိမ်မှပင် စောင့်နေလေ၏။ ညနေသို့ရောက်သောအခါ သိန်းဖေအိမ်သို့ ရောက်လာ လေ၏။

"မိုးသီးရေ. . .၊ အဆင်ပြေတယ်ကွ၊ မင်း အဲဒီမှာ ဗေဒင်ဟောပေ တော့. . .၊ တစ်လမှ ဆိုင်လခအဖြစ် (၁၅၀)ပဲ ပေးရမယ်. . ."ဟုဆိုသဖြင့် မိုးသီးသည် သိန်းဖေကို ကျေးဇူးတင်စကားပြောပြီးနောက် ထိုနေရာတွင်





ဗေဒင်လက္ခဏာ ဟောပြောရန်အတွက် စားပွဲခုံများ၊ ကုလားထိုင်များရှာရ လေတော့၏။ နှစ်ရက်အတွင်း၌ပင် အလုံးစုံပြည့်စုံသွားလေတော့၏။ ထို့ကြောင့် ထိုနေရာတွင် ဗေဒင်လက္ခဏာ စ၍ ဟောလေတော့၏။

မိုးသီး ဆိုင်စ၍ဖွင့်သောအခါ မိုးသီးသည် စားပွဲခုံပေါ်တွင် ရှင်သီဝလိ ဆယ်ဂါထာရွတ်၍ ရေကိုမန်းပြီးလျှင် ထိုရေများဖြင့် တောက်လေ၏။ ထိုအချိန် ၌ ထိုအခန်းသို့ ၎င်းနှင့်အိမ်ထောင်ကျဖူးသော အမွှားဆိုသည့် မိန်းမနှင့် လူငယ်တစ်ဦး တွဲ၍တက်လာကြလေ၏။ ၎င်းတို့သည် အိမ်ရှင်သာဒွေး၏ မိန်းမ ဘော်လီဆိုင်ပိုင်ရှင်နှင့်တွေ့ရန်ဖြစ်၏။ သာဒွေးနှင့် အမွှားမှာလည်း မောင်နှမ ဝမ်းကွဲတော်ကြလေ၏။ အမွှားနှင့်ပါလာသော လူငယ်သည် သာဒွေးအား-

"ဟိုစားပွဲခုံနဲ့လူက ဘာလုပ်တာလဲ. . ."ဟု မေးလေ၏။ ထိုအခါ သာဒွေးက-

"မင်း ဒီအိမ်ပေါ်ကိုတက်လာတုန်းက သေသေချာချာ မကြည့်ခဲ့လို့ ပါ. . .၊ အပြင်မှာ ဆိုင်းဘုတ်ချိတ်ထားတယ်ကွ၊ ဗေဒင်လက္ခဏာဆရာကွ ဆရာမိုးသီးတဲ့. . ."ဟု ပြောလိုက်လျှင်-

"ကျွန်တော် သွားမေးမယ်. . ."ဟု ပြောကာ မိုးသီး၏စားပွဲရှေ့ ကုလားထိုင်တွင် ဝင်၍ထိုင်လေ၏။ ထို့နောက် ထိုလူငယ်က မိုးသီးအား-

"အစ်ကို. . .၊ ကျွန်တော် လက္ခဏာမေးချင်လို့ပါ၊ ဆရာ မခေါ်ဘဲ အစ်ကိုခေါ်တာ စိတ်မဆိုးပါနဲ့နော်၊ ဆရာ့အသက်ကို ခန့်မှန်းရတာ ကျွန်တော့် အစ်ကိုနဲ့ရွယ်တူလောက်ရှိလို့ပါ. . ."ဟု ပြောလေ၏။

ရပါတယ်. . .၊ မောင်ရင့်နာမည်ပြော. . ."ဟု မေးလိုက်ရာ ၎င်း သူငယ်က-

"ကျွန်တော့်ကို အများက 'ဘောဘော'လို့ ခေါ်ပါတယ်၊ ကျောင်း နာမည်တော့ရှိပါတယ်၊ ဘယ်သူမှမခေါ်ဘူး၊ ဘောဘောပဲတွင်နေပါပြီ. . ." ဟု ပြောလေ၏။ ထို့နောက် မိုးသီးသည် ဘောဘော၏ မွေးသက္ကရာဇ်ကို မေး၏။ ဘောဘောကလည်း မွေးသက္ကရာဇ်ကို ပြည့်စုံစွာဖြေကြားလေ၏။ မိုးသီးသည် ဘောဘောအား အကဲခတ်သလိုကြည့်လိုက်လေ၏။ ဘောဘော သည် အလွန်ဝဖီးသော သူငယ်ဖြစ်၏။ ပါးစုန့်ကြီးများဖောင်း၍ ထွက်နေ၏။ လက်တွင် ရွှေလက်ပတ်ကြီးပတ်ထား၏။ လည်ပင်းတွင်လည်း ရွှေကြိုးအကြီး ကြီးဆွဲထား၏။ လက်ကောက်ဝတ်တွင်မူ ရွှေဟန်းချိန်ကြိုးတစ်ကွင်းဝတ်ထား

www.burmeseclassic.com



၏။ လက်ချောင်းများတွင် များစွာသော ရွှေလက်စွပ်များ စွပ်ထား၏။

မိုးသီးသည် ဘောဘောကို ကြည့်ပြီးနောက် ၎င်း၏စိတ်တွင်-

"ဖားအပါအဝင် ပါးဖောင်းတဲ့သတ္တဝါတွေဟာ အသိဉာဏ်နည်းတတ်တယ်လို့ နားလည်တဲ့လူတွေ ပြောဖူးတယ်၊ ငါရှေ့ရောက်နေတဲ့ ဝေတီဟာ ပါးအလွန်ဖောင်းတဲ့ သတ္တဝါပဲ. . ."ဟု တွေးမိလေ၏။ ဘောဘောသည် အနောက်တိုင်းတီးလုံးတစ်ခုကို ညည်းကာ စားပွဲခုံကို လက်ဖြင့်ခေါက်နေလေ၏။

"လက်မနေနိုင်၊ ခြေမနေနိုင်ရှိတဲ့လူတွေဟာ စိတ်လည်း ဂဏာမငြိမ် ရှိတတ်တယ်လို့ နားလည်တဲ့လူတွေက ပြောဖူးတယ်"ဟု တွေးမိပြန်၏။

မိုးသီးသည် ဘောဘောကို ဒုတိယအကြိမ် အကဲခတ်ကြည့်ရှုပြန်၏။ ဘောဘော၏မျက်လုံးအိမ်သည် မငြိမ်ဘဲ ဟိုရွှေ့ဒီရွှေ့လုပ်နေ၏။

"မျက်စိသူငယ်အိမ်မငြိမ်တဲ့လူတွေဟာ ရူးတတ်တယ်လို့ နားလည်တဲ့လူတွေက ပြောဖူးတယ်. . ."ဟု တွေးမိပြန်၏။

မိုးသီးသည် ဘောဘော၏လက္ခဏာကို ကြည့်၍ဟောနေ၏။ ဟော၍ပြီးသောအခါ-

"ကဲ. . . မောင်ဘောဘော၊ ငါ့ဘက်ကတော့ ဟောပြီးပြီ၊ မင်းသိချင်တဲ့မေးခွန်းတွေ မေးပေတော့. . ."ဟု ပြောလိုက်ရာ ဘောဘောက-

"အစ်ကို ကျွန်တော်က လက်ထပ်တော့မှာ. . .၊ ကျွန်တော်လက်ထပ်မယ့်အမျိုးသမီးက ကျွန်တော်ထက် အသက်အများကြီးကြီးတယ်၊ သူ့နာမည်က အမွှားတဲ့၊ စောစောက ကျွန်တော်နဲ့အတူ တက်လာပြီး သူက မီးဖိုထဲကို ဝင်သွားတယ်လေ"ဟု ပြောလေ၏။ ထိုအခါ မိုးသီးသည် ဘောဘော၏ မျက်နှာကို အံ့သြသကဲ့သို့ ကြည့်လိုက်လေ၏။

"နောက်တစ်ခုပြောရဦးမယ် အစ်ကို၊ သူဟာ အပျိုမဟုတ်ဘူး အထည် စက်ရုံကြီးတစ်ရုံပိုင်တဲ့ သူဌေးသားတစ်ဦးရဲ့ ကီပင်ဖြစ်ဖူးတယ် အခုတော့ ပြတ်သွားပါပြီ၊ အဲဒါကို ကျွန်တော် လက်ထပ်သင့်မသင့် အစ်ကိုပညာနဲ့ ဆုံးဖြတ်ပေးစမ်းပါ. . ."ဟု ပြောလေ၏။

"နေစမ်းပါဦး မောင်ဘောဘောရဲ့. . .၊ မင်းက အခု ဘာအလုပ်လုပ်သလဲ. . ."ဟု မေးလိုက်ရာ ၎င်းက





"ကျွန်တော်က အာ(ရ်)အိုနဲ့ သင်္ဘောတက်ဖို့ စောင့်နေတာ. . .၊ ကျွန်တော်နဲ့လက်ထပ်မယ့် အမျိုးသမီးကတော့ ဗိုလ်ချုပ်ဈေးထဲမှာ နာမည်ကြီးတဲ့ အပ်ချုပ်ဆိုင်ကြီးတစ်ဆိုင်ရဲ့ ပိုင်ရှင်ပါပဲ၊ သူကိုယ်တိုင်လည်း ချုပ်ပါတယ်၊ သတို့သမီးဝတ်စုံတွေ၊ ဘွဲ့ယူတဲ့အခါမှာဝတ်ဖို့ အဝတ်အစားတွေချုပ်တဲ့နေရာမှာ အလွန်ပဲနာမည်ရပါတယ်၊ ဝင်ငွေလည်း အလွန်ကောင်းပါတယ်။

'အန်တီမွှားအပ်ချုပ်ဆိုင်'ဆိုရင် လူတိုင်းသိပါတယ် အစ်ကို. . .၊ ကျွန်တော့်မှာက 'မော့(စ်)စဗစ်'ကားလေးတစ်စီးရှိပါတယ် အစ်ကို၊ အန်တီမွှား ဆိုင်လိုက်ပို့ရတယ်၊ ပြန်ပြီးကြိုရတယ်၊ အန်တီမွှား သွားချင်တဲ့နေရာကို အခုလို လိုက်ပို့ရတယ်. . .၊ လောလောဆယ် ကျွန်တော့်ရဲ့အလုပ်ကို ပြောပါဆိုရင် အန်တီမွှားရဲ့ ဒရိုင်ဘာပါပဲ. . .၊

စောစောက ကျွန်တော် မေးထားတဲ့မေးခွန်းကို ဖြေပေးပါ အစ်ကိုရယ်. . .၊ ကျွန်တော် အဲဒီအမျိုးသမီးကို လက်ထပ်သင့်မသင့်ပေါ့. . .၊ အခု လောလောဆယ်လည်း သင်္ဘောတက်ဖို့ ကိစ္စက ငွေကုန်တယ် အစ်ကိုရဲ့. . .၊ သူပဲ စိုက်ပေးထားတာ"ဟု ပြောလေ၏။ မိုးသီး၏ရင်၌ အောင့်တောင့်တောင့် ဖြစ်နေ၏။ ဖြေရမည်ကို ချွေးများပျံနေ၏။ ထို့နောက်မှ ကြွန်ဆြေဆည်လိုက် ပြီးလျှင်-

"စကားပုံရှိသားပဲကွာ. . .၊ ကြီးရင်မှိ၊ ငယ်ရင် ချိတဲ့၊ မင်းအတွက်သည်း လောလောဆယ်လည်း အားကိုးရတယ်. . .၊ နောက်ကိုလည်း အားထိုးရမယ့် အမျိုးသမီးပါကွာ. . .၊ ကံကောင်းလို့ အချောင်ရတဲ့နွားကို မင်းဘာလို့ သွားဖြဲကြည့်နေတာလဲ. . ."ဟု ဖြေလိုက်လျှင် ဘောဘောသည် စားပွဲခုံကို လက်ဝါးဖြင့် ဖြောင်းခနဲ ရိုက်လိုက်ပြီးနောက်-

"အိုကေပြီ အစ်ကိုရေ. . .၊ မင်္ဂလာပါပဲ. . .၊ အခုကို ရုံးခေါ်သွားပြီး ကုတ်မဲရစ်လုပ်လိုက်မယ်. . ."ဟု ပြောလိုက်လေ၏။ ထိုအခါ မိုးသီးက-

"ကုတ်မဲရစ်မဟုတ်ပါဘူးကွာ၊ ဗွတ်ဒ်မဲရစ်ပါ၊ နိုးမြေကျပေါင်းရပါစေသို့ ဆုတောင်းပေးလိုက်ပါတယ်. . ."ဟု ပြောလိုက်လျှင် ဘောဘောသည် အဘွဲ့ကာဟောခ ငွေတစ်ဆယ် ထုတ်၍ပေးလိုက်လေ၏။ မိုးသီးသည် ထိုငွေတစ်ဆယ်ကို နမ်းလိုက်ပြီးနောက်-



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဈေးဦးပေါက်ပိုက်ဆံပဲ၊ သူတော်ကောင်းပိုက်ဆံ၊ အဖော်ဆွေ...
...ခေါ်ခဲ့. . . "ဟု ဆိုကာ စားပွဲခုံကို ထိုငွေတစ်ဆယ်ဖြင့် ရိုက်လေ၏။

ထိုအချိန်မှပင် မီးဖိုအတွင်းမှ အမွှားဆိုသောမိန်းမ ထွက်လာပြီးလျှင်-

"ဟဲ့ ဘောဘော၊ လာ သွားမယ်. . . "ဟု ခေါ်လိုက်လေ၏။

ထိုမိန်းမသည် မိုးသီးအား ခေါင်းကို တစ်ချက်ငဲ့စောင်း၍ ကြည့်လိုက်လေ၏။

ထိုအခါ ဘောဘောက-

"မမွှားလည်း လက္ခဏာလေးဘာလေး လာမေးပါဦးလား. . . အစ်ကိုက သိပ်ပြီးမှန်တာ. . . "ဟု ပြောရာ အမွှားဆိုသော မိန်းမက-

"လာပါ. . .၊ ဆိုင်ဖွင့်ရဦးမယ်. . .၊ နောက်ကျနေပြီ. . . "ဟု ပြောကာ ခေါ်သွားလေတော့၏။

မိုးသီး၏ရင်သည် အခုန်မြန်၍ ကျန်ခဲ့လေတော့၏။ မည်မျှမြ... ...နည်း ဆိုမူ ရင်ခုန်သံနှစ်ချက်တွင် တစ်စက္ကန့်မျှသာ ကြာ၏။ ထို့နောက် မိုးသီးက-

"ငါ့မှာ ဘယ်ဘဝက ဝဋ်ကြွေးတွေ ဆပ်နေရသလဲမသိဘူး"ဟု တိုးတိုးညင်ညင်ကလေး ညည်းလိုက်လေတော့သတည်း။

* * * * *





## အခန်း (၆၃)

**မိုးသီး မှန်တယ်မော့**

မိုးသီးသည် ဘားလမ်းထိပ်ရှိ သူတစ်ပါးပိုင် အခန်းရှေ့ရှိဝရံတာ ...တွင် ဗေဒင်ဟောပြောလျက် ရှိလေ၏။

ထိုအခန်းကိုပိုင်သော မိန်းကလေးမှာ ဗိုလ်ချုပ်ဈေးတွင် ဘော်လီ ...ချုပ်သောဆိုင်တစ်ဆိုင် ဖွင့်ထား၏။ ၎င်းမိန်းကလေးသည် ဗိုလ်ချုပ်ဈေး နှင့်ပတ်သက်သော မိတ်ဆွေအပေါင်းအသင်းများစွာရှိ၏။ ဈေးပိတ်သောနေ့များတွင် ထိုမိန်းကလေးထံသို့ လာရောက်လည်ပတ်တာ ...မိန်းကလေး အခန်းတွင် ပျော်ပွဲစားကြလေ၏။ ထွေရာလေးပါး ပြောဆို...၏။

တစ်ခုသောဈေးပိတ်ရက်တွင် ထိုမိန်းကလေးထံသို့ ကျောင်းဆရာ ...မယား လာ၍လည်၏။ ထိုလင်မယားသည် လင်ရောမယားပါမျက်နှာ၌ ...ျောက်ပေါက်မာရှိ၏။

မိုးသီးသည် တစ်နေကုန် ဗေဒင်လက္ခဏာဟောပြောလျက်ရှိ၏။ ...နေပိုင်းသို့ရောက်သောအခါ၌ ဗေဒင်လက္ခဏာမေးမည့်သူ မလာသဖြင့် ...သည် စာအုပ်တစ်အုပ်ကို ထုတ်၍ ဖတ်နေရ၏။

အချိန်ကုန်၍ ညနေပိုင်းသို့ရောက်သောအခါ ပစ္စည်းများကိုသိမ်း၍ ...အိတ်အတွင်းသို့ထည့်ကာ ပြန်မည်ပြုစဉ်၌ အထက်ကဆိုခဲ့သော ...မယားစုံတွဲအနက် ယောကျ်ားဖြစ်သူက

www.burmeseclassic.com



"ဘယ်လိုလဲ ဗေဒင်ဆရာ၊ ဆိုင်သိမ်းပြီးပြန်တော့မလို့လား"ဟု မေးလေ၏။

ထိုအခါ မိုးသီးက -

"ဟုတ်ပါရဲ့ဗျာ. . .၊ ပြန်တော့မလို့၊ ဒီအချိန်ပြန်မှ၊ ဒီ့ထက်နောက်ကျ ရင်တော့ ကားမရတော့ဘူး. . ."ဟု ပြန်၍ ပြောလိုက်လျှင် ထိုသူက-

"ကျုပ်က အခု ဗေဒင်မေးမလို့ဗျ. . ."ဟု ပြောရာ မိုးသီးမှာ အခက် တွေ့နေလေ၏။

ထိုအခါ အခန်းရှင်မိန်းကလေးက မိုးသီးအား-

"ဆရာမိုးသီးရယ်. . .၊ တစ်ယောက်လောက်တော့ ဟောပေးလိုက် ပါဦး. . ."ဟု ကြားမှဝင်၍ ပြောလေ၏။

မိုးသီးလည်း မတတ်သာသည့်အဆုံး၌-

"ဒီလိုဆိုတော့လည်း ဟောရတာပေါ့ဗျာ. . .၊ ကဲ. . . ကြွပေတော့" ဟု ဆိုကာ မိမိ၏စားပွဲသို့ ဖိတ်ခေါ်လေ၏။

သို့ရာတွင် ထိုကျောင်းဆရာက-

"အဲဒီကို ကျုပ်မလာနိုင်ဘူး. . .၊ ခင်ဗျား ဒီနားလာဟောချေ. . ." ဟု ပြောလေ၏။

မိုးသီးလည်း အောင့်သက်သက်ဖြစ်သွား၏။ နိုင့်ထက်စီးနင်းသော ထိုသူအားလည်း စိတ်ထဲတွင် ငြိုငြင်သွား၏။ ထို့ကြောင့် ဗေဒင် တွက်ရာတွင် အသုံးပြုသော အန္တရပြက္ခဒိန်များ၊ ဇာတာ ပုံနှိပ်ရန် ဇာတာ တံဆိပ်တုံးများ၊ စာရွက်စာတမ်းများကိုယူ၍ ထိုသူရှိရာသို့ သွားရလေ၏။

ထို့နောက် ထိုသူ၏ မွေးသက္ကရာဇ်ကိုမေးပြီးလျှင် ဇာတာခွဲ၍ တွက်စစ်ရလေ၏။ အလုံးစုံတွက်စစ်ပြီးသောအခါ၌ မိုးသီးအား ထိုသူက စတင်၍ ဟောတော့၏။

"အခု လာမယ့်သီတင်းကျွတ်လမှာ မိတ်ဆွေကြီးအဖို့ အိမ်ထောင်ရေး နဲ့ပတ်သက်ပြီး စိတ်မချမ်းသာစရာ ပေါ်တတ်တယ်"ဟု ပြောလိုက်ရာ ထိုသူက

"အဲဒါ ခင်ဗျားတို့ ဗေဒင်ဆရာတွေ ခက်တာပေါ့၊ ဘာမှတိကျတာ ဘူး. . .၊ ကျုပ်က ဒါကြောင့် အဲဒီပညာကို မယုံတာ. . .၊ တိတိကျကျပြော





ပေါ့ဗျာ. . .၊ အိမ်ထောင်ရေး စိတ်မချမ်းမြေ့စရာတွေ့မယ်ဆိုတာ လင်မယား ကွဲမှာလား. . .၊ သေမှာလား တိတိကျကျ ဟောပေါ့ဗျာ. . ."ဟု ဒေါနှင့် မောနှင့် ကြိမ်းမောင်းလေတော့၏။

"နောက်တစ်ခု ဗေဒင်ဆရာကို ပြောရဦးမယ်၊ ခင်ဗျား ဟောမယ့် လူကိုလည်း သတိထားဦးနော်. . .၊ ဘာမှမသိမတတ် နားမလည်တဲ့ နလပိန်း တုံးမဟုတ်ဘူးနော်၊ ခင်ဗျား ဟောချင်ရာတွေ ဟောတာကို ငြိမ်ပြီး နားထောင်မှာမဟုတ်ဘူး. . .၊ ပညာအရည်အချင်းကို ပြောပြ လိုက်ဦး မယ်. . .၊ B.A B.Sc အောင်တဲ့ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာ ကြီးဗျ. . ."ဟု ပြောလိုက်လေ၏။

ထိုအခါ မိုးသီးက-

"အိမ်ထောင်ရေးမှာ သေမယ်လို့မပါဘူး. . .၊ လင်မယားကွဲမယ်လို့ ပြောချင်တာပါ. . ."ဟု ပြောလိုက်လျှင် ထိုသူသည် လှောင်ရယ် ရယ်လေ၏။

"ခင်ဗျား ဒီပညာနဲ့ လုပ်မစားသင့်ဘူး. . .၊ သိပ်ပြီးညံ့တာပဲ. . .၊ ကိုယ်ဟောမယ့်လူရဲ့ အခြေအနေကိုလည်း လေ့လာဦးဗျ၊ ကျုပ်တို့လင်မယား ဘာ နယ်ကြီးတစ်နယ်က ဆွေကြီးမျိုးကြီးတွေဗျ. . .၊ ကျုပ်ကလည်း မိန်းမကို ဘယ်လောက်ကွဲချင် ကွဲချင်ကွဲလို့မရဘူး၊ ကျုပ်မိန်းမက ကျုပ်ကို ဘယ်လောက် ကွဲချင်ကွဲချင် ကွဲလို့မရဘူး၊ နှစ်ဦးနှစ်ဖက် ပတ်ဝန်းကျင်က အဲဒါကို ခွင့်ပြုမှာ မဟုတ်ဘူး. . .၊ တော်ပြီဗျာ. . . ဆက်မဟောနဲ့တော့၊ ခင်ဗျားဟောတာတွေ မှန်မှာလည်းမဟုတ်ဘူး. . ."ဟု ရင်းသီးစွာပြောလေ၏။

ထိုအခါ မိုးသီးက -

"ကျွန်တော် ခင်ဗျားကိုဟောတာ သီတင်းကျွတ်လလို့ ပြောတာပါ၊ ဒါကြောင့် အဲဒီအချိန်မရောက်မချင်း ကျွန်တော်ဟောတာကို မှန်တယ်လည်း ပြောခွင့်မရှိဘူး၊ မှားတယ်လည်း ပြောခွင့်မရှိဘူး. . ."ဟု ပြန်၍ ပြောလိုက် လျှင် ထိုသူက -

"မှားမှာပါဗျာ. . .၊လောင်းတောင်လောင်းရဲသေးတယ်၊ ဘယ်တော့မှ မကွဲဘူး၊ ကျုပ်တို့လင်မယား ဒီတစ်သက် ဘယ်တော့မှမကွဲဘူး. . .၊ အဲဒါ ကြောင့် ခင်ဗျားသွားတော့. . ."ဟု မိုးသီးအား ခွေးမောင်းသလို မောင်းထုတ် လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးလည်း ပစ္စည်းများကို ပြန်သိမ်းပြီးလျှင် အောင်းသီးအောင့်သက်ဖြင့် ထလာခဲ့ရလေတော့၏။ စိတ်အတွင်း၌မူ များစွာမခံချင် ဖြစ်နေမိ၏။

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး သီတင်းကျွတ်လသို့ ရောက်သောအခါ၌ ထိုလင်မယားသည် ကွဲတော့မည့်အခြေအနေသို့ ဆိုက်ရောက် လာတော့၏။ မိုးသီးသည် ထိုအခန်း၌ မရှိတော့ပေ။ မိဘနေအိမ်ဖြစ်သော အမှတ်(၁၄) ကျောက်ရေတွင်းလမ်းသို့ ပြောင်းရွှေ့၍ ထိုနေရာ၌ပင် ဗေဒင်ဟောနေပြီဖြစ်၏။

တစ်နေ့တွင် ထိုကျောက်ပေါက်မာ ကျောင်းဆရာသည် မိန်းမကြီး တစ်ဦးနှင့်အတူ မိုးသီးထံရောက်လာလေ၏။

မိုးသီးက မြင်လျှင် ၎င်းက ပြုံးပြ၍ -

"ကဲ. . . ဗေဒင်ဆရာရေ. . .၊ အရေးကြီးလာပြီဗျာ၊ တွက်ပေတော့၊ ဒီမနက် (၁၁)နာရီမှာ ရုံးတော်မှာ ကျုပ်မိန်းမနဲ့ ကျုပ်နဲ့အပြီး အပိုင်ပြတ်စဲဖို့ ကျုပ်က 'ကွာရှင်းပြတ်စဲ'စာချုပ်မှာ လက်မှတ်ထိုးပေးရမယ်၊ အဲဒါကို ထိုးသင့် မထိုးသင့် ခင်ဗျားပညာနဲ့ ဆုံးဖြတ်စမ်းပါ. . ."ဟု ပြောလိုက်ရာ မိုးသီး၏ စိတ်၌ အနာဟောင်းပေါ်သွားလေတော့၏။

"မဖြစ်နိုင်တာမပြောပါနဲ့ မိတ်ဆွေကြီးရယ်. . .၊ မိတ်ဆွေကြီးဘက်တရော၊ မိတ်ဆွေကြီးမိန်းမဘက်ကရော ဆွေကြီးမျိုးကြီးတွေချည်းပဲ. . .၊ မိတ်ဆွေကြီးက ဘယ်လောက်ပဲကွဲချင် ကွဲချင် ဆွေမျိုးပတ်ဝန်းကျင်က ခွင့်ပြုမှာမဟုတ်ဘူး. . .၊ မိတ်ဆွေကြီးမိန်းမဘက်ကလည်း ဘယ်လောက်ပဲကွဲချင် ကွဲချင် အဲဒီလိုပဲ ခွင့်ပြုမှာမဟုတ်ပါဘူး. . .၊ နောက်ပြီး မိတ်ဆွေကြီးဟာ ဘာမှမတတ်မသိတဲ့ နုလဗိန်းတုံးတစ်ကောင်မှမဟုတ်ဘဲ၊ ကိုယ်အဖို့ အရေးကြီးဆုံးဖြတ်ရမယ့်ကိစ္စကို ကျုပ်လောက်ညံ့တဲ့ ဗေဒင်ဆရာကို ဘာဖြစ်လို့ လာပြီးမေးနေရတာလဲ. . ."ဟု စကားနထိုးလိုက်ရာ ထိုကျောက်ပေါက်မာ ကျောင်းဆရာသည် မှဲ့၍သွားလေတော့၏။

ပြီးလျှင် ၎င်းက -

"ခြော်. . . ဗေဒင်ဆရာက ကျုပ်ပြောထားတဲ့ စကားကို ကျုပ်ကို ပြန်ပြီးချေတာလား. . .၊ ခင်ဗျားဆီမှာ အလကားမေးတာမဟုတ်ဘူး၊ ပိုက်ဆံပေးပြီး မေးတာ. . .၊ ခင်ဗျား တွက်ပေတော့. . ."ဟု အထက်စီးလေသံဖြင့် ပြောပြန်လေ၏။





"တွက်ပြီးပါပြီ. . .၊ ခင်ဗျားအနေနဲ့ ပြတ်စဲ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးသင့်ပါတယ်၊ ကွဲလည်း တကယ်ကွဲမှာပါ။ တစ်ခုတော့ ပြောလိုက်ဦးမယ်. . .၊ ကျုပ် ခင်ဗျားကို ဟောခဲ့တာ မှန်တယ်နော်. . .၊ ဒါတော့ ငြင်းလို့မရဘူး"ဟု ပြောလိုက်လျှင် ထိုကျောက်ပေါက်မာ၏ မျက်နှာသည် ကြည့်၍မကောင်းလောက်အောင် မှဲ့ရှုံ့၍ သွားလေတော့၏။

"မကောင်းတာမှန်တာကို ခင်ဗျားက ဂုဏ်ယူနေသလား"ဟု ပြန်၍ ပက်လိုက်သေး၏။

ထိုအခါ မိုးသီးက-

"ခင်ဗျားလိုလူအတွက်တော့ မကောင်းတာတွေပဲ မှန်လိမ့်မယ်ထင်တယ်၊ အဲဒီတော့ တစ်ခါတည်း ပြောလိုက်မယ်၊ နောက်ထပ် ဘယ်တော့မှ မလာနဲ့တော့. . .၊ ဒါ နောက်ဆုံးဖြစ်ပါစေ. . .၊ သွားတော့. . ."ဟု မောင်းထုတ်လိုက်လေ၏။ ထိုအခါ ကျောက်ပေါက်မာလည်း စိတ်ဆိုးခြင်း၊ ဝမ်းနည်းခြင်း၊ မကျေနပ်ခြင်း စသော ဝေဒနာပေါင်းစုံကို ခံစား၍ ထသွားလေတော့၏။

ထိုအခါ မိုးသီးသည် မိမိအဖြစ်ကို မိမိကျေနပ်ကာ-

"မိုးသီး မှန်တယ်ဟေ့. . ."ဟု အော်ဟစ်ကာ အသံနက်ကြီးဖြင့် တဟားဟား ရယ်လိုက်လေတော့သတည်း. . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား. . ."

* * * * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆၄)

## မိုးသီးအား နာမည်ကြီးစေသော ဝတ္ထုတစ်ပုဒ်

မိုးသီးသည် သူတစ်ပါးအခန်း၏ ဝရံတာလေးတွင် ဆက်လက်၍ ဗေဒင်ဟောပြောနေ၏။ ထိုအချိန်၌မှာပင် အသည်းရောင်အသားဝါ ရောဂါ ဖြစ်လာသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တက်ရလေတော့၏။

ရန်ကုန်ဆေးရုံကြီး အဆောင်နံပါတ်(၂)တွင် တက်ရောက်၍ ကုသ နေရ၏။ ၎င်းဆေးရုံသို့ရောက်ပြီး မကြာမီ၌ ၎င်းလွန်စွာလေးစားသော စာရေး ဆရာကြီး ဗန်းမော်တင်အောင်ဆိုသူသည် ၎င်း၏ကုတင်သို့ လာရောက်၍ အားပေးစကားပြောလေ၏။

"ကိုအောင်ထွန်း. . .၊ မကြောက်ပါနဲ့ဗျာ. . .၊ ခင်ဗျားရောဂါ ပျောက်မှာပါ. . .၊ ရေများများသောက်ရတယ်ဗျ. . .၊ အဲဒီရောဂါနဲ့ဆေး တာ ရေပဲဗျ. . .၊ ခင်ဗျားလိုလူနာတွင် ကျုပ်ကုတင်နားမှာ အများကြီးပဲ ရေသောက်လို့ ရောဂါပျောက်ကြတာ အများအပြားပဲ. . . ."ဟု ပြောလေ၏။

"ကျေးဇူးတင်ပါတယ် ဆရာရယ်. . .၊ အခုလို အားပေးတာ ကျွန်တော်ဖြင့် မမေ့နိုင်ပါဘူး၊ ဆရာရော အဆင်ပြေရဲ့လား. . ."ဟု မေးလိုက် ရာ ဆရာက-

"ဆင်ပြေပါတယ်ဗျာ. . .၊ တစ်ခုတော့ရှိတယ်၊ ကျုပ်မှာက လုံချည် အပိုမပါဘူးဗျာ၊ လဲစရာကိုမရှိဘူး. . ."ဟု ပြောလေ၏။





ထိုအခါ မိုးသီးက-

"ကျွန်တော်မှာ အပိုပါပါတယ် ဆရာရယ်. . .၊ အဲဒါလေး ဆရာကို ကန်တော့ပါရစေ. . ."ဟု ဆိုကာ ခေါင်းအုံးအောက်တွင် ထည့်ထားသော လုံချည်အသစ် ကလေးတစ်ထည်ကို ဆရာဗန်းမော်တင်အောင်အား ရိုသေသမှု နှင့် ကန်တော့လိုက်လေ၏။

တစ်ရက်၊ နှစ်ရက်ခန့်ကြာသောအခါ ဆရာသည် ရောဂါသက်သာ ၍ ဆေးရုံမှ ဆင်းသွားလေ၏။ မိုးသီးသာလျှင် မသက်သာသေး၍ ဆေးရုံ တွင် နေထိုင်ရလေ၏။

မိုးလင်းသည်နှင့် တာဝန်ရှိသော ဆရာကြီးသည် 'ရောင်း'လှည့်လေ တော့၏။ မိုးသီး၏ကုတင်နသို့ရောက်လျှင် ဆရာမကြီးက-

"လူနာ. . . တစ်နေ့ကို ရေ ၆ ပုလင်းသောက်ရမယ်နော်၊ သောက် ပြီး သားပုလင်းတွေကို ဒီမှာထောင်ထား၊ မသောက်ရသေးတဲ့ ပုလင်းတွေကို ဘုန်အောင်သောက်. . .၊ ဒါမှမြန်မြန်ပျောက်မှာ. . .၊ ဆေးရုံပေါ်မှာ နားရမယ်နော်၊ အလုပ်မလုပ်ရဘူး. . .၊ စာဖတ်တာတို့၊ စာရေးတာတို့ မလုပ်ရဘူး" ဟု မှာကြားလေ၏။

ထို့ကြောင့် မိုးသီးလည်း ဆေးရုံးပေါ်တွင် ပျင်းရိငြီးငွေ့စွာ နေထိုင် ရလေ၏။

မိုးသီးသည် ဆေးရုံမတက်မီ၌ အိမ်တွင် ဝတ္ထုရှည်တစ်ပုဒ် ရေးခဲ့၏။ ထိုဝတ္ထုမှာ လွန်စွာဆင်းရဲမွဲတေသော လူငယ်တစ်ဦး ကြိုးစား၍ချမ်းသာ ကြွယ်ဝသွားပုံဖြစ်၏။

ထိုဝတ္ထုမှာ ပြီးဆုံးနေပြီဖြစ်၏။

မိုးသီးသည် တရုတ်ဆိုင်တွင်ရောင်းသော ငါးရှဥ့်ဆီပြန်ဟင်းကို နှစ်သက်စွာစားချင်၏။ သို့ရာတွင် ထိုဟင်းမှာ တစ်ပွဲ(၈)ကျပ်ဆို၍ ပိုက်ဆံနှမြော သောကြောင့် မစားတော့ပေ။

တစ်နေ့တွင် မိတ်ဆွေတစ်ဦးသည် မိုးသီးထံသို့ ရောက်လာပြီးလျှင်-

"ကိုမိုးသီး၊ ခင်ဗျား သုံးချင်တာသုံးဖို့. . ."ဟု ဆိုကာ ငွေငါးဆယ်ပေး သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးလည်း လူနာဆောင်မှ သူငယ်လေးတစ်ဦးအား ငါးရှဉ့်ဆီပြန် ထမင်းဝယ်ခိုင်းလိုက်လေ၏။ သို့ရာတွင် အမှန်တကယ် စားရသောအခါ၌ မစားနိုင်ဘဲရှိလေ၏။ ရောဂါကြောင့် ပါးစပ်ကလည်း လက်မခံနိုင်ပဲ ပျို့၍ ပျို့၍ တက်လာလေ၏။

ထို့ကြောင့် မိုးသီးသည် လူငယ်လေးအား ဆက်၍ ကျွေးလိုက်လေတော့၏။ သူသည် စားချင်သည်ကို စားရပါလျက် မစားနိုင်သောကြောင့် စိတ်မချမ်းသာဖြစ်လေတော့၏။ ထို့ကြောင့် အိမ်တွင်ရေးခဲ့သောဝတ္ထုကို ပြန်၍ စဉ်းစားမိလေတော့၏။

"ငါရေးတဲ့ ဝတ္ထုရဲ့ဇာတ်လိုက်ဟာ ဆင်းရဲရာကနေ ချမ်းသာသွားပြီ၊ ငွေတွေတော့ ချမ်းသာသွားပြီ. . .၊ ဒါပေမဲ့ သူဟာ အမှန်တကယ် ချမ်းသာရဲ့လား. . .၊ ရုပ်က ချမ်းသာပေမဲ့ စိတ်က မချမ်းသာရင်ရော ဘာအဓိပ္ပာယ်ရှိမှာလဲ. . ." ဟု တွေးလေ၏။

ထိုသို့တွေးနေစဉ်အတွင်း၌ပင် ၎င်း၏ဆရာ ကိုနောင်ဘီရောက်လာ လေ၏။ သူသည် ကိုနောင်ဘီအား ထိုအဖြစ်အပျက်ကို ပြောပြရာ ကိုနောင်ဘီ က ခေါင်းကို တဆက်ဆက်ညိတ်ပြီးနောက်-

**"မှန်တာပေါ့ မောင်မိုးသီးရယ်. . .၊ ရုပ်ကြီးချမ်းသာပြီး စိတ်က မချမ်းသာဘူးဆိုရင်လည်း ချမ်းသာအစစ် ဘယ်ဟုတ်မလဲ. .၊ စိတ်ချမ်းသာဖို့ ဆိုတာကလည်း အဲဒီလူရဲ့ရင်ထဲမှာ မေ့တစ်ခုကိန်းအောင်းသွားမှ ဖြစ်မှာ. . .၊ ဒီကိစ္စက တရားသဘောနဲ့ဆိုင်တယ်. . .၊** အဲဒီတော့ ဒီလိုလုပ်ကွာ. . .၊ မင်းအိမ်မှာ ရေးတဲ့ဝတ္ထုကို ပထမပိုင်းလို့ သဘောထားလိုက်. . .၊ ဒုတိယ ပိုင်း ဆက်ပြီး ရေးရမယ်. . .၊

ဒုတိယပိုင်းမှာတော့ မင်းရဲ့ဇာတ်လိုက်ဟာ တရားမေ့ဘက်ကို တိုးဝင် သွားတာဖြစ်ရမယ်. . ."ဟု ပြောလိုက်လျှင် မိုးသီးက လွန်စွာသဘောကျ သွားလေ၏။

ထို့ကြောင့် မိုးသီးသည် ၎င်းအား ထမင်းလာပို့သူ၊ ထုတ်ဝေသူ မောင်ဉာဏ်ဝင်းလာသောအခါ၌ စာရေးရန်စက္ကူများ၊ ခဲတံများ မှာလိုက်လေတော့၏။ စက္ကူများရောက်လာလျှင် ဆရာဝန်မကြီးအလစ်၌ စာခိုး၍ ရေးလေ၏။ ရေးပြီးသောစာများကို မောင်ဉာဏ်ဝင်း ထမင်းလာပို့သော အခါ ပေးလိုက်လေ၏။





ရောဂါသက်သာ၍ ထိုဆေးရုံမှ ဆင်းသောနေ့တွင် ထိုဝတ္ထုကြီးအဆုံးသတ်သွားလေတော့၏။ ထိုဝတ္ထု၏ အမည်မှာ **'ပုထုဇွားသတွန်း'**တည်း**ဖြစ်၏။**

မောင်ဉာဏ်ဝင်းသည် ထိုစာမူကို ရုံးသို့တင်ပြီးလျှင် **ခုနှစ်ဗု**သည်နှင့် ၁၉၇၈ ခုနှစ်တွင် ပုံနှိပ်စက်တင်လေတော့၏။

အလုံးစုံပြီးသောအခါ၌ သတင်းစာတွင် ကြော်ငြာထည့်တာ **ဖြန့်ချိ**လေတော့၏။ ဖြန့်ချိသောနေ့တွင် ရောင်းမလောက်အောင် **ရှိလေတော့၏။**

**မိုးသီး၏ စာရေးဆရာဘဝသည် ထိုစာအုပ် ပုထုဇွားတွန်း ထွက်ပြီးမှ အောင်မြင်သွားသည်ဟု ဆိုရပေလိမ့်မည်။**

မိုးသီးသည် တရှိန်ထိုး နာမည်တက်သွားလေတော့၏။ ထုတ်ဝေသူ မောင်ဉာဏ်ဝင်းလည်း မိုးသီးအား အလွန်အရေးပေးလေ၏။ **မိုးသီးစီးရန်** အတွက်ဟုဆိုကာ 'ဟေလမင်'ကားလေးတစ်စီးဝယ်ပေး၏။ ထိုကားဝယ်တိုနောင်တွင်မှ စာမူခတွင် တဖြည်းဖြည်း ဖြတ်သွားမည်ဟုဆို၏။

ထို့နောက် မိုးသီးအား အပန်းဖြေရန်ဟုဆိုကာ မောင်းမကန်ဆိပ်ကမ်းသို့ အလည်အပတ်ခေါ်သွားလေ၏။ မောင်းမကန်သို့ရောက်သည့်နေ့တွင် သတင်းစာကို ကြည့်လိုက်ရာ ၎င်းအား အားပေးစကားလာပြောခဲ့သော ၎င်း လွန်စွာလေးစားသည့် စာရေးဆရာကြီး ဇန်းမော်တင်အောင်**၏** နာရေးသတင်း ကို ဝမ်းနည်းစွာဖတ်ရှုရလေတော့၏။

ထို့ကြောင့် မိုးသီးက မောင်ဉာဏ်ဝင်းအား-

"ဟော့ကောင် မောင်ဉာဏ်ဝင်း၊ ဆရာဇန်းမော်တင်အောင် **ဆုံးသွား**ပြီတဲ့. . .၊ သူက ငါ့အရင်သက်သာလို့ ဆေးရုံက ဆင်းသွားတာ. . .၊ **အခု** ဘယ်လိုဖြစ်သွားတယ် မသိဘူး"ဟု ပြောလိုက်လေ၏။ မောင်ဉာဏ်ဝင်းက-

"ကျွန်တော်တို့ ဒီကိုထွက်လာဖို့ လေဆိပ်ရောက်တော့ **ဆရာ** ဇန်းမော်တင်အောင် ဆေးရုံပြန်တက်ရမယ်လို့ သတင်းကြားတယ် **ဆရာ. .** ခရီး သွားခါနီး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကျွန်တော် **မပြောတာ"ဟု** ပြောလေတော့၏။

မိုးသီးသည် လွန်စွာစိတ်မကောင်းဖြစ်ရလေတော့၏။ **မောင်းမကန်**မှ ပြန်လာသောအခါ၌ မိုးသီးသည် ဝတ္ထုတစ်ပုဒ် ထပ်၍**ရေး၏။ ထိုဝတ္ထုမှာ** **'ဆားပုပ်နှင်းမောင်နှင့် မမင်းဖြူမှန်မှန်ပြော'**ဆိုသော **ဝတ္ထုဖြစ်၏။**



www.burmeseclassic.com

www.burmeseclassic.com



ထို၀တ္ထုမှာလည်း ရောင်းရတွင်ကျယ်လေ၏။ ထို့ကြောင့် ထုတ်ဝေသူ မောင်ဉာဏ်ဝင်း မကြာခဏဆိုသလို-

"ဆရာနဲ့ကျွန်တော် ကံစပ်တယ်. . ."ဟု ပြောလေ့ရှိလေ၏။

မိုးသီးသည် စာပေနယ်တွင် လုံးလုံးလျားလျား ခြေစုံချမိပြီဖြစ်၏။ ဆရာကိုနောင်ဘီသည် မိုးသီးထံသို့ မကြာခဏ ရောက်လေ့ရှိ၏။

"မောင်မိုးသီးရေ. . .၊ စာရေးဆရာတော့ ဖြစ်ပြီကွာ၊ ဂမ္ဘီရဆရာတစ်ယောက်ဖြစ်အောင် လုပ်ဦး. . . ."ဟု တိုက်တွန်းလေ့ရှိလေ၏။ မိုးသီးကလည်း-

"စိတ်ချပါ ဆရာ. . .၊ အဲဒါကိုလည်း ကျွန်တော် မျက်ခြေမပြတ်ပါဘူး. . ."ဟု ပြန်၍ဖြေတတ်လေ၏။

ထိုအခါ ဆရာကိုနောင်ဘီသည် နှစ်ထောင်းအားရစွာ ပြုံး၍ ပြန်သွားတတ်လေတော့သတည်း။

* * * * *

**မိုးသီး၏ စာရေးဆရာဘဝသည် ထိုစာအုပ် ပုဏ္ဏားကွန်း ထွက်ပြီး၍ အောင်မြင်သွားသည်ဟု ဆိုရပေလိမ့်မည်။**

**အမွှားဆိုသော ငယ်ချစ်ဦး**





# အခန်း (၆၅)

**မျှော်စေ့နဲ့အစေ့**

မိုးသီးနှင့် ငယ်စဉ်က အိမ်ထောင်ကျခဲ့ဖူးသော အမွှားဆိုသည့် မိန်းကလေးသည် မိုးသီး၏လက္ခဏာဆိုင်သို့ နေတိုင်းလိုလို ရောက်လာလေ့ရှိ၏။

ထိုမိန်းကလေးသည် မိုးသီးနှင့်ကွဲပြီးနောက် အိမ်ထောင်ဆက်များစွာ ရှိခဲ့၏။ ထိုအထဲတွင် အထည်စက်ရုံပိုင်ရှင်သားတစ်ဦး၏ မယားငယ်လည်း ဖြစ်ခဲ့ဖူး၏။

ထိုသူ၏လက်ထဲမှ ဘောဘောဆိုသော ကောင်လေး တစ်ယောက်နှင့် ယူခဲ့ပြန်၏။ ထိုမိန်းကလေးသည် မိုးသီးအား ပြန်လည် ချဉ်းကပ်နေခြင်းဖြစ်၏။

ထို့ကြောင့် မိုးသီးက-

"ဘောဘောရှိနေတာ ဘယ်လိုလုပ်မလဲ. ."ဟု မေးရာ ထိုမိန်းကလေးက

"ကွဲသွားပြီ. . ."ဟု ခပ်လွယ်လွယ်ပင် ပြန်၍ဖြေလေ၏။

မိုးသီးသည် ထိုအဖြစ်အပျက်ကို သူ၏ဆရာ ကိုနောင်ဘီအား ပြောပြလေ၏။ ကိုနောင်ဘီသည် သေချာ ဂဏစွာ နားထောင်ပြီးနောက်-

"မောင်မိုးသီးရယ်. . .၊ မင်းအခုပြောတဲ့ အတိုင်းဆိုရင်တော့ သတ်ဝေ့စကားနဲ့ပြောရရင်တော့ အရင်ပွဲကို မကျေနပ်လို့ မကျေပွဲပြန်နွှဲချင်တဲ့သဘောပေါ့ကွာ၊ ငါ့အနေနဲ့ အကြံပေးချင်တာကတော့ အဲဒီကိစ္စကို ရပ်တန်းအရပ်လိုက်ရင် ကောင်းမယ်ကွ. . .၊ မင်းအနေနဲ့ စိတ်ကိုဆင်းရဲရလိမ့်မယ်၊ နောက်မှာ မင်းထပ်ပြီး အရှုံးပေါ်လိမ့်မယ်ကွ. . .၊ နှစ်ခါရှုံးပြီဆိုင်ရင်တော့ ဆက်ရာဒဏ်ချက်က များပြီပေါ့. . ."ဟု ဆုံးမလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် အတတ်နိုင်ဆုံးရှောင်၏။ သို့ရာတွင် ထိုမိန်းကလေးက အတင်းကပ်၏။ ပြန်၍ပေါင်းရန် ပူဆာ၏။ ကြာသောအခါ မိုးသီးသည် ငယ်ငယ်ကချစ်ခဲ့ဖူးသော သံယောဇဉ်ကြောင့် ခေါင်းညိတ်လိုက်ရလေတော့၏။

ယခုလာမည့် သောကြာနေ့တွင် တရားရုံးတွင် လက်ထပ်မည်ဟု ငယ်ချစ်ဦး အမွှားအား ကတိပေးလိုက်လေ၏။

ထိုသို့ ကတိပေးလိုက်သည့်ညဉ့်ပင် ထိုမိန်းကလေး၏ လောလောဆယ်ဆယ်ယောကျ်ားဟုဆိုသော ဘောဘောသည် လူမိုက်တစ်ယောက်တိုခေါ်၍ မိုးသီးကို လာတွေ့လေ၏။

မိုးသီးသည် ဝင်းနေထိုင်ရာအိမ်ရှေ့တွင် စာဖတ်နေ၏။ ဘောဘောက မိုးသီးအား-

"အစ်ကိုမိုးသီးနဲ့စကားပြောချင်လို့ပါ. . ."ဟု ပြောလေ၏။

မိုးသီးသည် ဘောဘောကို မော့ကြည့်လိုက်၏။ ဘောဘောနောက်မှ ရပ်နေသောသူသည် သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထား၏။ မျက်နှာမှာ ရှသိုးသိုးရှိ၏။ ထိုသူသည် မိုးသီးကို လက်ပိုက်၍စိုက်ကာ ကြည့်နေလေ၏။

မိုးသီး၏ အူထဲတွင် ယားကျိကျိဖြစ်သွား၏။ ထို့ကြောင့် မိုးသီးက-

"ဟော့ကောင် ဘောဘော. . .၊ မင်းက ငါနဲ့စကားပြောဖို့ လူမိုက်ခေါ်လာတာလား. . .၊ မင်းနောက်က ဘိုင်စကုပ်ထဲက လူမိုက်ဂိုက်နဲ့ကောင်က ဘာကောင်လဲ. . .၊ ပါးရိုက်လွှတ်လိုက်လို့ သွားတွေခြံတိုင်ဖြစ်သွားမယ် ကြိုက်တဲ့နေရာမှာ ပြောနိုင်တယ်၊ ဘယ်နေရာဖြစ်ဖြစ်ပြောနိုင်တယ်. . ."ဟု မေးလိုက်ရာ ဘောဘော၏နောက်မှလူသည် အူကြောင်ကြောင်ဖြစ်နေ၏။

ထို့နောက် မိုးသီးက -

"ဟိုနောက်ကကောင်. . .၊ ပိုက်ထားတဲ့လက်ကို အောက်ချလိုက် ငါက မင်းပထွေးမဟုတ်ဘူးနော်၊ အဲဒီလိုမကြည့်နဲ့. . ."ဟု ပြောလိုက်ရာ ထိုလူသည် ပိုက်ထားသောလက်ကို ဖြုတ်ချလိုက်လေ၏။ ထို့နောက် မိုးသီးကပင်-

"နက်ဖြန်မနက် (၉)နာရီမှာ ပြောမယ်ကွာ. . .၊ ဘယ်မှာပြောမလဲဆိုတော့ အဲဒီကောင်မဆိုင်မှာ ပြောမယ်ကွာ. . .၊ ကာယကံရှင်ရှေ့ဆိုတော့ ပိုပြီးကောင်းတာပေါ့. . .၊ မင်းဘက်က ကြိုက်သလောက်လူတွေခေါ်ခဲ့နိုင်တယ်၊ ကြိုက်တဲ့လက်နက် ယူခွင့်ရှိတယ်. . .၊ အမြောက်ရှိရင် အမြောက်





ပါ ထမ်းလာခဲ့. . .၊ မင်းတို့လို ကောင်တွေကို ဆားတောင်မခတ်ဘဲ ဖြုတ်သောက်နိုင်တယ်၊ သွားကြ. . ."ဟု ဆိုကာ မောင်းထုတ်လိုက်လေ၏။

ထို့နောက် မိုးသီးသည် ဝင်း၏အပေါင်းအသင်း အလုပ်မရှိ အကိုင်မရှိ ဂျလေဘီများကို ဆင့်ခေါ်လိုက်လေ၏။ ထိုသို့ ဆင့်ခေါ်လိုက်လျှင် ဝင်း၏ အပေါင်းအသင်း ဂျလေဘီ(၂၀)ခန့်ရောက်လာကြ၏။

"မင်းတို့ကို ငါ ခေါ်ရတဲ့အကြောင်းကတော့ မနက်ဖြန်(၉)နာရီမှာ ငါ့အနေနဲ့ ချိန်းပွဲတစ်ပွဲရှိတယ်၊ အဲဒါ ဘယ်မှာလဲဆိုတော့ ဗိုလ်ချုပ်ဈေးက 'မွှေးမွှေးရွှေ' အပ်ချုပ်ဆိုင်မှာ ဖြစ်တယ်၊ သူတို့ဘက်ကလည်း လူမိုက်တွေခေါ်ချင်ချင်လာမယ်၊ မင်းတို့အနေနဲ့ အဲဒီနေရာကို ဗဟိုထားပြီး စည်းသုံးထပ် ရှိရမယ်. . . .၊

ငါက လက်ကိုင်ပုဝါ မျက်နှာကို ပွတ်တာနဲ့ အတွင်းစည်းက ငါ့ဆီကို ရောက်လာရမယ်. . .၊ ဒုတိယအကြိမ်ပွတ်ပြလိုက်ရင် ဒုတိယစည်းကလူတွေ ငါ့ဆီရောက်လာရမယ်၊ တတိယအကြိမ် မျက်နှာကိုပွတ်လိုက်ရင် တတိယစည်းက လူတွေ ငါ့ဆီကို ရောက်လာရမယ်. . .၊

အားလုံးထွက်မသွားနိုင်အောင် ပိတ်ဝိုင်းထားရမယ်. . .၊ ငါက ညာဘက်လက်မြှောက်လိုက်ရင် ပိတ်ဝိုင်းတိုက်ခိုက်ရေးစမယ်. . .၊ ဖြစ်လာမယ့်ပြဿနာတွေအားလုံး ငါ့အပေါ်ပုံချလိုက်၊ ငါရှင်းမယ်. . .၊ လက်လွန်ပြီး လူသတ်မှုဖြစ်ရင်လည်း ငါလုပ်တာပဲ လွှဲချလိုက်၊ ကြိုးစင်ကို ငါတက်သွားမယ်. . .၊ မင်းတို့ မထိခိုက်စေရဘူး. . . ."ဟု ပြောလိုက်လျှင် မိုးသီး၏ အပေါင်းအသင်း ဂျလေဘီများသည်-

"ကိုမိုးကြီးကလည်းဗျာ. . .၊ ဒီလောက်အထိ ပြောဖို့မလိုပါဘူး ကျုပ်တို့က ယဉ်ပြီးသားပါဗျ. . .၊ သေအောင်တော့ ဘယ်လုပ်ပါ့မလဲဗျာ. . .၊ အမှောက်ဘဲလုပ်မှာပေါ့. . .၊ အဓိကဖြစ်တဲ့ 'ခေါင်'ကိုတော့ ခင်ဗျားကိုယ်တိုင်လုပ်ပေါ့ -

ခင်ဗျား မှားသလား၊ မှန်သလား ကျုပ်တို့ မဆုံးဖြတ်ပါဘူး၊ ကိုမိုးကြီးခံရအောင် ကျုပ်တို့ ဝိုင်းထားမယ်. . .၊ နည်းနည်းလေးမှ ပေါက်သွားစေရပါဘူး"ဟု ဆိုကာ အသီးသီး ကျွန်ုပ်နှင့်လက်ဝါးချင်းရိုက်ကြလေ၏။

www.burmeseclassic.com



"ဒါမှ ငါချစ်တဲ့မျောက်တွေကွ. . .၊ ငါ့မှာ လူကောင်းသူကောင်း အပေါင်းအသင်းရယ်လို့မရှိပါဘူးကွာ. . .၊ အရေးဆိုရင် မင်းတို့လို သိန်း တုမှေ့ခြောက်သောင်း မျောက်အပေါင်းကိုပဲ အားကိုးရမှာပဲ၊ ကဲပြန်ကြတော့" ဟု ဆိုလိုက်လျှင် မိုးသီး၏ မျောက်များသည် တဟားဟားရယ်မော၍ ပြန်သွား ကြလေတော့၏။

မိုးသီးသည် နောက်တစ်နေ့နက်နံနက်(၈)နာရီတွင် ရေမိုးချိုး အဝတ် အစားလဲပြီး ဖြစ်နေ၏။ မွေးမွေးရွှေကို ဝေးဝေးနေမှဘဲ ဟုလည်း မိုးသီးစဉ်းစားမိ၏။

ရှပ်အကျီပေါ်တွင် ကုတ်အကျီကို ထပ်၍ဝတ်ထား၏။ ချိုင်းအောက် တွင် လိုင်စင်နှင့်ဝယ်ကိုင်သော (၃၈)ပို့ ခြောက်လုံးပြူးကို ကျည်ဆန်အပြည့် ထည့်၍ လွယ်ကြိုးနှင့်တကွ လွယ်၍ထည့်ထား၏။ (၉)နာရီ ဒေါင်ကနဲထိုး သည်နှင့် မိုးသီးသည် ဗိုလ်ချုပ်ဈေးရှိ 'မွေးမွေးရွှေ'အပ်ချုပ်ဆိုင်ရှေ့သို့ ရောက် လာပြီး ဖြစ်လေတော့သည်။

* * * * *

မိုးသီးသည် အတတ်နိုင်ဆုံးရှောင်၏။ သို့ရာတွင် ထို မိန်းကလေး က အတင်းကပ်၏။ ပြန်၍ပေါင်းရန် ပူဆာ၏။ ကြာသော အခါ မိုးသီးသည် ငယ်ငယ်ကချစ်ခဲ့ဖူးသော သံယောဇဉ်ကြောင့် ခေါင်းညိတ်လိုက်ရလေတော့၏။

ယခုလာမည့် သောကြာနေ့တွင် တရားရုံးတွင် လက်ထပ် မည်ဟု ငယ်ချစ်ဦး အမွှားအား ကတိပေးလိုက်လေ၏။





# အခန်း (၆၆)

**ချောစိုးစိုး ရေး...**

မိုးသီးသည် အထက်ကဆိုခဲ့သည့်အတိုင်း ဘောဘောနှင့် အိမ်ထောင် ရေးကိစ္စကို အပြီးအပြတ်ဆွေးနွေးလေ၏။ အမှန်တကယ်အားဖြင့် ဘောဘော နှင့် အမွှားတို့သည် ပေါင်းသင်းခြင်းမရှိ ကွဲကွာနေကြောင်း သိရသဖြင့် မိုးသီးသည် အမွှားနှင့် ပြန်ပေါင်းရန် ဆုံးဖြတ်လိုက်လေ၏။ ထိုသို့ဆုံးဖြတ် ပြီးနောက် ၁၉၈၀ ခုနှစ်တွင် ဗိုလ်ချုပ်လမ်းနှင့် ၂၉ လမ်းရှိ တိုက်တန်းလျားတွင် အခန်းတစ်ခန်း ဝယ်ယူ၍ အတူတကွ နေထိုင်ကြ လေ၏။

မိုးသီးသည် ၎င်းရေးသော ဝတ္ထုစာအုပ်များ အောင်မြင်နေပြီ ဖြစ်သော်လည်း ဗေဒင်လက္ခဏာပြောခြင်းအလုပ်ကိုမူ စွန့်လွှတ်ခြင်း မရှိပေ။ ဆက်လက်၍ ဟောပြောနေမြဲဖြစ်၏။ ကျောက်မြောင်းရပ်ကွက်ရှိ ကျောက်ရေတွင်းဆိုသော လမ်းကလေးတစ်လမ်းတွင် မြေကွက်ကလေး တစ်ကွက်ဝယ်ကာ သစ်သားအိမ်ကလေးတစ်အိမ် ဆောက်လုပ်လေ၏။ ၎င်း၏ မိဘများအား ကန်တော့လိုက်လေ၏။ မိဘများကလည်း ထိုအိမ်၌ပင် နေထိုင် ကြလေ၏။

မိုးသီးသည် ဗိုလ်ချုပ်လမ်းတွင်နေသည် ဆိုသော်လည်း နံနက်(၇) နာရီခန့်တွင် ထိုအိမ်ကလေးသို့ ရောက်လာ၍ ပရိသတ်ကိုလက်ခံကာဗေဒင် လက္ခဏာ ဟောပြောသောအလုပ်ကို လုပ်လေတော့၏။ တစ်ဖက်မှာလည်း စာအုပ်များကို တွင်တွင်ကျယ်ကျယ်ကြီး ရေးထုတ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဍင်းရေးသော ဝတ္ထုများတွင် ဇာတ်ကောင်များကို သတ်မပစ်ဘဲ ရှင် အောင်မွေးထားတတ်လေ၏။ ထိုသို့မွေးထားရာတွင် ဆားပုလင်း နှင်းမောင်ဆိုသော ဇာတ်ကောင်မှာ လူကြိုက်များသော ဇာတ်ကောင်ဖြစ်လေ လေ၏။ စနေမောင်မောင်ဆိုသော ဇာတ်ကောင်မှာလည်း ထိုနည်းတူ လူကြိုက်များလေ၏။

ထို့ကြောင့် ရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင်ဇာတ်ကားများပင် ရိုက်ဖြစ်လေ ၏။ ကက်ဆက်ဇာတ်လမ်းခေတ်တွင်လည်း မိုးသီးရေးသော ဝတ္ထုများသည် ကက်ဆက်ဇာတ်လမ်းများ ဖြစ်ကုန်လေ၏။ မိုးသီးသည် ဂမ္ဘီရကျင့်စဉ်များကို ဆက်လက်၍ ကျင့်မြဲကျင့်နေလေ၏။ လိုက်စားမြဲလိုက်စားနေလေ၏။

တစ်နေ့တွင် မိုးသီးသည် အလုံ၊ ကွင်းကျောင်းလမ်းတွင်နေသော ဦးမောင်မောင်ဆိုသည့် အဘိုးကြီးတစ်ဦးနှင့် သိကျွမ်းရင်းနှီးသွားလေ၏။ ဍင်း အဘိုးကြီးကို လူအများက ရွှေလိမ္မော်ဦးမောင်မောင်ဟု အသိများလေ ၏။ ဍင်းဦးမောင်မောင်သည် တရားသမားကြီးဖြစ်လေ၏။ တရားလည်း ဟောလေ ၏။ မိုးသီးသည် ဦးမောင်မောင်၏တရားများကို နာကြားဖြစ်လေ တော့၏။ ဦးမောင်မောင်၏ တရားများသည် များသောအားဖြင့် ‘ဇင်’တရား များဖြစ်၏။

**ထိုအချိန်မှစ၍ မိုးသီးသည် ဇင်တရားများကို စိတ်ဝင်စား လေ၏။ အချိန်ရှိသည်နှင့် ဇင်စာအုပ်များ ဖတ်၏။ ဇင်တရားများ နာ၏။ ထိုအချိန် မှစ၍ ယခင်ကပြုလုပ်ခဲ့သော ဂမ္ဘီရအလုပ်များသည် အလိုလိုရပ်ဆိုင်း၍ အဆက်အသွယ်ပြတ်သွားလေတော့၏။**

မိုးသီး၏ဘဝလည်း ဇင်ဖြင့် လုံးထွေးသွားပြီဖြစ်၏။ မိုးသီးသည် ထိုအချိန်ရသည်နှင့် ဍင်း၏ဆရာကြီး ဦးမောင်မောင်ထံသို့သာ သွား၍နေ လေတော့၏။ ဍင်း၏မိန်းမမှာလည်း အချိန်ရှိသရွေ့ နတ်ပွဲများသို့သာ ရောက် နေလေတော့၏။ ဤအကြောင်းကြောင့်ပင် နှစ်ဦးသဘော ပြတ်စဲလိုက် လေတော့၏။

မိုးသီးမှာ ဒုတိယအကြိမ် အိမ်ထောင်ကွဲသော်လည်း ဇင်တရား ကို ဖက်ထားဆဲဖြစ်၏။ ထို့ကြောင့် ဂမ္ဘီရဘက်သို့ မလှည့်နိုင်တော့ပေ။ ဍင်း မိန်းမမှာ မူလငှားရမ်းနေထိုင်သော တိုက်ခန်း၏အောက်ခန်းကို ဝယ်၍





ထိုအခန်း၌ နေလည်းနေ၏။ အပ်ချုပ်ဆိုင်လည်း ဖွင့်ထားလေ၏။ မိုးသီးနှင့်မူ စကားပြောဆိုဆက်ဆံခြင်းမရှိတော့ပေ။ မိုးသီးကလည်း ထိုနည်းတူစွာပင် ပြတ်ပြတ်စဲစဲ နေထိုင်လေ၏။

ထိုအချိန်၌ မိုးသီးသည် ကလေးသူငယ်မဟုတ်တော့ပေ။ အသက် (၅၀)အရွယ် အဘိုးကြီးတစ်ဦး ဖြစ်နေပြီဖြစ်၏။ ၈၈ အရေးအခင်းနှင့် နိုင်ငံရေးတရားဟောပြောမှုဖြင့် ဒုတိယပိ အင်းစိန်ထောင်သို့ ရောက် သွားသောအခါ ဍင်းငယ်စဉ်ကနေခဲ့ဖူးသော အခန်း၌ပင် ဍင်းအား ထည့် ထားလိုက်လေ၏။

ထိုသို့ထည့်ထားပြီး ထောင်ဝင်စာတွေ့ခွင့်ရသောအခါ ဍင်း၏ မိန်းမ သည် လာမတွေ့တော့ပေ။ ထောင်ဝင်စာလည်း မပို့တော့ပေ၊ ဍင်း၏ အပည့် သိဒ္ဓိဆန်းဆိုသော ဗေဒင်ဆရာတစ်ဦး လာ၍တွေ့လေ၏၊ ထောင် ဝင်စာပေးလေ၏။ နောက်နောင် ထောင်ဝင်စာများကိုမူ ဍင်း၏ မိခင်ကြီး သည် အိုကြီးအိုမဖြင့် လာ၍တွေ့ရှာလေ၏။

မိုးသီးသည် အကျဉ်းထောင်တွင်နေရမည့်အရေးကို တွေး၍ ငိုင်လေးတော့၏။ ထိုအခါ ဍင်းကိုယ်ဍင်း မေးခွန်းထုတ်မိလေ တော့၏။

“မိုးသီး. . . ဒီအချိန်မှာ မင်းဘာလုပ်သင့်သလဲ”ဟု မိမိကိုယ်ကို မိမိ မေးလေ၏။

သို့ရာတွင် အဖြေကား ပေါ်မလာပေ။ တစ်နေ့တွင် မိုးသီးသည် အိမ်တွင်ကျန်ရစ်ခဲ့သော တဲရှေ့ခေါ် ကံကြမ္မာဖတ်သည့် ကတ်ပြားကလေး များကို မရမက မှာယူ၍ ထောင်တွင်းသို့ သွင်းလေ၏။

ဍင်းတဲရှေ့ထုပ်ရောက်သောအခါ၌ မိမိ ဘာလုပ်သင့်သည်ကို သိလို၍ ထိုဖဲထုပ်ကို အမိဋ္ဌာန်ပြု၍ လှည့်ကြည့်ရာ နံပါတ်တစ်ကတ်ပြားကို တွေ့မိလေ၏။ ထိုနံပါတ် တစ်ကတ်ပြားမှာ THE MAGICAN ပဉ္စလက် ဆရာဟု အမိပ္ပါယ်ရလေ၏။ ထိုကတ်ပြား၏ သဘောမှာ ဂမ္ဘီရ အလုပ်ကို လုပ်ပြနေခြင်း ဖြစ်၏။

အကြိမ်ကြိမ်လှန်သော်လည်း ထိုကတ်ပြားများပင် ကျနေသော ကြောင့် မိုးသီး၏စိတ်၌ -



www.burmeseclassic.com

www.burmeseclassic.com



"ခြော်. . . ငါ့ကို ဂမ္ဘီရအလုပ်တွေ ပြန်လုပ်ဖို့တိုက်တွန်းနေပြီပဲ" ဟု သဘောပေါက်သွားလေတော့၏။

ထို့နောက် မည်သည့်အခါတွင် အကျဉ်းထောင်မှ လွတ်မည်ကို သိလိုသောကြောင့် ကတ်ပြားကို လှန်ကြည့်ရာ နံပါတ်(၈)ကတ်ကိုရလေ၏။ ထိုကတ်ပြားမှာ STRENGTH စွမ်းအားဟု အဓိပ္ပာယ်ရလေ၏။ ထို့ကြောင့် မိုးသီးသည် ထိုကတ်ပြားနှစ်ခုကို ဆက်စပ်ကြည့်ရာ ဂမ္ဘီရကျင့်စဉ်ကို ကျင့်၍ စွမ်းအားရှိသောအချိန်တွင် လွတ်မြောက်မည်ဟု အဓိပ္ပာယ်ရလေ၏။

အချိန်ရသောအခါများ၌လည်း 'ဥုမ်'ကို ရွတ်လေ၏။ မှန်မှန်ပြုလုပ်သည်ဖြစ်ရာ ညနာရီပြန် ၂ ချက်ထိုးတွင် အိမ်ရာမှထ၍ ဝင်သက် ထွက်သက်ကို မှတ်ပြီးလျှင် စိတ်ငြိမ်သွားသောအခါ၌ မေတ္တာပို့သောအလုပ် တို လုပ်လေ၏။ ထိုသို့မေတ္တာပို့ရာတွင် အစိုးရအဖွဲ့ကိုလည်း မေတ္တာပို့ ၏။ ဤသို့မှန်မှန်ပြုလုပ်ခဲ့ရာ ထောင်တွင်နေရသောအချိန် (၃)နှစ်(၃) ပြည့်သောအခါ ၁၉၉၂ ခုနှစ် မေလ (၄) ရက်တွင် ၎င်းအား သက်ဆိုင် လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ လွတ်လိုက်လေတော့၏။

မိုးသီးသည် ထောင်မှလွတ်လျှင် မိဘများအိမ်၌ ပြန်၍နေ ထိုအချိန်မှစပြ၍ ဂမ္ဘီရအလုပ်များကိုလည်း ဆက်လက်လုပ်ကိုင်လေ၏။ မိုး ပြုလုပ်သော ဂမ္ဘီရကျင့်စဉ်မှာ အဆင့်အားဖြင့် (၅)ဆင့်ရှိလေ၏။

သံလိုက်ဓာတ် ကျင့်စဉ်၊ ညို့ဓာတ်ကျင့်စဉ်၊ အိပ်မွေ့ချကျင့် မိမိခန္ဓာကိုယ်မှ ရွှေကြိုးလွှတ်သော ကျင့်စဉ်ဟူ၍ အဆင်ဆင့်ရှိ မိုးသီးသည် ထောင်ထွင်း၌နေစဉ် ဂမ္ဘီရကျင့်စဉ်များကို ပြန်၍ကျင့် အခါ၌ ထောင်မှလွတ်သွားလျှင်လည်း ဆက်လက်ကျင့်ပမည်၊ လိုအပ် အိမ်ရာတွင်မနေဘဲ ဂန္ဓာရီထွက်၍ တောရိပ်တောရိပ်ရှိသောနေရာ (၃)နှစ် တိတိ ကျင့်ပါမည်ဟု သစ္စာ ပြုခဲ့လေ၏။

သို့ရာတွင် အချိန်မတန်သေး၍ ဂန္ဓာရီမထွက်ဖြစ်သော ပေဒင်လက္ခဏာဟောခြင်း၊ ဝတ္ထုရေးခြင်းများကို ဆက်လက်၍ ပြုလုပ် ၏။ ၎င်း၏ အဓိဋ္ဌာန်တွင် ၎င်းအား တစ်စုံတစ်ယောက်က နာရီနှင့်စိ တစ်ပြိုင်နက်တည်း လက်ဆောင်လာပေးလျှင် ဂန္ဓာရီထွက်မည်ဟု ထားလေ၏။





မိုးသီးသည် ထောင်မှလွတ်သည်နှင့် အလုပ်ကို ကြိုးစား၍လုပ်ရာ မော်တော်ကားပင် ဝယ်၍စီးနိုင်သော အဖြစ်သို့ ရောက်လေတော့၏။ တစ်နေ့ နံနက်စောစောတွင် အသက်(၂၀)ကျော် သူငယ်ကလေးတစ်ဦးသည် မိုးသီး ထံသို့ လာရောက်၍ အထုပ်ကလေးတစ်ထုပ် လက်ဆောင်ပေးလေ ၏။ ထိုသူငယ်ကလေးသည် မိုးသီးအား -

"ဆရာ. . . ကျွန်တော် ဘယ်သူလဲလို့ မမေးပါနဲ့၊ ကျွန်တော်နဲ့ ဆရာနဲ့က သိမှမသိဘဲ၊ ဖြေလည်း အလကားပဲ၊ ကျွန်တော်လာတာကတော့ မကွေးကပါ၊ ကျွန်တော့်အဖေက အိပ်မက်မက်လို့ ဆရာ့ကို အဲဒီလက်ဆောင် လေး သွားပေးပါဆိုလို့ အဖေ့ဆန္ဒကြောင့် လာပြီးပေးရတာပါ၊ ကျွန်တော် အဖေ ဘယ်သူလဲလို့ မမေးပါနဲ့၊ ပြောပြလည်း ဆရာသိမှာမှမဟုတ်ဘဲ ဘာအဓိပ္ပါယ်လဲလို့ မေးပါနဲ့၊ ကျွန်တော်လည်း ဖြေတတ်မှာမဟုတ်ဘူး ကျွန်တော်အဖေလည်း ဖြေတတ်မှာမဟုတ်ဘူး၊ သူကလည်း အိပ်မက်ရလို့ ပေးခိုင်းတာကိုး. . .၊ ဆရာ့ရဲ့တာဝန်က ကျွန်တော်ပေးတဲ့လက်ဆောင်ကို လက်ခံဖို့ပါပဲ. . ."ဟု ဆိုကာ အထုပ်ကလေးကို ပေးသွားလေ၏။ မိုးသီးလည်း တစ်စုံတစ်ရာ မေးမြန်း ခြင်းမပြုတော့ဘဲ အထုပ်ကလေးကို လက်ခံထားလိုက် ပြီးလျှင် ဖွင့်၍ကြည့်လိုက် လေ၏။ ထိုသို့ကြည့်လိုက်ရာ ကြိုးဖြင့်ထိုးထားသော (၂၇)လုံး ပုတီးလေးတစ်ကုံး ကို တွေ့ရ၏။ ထိုပုတီးမျိုးမှာ အကျဉ်းထောင် များတွင် အကျဉ်းသားများထိုး လေ့ရှိသော ပုတီးမျိုးဖြစ်၏။ ထို့အတူ အခုပ်ပုံပြုလုပ်ထားသော စားပွဲတင် နာရီလေးတစ်လုံးလည်း ပါ၏။ မိုးသီးသည် ထောင်တွင်နေစဉ်က သစ္စာဆို ခဲ့သောအဖြစ်ကို သတိရကာ-

**"ဒီပစ္စည်းလေးနှစ်ခုဟာ ငါ့ကို ဂန္ဓာရီထွက်ပြီးကျင့်ဖို့ အချက် ပေး လိုက်တာပဲ၊ ထွက်မှဖြစ်မယ်. . ."ဟု သဘောပေါက်သွားလေ၏။**

ထို့ကြောင့် တပည့်တစ်ဦးအား ပိုက်ဆံပေးပြီးလျှင် ဆိတ်သားဟင်း ထောပတ်ထမင်း ညနေစာအတွက် ချက်ရန် မှန်ကြားလိုက်လေ၏။ ၎င်းတပည့် လည်း အမဲဈေးသို့သွားကာ ဆိတ်သားနှင့်ထောပတ်များ ဝယ်လာပြီးလျှင် ထိုနေ့ညစာအဖို့ ထောပတ်ထမင်းနှင့်ဆိတ်သားဟင်းကို ချက်လေ၏။ ထမင်း စားပြီးသောအခါ စားရန်အတွက်လည်း ထောပတ်ငှက်ပျောသီးများကို ဈေးက ရှာ၍ဝယ်လာလေ၏။ ညနေပိုင်းသို့ရောက်လျှင် ရန်ကုန်မြို့တွင်



www.burmeseclassic.com

www.burmeseclassic.com



ပေဒင်လက္ခဏာ ဟောနေသည့် မိုးသီး၏တပည့် ပေဒင်လက္ခဏာ ဆရာ ဆရာမများ၊ မိတ်ဆွေများ ရောက်ရှိလာလေတော့၏။ မိုးသီးသည် ၎င်းတို့အား နှုတ်ဆက်ပွဲအဖြစ် ထောပတ်ထမင်းနှင့် ဆိတ်သားဟင်း ကျွေးလေ၏။ ဂန္ဓာရီထွက်မည်ဖြစ် ကြောင်း ရှင်းပြလေ၏။ ထိုအခါ မိုးသီး၏ တပည့်များနှင့် မိတ်ဆွေများသည် ငိုသူ ငို၊ ရယ်သူ ရယ် ကြလေ၏။

၎င်းတို့အနက်မှ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်တွင် ပေဒင် ဆိုင်ခန်းဖွင့်ထားသော တပည့်ဖြစ်သူ ဖြိုးဟန်ကျော်နှင့် ပေဒင်တတ်သော်လည်း မည်သည့် အခါမျှ မဟောသည့် ကိုဖြူဝင်းတို့ကို အဖော်အဖြစ်ခေါ်ကာ ဂန္ဓာရီထွက်ရန် ဆုံးဖြတ်လိုက်လေတော့၏။ ကိုဖြူဝင်း၏ဇနီးမှာ မိုးကောင်း ဘုရားတွင် ပေဒင်ဟောနေသော ဆရာမကြာညိုသင်း ဆိုသူဖြစ်၏။ ၎င်းက လည်း ၎င်းယောကျ်ား ကို (၃)နှစ်တိတိ ခေါ်သွားမည်ကို သဘောတူ လေ၏။

ထို့ကြောင့် ၁၉၉၇ ခုနှစ်၊ မတ်လ(၂၅) ရက် ည(၁၁)နာရီကျော် တွင် မိုးသီးသည် သူ၏အဝတ် အစားများ၊ အသုံးအဆောင်များ၊ စုဆောင်း ထားသော ငွေများကို ၎င်းပိုင် ပါဂျဲရိုးကားပေါ်တွင်တင်ကာ ၎င်းနေထိုင်သော သုဝဏ္ဏအိမ်မှထွက်ခဲ့လေတော့ ၏။ အိမ်တွင်ရှိသော အခြားပစ္စည်းများကို အမြင်မတော်သည့်သူ သိမ်းလိမ့် မည်ဟု သဘောထားကာ ဒီအတိုင်း ထားခဲ့လေ၏။

ထို့နောက် ၎င်းသည် ကျောက်မြောင်း၊ ကျောက်ရေတွင်းလမ်း၌ နေထိုင်သော မိခင်ကြီးအား သွားရောက်၍ကန်တော့လေ၏။ မိခင်ကြီးက **“ကိုယ့်လမ်းကို ရွေးချယ်ပြီးသွားတာ ဆင်းရဲဒုက္ခရောက်တယ်ဆိုပြီး ပြန်လှည့်မလာနဲ့၊ (၃)နှစ်ပြည့်အောင် နေပေတော့”**ဟု မှာကြားလေ၏။

မိုးသီး၏ကားသည် ရှေ့မှထွက်၏။ ကားရှိသော ၎င်း၏ တပည့်များ သည် နောက်မှကားများဖြင့် လိုက်ကြလေ၏။ ထိုသို့ လိုက်သည့်အထဲ၌ ယခုအခါ၌ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်တွင် ပေဒင်ဟောနေသော ဆရာ သိဒ္ဓိဆန်းနှင့် ကျိုက္ကဆံဘုရားတွင် ပေဒင်ဟောနေသော ဆရာ မင်းသိင်္ခ တို့ ကားနှစ်စီးပါလာလေ၏။

ထို့ပြင် မိုးသီး၏စာအုပ်များကို ထုတ်ဝေသော မသီဂီဆိုသူ လည်း ပါလာလေ၏။ မိုးသီးသည် ကျောက်မြောင်းမှ ထွက်လျှင် အင်းစိန်သို့





သွားလေ၏။ အင်းစိန်ရှိ ရောင်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ် မောင်မောင်မြင့်အေး ၏ အိမ်သို့ ဝင်လေ၏။ ထိုအိမ်တွင် ခေတ္တနားနေစဉ် အတွင်း မိုးသီး၏ ကားတွင် ပြင်စရာရှိသည်များကို ပြင်ရလေ၏။ မောင်မောင်မြင့်အေးတို့ လင်မယားက ညလယ်စာ ထမင်းဟင်းများ စီစဉ်ပေးလေ၏။

မောင်မောင်မြင့်အေး၏ မိန်းမ ‘စောယုနွယ်’မှာလည်း မိုးသီး၏ တပည့် ပေဒင်ဆရာမပင်ဖြစ်၏။

၎င်းတို့အိမ်တွင် ညလယ်စာစားပြီးနောက် ရွှေစက်တော်ဘုရားသို့ သွားလေတော့၏။ ရွှေစက်တော်ဘုရားတွင် ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်း များ ပြုပြီးနောက် မိုးလင်းသည်နှင့် ပုပ္ပါးတောင်သို့ ဦးတည်၍ ထွက်လာလေ ၏။ ထိုသို့ထွက်လာရာတွင် မင်းဘူးမြို့သို့ ရောက်သောအခါ၌ မိတ်ဆွေကြီး ဦးမျိုးမြင့်လှက မိုးသီး၏ကားများကို ဆီများ အပြည့်ဖြည့်၍ လှူဒါန်းလိုက် လေ၏။

မိုးသီးသည် ပုပ္ပါးသို့ရောက်သောအခါ၌ စကားဝါချောင်းတွင် ခွင့် တောင်း၍နေခဲ့လေ၏။ လိုက်ပို့သောတပည့်များမှာ ငိုကြွေး၍ပြန်သွားကြ လေ၏။ (၁၀၈)ရက်နေထိုင်ပြီးနောက် မိုးသီး၏မိတ်ဆွေတစ်ဦးက မဲဇာသို့ လိုက်၍ပို့မည်ဟု ခေါ်ဝင်သောကြောင့် မိုးသီးသည် တပည့်နှစ်ဦးနှင့်အတူ မဲဇာသို့လိုက်သွားလေ၏။ ထိုသို့လိုက်သွားရာ မဲဇာသို့ရောက်ခါနီး ဦးနန်ခမ်း ရွာတွင် ခေတ္တတည်းခိုရ၏။ သို့ရာတွင် ရှေ့ဆက်မည့်ခရီးစဉ်မှာ အဆင်မပြေ သောကြောင့် ပြန်၍ဆင်းလာခဲ့ရလေ၏။

ထိုသို့ ဆင်းလာပြီးလျှင် မိုးသီး၏မိတ်ဆွေလည်းဖြစ်၊ ဆရာလည်း ဖြစ်ခဲ့ဖူးသော ‘ဦးမြတ်ထွန်း’ဆိုသူနှင့်ဆက်သွယ်ရလေ၏။ ၎င်းဦးမြတ်ထွန်း သည် တပ်မှထွက်ပြီးလျှင် ကျွဲပွဲမြို့အနီး စည်ကြီးတင်ရွာ၌ နေထိုင်လေ၏။ မိုးသီးက (၃)နှစ်နေထိုင်ရန် စည်ကြီးတင်ရွာတွင် နေရာရှာပေးရန် ပူဆာရာ ၎င်းဦးမြတ်ထွန်းက စည်ကြီးနတင်ရွာတွင် ဆရာတော် ဦးဂန္ဓမာထံတွင် နေရာတောင်းရာ ဆရာတော်ဦးဂန္ဓမာက ၎င်းပိုင်ကျောင်းဝင်းအစွန်တွင် နေရာလေး တစ်နေရာ ပေးလေ၏။

မိုးသီးသည် ထိုနေရာလေး၌ပင် တဲတစ်လုံးထိုးကာ ၎င်း၏ ဝဋ္ဋိရာ စဉ်များကို ဆက်၍ ကျင့်နေလေ၏။ ရန်ကုန်တွင် နေထိုင်သောတပည့်

www.burmeseclassic.com

www.burmeseclassic.com



များလည်း တစ်ပတ်တစ်ခါ ဆိုသလို လာရောက်ကြကုန်၏။ မိုးသီးသည် ထိုသို့ နေစဉ်အတွင်း အဆုပ်ရောဂါဖြစ်လာသဖြင့် ရန်ကုန်သို့ဆင်းလာ သမားတော်ကြီး ဦးကျော်မြင့်ထံတွင် ပြ၍ ကုသရလေ၏။ ထိုကြောင့် အဆုပ်ရောဂါမှာ ပျောက် ကင်းသွားသော်လည်း ကျင့်နေသောကျင့်စဉ်မှာ မကျင့်ဖြစ်သောရက် များလာသဖြင့် ပျက်သွားလေတော့၏။

မိုးသီးသည် လွန်စွာစိတ်ပျက်သွား၏။ အနီးအပါးမှလူများသည် မိုးသီးရောက်နေမှန်းသိလျှင် ၎င်း၏အခက်အခဲများကို ပြောပြ၍ ယတြာများ တောင်းလေ၏။ မိုးသီးသည် စိတ်ရှည်လက်ရှည် လုပ်ပေးလေ၏။ ထို့ကြောင့် မိုးသီးသည် ထိုနေရာတွင် ဆက်လက်နေထိုင်ခြင်းမပြုတော့ဘဲ ဒေးစွန်ပါသို့ ပြောင်းရွှေ့ရလေတော့၏။ ထိုသို့ပြောင်းရွှေ့ရာတွင် ရသေ့ကြီးတစ်ပါး သူပိုင်မြေကို လှူဒါန်းသဖြင့် ထိုနေရာသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်၏။

ထိုနေရာသို့အရောက်တွင်လည်း ယတြာတောင်းလျှင် ပရိသတ်သည် မြဲမြဲရှိနေ၏။ မိုးသီးသည် ထိုရွာ၌ နေစဉ်အတွင်း တင်ပါးတွင် အကျိတ် တစ်ခု ထွက်သဖြင့် ထိုင်၍မရအောင် ရှိလေတော့၏။ ထို့ကြောင့် ရန်ကုန်သို့ ဆင်း ပြီးလျှင် မဟာမြိုင်ဆေးခန်း၌ တက်ကာ ထိုအကျိတ်ကို ခွဲလိုက်ရလေ၏။ မိုးသီး၏ ဂမ္ဘီရကျင့်စဉ်မှာမူ ကစဉ့်ကလျား ဖြစ်သွားပြီ ဖြစ်၏။ ထိုအကျိတ်ခွဲ ပြီး ပြန်လာသောအခါ၌လည်း အူကျသော ကြောင့် ဒုတိယ အကြိမ် မဟာမြိုင် သို့တက်ကာ ခွဲရပြန်၏။ ခွဲပြီး၍ ဒေးစွန်ပါသို့ ပြန်ရောက်ပြီသောအခါ ဒေးစွန်ပါ တွင် နေရေးထိုင်ရေး အဆင်မပြေသော ကြောင်း သတိပြုမိသောကြောင့် မိတ်ဆွေဖြစ်သူ ဗိုလ်ကြီးဟောင်း 'အေးမြင့်' အား ပြောပြရာ ၎င်းက-

“တခြားသွားမနေပါနဲ့ ဆရာရယ်. . .၊ မှော်ဘီမှာရှိတဲ့ ကျွန်တော့် ခြံက အကျယ်ကြီးပဲ၊ အဲဒီခြံထဲမှာ တဲထိုးပြီးနေပေါ့”ဟု ပြောသဖြင့် ထိုနေရာ သို့ ပြောင်းရပြန်လေ၏။

ထိုခြံသို့ ပြောင်းကာ နေထိုင်ခဲ့လေ၏။ ထိုခြံသို့အရောက်တွင်လည်း အခက်အခဲရှိသောသူများလည်း လာရောက်၍ ယတြာများ တောင်းကြလေ၏။ မိုးသီးသည် ထိုနေရာ၌လည်း ပရိသတ်လက်ခံကာ ယတြာများ လုပ်ပေး လေတော့သတည်း။

* * * * *





## အခန်း (၆၇)

### မိုးသီး မြေကြီးတစ်ခြံ ဝယ်လိုက်သည်

မိုးသီးသည် ၎င်းထံလာသော ပရိသတ်ကို ယတြာများလုပ်၍ ပေး၏။ ထို့ကြောင့် ဗိုလ်ကြီးဟောင်းအေးမြင့်+ ရုပ်ရှင်မင်းသမီးအေးအေးသင်း တို့ ခြံတွင် ဆက်လက်၍နေထိုင်ရန် မသင့်တော့ပေ။ ထိုအချိန်၌၎င်းအား ဗေဒင်ပညာသင်ပေးသော ဆရာ ကိုနောင်ဘီ ရောက်လာလေ၏။ ပြီးလျှင် ကိုနောင်ဘီက-

“မောင်မိုးသီးရေ. . .၊ မင်းနေရာက ကောင်းတော့ကောင်းတယ်၊ ဒါပေမဲ့ နေရာကျဉ်းတယ်၊ ပြီးတော့ သူများခြံဆိုတော့ အားနာဖို့ကောင်းတယ်၊ အကောင်းဆုံးကတော့ ဒီနားမှာ ခြံတစ်ခြံဝယ် လိုက်ကွာ၊ အနည်းဆုံး ဧက လောက်ဝယ်ရမယ်၊ ဒီခြံရဲ့မြောက်ဘက်မှာ ခြံကြီးတွေရှိတယ်ကွ၊ အဲဒီမှာ ဝယ်လိုက် . . .၊

အဲဒီဘက်ကမြေဟာ အလယ်ရိုးမကဆင်းတဲ့ တောင်ကြောကြီးကွ၊ မြေတွေက သက်ရင့်မြေတွေ၊ ဂဝံကျောက်တွေ ပေါ်တယ်ကွ၊ အနီရောင်တွေ၊ သက်ရင့် မန်ဒီလာမြေမျိုးတွေကွ. . .၊ လူက နေတဲ့အခါမှာ မြေတို့ ရေတို့ကို မှီပြီးနေရတယ်၊ အဲဒီမြေက နှစ်(၂)သန်း အထက်က မြေကွ. . .၊ အဲဒီ မြေမျိုးမှာနေရင် ဖြစ်ထွန်းတတ်တယ်. . .၊

ရေကလည်း အောက်ကိုနှိုက်လေ ရေကြည်ရေသန့် ရလေပဲကွ၊ အဲဒီ ရေကိုသောက်ရမှ ဖြစ်ထွန်းမှာကွ. . .၊ ရေခံမြေခံကောင်းတယ်ကွ၊ ...မှာ နေရင် မဖြစ်ထွန်းဘူးကွ၊ ရေကြည်ရေသန့်မသောက်ရရင်လည်း ...တား ခဲတယ်ကွ. . .၊

အဲဒီဘက်ကိုရောက်လျှင် အဝီစိတွင်းကို နက်နက်တူးကွာ. . .၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



ဟိုးမြေအောက်က သက်တမ်း ၁ သန်းနဲ့ချီပြီး စုဆောင်းထားတဲ့ ရေကို သောက်ရမှာကွ၊ ပြီးတော့ အဲဒီဘက်က သစ်ပင်တွေမှာ နွယ်ဘာညာ ရစ်ပတ်နေတယ်ကွ. . .၊ အောင်မြေဖြစ်ဖို့ နီးစပ်တယ်. . .၊ အဲဒီလိုနေရာမျိုး မှာရှိတဲ့ တိရစ္ဆာန် တွေဟာ အကြောက်တရား ကင်းတယ်ကွ. . .၊ မြေ ဖားက ပြန်ပြီးလိုက်တာ အဲဒီနေရာမျိုးတွေကွ. . . .၊ ဂမုန်းပင်ဟောင်းတွေ လည်း တွေ့တယ်ကွ၊ သာမကောမျိုးငှက်လည်းတွေ့တယ်ကွ. . .”ဟု ပြောလေ၏။ ထိုအခါ မိုးသီးက-

“သာမကောငှက်မျိုးဆိုတာ ဘယ်လိုဟာမျိုးလဲ ကိုနောင်ဘီ ရယ်. . .” ဟု မေးရာ ကိုနောင်ဘီက-

“ကောင်းကင်မှာ ပျံရင်တော့ ငှက်ပေါ့ကွာ. . .၊ အရောင်စိမ်းနေ တော့ 'ကျေး'ပေါ့ကွာ. . .၊ စကားသင်လို့ တက်မယ်၊ တွန်ကျူးသံဟာတေး လို သာယာရင်တော့ သာမကောပေါ့ကွာ. . .၊ ကျီးကျန်းတိုက ဥင်းတတို့ ငှက်ပဲကွ၊ ကျီးကန်းဆိုရင် 'အာ. . . အာ. . .”လို့ပဲ အော်တတ်တယ် မသာယာ ဘူးကွ. . .၊ ဥသြဆိုရင် သာယာတယ်ပေါ့ကွာ. . .၊ သာလိကာ ဘာတို့ဆိုရင် စကားတောင် သင်လို့တတ်သေးတယ်၊ အဲဒီကောင်တွေ သာမကော တွေကွ. . .၊ သာမကောတွေက လွန်ခဲ့တဲ့ နှစ်(၂)သန်းက အထက် ပေါ်ပေါက်ခဲ့တာ. . .၊

အဲဒီငှက်မျိုးတွေ ရှိတဲ့နေရာမှာနေရင်လည်း ဖြစ်ထွန်းစေရာ အစွမ်းကုန်ဖြစ်ထွန်းတယ်ကွ၊ မင်းအနေနဲ့ အောက်ပြည်အောက်ရွာမှာနေ အခါမှာ 'ခါ'ဆိုတဲ့ ငှက်ကို ဘယ်နှခါမြင်ဖူးသလဲ. . . .၊ အဲဒီငှက်မျိုး မြေနီ တဲ့အရပ်မှာ နေလေ့ရှိတယ်ကွ၊ ဒီကောင်အော်တာ 'တီ တူး ခါ ခါ နား ထောင်လို့ သိပ်ပြီးကောင်းတာပဲ၊ ဒီကောင်လည်း သာမကောမျိုးကွ သူ့အသားကို ကင်ပြီးစားရင်တော့ အရသာ တော်တော်လေးနက်တယ်ကွ

အဲဒါကြောင့် မင်းကို အကြံပေးချင်တာက ဂမ္ဘီရသမားတာ မြေ မှာနေသင့်တယ်ကွ၊ ဒါကြောင့် ဂမ္ဘီရ သမားဟောင်းကြီးတွေက 'အထက် ဆန်တစ်ပြည်၊ အောက်မှာ ဆန်တစ်ခွက်'လို့ ဆိုရိုးပြုထားတယ်ကွ

အထက်ဘက်က မြေရှင့်တယ်လေကွာ. . .၊ အဲဒီဘက်က ပေါက်တဲ့လူ ဆယ်တစ်ပြည်စာလောက်ရှိမှ အောက်ဘက်က ထွန်





လူ ဆန်တစ်ခွက်လောက်ပဲ ရှိတယ်ကွ၊

အသီးအနှံတွေလည်း မြေရှင့်က ပိုပြီးစားလို့ကောင်းတယ်ကွ၊ ဩဇာ သီးကို အထက်မှာသီးတာနဲ့ အောက်မှသီးတာ ယှဉ်ပြီးစားကြည့်၊ မင်းအနေနဲ့ သဘောပေါက်သွားမယ်၊

မြေကို အကဲခတ်တတ်တယ်ကွ. . .၊ ပြီးတော့ အထိုင်ချရတယ်၊ ရေကိုလည်း အကဲခတ်ရတယ်ကွ၊ သက်ရှင့်ရေက ဩဇာဓာတ်တွေပါတယ်ကွ၊ ချိုးရင်လည်း သိဒ္ဓိတိုးတယ်၊ သောက်ရင်လည်း အသံပါ ပြောင်းသွားတယ်ကွ၊ ဩဇာဓာတ်နဲ့ပြည့်စုံသွားတယ်. . .”ဟု ရှင်းပြလေ၏။

မိုးသီးသည် ထိုအကြောင်းအရာကို ကောင်းစွာ မှတ်သားထားလိုက်လေ၏။

“နောက်ပြီးတော့. . . လူဟာ အသီးအရွက်ပဲ စားရတယ်ဆိုပေမဲ့ 'သစ်သီး'ကိုစားမှ အဟာရဖြစ်တာကွ၊ ဓာတ်ကောင်းဓာတ်မြတွေ တိုးတာကွ၊ 'ဝလံ'ကို စားရင်း အဲဒီလောက် မဟုတ်ဘူးကွ. . .”ဟု ကိုနောင်ဘီက ပြောပြန်၏။ ထိုအခါ မိုးသီးက -

“အစ်ကိုနောင်ဘီရယ်. . .၊ သစ်သီးနဲ့ ဝလံကို ကျွန်တော်သိပ်ပြီး တွဲဘူး. . .”ဟု ပြောရာ ကိုနောင်ဘီက-

“ပင်စည်ပင်စောက်ရှိတဲ့ အပင်က အသီးပင် သစ်သီးကွ၊ ဥပမာကွာ သရက်ပင်ဆိုရင် သစ်သီးထဲထည့်ရမယ်၊ ဗူးသီးဆိုရင် ဝလံထဲမှာ ထည့်ရမယ်၊ နွယ်က သီးတာကွ. . .၊ အပင်က သီးတာနဲ့နွယ်ကသီးတာ တတ်ချင်းမတူ ဘူးကွ၊ အကိုင်းထွက်တဲ့ အပင်က ရွက်နုလေးကို 'သစ်ဖူ'ထဲ ထည့်ရတယ်ကွ၊ မြေကြီးထဲမှာ ဥတာကို 'သစ်ဥ'ထဲထည့်ရတယ်ကွ. . .၊ အာလူးဆိုရင် သစ်ဥ ပေါ့ကွာ. . .၊ ချင်းလည်းဘဲ သစ်ဥပေါ့ကွာ. . .၊ ကြက်သွန်လည်းပဲ သစ်ဥ ပေါ့ကွာ. . .၊ ပင်စည်ကထွက်တဲ့ ရွက်နုလေးတွေ ကတော့ သစ်ဖူထဲမှာ ထည့်လိုက်. . .၊ သစ်ဖူက သစ်ဥထက် ဩဇာဓာတ်ရှိ တယ်ကွ. . .၊

လူတွေက အလွယ်ခေါ်နေကြတာ၊ သစ်ဖူသစ်ဥဆိုပြီး အလွယ်လေး တွေ ပြောနေကြတာ၊ တစ်ခုနှင့်နဲ့တစ်ခု တန်ဖိုးချင်း အတော်ကွာတယ်ကွ၊ တဲ့အပင်အသီးတွေဟာ သတ္တိထူးတစ်မျိုးပါတယ်ကွ၊ တေဇောဓာတ်များကို



www.burmeseclassic.com

www.burmeseclassic.com



ဆူးတွေထွက်နေတာ၊ အဲဒါတွေကိုစားရင် အခိုးပွင့်တယ်ကွ၊ တေဇောသဘော ပေါ့ကွာ၊

နွယ်တွေကတော့ ရေဓာတ်ပဲပါတယ်ကွ၊ ရှေ့တန်းမှာ ရေတွ[illegible] ငတ်ရင် နွယ်ကိုကိုက်ဝါးပြီး စုပ်ယူရတယ်၊ အအေးဓာတ်တော့ရတယ်၊ အဲဒီ[illegible] နားလည်ပါကွာ. . .၊ အခိုးထွက်စေတဲ့ အပင်တွေက အသီးတွေဟာ [illegible] ထွက်ဖို့ ချွေးပေါက်တွေပါတယ်ကွ၊ ရှောက်သီးတို့ သပုရာသီးတို့ကို [illegible] ကွာ၊ ရှင်းတယ်မဟုတ်လား။ အခိုးထွက်မယ်လို့ပြနေတဲ့အတိုင်းပဲ. . . [illegible] ကိုနောင်ဘီ က ရှင်းပြလေ၏။ မိုးသီးသည် ကောင်းစွာမှတ်သား ခဲ့လေ၏။ ထို[illegible] ခြံတစ်ခြံဝယ်ရန်အတွက် လက်ရှိနေသော ခြံ၏မြောက် ဘက်သို့ထွက်[illegible] ခဲ့လေ၏။ (၃)ဧကခန့်ကျယ်သော မရမ်းခြံတစ်ခြံကိုတွေ့ရ၏။ ထိုရ[illegible] တလင်းခြံ၏ အတွင်းဘက်ရှိ ညောင်ပင်အောက်တွင် တဲလေးတစ်[illegible] တွေ့ရလေ၏။ ထိုလူသည် လက်ထဲမှ ဓားမကြီးဖြင့် တဲရှေ့ရှိ ညောင်[illegible] ခုတ်၍ နေလေ၏။

ထိုအချိန် မိုးသီးက ထိုသူအား-

"ဒီမှာ မိတ်ဆွေ၊ ဒီခြံကို ရောင်းမှာလား. . ."ဟု မေး[illegible]

ထိုသူက-

"တစ်ခါတည်းပြောလိုက်မယ်၊ မရောင်းဘူး၊ နောက်ထပ်[illegible] မမေးနဲ့"ဟု ဆတ်ဆတ်ပြန်၍ဖြေလေ၏။ မိုးသီးနှင့်လိုက်ပါလာ[illegible] မိုးသီး၏ တပည့်က -

"ဆရာမိုးသီးရယ်. . .၊ ဒီခြံရရင်တော့ သိပ်ကောင်းမှာပဲ. . ." ဟု ပြောရာ မိုးသီးက

"မပူပါနဲ့ကွာ၊ ဒီခြံကို တို့ရမှာပါ၊ ဒီလူက ပိုင်ရှင်မဟုတ်ဘူး [illegible] ဖြစ်မှာပါ. . .၊ ဒီခြံရောင်းလိုက်ရင် သူနေစရာမရှိမှာစိုးလို့ ငါတို့ကို [illegible] လွှတ်လိုက်လိုက်တာပါ၊ ဒါပေမဲ့ ဒီငတိ မကြာခင်ပြောင်းရ[illegible] ညောင်ပင်ကို သွားပြီးဓားနဲ့ခုတ်နေတယ်၊ ညောင်ပင် ရုက္ခစိုးက ဒီ[illegible] မောင်းထုတ်လိမ့်မယ်၊ အဲဒီအခါကျမှ ဒီခြံကို နောက်တစ်ခေါက်လာ[illegible] ဦးမယ်"ဟု ပြောကာ ပြန်၍လာလေ၏။ ထိုခြံစောင့်လည်း ခြံရှင်နှင့် [illegible] ပြောင်းသွားရလေတော့၏။ ခြံရှင်မိန်းမကလည်း မိုးသီးထံသို့ ရော[illegible] လျှင် မရမ်းတလင်းခြံရောင်းရန် ယတြာကိုလာ၍တောင်းလေ၏။





ထိုအခါ မိုးသီးက -

"ယတြာလည်း မလုပ်နဲ့၊ ကျုပ်ပဲ ဝယ်လိုက်"ဟု ဆိုကာ တစ်ဧက (၇)သိန်းနှုန်းထား၍ (၃)ဧကစလုံးကို ၁၉၉၉ ခုနှစ်တွင်ဝယ်ယူလိုက်လေ၏။

ထိုသို့ ဝယ်ယူပြီးနောက် မိုးသီးသည် ထိုခြံကို ပြောင်းရွှေ့လာလေ၏။ ခြံစောင့်ခုတ်သွားသော ညောင်ပင်ကြီးမှ ငုတ်တိုလောက်ပင် ကျန်လေတော့၏။

မိုးသီးသည် ယာယီတဲကလေးတစ်လုံးထိုးကာ နေထိုင်လေ၏။ ထိုအခါ၌ မိုးသီး၏မိတ်ဆွေ ကိုဇော်ဝင်း ဆိုသူရောက်လာပြီးလျှင် မိုးသီးနေရန် အတွက် နှစ်ထပ်အိမ်တစ်လုံး ဆောက်၍ပေးလေ၏။ မိုးသီးသည် ထိုခြံ၌ပင် လာရောက်အကူအညီတောင်းသူများအား ယတြာများ ပြုလုပ်၍ပေးလေ၏။

လူများ တစ်စတစ်စသိလာသောအခါ နေ့စဉ် မိုးသီးထံ၌ ယတြာ တောင်းသူများ ရာနှင့်ချီ၍ရောက်လာလေတော့၏။ မိုးသီးလည်း ထိုသူများ အား ယတြာများ ကြိုးကြိုးစားစား ပြုလုပ်ပေးလေ၏။ ထိုသူများသည် မိုးသီး အားငွေများ လှူဒါန်းသွားလေ၏။ မိုးသီးသည် ထိုငွေများဖြင့် ခြံထဲတွင် ယတြာ ပေးရန်ဆောင်၊ ဗေဒင်သင်တန်းပြရန် နာလန္ဒာဆောင်၊ စာအုပ် စာတမ်းများ ရောင်းရန် ရာဇဂြိုဟ်ဆိုင်၊ ဧည့်သည်များ နားနေပုတီးစိပ်ရန် ပါတဠိပုတ်ဆောင်၊ ယတြာစောင့်ရန်အတွက် စောင့်တော်မူဆောင်၊ သင်္ဃာ ဆရာလေးများ နားနေရန်အတွက် မဟာမြိုင်ဆောင်၊ သန္တေများအား ချုတ်ပြုတ်ကျွေးမွေးရန်အတွက် ရှမ်းပဲလားဆောင် စသည်ဖြင့် အဆောင်များ ဆောက်လုပ်လိုက်ရာ (၃)ဧက ခန့်ရှိသော မြေကွက်များသည် စည်ကား သိုက်မြိုက်သွားလေတော့၏။

ထို့နောက် ထိုခြံနှင့်ကပ်လျက်ရှိသော ဘေးမှခြံကိုလည်း ဝယ်ယူပြီး လျှင် ယတြာလာယူသူများအား ရောင်းချရန် ဈေးတန်းတစ်ခုတို ဆောက်လုပ် ပေးလေ၏။ ဈေးသည်များသည် အစားအသောက်ဆိုင်များ လာရောက်၍ ဖွင့်လှစ်ပေးကြလေ၏။ မိုးသီးသည် ထိုခြံအား-

"အယူတော် မင်္ဂလာခြံ"

ဟု၍ အမည်ပေးလိုက်လေတော့သတည်း။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆၈)

## တို့နောင်ဘဲမြစ်သွားပြီပဲ

မိုးသီးသည် ဝယ်ပြီးသောခြံအပြင် ကပ်လျက် ခြံကိုပါဝယ်ထား ခြံကြီးကို ချဲ့လိုက်လေ၏။ ထိုခြံကြီးအား အယူတော်မင်္ဂလာခြံဟုလည်း အမည်ပေး လိုက်လေ၏။

ခြံထဲတွင် ပေဒင်သင်တန်းဖွင့်ရန်အတွက် 'နာလန္ဒါခန်းမ' ဟူ သော ခန်းမကြီးတစ်ခုကိုလည်း ဆောက်လုပ်လိုက်လေ၏။

ယတြာလာယူသောလူများ နားနေရရန်အတွက်လည်း လူခို သော အဆောင်ကြီးတစ်ဆောင်ကို ဆောက်လုပ်လုပ်လိုက်လေ၏။ မိုးသီး သော စာအုပ်စာတမ်းများ ရောင်းချရန်အတွက် ရာဇဗြိုဟ်ဟူသော စာအုပ် ဆိုင် တစ်ဆိုင်ကိုလည်း ဖွင့်လှစ်ထားလေ၏။

ထို့နောက် ခြံတွင်းရှိ စေတီလေးအနီးတွင် ပုတီးစိပ်သောသူများ နားနေရန်အတွက် ပါဠလိပုတ်ဟူသော အဆောင်လေးတစ်ဆောင် ဆောက် လုပ်လေ၏။ ဘိုးမင်းခေါင်ပုံတော်ထားရန်အတွက်လည်း ရှမ်းဗဲလားဆိုသော အဆောင်တစ်ဆောင် ဆောက်လုပ်ပြန်၏။ သန္တေမိန်းမများ အိပ်စက်ရန် အတွက် မဟာမြိုင်ဆိုသော အဆောင်တစ်ခုကိုလည်း ဆောက်လုပ်ခဲ့လေ၏။

ဘုရားဝတ်ပြုရန် ဗောဓိမွေဆိုသော ဓမ္မာရုံတစ်ခုကိုလည်း ဆောက် လုပ်ခဲ့လေ၏။





ထိုခြံကြီးကိုဝင်ရန်အတွက် အုတ်တိုင်ကြီးနှစ်တိုင်နှင့် ဂိတ်ကြီးတစ်ခု ကို ပြုလုပ်လေ၏။ ထိုအုတ်တိုင်ကြီးနှစ်တိုင်ပေါ်တွင် -

> "မေးမင်မယုံသူများ ဤခြံဝင်းအတွင်းမှ
> ဖြတ်သန်းသွားလာခွင့်မပြုရ"

ဆိုသော စာတမ်းကြီးကိုလည်း သံဖြင့်ပြုလုပ်ထားသော တင်ထား လိုက်လေ၏။ မိုးသီး၏ အယူတော်မင်္ဂလာပေဒင်ခြံကြီးသည် လူသိများလာ လေတော့၏။

တစ်နေ့တွင် မိုးသီးသည် ဆေးမှားသောက်ပြီးလျှင် သတိလစ်၍ ဆေးရုံသို့ ပို့လိုက်ရလေ၏။ ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်ဆောင်ကုသ ဆောင်တွင် ကုသမှုခံခဲ့ရလေ၏။

ထိုသို့ ကုသရာတွင် မိုးသီး၌ နှလုံးရောဂါရှိကြောင်း သိရလေတော့ ၏။ တတ်ကျွမ်းနားလည်သော ဆရာဝန်ကြီးများသည် မိုးသီး၏ နှလုံးရောဂါကို ကုသပေးကြလေ၏။

မိုးသီးသည် ဆေးရုံတွင် နှစ်လခန့်တက်ပြီးနောက် ဆေးရုံဆင်းခွင့်ရ လေ၏။ ဆေးရုံမှဆင်းခဲ့သော်လည်း အောက်ပိုင်းသေသကဲ့သို့ဖြစ်ကာ လမ်း လျှောက်နိုင်တော့ဘဲ ရှိလေတော့၏။

ထို့ကြောင့် ဝှီးချဲခေါ် လက်တွန်းလှည်းကလေးဖြင့် သွားလာနေ ရှာ၏။ သို့ရာတွင် မိုးသီးသည် အလုပ်မပျက်ခဲ့ပေ။ လုပ်စရာရှိသော အလုပ်များကို ဆက်လက်၍ လုပ်ကိုင်နေဆဲဖြစ်၏။ လာရောက်သည့် ဧည့် သည်များနှင့် တွေ့ဆုံကာ ယတြာများ ပြုလုပ်ပေးနေပြန်၏။

တစ်နေ့တွင် ယတြာဆောင်သို့သွားရန်အတွက် ၎င်းနေသော ကြာဝဠာရွှေကြိုးလွှတ်ဆောင်မှ လက်တွန်းလှည်းကလေးဖြင့် ထွက်လာ ခဲ့ရာ လမ်းတွင် သူငယ်လေးတစ်ဦးက -

"အဘ ခဏလေး ရပ်ပေးပါဦး. . .၊ ကျွန်တော် ဓာတ်ပုံရိုက်ချင်လို့ ပါ. . ."ဟု ပြောလေ၏။ ထို့ကြောင့် မိုးသီးက လက်တွန်းလှည်းကလေးကို ရပ်၍ပေးလိုက်၏။ ထိုအခါ ဓာတ်ပုံရိုက်မည့် သူငယ်က



www.burmeseclassic.com

www.burmeseclassic.com



"အဘရယ်. . .၊ အဘခေါင်းပေါ်က အဘဆောင်းထားတဲ့ ...
ကတ်ဦးထုပ်လေး ခဏလောက် ချွတ်ပေးပါ"ဟုပြောလေ၏။ ထို့ကြောင့်
မိုးသီးက-

"ဟော့. . . ကလေး၊ ဒီဦးထုပ်က အလှဆောင်းထားတာ မဟုတ်...
တွ. . .၊ ခေါင်းကို နေပူရင်ဖျားလွန်းလို့ ခဏဆောင်းထားတာကွ၊ ဒီအတိုင်း
ရိုက်ပါကွာ. . .၊ ဦးထုပ်တော့ မချွတ်ပါရစေနဲ့. . ."ဟု ပြောသဖြင့် ဓာတ်...
ရိုက်မည့်သူငယ်က-

"ကန်တော့. . . ကန်တော့. . . အဘ၊ ကျွန်တော်မသိလို့ပါ. . .
မချွတ်ချင်မချွတ်ပါနဲ့. . .၊ ဒီအတိုင်းရိုက်ပါ့မယ်. . ."ဟု ပြောကာ ဓာတ်...
ရိုက်လေတော့၏။ ဓာတ်ပုံရိုက်ပြီးသောအခါ မိုးသီးက-

"ကင်မရာပါတဲ့လူတွေက ငါ့ကို တဖျပ်ဖျပ်ရိုက်ကြပါတယ်ကွာ. . .
ဒါပေမဲ့ ဓာတ်ပုံတစ်ပုံမှ မရဘူးကွ. . .၊ အဲဒီတော့ကွာ. . . ဓာတ်ပုံ...
လာရင်လည်း ငါ့ကို တစ်ပုံလောက်ပေးပါဦး"ဟု ပြောလိုက်ရာ ၎င်းသူငယ်...
က-

"စိတ်ချ အဘ. . .၊ ကျွန်တော်ကိုယ်တိုင် လာပို့မယ်. . ."...
ပြော၍သွားလေ၏။

တစ်ပတ်ခန့်ကြာသောအခါ ထိုသူငယ်ကလေးသည် မိုးသီး...
ဓာတ်ပုံလာ၍ ပေးလေ၏။ မိုးသီးသည် ၎င်း၏ပုံကို သေချာကြည့်၏ ...
ကြည့်ပြီးနောက်-

"ဒီပုံဟာ ငါ့ပုံပဲ၊ ဒါပေမဲ့ ငါသိပြီးသား လူတစ်ယောက်နဲ့ ...
တူနေသလိုပဲ. . .၊ ဘယ်သူနဲ့များ တူနေပါလိမ့်. . ."ဟု တွေးမိ...
ထို့နောက် မိုးသီးသည် ၎င်းနေခဲ့ဖူးသော ၎င်း၏မိဘအိမ်၊ ၎င်း၏...
၎င်း၏သူငယ်ချင်းအိမ်များသို့ သွားရောက်ကာ စာအုပ်များကို လှန်...
ဓာတ်ပုံတစ်ပုံကို ရှာဖွေလေ၏။

မိခင်ကြီးအိမ်တွင်ရှိသော စာအုပ်ပုံအတွင်းမှ ပို့စကတ်...
ဓာတ်ပုံ လေးတစ်ပုံထွက်လာလေ၏။






ထိုဓာတ်ပုံအတွင်းမှလူသည် မိုးသီးကဲ့သို့ပင် ... ယ်ရီကတ်ဦးထုပ်
အနီရောင်လေးကို ဆောင်းထား၏။ သူ၏ဆံပင်သည် ...တွင် ဝဲနေ၏။
စီးကရက်တစ်လိပ်ကို နှုတ်ခမ်းဖျားတွင် ခဲကာ လှော...ကြီးကို သရော်သည်
အနေဖြင့် ပြုံးစစလေးရှိနေ၏။

မိုးသီးသည် ထိုဓာတ်ပုံကလေးကိုယူ၍ အယူတော်မင်္ဂလာခြံသို့
ပြန်၍ လာလေ၏။ ထိုဓာတ်ပုံရှင်မှာ မိုးသီး၏ ငယ်ဆရာ ဂန္ထဝင်...
ကိုနောင်ဘီ ၏ ပုံဖြစ်၏။

မိုးသီးသည် ခြံသို့ရောက်သောအခါ၌ ၎င်း၏ဓာတ်ပုံကို ယူ...
၎င်း၏ဆရာ ကိုနောင်ဘီ၏ ပုံနှင့် ယှဉ်၍ကြည့်လိုက်လေ၏။ မိုးသီးသည်
သူ၏ပုံကို သူဘာသာ ကြည့်လိုက်လေ၏။ သူ၏ဆံပင်များသည် ...ကိုလွှ...၍
ကျနေ၏။ အနီရောင်ဗယ်ရီကတ် ဦးထုပ်ကလေးကို ဆောင်းထား၏။
နှုတ်ခမ်းဖျားတွင် စီးကရက်တစ်လိပ်ကိုတေ့ကာ လောကကြီးအား စူးစူး
နဲ့နဲ့ကြည့်နေပုံဖြစ်၏။ သူသည် ဓာတ်ပုံနှစ်ပုံကို ယှဉ်၍ကြည့်လိုက်ရာ သူ၏
...ဆရာ ကိုနောင်ဘီ၏ ပုံနှင့်တစ်ထေရာတည်း တူနေသည်ကို တွေ့ရ
သော်၏။

ထို့ကြောင့် နှုတ်ခမ်းကလေး တွန့်ရုံပြုံးကာ အောက်ပါအတိုင်း
ရေရွတ် လိုက်လေတော့သတည်း။

"သြော်. . . ဘဝအမျိုးမျိုး ကျင်လည်ပြီး ငါဟာ နောက်ဆုံးကျတော့
...ည်း ဆရာကိုနောင်ဘီနဲ့ ချွတ်စွပ်တူသွားပြီပဲ၊ ကိုနောင်ဘီဖြစ်သွားပြီပဲ၊
...ကောင်းကွ. . ."



www.burmeseclassic.com